http://www.dhammadownload.com

၁ – သုံးလုံး ဝိပဿနာပြန့်ပွားရေးအတွက်ချုပ်
ဝိပဿနာပညာတက္ကသိုလ်

ဝိပဿနာ ဘာဝနာ နှစ်စောင်တွဲ

ကျမ်းပြုစု - ပြသသူ

ဦးပဂ္ဂိုဠ

၁၉၆၃ (ပထမအကြိမ် ပုံနှိပ်ခြင်း) ၂၀၀၆ (နဝမအကြိမ် ပုံနှိပ်ခြင်း)

- ပါဠိတော်ဒုလ္လဘ တရားငါးပါး။ (စာမျက်နှာ – ၁၄၀)
- ယောဂိဒါန ပြုတတ်၏လော။ (ပုဗ္ဗ – မုဒ္ဓ – ပရ – ၁၄၁)
- လူတွေမကုန်သေးဘူးလား။ (စာမျက်နှာ – ၁၆၄)
- မဟာပဒေသ တရားလေးပါး။ (နည်းမှားလျှင်ပယ်ရ၏ – ၈၆)
- နည်းမမှန်က သောတာပန်မဖြစ်။ (အရဟတ္တမဂ္ဂသ – ၂၇)

(ဘဏ္ဍာရေးပံ့ပိုးကူညီမှု) ပါမောက္ခချုပ် ပရိပဏ္ဍိတ ပါမောက္ခချုပ်ဌာန

သာသနာတော်နှစ် ၂၅၅၀ ကောဇာသက္ကရာဇ် ၁၃၆၈ ခရစ်နှစ် ၂၀၀၆

http://www.dhammadownload.com

၆ – သုံးလုံး ဝိပဿနာပြုနိုင်ဖွားရေးအဖွဲ့ချုပ်
ဝိပဿနာပညာတက္ကသိုလ်

ရွှေတိဂုံအရှေ့မုခ်ဦး၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၇၇၇၃၁

(အာဒီကမ္မိက - ဦးပဂ္ဂိုဠ)

သင့်ဘဝကိုကျိုးထူးမည်၊ ဤသင်တန်းတက်ကြည့်ပါ။

ဝိပဿနာပညာသင်တန်းများကို မဟာပဒေသတရား (၄)ပါးနှင့်အညီ မြတ်ဗုဒ္ဓဟောကြားခဲ့သော ကျင့်စဉ်အတိုင်း ပို့ချလျှက်ရှိသည့်သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်ပါ၍ မည်သူမဆို ဓမ္မဒါနပို့ချမှုကို ကြွရောက် သင်ယူနိုင်ပါကြောင်း။ ။

		အချိန်	ပို့ချခြင်း
အပတ်စဉ်စနေနေ့တိုင်း	-	နံနက် (၈)နာရီမှ (၉) နာရီထိ	စာတွေ့ပို့ချခြင်း
		နံနက် (၉)နာရီမှ (၁၀)နာရီထိ	လက်တွေ့တရားထိုင်
အပတ်စဉ်တနင်္ဂနေနေ့တိုင်း	-	နံနက် (၈)နာရီမှ (၉)နာရီထိ	စာတွေ့ပို့ချခြင်း
		နံနက် (၉)နာရီမှ (၁၀)နာရီထိ	စာတွေ့ပို့ချခြင်း

(ဝါတွင်း) ရဟန်းတော်များ ဝိပဿနာ သင်တန်း

နှစ်စဉ် ဝါဆိုလပြည့်ကျော် (၈)ရက်နေ့ မှ သီတင်းကျွတ်လဆန်း (၈)ရက်နေ့ထိ ဥပုသ်နေ့တိုင်း မွန်းလွဲ (၁)နာရီ မှ (၃)နာရီ ထိ

ရဟန်းတော်များ ဝိပဿနာ ဗဟု (ဆရာဖြစ်) သင်တန်း

နှစ်စဉ် ဒီဇင်ဘာလ

(စာအားရှိ) ရဟန်းသံဃာ အပါး (၄၀)ပါး သာ လက်ခံသည်။

(သဗ္ဗဒါနံ ၊ ဓမ္မဒါနံ ၊ ဇိနာတိ)

design New Day Tel: 201437, 298642

http://www.dhammadownload.com

ဗဟုံး လုံး ပိပေဃနှ ဆရာကြီး- ဦးပဏ္ဍိတ

http://www.dhammadownload.com

ဆရာတော်ဦးအဂ္ဂဝံသ ရဟန်းတော်သင်တန်း

သံဃာအပါ: (၁၂၀) သင်ပြပေးနေပုံ

ဆရာတော်ဦးဓောတိက ရဟန်းတော်သင်တန်း

သံဃာအပါ: (၁၂၀) သင်ပြပေးနေပုံ

http://www.dhammadownload.com

ကျေးဇူးတင်ဂုဏ်ပြုလွှာ

ပ–သုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်၏ သာသနာပြု လုပ်ငန်းရပ်ဖြစ်သော အာဒိကမ္မိက ဆရာကြီးဦးပဂ္ဂိုဠ်၏ သင်တန်း လက်စွဲကျမ်း "ဝိပဿနာ ဘာဝနာ နှစ်စောင်တွဲ" ထုတ်ဝေရာတွင် အုပ်ရေ ၁၀၀၀ မ,တည် လျှုဒါန်းသည့်

ဦးကျော်ရန်နီဦး (Moon Bakery) နှင့်

မိမိတို့ စွမ်းအားရှိသမျှ လျှုဒါန်းကြသော ပူးတွဲပါ အလျှုရှင် အသီးသီးအား ကျေးဇူးတင်ရှိကြောင်း ဖော်ပြဂုဏ်ပြုအပ်ပါသည်။

ထို့ပြင် စာမူသန့်အောင် ပြင်ဆင်ပေးကြသော ဦးဆန်းထွန်း (ဓမ္မာစရိယ)နှင့် အမှုဆောင်စာရင်းစစ် ဦးမောင်ကြီးတို့အား မှတ်တမ်း တင် ဂုဏ်ပြုပါကြောင်း အမှုဆောင် ဦးစိုးမြင့်အားလည်း ဤစာအုပ်ကို ဤမျှ ကောင်း မွန်အောင် ကြိုးစားဆောင်ရွက်ခြင်းနှင့် အလျှုငွေများ ရရှိအောင် ဆောင်ရွက်ခြင်းတို့အတွက် မှတ်တမ်းတင် ဂုဏ်ပြုအပ် ပါသည်။

ဥက္ကဋ္ဌ

ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

နဝမအကြိမ်

၂၀၀၆ ခုနှစ်၊ မေလ

အုပ်ရေ ◆ ၃၀၀၀

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ◆ ၃၂၀၆၀ရ၀၆၀၅

ထုတ်ဝေသူ

ဦးကျော်ဟင်း

ယုံကြည်ချက်စာပေ

အမှတ်(၁၁၁)၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်။

ကွန်ပျူတာစာစီ

မသန်းစိုးအေး (ကွန်ပျူတာ)

မျက်နှာဖုံးဒီဇိုင်း/ဖလင်

New Day Colour Spration

အတွင်းကာလာဖလင်

A .Z Colour Spration

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ

ဦးမြင့်ဦး (သိန်းသန်းဦး ပုံနှိပ်တိုက်)၊ ပုံနှိပ်မှတ်ပုံတင်အမှတ် (မြ-၀၁၅၈၃)

အမှတ်(၁၂၁)၊ (၃၄)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ဝိပဿနာ ဘာဝနာ နှစ်စောင်တွဲ

ကျမ်းပြုစု ပြုသူ
ဦးပဂ္ဂိုဠ

ဤကျမ်းငယ်၌
မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရေးအတွက်
မှန်ကန်စွာ အားထုတ်နိုင်ရန်
ပါဠိတော်များစွာ ပါရှိ၏။

၂၀၀၆-မြည့်

http://www.dhammadownload.com

http://www.dhammadownload.com

မာတိကာ

၁။ ဝိပဿနာချီးမွမ်းခန်း

သာသနာပြု စေလွှတ်ခြင်း၊ သောတာပန်မြတ်ခြင်း၊ တရားကျင့်သူ၊ ပဋ္ဌာစာရီ အမျိုးသမီးကြီး၊ လိုရာကို ရလိုလျှင်၊ အတ္တဒတ္ထမထေရ်၊ ပေါဠိလ မထေရ်၊ မိဘကျေးဇူး၊ နွားကျောင်းသမား၊ ဝေလာမသုတ်၊ ကူဋဒန္တသုတ်၊ အရှင်ဝက္ကလိ၊ အမြတ်ဆုံး ပူဇော်ခြင်း၊ ဓမ္မဝိဟာရီ၊ သူတော်ကောင်းအကျင့်၊ သမဏသုတ်၊ ဗာလပဏ္ဍိတသုတ်၊ ချီးမွမ်းခန်းနိဂုံး။

၂။ ဒုက္ခကိုသိမှ နိဗ္ဗာန်ကို လိုချင်သည်၊ လူနတ်ပြဟ္မာ သတ္တဝါမရှိ ၁၄

၃။ နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ ခန္ဓာနှင့်တူသောဒုက္ခ မရှိ ၁၇

၄။ နိဗ္ဗာန်ကို အလိုရှိသူသည် တဏှာနှင့် အဝိဇ္ဇာကို သတ်ရ၏ ၂၀

၅။ တဏှာနှင့် အဝိဇ္ဇာသတ်ရန် မခက်တော့ပြီ၊ ဆရာကောင်းရရန် ခက်၏ ၂၂

၆။ မဟာပဒေသတရားလေးပါး၊ မဂ်တု, ဖိုလ်တု, ကမ္မဋ္ဌာန်းတုကို စစ်ဆေးရန် ၂၅

၇။ သမထနှင့် ဝိပဿနာ မတူ၊ ရှေးဦးစွာ ကြိုတင်သိရမည့်အချက်များ ၂၈

၈။ အတ္တနှင့် အနတ္တ မကွဲလျှင် ဝိပဿနာဘာဝနာကို မပွားများလေနှင့်ဦး ၃၁

၉။ ဝိပဿနာလုပ်ငန်းအတွက် ဆရာကောင်းရရှိရန် နည်းလမ်း ၃၄

၁၀။ ဝိပဿနာအဖို့ ဖတ်ရန်စာ၊ ဗေဒင်ဆရာဟောနည်း ၃၆

၁၁။ အတ္တနှင့် အနတ္တ ကွဲရန် ပရမတ္ထသဘာဝကို ပိုင်ရ၏ ၃၉

၁၂။ လူဟူသည် ပရမတ္ထဓာတ်သားတို့၏ အရိပ်နိမိတ်မျှသာ ဖြစ်၏ ၄၂

၁၃။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်သော် ယုံမှားခြင်း ၁၆-ချက် ကင်း၏ ၄၄

၁၄။ ဝ မရှိဘဲ ဝိ မလုပ်လင့် ၄၇

၁၅။ အာနာပါန ပွားများနည်း ၅၀

၁၆။ အာနာပါနကို အားထုတ်ရာ၌ ပင်ပန်းဆင်းရဲခြင်း မဖြစ်စေရ ၅၂

၁၇။ စိတ်မိုက်ကို ချက်ချင်းပယ်နိုင်သော အာနာပါန ဘာဝနာသတ္တိ ၅၅

၁၈။ သမထနှင့် ဝိပဿနာ ကွာပုံ ၅၈

၁၉။ အာနာပါနမှ ဝိပဿနာသို့ ၆၀

၂၀။ ဝိပဿနာ ပွားများနည်းအစ ၆၂

ဝိပဿနာပွားများနည်း သင်တန်းကျမ်းစာ ၆၇

နိဗ္ဗာန် ၁၂၃

နောက်ဆက်တွဲ ၁၃၃

http://www.dhammadownload.com

လွယ်ကူစေရန်

အလိုရှိသော အချက်အလက်များကို
လွယ်ကူစွာ သိနိုင်ရန်
နောက်ဆုံးဌ ဖော်ပြထားသော
အကွာရာစဉ်ကို ကြည့်ပါလေ။

http://www.dhammadownload.com

"နမော၊ တဿတျာဒိ"

ဦးပဂ္ဂိုဠိ - နှင့်

ဝိပဿနာ ပညာတက္ကသိုလ်

ဇမ္ဗုဓဇထေရ်ရှင် (၉၀၊ မေ၊ သုတ် နှင့်၊ ဒိဋ္ဌမဇ္ဈော)

တင်ပြသည်။

ဆရာကြီး ဦးပဂ္ဂိုဠိနှင့် ဝိပဿနာပညာတက္ကသိုလ် ဖြစ်ပေါ်လာပုံကို သိရှိထားသည်တို့အနက် အနည်းငယ်မျှ ရေးသားတင်ပြခဲ့ပါအုံ့။

ဆရာကြီး ဦးပဂ္ဂိုဠိသည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက မြန်မာတိုင်းရင်းသားလူမျိုးတို့၏ တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာကြီးပွားကြောင်း စာအုပ်ကောင်းများ ရေးသားခဲ့ရာ၊ "ကြိုးစားကဘုရားဖြစ်၏" အမည်ရှိသော စာအုပ်မှာ စာအုပ်ကောင်းတစ်အုပ်အဖြစ် ပါဝင်ခဲ့ပါသည်။ ထို့ပြင် "ကြီးပွားချမ်းသာရေး" စာအုပ်မှာ သတ္တမတန်းတွင် ကျောင်းသုံးဖြစ်ခဲ့ပါသည်။

ဆရာကြီး ဦးပဂ္ဂိုဠိသည် စာရေးဆရာအဖြစ်တွင် ရပ်တန့်မနေဘဲ သတင်းစာလုပ်ငန်းအတွက် ရှာဖွေရန် ကလကတ္တားမြို့သို့ သွားရောက်ခဲ့ပါသည်။ ပြန်လာသောအခါ "သူရိယ" သတင်းစာကို စတင်တည်ထောင်ခဲ့သော ခေါင်းဆောင်ကြီး ဘကြီးဘဖေထံတွင် သတင်းစာလုပ်ငန်းပညာကို သင်ယူပါသည်။ ထို့နောက် မကြာမီ "တိုးတက်ရေး" သတင်းစာ ထုတ်ဝေခဲ့ပါသည်။ ထိုမှတဆင့်တက်ကာ "ဂျာနယ်နှင့်မဂ္ဂဇင်း"၊ "စာ၊နယ်၊ဇင်း" သုံးစောင်ကို တစ်ချိန်တည်း အောင်မြင်စွာ ထုတ်ခဲ့သည်မှာ မြန်မာပြည်သို့ ဒုတိယကမ္ဘာစစ်ကြီး ကူးစက်လာသည်အထိပင် ဖြစ်ခဲ့ပါသည်။ "တိုးတက်ရေး" သတင်းစာမှာ နေ့စဉ် စောင်ရေ (၂၀၀၀၀) နှစ်သောင်းကျော် ထုတ်ဝေခဲ့ရသဖြင့် မြန်မာပြည်တွင် ထိုအခါက စောင်ရေ အများဆုံးထုတ်ဝေခဲ့ရသော သတင်းစာဖြစ်ခဲ့ရပါသည်။ ဤသို့လျှင် စာရေးဆရာအဖြစ် သတင်းစာဆရာအဖြစ်ဖြင့် နှစ်ပေါင်းသုံးဆယ်ခန့် ကျင်လည်သူဖြစ်ပါသည်။

ဆရာဦးပဂ္ဂိုဠိသည် တစ်ဆင့်တက်ကာ "ဝိပဿနာပညာရပ်" ကို လိုက်လံရှာဖွေဆည်းပူးပြန်ပါသည်။ ရန်ကုန်မြို့ရှိ အသိတိကျောင်းတိုက်ဆရာတော်ဦးတေဇိန္ဒ ဒေဝသာဂရသိမ်ကုန်း ဆရာတော်ဦးရေဝတမမ္မဗဟန်း ကျောင်းတော်ရာဆရာတော်ကြီးများ အစရှိသော ဆရာတော်ကြီးများ အသီးသီးထံမှမက လူဆရာကြီးများဖြစ်ကြကုန်သော ဆရာကြီးဦးသူတော်၊ ဆရာကြီးဆရာလင်း၊ လယ်တီပဏ္ဍိတ ဆရာကြီး ဦးမောင်ကြီး၊ လယ်တီဆရာတော်ကြီး၏တပည့် ဆရာကြီးဦးမြို့၊ ဆရာဘီ၊ ဆရာရိပ်၊ ဆရာညွန့်၊ ဆရာဝ၊ မော်ဘီဆရာသိမ်းကြီး၊ ဆရာကြီးသခင်ကိုယ်တော်မှင်း စသည့် ဆရာကြီးများထံတွင်လည်း တပည့်ခံကာ သင်ယူခဲ့သည်။

ထိုမျှမက ပဲခူး၊ သံလျင်၊ ပြည်၊ ရွှေတောင်၊ မန္တလေး စသော မြို့ကြီးများသို့လည်း သွားရောက်ကာ "ဝိပဿနာပညာရပ်" ကို ရှာဖွေဆည်းပူးခဲ့ပါသည်။ အထူးကား "ဝိပဿနာပညာရပ်" နှင့်ဆိုင်သော ပါဠိတော် အဋ္ဌကထာများမှ ကောင်းနိုးရာရာ ကျမ်းအကိုးအကားများကို မှတ်သားထားသော စာကြည့်တိုက်

http://www.dhammadownload.com

ထားရှိသည့် အကွာရာစဉ်ဖြင့် ကတ်ပြား (၆' × ၄') ကတ်ပြားပေါင်း (၂၀၀၀) ကျော်ရှိသည့်ပြင် အင်္ဂလိပ်စာ ကတ်ပြားများကိုလည်း ရေးသားထားသည်ကို တွေ့မြင်ရပါသည်။

ထိုကဒ်ပြားများရှိ ကျမ်းအကိုးအကားများကို ဆရာကြီးအိမ်တွင် ရှင် လူ ရဟန်းတို့ နေ့စဉ်လိုလို ကူးယူကြပါသည်။

ယင်းသို့ ရှင် လူ ရဟန်းတော်တို့ထံမှ ရရှိသော "ဝိပဿနာပညာရပ်" များနှင့်တကွ ပါဠိတော် အဋ္ဌကထာတို့၌ လာရှိသည့်အတိုင်း "ဝိပဿနာဘာဝနာလုပ်ရပ်" ကို ဆရာကြီးကိုယ်တိုင် ရှေးဦးစွာ ပွားများအားထုတ်လျက် ၁၉၅၁ ခုနှစ်ကစ၍ လူပရိသတ်တို့အား သင်ပြပေးခဲ့ပါသည်။ ထို့နောက် ၁၉၆၃ ခုနှစ်ကစ၍ "ဝိပဿနာဘာဝနာ" ပွားများနည်းကို ပေးဝေလျှောဒါန်းသည်မှာ ဆရာကြီးကွယ်လွန်သည်အထိ ဖြစ်ပါသည်။ အလွန်ထူးခြားအံ့သြစရာတစ်ခုကား ဆရာကြီးသည် သူ၏ နောက်ဆုံးအချိန်ကို အင်္ဂလိပ်လို သူ၏ ဒိုင်ယာရီတွင် ရေးသားထားခဲ့သည်နှင့် သူ၏ နောက်ဆုံးအချိန် အံ့ကိုက်ဖြစ်နေခြင်းပင်တည်း။

ဆရာကြီးသည် နိုင်ငံခြားသို့ ဒုက္ခအဝေ ချုပ်ငြိမ်းစေသောနည်းကို လျှောဒါန်းပေးဝေလိုခြင်းကြောင့် ၎င်းတို့ အယူအဆ သံသယဖြစ်နေသော အချက်အလက်များနှင့် ၎င်းတို့သိလိုသော အချက်အလက်များကို ဖြေရှင်းပေးနိုင်ရန် လန်ဒန်မြို့ရှိ စာကြည့်တိုက်ကြီးကို သွားရောက်၍ ဘာသာရေးဆိုင်ရာ စာအုပ်များကို ရှာဖွေဖတ်ရှုလေ့လာခဲ့ပါသည်။ ထိုမှတဖန် ဆက်၍ ဝါရှင်တန်မြို့နှင့် နယူးယောက်ရှိ စာကြည့်တိုက်များတွင် ဘာသာရေးဆိုင်ရာ စာအုပ်များကို ရှာဖွေဖတ်ရှုလေ့လာခဲ့ပါသည်။ ထိုမျှမကသေး ဘာသာရေးဆိုင်ရာ စာအုပ်အချို့ကိုလည်း ဝယ်ယူခဲ့ပါသေးသည်။

ဆရာကြီးသည် ဝိပဿနာပညာမျှမက၊ ဘာသန္တရကိုလည်း ဆည်းပူးခဲ့ပါသည်။ အများအကျိုးငှာ ထိုခေတ်ထိုအခါက ဂျပန်စကားပြောနည်း စာအုပ်ပင် ရေးသားခဲ့ပါသည်။ ဝိပဿနာပညာမှာလည်း ဂမ္ဘီရ ဝိပဿနာရှုဖွယ် (၃) တွဲ၊ ဝိပဿနာအခြေခံနှင့် အဖြေမှန်၊ ယခု သင်ပြနေသော ဝိပဿနာ ဘာဝနာ (၂) စောင်တွဲ၊ အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် ဂေါတမသည် ဗုဒ္ဓ၊ ဝိပဿနာ ပညာဒုလ္လဘ၊ ကမ္ဘာ့အကျိုးနှင့် မြန်မာ့အကျိုး ဝိပဿနာပညာ စာအုပ်အမျိုးများစွာ ရေးသားတင်ပြပေးခဲ့ပါသည်။

ထို့ပြင် ဆရာကြီးသည် ၁၃၃၂ ခု တော်သလင်းလပြည့်ကျော် (၅) ရက်၊ ၂၃-၉-၆၇ (စနေနေ့) ညနေ (၄) နာရီအချိန်တွင် အမှတ် (၂၀၁/၃) လွစ္စလမ်း၊ ဦးစံလွင် (အီကောနောမစ်) အိမ်တွင် ဝိပဿနာပြန့်ပွားရေးအဖွဲ့ကို ပထမဆုံးအကြိမ် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၁ ခုနှစ်၊ အဖွဲ့၏ စတုတ္ထအကြိမ် မြောက် နှစ်ပတ်လည်နေ့တွင် ဝိပဿနာမိန့်ခွန်းစာအုပ်ကို ဖြန့်ဝေပါသည်။ ၎င်းဝိပဿနာပညာ မိန့်ခွန်း စာအုပ်စာမျက်နှာ (၃) အောက်ဆုံးတွင် မြန်မာတစ်ခွင် ကမ္ဘာတွင် မရှိဖူးသေးသော သတင်းထူးတစ်ပုဒ် တွေ့ရပါသည်။ သတင်းထူးကား -

http://www.dhammadownload.com

ဝိပဿနာပညာတက္ကသိုလ်

ဖွင့်ရန် ဆရာတော်အချို့ အသင့်ရှိနေပါကြောင်း၊ သူတော်ကောင်းအပေါင်းတို့ သတင်းရေးသား သူ - ပဂျိုင် ဟူ၍ ပါရှိခဲ့လေသည်။

ထိုသတင်း မထုတ်ပြန်မီကတည်းက ရွှေကျင်မြို့နယ် ဓမ္မာရုံကြီးတွင် အစဉ်သဖြင့် ဆရာကြီးနှင့် လက်တွဲပြီး ဆရာတော်များ၊ ဝိပဿနာပညာသင်တန်းများကို အစဉ်သဖြင့် သင်ပြပို့ချ ဟောပြောခဲ့ပါသည်။ ထို့ပြင် ရန်ကုန်မြို့ရှိ ရပ်ကွက်ဓမ္မရုံများ၊ ရွှေဘုန်းပွင့်ဘုရား၊ တစ်နေရာဝါးည၊ ခုနှစ်ညလှည့်လည်သင်ပြခဲ့ရုံ မျှမက နယ်မြို့ကြီးများ၊ မြိတ်၊ ထားဝယ်သိုပင် ကြွရောက်သင်ပြခဲ့ပါသည်။

ဆရာကြီး ဦးပဂျိုင်၏ စေတနာ၊ ဓမ္မသဘာဝ၏ သတ္တိစွမ်းရည်တို့ကြောင့် ဆရာကြီးကွယ်လွန်သော်လည်း ဝိပဿနာပညာရပ်ကြီး မကွယ်ပရအောင် ဆရာတော်များက ဆက်လက်ပြီး ယနေ့ (၁၉၉၂) တိုင်အောင် ဟောပြောသင်ပြလာခဲ့ရာ ယနေ့တိုင် နိုင်ငံတော်အစိုးရမှ ချမှတ်ပေးသော ရွှေတိဂုံ အရှေ့စောင်း တန်းဆင်း ဗဟန်းကြားတောရလမ်းမကြီးပေါ်တွင် ပ-သုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၏ "ဝိပဿနာ ပညာတက္ကသိုလ်" ဟူသော (၆"x ၆") လက်မ ရွှေစာလုံးကြီးများဖြင့် ဝင့်ဝင့်ထည်ထည်၊ ဓမ္မရုံကြီးကို သူတော်ကောင်းတို့ မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြလေပြီ။

"ထိုဝိပဿနာပညာတက္ကသိုလ်" တွင် ယခုနှစ် (၁၉၉၂) လူသင်တန်းသား (၁၅၀) နှင့်ရဟန်းသင်တန်းသား (၁၇၂) ပါးတို့ တက်ရောက်သင်ယူ အားထုတ်ကြပါသည်။

စနေ၊ တနင်္ဂနွေတိုင်း၊ နံနက် (၈) နာရီမှ (၁၀) နာရီအထိ မည်သူမဆို ကြွရောက်သင်ယူအားထုတ်နိုင်ပါသည်။ ကြွရောက်ပါရန် မေတ္တာဖြင့်ဖိတ်ကြားအပ်ပါသည်။

ဆရာကြီး ဦးပဂျိုင်နှင့်အတူတကွ အစဉ်သဖြင့် လက်တွဲသင်ပြခဲ့သော ဆရာတော်ကြီးများဖြစ်ကြသည့် ဆရာတော် ဦးအဂ္ဂဝံသ (ဓမ္မာစရိယ၊ ဘီအေ)၊ ဆရာတော် ဦးကုသလ (ဓမ္မာကထိက)၊ ဆရာတော် ဦးဇောတိက (ဓမ္မာစရိယ) တို့က အလှည့်ကျ ဒုက္ခအဝဝ ချုပ်ငြိမ်းစေနိုင်သော ဗုဒ္ဓမြတ်စွာ၏ "ဝိပဿနာ ပညာရပ်" ကို ဟောပြောပြသ သင်ပြပေးနေပါကြောင်း။

ဆရာကြီး ဦးပဂျိုင် မြင်ချင်သည့် ဝိပဿနာပညာတက္ကသိုလ်ကြီးသည် အတိုင်းထက်အလွန် စည်ပင်ပြန့်ပွားပါစေဟု ဆုမွန်ကောင်းတောင်းလှစ် ချွေလိုက်ရပါတော့သတည်း။

ရေးသားသူ - ဇမ္ဗူဓဇထေရ်ရှင် (ခ) ဆရာတော် ဦးဇောတိက
သာသနာဓဇဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊
ဝိပဿနာပညာတက္ကသိလာဒီကမ္မိက (ကျမ်းပြု)
၁၉၉၂

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ဝိပဿနာ ချီးမွမ်းခန်း

ခေတ်နှင့် လျော်ညီစွာ ဤ ဝိပဿနာ ချီးမွမ်းခန်းကို တသီးတခြား ထိပ်က ထား၍ ရေးသားခဲ့ရခြင်း၏ အကြောင်းရင်းမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြကုန်သော်လည်း ဗုဒ္ဓမြတ်စွာသည် ဒါန၊ သီလ၊ သမထဘာဝနာတို့ ထက် "ဝိပဿနာဘာဝနာ" ပွားများမှုကို အထူး သာလွန် ပိုမို အလိုရှိတော်မူ ခြင်းကို အများအားဖြင့် မသိကြခြင်းကြောင့် ရေးသားခဲ့ရခြင်း ဖြစ်၏။

အထူးကား

၁။ မိမိကိုယ်တိုင် ဝိပဿနာဘာဝနာကို ပွားများ အားထုတ်စေ လိုခြင်း။

၂။ စ၅ ရာခိုင်နှုန်းဖြစ်သော တောသူ တောင်သား ကျေးလူးရှင် လယ်သမားကြီးများအား "ဝိပဿနာဘာဝနာ" ပညာကို ပေးဝေ လှူဒါန်းစေလိုခြင်း။

၃။ သာသနာပြု စေလွှတ်ကြရာတွင် ဝိပဿနာဘာဝနာ ပညာရပ် ပါဝင်စေလိုခြင်းတို့ကြောင့်-

ဤ ဝိပဿနာဘာဝနာ ချီးမွမ်းခန်းကို တသီးတခြား ထိပ်ကထား၍ ရေးသားခဲ့ခြင်း ဖြစ်လေသည်။

ပဂ္ဂိုဠ
(ပန်းချီဝိုင်)
၁၂၅၉-ခုနှစ်ဖွား

http://www.dhammadownload.com

အရှင်ကုသလ ရဟန်းတော် သင်တန်း

ပုံ (၈) (ပုံရိုက်ယူသောနေ့ ၁၇-၈-၇၄)

အရှင်ကုသလ ရဟန်းတော်သင်တန်း

(ပုံ - ၈)

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ

မာ အာမိသဒါယာဒါ

ရဟန်းတို့ - ငါဘုရား၏ တရားအမွေခံသာ ဖြစ်ကြကုန်လော့၊ ပစ္စည်း 'အာမိသ' အမွေခံတို့ မဖြစ်ကြကုန်လင့်ဟု ဟောတော်မူ၏။ (မူလပဏ္ဏာသပါဠိတော် မူလပရိယာယဝဂ် ဓမ္မဒါယါဒသုတ်)။

တစ်ဖက်ပါ (ပုံ-၈) မှာ ကျွန်တော်တို့ "ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်"မှ အရှင်ကုသလသည် ရှင်တော်ဘုရား၏ ဓမ္မအမွေအနှစ်တို့ကို အချိန်ရတိုင်း သင်ယူပြီးနောက် -

အသက် ၇၇ နှစ်ရှိပြီးဖြစ်သော "ဝိပဿနာဆရာကြီး ဦးပဂျိုင့်" ကွယ်လွန်သော် ဝိပဿနာလုပ်ငန်းကို ဆက်လက်ဆောင်ရွက်တော်မူနိုင်ရန် ဝါတွင်း ဥပုသ်နေ့များတွင် ရဟန်းတော် ၁၃၀ ကျော်တို့အား ဝိပဿနာပညာကို ပေးဝေလျှက်ဒါန်းတော်မူနေပုံ ဖြစ်ပါသည်။

http://www.dhammadownload.com

ဦးဇောတိက လူသင်တန်း

ပုံ(၁) (ပုံရိုက်ယူသောနေ့ ၁၈-၈-၇၄)

အရှင်ဇောတိက လူသင်တန်း

(ပုံ-၁)

ကိ ေ မ ေ ဇ ေ န တိ ဏ္ဍ ေ နာ၊
ပ ုရိ ေ သ ေ နာ ထ ာ မ ဒ သိ နာ၊
သ ဗ္ဗ ည ုတ ် ပ ါ ပ ုဏ ိ တ ွာ
သ န္တ ာ ရ ေ သ ် သ ဒ ေ ဝ ဏ ် ။

ငါသည် အစွမ်းအားကိုမြင်သော ယောက်ျားဖြစ်ပါလျက် တစ်ယောက်တည်း ကူးမြောက်ခြင်းဖြင့် ငါ့အား အဘယ်အကျိုးရှိတော့အံ့နည်း၊ ငါသည် သဗ္ဗညုတဉာဏ်သို့ရောက်၍ နတ်နှင့်တကွသော လောကကို ကယ်တင်ပေးအံ့ဟု အကြံတော်ဖြစ်တော်မူ၏။

(ဗုဒ္ဓဝံသပါဠိတော် သုမေဓ ပတ္ထနာကထာ စာမျက်နှာ ၃၁၀-အပိုဒ် ၅၆)။

တစ်ဖက်ပါ (ပုံ-၁) မှာ အဖွဲ့မှ ဦးဇောတိကသည် မိမိကြိုးစားသိရှိထားသော "ဝိပဿနာပညာရပ်" ကို သင်တန်းတက်သူ ၁၂၀ ကျော်တို့အား သင်ပြပေးသော ဓမ္မဒါနပြုနေပုံဖြစ်ပါသည်။ ဦးကုသလနှင့် ဦးဇောတိကတို့မှာ ရဟန်းတော်နှင့် လူအတွက် သင်တန်းများကို နှစ်စဉ်နှစ်တိုင်း တစ်လှည့်စီလှည့်ကာ ဓမ္မဒါနပြုတော်မူကြပါသည်။

http://www.dhammadownload.com

ဆရာကြီး ရဟန်းတော်သင်တန်း

ပုံ (၈) (ပုံရိုက်ယူသောနေ့ ၁၇-၈-၇၄)

ဆရာကြီး ရဟန်းတော်သင်တန်း

(ပုံ - ၈)

ဣတိ ခေါ စုန္ဒ
သတ္ထာပိ တတ္ထ ဂါရယှော၊
ဓမ္မောပိ တတ္ထ ဂါရယှော၊
သာဝကောပိ တတ္ထ ဧဝံ ဂါရယှော၊

စုန္ဒ စင်စစ် ဤဆိုခဲ့သည့်အတိုင်း ထိုသာသနာ၌ ဆရာကိုလည်း ကဲ့ရဲ့အပ်၏။ ထိုသာသနာ၌ တရားကိုလည်း ကဲ့ရဲ့အပ်၏။ ထိုသာသနာ၌ တပည့်ကိုလည်း ဤဆိုခဲ့သည့်အတိုင်း ကဲ့ရဲ့အပ်၏။ ထိုသာသနာ၌ တပည့်ကိုလည်း ဤဆိုခဲ့သည့်အတိုင်း ကဲ့ရဲ့အပ်ဟု ဟောတော်မူ၏။ (သုတ်ပါထေယျ ပါဠိတော် ပါသာဒိကသုတ် စာမျက်နှာ ၉၉-မြန်မာပြန်-၁၁၀)။

ပါဠိတော်များတွင် သူတစ်ပါးကို မကဲ့ရဲ့လင့်ဟု များစွာလာရှိ၏။ ထို့အတူ အမှားတရားများကို ကဲ့ရဲ့ဖိနှိပ်ရမည်ဟု များစွာ ဟောတော်မူ၏။ (ဖိနှိပ်ရမည့် ပါဠိတော်အချို့ကို ဤကျမ်း စာမျက်နှာ (၁၆၂) ၌ ဆရာကြီး ဖော်ပြထား၏)။

ဆရာကြီးသည် ဤအခန်းကို သင်ပြပေးရာ၌ "ကိ်ုမေကေန -" ပါဠိတော်အရ နိုင်ငံခြားသားများကို ငါတို့ တတ်သိသလို တတ်သိလိမ္မာကြပါစေဟူသော စေတနာသဒ္ဓါတရား အစစ်အမှန်ဖြင့် တရားမှန်ကို ပေးဝေလျှောဒါန်းတော်မူကြရန် ခါပေါင်းများစွာ တိုက်တွန်းခဲ့လေသည်။

http://www.dhammadownload.com

ဆရာကြီး လူသင်တန်း

ပုံ(၃) (ပုံရိုက်ယူသောနေ့ ၁၈-၇-၇၄)

ဆရာကြီး လူသင်တန်း

(ပုံ - ၃)

စိတ္တုပ္ပါဒမ္မိ ခေါ အဟံ စုန္ဒ
ကုသလေသု ဓမ္မေသုဗဟုပကာရံ ဝဒါမိ၊
ကော ပန ဝါဒေါ ကာယေန ဝါစာယ
အနုဝိဓိယ နာသု။

စုန္ဒ ငါဘုရားသည် ကုသိုလ်တရား၌ စိတ်ဖြစ်ပေါ်ခြင်းမျှကိုလည်း ကျေးဇူးများ၏ဟု ဟောတော်မူ၏။ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ပြုလုပ်စိမ်စေခိုင်းခြင်း စသည်တို့၌ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်းဟု ဟောတော်မူ၏။ (မူလပဏ္ဏာသပါဠိတော် သလ္လေခသုတ်)။

တစ်ဖက်ပါ (ပုံ-ဃ) မှာ ဆရာကြီးသည် တနင်္ဂနွေနေ့တိုင်း လူသင်တန်းတွင် ဝိပဿနာပညာရပ်ကို ပွားများနည်းနှင့်တကွ သင်ပြပေးနေပုံဖြစ်ပါသည်။

ဆရာကြီးသည် အထက်ပါ ပါဠိတော်အရ ရဟန်းတော်သင်တန်းနှင့်တကွ လူသင်တန်းတွင် ကုသိုလ်ကောင်းမှုကို ငါလုပ်ဦးမှာပဲဟု စိတ်၌ဖြစ်ပေါ်လာရုံမျှလည်း အလွန်ကျေးဇူးများလှပါ၏။ အကယ်၍ ကာယကံမှ ဝစီကံမှုတို့ကို ပြုလုပ်လိုက်ပါက အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ ထို့ကြောင့် ဓမ္မဒါနဟူ သရွေ့တို့တွင် အကောင်းဆုံးဖြစ်သောဝိပဿနာပညာရပ်ကို ပေးဝေလျှုဒါန်း တော်မူကြပါဟု အထူးတိုက်တွန်းလေ့ရှိပါသည်။

http://www.dhammadownload.com

သောတာပန် မြတ်ခြင်း

ပထဗျာ ဧကရဇ္ဇေန၊
သဂ္ဂသ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊
သောတာပတ္တိ ဖလံ ဝရံ။

ဓမ္မပဒ ပါဠိတော် "လောကဝဂ်" ဆဋ္ဌမ စာမျက်နှာ ၄၀၊ အပိုဒ် ၁၇၈၊ မြေတစ်ပြင်လုံး၌ ဧကရာဇ်မင်း ဖြစ်ရသည်ထက်လည်းကောင်း၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်ရသည်ထက်လည်းကောင်း၊ တစ်လောကလုံးကို အစိုးရသည်ထက်လည်းကောင်း သောတာပန်ဖြစ်ရခြင်းသည်မြတ်၏။

အနာထပိဏ်သူဌေးကြီးသည် ရှင်တော်ဘုရားထံသို့ မသွားလိုသော မိမိ၏သား ကာဠအား သွားရောက်ခါ တစ်ပုဒ်သောဂါထာကို သင်ယူချေ။ အသပြာတစ်ထောင်ပေးအံ့ဟု စေလွှတ်လိုက်၏။ ကာဠသည် ဂါထာကို သင်ယူရာတွင် သောတာပန်အဖြစ်သို့ ရောက်ရှိသွား လေ၏။ အိမ်သို့ ရောက်ရှိသောအခါ အသပြာတစ်ထောင်ကို မယူတော့ပြီ။

ဤသို့လျှင် အနာထပိဏ်သူဌေး၏သား ကာဠကို အကြောင်းပြု၍ အထက်ပါ ဂါထာတော်ကို ဟောတော်မူခြင်းဖြစ်၏။

ဤ၌ သိအပ်သည်မှာ သောတာပန် ဖြစ်ရခြင်းသည် နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်ရှိရသော ပုထုဇဉ် နတ်ဗြဟ္မာတို့ထက် သောတာပန်က သာလွန်ကြောင်းကို ထင်ရှားစွာ သိအပ်လေပြီ၊ အကြောင်းသော်ကား ပုထုဇဉ်နတ်ဗြဟ္မာတို့မှာ အပါယ်လေးပါးတံခါးများ မပိတ်နိုင်သေးသောကြောင့် ဖြစ်၏။ ထို့ကြောင့် ဗြဟ္မာ့ပြည် တဝင်းဝင်း ဝက်စားကျင်း တရှုတ်ရှုတ် ဟူ၍ ဆိုစမှတ် ရှိရခြင်း ဖြစ်၏။

ထိုမှတစ်ပါး လူ့ပြည်ရှိ စည်းစိမ်ချမ်းသာ ပြည့်စုံစွာသော သူဌေးကြီးများ၊ အရာရှိကြီးများထက် သောတာပန်က သာလွန်ကြောင်းကိုကား ထုတ်ဖော်ရေးသားရန် မလိုပြီ။

ထို့ကြောင့် သောတာပန် ဖြစ်၍ အပါယ်လေးပါးတံခါး ပိတ်စေရန် သာမန်ဆင်းရဲသားကို မဆိုထားဘိ၊ အရာရှိများနှင့်တကွ သူဌေးကြီးများပင် သောတာပန် ဖြစ်ထားရန် အထူး ကြိုးစားအပ်လေသည်။ သောတာပန် ဖြစ်ပြီးပါက ဝိသာခါ၊ အနာထပိဏ်တို့ကဲ့သို့ ဘုံစဉ်စံလိုပါကလည်း စံနိုင်လေသည်။

●

တရားကျင့်သူသည် မြတ်၏

သုတ်ပါထေယျ ပါဠိတော်၊ အဂ္ဂညသုတ်၌ ရှည်လျားစွာ ဟောတော်မူသည်မှ ဤတွင် လိုအပ်သည်ကို ကောက်နုတ် ဖော်ပြပေအံ့။

ဝိဇ္ဇာစရဏသမ္ပန္နော၊ သော
သေဋ္ဌော ဒေဝမာနုသေတိ။

ပါဠိတော် စာမျက်နှာ ၈၁၊ မြန်မာပြန် စာမျက်နှာ ၈၆ "နတ်လူအပေါင်း၌ (အကြင်သူသည်) အသိဉာဏ်"ဝိဇ္ဇာ"၊ အကျင့် "စရဏ"နှင့် ပြည့်စုံ၏။ ထိုသူသည် မြတ်၏"ဟု (ဆို၏)။

ဤသည်လည်း "ဝိပဿနာချီးမွမ်းခြင်း" တစ်ရပ်ပေတည်း။

http://www.dhammadownload.com

ပဌာစာရီ အမျိုးသမီး

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယ္ယော၊
ပဿတော ဥဒယဗ္ဗယံ။

ဓမ္မပဒ ပါဠိတော် "သဟဿဝဂ်" ဆဌမ စာမျက်နှာ(၃၀)၊ အပိုင်(၁၁၃) မြန်မာပြန် စာမျက်နှာ (၂၉) ခန္ဓာငါးပါတို့၏အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်သောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

ဤတရားတော်မှာ အမျိုးမျိုးသောဒုက္ခခံစားကာ ပူဆွေး ငိုကြွေးနေရသော ပဌာစာရီ အမျိုးသမီးအား ဟောတော်မူသော တရားတော်ဖြစ်၏။ လူပြည်၌ တရားအားမထုတ်ဘဲ အနှစ်တစ်ရာ နေရခြင်းထက် "ဝိပဿနာဘာဝနာကို" တစ်ရက်မျှ ပွားများ အားထုတ်ခြင်းက ပိုမိုအကျိုးကြီးမားသည်၊ မွန်မြတ်သည်ဟု ဟောတော်မူသဖြင့် "ဝိပဿနာဘာဝနာ"ကို အထူး ကြိုးစား အားထုတ်တော်မူကြပါလေ။

ဤပါဠိတော်ကိုလည်း အရ ကျက်ဆောင်လျက် သူတစ်ပါးအားလည်း ဟောပြော သင်ပြပေးတော်မူကြပါလေ၊ အကျိုးကား အလွန်အလွန် ကြီးမားသော ဓမ္မဒါနကုသိုလ်ကြီးပေတည်း။

●

လိုရာကို ရလိုလျှင်

မူလပဏ္ဏာသ ပါဠိတော်၊ "မူလပရိယာယ ဝဂ်" "အာကခ်ေယျသုတ်" ဆဌမ မြန်မာပြန် စာမျက်နှာ(၄၃)၌ ရှည်လျားစွာ ဟောတော်မူသည်တို့မှ ဤတွင် လိုရင်းအတိုချုပ်ကို ဖော်ပြပေအံ့။

သီတင်းသုံးဖော်တို့၏ ချစ်ခင်မြတ်နိုးလေးစားမှု၊ ချီးမွမ်းမှုကို အလိုရှိပါမူ သီလနှင့် ပြည့်စုံစေ၍ ဝိပဿနာကို ပွားများ အားထုတ်ရာ၏။

သက်နီ, ဆွမ်, ဆေး, ကျောင်းအထောက်အပံ့ အသုံးအဆောင်တို့ကို အလိုရှိပါမူ သီလနှင့် ပြည့်စုံစေ၍ ဝိပဿနာကို ပွားများ အားထုတ်ရာ၏။

မိမိအား လျှုဒါန်းကြသော အလျှုဒါနအတွက် ၎င်းတို့၌ အကျိုးကျေးဇူး ကြီးမားစွာ ပြန်လည် ရရှိ စေလိုပါမူ သီလနှင့် ပြည့်စုံစေ၍ ဝိပဿနာကို ပွားများ အားထုတ်ရာ၏။

ဤသဘောကို အဂုံတ္တိရ်ပါဠိတော် "ဒသက နိပါတ်" "အာကခ်ံဝဂ်" ပဌမသုတ် ဆဌမ မြန်မာပြန် စာမျက်နှာ(၃၅၈)၌လည်း ဟောတော်မူ၏။

ထိုမှတစ်ပါး နိဒါနဝဂ္ဂသံယုတ်ပါဠိတော် "နိဒါနသံယုတ်" "ဒသဗလဝဂ်" ဒုတိယ ဒသဗလသုတ် ဆဌမ မြန်မာပြန် စာမျက်နှာ(၂၅၁)၌ ဟောတော်မူသည်တို့ကို ခြုံလျက် အတိုချုပ် ဤတွင် လိုရင်းကို ကောက်နုတ် ဖော်ပြပေအံ့။

ရဟန်းတို့ မိမိအား သက်နီ, ဆွမ်, ဆေး, ကျောင်းအထောက်အပံ့ အသုံးအဆောင်တို့ကို လျှုဒါန်းကြပါကုန်၏။ ၎င်းကုသိုလ်ရှင်တို့၌ အကျိုးကြီးမားစွာ ပြန်လည် ရရှိကြစေဟူ၍ ခန္ဓာငါးပါး၌ ရုပ်နှင့်နာမ်ကို ခွဲခြားဆင်ခြင်ခြင်း၊ ထိုရုပ်နာမ်တို့၏ ဖြစ်ပေါ်ရမှု ပျက်စီးရမှု စသည်တို့မှ အစပြု၍ နိဗ္ဗာန် မဂ် ဖိုလ် သို့ ရောက်ရှိရန် ကြိုးစား အားထုတ်ကြကုန်လော့။

မိမိအကျိုးကိုလည်းကောင်း၊ သူတစ်ပါးတို့၏

http://www.dhammadownload.com

အကျိုးကိုလည်းကောင်း၊ မိမိအကျိုး သူတစ်ပါး အကျိုး နှစ်ပါးစုံကိုလည်းကောင်း ကောင်းစွာမြင်သောသူသည် မမေ့မလျော့သောလုံ့လဖြင့် ပြည့်စုံရာ၏ဟု ညွှန်ပြတော်မူလေသည်။ (ပါဠိတော်များကို ဆက်ကာ ဖတ်ရှုတော်မူကြပါလေ)။

ဤ သာမုက္ကံသိက ဒေသနာတော်တို့ကို ထောက်ရှုလျက် မိမိ အလိုရှိအပ်သည်တို့ကို ရရှိလိုပါလျှင်၊ ဒါယကာ,ဒါယိကာမတို့၌ အကျိုးကျေးဇူးကြီးမားစွာ ပြန်လည် ရရှိစေလိုပါမူ ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်အပ်လေသည်။

တစ်နည်းသော် မိမိအကျိုး သူတစ်ပါးအကျိုး နှစ်ပါးစုံတို့ကို ပြည့်စုံစေလိုပါလျှင် ဝိပဿနာကို အားထုတ်အပ်လေသည်။ ဤသည်တို့သည်လည်း ဝိပဿနာ ချီးမွမ်းခန်းတစ်ရပ်ပေတည်း။

●

အတ္တဒတ္ထ မထေရ်

ဓမ္မပဒအဋ္ဌကထာ၊ အတ္တဝဂ် "အတ္တဒတ္ထ မထေရ်ဝတ္ထု"မှ အတိုချုပ်သဘောကို ဖော်ပြပေအုံ့။

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ယခုမှသည် လေးလကြာလတ်သော် ပရိနိဗ္ဗာန် စံတော်မူအံ့ဟု မိန့်တော်မူ၏။ ထိုအခါ များစွာသော ရဟန်းတို့သည် အချင်းချင်း တိုင်ပင် ဆွေးနွေးကြကုန်၏။ ဗုဒ္ဓမြတ်စွာထံ အစဉ်သွားရောက်ကြကုန်၏။

အတ္တဒတ္ထမထေရ်သည် ထိုအကြောင်းကို ကြားသိသော်လည်း ဗုဒ္ဓမြတ်စွာထံသို့ တစ်ခါတစ်ခေါက်မျှ သွားရောက်ခြင်းမပြုချေ။

ရဟန်းတို့သည် အတ္တဒတ္ထမထေရ်ကို ခေါ်ဆောင်လျက် ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြသော် ဗုဒ္ဓမြတ်စွာသည် အတ္တဒတ္ထမထေရ်အား အဘယ်အကြောင်းကြောင့် ဤသို့ ဖြစ်ရသနည်းဟု မေးတော်မူ၏။

ထိုအခါ အတ္တဒတ္ထမထေရ်က တပည့်တော်သည် ရှင်တော်မြတ်စွာ လေးလကြာလျှင် ပရိနိဗ္ဗာန် စံတော်မူမည်ဟု ကြားသိရပါ၍ ရှင်တော်မြတ်စွာ ပရိနိဗ္ဗာန် စံတော်မမူမီ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရန် တရားအားထုတ်နေခြင်း ဖြစ်ပါသည်ဟု လျှောက်ထားလေ၏။

ထိုသို့ လျှောက်ထားလတ်သော် ဗုဒ္ဓမြတ်စွာသည် အတ္တဒတ္ထမထေရ်အား ကောင်းချီးပေးတော်မူပြီးလျှင် ဤစကားကို မိန့်ဆိုတော်မူ၏။

ရဟန်းတို့၊ အကြင်ရဟန်းသည် ငါ၌ ချစ်မြတ်နိုးခြင်းသည် ရှိ၏။ ထိုရဟန်းသည် အတ္တဒတ္ထမထေရ်ကဲ့သို့ ဖြစ်ခြင်းငှာ သင့်ပေ၏။ နံ့သာစသည်တို့ဖြင့် ပူဇော်ကြကုန်သော သူတို့သည် ငါ့အား ပူဇော်ကြကုန်သည် မမည်ကုန်၊ လောကုတ္တရာတရား ကိုးပါးအား လျော်သော အကျင့်မြတ်ဖြင့်သာလျှင် ငါဘုရားကို ပူဇော်သည်မည်၏။ ထို့ကြောင့် အတ္တဒတ္ထမထေရ်မှ တစ်ပါးသော ရဟန်းသည်လည်း အတ္တဒတ္ထရဟန်းနှင့် တူသည်သာလျှင် ဖြစ်ထိုက်ပေ၏ဟု ညွှန်ပြတော်မူလေသည်။ (ဤချီးမွမ်းခန်း၌ လာရှိသော ဝက္ကလိ၊ အာနန္ဒာ စသည်တို့နှင့် ပူးတွဲဖတ်ရှုတော်မူကြပါလေ)။

ဤအတ္တဒတ္ထမထေရ်အကြောင်းကို ထောက်ရှုသဖြင့်လည်း ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်ကြရန် အထူး သတိပြုတော်မူကြရန် ဖြစ်လေသည်။

●

http://www.dhammadownload.com

ပေါ်ဦးလ မထေရ်

ယောဂါ ဝေ ဇာယတေ ဘူရိ၊
အယောဂါ ဘူရိ သင်္ခယော။

ဧတံ ဒ္ဝေဓာ ပထံ ဉတ္ဝာ၊
ဘဝါယ ဝိဘဝါယ စ။

တထာတ္တာနံ နိဝေသေယျ၊
ယထာဘူရိ ပဝဍ္ဎတိ။

ဓမ္မပဒပါဠိတော် "မဂ္ဂဝဂ်"ဆဋ္ဌမ စာမျက်နှာ(၅၃)၊ အပိုဒ်(၂၈၂) ကမ္မဋ္ဌာန်းအာရုံ၌ အားထုတ်မှု လုံ့လကြောင့် ပညာဖြစ်ပွားတယ်။ အားထုတ်မှု လုံ့လ မရှိခြင်းကြောင့် ပညာကုန်ခန်းတယ်။ ပညာဖြစ်ပွားခြင်း၊ ပညာဆုတ်ယုတ်ခြင်းတို့၏ ဤခရီးလမ်းနှစ်သွယ်ကို သိ၍ အကြင်လမ်းဖြင့် ပညာတိုးပွားတယ်။ ထိုလမ်းဖြင့် မိမိကိုယ်ကို သိမ်းသွင်းရာတယ်။ (မြန်မာပြန် စာမျက်နှာ ၅၀)

ပေါ်ဦးလမထေရ်သည် ငါးရာသောရဟန်းတို့အား စာပေ သင် ချပေးနေတယ်။ အခါတစ်ပါး၌ ပေါ်ဦးလမထေရ်သည် ကျောင်းတော်သို့ အလာ ဗုဒ္ဓမြတ်စွာက (တုစ္ဆ)ပေါ်ဦးလ လာလော့၊ တစ်ဖန် ကျောင်းတော်မှအပြန် (တုစ္ဆ) ပေါ်ဦးလ ပြန်လော့ ဟု မိန့်တော်မူတယ်။

ထိုအခါ ပေါ်ဦးလမထေရ်သည် ဤသို့ အကြံဖြစ်တယ်၊ ငါသည် စာတတ်တယ်၊ ရဟန်းငါးရာကို စာပေပို့ချ သင်ပြပေးနေတယ်။ သို့ပါလျက် ငါ့အား ဗုဒ္ဓမြတ်စွာသည် "တုစ္ဆပေါ်ဦးလ-တုစ္ဆပေါ်ဦးလ" အချည်းနှီးဖြစ်သော ပေါ်ဦးလ၊ အနှစ်သာရ မရှိသော ပေါ်ဦးလဟု ခေါ်တော်မူခြင်းကား ကမ္မဋ္ဌာန်းတရား မရှိမှုကြောင့်ဖြစ်တယ်ဟု သဘော ပေါက်ကာ ကမ္မဋ္ဌာန်းတရား အားထုတ်ရန် ကမ္မဋ္ဌာန်းတောကျောင်းရှိရာသို့ ထွက်ခွာ သွားရောက်ပြီးလျှင် သံဃမထေရ်ကြီးအား-

အရှင်ဘုရား၊ တပည့်တော်၏ အားထားဖွယ်ရာ ဖြစ်တော်မူပါဘုရားဟု လျှောက်ကြားလေသည်။ (ဤ၌ လိုရင်းကိုသာ ဖော်ပြခြင်းဖြစ်သောကြောင့် ဤအဋ္ဌကထာကို ဆက်ကာ ဖတ်ရှုတော်မူကြပါလေ။)

ဤ၌ သိရှိရန်မှာ ဗုဒ္ဓမြတ်စွာသည် စာတတ်ရုံ၊ စာချပေးရုံဖြင့်သာ ရပ်တန့်မနေမူ၍ ဝဋ်မှ လွတ်ရာ လွတ်ကြောင်းဖြစ်သော "ဝိပဿနာ ဘာဝနာ"ကို အားထုတ်ရန် အထက်ပါ တရားတော်ကို ဟောကြားတော်မူခြင်းဖြစ်တယ်။

ဤသို့ ဟောကြားတော်မူသော်လည်း စာပေ သင်ပြ ပို့ချနေခြင်းသည် အလွန် မွန်မြတ်သော လုပ်ငန်း ဖြစ်တယ်။ သို့ရာတွင် ထိုလုပ်ငန်းတွင် ရပ်တန့်မနေမူ၍ ဝဋ်မှ လွတ်ရာ လွတ်ကြောင်းဖြစ်သော ဝိပဿနာ ဘာဝနာသို့ တက်ရန် ဟောတော်မူခြင်းဖြစ်တယ်။ (ဤချီးမွမ်းခန်း၌ ဖော်ပြထားသော ဓမ္မဝိဟာရီပုဂ္ဂိုလ်နှင့် ပူးတွဲ ဖတ်ရှုပါလေ)။

http://www.dhammadownload.com

မိဘကျေးဇူးဆပ်နည်း

အင်္ဂုတ္တိရ်ပါဠိတော် "ဒုကနိပါတ်" "သမစိတ္တ ဝဂ်" ဆဋ္ဌမ စာမျက်နှာ(၆၃)၊ အပိုဒ်(၃၄)၌ ဟောတော်မူသည်ကို အတိုချုပ်လျက် ကောက်နုတ်ဖော်ပြပေအံ့။

ရဟန်းတို့၊ မိဘနှစ်ပါးတို့၏ ကျေးဇူးသည် အလွန်ကြီးမား၏။ လွယ်ကူစွာ ကျေးဇူးမဆပ်နိုင်။ သားသမီးသည် မိဘနှစ်ပါးအား အနှစ်တစ်ရာပတ်လုံး ပခုံးထက်၌တင်၍ လုပ်ကျွေးပြုစုသော်လည်း မိဘကျေးဇူးကို တုံ့ပြန်ဆပ်သည် မဖြစ်နိုင်သေး။

ရဟန်းတို့၊ များစွာသော ရတနာတို့နှင့် ပြည့်စုံစေသော မဟာပထဝီမြေကြီးကို အုပ်စိုးသော မင်းစည်းစိမ်၌ တည်ရှိစေသော်လည်း မိဘကျေးဇူးကို တုံ့ပြန်ဆပ်သည် မဖြစ်နိုင်သေးပေ။

ဤသို့ မဖြစ်ရခြင်းသည် အဘယ်ကြောင့်နည်းဆိုသော် မိဘကျေးဇူးသည် အလွန်ကြီးမားသောကြောင့် ဖြစ်၏။

ရဟန်းတို့၊ အကြင်သူသည် သဒ္ဓါတရား မရှိသေးသော မိဘတို့ကို သဒ္ဓါတရားရှိလာအောင်၊ မလျှုဒါန်းသည်ကိုလည်း လျှုဒါန်းလာအောင်၊ သီလမရှိသေးသည်ကိုလည်း သီလရှိလာအောင်၊ ပညာမရှိသေးသည်ကို ပညာနှင့်ပြည့်စုံလာအောင် ဤသို့ပြုခြင်းသာလျှင် မိဘတို့၏ကျေးဇူးကို တုံ့ပြန်ဆပ်သည်မည်၏ဟု ဟောတော်မူ၏။ (မြန်မာပြန်၊ စာမျက်နှာ ၇၅)

ဤတွင် ပညာဆိုသည်မှာ ဝိပဿနာပညာကို ဆိုခြင်းဖြစ်၏။ "သုတ်သီလကွန်ပါဠိတော်" သောဏဒဏ္ဍသုတ် ဆဋ္ဌမ မြန်မာပြန် စာမျက်နှာ(၁၂၈)၊ အပိုဒ်(၃၁၇)ကို ဖတ်ရှုသော် သီလနှင့် ပညာသည် အမြတ်ဆုံးဖြစ်၏။ ထိုမှတစ်ဖန် အပိုဒ်(၃၁၈)ကို ဆက်ကာ ဖတ်ရှုပြန်သော် ပညာဆိုသည်မှာ ဝိပဿနာပညာဟု ညွှန်ပြတော်မူ၏။

ထို့ကြောင့် ဤ၌ သိစေလိုသော အချုပ်မှာ မိမိ၏ မိဘကိုသော်လည်းကောင်း၊ အခြားအခြားသော မိမိ၏ ကျေးဇူးရှင်များကိုသော်လည်းကောင်း ကျေးဇူးဆပ်ကြရာတွင် ဝိပဿနာဘာဝနာကို သဘာဝကျအောင် သင်ပြပေးခြင်းသည် အကောင်းဆုံး ကျေးဇူးဆပ်ခြင်းဟု သိအပ်လေ၏။ ဤသည်လည်း ဝိပဿနာဘာဝနာကို ချီးမွမ်းခြင်းတစ်ရပ် ဖြစ်လေသည်။

●

နွားကျောင်းသမား

ဗဟုမ္ပိ စေ သံဟိတဘာသမာနော၊
နတ္ထိ ကတ္တာ ဟောတိ နရော ပမတ္တော။
ဂေါပေါ ဂါဝေါ ဂဏယံ ပရေသံ၊
နဘာဂဝါ သာမညဿ ဟောတိ။

နွားရှင်တို့အား နွားတို့ကို ရေတွက်အပ်နှင်းလိုက်ရသော နွားကျောင်းသားသည် နွားနို့အရသာကို မခံစားရသကဲ့သို့ နိဗ္ဗာန်ရောက်သည်အထိ အကျိုးစီးပွားနှင့်စပ်သော ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်ကို များစွာ ပြောဟောနေသော်လည်း မကျင့်မကြံ မေ့လျော့ပျေါ်တန်နေသောသူသည် ပြုထိုက်သည်ကို ပြုသည်မမည်၊ မဂ်ဖိုလ်အရသာကို မခံစားရ။

ဓမ္မပဒပါဠိတော် "ယမကဝဂ်"ဆဋ္ဌမ စာမျက်နှာ(၁၅)၊ အပိုဒ်(၁၉) မြန်မာပြန် စာမျက်နှာ

(၁၅)၊ အပိုဒ်(၁၉)၊ ဤညွှန်ပြတော်မူချက်ကို ဖတ်ရှုမိသောအခါ စာပေ ပို့ချ သင်ပြပေးနေခြင်းသည် မကောင်းမဟုတ်၊ ကောင်းသည်သာတည်း။ သို့ရာတွင် စာပေ ပို့ချ သင်ပြပေးနေခြင်း၌သာ ရပ်တန့်မနေမူ၍ ဝိပဿနာဘာဝနာ လုပ်ငန်းသို့ တစ်ဆင့်တက်ရန် ညွှန်ပြတော်မူခြင်းဖြစ်သည်ကို သိအပ်လေသည်။ အရှင်ပေါ်ဠိလအား ညွှန်ပြတော်မူသော သဘောမျိုးပင် ဖြစ်၏။

(နောဓမ္မဝိဟာရီ ပုဂ္ဂိုလ်နှင့် တွဲဖတ်ပါလေ)။

●

ဝေလာမသုတ်

အစ္ဆရာသယ်ာတမတ္တာမ္ပိ
အနိစ္စသည် ဘာဝေယျ၊
ဣဒံ တတော မဟပ္ဖလတရန္တိ။

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် အနာထပိဏ္ဍိကသူဌေးကြီးကို အကြောင်းပြု၍ အဂ္ဂိတ္ထိရ်ပါဠိတော်နဝကနိပါတ်၊ သီဟနာဒဝဂ်၊ ဝေလာမသုတ်ပါဠိတော် စာမျက်နှာ(၁၉၅)၊ မြန်မာပြန် စာမျက်နှာ(၁၉၅)တို့၌ ဟောတော်မူသော အတိုချုပ်သဘောမှာ-

ဒါနပြုရာ၌ သီလ, သမာဓိ, ဝိပဿနာ ပညာရှိသော ပုဂ္ဂိုလ်အဆင့်ဆင့်ကို လျှုဒါန်းရခြင်းသည် တစ်ဆင့်ထက်တစ်ဆင့် သာ၍မြတ်၏ဟု ရှည်လျားစွာ ဟောတော်မူ၏။

ထို ဒါနကို ပြုရခြင်းသည် ကောင်း၏၊ ထို ဒါနကို ပြုရခြင်းထက် သီလကို ဆောက်တည်ရခြင်းသည် သာ၍မြတ်၏။

သီလကို ဆောက်တည်ရခြင်းထက် မေတ္တာဘာဝနာကို နံ့သာတစ်ရှူခန့် ပွားများခြင်းသည် သာ၍မြတ်၏။

မေတ္တာဘာဝနာကို ပွားများရခြင်းထက် အထက်တွင် ဖော်ပြအပ်သော ပါဠိတော်အရ အကြင်သူသည်ကား လက်ဖျစ်တစ်တွက်ခန့်မျှ အချိန်လောက် အနိစ္စသညာကို ပွားများရာ၏။ ဤ လက်ဖျစ်တစ်တွက်ခန့်မျှ အနိစ္စသညာကို ပွားများခြင်းသည် ထို မေတ္တာစိတ်ကို ပွားများခြင်းထက် သာ၍ အကျိုးကြီးသည်ဟု မိန့်တော်မူ၏။

ဤ၌ သိစေလိုသည်မှာကား ဒါန, သီလ, သမထတို့ထက် ဝိပဿနာဘာဝနာကို ပွားများရခြင်းက သာလွန်ပုံမှ အရေးကြီးမားပုံကို သိစေလိုခြင်းဖြစ်၏။

●

ကူဋဒန္တသုတ်

ကူဋဒန္တပုဏ္ဏားကို အကြောင်းပြု၍ သုတ်သီလကွန်ပါဠိတော်၊ ကူဋဒန္တသုတ်၊ စာမျက်နှာ(၁၂၀)၊ မြန်မာပြန်(၁၃၃)၌ ဝေလာမသုတ်ထက်ပင် ရှည်လျားစွာ ဟောတော်မူ၏။ မြန်မာပြန်မှာ စာမျက်နှာ(၂၅)မျက်နှာ ရှိလေသည်။ ထို ဒေသနာတော်မှ ဤတွင် အလိုရှိအပ်သည်ကို အတိုချုပ် ကောက်နုတ် ဖော်ပြပေအုံ့။

ဒါနထက် သီလဆောက်တည်ခြင်းက အကျိုးပိုမိုကြီးမား၏။

သီလ ဆောက်တည်ရခြင်းထက် သမထ

http://www.dhammadownload.com

ဘာဝနာကို ပွားများရခြင်းက အကျိုးပိုမိုကြီးမား၏။

ထို သမထဘာဝနာကို ပွားများရခြင်းထက် ဝိပဿနာဘာဝနာကို ပွားများရခြင်းက အကျိုးပိုမိုကြီးမား၏။ ယင်းသို့ အကျိုး ပိုမိုကြီးမားသော်လည်း ဒါန, သီလ, သမထတို့ထက် သာ၍နည်းသော ကိစ္စလည်း ရှိ၏။ သာ၍နည်းသော အားထုတ်ရမှုလည်း ရှိ၏။ သာ၍များသော အကျိုးလည်း ရှိ၏။ သာ၍များသော အာနိသင်လည်း ရှိ၏။ မြန်မာပြန် ၁၅၅။

ဤတွင် သိစေလိုသောအချက်ကား ဝိပဿနာဘာဝနာကို ပွားများ အားထုတ်ရာ၌ ဒါန, သီလ, သမထတို့ထက် အကျိုးကြီးမားသော်လည်း၊ သာ၍များသောအာနိသင်ရှိသော်လည်း ဒါန, သီလ, သမထတို့လောက် ကိစ္စမများ၊ သာ၍နည်းသော အားထုတ်မှုရှိခြင်းကို အထူးသိစေလိုခြင်းဖြစ်၏။

ဤ၌လည်း ဝိပဿနာဘာဝနာကို ထူးခြားစွာ ချီးမွမ်းခြင်းတစ်ရပ်ပေတည်း။

●

ဝက္ကလိသုတ်

အလံ ဝက္ကလိ-
ကိं တေ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊
ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊
သော မံ ပဿတိ၊ ယော မံ ပဿတိ၊
သော ဓမ္မံ ပဿတိ။
ဓမ္မံ ဟိ ဝက္ကလိ ပဿန္တော မံ ပဿတိ၊
မံ ပဿန္တော ဓမ္မံ ပဿတိ။

အရှင်ဝက္ကလိသည် ဖျားနာနေခြင်းကြောင့် ဗုဒ္ဓမြတ်စွာအား အရှင်ဘုရား၊ တပည့်တော်သည် လာရောက်ဖူးမြော်ရန် မတတ်နိုင်တော့ပါဘုရား ဟု လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၊ ခန္ဓသံယုတ်၊ ထေရဝဂ်၊ ဝက္ကလိသုတ် စာမျက်နှာ ၉၈၊ မြန်မာပြန် ၉၃၊ အထက်၌ ဖော်ပြအပ်သော ပါဠိတော်ကို ဟောတော်မူ၏။

ဝက္ကလိ မသင့်လျော်-

ဤအကောင်ပုပ်ကို သင် ဖူးမြင်ခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း၊ ဝက္ကလိ- တရားကို မြင်သောသူသည် ငါဘုရားကို မြင်သည်မည်၏။ ငါဘုရားကို မြင်သူသည် တရားကို မြင်သည်မည်၏။ ဝက္ကလိ- မှန်၏။ တရားကိုမြင်လျှင် ငါ့ကို မြင်၏၊ ငါ့ကိုမြင်လျှင် တရားကိုမြင်၏။

ယင်းသို့ ဟောတော်မူခြင်းကြောင့် ရှိခိုးခြင်း မပြုရဟု မဆိုလို၊ ရှိခိုးနေခြင်းထက် တရားတော်ကို လိုက်နာ ကျင့်သုံး ပွားများနေခြင်းက သာလွန် ပိုမို အကျိုးကြီးမားခြင်းကို ဟောတော်မူသည် ဖြစ်၏။

ဤပါဠိတော်အရလည်း ဗုဒ္ဓမြတ်စွာအား လာရောက် ရှိခိုးခြင်းထက် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများနေခြင်းကို သာလွန် ပိုမို အလိုရှိတော်မူခြင်းကို ကောင်းစွာ သိအပ်ပြန်လေသည်။

http://www.dhammadownload.com

အမြတ်ဆုံး ပူဇော်ခြင်း

သုတ် မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ် စာမျက်နှာ ၁၁၄၊ အပိုဒ် ၁၉၉၊ မြန်မာပြန် ၁၃၂ ၌ အမြတ်ဆုံး ပူဇော်ခြင်းကို ညွှန်ပြတော်မူ၏။

ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန် စံဝင်တော်မူမည့် နောက်ဆုံးအချိန်တွင် လူတို့သည်လည်းကောင်း၊ ရဟန်းတော်တို့သည်လည်းကောင်း၊ နတ်တို့သည်လည်းကောင်း နောက်ဆုံးအနေဖြင့် အကောင်းဆုံး ပူဇော်ခြင်းကို ပြုတော်မူကြမည်မှာ ယုံမှားဖွယ် မရှိချေ၊ နတ်တို့သည်ကား အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်ကြကုန်၏။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် အရှင်အာနန္ဒအား-

အာနန္ဒာ၊ ဤမျှလောက် ပူဇော်မှုဖြင့် မြတ်စွာဘုရားကို အရိုအသေပြုသည် မမည်သေး၊ အလေးပြုသည် မမည်သေး၊ မြတ်နိုးသည် မမည်သေး၊ ပူဇော်သည် မမည်သေး၊ ပသသည် မမည်သေး။

အာနန္ဒာ၊ အကြင် ရဟန်းဖြစ်စေ၊ ရဟန်းမိန်းမဖြစ်စေ၊ ဥပါသကာဖြစ်စေ၊ ဥပါသိကာမဖြစ်စေ၊ လောကုတ္တရာတရားနှင့် လျော်သော တရားကို ကျင့်လျက်နေ၏၊ လျော်သောအကျင့်ကို ကျင့်လျက် နေ၏။ တရားနှင့်လျော်စွာ ကျင့်လျက်နေ၏၊ ထိုသူသည် အမြတ်ဆုံးပူဇော်ခြင်းဖြင့် မြတ်စွာဘုရားကို အရိုအသေ ပြုသည်မည်၏၊ အလေးပြုသည်မည်၏၊ မြတ်နိုးသည်မည်၏၊ ပူဇော်သည်မည်၏၊ ပသသည်မည်၏။ ဤတွင် အလိုရှိအပ်သော ပါဠိတော်မှာ-

ယော ခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟရတိ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ သက္ကရောတိ ဂရုံ ကရောတိ မာနေတိ ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ။

ဤညွှန်ပြတော်မူချက်အရ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်၊ ဤလောကုတ္တရာတရား ၉-ပါးသို့ ရောက်ရာ ရောက်ကြောင်းဖြစ်သော အကျင့်ကို ကျင့်သုံး ဆောက်တည် ပွားများ အားထုတ်နေခြင်းသည် ဗုဒ္ဓမြတ်စွာအား အကောင်းဆုံး ပူဇော်ခြင်း ဖြစ်သည်ကို ထင်ရှားစွာ သိအပ်လေပြီ။ ဆက်ဦးအံ့။

●

ဓမ္မဝိဟာရီပုဂ္ဂိုလ်

အင်္ဂုတ္တိရ်ပါဠိတော် "ပဉ္စကနိပါတ်" ယောဓာဇီဝဝဂ် မြန်မာပြန် စာမျက်နှာ ၉၀-မှ ၁၁၇-အထိ ယောဂီသည်လည်းကောင်း၊ ရဟန်းတော်များသည်လည်းကောင်း အထူးဖတ်ရှုလေ့လာတော်မူသင့်ကြလေသည်။

ဤတွင် ဝိပဿနာ ချီးမွမ်းခန်းအတွက် အလိုရှိအပ်သော စာမျက်နှာ ၉၃၊ အပိုဒ်၇၃ မြန်မာပြန်၌ ဟောတော်မူခြင်းကို အတိုချုပ်ကာ ဖော်ပြပေအံ့။

ဓမ္မဝိဟာရီ ဓမ္မဝိဟာရီတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ ဘိက္ခု ဓမ္မဝိဟာရီ ဟောတီတိ။

(ပါဠိတော် စာမျက်နှာ ၇၆၊ အပိုဒ် ၇၃)

အရှင်ဘုရား၊ တရားနှင့် နေလေ့ရှိသူ၊ တရားနှင့်နေလေ့ရှိသူဟု ဆိုပါ၏။ အရှင်ဘုရား၊ အဘယ်မျှလောက်ဖြင့် ရဟန်းသည် တရားနှင့် နေလေ့ရှိသူ ဖြစ်ပါသနည်းဟု လျှောက်၏။

(၁) ရဟန်း၊ ဤသာသနာတော်၌ ရဟန်းသည် စာပေကိုသင်လျက် နေ့ကို ကုန်လွန်စေ၏၊ ကိလေသာငြိမ်းမှုကိုကား မကြိုးစား၊ ဤရဟန်းကို "ပရိယတ္တိဗဟုလောနောမ္မောဝိဟာရီပုဂ္ဂိုလ်ဟု ဆိုအပ်၏"တရားနှင့်နေလေ့ရှိသူဟူ၍ကား မဆိုအပ်။

http://www.dhammadownload.com

(၂) ရဟန်းသည် တရားဟောခြင်းဖြင့် နေ့ကို ကုန်လွန်စေ၏။ ကိလေသာငြိမ်းမှုကို မကြိုးစား၊ ဤရဟန်းကို "ပညတ္တိ ဗဟုလော နောဓမ္မဝိဟာရီ ပုဂ္ဂိုလ်ဟု ဆိုအပ်၏" တရားနှင့်နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်ပေ။

(၃) ရဟန်းသည် တရားတော်ကို ရွတ်အံ့သရဇ္ဈယ်ခြင်းဖြင့် နေ့ကို ကုန်လွန်စေ၏။ ကိလေသာ ငြိမ်းမှုကို မကြိုးစား၊ ဤရဟန်းကို "သဇ္ဈာယ ဗဟုလော နောဓမ္မဝိဟာရီ ပုဂ္ဂိုလ်ဟု ဆိုအပ်၏" တရားနှင့်နေလေ့ရှိသူဟူ၍ကား မဆိုအပ်။

(၄) ရဟန်းသည် တရားတော်ကို ကြံစည်ခြင်း "ဝိတက်"တို့ဖြင့် နေ့ကို ကုန်လွန်စေ၏။ ကိလေသာ ငြိမ်းမှုကို မကြိုးစား၊ ဤရဟန်းကို "ဝိတက္ကဗဟုလော နောဓမ္မဝိဟာရီပုဂ္ဂိုလ်ဟု ဆိုအပ်၏" တရားနှင့် နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်။

(၅) ဤသာသနာတော်၌ ရဟန်းသည် စာပေကို သင်ယူ၏၊ ထိုသင်ယူခြင်းဖြင့် နေ့ကို မကုန်လွန်စေ၊ ကိလေသာငြိမ်းမှုကို ကြိုးစား၏၊ "ဓမ္မဝိဟာရီ ဟောတိ" ဤသို့လျှင် ရဟန်းသည် တရားနှင့်နေလေ့ရှိသူ ဖြစ်၏။

အထူးကား-ဤအပိုဒ်ကို သေချာစွာ လေ့လာသော် စာသင်နေလျက်ပင် ဝိပဿနာကို ပွားများအားထုတ်ရမည်ကို သိအပ်လေသည်။ ဝိပဿနာဘာဝနာကို ပွားများအားထုတ်သဖြင့် နိဝရဏတရားတို့ ကင်းကွာမှုကြောင့် ဉာဏ်ပညာ ထက်မြက်ခြင်းကို မဟာဝဂ္ဂသံယုတ်ပါဠိတော် ဗောဇ္ဈင်သံယုတ် သာကစ္ဆဝဂ် သင်္ဂီရဝသုတ် မြန်မာပြန် စာမျက်နှာ ၁၀၀၊ ပါဠိတော်စာမျက်နှာ ၁၀၆-၌ ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

ဤ ဓမ္မဝိဟာရီဒေသနာတော်ကို ချုံးလျက် ထိုထိုသော ပါဠိတော်တို့၏ အာဘော်နှင့် ပေါင်းစပ်လိုက်သော် စာပေသင်ခြင်း၊ တရားဟောခြင်း စသည်တို့မှာ မကောင်းမဟုတ်၊ ကောင်းသည်သာတည်း။ သို့ရာတွင် ၎င်းတို့နှင့်တကွ မိမိတို့ကိုယ်တိုင် တရားအားထုတ်နေခြင်းက သာလွန်ပိုမို အကျိုးကြီးမားကြောင်းကို ဗုဒ္ဓမြတ်စွာ ညွှန်ပြဟောကြားတော်မူခြင်း ဖြစ်လေသည်။

ဤဒေသနာတော်မှာလည်း ဝိပဿနာ ဘာဝနာ ချုံးမွှမ်းခန်းပင် ဖြစ်ခြင်းကို ထင်ရှားစွာ သိအပ်လေသည်။

●

သူတော်ကောင်းအကျင့်

ဥပရိပဏ္ဏာသ ပါဠိတော် အနုပဒဝဂ် သပ္ပုရိသသုတ်တော် စာမျက်နှာ (၈၆)၊ မြန်မာပြန် (၉၀)၌ ရှည်လျားစွာ ဟောတော်မူသည်မှ ဤတွင် လိုအပ်သည်ကို အတိုချုပ်ဖော်ပြပေအံ့။ ရဟန်းတို့ သူတော်ကောင်းတရားနှင့် သူတော်ကောင်းမဟုတ်သူတို့တရားကို ဟောကြားပေအံ့။

သူတော်ကောင်း မဟုတ်သူသည် အမျိုးမြတ်ခြင်း၊ ထင်ရှားကျော်ဇောခြင်း၊ လာဘ်ပေါများ ခြင်းဖြင့် "အတ္တာနုက္ကံ သေတိ ပရံဝမ္ဘေတိ" မိမိကိုယ်ကို ခိုးမြှောက်၍ သူတစ်ပါးကို ရှုတ်ချ၏။

သူတော်ကောင်းကား ဤသို့မဟုတ်၊ အမျိုးမြတ်ခြင်း၊ ထင်ရှားကျော်စောခြင်း၊ လာဘ်ပေါများခြင်းတို့သည် လောဘ, ဒေါသ, မောဟ ကုန်ခြင်းသို့ မရောက်၊ လောကုတ္တရာတရား အားလျော်သောအကျင့်ကို ကျင့်၏။ တရားနှင့်လျော်စွာ ကျင့်၏။ ထိုအမျိုးမြတ်ခြင်း၊ ထင်ရှားကျော်စောခြင်း၊ လာဘ်ပေါများခြင်းတို့ဖြင့် မိမိကိုယ်ကို မခိုးမြှောက်၊ သူတစ်ပါးအား မရှုတ်ချ။

သူတော်ကောင်း မဟုတ်သူသည် ဗဟုသုတများခြင်း၊ ဝိနည်းကိုဆောင်ခြင်း၊ တရားဟော

http://www.dhammadownload.com

တတ်ခြင်းတို့ဖြင့် မိမိကိုယ်ကို ခြီးမြှောက်၍ သူတစ်ပါးကို ရှုတ်ချ၏။

သူတော်ကောင်းသည်ကား ဤသို့မဟုတ်၊ ဗဟုသုတများခြင်း၊ ဝိနည်းတော်ကို ဆောင်ခြင်း၊ တရားဟောတတ်ခြင်းတို့သည် လောဘ, ဒေါသ, မောဟကုန်ခြင်းသို့ မရောက်၊ လောကုတ္တရာအားလျော်သောအကျင့်ကို ကျင့်၏။ တရားနှင့်လျော်စွာ ကျင့်၏။ ထိုဗဟုသုတများခြင်း၊ ဝိနည်းတော်ကို ဆောင်ခြင်း၊ တရားဟောတတ်ခြင်းတို့ဖြင့် မိမိကိုယ်ကို မခြီးမြှောက်၊ သူတစ်ပါးအား မရှုတ်ချ။

သူတော်ကောင်း မဟုတ်သူသည် ဓုတင်ကို ဆောက်တည်၏။ ဤဓုတင်ဆောက်တည်ခြင်းဖြင့် မိမိကိုယ်ကို ခြီးမြှောက်၍ သူတစ်ပါးကို ရှုတ်ချ၏။

သူတော်ကောင်းသည်ကား ဤသို့မဟုတ်၊ ဓုတင်ဆောက်တည်ခြင်းသည် လောဘ, ဒေါသ, မောဟ ကုန်ခြင်းသို့မရောက်၊ လောကုတ္တရာအားလျော်သောအကျင့်ကို ကျင့်၏။ တရားနှင့်လျော်စွာကျင့်၏။ ထိုဓုတင် ဆောက်တည်ခြင်းဖြင့် မိမိကိုယ်ကို မခြီးမြှောက်၊ သူတစ်ပါးအား မရှုတ်ချ။

ဤဒေသနာတော်မှာလည်း ဝိပဿနာခြီးမွမ်းခြင်းတစ်ရပ်ပင် ဖြစ်လေသည်။

●

သမဏသုတ်

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ရာဓသံယုတ် ပထမဝဂ် သမဏသုတ် စာမျက်နှာ (၁၅၆)၊ မြန်မာပြန် (၁၄၈)၌ ဟောတော်မူသည်မှာ-

ရာဓ အချို့သော သမဏ ပြဟ္မဏတို့သည် ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ သာယာဖွယ်ကို လည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက်မှုကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိကြကုန်၊ ရာဓ ထိုသမဏ ပြဟ္မဏတို့ကို သမဏတို့၌လည်း သမဏဟု မသမုတ်အပ်ကုန်၊ ပြဟ္မဏတို့၌လည်း ပြဟ္မဏဟု မသမုတ်အပ်ကုန်၊ ထိုအရှင်တို့သည် သမဏအဖြစ် အကျိုးငှာလည်းကောင်း၊ ပြဟ္မဏအဖြစ်အကျိုးငှာလည်းကောင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ မနေကြရကုန်၊ ရာဓ အချို့သော သမဏ ပြဟ္မဏတို့သည် ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက်မှုကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ သိကြကုန်၏။ ထိုအရှင်တို့ကို သမဏတို့၌လည်း သမဏဟု သမုတ်အပ်ကုန်၏။ ပြဟ္မဏတို့၌လည်း ပြဟ္မဏဟု သမုတ်အပ်ကုန်၏။ ထိုအရှင်တို့သည် သမဏအဖြစ် အကျိုးငှာလည်းကောင်း၊ ပြဟ္မဏအဖြစ် အကျိုးငှာလည်းကောင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ နေကြရကုန်၏ဟု မိန့်တော်မူ၏။

ဤဒေသနာတော်မှာလည်း ဝိပဿနာဘာဝနာအတွက် အားပေးခြီးမွမ်းသော ဒေသနာတော်တစ်ရပ်ပင် ဖြစ်လေသည်။

●

ဗာလပဏ္ဍိတသုတ်

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် နိဒါနသံယုတ် အာဟာရဝဂ် ဗာလပဏ္ဍိတသုတ်၊ စာမျက်နှာ ၂၆၂၊ မြန်မာပြန် ၂၄၇-၌ ဟောတော်မူသည်မှ ဤတွင် လိုရင်းအတိုချုပ်ကို ဖော်ပြပေအုံ့။

ရဟန်းတို့၊ မသိမှု "အဝိဇ္ဇာ" အပိတ်ပင် ခံရသော တပ်မက်မှု "တဏှာ"နှင့်ယှဉ်သော သူမိုက်အား ဤသို့ ဤကိုယ်သည် ဖြစ်ပေါ်လာ၏။ ဤသို့လျှင် ဤကိုယ်လည်းကောင်း၊ အပသန္တာန်၌ နာမ်

http://www.dhammadownload.com

ရုပ်ကိုလည်းကောင်း၊ ဤသို့အားဖြင့် ဤနှစ်ပါးစုံသည် ဖြစ်၏။ နှစ်ပါးစုံကိုလည်းကောင်း၊ အာယတနခြောက်ပါးတို့ကိုလည်းကောင်း စွဲ၍ တွေ့ထိမှု "ဖဿ"ဖြစ်၏။ ယင်း ဖဿာယတနခြောက်ပါးတို့ဖြင့်လည်းကောင်း ထိုခြောက်ပါးတို့တွင် တစ်ပါးတစ်ပါးဖြင့်လည်းကောင်း တွေ့ထိသော သူမိုက်သည် ချမ်းသာဆင်းရဲကို ခံစားရ၏။

ရဟန်းတို့၊ မသိမှု"အဝိဇ္ဇာ"ဖြင့် အပိတ်ပင်ခံရသော တပ်မက်မှု"တဏှာ"နှင့်ယှဉ်သော ပညာရှိအား ဤသို့ ဤကိုယ်သည် ဖြစ်ပေါ်၏။ ဤသို့လျှင် ဤကိုယ်သည်လည်းကောင်း၊ အပသန္တာန်၌ နာမ်ရုပ်လည်းကောင်း ဤသို့အားဖြင့် ဤနှစ်ပါးစုံသည် ဖြစ်၏။ နှစ်ပါးစုံကိုလည်းကောင်း၊ အာယတနခြောက်ပါးတို့ကိုလည်းကောင်း စွဲ၍ တွေ့ထိမှု "ဖဿ"ဖြစ်၏။ ယင်း ဖဿာယတနခြောက်ပါးတို့ဖြင့်လည်းကောင်း ထိုခြောက်ပါးတို့တွင် တစ်ပါးတစ်ပါးဖြင့်လည်းကောင်း တွေ့ထိသော ပညာရှိသည် ချမ်းသာဆင်းရဲကို ခံစား၏။

ရဟန်းတို့၊ သူမိုက်သည် ဝဋ္ဋဆင်းရဲကုန်ရန်မြတ်သောအကျင့်ကို ကောင်းစွာမကျင့်၊ ထို့ကြောင့် သူမိုက်သည် ခန္ဓာကိုယ် ပျက်စီးသော် ခန္ဓာကိုယ်ကို ရပြန်၏။ ထိုသူမိုက်သည် ခန္ဓာကိုယ်ကို ရသည်ရှိသော် ပဋိသန္ဓေနေမှု"ဇာတိ" အိုမှု"ဇရာ"၊ သေမှု"မရဏ"၊ စိုးရိမ်မှု"သောက"၊ ငိုကြွေးမှု"ပရိဒေဝ"၊ ဆင်းရဲမှု"ဒုက္ခ"၊ နှလုံး မသာယာမှု"ဒေါမနဿ"၊ ပြင်းစွာပင်ပန်းမှု"ဥပါယာသ" တို့မှ မလွတ်၊ ဆင်းရဲမှ မလွတ်မြောက်ဟု ငါဆို၏။

ရဟန်းတို့၊ ပညာရှိသည် ဝဋ္ဋဆင်းရဲကုန်ရန်မြတ်သောအကျင့်ကို ကောင်းစွာကျင့်၏၊ ထို့ကြောင့် ပညာရှိသည် ခန္ဓာကိုယ် ပျက်စီးပြီးသော် ခန္ဓာကိုယ်ကို တစ်ဖန်မရ၊ ထိုပညာရှိသည် ခန္ဓာကိုယ်ကို တစ်ဖန် မရခဲ့သည်ရှိသော် ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ဆင်းရဲမှု၊ နှလုံးမသာမှု၊ ပြင်းစွာ ပင်ပန်းမှုတို့မှ လွတ်၏။ ဆင်းရဲမှ လွတ်မြောက်၏ဟု ငါဆို၏။

ရဟန်းတို့၊ ဤမြတ်သောအကျင့်ကို ကျင့်သုံးခြင်းသည် သူမိုက်နှင့်ပညာရှိ၏ထူးခြားချက်တည်း၊ ထူးသောအကြောင်းတည်းဟု ဟောတော်မူ၏။

ဤဗာလပဏ္ဍိတသုတ်တော်မှာလည်း ဝိပဿနာ ဘာဝနာကို ပွားများကြရန် ဗုဒ္ဓမြတ်စွာသည် အားပေး ချီးမြှင့်တော်မူခဲ့သော "ဝိပဿနာ ဘာဝနာ ချီးမွမ်းခန်း"တစ်ရပ်ပင် ဖြစ်လေသည်။

●

ချီးမွမ်းခန်းနိဂုံးချုပ်

ဤမှ ဗုဒ္ဓမြတ်စွာသည် ဝိပဿနာဘာဝနာ ပွားများမှုကို အလိုရှိတော်မူခြင်းကို ပါဠိတော်များစွာတို့ဖြင့် ကိုးကားဖော်ပြပြီးနောက် လေးလေးနက်နက် အရေးကြီးစွာ မှာထားခဲ့လိုသည်မှာ-

ပထမအချက်ကား - ဒါန, သီလ, သမထ မျှတွင် ရပ်တန့်မနေမူ၍ မိမိတို့ကိုယ်တိုင် "ဝိပဿနာ ဘာဝနာ"ကို တိုးတက်ပွားများ အားထုတ်တော်မူကြရန်ဖြစ်၏။

ဒုတိယအချက်ကား - မြန်မာပြည်တွင် ၈၅-ရာခိုင်နှုန်းမှာ တောသူတောင်သား လယ်သမားကြီးများ ဖြစ်ကြလေသည်။ လယ်သမားကြီးများသည် နွား, ကျွဲတို့နှင့် ယှဉ်တွဲကာ အင်တိုက်အားတိုက် မိုးရွာနေပူမရှောင် အလုပ်လုပ်ကိုင်ကြရ၏။ နိုင်ငံခြားသုံးငွေကို အများဆုံးရအောင် ရှာဖွေပေးနေကြသော ကျေးဇူးရှင်ကြီးများ ဖြစ်ကြ၏။ ထိုအကြောင်းကိုလည်း ဒုတိယစစ်ကြီးမဖြစ်မီ ၁၉၃၅-ခုနှစ်လောက်တွင် မိမိရေးသားခဲ့သော "ကြီးပွားချမ်းသာရေး"စာအုပ်တွင် ထင်ရှားလေးနက်စွာ ထုတ်ဖော်ရေးသားထားခဲ့လေပြီ။

တောသူတောင်သား လယ်သမားကြီးများ နေကြရသည်မှာ မြို့နှင့်ဝေး၏။ အကြားအမြင် ဗဟုသုတ နည်းပါးလှ၏။ ၎င်းတို့သည် ဗုဒ္ဓ

http://www.dhammadownload.com

ဘာသာဝင်များ ဖြစ်ကြ၏။ ဗုဒ္ဓဘာသာဆိုသည်မှာ ဒါနပြုခြင်း၊ သီလ ဆောက်တည်ခြင်း၊ ရေတွင်း ရေကန် တူးခြင်း၊ သားရှင်ပြုခြင်း စသည်တို့ကို ပြုသော် မိမိတို့အတွက် ဘာသာရေး သာသနာရေး ကိစ္စအဝ ပြည့်စုံပြီဟု သိရှိနားလည်ထားကြလေသည်။

ၦင်းတို့သည် "ဝိပဿနာဘာဝနာ"ကို ပွားများရမည်ဆိုခြင်းကိုပင် မသိရှာကြချေ။ ပွားများမှုမှာကား ဝေးလေစွ၊ ထို့ကြောင့် စာသင်ကြား ပြသရာ၌လည်းကောင်း၊ တရားဟောပြောရာ၌လည်းကောင်း၊ မသိနားမလည်ရှာကြကုန်သော တောသူတောင်သား လယ်သမားကြီးများကို ဤ ဝိပဿနာ ခိုးမွမ်းခန်း၌ ဟောတော်မူသည်တို့ကို ထည့်သွင်းဟောပြော သင်ပြပေးတော်မူကြရန် အထူးတိုက်တွန်းခဲ့ပါ၏။

တတိယအချက်ကား - ပြည်တွင်း ပြည်ပ တောင်တန်းသာသနာပြုတော်မူကြရာ၌ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၏ အဆီအနှစ်အရသာတို့ကို ရာခိုင်နှုန်းအပြည့်အစုံ ရရှိနိုင်စေရန် မှန်ကန်သည့် ဝိပဿနာဘာဝနာ ပွားများနည်းကိုပါ ထည့်သွင်း ဟောပြောသင်ပြပေးတော်မူရစ်ကြပါလေ သူတော်ကောင်းအပေါင်းတို့။

● ● ●

၂။ ဒုက္ခကိုသိမှ နိဗ္ဗာန်ကို လိုချင်သည်

လူ, နတ်, ဗြဟ္မာ သတ္တဝါမရှိ၊ ဒုက္ခသာ ရှိ၏၊
ဒုက္ခသာ ဖြစ်၏၊ ဒုက္ခသာ ချုပ်၏။

တိရစ္ဆာန်သည်လည်းကောင်း၊ လူသည်လည်းကောင်း၊ နတ်သည်လည်းကောင်း သတ္တဝါဟူ သရွေ့တို့သည် မည်သူမျှ ဒုက္ခကိုမခံလိုကြချေ။ သို့ရာတွင် ဒုက္ခသည်အဘယ်နည်း၊ ဒုက္ခကို သေချာတိကျမှန်ကန်စွာ သိပါ၏လောဟု မေးလျှင် မည်သူမျှ မှန်ကန်တိကျစွာ မသိကြချေ။

တစ်ဆူတစ်ဆူသော ဘုရားရှင်တို့ ပွင့်တော်မူမှသာလျှင် ဒုက္ခကို ရာခိုင်နှုန်းအပြည့် သိကြရလေသည်။ ဒုက္ခကိုသိသည်မျှသာလျှင် နိဗ္ဗာန်ချမ်းသာကို အလိုရှိကြ၏။ ဒုက္ခကို တစ်ဆယ်သား သိလျှင် နိဗ္ဗာန်ချမ်းသာကို တစ်ဆယ်သား အလိုရှိသည်မည်၏။ ဒုက္ခကို တစ်ပိသာသိလျှင် နိဗ္ဗာန်ချမ်းသာကို တစ်ပိသာ အလိုရှိသည်မည်၏။ ထို့ကြောင့် ဒုက္ခကို တိကျမှန်ကန်စွာ သိနိုင်သမျှ သိအောင် ကြိုးစားရန် အထူးအရေးကြီးလေသည်။

၁။ သင္ဘာယတနဝဂ္ဂ သင္ဘာယတန သံယုတ်ပါဠိတော်၊ ဂိလာနဝဂ်၊ သမ္ဘဟုလဘိက္ခုသုတ် (ဆဋ္ဌမူ မြန်မာပြန် စာမျက်နှာ ၂၇၀)၌ သာသနာပ၌ ရှိကြကုန်သော ပရိုဗိုဇ်တို့သည် ရဟန်းတော်တို့အား အရှင်တို့၊ အရှင်တို့သည် အဘယ်အကျိုးငှာ ရဟန်းဂေါတမထံ၌ လေ့လာကျင့်သုံးနေကြပါသနည်းဟု မေးကြရာ ရဟန်းတော်များက ငါတို့သည် ဒုက္ခကို ပိုင်းခြား၍ ပိုင်နိုင်စွာ သိခြင်းအကျိုးငှာဖြစ်၏ဟု ဖြေဆိုတော်မူကြကုန်၏။

၂။ ထိုနည်းတူစွာ သင္ဘာယတနဝဂ္ဂ သံယုတ်ပါဠိတော်၊ ဇမ္ဗုခါဒကသံယုတ်၊ ကိမတ္ထိယသုတ်၊ (ဆ၊မြန်၊စာ ၄၄၄)၌ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်အား ပရိုဗိုဇ်တို့က ငါ့ရှင်၊ သင်သည် အဘယ်အကျိုးငှာ ရဟန်းဂေါတမထံ၌ လေ့လာကျင့်သုံးနေပါသနည်းဟု မေးကြရာ၊ ငါ့ရှင်တို့၊ ငါသည် ဒုက္ခကို ပိုင်းခြားသိခြင်းအကျိုးငှာ ဖြစ်၏

http://www.dhammadownload.com

ဟု ဖြေဆိုတော်မူ၏။ ယခုခေတ် အသုံးအနှုန်းနှင့် ဆိုသော် ဒုက္ခသင်တန်းတက်နေကြ၏ဟု ဖြေဆိုတော်မူခြင်းပင် ဖြစ်လေသည်။

၃။ အမှန်အားဖြင့် ဒုက္ခကို နည်းနည်းသိလျှင် နိဗ္ဗာန်ချမ်းသာကို နည်းနည်း အလိုရှိ၏။ ဒုက္ခကို များများသိလျှင် နိဗ္ဗာန်ချမ်းသာကို များများအလိုရှိ၏။ ဒုက္ခကို ရာခိုင်နှုန်းအပြည့် သိရန် မလွယ်ကူပုံကို ရှင်တော်ဘုရားသည် မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ သစ္စသံယုတ်၊ ဓမ္မစက္ကပဝတ္တနဝဂ်၊ သက်္စာသနသုတ် (ဆ၊ မြန်၊ စာ ၃၈၃)၌ ရဟန်းတို့၊ ဒုက္ခကို ရေးသားရသော် ဗျည်းအက္ခရာတို့သည် အတိုင်းအရှည်မရှိ ဖြစ်ရာ၏။ ထိုမျှ ဒုက္ခသည် များပြားလှ၏။ ထို့ကြောင့် ဤသည်ဤသည်တို့ကား ဒုက္ခဟု သိရှိရန် ကြိုးစား အားထုတ်အပ်၏ ဟောတော်မူလေသည်။

၄။ တစ်ဖန်သော် ဥပရိပဏ္ဏာသ ပါဠိတော် သုညတဝဂ်၊ ဗာလပဏ္ဍိတသုတ် (ဆ၊မြန်၊စာ ၂၀၈)၌ မကောင်းမှု ဒုစရိုက်ကို ကျင့်သူတို့၏ သွားရာဖြစ်သော အပါယ်ငရဲသည် လွန်ကဲသော ဒုက္ခဖြစ်၏။ ဥပမာဆိုသော် မင်းဒဏ်သင့်သော သူတစ်ယောက်အား နံနက်တွင် လုံ့အချက်တစ်ရာ ဖြင့် ထိုး၏။ နေ့လယ်တွင် လုံ့အချက်တစ်ရာဖြင့် ထိုး၏။ ညချမ်းတွင် အချက်တစ်ရာဖြင့် ထိုးပြန်၏။ အဘယ်မျှ ဒုက္ခခံရမည်နည်းဆိုသော် ပထမ လုံ့ချက်ဖြင့်ပင် မခံနိုင်အောင်ရှိရာ လုံ့အချက်သုံးရာဆိုသော် အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ ထိုဥပမာသည် နည်းလှသေး၏ဟု ဟောတော်မူ၏။ ဒုက္ခကို ဤသည် ဤသို့ပင်လည်း ပညာမျက်စိ ဖြင့် သိမြင်ရာ၏။

ဤတွင် ခက်သောအဆင့်သို့ တက်ဦးအံ့။ ခန္ဓဝဂ္ဂ၊ ခန္ဓသံယုတ်ပါဠိတော်၊ ထေရဝဂ်၊ အနုရာဓသုတ် (ဆ၊မြန်၊စာ ၉၁)၌လည်းကောင်း၊ သဠာယတနဝဂ္ဂ အဗျာကတသံယုတ် ပါဠိတော်၊ အနုရာဓသုတ် (ဆ၊မြန်၊ စာ ၅၄၁)၌လည်းကောင်း ဟောတော်မူသည်ကို ဓမ္မကထိကသည်လည်းကောင်း၊ ဓမ္မကထိက၏တပည့်သည်လည်းကောင်း (၀၊) မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိတော်မူကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် အထူးသိအပ်လေသည်။

၅။ ယင်းပါဠိတော်ကို အတိုချုပ်အားဖြင့် သဘောပေါက်ရန် လွယ်ကူသောနည်းဖြင့် ရေးသားခဲ့ရသော် လူနတ်ဗြဟ္မာ သတ္တဝါသည် ခန္ဓာငါးပါးမဟုတ်၊ တစ်ဖန်သော် ခန္ဓာငါးပါးသည် လူနတ် ဗြဟ္မာ သတ္တဝါမဟုတ်၊ သို့ရာတွင် ခန္ဓာငါးပါးမှကင်း၍ လူနတ်ဗြဟ္မာ သတ္တဝါမရှိဟု ဟောတော်မူ၏။ ဤတွင် ခွဲခြားသိရမည်မှာ ယောက်ျားမိန်းမ လူနတ်ဗြဟ္မာဆိုသည်မှာ သမ္မုတိသစ္စာဖြစ်၍ ခန္ဓာငါးပါးဆိုသည်မှာ ပရမတ္ထသစ္စာ ဖြစ်၏။

၆။ တစ်နည်းဆိုသော် ယောဂီပုဂ္ဂိုလ် သိရမည်မှာ သမ္မုတိသစ္စာဆိုသည်မှာ အဟုတ်မရှိ၊ သမုတ်ရှိမျှသာ ဖြစ်၏။ ပရမတ္ထသစ္စာဆိုသည်မှာ အဟုတ်ရှိ၏။ သမုတ်ရှိမျှသာ မဟုတ်ချေ။

ထင်ရှားစေရသော် ရူပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ နိဗ္ဗာန်စသည်တို့မှာ အဟုတ်ရှိ၏။ ယောက်ျား မိန်းမ လူနတ်ဗြဟ္မာ သတ္တဝါဟူသည် အဟုတ်မရှိ၊ ပညတ်အားဖြင့် ခေါ်ဆိုသမုတ်ကြခြင်းမျှသာဖြစ်၏။ ထို့ကြောင့် ဓမ္မပဒပါဠိတော် ဗာလဝဂ်၌-

ပုတ္တမတ္ထိ ဓနမတ္ထိ၊
ဣတိ ဗာလော ဝိဟညတိ။
အတ္တာ ဝိ အတ္တနော နတ္ထိ၊
ကုတော ပုတ္တော ကုတော ဓနံ။

ဤတွင် ဆိုလိုရင်း အဓိပ္ပါယ်သော်ကား သားသမီး ဥစ္စာပစ္စည်းသည် ရှိ၏ဟု လူမိုက်သည် စိုးရိမ်ပူပန်၏။ မိမိပင်လျှင် (၀၊) ငါဟူသည်ပင်လျှင် မရှိ ပါဘဲလျက် အဘယ်မှာလျှင် သားသမီး ဥစ္စာပစ္စည်းသည် ရှိနိုင်ပါအံ့နည်းဟု ဟောတော်မူ၏။

http://www.dhammadownload.com

ဤသို့လျှင် ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ သုတမယဉာဏ်အားဖြင့် သမ္ဘူတိသစ္စာနှင့် ပရမတ္ထသစ္စာကို ခွဲခြား သိရှိထားရလေသည်။ ယင်းသို့ သိရှိထားပါက သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ စသည်တို့ကို စင်ကြယ်နိုင်ရန် လွယ်ကူလာပေတော့၏။ တစ်နည်းဆိုသော် အတ္တနှင့် အနတ္တ ကွဲရန် လွယ်ကူလာပေတော့၏။

၇။ ပရမတ္ထသစ္စာ၌ လူနတ်ပြဟ္မာ သတ္တဝါ မရှိ၊ ဒုက္ခသာရှိခြင်းကို ထင်ရှားစေရန် ဆိုဦးအံ့၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဘိက္ခုနီသံယုတ်၊ ဝဇိရာသုတ် စာမျက်နှာ ၁၃၇-မြန်မာပြန် ၁၃၁-၌

ဒုက္ခ မေဝ ဟိ သမ္ဘောတိ၊
ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊
နာညံ ဒုက္ခာ နိရုဇ္ဈတိတိ။

ထိုစကားသည် မှန်၏။ ဒုက္ခစုသည်သာလျှင် ဖြစ်ပေါ်၏။ စင်စစ် ဒုက္ခသည်သာလျှင် တည်၏။ ဒုက္ခသည်သာလျှင် ပျက်လည်းပျက်၏။ ဒုက္ခမှ ကြဉ်၍ တစ်ပါးသောအရာသည်မဖြစ်၊ ဒုက္ခမှ ကြဉ်၍ တစ်ပါးသောအရာသည် မချုပ်ဟု မာရ်နတ်အား ဖြေဆိုတော်မူ၏။

၈။ ပရမတ္ထသစ္စာ၌ လူနတ်ပြဟ္မာ သတ္တဝါ မရှိ၊ ဒုက္ခသာ ရှိခြင်းကို ထပ်ဆင့် ထင်ရှားစေဦးအံ့၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ နိဒါနသံယုတ်၊ အာဟာရဝဂ်၊ ကစ္စာနဂေါတ္တသုတ်၌-

ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိတိ နု ကခ်ံတိ နု ဝိစိကိစ္ဆတိ၊ အပရပစ္စယာ ဉာဏမေဝဿ ဧတ္ထ ဟောတိ။ ဧတ္တာဝတာ ခေါ ကစ္စာန သမ္မာဒိဋ္ဌိ ဟောတိ။

ဒုက္ခသည်သာလျှင် ဖြစ်သည်ရှိသော် ဖြစ်၏။ ဒုက္ခသည်သာလျှင် ချုပ်သည်ရှိသော် ချုပ်၏ဟူ၍ ကိုယ်တိုင်သိခြင်းသည် ထိုပုဂ္ဂိုလ်အား ဖြစ်၏။ မိမိဉာဏ်မှတစ်ပါး သူတစ်ပါးဟူသောအကြောင်းကြောင့် မယုံမှား၊ သို့လော သို့လောဟု တွေးတောခြင်း မရှိ၊ အို. . ကစ္စာန ဤမျှသော အတိုင်းအရှည်ဖြင့် သမ္မာဒိဋ္ဌိသည် ဖြစ်၏ဟု ဟောတော်မူ၏။

၉။ အထက်တွင် ခန္ဓာငါးပါးသည် သတ္တဝါ မဟုတ်၊ သတ္တဝါသည် ခန္ဓာငါးပါးမဟုတ်၊ သို့ရာတွင် သတ္တဝါသည် ခန္ဓာငါးပါးမှကင်း၍လည်း မဖြစ်ဆိုသည်ကို ဖော်ပြခဲ့ပြီးဖြစ်ရာ ခန္ဓာငါးပါးသည် ဒုက္ခ၊ ဒုက္ခသည် ခန္ဓာငါးပါး ဖြစ်သည်ကို ဆက်စပ်ပေးပေအံ့။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ရာဓသံယုတ်၊ ဒုတိယဝဂ်၊ ဒုက္ခသုတ်၊ စာမျက်နှာ ၁၆၀၊ အပိုဒ် ၁၇၄ ၌-

ဒုက္ခံ ဒုက္ခန္တိ ဘန္တေ ဝုစ္စတိ၊
ကတမံ နု ခေါ ဘန္တေ ဒုက္ခန္တိ။

အရှင်ဘုရား၊ ဒုက္ခ ဒုက္ခဟု ဆိုအပ်ပါ၏၊ အဘယ်သည် ဒုက္ခဖြစ်ပါသနည်း အရှင်ဘုရားဟု လျှောက်ထား၏။ ထိုအခါ ရှင်တော်ဘုရားက-

ရူပံ ခေါ ရာဓ ဒုက္ခံ၊
ဝေဒနာ ဒုက္ခာ၊ သညာ ဒုက္ခာ၊
သင်္ခါရာ ဒုက္ခာ၊ ဝိညာဏံ ဒုက္ခံ။

ရာဓ၊ ရူပ်သည် ဒုက္ခ၊ ဝေဒနာသည် ဒုက္ခ၊ သညာသည် ဒုက္ခ၊ သင်္ခါရတို့သည် ဒုက္ခ၊ ဝိညာဏ်သည် ဒုက္ခဟု ဖြေဆိုတော်မူ၏။ (ဤတွင် ခန္ဓာငါးပါးသည် ဒုက္ခဟု ဖြေဆိုတော်မူခြင်းဖြစ်၏)

အထက်၌ ဆိုအပ်ခဲ့ပြီးသော ပါဠိတော် အရပ်ရပ်တို့ကို ပေါင်းစပ်ကာ နိဂုံးချုပ်သော် ပရမတ္ထသစ္စာအားဖြင့် လူနတ်ပြဟ္မာဟူသည် လုံးဝ မရှိ၊ ဒုက္ခသာ ရှိ၏၊ ဒုက္ခသာ ဖြစ်ပေါ်၏၊ ဒုက္ခသာ ချုပ်၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူခြင်းကို ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ သုတမယဉာဏ်အားဖြင့် သိရှိထားရ၏။ ဒုက္ခကို သိသလောက် မျှသာ နိဗ္ဗာန်ချမ်းသာကို အလိုရှိသည်မည်၏။

● ● ●

http://www.dhammadownload.com

၃။ နတ္ထိ ခန္ဓသမာ ဒုက္ခာ

ခန္ဓာနှင့်တူသောဒုက္ခ မရှိ ဆိုသည်ကို သိရှိရန်
ဒုက္ခသင်တန်း တက်ကြရ၏။

လွန်ခဲ့သည့်အပတ်က ဒုက္ခအကြောင်းကို ဆက်ဦးအံ့၊ သင္ဘာယတန သံယုတ်ပါဠိတော်အစ အနိစ္စဝဂ် အဗ္ဗတ္တဒုက္ခသုတ် စာမျက်နှာ (၂၃၇) မှ ဤတွင် အလိုရှိသည်ကို ကောက်နုတ် ဖော်ပြရသော်-

စက္ခု၊ ဘိက္ခဝေ ဒုက္ခံ၊ သောတံ ဒုက္ခံ၊
ဃာနံ ဒုက္ခံ၊ ဇိဝှါ ဒုက္ခာ။
ကာယော ဒုက္ခော၊ မနော ဒုက္ခော။

ရဟန်းတို့၊ မျက်စိသည် ဒုက္ခ၊ နားသည် ဒုက္ခ၊ နှာသည် ဒုက္ခ၊ လျှာသည် ဒုက္ခ၊ ကိုယ်သည် ဒုက္ခ၊ စိတ်သည် ဒုက္ခဟု ဟောတော်မူ၏။

ယင်းပါဠိတော် ဗာဟိရဒုက္ခသုတ်၌ ရူပါ ဘိက္ခဝေ ဒုက္ခာ၊ သဒ္ဒါ၊ ဂန္ဓာ၊ ရသာ၊ ဖောဋ္ဌဗ္ဗာ၊ ဓမ္မာ ဒုက္ခာ။

ရဟန်းတို့၊ ရူပါရုံတို့သည် ဒုက္ခ၊ သဒ္ဒါရုံတို့သည် ဒုက္ခ၊ ဂန္ဓာရုံတို့သည် ဒုက္ခ၊ ရသာရုံတို့သည် ဒုက္ခ၊ ဖောဋ္ဌဗ္ဗာရုံတို့သည် ဒုက္ခ၊ ဓမ္မာရုံတို့သည် ဒုက္ခဟု ဟောတော်မူ၏။ ၎င်းတို့ကို ဒုက္ခဟူ၍ မသိကြကုန်။

တစ်ဖန်တုံ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဒေဝတာသံယုတ်၊ အဒ္ဓဝဂ်၊ ဥဋ္ဌိတသုတ် စာမျက်နှာ ၃၇၊ အပိုဒ် ၆၇ ၌ ဒေဝတာတစ်ဦးက လျှောက်ထားသည်မှာ-

ကိသ္မိ လောကော
ပတိဋ္ဌိတောတိ။

လူအပေါင်းတို့သည် အဘယ်တရား၌ တည်ပါသနည်း။

ဒုက္ခေ လောကော
ပတိဋ္ဌိတောတိ။

လူအပေါင်းတို့သည် ဒုက္ခ၌တည်၏ဟု ဗုဒ္ဓမြတ်စွာ ဖြေဆိုတော်မူ၏။

ဤသို့ အထက်တွင် ဖော်ပြအပ်သော ပါဠိတော်များအရ မျက်စိ၊ နား၊ နှာ စသည်တို့နှင့် တကွ လူသည် ဒုက္ခ၊ ဒုက္ခသည်လူ ဟူ၍ သိအပ်၏။ ထို့ကြောင့် ဤစာကို ဖတ်ရှုနေသူသည် ဒုက္ခ၊ ထို့ကြောင့် လူဟူသရွေ့သည် ဒုက္ခဟု ပရမတ္ထသစ္စာနည်းအားဖြင့် တိကျပြတ်သားစွာ သိမှတ်ထားရပေမည်။

နောက်ထပ်တစ်ဖန် ဖော်ပြရပြန်သော် ဓမ္မပဒပါဠိတော်၊ သုခဝဂ်၊ စာမျက်နှာ ၄၃၊ အပိုဒ် ၂၀၂-၌

(အစဉ်ရွတ်ဆိုပွားများနေရန် ပါဠိတော်)

နတ္ထိ ခန္ဓသမာ ဒုက္ခာ၊
နတ္ထိ သန္တိပရံ သုခံ။

ခန္ဓာနှင့်တူသော ဒုက္ခမည်သည် မရှိ၊ နိဗ္ဗာန်ထက် လွန်ကဲသော ချမ်းသာမည်သည် မရှိဟု ဟောတော်မူ၏။

ဤမှတစ်ဖန် သစ္စာလေးပါး တရားတော်ကို ဟောတော်မူရာ၌ လာရှိသော ဒုက္ခသစ္စာကို ဖော်ပြ ရှင်းပေးခဲ့ပေဦးအံ့။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သစ္စသံယုတ်၊ ဓမ္မစက္ကပဝတ္တနဝဂ်၊ ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောတော်မူရာ၌ (အရကျက်ဆောင်ကာ ဆင်ခြင်သုံးသပ်ရမည့် ပါဠိတော်)

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊
ဇာတိ ပိ ဒုက္ခာ၊ ဇရာ ပိ ဒုက္ခာ၊ ဗျာဓိ ပိ ဒုက္ခော၊

http://www.dhammadownload.com

မရဏံ ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ရဟန်းတို့၊ ဤသည်ကား ဒုက္ခဇာတိ အမှန်ဖြစ်သော အရိယာတို့ သိအပ်သော သစ္စာတရားမည်၏။ ပဋိသန္ဓေနေရခြင်းသည်လည်း ဒုက္ခ၊ အိုရခြင်းသည်လည်း ဒုက္ခ၊ နာရခြင်းသည်လည်း ဒုက္ခ၊ သေရခြင်းသည်လည်း ဒုက္ခ၊ မချစ်မနှစ်သက်သောသူတို့နှင့် ပေါင်းသင်းနေရခြင်းသည်လည်း ဒုက္ခ၊ ချစ်ခင်နှစ်သက်သောသူတို့နှင့် ကွေကွင်း ခွဲခွာနေရခြင်းသည်လည်း ဒုက္ခ၊ အကြင် အလိုရှိတောင့်တခြင်းကို မရ၊ ထိုတောင့်တခြင်းကို မရခြင်းသည်လည်း ဒုက္ခ၊ အကျဉ်းချုပ်အားဖြင့် ဥပါဒါန်တရားတို့၏ စွဲလမ်းရာ ဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ဒုက္ခတို့ပေတည်း။

ဤမျှကို အများအားဖြင့် သိပြီးဖြစ်၏။ သို့ရာတွင် ထိုဒုက္ခသစ္စာနှင့်တွဲရန် သစ္စာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တို့ ကျန်ရှိပေသေး၏။ ထိုမှတစ်ပါး ဤ ဓမ္မစက္ကာဒေသနာတော်၌ ဟောတော်မူသည်မှာ အကျဉ်း ဥဒ္ဒေသမျှသာ ဖြစ်ရကား သုတ်မဟာဝါပါဠိတော်၊ မဟာသတိပဋ္ဌာနဒေသနာတော်တွင် ဓမ္မာနုပဿနာ၌ လာရှိသော ဒုက္ခသစ္စာ နိဒ္ဒေသကိုလည်း ကြေညက်စွာ လေ့လာရန် ကျန်ရှိပေသေး၏။ ထိုမျှမကသေး၊ ဝိပဿနာလုပ်ရပ်နှင့် သက်ဆိုင်သော ပါဠိတော် အရပ်ရပ်တို့ကိုလည်း ကြေညက်စွာ လေ့လာရန် များစွာ ကျန်ရှိပေသေး၏။

ယခုသော် အထက်တွင် ဖော်ပြခဲ့သော ဒုက္ခသစ္စာအတွက် လာရှိသော သစ္စာဏ်ကို ဆက်ပေအုံ့။

ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ရဟန်းတို့၊ ဤဒုက္ခအစုသည်ကား အရိယသစ္စာမည်၏ဟူ၍ ဤသို့ ငါဘုရားသည် ဘုရားဖြစ်သည်မှ ရှေးဦး မကြားစဖူးကုန်သော သစ္စာတရားတို့၌ မြင်တတ်သော ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့်သိသော ပညာသည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသော ဝိဇ္ဇာဉာဏ်သည် ထင်ရှားဖြစ်၏။ ပညာအလင်းရောင်သည် ထင်ရှားဖြစ်၏။

ဤဒုက္ခသစ္စာ၌ သစ္စဉာဏ် ပါဠိတော်များကိုလည်းကောင်း၊ မြန်မာပြန်ကိုလည်းကောင်း ဖတ်ရှုသောအခါ စာအား မရှိသူတို့အတွက် အလိုရှိအပ်သော ပါဠိတော်၏ သဘာဝကို သဘောပေါက်ရန် မလွယ်ကူချေ။ ထို့ကြောင့် တိုတောင်းစွာဖြင့် နားလည်စေရန် ရေးသားဖော်ပြပေအုံ့။

ယောဂီအပေါင်းတို့၊ ပဋိသန္ဓေ နေရခြင်းသည် ဒုက္ခ၊ အိုရခြင်းသည် ဒုက္ခ၊ နာရခြင်းသည် ဒုက္ခ၊ သေရခြင်းသည် ဒုက္ခ၊ ကိုယ်၌ ထိခိုက်နာကျင်ခြင်းသည် ဒုက္ခ၊ စိတ်၌ ထိခိုက်ခြင်းသည် ဒုက္ခ၊ အလိုဆန္ဒ တောင့်တတိုင်း မရခြင်းသည် ဒုက္ခ၊ ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာငါးပါးသည် ဒုက္ခ၊ ဤဒုက္ခအစုတို့သည် အရိယာပုဂ္ဂိုလ်တို့ သိရမည့် တရားဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူခဲ့ပြီ။

အို-ယောဂီအပေါင်းတို့၊ ဤဒုက္ခအစုသည် ဒုက္ခသစ္စာ၌ သစ္စဉာဏ်အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိလိုသော ယောဂီအပေါင်းတို့ သိရှိရမည့် ဒုက္ခအစု ဖြစ်သည်ကို ဗုဒ္ဓမြတ်စွာပင်လျှင် သိဒ္ဓတ္ထမင်းသားဘဝက မသိခဲ့ချေ။ ခြောက်နှစ်တိုင်တိုင် ဒုက္ခရစရိယာ ကျင့်တော်မူစဉ်ကာလည်း မသိခဲ့ချေ။

ဘုရားအဖြစ်သို့ ရောက်တော်မူပါမှ သိရခြင်းဖြစ်သည်ဟု ညွှန်ပြတော်မူခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို အလိုရှိတော်မူကြပါမူ ဒုက္ခကို သိမြင်အောင် ရှေးဦးစွာ လေ့ကျင့်ပွားများတော်မူကြပါလေ။ ဒုက္ခကို များများသိလေလေ၊ နိဗ္ဗာန်ချမ်းသာကို များများအလိုရှိလေလေ ဖြစ်၏။ ဤကား ဒုက္ခသစ္စာအတွက် လိုရင်းရှင်းတမ်းပေတည်း။

ဤမှတစ်ဖန် ဒုက္ခသစ္စာ နိဂုံးချုပ်ရာတွင် ဖော်ပြခဲ့လိုပြန်သည်မှာ သစ္စယမိုက် ပါဠိတော်၊ ဆဋ္ဌမှု၊ စာမျက်နှာ ၂၀၈၊ အပိုဒ် ၁၀-၌ လာရှိသည်မှာ-

ဒုက္ခं ဒုက္ခသစ္စန္တိ၊ အာမန္တာ။

ဒုက္ခသည် ဒုက္ခသစ္စာမည်သလော၊ မည်ပေ၏။

ဒုက္ခသစ္စं ဒုက္ခန္တိ။
ကာယိကံ ဒုက္ခं စေတသိကံ ဒုက္ခं
ဌပေတ္တာ အဝသေသံ ဒုက္ခသစ္စं၊
နု ဒုက္ခံ၊ ကာယိကံ ဒုက္ခं စေတသိကံ
ဒုက္ခံ ဒုက္ခဋ္ဌေ ဝ ဒုက္ခသစ္စဋ္ဌ။

ဒုက္ခသစ္စာသည် ဒုက္ခမည်သလော၊ ကာယိကဒုက္ခ၊ စေတသိက ဒုက္ခနှစ်ပါးကို ချန်ထား၍ ကြွင်းသော တရားအပေါင်းတို့သည် ဒုက္ခသစ္စာမည်၏။ ဒုက္ခကား မဟုတ်။ ကာယိကဒုက္ခ စေတသိက ဒုက္ခနှစ်ပါးသည် ဒုက္ခသစ္စာလည်း မည်၏။ ဒုက္ခလည်း မည်ပေ၏။

ဤသစ္စယမိုက် ပါဠိတော်အရ အရိယာဖြစ်လိုသူတို့ သိအပ်သော ဒုက္ခမှာ နှစ်မျိုးနှစ်စားရှိခြင်းကို ဟောတော်မူ၏။

ပထမတစ်မျိုးမှာ အိုနာသေဘေး စသောကိုယ်၏ဆင်းရဲခြင်း ကာယိကဒုက္ခနှင့် စိတ်၏ဆင်းရဲခြင်း စေတသိကဒုက္ခ၊ ဤဒုက္ခတို့မှာ ဒုက္ခလည်း ဖြစ်၏။ ၎င်းပြင် အရိယာဖြစ်လိုသူတို့ သိရမည့် ဒုက္ခတရားလည်း ဖြစ်၏။

ကျန်တစ်မျိုးကား ပထမအမျိုးကဲ့သို့ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ မပါရှိဘဲ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါး ပရမတ္ထသဘာဝ၏ ဒုက္ခဖြစ်နေခြင်းကို အရိယာဖြစ်လိုသူတို့ သိရမည့် ဒုက္ခတရားဖြစ်၏။ ယင်းသို့ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ မပါမရှိဘဲ ပရမတ္ထသဘာဝ ဖြစ်သော ခန္ဓာငါးပါး ဒုက္ခအစစ် ဖြစ်နေခြင်းကို ပညာမျက်စိဖြင့် သိရှိရန်မှာ မလွယ်ကူချေ။

ထို့ကြောင့် ယခင်အပတ်က အနုရာဓဒေသနာတော်၌ သတ္တဝါသည် ခန္ဓာငါးပါးမဟုတ်၊ ခန္ဓာငါးပါးသည် သတ္တဝါမဟုတ်ခြင်းကို ဖော်ပြခဲ့၏။ ကစ္စာနဒေသနာတော်တွင် ဒုက္ခသာ ဖြစ်ပေါ်၍ ဒုက္ခသာချုပ်၏ဟု ဟောတော်မူခြင်းကို ဖော်ပြခဲ့၏။ အထက်တွင် (နတ္ထိ ခန္ဓသမာ ဒုက္ခာ) ခန္ဓာငါးပါးနှင့်တူသော ဒုက္ခမရှိဟူ၍လည်းကောင်း၊ လူသည် ဒုက္ခ၌ တည်ရှိပုံတို့ကို ဖော်ပြခဲ့၏။

ဤသို့ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ မပါမရှိဘဲ ဥပါဒါန်တရားတို့၏အာရုံဖြစ်သော ခန္ဓာငါးပါး ဒုက္ခဖြစ်နေခြင်းကို သုတမယဉာဏ်အားဖြင့် သိမှလည်း လက္ခဏာရေးသုံးပါးတင် ရှုပွားများရာတွင် ဝိပဿနာဘာဝနာ၏ အာရုံဘူမိ မှန်ကန်နိုင်လေသည်။ ဝိပဿနာဘာဝနာ၏ အာရုံဘူမိ မှန်ကန်မှလည်း နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိနိုင်လေသည်။

ယင်းသို့ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ မပါမရှိဘဲ (နတ္ထိ ခန္ဓသမာ ဒုက္ခာ) ခန္ဓာငါးပါး ဒုက္ခဖြစ်နေခြင်းကို ပညာမျက်စိဖြင့် မြင်ရန်မှာ အထူးခဲယှဉ်းလှလေသည်။ ထို့ကြောင့်လည်း ရဟန်းတော်များနှင့် ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်သည် ဗုဒ္ဓမြတ်စွာထံတော်၌ ဒုက္ခသင်တန်းတက်ကြရခြင်း ဖြစ်လေသည်။

● ● ●

http://www.dhammadownload.com

၄။ နိဗ္ဗာန်ကို အလိုရှိသူသည်

တဏှာနှင့် အဝိဇ္ဇာကို သတ်ရမည်ဆိုသည်ကို သိဒ္ဓတ္ထမင်းသား မသိရှာချေ။

ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော ဒေသနာတော် အရပ်ရပ်တို့ကို လေ့လာသောအခါ ဗုဒ္ဓမြတ်စွာသည် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာနှစ်မျိုးနှစ်စားထား၍ ဟောတော်မူ၏။

သမ္မုတိသစ္စာအတွက် လူနတ်ပြဟ္မာ သတ္တဝါကို မူတည်လျက် ဟောတော်မူ၏၊ ပရမတ္ထသစ္စာကို ဟောတော်မူရာ၌ကား သဘာဝမမ္မ သဘောတရားကို မူတည်၍ ဟောတော်မူ၏။

ယင်းသို့ ရှေးဦးစွာ သုတမယဉာဏ်အားဖြင့် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ကွဲမှသာလျှင် ဝိပဿနာဘာဝနာ လုပ်ရပ်တွင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ စသည်တို့ကွာရန် လွယ်ကူနိုင်လေသည်။

ပရမတ္ထသစ္စာ၌ လူနတ်ပြဟ္မာ သတ္တဝါ မရှိ၊ ဝိပါက်နာမကွန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါး ဖြစ်စဉ်သာ ရှိ၏။ ယင်း ခန္ဓာငါးပါးသည် (နတ္ထိ ခန္ဓသမာ ဒုက္ခာ)သုခဟူသည် လုံးဝ မပါမရှိ၊ ဒုက္ခအတိသာ ဖြစ်၏။ ၎င်းဒုက္ခကို ပညာမျက်စိဖြင့် မြင်နိုင်ရန် ဆရာကောင်းထံတွင် နည်းခံပါလေ။ ခန္ဓာငါးပါးအစဉ် ဝဋ်ဒုက္ခကိုမြင်မှ နိဗ္ဗာန်ကို သဘောကျနိုင်လေသည်။

တစ်နည်းအားဖြင့် ထင်ရှားစေဦးအံ့၊ ပရမတ္ထသစ္စာအားဖြင့် လူနတ်ပြဟ္မာ သတ္တဝါမရှိဟူ၍ ဟောတော်မူခြင်းကြောင့် ဤစာကို ရေးသူမရှိ၊ ခန္ဓာ ငါးပါးဒုက္ခသာ ရှိ၏။ ဤစာကို ဖတ်ရှုနေသူ မရှိ၊ ခန္ဓာငါးပါး ဒုက္ခသာ ရှိ၏။ သိကြားမင်းသည် ပြဟ္မာမင်းသည် မရှိ၊ ခန္ဓာငါးပါး ဒုက္ခသာ ရှိ၏။ ထို့ကြောင့် ဤ ခန္ဓာငါးပါး ဒုက္ခကင်းငြိမ်း ချုပ်ပျောက်သွားစေရန် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရခြင်းဖြစ်၏။

ဤစကားသည် မှန်၏။ ထို့ကြောင့် အင်္ဂုတ္တိရ်ပါဠိတော်၊ ဒသကနိပါတ်၊ အာကခ်ံဝဂ်၊ တယောဓမ္မသုတ် (ဆ၊မြန်၊စာ ၃၆၈)၌ ရှည်လျားစွာ ဟောတော်မူသည်မှ ဤတွင် လိုရင်းကို အတိချုပ်ကာ ပေါ်လွင်ထင်ရှားစွာ သိရှိစေရန် ဖော်ပြရသော-

ရဟန်းတို့အား (ဇာတိ စ ဇရာ စ မရဏဉ္စ) ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်း ဤဘေးဒုက္ခ ၃-မျိုးသာ မရှိပါက ငါဘုရား ပွင့်တော်မူရန် မလိုတော့ပြီဟု ဟောတော်မူ၏။ ထို့ကြောင့် ဤတွင် အချုပ်ကား ခန္ဓာငါးပါး ဒုက္ခချုပ်ငြိမ်းစေရန် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရခြင်းဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာသည် သတ္တဝါအပေါင်းတို့၏ ဒုက္ခအဝဝတို့ကို ကင်းငြိမ်းစေရန် သစ္စာလေးပါးနည်းဖြင့် ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော တဏှာကို သတ်ရန် ဟောတော်မူ၏။ ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် အဝိဇ္ဇာကိုသတ်ရန် ဟောတော်မူ၏။

အောက်၌ ဖော်ပြလတ္တံ့သော နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ အနမတဂ္ဂသံယုတ်၊ ပထမသုတ်၌ ဟောတော်မူသည်ကို ထောက်သဖြင့်လည်း ရှည်လျားလှစွာသော အစမထင်သည့် ဘဝများစွာတို့ပတ်လုံး ဒုက္ခခံနေကြရခြင်းမှာ အဝိဇ္ဇာနှင့် တဏှာတို့ကြောင့် ဖြစ်သည်ကို ကောင်းစွာ သိရှိနိုင်ပြန်လေသည်။ (ဆဋ္ဌမှ၊ စာမျက်နှာ ၃၈၇၊ ပါဠိတော်ကို အလွတ်ကျက်ဆောင်ထားရန်)။

http://www.dhammadownload.com

အနမတဂ္ဂေါ်ယ် ဘိက္ခဝေ သံသာရော
ပုဗ္ဗာကောဋိ နပညာယတိ အဝိဇ္ဇာ
နီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။

အို-ရဟန်းတို့၊ ဤခန္ဓာဓာတ်တို့၏ မပြတ်လည်၍ ဖြစ်မှုဟူသော သံသရာအစကို မသိနိုင်။ အဝိဇ္ဇာအမိုက်တိုက်ဖြင့် မြေးယှက်အပ်ကုန်သော တဏှာတည်းဟူသော ကြိုးဖြင့် နှောင်ဖွဲ့အပ်ကုန်သော၊ ဤဘဝမှသည် ထိုဘဝ၊ ထိုဘဝမှသည် ဤဘဝသို့ ကျင်လည်ပြေးသွားကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်ရှား၊ အလွန်ရှည်လျားလှ၏ဟု ဟောတော်မူလေသည်။

ဤ၌ ဆက်လက်သိရှိရဦးမည်မှာ ယင်းသို့လျှင် တဏှာနှင့်အဝိဇ္ဇာကို မပယ်သတ်ဘဲ လက်ခံထားရှိပါက နောင်ဘဝအဆက်ဆက် ဒုက္ခခံနေကြရဦးမည်ကို သိအပ်ပြန်လေသည်။

ထို့ကြောင့် ယောဂီသည် မိမိ ဝိပဿနာဘာဝနာကို ကြိုးစား အားထုတ်နေရခြင်းမှာ တဏှာနှင့်အဝိဇ္ဇာကို ပယ်သတ်ရန်ဖြစ်ခြင်းကို ထင်ရှား စွဲမြဲ သိရှိထားရပေမည်။ ဤသို့ ရှေးဦးစွာ သိရှိထားရမည်မှာ အရေးကြီးဆုံးသော ပဓာန အချက်ကြီးတစ်ချက် ဖြစ်လေသည်။

ဤတွင် တဏှာနှင့်အဝိဇ္ဇာကို ဖော်ပြထားရာ ယခုသော် တဏှာအတွက် ရေးသားပေအံ့၊ ဝိနည်းမဟာဝါပါဠိတော်၊ မဟာခန္ဓက၊ စာမျက်နှာ ၁၅ ၌ ဓမ္မစက္ကာဒေသနာတော်ကို ဟောတော်မူရာ၌ လည်းကောင်း၊ မဟာဝဂ္ဂသံယုတ်ပါဠိတော် သစ္စသံယုတ် ဓမ္မစက္ကပဝတ္တနဝဂ်၌ ဟောတော်မူရာ၌ လည်းကောင်း လာရှိသည်မှာ (ဆဋ္ဌမူ စာ ၃၆၉)။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒိရာဂသဟဂတာ တတြ တတြာ ဘိနန္ဒိနီ။ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

(ဆ၊မြန်၊စာ ၃၇၄) ရဟန်းတို့၊ ဤသည်ကား ဆင်းရဲ၏အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားတည်း၊ အကြင်တဏှာသည် ဘဝသစ်၌ ဖြစ်စေတတ်၏။ နှစ်သက်ခြင်း၊ တပ်မက်ခြင်းနှင့်တကွ ဖြစ်၏။ ထိုထိုအာရုံ၌ လွန်စွာနှစ်သက်တတ်၏။ ထိုတပ်မက်မှု တဏှာဟူသည် အဘယ်နည်း၊ ကာမ၌ တပ်မက်မှု ကာမတဏှာ၊ သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သော တပ်မက်မှု ဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော ဝိဘဝတဏှာတို့တည်း။

ဤဒေသနာတော်၌ တဏှာအတွက် သစ္စာ၏, ကိစ္စာ၏ ကတာ၏ဟူ၍ ဆက်လက်ဟောတော်မူပြန်သည်မှာ-

ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(ဆ၊ မြန်၊ စာ ၃၇၅) ရဟန်းတို့၊ ဤတရားသည် ဆင်းရဲကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားမည်၏ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော ဉာဏ်ပညာသည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသော ဉာဏ်ဝိဇ္ဇာသည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

(ဆက်၍ လာရှိသည်မှာ)-

တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ၊ ပ၊ ဥဒပါဒိ။

ရဟန်းတို့၊ မြတ်စွာဘုရားသည် ထိုဆင်းရဲ၏ အကြောင်းဖြစ်သော ဤအရိယာတို့၏ အမှန်တရားကို ပယ်အပ်၏ဟု ရှေးက မကြားဖူးကုန်သော တရားတို့၌၊ ပ၊ ဖြစ်ပေါ်လာ၏။

တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီနန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ရဟန်းတို့၊ မြတ်စွာဘုရားသည် ထိုဆင်းရဲကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားကို ပယ်ပြီးပြီဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော ဉာဏ်ပညာသည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသော ဉာဏ်ဝိဇ္ဇာသည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

အထက်တွင် တဏှာအတွက် ဖော်ပြချက်တို့ကို သာမန်ပုဂ္ဂိုလ်တို့သည် ကွက်ကွက်ကွင်းကွင်း ထင်ရှားစွာ သဘောပေါက်ရန် မလွယ်ကူချေ။ ထို့ကြောင့် အတိုဆုံးသော နည်းအားဖြင့် လူတိုင်း လူတိုင်း နားလည်စေရန် ရေးသားပေးခဲ့ရသော်-

တဏှာကို ပယ်ဖြတ်မှသာလျှင် ဒုက္ခကင်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်သည်ဆိုခြင်းကို ငါဘုရားသည်ပင်လျှင် ဘုရားမဖြစ်မီ သိဒ္ဓတ္ထမင်းသားဘဝကလည်း မသိခဲ့ရဖူးချေ။ အာဠာရ ဥဒကစသော တစ်စုံတစ်ယောက်သောသူတို့ထံမှလည်း မကြားခဲ့ရဖူးချေ။ ဘုရားအဖြစ်သို့ ရောက်မှသာလျှင် သိရှိရခြင်းဖြစ်သည်ဟု ဟောတော်မူခြင်းဖြစ်လေသည်။

ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို အလိုရှိ၍ ဝိပဿနာဘာဝနာတရားကို ပွားများ အားထုတ်နေကြကုန်သော ပုဂ္ဂိုလ်အသီးသီးတို့သည် ကာမဂုဏ် အမျိုးမျိုး ခံစားမှုကို မခံစားရ၊ ကာမတဏှာ ဘဝတဏှာ စသည်တို့ကို မပယ်ဖြတ်ဘဲ ဒုက္ခကင်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိသည်ဆိုခြင်းသည် အကြောင်းမဟုတ်၊ ပါဠိတော်အရပ်ရပ်တို့နှင့် မကိုက်ညီ။

● ● ●

၅။ အဝိဇ္ဇာနှင့် တဏှာ သတ်ရန်

မခက်တော့ပြီ၊ ဆရာကောင်း ရရှိရန် ခက်၏၊
ဆရာအစစ်ထက် ရမ်းပြဆရာက ပိုနေ၏။

လွန်ခဲ့သည့်အပတ်က ဒုက္ခဖြစ်ရခြင်းအကြောင်းမှာ သစ္စာလေးပါးနည်းအရ တဏှာဖြစ်ခြင်းကို ရှင်းပြခဲ့ပြီးဖြစ်ရာ ယခုသော် ပဋိစ္စသမုပ္ပါဒ်နည်းအရ ဒုက္ခဖြစ်ရခြင်းအကြောင်းမှာ အဝိဇ္ဇာဖြစ်သည်ကို ဆက်ပေအုံ့။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ အို-ရဟန်းတို့ ဒုက္ခ၏အကြောင်း ဖြစ်သော အရိယသစ္စာသည် အဘယ်နည်းဟူမူကား-

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ

http://www.dhammadownload.com

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာ သာ သမ္ဘဝန္တိ။

ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယ သစ္စံ။

အင်ဂုတ္တိရ်ပါဠိတော်၊ တိကနိပါတ်၊ မဟာဝဂ်၊ တိတ္ထာယတနသုတ် ဆဋ္ဌမှု စာမျက်နှာ ၁၇၈၊ မြန်မာပြန် ၁၉၆-၌ လာရှိ၏။ ဤတရားတော်မှာ ဗုဒ္ဓဘာသာဝင်တို့အတွက် အထူး အရေးပါ အရာရောက်သော တရားတော်ဖြစ်ခြင်းကြောင့် ကတမဠ္ဆ ဘိက္ခဝေ က အစပြုပြီးလျှင် ဆုံးသည်အထိ ပါဠိတော်ကို အလွတ်ကျက်ဆောင် ရွတ်ဆို ဆင်ခြင်ပွားများရန် အထူးတိုက်တွန်းပါ၏။ အကျိုးပေးကား ဒါနသီလတို့ထက် ထက်သန် ကြီးမားလှလေသည်။ ရှင်တော်ဘုရား ဟောတော်မမူပါက နတ်ပြဟ္မာတို့ပင် သိရှိနိုင်သောတရားမျိုး မဟုတ်ချေ။

အထက် ပါဠိတော်၏ ဘာသာပြန်-အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်သည်ဖြစ်၏။ ဝိညာဏ်ဟူသောအကြောင်းကြောင့် နာမ်ရူပ်သည် ဖြစ်၏။ နာမ်ရူပ်ဟူသော အကြောင်းကြောင့် သဠာယတနသည် ဖြစ်၏။ သဠာယတနဟူသောအကြောင်းကြောင့် ဖဿသည် ဖြစ်၏။ ဖဿဟူသောအကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏။ ဝေဒနာဟူသောအကြောင်းကြောင့် တဏှာသည် ဖြစ်၏။ တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်သည် ဖြစ်၏။ ဥပါဒါန်ဟူသောအကြောင်းကြောင့် ဘဝသည်ဖြစ်၏။ ဘဝဟူသောအကြောင်းကြောင့် ဇာတိသည် ဖြစ်၏။ ဇာတိဟူသောအကြောင်းကြောင့် အိုမှု၊ သေမှု၊ စိုးရိမ်ရမှု၊ ငိုကြွေးရမှု၊ ဆင်းရဲရမှု၊ နှလုံးမသာယာမှု၊ ပြင်းထန်စွာပင်ပန်းမှုတို့သည် ဖြစ်ကုန်၏။ ဤသို့ ချမ်းသာမဖက် သက်သက်သော ထိုဒုက္ခအစုတ် ဖြစ်ပေါ်ကြောင်းသည် ဖြစ်၏။ အိုရဟန်းတို့၊ ဤဆိုအပ်ခဲ့ပြီးသည်ကို ဒုက္ခ၏ အကြောင်း သမုဒယသစ္စာဟု ဆိုအပ်၏။

ဤပါဠိတော်အရ ဒုက္ခဖြစ်ရခြင်း အကြောင်းရင်းမှာ အဝိဇ္ဇာဟု ဟောတော်မူ၏။ တစ်ဖန် ပါဠိတော်၌ ဆက်လက် လာရှိသည်မှာ-

ကတမဠ္ဆ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယ သစ္စံ။ အဝိဇ္ဇာယ တ္ဝေव အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော။

စသည်ဖြင့် ဆက်လက်ဟောတော်မူ၏။

အိုရဟန်းတို့၊ ဒုက္ခ၏ချုပ်ငြိမ်းရာဖြစ်သော အရိယသစ္စာဟူသည် အဘယ်နည်းဟူမူကား၊ အဝိဇ္ဇာ၏သာလျှင် အကြွင်းမဲ့ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းသည် ဖြစ်၏။ သင်္ခါရတို့၏ ချုပ်ခြင်းကြောင့် ဝိညာဏ်၏ချုပ်ခြင်းသည် ဖြစ်၏။ ပ၊ ဇာတိ၏ချုပ်ခြင်းကြောင့် အိုမှု၊ သေမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ဆင်းရဲမှု၊ နှလုံးမသာယာမှု၊ ပြင်းစွာပင်ပန်းမှုတို့သည် ချုပ်ငြိမ်းကုန်၏။ ဤသို့ ချမ်းသာမဖက် သက်သက်သော ထိုဆင်းရဲအစုတ်၏ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။ အိုရဟန်းတို့၊ ဤဆိုအပ်ခဲ့ပြီးသော ချုပ်ငြိမ်းမှုကို ဒုက္ခ၏ချုပ်ငြိမ်းရာ အရိယသစ္စာဟူ၍ ဆိုအပ်၏။

ဤဒေသနာတော်အရ လိုရင်းကို ပေါ်လွင်ထင်ရှားအောင် ရေးသားပေးရသော် လောကမာတ်ကြီးတစ်ခုလုံးတွင် လူနတ်ပြဟ္မာ သတ္တဝါမရှိ ဒုက္ခသာ ရှိ၏။ ထိုဒုက္ခ ဖြစ်ပေါ်ရမူမှာ အဝိဇ္ဇာ ဖြစ်၏။ အဝိဇ္ဇာ မရှိခဲ့သော် အိုမှု၊ နာမှု၊ သေမှု၊ စိုးရိမ်ပူဆွေးငိုကြွေးရမှု ဒုက္ခအစုစုတို့သည် မဖြစ်ပေါ်တော့ပြီဟု ဟောတော်မူခြင်းဖြစ်၏။

ဤတွင် လူနတ်ပြဟ္မာ သတ္တဝါမရှိ၊ ဒုက္ခသက်သက်သာ ရှိပုံကို လယ်တီဆရာတော် ရေးသားအပ်သော ပဋ္ဌိစ္စသမုပ္ပါဒဒီပနီ၌ လာရှိသဖြင့် စာဖတ်သူတို့ ကျက်ဆောင်ဆင်ခြင်ပွားများရန် အထူးသင့်လျော်ခြင်းကြောင့် ကြားညှပ်ကာ ထည့်သွင်း ရေးသားပေးခဲ့ပေအုံ့။

http://www.dhammadownload.com

ဝင့်ရှိသ်သရာ ရှည်မင်းစွာ၌ သူငါကစ ဖြစ်သမျှကား သတ္တမဟုတ် ဓာတ်မှန် ထုတ်သော် နာမ်ရုပ်နှစ်သင်း အမြင်လင်း လော့ အရင်းအဝိဇ္ဇာ ထိုမှဖြာ၍ ဇရာမရဏ အဆုံးကျသည့် ဓမ္မအပြား ၁၂-ပါးကို ဤကားလူပင် ဤလျှင်နတ်ပဲ အထင်လွဲလျက် တဝဲလည်လည်၊ ဝင့်ရွယ်စည်း၏၊ ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှမကွက်၊ အဆက်ဆက်လျှင်၊ သက်သက်ဒုက္ခ၊ ဓာတ်မှန်ရသည်၊ ဘဝ ဤကိုယ်ဖြစ်ထုံးတည်း။

ဤ ပဋ္ဌစ္စသမုပ္ပါဒ် ပါဠိတော်နှင့် ဆရာတော်ဘုရား၏ ပျို့လင်္ကာတို့မှာ ထူးကဲသော အနှစ်သာရ ပါရှိခြင်းကြောင့် ၎င်းတို့ကို မိမိတို့ကိုယ်တိုင် ကျက်ဆောင် ဆင်ခြင် ပွားများလျက် သူတစ်ပါးတို့အားလည်း ယင်းသို့ပြုလုပ်စေရန် အထူး တိုက်တွန်းအပ်လေသည်။ အလွန် မွန်မြတ်လှသော ဓမ္မဒါနကြီးပေတည်း။

ဤတွင် ပါဠိတော်ကို ဘာသာပြန်နှင့်တကွ ဆရာတော်ဘုရား၏ ပျို့လင်္ကာကို ဖတ်ရှုပြီးနောက် တယ်ကောင်းပါကလား၊ တယ်ဟုတ်ပါကလား စသည်ဖြင့် စိတ်တွင် ပေါ်ပေါက်လာခြင်း၊ ပါးစပ်မှ ချီးမွမ်းပြောဆိုကြမည် ဖြစ်သော်လည်း တရားတော်၏ အနက် အဓိပ္ပာယ် အနှစ်သာရကို နားလည်ရန် မလွယ်ကူချေ။

ထို့ကြောင့် အဂုံတွဲ့ရ်ပါဠိတော်၊ ပဋ္ဌာန နိပါတ်၊ တိကဏ္ဍကီဝဂ်၊ သာရန္ဒဒသုတ် ဆဋ္ဌမ စာမျက်နှာ ၁၄၉ ၌-

တထာဂတပ္ပဝေဒိတသ
ဓမ္မဝိနယသ ဒေသိတသ
ဝိညာတာ ပုဂ္ဂလော
ဒုလ္လဘော လောကသ္မိ။

လောက၌ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူအပ်သော တရားတော်တို့ကို ဟောပြောသည် ရှိသော် သိသောပုဂ္ဂိုလ်ကို ရခဲ၏ဟုဟောတော်မူ၏။

ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာတော် အရပ်ရပ်တို့၏ ပါဠိတော်အချုပ် ဆောင်ပုဒ်မှာ "သဗ္ဗေ ဓမ္မာ အနတ္တာ"ဖြစ်၏။ အတ္တဟူသည် စိုးစဉ်းမျှ မပါမရှိ၊ အတ္တမှ လုံးဝ ဆိတ်သုဉ်းသော အနတ္တ ဝါဒ ဖြစ်၏။

ပဋ္ဌစ္စသမုပ္ပါဒ် ဒေသနာတော်သည် ခက်ခဲနက်နဲ၏၊ အတ္တမဟုတ်၊ လူနတ်ပြဟ္မာ သတ္တဝါမရှိ အကြောင်းတရားတို့ကြောင့် အကျိုးတရားတို့ဖြစ်ပေါ်လာမှုကို (ဝါ-တစ်နည်းကား) အနတ္တ သဘာဝဓမ္မ သဘောတရားမျှသာဖြစ်ခြင်းကို အတိုဆုံးနည်းဖြင့် ဟောတော်မူသော ဒေသနာတော်ဖြစ်၏။

အဘိဓမ္မာ ပဋ္ဌာန်း ဒေသနာတော်သည်ကား ထိုနည်းတူစွာ အတ္တမဟုတ်၊ လူနတ်ပြဟ္မာ သတ္တဝါ မရှိ၊ အကြောင်းတရားတို့ကြောင့် အကျိုးတရားတို့ ဖြစ်ပေါ်လာရမှုကို(ဝါ)အနတ္တ သဘာဝဓမ္မ သဘောတရားမျှသာဖြစ်ခြင်းကို အရှည်ဆုံးနည်းတို့ဖြင့် တမ်းကုန်အောင် ဟောတော်မူသော ဒေသနာတော်ဖြစ်၏။

ပဋ္ဌစ္စသမုပ္ပါဒ် တရားတော်သည် အလွန်ခက်ခဲ နက်နဲသော တရားတော်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ဝိနည်းမဟာဝါပါဠိတော် မဟာခန္ဓက (ဆ၊ မြန်၊ စာ ၆)၌ ဟောတော်မူသည်။ အတိုချုပ်မှာ-

ပဋ္ဌစ္စသမုပ္ပါဒ်တရားနှင့် နိဗ္ဗာန်တရားကို မြင်နိုင်ခဲ၏ဟု ဟောတော်မူ၏။ ထိုမျှမကသေး ဝိပဿီ ဗုဒ္ဓမြတ်စွာသည် ဤ ပဋ္ဌစ္စသမုပ္ပါဒ် တရားတော်နှင့် နိဗ္ဗာန်တရားတော်ကို မြင်နိုင်ခဲ၏ဟု ဟောတော်မူသည်ကို သုတ်မဟာဝါပါဠိတော်၊ မဟာပဒါနသုတ်(ဆ၊မြန်၊ စာ၃၂)၌ တွေ့ရှိနိုင်သေး၏။

ထိုမျှ ပဋ္ဌစ္စသမုပ္ပါဒ်သည် ခက်ခဲနက်နဲသည် ဖြစ်ရကား အဋ္ဌကထာ ဆရာမြတ်သည် ထိုတရားတော်ကို ဖွင့်ဆိုမည်ပြုရာ၌-

ယခု ပဋ္ဌစ္စသမုပ္ပါဒ် အဖွင့်ကို ဖွင့်ဆိုသော ငါသည် သမုဒ္ဒရာသို့ သက်ဆင်း ကူးသွားသော

http://www.dhammadownload.com

ယောက်ျားတို့သည် ထောက်တည်ရာကို မရနိုင်သကဲ့သို့ ထောက်တည်ရာကိုမရနိုင်ဟု ရေးသားတော်မူသည်ကို ဝိသုဒ္ဓိမဂ် တတိယတွဲ ဆရာတော် ဦးနန္ဒမာလာ ဘာသာပြန်စာမျက်နှာ ၁၈၅ တွေ့ရှိနိုင်၏။

အဝိဇ္ဇာ အစရှိသော ပဋိစ္စသမုပ္ပါဒ် တရားတော်ကို သိရှိရန် ထိုမျှ ခက်ခဲနေပါလျှင် ဒုက္ခ အကြောင်းဖြစ်သော အဝိဇ္ဇာကို ပယ်ဖြတ်ရန် မခက်ပါလောဟု မေးဖွယ်ရှိ၏။

မခက်တော့ပါ။ ဥပမာဆိုသော် လေယာဉ်ပျံကို စထွင်လုပ်ရသူမှာ ခက်၏။ နောက်လုပ်သူတို့အတွက် မခက်တော့ပြီ၊ ထိုနည်းတူစွာ ဗုဒ္ဓမြတ်စွာသည် အများကောင်းကျိုးအတွက် အမျိုးမျိုး ဒုက္ခခံကာ ကြိုးစား ရှာဖွေတော်မူခြင်းကြောင့် ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော အဝိဇ္ဇာနှင့် တဏှာ ပယ်ဖြတ်နည်းကို တွေ့ရှိခဲ့လေပြီ။ ထို တွေ့ရှိသော နည်းကိုလည်း ညွှန်ပြတော်မူခဲ့လေပြီ။ ထို့ကြောင့် အလုပ်လုပ်ရန် မခက်တော့ပြီ။

သို့ရာတွင် ဒေသနာတော်အရပ်ရပ်တို့နှင့် ကိုက်ညီစွာ ဝိပဿနာဘာဝနာ ပွားများနည်းကို သင်ပြပေးနိုင်သော ဆရာကောင်းကို ရရှိရန် မလွယ်ကူချေ။ ဤတွင် ဖြစ်ပျက်နေသော သဘာဝကို အများအကျိုးငှာ စေတနာကောင်းဖြင့် ရေးသားဖော်ပြခဲ့ရသော် ကမ္မဋ္ဌာန်းဆရာ အစစ်များထက် ရမ်းပြဆရာတွေက ပိုမိုများပြားလာခြင်းကြောင့် ဖြစ်၏။

• • •

၆။ မဟာပဒေသတရားလေးပါး

မဂ်တု, ဖိုလ်တု, ကမ္မဋ္ဌာန်းတုကို စစ်ဆေးရန်

ဝိပဿနာ ဘာဝနာ လုပ်ငန်းအတွက် ဤသတင်းစာတွင် ရှေးအခါက ဆက်ကာ ဆက်ကာ ရေးသားခဲ့သည်မှာ ၅ ကြိမ် ရှိခဲ့လေပြီ။

ယခု ရေးသားခြင်းမှာ ဝိပဿနာ ဘာဝနာကို ဒေသနာတော် အရပ်ရပ်တို့နှင့် ကိုက်ညီစွာ ပွားများ အားထုတ်လိုသော ပုဂ္ဂိုလ်များနှင့် သူတစ်ပါးအား သင်ပြပေးလိုသော ပုဂ္ဂိုလ်များ အတွက် အစီအစဉ်ပြုကာ ရေးသားခဲ့ခြင်း ဖြစ်၏။ သို့ရာတွင် သတင်းစာ ကော်လံများမည်ကြောင့် အကျယ်တဝင့် အစုံအစေ့ မရေးသားခဲ့ရချေ။

ဝိပဿနာ ဘာဝနာ ပွားများမှု လုပ်ငန်းကို လုပ်ကိုင်လိုသည်ရှိသော် ရှေးဦးစွာ ဤသတင်းစာ ရန်ကုန်ထုတ် ၁၉၆၆-ခု၊ မတ်လ ၂၀-ရက်နေ့ ဆောင်းပါးအမှတ် ၁-တွင် ဝိပဿနာခြီးမွမ်းခန်း၌ ဖော်ပြခဲ့သည့်အတိုင်း ဝိပဿနာဘာဝနာကို ပွားများရခြင်း၏ အကျိုးအာနိသင် ကြီးမားပုံကို မိမိကိုယ်တိုင် ထပ်ကာထပ်ကာ ဆင်ခြင် သုံးသပ်ပေးရပေမည်။ ၎င်းတို့မှာ နမူနာမျှသာ ရှိသေး၏။ ထပ်မံ ချဲ့ထွင် ဖြည့်စွက်ရန် များစွာ ကျန်ရှိပေသေး၏။

ထိုမှ တစ်ဆင့် တက်ရန်မှာ မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိသူတို့ သိရမည်ဖြစ်သော ဒုက္ခခန်းဖြစ်၏။ ၎င်းဒုက္ခခန်းအတွက် ဤသတင်းစာ ရန်ကုန်ထုတ် ၁၉၆၆-ခုနှစ်၊ မတ်လ ၂၆-ရက်နှင့် ဧပြီလ ၂-ရက်နေ့ ဆောင်းပါးအမှတ် ၂-နှင့် ၃-ကို ပိုင်နိုင်ကြေညက်စွာ လေ့လာ သိရှိရပေမည်။ အဘယ်မျှ ပိုင်နိုင်ရမည်နည်းဆိုသော် သံခိတ္တေန ပဠုပါဒါ နက္ခန္ဓာ ဒုက္ခာဟူသည်နှင့်အညီ ကာယိကဒုက္ခ

http://www.dhammadownload.com

စေတသိကဒုက္ခ မပါသော ဥပါဒါန်တရားတို့၏ စွဲလမ်းရာဖြစ်ကုန်သော ခန္ဓာငါးပါး ဒုက္ခဖြစ်နေပုံ အထိ ပိုင်နိုင် ကြေညက်စွာ သိရှိရပေမည်။

ထို့ကြောင့် မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သစ္စသံယုတ်၊ အစဝဂ်၊ အစသုတ် ဆဋ္ဌမ စာမျက်နှာ ၃၆၃-၌-

ဣဒံ ဒုက္ခန္တိ
ယောဂေါ ကရဏီယော

ဤသည်ကား ဒုက္ခဟု သိရှိရန် အားထုတ်ရမည်ဟု ဟောတော်မူခဲ့လေသည်။

ဒုက္ခကို ပိုင်နိုင်စွာ သိသောအခါ ထို ဒုက္ခအစုတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်ရသည်ကို တစ်ဆင့်တက်ကာ ရှာဖွေရ၏။ ဆောင်းပါးအမှတ် ၄-နှင့် ၅-တို့တွင် ဒုက္ခ ဖြစ်ပေါ်နေရခြင်း၏ အကြောင်းရင်းမှာ တဏှာနှင့်အဝိဇ္ဇာကြောင့် ဖြစ်၏။ ထို့ကြောင့် တဏှာနှင့်အဝိဇ္ဇာ သတ်ရမည်ဟု ဟောတော်မူသော ပါဠိတော်များကို ဖော်ပြခဲ့၏။

ရှေ့၌ ဆက်လက် ဖော်ပြရမည်တို့မှာ ဝိပဿနာ ဘာဝနာလုပ်ငန်းအတွက် သက်ဆိုင်သည်တို့ကို ဒေသနာတော်အရပ်ရပ်တို့မှ ထိုက်သင့်သည့် အားလျော်စွာ ဖော်ပြသွားမည်ဖြစ်၏။

ယင်းသို့ မဖော်ပြသေးမီ ဖော်ပြခဲ့ပြီးသော ဆောင်းပါးငါးခုအတွက် ထပ်မံ သိရှိစေလိုပြန်သည်မှာ စကားပြောရာတွင်လည်းကောင်း၊ တရားဟောရာတွင်လည်းကောင်း၊ သီလပေးရာတွင်လည်းကောင်း၊ ဒကာ, ဒကာမ များအား ကုသိုလ်ပြုကြရာတွင် ဒါန, သီလ, သမထတို့တွင် ရပ်တန့်မနေကြဘဲ ဝိပဿနာ ဘာဝနာသို့ တက်ကြရန် ဝိပဿနာဝုရ ချီးမွမ်းခန်းကို ထည့်သွင်း ဟောပြောပေးရပေမည်။ အခါအခွင့် ရရှိတိုင်း ထည့်သွင်း ဟောပြောပေးရပေမည်။ ထိုမျှသာ မကသေး၊ အခါအခွင့်ကိုလည်း ဖန်တီးလျက် ဝိပဿနာ ဘာဝနာ ချီးမွမ်းခန်းကို ဟောပြောပေးရပေမည်။

ဤနည်းကို ရေးသား ဖော်ပြရခြင်းမှာ အချို့ တောမြို့ကျေးရွာများတွင် အများအားဖြင့် ဒါနမှု သီလမှု ပြုပါက မိမိတို့မှာ ဗုဒ္ဓဘာသာ သာသနာ တော်မြတ်ကြီးအတွက် ကိစ္စပြီးပြီဟု ရှုံးသားစွာ သိမှတ်ထားကြသည်ကို တွေ့ရှိရခြင်းကြောင့် ဖြစ်၏။

ဝိပဿနာဝုရ ချီးမွမ်းခန်း ပြီးသည့်နောက် ဒုက္ခခန်းကို တစ်ဆင့်တက်ကာ ပိုင်နိုင်စွာ ဟောပြော သင်ပြပေးရပေမည်။

ဤတွင် ဓမ္မစက္ကပဝတ္တနသုတ်၌ လာရှိသော ဒုက္ခသစ္စာနှင့်တကွ ဖော်ပြခဲ့ပြီးသော ဒုက္ခအစုစုတို့ကို ဟောပြော သင်ပြပေးရပေမည်။

ထိုမှတစ်ဖန် ဤဒုက္ခအစုစုတို့သည် တဏှာနှင့် အဝိဇ္ဇာတို့ကြောင့် ဖြစ်ပေါ်ရသည်ကို ရှင်းလင်း သင်ပြပေးရပေမည်။

ယင်းသို့လျှင် ဝိပဿနာဝုရ ချီးမွမ်းခန်းမှ စပြီးလျှင် ဒုက္ခသစ္စာ သမုဒယသစ္စာတို့ကို တိကျမှန်ကန်စွာ ရှင်းလင်း ဟောပြော သင်ပြပေးသော အခါ တရားနာသူသည် ဝိပဿနာ ဘာဝနာ ပွားများရေးကို အလိုရှိလာပေလိမ့်မည်။ ဤသည်ကား ယခင် ဖော်ပြခဲ့ပြီးသော ဆောင်းပါးငါးခုအတွက် လက်တွေ့အသုံးချနည်းတို့ပေတည်း။

ယခုအခါ ဝိပဿနာဘာဝနာအတွက် သိသင့်သိထိုက်သော အချက်အလက်များကို ဖော်ပြသွားမည့်အခါပေတည်း။ ထို့ကြောင့် သတင်းစာမှ ဆောင်းပါးများကို ဖြတ်ယူ ဖိုင်တွဲလျက် (၀၊) ကော်ပီစာအုပ်၌ ကူးယူထားလျက် ထပ်ကာ ထပ်ကာ ဖတ်ရှု လေ့ကျင့် ဆင်ခြင် သုံးသပ်တော်မူကြရန် ကြိုတင် တိုက်တွန်းပါ၏။

ဒုက္ခခပ်သိမ်း ကင်းငြိမ်းသော နိဗ္ဗာန်ချမ်းသာ ရရှိရေးမှာ ရှေးဦးစွာ နည်းလမ်းမှန်ကို ရရှိရေးသည် အရေးအကြီးဆုံး ပဓာနအချက်ကြီးဖြစ်၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ မဟာဝဂ်၊ အာနာပါနသတိကထာ၊ ဆဋ္ဌမ စာမျက်နှာ ၁၆၈-၌-

အရဟတ္တမဂ္ဂဿ
ပဋိပဒါ ဝိသုဒ္ဓိ အာဒိ။

http://www.dhammadownload.com

အရဟတ္တမဂ်၏ အစကား အကျင့်စင်ကြယ်ခြင်း ပဋိပဒါဝိသုဒ္ဓိတည်း။ (ဆ၊မြန်၊စာ ၂၁၅)

ဤပါဠိတော်အရ မဂ်ဖိုလ်နိဗ္ဗာန် ရရှိရေးတွင် အကျင့်လမ်းမှန်ဖို့ အရေးကြီးသည်ကို သိအပ်လေသည်။ ထိုမှတစ်ပါးသော မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သောတာပတ္တိသံယုတ်၊ သဂါထက ပုညာဘိသန္ဒဝဂ် အဂ်သုတ် ဆဋ္ဌမ စာမျက်နှာ ၂၅၄-၌

စတ္တာရိမာနိ ဘိက္ခဝေ
သောတာပတ္တိ ယင်္ဂါနိ။
ကတမာနိ စတ္တာရိ
သပ္ပုရိသသံသေဝေါ သဒ္ဓမ္မဿဝနံ
ယောနိသောမနသိကာရော
ဓမ္မာနုဓမ္မပဋိပတ္တိ။
ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ
သောတာပတ္တိယင်္ဂါနိတိ။

ရဟန်းတို့၊ သောတာပန်ဖြစ်ကြောင်း အင်္ဂါတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း။ သူတော်ကောင်းကို မှီဝဲပေါင်းသင်းခြင်း၊ သူတော်ကောင်းတရားကို ကြားနာခြင်း၊ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ တရားအားလျော်သောအကျင့်ကို ကျင့်ခြင်းတို့တည်း။ ရဟန်းတို့၊ သောတာပန်ဖြစ်ကြောင်း အင်္ဂါတို့သည် ဤလေးပါးပင်တည်းဟု မိန့်တော်မူ၏။

(ဆ၊မြန်၊စာ ၃၅၉)။

ဤပါဠိတော်အရလည်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိအောင် ပြသနိုင်သော ဆရာကောင်း ရရှိရန်မှာ ရှေးဦးစွာ အရေးကြီးသောအချက်ကြီးတစ်ရပ်ဖြစ်ခြင်းကို ကောင်းစွာ သိအပ်ပြန်လေသည်။

ယခုအခါ ကမ္မဋ္ဌာန်း နည်းပြ ဆရာများ မြောက်မြားစွာ ပေါ်ထွက်လာသော်လည်း အစစ်အမှန်ကား နည်းပါး၍ မဂ်တုဖိုလ်တု ကမ္မဋ္ဌာန်းတုများက ပိုမို များပြားနေသည်ကို တွေ့ရှိရ၏။ သောတာပန်အတုများကိုသာမက ရဟန္တာအတုများပင် ပေါ်ထွက်လာသည်ကို တွေ့ရ၏။ ဤသို့အထိ သာသနာတော်မြတ်ကြီး၏ ဘေးရန်မှာ ကြောက်ဖွယ်လိလိ ဖြစ်၍လာချေပြီ။

ဤ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၏ ဘေးရန်ကြီးကို ရဟန်းတော် အရှင်မြတ်များနှင့် တကွ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် အချိန်မနှောင်းမီ ကာကွယ်ပေးတော်မူကြရန် အထူးတိုက်တွန်းပါ၏။ မိမိအတွက်ကား မဂ်တု ဖိုလ်တု ကမ္မဋ္ဌာန်းတုများကို အမုန်းခံကာ ကာကွယ်တိုက်ဖျက်နေသည်မှာ တစ်ဆယ့်ငါးနှစ်ခန့် ကြာရှိခဲ့လေပြီ။

တရားတော် အစစ်အမှန်နှင့် အတုကို ခွဲခြားသိရှိနိုင်စိမ့်သောဌာ မဟာပဒေသတရားလေးပါးကို ဗုဒ္ဓမြတ်စွာသည် သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ် (ဆ၊မြန်၊စာ ၁၁၉)၌ ဟောတော်မူသည်၏ အတိုချုပ်သဘောမှာ-

၁။ ငါသည် ဤတရားတော်ကို ဗုဒ္ဓမြတ်စွာ၏ မျက်မှောက်တော်မှ ကြားနာခဲ့ရ၏။
၂။ ငါသည် ဤတရားတော်ကို သံဃာတော်များထံမှ ကြားနာခဲ့ရ၏။
၃။ ငါသည် ဤတရားတော်ကို အကြားအမြင်များလျက် နှုတ်ငုံဆောင်သော မထေရ်ကြီးများအထံတော်မှ ကြားနာသင်ယူခဲ့ရ၏။
၄။ ငါသည် ဤတရားတော်ကို အကြားအမြင်များလျက် နှုတ်ငုံဆောင်သော မထေရ်ကြီး၏ အထံတော်မှ ကြားနာသင်ယူခဲ့ရ၏။

ဤသို့ပြောဟောပြားသော်လည်း လွယ်ကူစွာ လက်ခံခြင်းပယ်ခြင်းကို မပြုရ၊ ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော တရားတော်အရပ်ရပ်တို့နှင့် ကိုက်-မကိုက် ညှိနှိုင်းရမည်။ အကယ်၍ ကိုက်ညီသော် လက်ခံရာ၏။ မကိုက်ညီသော် ပယ်ရာ၏ဟု အထက်ပါ မဟာပဒေသတရား လေးပါးကို ဟောကြားတော်မူခဲ့၏။ ဤသဘောကိုပင် အဂုံတ္တိုရ်ပါဠိတော်၊ စတုက္ကနိပါတ်၊ သဠေတနိယဝဂ်၊ မဟာ

http://www.dhammadownload.com

ပဒေသသုတ် (ဆ။မြန်၊စာ ၅၀၂)တွင်လည်း ဟောတော်မူ၏။

ထို့ကြောင့် တရားစစ် တရားမှန် ဟုတ်မဟုတ်ကို သိရှိနိုင်ရန် ပါဠိတော်အရပ်ရပ်နှင့် မှတ်ကျောက်တိုက်ကြည့်ရပေမည်။ ပါဠိတော်အရပ်ရပ်နှင့် ကိုက်ညီသော် လက်ခံရပေမည်။ မကိုက်ညီသော် ပယ်ဖျက်ရပေမည်။ ဤကား ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ပေတည်း။

• • •

၇။ သမထနှင့်ဝိပဿနာ မတူ

ဝိပဿနာ မစမီ ရှေးဦးစွာ ကြိုတင်သိရမည့်အချက်များ

ဘာဝနာဟူသည် သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာဟူ၍ ၂-မျိုး ၂-စား ရှိ၏။ သမထ ဘာဝနာ ပွားများရာတွင် သမထ လေးဆယ် ရှိ၏။ ၎င်းတို့သည်ကား-

ကသိုဏ်း	.....	၁၀ ပါး
အသုဘ	.....	၁၀ ပါး
အနုဿတိ	.....	၁၀ ပါး
အပ္ပမညာ	.....	၄ ပါး
သညာ	.....	၁ ပါး
ဝဝတ္ထာန်	.....	၁ ပါး
အာရုပ္ပ	.....	၄ ပါး
	သမထ	၄၀ ပါး

ထို ၄၀-တို့အနက် ကြိုက်ရာ တစ်ပါးပါး ပွားများအားထုတ်နေခြင်းသည် သမထဘာဝနာကို ပွားများအားထုတ်သည် ဖြစ်၏။ ၎င်း ၄၀ အသေးစိတ်ကို အလိုရှိပါမူ သင်ကြားတ်ကျမ်း ကမ္မဋ္ဌာန်းပိုင်း အစတွင် ရရှိနိုင်လေသည်။

ဝိပဿနာဟူသည်ကား စက္ခု၊ သောတ, ဃာန, ဇိဝှာ စသည်တို့ကိုလည်းကောင်း၊ ရူပါရုံ, သဒ္ဒါရုံ စသည်တို့ကိုလည်းကောင်း၊ စက္ခုဝိညာဏ်, သောတဝိညာဏ် စသည်တို့ကိုလည်းကောင်း၊ ခန္ဓာငါးပါး၊ ဓာတ် ၆-ပါး၊ ဓာတ် ၁၈-ပါး စသည်တို့ကိုလည်းကောင်း၊ အနိစ္စ, ဒုက္ခ, အနတ္တ၊ အနိစ္စ ခယဋ္ဌေန၊ ဒုက္ခဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန စသည်တို့ဖြင့် လက္ခဏာရေးသုံးပါး တင် ရှုပွားများနေခြင်း ဖြစ်၏။

ဤတွင် အထူးကား သမထဘာဝနာတွင် လက္ခဏာရေးသုံးပါး မပါချေ။ ဝိပဿနာဘာဝနာ၌သာလျှင် လက္ခဏာရေးသုံးပါး ပါရှိလေသည်။ ထို့ကြောင့် လက္ခဏာရေးသုံးပါး မပါဘဲ သမထဘာဝနာ ပွားများနေခြင်းဖြင့် တစ်မဂ် တစ်ဖိုလ် ရရှိသည်ဆိုခြင်းသည် သဘာဝ မကျ၊ အကြောင်းမဟုတ်သည်ကို သိရှိထားရပေမည်။

ထိုမှတစ်ဖန် သိရှိအပ်ပြန်သည်မှာ ဝိပဿနာ ဘာဝနာ ပွားများရာ၌ နည်းသုံးမျိုး လာရှိ၏။ ၎င်းတို့မှာ သမထယာနိကနည်း၊ ဝိပဿနာယာနိကနည်း၊ ယုဂနဒ္ဓနည်း ဟူ၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော် ယုဂနဒ္ဓဝဂ် အစ၌လည်းကောင်း၊ အဂ္ဂိတ္ထိရ်ပါဠိတော် စတုက္ကနိပါတ် ပဋိပဒါဝဂ် ယုဂနဒ္ဓသုတ် စာမျက်နှာ ၄၇၅ ၌လည်းကောင်း လာရှိလေသည်။

သမထယာနိက ဆိုသည်မှာ ရှေးဦးစွာ စျာန်ရအောင် ကျင့်ပြီးမှ ဝိပဿနာဘာဝနာ ဘက်သို့ ကူးပြောင်းလာခြင်းဖြစ်၏။

ဝိပဿနာယာနိက ဆိုသည်မှာ စျာန်ရအောင် သမထဘာဝနာကို မကျင့်တော့ဘဲ

http://www.dhammadownload.com

ဝိပဿနာဘာဝနာကို စ၍ လေ့ကျင့်ပွားများ အားထုတ်ခြင်း ဖြစ်၏။ ဤ ဝိပဿနာဘာဝနာ ပွားများနည်းကို ရှေ့အပတ်များတွင် ထိုက်သည် အားလျော်စွာ ဖော်ပြပေအုံ့။

ယုဂနဒ္ဓနည်း ဆိုသည်မှာ စုံတွဲလျက် သမထကို ပွားများလိုက်၊ ဝိပဿနာကို ပွားများလိုက်၊ ထိုမှတစ်ဆင့် သမထကို ပွားများလိုက်၊ ဝိပဿနာကို ပွားများလိုက် ယင်းသို့ စုံတွဲ၍ လေ့ကျင့် ပွားများခြင်း ဖြစ်၏။

သမထဘာဝနာသက်သက်ကို ပွားများလျှင် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်၏။ သို့ရာတွင် ထာဝစဉ် ဒုက္ခကင်းငြိမ်းသော နိဗ္ဗာန်ချမ်းသာသို့ မရောက်ရှိနိုင်ခြင်းကို အထူး သိရှိအပ်လေသည်။

သမထယာနိုက, ဝိပဿနာယာနိုက, ယုဂနဒ္ဓနည်းတို့ကို သိရှိပြီး နောက်တစ်ဆင့်တက်ကာ သိရှိရန်မှာ ဝိပဿနာဘာဝနာ၏ သဘောသဘာဝကို နားလည်ရန်ဖြစ်၏။ ဤတွင် ဆောင်းပါး အမှတ် ၆-တွင် ဖော်ပြခဲ့သော "မဟာပဒေသတရား"လေးပါးသည် အလွန် အရေးကြီးလေသည်။ ယခုကဲ့သို့ မဂ်တု၊ ဖိုလ်တု၊ ကမ္မဋ္ဌာန်းတုများ ပေါများလှသောခေတ်တွင် မဟာပဒေသတရားလေးပါးသည် အလွန် ပိုမို အရေးကြီးလာပြန်သည်။ ထို့ကြောင့် စာတတ်ဖို့ လိုသည်။ စာဖတ်ဖို့ လို၏။ ဝိပဿနာဆိုင်ရာ ပါဠိတော်များကို မဖတ်လျှင် **ကမ္မဋ္ဌာန်းဆရာတု၏ အလိမ်ကို** ခံရ၏။

နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်ရှိရေးဖြစ်သော လောကီရေးသည် မခက်၊ ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူသော်လည်း နေဝသညာ နာသညာ ယတနဘုံအထိ ရောက်ရှိအောင် သွားနိုင်သော သမထဘာဝနာနည်း ရှိ၏။ ဝိပဿနာဘာဝနာ ပညာသည် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူမှ သိရှိရသော နည်းဖြစ်၏။

ထို့ကြောင့် ဝိပဿနာဘာဝနာလုပ်ငန်းမှာ လောကီရေးကဲ့သို့ လူနတ်ပြဟ္မာတို့၏ စိတ်ကူးဉာဏ်ဖြင့် လုပ်၍ မရနိုင်၊ (Philosophy) **ဖီလိုဆိုဖီ ခေါ် မိစ္ဆာဒိဋ္ဌိအယူရှိသူတို့၏** အရာမဟုတ်ချေ။ ဗုဒ္ဓမြတ်စွာ ညွှန်ပြတော်မူသော နည်းအတိုင်း အောက်ခြေကစ၍ တိကျ မှန်ကန်စွာ လိုက်နာကျင့်သုံးပါမှသာလျှင် အလိုရှိအပ်သော မဂ်ဖိုလ် နိဗ္ဗာန်သို့ ရရှိ ရောက်ရှိနိုင်လေသည်။

အိမ်ဆောက်ရာတွင် အောက်ခြေတိုင် မစိုက်ဘဲ အိမ်၏ အမိုးကို တင်ခြင်းသည် သဘာဝမကျ။ အကြောင်းမဟုတ်၊ ထို့ကြောင့် ဝိပဿနာဘာဝနာကို ပွားများ အားထုတ်မည် ဆိုပါက ဝိပဿနာဘာဝနာ၏ ပဓာနအချက်ကြီးဖြစ်သော အနတ္တသဘောသဘာဝကို ဝိပဿနာဘာဝနာ မပွားများမီ ရှေးဦးစွာ သုတမယဉာဏ်အားဖြင့် တိကျမှန်ကန်စွာ သိရှိရန် ကြိုးစားရ၏။ အကြောင်းသော်ကား ဗုဒ္ဓဝါဒကျင့်စဉ် ဆောင်ပုဒ်မှာ "သဗ္ဗေ ဓမ္မာ အနတ္တာ"ဖြစ်သောကြောင့်ပေတည်း။

အနတ္တဝါဒသဘောကို သုတမယဉာဏ်အားဖြင့် သဘောမပေါက်ဘဲ (၀ါ) ဒိဋ္ဌိဝိသုဒ္ဓိ မဖြစ်ဘဲ အတ္တနှင့် ဝိပဿနာဘာဝနာကို ပွားများ အားထုတ်နေပါက မည်မျှပင် ကြိုးစား အားထုတ်သော်လည်း နည်းလမ်းမမှန်ခြင်းကြောင့် အလိုရှိအပ်သော မဂ်ဖိုလ်သို့ မရောက်ရှိနိုင်ခြင်းကို စွဲမြဲစွာ သိရှိထားရမည်။

ဝိပဿနာဘာဝနာကို မပွားများမီ အနုမာနအားဖြင့် အတ္တနှင့် အနတ္တကွဲရန် (၀ါ)အတ္တ မဟုတ် အနတ္တသဘာဝမျှသာ ဖြစ်ခြင်းကို သိရှိစေရန် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ရှည်လျားစွာ ဖွင့်ဆိုတော်မူခဲ့လေသည်။ ယင်းအဋ္ဌကထာ ပါဠိကို ဆရာတော် ဦးနန္ဒမာလာ ဘာသာပြန်ဆိုတော်မူရာ တတိယတွဲ အစမှ စာမျက်နှာ ၂၈၅ မျက်နှာ ရှိလေသည်။

http://www.dhammadownload.com

ယင်းသို့ အတ္တမရှိ၊ အနတ္တသဘာဝမျှသာ ရှိခြင်းကို သုတမယဉာဏ်အားဖြင့် ပိုင်နိုင်ကျေ ညက်စွာ သိရှိပြီးမှသာလျှင် ဝိပဿနာဘာဝနာ ပွားများမှုသို့ တက်ရောက် ပွားများ အားထုတ်ရ လေသည်။ သို့မှသာလျှင် အတ္တဒိဋ္ဌိ စင်ကြယ် လျက် အလိုရှိအပ်သော မဂ်ဖိုလ်ကို ရရှိနိုင်လေ သည်။ ထိုကြောင့် အဋ္ဌသာလိနီ နိက္ခေပကဏ္ဍ စာမျက်နှာ ၃၈၈-၌-

တာ သဗ္ဗာပိ မဂ္ဂါဝရဏာ
နိ သဂ္ဂါဝရဏာ။

ဟု ဖွင့်ဆိုတော်မူ၏။ ဆိုလိုရင်းအဓိပ္ပါယ်သော် ကား သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ စသော ဒိဋ္ဌိတို့ကို မခွာဘဲ ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်နေပါက အလိုရှိ အပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်၊ သို့ရာတွင် နတ်ရွာ သုဂတိသို့ ရောက်ခြင်းကိုကား မတားမြစ်ဟု မိန့်ဆိုတော်မူခြင်းဖြစ်၏။

အတ္တစွဲ မပါရဘဲ ဝိပဿနာဘာဝနာ ပွား များရမည်ကို ဝိသုဒ္ဓိမဂ် ဆရာတော် ဦးနန္ဒမာလာ ပြန်ဆိုတော်မူသော တတိယတွဲ စာမျက်နှာ ၃၅၈-၌

ငါသည် ဝိပဿနာ ရှုအံ့။
ငါ၏ ဝိပဿနာတည်း။

ဤသို့ ယူသော ယောဂီအား ဒိဋ္ဌိ၏ ပျောက် ကွာခြင်းသည် မဖြစ်ဟု အဋ္ဌကထာ ဖွင့်ဆိုတော် မူလေသည်။ ထို့ကြောင့် ဝိပဿနာဘာဝနာ ပွား များရာတွင် ငါမပါရ၊ ငါမရှိ၊ အတ္တမဟုတ်၊ အတ္တ မရှိ၊ အတ္တစွဲမပါရ၊ အနတ္တသဘာဝမျှသာ ဖြစ်ခြင်း ကို သဘောပေါက်ရန် ရှေးဦးစွာ ကြိုးစားရမည်။

ယခုအခါ ယောဂီတို့သည် မိမိက ငါက ခန္ဓာ ငါးပါးကို ဝိပဿနာ ရှုနေသည်ကို တွေ့ရှိရ၏။ ၎င်းတို့သည် အတ္တစွဲမပြုတ်၊ အတ္တစွဲမပြုတ်က မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်၊ အတ္တနှင့်အနတ္တ မကွဲဘဲ အတ္တစွဲနှင့် ဝိပဿနာဘာဝနာကို ပွား များ အားထုတ်နေပါက မဂ်ဖိုလ်စစ်ကို မရရှိနိုင်၊ ကမ္မဋ္ဌာန်းဆရာတု ပေးသော မဂ်တုဖိုလ်တု နိဗ္ဗာန်တုကိုသာ ရရှိနိုင်ပေမည်။ ဤသို့ ယောဂီ ပုဂ္ဂိုလ် နှစ်နာရခြင်းမှာ ကမ္မဋ္ဌာန်းဆရာတုကြောင့် ဖြစ်ရလေသည်။

အတ္တစွဲမပါဘဲ ဝိပဿနာဘာဝနာ ပွားများ ပုံကို ယင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဆက်လက် ဖွင့်ဆိုတော်မူသည်မှာ-

သခ်ါရာ သခ်ါရေ
ဝိပဿန္တိ သမ္မသန္တိ။

စသည်ဖြင့် လာရှိ၏။ မြန်မာပြန်ကား သခ်ါရတို့ သည်သာလျှင် သခ်ါရတို့ကို ရှုကုန်၏။ သုံးသပ် ကုန်၏ စသည်ဖြင့် လာရှိလေသည်။ ဤတွင် အဋ္ဌကထာ၏ အာဘော်အရ ဝိပဿနာ ပွားများ ရာတွင် ငါမရှိ၊ ငါမဟုတ်၊ အတ္တစွဲ မပါရ၊ အနတ္တ သဘာဝမျှသာ ဖြစ်သော စိတ် စေတသိက် ရုပ် သခ်ါရတရားတို့ ဖြစ်ပျက်နေပုံကို သခ်ါရတရား ဖြစ်သော စိတ်နှင့် စေတသိက်တို့က ဝိပဿနာ ဘာဝနာ ပွားများ အားထုတ်ခြင်းမျှသာ ဖြစ်ရ ပေမည်။

ဤတွင် နိုင်ုံးချုပ်ကား ဝိပဿနာဘာဝနာကို မပွားများမီ ရှေးအဖို့ကပင်လျှင် အတ္တနှင့်အနတ္တ ကို အနုမာနအားဖြင့် ကွဲရန် အဋ္ဌကထာ ဆရာ မြတ် ဖွင့်ဆိုတော်မူခြင်းဖြစ်၏။ ပါဠိတော်များ၌ အတ္တစွဲနှင့် ဝိပဿနာ ပွားများ အားထုတ်ပါက အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန် မရောက်ရှိနိုင် ပုံကို ဆက်လက် ဖော်ပြဦးအံ့။

● ● ●

http://www.dhammadownload.com

အဋ္ဌကထာနှင့်တကွ ပါဠိတော်များအရ

၈။ အတ္တနှင့်အနတ္တ မကွဲလျှင်

ဝိပဿနာကို မပွားလေနှင့်ဦး။

ယခင်အပတ်က ဝိပဿနာဘာဝနာလုပ်ငန်းကို လုပ်ကိုင်မည်ဆိုသော် ရှေးဦးစွာ အတ္တနှင့် အနတ္တ ကွဲရမည်ဆိုသော အဋ္ဌကထာ အာဘော်ကို ပြခဲ့ပြီးဖြစ်ရာ ယခုသော် ပါဠိတော်၌ ဟောတော်မူသည်ကို ဖော်ပြပေအံ့။

အနတ္တသဘာဝမမှန်ကို သဘောမပေါက်ဘဲ အတ္တစွဲဖြင့် ဝိပဿနာဘာဝနာကို ပွားများ အားထုတ်နေပါက မိမိအလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်ပုံကို မူလပဏ္ဏာသ ပါဠိတော်၊ သီဟနာဒဝဂ်၊ စူဠသီဟနာဒသုတ် (ဆ၊မြန်၊စာ ၉၉)၌ ရှည်လျားစွာ ဟောတော်မူသည်တို့မှ ဤတွင် လိုရင်းကို စာမျက်နှာ ၁၀၃-မှ အတိုချုပ် ကောက်နုတ် ဖော်ပြပေအံ့။

နိဗ္ဗာန်ရောက်ကြောင်းတွင် ပယ်အပ်သော ဥပါဒါန်တရားလေးပါးတို့သည် ရှိကုန်၏။ ၎င်း ၄-ပါးတို့သည်ကား-

ကာမုပါဒါန်
ဒိဋ္ဌုပါဒါန်
သီလဗ္ဗတုပါဒါန်
အတ္တဝါဒုပါဒါန်

တို့ဖြစ်၏။ ဗုဒ္ဓမြတ်စွာ မပွင့်မီအခါက ပြဟ္မဏာတို့သည် ပထမဥပါဒါန် ၃-မျိုးတို့ကို ပယ်ဖျက်ရမည်ဟူ၍ သိကြသော်လည်း အတ္တဝါဒုပါဒါန်(အတ္တစွဲ)ကို ပယ်ဖျက်ရမည်ဟု မသိရှာကြချေ။ ထို့ကြောင့် ပြဟ္မဏာတို့သည် ဝဋ်မှ လွတ်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာသို့ မရောက်ရှိနိုင်ကြောင်းကို ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

ဤတွင် သိရှိရန်မှာ အနတ္တသဘာဝမျှသာ ရှိခြင်းကို ပြဟ္မဏာတို့ မသိရှာကြဘဲ အတ္တစွဲ ရှိနေကြခြင်းကြောင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းကို အထူး သိအပ်လေသည်။

ခန္ဓဝဂ္ဂ၊ ခန္ဓသံယုတ်ပါဠိတော်၊ ထေရဝဂ်၊ ယမကသုတ် (ဆ၊မြန်၊စာ ၄၈)၌ ရှည်လျားစွာ လာရှိသည့်အတိုချုပ်မှာ-

အရှင်ယမကသည် အာသဝေါတရားကုန်ပြီးသော ရဟန်းသည် ကိုယ်ခန္ဓာပျက်စီးခြင်းကြောင့် ပြတ်၏၊ ပျောက်၏၊ သေသည်၏နောက်၌ မဖြစ်ဟု အယူရှိနေ၏။ ဤအယူသည် သာမန်အားဖြင့် မှန်သည်ဟုထင်ရသော်လည်း အမှန်စင်စစ်ကား မှားသောအယူ ဖြစ်နေ၏။ ထို့ကြောင့် အရှင်ယမကသည် မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိဘဲ ဖြစ်နေရ၏။

အမှန်အားဖြင့်ဆိုသော် လူ နတ် ပြဟ္မာ သတ္တဝါဟူသည်မရှိ၊ ရဟန်းဟူသည် မရှိ၊ သမ္မုတိသစ္စာအခေါ်မျှသာ ဖြစ်၏။ (ဆောင်းပါးအမှတ် ၂-ကို ကျေးဇူးတင်စွာ ပြန်လည်ဖတ်ရှုပါလေ)။

ဤတွင် အရှင်ယမကသည် ပရမတ္ထသဘာဝမျှသာဖြစ်သော ခန္ဓာငါးပါး ချုပ်ငြိမ်းသွားခြင်းကို သဘောမမိ၊ အတ္တစွဲဖြင့် တကယ်မရှိသော ရဟန်းကို မြင်နေ၏။ မကြာမီ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က အနတ္တသဘာဝကို ရှင်းလင်းဟောပြတော်မူသောအခါ အရှင်ယမကသည် (အာသဝေဟိ စိတ္တံ ဝိမုတ္တံ) အာသဝေါတရားတို့ ကုန်ခြင်းသို့ရောက်ရှိသွားတော်မူလေသည်။ ဤတွင်လည်း အတ္တနှင့် အနတ္တ မကွဲမှုပင်တည်း။

http://www.dhammadownload.com

သဂါထာဝဂ္ဂ ဒေဝတာ သံယုတ်ပါဠိတော်၊ သတ္တိဝဂ်၊ ပထမသုတ်၊ ဆဋ္ဌမူ စာမျက်နှာ ၂၁-၌ ဒေဝတာတစ်ဦး၏ လျှောက်ထားချက်ကို ဗုဒ္ဓ မြတ်စွာ ပြင်၍ ညွှန်ပြတော်မူသည်မှာ-

သတ္တိယာ ဝိယ သြမဒ္ဒေ၊
ဒုယှမာနော၀ မတ္ထကေ။
ကာမရာဂပ္ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

ဒေ၀တာလျှောက်သည်မှာ လုံ့ဖြင့်အထိုးခံရ သောသူကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မီးလောင် ခံရသောသူကဲ့သို့လည်းကောင်း၊ ရဟန်းသည် ကာမဂုဏ်၌ တပ်စွန်းမှု ရာဂကို ပယ်ရန် သတိနှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏ဟု လျှောက်၏။

ဤလျှောက်ထားချက်မှာ အထက်တွင်ဖော် ပြခဲ့သော ဥပါဒါန်တရားလေးပါးတို့အနက် အတ္တ ဝါဒုပါဒါန်(အတ္တစွဲ)ကို ပယ်ဖျက်ရမည်ဟု ဒေ၀တာ တို့ မသိရှာကြ၍ ကာမရာဂကို ပယ်ရ၏ဟု လျှောက်ထားခြင်းဖြစ်၏။ ထိုအခါ ဗုဒ္ဓမြတ်စွာက ဒေ၀တာ၏ လျှောက်ထားချက်ကို ပြင်တော်မူ လိုက်သည်မှာ-

သတ္တိယာ ဝိယ သြမဒ္ဒေ၊
ဒုယှမာနော၀ မတ္ထကေ။
သက္ကာယ ဒိဋ္ဌိ ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

လုံ့ဖြင့် အထိုးခံရသောသူကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မီးလောင်ခံရသောသူကဲ့သို့လည်း ကောင်း၊ ရဟန်းသည် ပရမတ္ထအားဖြင့် ထင်ရှား ရှိသော ခန္ဓာငါးပါး၌ အမြင်မှားမှု သက္ကာယဒိဋ္ဌ ကို ပယ်ရန် သတိနှင့်ပြည့်စုံသည်ဖြစ်၍ နေရာ ၏ဟု မိန့်တော်မူ၏။ (ဆ၊မြန်၊စာ ၁၂)။

ဤတွင် သက္ကာယဒိဋ္ဌဆိုသည်မှာ ခန္ဓာငါးပါး ၌ အတ္တစွဲရှိနေခြင်းကို ပယ်ခွာရန် ညွှန်ပြတော် မူလိုက်ခြင်းဖြစ်၏။ သက္ကာယဒိဋ္ဌနှင့် အတ္တဒိဋ္ဌတို့ မှာ အတူတူပင် ဖြစ်လေသည်။

ဤပါဠိတော်အရလည်း ပြဟ္မာတို့သည် အတ္တ စွဲကို ပယ်ဖျက်ရမည်ကို မသိရှာကြချေ။ (၀၊) အနတ္တသဘာ၀မျှသာရှိသည်ကို မသိရှာကြချေ။

ဝိနည်း မဟာ၀ါပါဠိတော်၊ မဟာခန္ဓက၊ ပဌ ဝဂ္ဂိယကထာ၊ စာမျက်နှာ ၁၈၊ အနတ္တလက္ခဏ သုတ်၌လည်းကောင်း၊ ခန္ဓ၀ဂ္ဂ၊ ခန္ဓသံယုတ်ပါဠိတော်၊ ဥပယ၀ဂ် စာမျက်နှာ ၅၅-၌လည်းကောင်း အနတ္တ လက္ခဏသုတ်ကို ဟောတော်မူရာ၌ လာရှိသည် မှာ-

ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံ၀တ္တေယျ၊ လဗ္ဘေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ" တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံ၀တ္တတိ၊ နစ လဗ္ဘတိ ရူပေ "ဧဝံမေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ။

ရဟန်းတို့၊ ရူပ်သည် အတ္တမဟုတ်၊ ရဟန်း တို့၊ ရူပ်သည် အတ္တဖြစ်ခဲ့ငြားအံ့၊ ဤရူပ်သည် နာကျင်ခြင်းငှာ မဖြစ်ရာ၊ ငါ၏ရူပ်သည် ဤသို့ ဖြစ်စေ၊ ရူပ်သည် ဤသို့မဖြစ်စေလင့်ဟု ရူပ်၌ တောင့်တမှုကို ရကောင်းရာ၏။ ရဟန်းတို့၊ ရူပ် သည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းငှာ ဖြစ်၏၊ ငါ၏ရူပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရူပ် သည် ဤသို့မဖြစ်စေလင့်ဟု ရူပ်၌ တောင့်တမှု ကိုလည်း မရ။

ဤတွင် စာကြောင်းရေ များမည်ကြောင့် ပါဠိတော် အပြည့်အစုံကို မဖော်ပြနိုင်ပြီ။ ဤ အနတ္တလက္ခဏသုတ်ကို ဓမ္မကထိကသည်လည်း ကောင်း၊ ကမ္မဋ္ဌာန်းဆရာသည်လည်းကောင်း၊ ကမ္မဋ္ဌာန်းဆရာ၏ တပည့်သည်လည်းကောင်း အလွတ်အာဂုံ ဆောင်ထားရမည့် ဒေသနာတော် တစ်ရပ်ဖြစ်၏။ ဝိပဿနာလုပ်ငန်းအတွက် အထူး အကွက်ဆိုက်သော ပါဠိတော်တစ်ရပ် ဖြစ်၏။

http://www.dhammadownload.com

ဤဒေသနာတော် အပြည့်အစုံကို လေ့လာသောအခါ ခန္ဓာငါးပါးသည် အတ္တမဟုတ်၊ အနတ္တ ဓမ္မသဘာဝဖြစ်ခြင်းကို ဟောတော်မူသော ဒေသနာတော်ဖြစ်သည့်ပြင် အနတ္တဓမ္မသဘာဝနှင့် အလုပ်လုပ်မှ မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ရှိမည် ဆိုသည်ကို ထင်ရှားစွာ ပြတော်မူသော ဒေသနာတော် ဖြစ်လေသည်။

လောကကြီးတွင် အတ္တမရှိ အနတ္တသဘာဝမျှသာ ဖြစ်ခြင်းကို ဟောတော်မူသော ပါဠိတော်များ မြောက်မြားစွာ ကျန်ရှိပေသေး၏။ သို့ရာတွင် နိဂုံးချုပ်အနေဖြင့် မဂ်စစ် ဖိုလ်စစ် နိဗ္ဗာန်စစ်ကို အလိုရှိပါက အတ္တနှင့် အလုပ်လုပ်၍မရနိုင်၊ အနတ္တသဘာဝဓမ္မဖြင့် အလုပ်လုပ်မှသာလျှင် အလိုရှိအပ်သော မဂ်စစ် ဖိုလ်စစ် နိဗ္ဗာန်စစ်သို့ ရောက်ရှိနိုင်ခြင်းကို အဂုတ္တိရ်ပါဠိတော်၊ ဆက္ကနိပါတ်၊ အာနိသံသဝဂ်၊ အနတ္တသုတ် ဆဋ္ဌမ စာမျက်နှာ ၃၈၅-နှင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော် ၄၁၀ ၌ ဟောတော်မူသည်မှ အတိုချုပ် လိုရင်းကို ကောက်နုတ်ဖော်ပြပေအုံ့။

သော ဝတ ဘိက္ခဝေ ဘိက္ခု ကိဉ္စိ
ဓမ္မံ အတ္တတော သမနုပဿေယ္ယ
အနုလောမိကာယ ခန္တိယာ
သမန္နာဂတော ဘဝိဿတိတိ
နေတံ ဌာနံ ဝိဇ္ဇတိ။

ရဟန်းတို့၊ တစ်စုံတစ်ခုသောတရားကို အတ္တအားဖြင့် ရှုသော် ထိုရဟန်းသည် စင်စစ်အားဖြင့် အနုလောမိကခန္တီ လောကုတ္တရာတရားအားလျော်သော ပညာနှင့် ပြည့်စုံလိမ့်မည်ဟူသော အကြောင်းသည် မရှိနိုင်။ (ဤကား အတိုချုပ်မျှသာ ဖြစ်ခြင်းကြောင့် အထက်၌ ဖော်ပြထားသော မူရင်းကျမ်းကို ဆက်လက် ဖတ်ရှုတော်မူကြရန် အထူး တိုက်တွန်းပါ၏။)

သော ဝတ ဘိက္ခဝေ ဘိက္ခု
သဗ္ဗမေဝ အနတ္တတော
သမနုပဿေယ္ယ အနုလောမိကာယ
ခန္တိယာ သမန္နာဂတော ဘဝိဿတိတိ
ဌာနမေတံ ဝိဇ္ဇတိ။

ရဟန်းတို့၊ အလုံးစုံသောတရားတို့ကို အနတ္တအားဖြင့် ရှုသော ထိုရဟန်းသည် စင်စစ်အားဖြင့် အနုလောမိက ခန္တီနှင့် ပြည့်စုံလိမ့်မည်ဟူသော ဤအကြောင်းသည် ရှိနိုင်၏ဟု မိန့်တော်မူ၏။

(ဆ၊မြန်၊စာ ၄၈၆)။

ဤ ပါဠိတော်အရလည်း အတ္တနှင့် အနတ္တ မကွဲဘဲ တစ်နည်းဆိုသော် အတ္တနှင့်အလုပ် လုပ်လိုပါက မိမိအလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်၊ အနတ္တသဘာဝဓမ္မနှင့် အလုပ်လုပ်မှသာလျှင် ရောက်ရှိနိုင်ခြင်းကို ထင်ရှားစွာ သိအပ်လေပြီ။

ဤတွင် နိဂုံးချုပ်ကား လွန်ခဲ့သည့်အပတ်က ဖော်ပြခဲ့သော အဋ္ဌကထာများနှင့်တကွ အထက်တွင် ဖော်ပြအပ်သော ပါဠိတော်များ အရ ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်ရာ၌ သုတမယဉာဏ်အားဖြင့် အတ္တနှင့် အနတ္တ မကွဲဘဲ အတ္တစွဲဖြင့် ပွားများ အားထုတ်နေပါက မိမိအလိုရှိအပ်သော မဂ်စစ်၊ ဖိုလ်စစ်၊ နိဗ္ဗာန်စစ်သို့ မရောက်ရှိနိုင်ခြင်းကို စွဲမြဲစွာ သိရှိထားရပေမည်။

ထို့ကြောင့် ဆောင်းပါး ၆-ခု၌ အရဟတ္တ မဂ္ဂသ ပဋိပဒါ ဝိသုဒ္ဓိ အာဒိဟူ၍ ဖော်ပြခဲ့သည့် အတိုင်း ဝိပဿနာဘာဝနာကို ပွားများ အားထုတ်တော့မည်ဆိုပါက နည်းလမ်းမှန် အကျင့်မှန်ကို ရရှိရန် ဦးစွာ သုတမယဉာဏ်အားဖြင့် အတ္တနှင့် အနတ္တကွဲရန် အထူး ကြိုးစားရပေမည်။

● ● ●

http://www.dhammadownload.com

ဝိပဿနာ ဘာဝနာ လုပ်ငန်းအတွက်

၉။ ဆရာကောင်းရရှိန် နည်းလမ်း

ဝိပဿနာဘာဝနာလုပ်ငန်းအတွက် သိသင့်သိထိုက်သော အချက်အလက်တို့ကို ဆက်လက်ဖော်ပြဦးအံ့။

ဝိပဿနာဘာဝနာ ပွားများရေးအတွက် ဆရာကောင်းကို ရှာဖွေရမည်ဟု ပါဠိတော်များတွင် များစွာ ဟောတော်မူခဲ့လေသည်။ ဆောင်းပါး ၆-တွင်လည်း-

စတ္တာရိမာနိ ဘိက္ခဝေ
သောတာပတ္တိယင်္ဂါနိ။

အစရှိသော ပါဠိတော်ကို ဖော်ပြခဲ့၏။ ဤတွင် ဆရာကောင်းဆိုရာဝယ် အဘယ်သို့ ဆရာကောင်း ဟုတ်မဟုတ်ကို သိရပါအံ့နည်းဆိုသော ပြဿနာတစ်ရပ်သည် ထွက်ပေါ်လာ၏။

အဖြေကား ကျမ်းဂန်အရပ်ရပ်တို့နှင့် ကိုက်ညီစွာ သင်ပြပေးနိုင်သော ပုဂ္ဂိုလ်ကို ဆရာကောင်းဟု ဆိုအပ်၏။ ဤအဖြေသည် အဖြေမှန် ဖြစ်သော်လည်း မိမိက ကျမ်းဂန်မန္ဒံစပ်ခြင်းကြောင့် အဘယ်ဆရာသည် မှန်၍ အဘယ်ဆရာသည် မှားသည်ဟု သိရှိရန် ခဲယဉ်းနေပြန်၏။

ထို့ကြောင့် ဆရာကောင်း ရရှိရေးအတွက် စုံစမ်းရန် အချက်အလက်ပေါင်းများစွာ ရှိသည့်အနက် ဤတွင် အနည်းငယ်ကို ဖော်ပြပေအံ့။

သဿတဒိဋ္ဌိ
ဥစ္ဆေဒဒိဋ္ဌိ
သက္ကာယဒိဋ္ဌိ

စသော ဒိဋ္ဌိတို့ကို သုတမယဉာဏ်အားဖြင့် ကွဲအောင် စင်ကြယ်အောင် ပြသပေးနိုင်သော ပုဂ္ဂိုလ် ဖြစ်ရပေမည်။

ထိုမှတစ်ပါး ရူပ်နာမ်တို့၏ သာမညလက္ခဏာနှင့်တကွ ပထဝီ,အာပေါ စသော ရူပ်တို့၏ တစ်ပါးတစ်ပါးစီ ရအပ်သော ဝိသေသလက္ခဏာတို့ကို လည်းကောင်း၊ ဖဿ,ဝေဒနာ,သညာ,ဝိညာဏ် စသော နာမ်တရားတို့၏ တစ်ပါးတစ်ပါးစီ ရအပ်သော ဝိသေသလက္ခဏာတို့ကိုလည်းကောင်း နားလည်အောင် သင်ပြပေးနိုင်သောပုဂ္ဂိုလ် ဖြစ်စေရမည်။

ဂင်းပြင် သမ္မာဃန, သန္တတိဃန, အာရမ္မဏဃန စသော ဃနတို့ကို စင်ကြယ်အောင် ပြသပေးနိုင်သော ပုဂ္ဂိုလ် ဖြစ်စေရမည်။

တစ်ဖန်သော် သစ္စာလေးပါးတရားတော်ကို ဆောင်းပါး ၂-ခုတွင် ဒုက္ခသစ္စာကို ရှင်းလင်းဖော်ပြဘိသကဲ့သို့ ကျန်သစ္စာသုံးပါးကိုလည်း မိမိသဘောပေါက်အောင် ရှင်းလင်း သင်ပြပေးနိုင်သော ပုဂ္ဂိုလ် ဖြစ်ရပေမည်။

တစ်နည်းသော် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ယုံမှားခြင်း တစ်ဆယ့်ခြောက်ချက် ကင်းစင်၍ အနတ္တခမ္မသဘာဝ ပေါ်အောင် သင်ပြပေးနိုင်သော ပုဂ္ဂိုလ် ဖြစ်ရပေမည်။

ထိုမှတစ်ဖန် မဟာသတိပဋ္ဌာနဒေသနာတော်ကို ပါဠိတော်တို့၌ လာရှိသည့်အတိုင်း တိကျမှန်ကန်စွာ သင်ပြပေးနိုင်သော ပုဂ္ဂိုလ်ဖြစ်ရပေမည်။

ဤတွင် အကုန် မဟုတ်သေးသော်လည်း နောက်ဆုံးအနေဖြင့် ဖော်ပြရသော် ခမ္မကထိက အရည်အချင်းနှင့် ပြည့်စုံသော ဆရာ ဖြစ်ရပေမည်။

ခမ္မကထိက၏ အရည်အချင်းဆိုသည်မှာ နိဒါန ဝဂ္ဂသံယုတ်ပါဠိတော်၊ နိဒါန်းသံယုတ်၊ အာဟာရဝဂ်၊ ခမ္မကထိကသုတ်၊ ဆဋ္ဌမူ စာမျက်နှာ ၂၅၈-၌

http://www.dhammadownload.com

ဓမ္မကထိကော ဓမ္မကထိကောတိ
ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ
ဘန္တေ ဓမ္မကထိကော ဟောတီတိ။

အရှင်ဘုရား၊ တရားဟောသူ ဓမ္မကထိက တရားဟောသူ ဓမ္မကထိကဟု ဆိုအပ်ပါ၏။ အရှင်ဘုရား၊ အဘယ်မျှဖြင့် တရားဟောသူ ဓမ္မကထိက ဖြစ်ပါသနည်းဟု လျှောက်၏။

ဤအမေးကို ဖြေဆိုတော်မူရာ၌ ဤသတင်းစာတွင် ကော်လံမများစေရန် အတိုချုပ် လိုရင်းကို ဖော်ပြရသော် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ လာရှိသော အဂ်ါ ၁၂-ပါးကို ငြီးငွေ့စေရန်၊ တပ်မက်မှုကင်းစေရန်၊ ချုပ်ငြိမ်းရန် ဟောပြောသော ရဟန်းကို သို့မဟုတ် မိမိကိုယ်တိုင် ကျင့်သော ရဟန်းကို ဓမ္မကထိကဟူ၍ ခေါ်ဆိုအပ်၏ဟု ဖြေဆိုတော်မူလေသည်။ (အဓိပ္ပါယ်ကို ပိုမိုထင်ရှားစေရန် ဆဋ္ဌမှု မြန်မာပြန်စာမျက်နှာ ၂၄၃ ကို ဆက်လက်ဖတ်ရှုတော်မူကြပါလေ။)

ထိုမှတစ်ပါး သင္ဘာယတနဝဂ္ဂသံယုတ် ပါဠိတော်၊ သင္ဘာယတနသံယုတ်၊ နဝပုရာဏဝဂ်၊ ဓမ္မကထိကပုစ္ဆသုတ်၊ ဆဋ္ဌမှု စာမျက်နှာ ၃၅၃-၌ ရဟန်းတစ်ပါးက-

ဓမ္မကထိကော ဓမ္မကထိကောတိ
ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ
ဘန္တေ ဓမ္မကထိကော ဟောတီတိ။

ဟု မေးလျှောက်ရာ ဗုဒ္ဓမြတ်စွာ ဖြေဆိုတော်မူသည့် အတိုချုပ်မှာ စက္ခု,သောတ,ဃာန,ဇိဝှာ,ကာယ, မနတို့ကို ငြီးငွေ့ခြင်းငှာ၊ စွဲမက်မှုကင်းခြင်းငှာ တရားကို ဟောခဲ့မူ ဓမ္မကထိက ရဟန်းဟု ဆိုခြင်းငှာ ထိုက်၏။ ရဟန်းသည် စက္ခု,သောတ,ဃာန,ဇိဝှာ,ကာယ,မနတို့ကို ငြီးငွေ့ခြင်းငှာ၊ စွဲမက်မှုကင်းခြင်းငှာ၊ ချုပ်ခြင်းငှာ ကျင့်ခဲ့သည်ဖြစ်မူ တရားတော်အားလျှော်သော အကျင့်ကို ကျင့်သောရဟန်းဟုဆိုခြင်းငှာ ထိုက်၏ဟု စသည်ဖြင့် ဖြေဆိုတော်မူလေသည်။ (ဆ၊မြန်၊ စာ ၃၄၈-ကို ဖတ်ရှုတော်မူကြပါလေ)။

ဎင်းပြင် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ခန္ဓသံယုတ်၊ ဓမ္မကထိကဝဂ်၊ ဓမ္မကထိကသုတ်၊ ဆဋ္ဌမှု စာမျက်နှာ ၁၃၃-၌ ရဟန်းတစ်ပါးက-

ဓမ္မကထိကော ဓမ္မကထိကောတိ
ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ
ဘန္တေ ဓမ္မကထိကော ဟောတီတိ။

ဟု မေးလျှောက်ရာတွင် ဖြေဆိုတော်မူသော သဘောအတိုချုပ်မှာ ရူပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ် ဤခန္ဓာငါးပါးတို့ကို ငြီးငွေ့ရန်၊ စွဲမက်မှုကင်းရန်၊ ချုပ်စေရန် တရားကို ဟောခဲ့မူ ဓမ္မကထိက ရဟန်းဟု ဆိုထိုက်၏။ မိမိကိုယ်တိုင် ကျင့်ခဲ့မူ တရားအားလျှော်သော အကျင့်ကို ကျင့်သော ရဟန်းဟု ဆိုထိုက်၏ဟု စသည်ဖြင့် ဖြေဆိုတော်မူလေသည်။ (ဆ၊မြန်၊စာ ၁၂၄-ကို ဆက်လက် ဖတ်ရှုတော်မူကြပါလေ။)

ဤပါဠိတော်များသာမက ဝိပဿနာလုပ်ငန်းနှင့်သက်ဆိုင်သော ဒေသနာတော်အရပ်ရပ်တွင် ဟောတော်မူသည်တို့၏ အဓိက ပဓာနအချက်ကို စစ်ထုတ်လိုက်သောအခါ ခန္ဓာငါးပါးကို ငြီးငွေ့ ချုပ်ငြိမ်းစေရန် ဟောတော်မူခြင်းခြင်းဖြစ်၏။

ဤမှတစ်ဖန် နိဂုံးချုပ်အားဖြင့် ဖော်ပြရသော် လွန်ခဲ့သည့်ဆောင်းပါး၌ အနတ္တလက္ခဏာသုတ်မှ ကောက်နုတ်၍ အနည်းငယ် ဖော်ပြခဲ့ရာ ထိုတရားတော်တွင် ဆက်လက် ဟောတော်မူသည်မှာ-

ဧဝံ ပဿ ဘိက္ခဝေ သုတဝါ
အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ။
ဝေဒနာယ ပိ နိဗ္ဗိန္ဒတိ။ သညာယ ပိ
နိဗ္ဗိန္ဒတိ။ သင်္ခါရေသု ပိ နိဗ္ဗိန္ဒတိ။
ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ။ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။
ဝိရာဂါ ဝိမုစ္စတိ။ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ
ဉာဏံ ဟောတိ။ ခီဏာ ဇာတိ။ ဝုသိတံ
ဗြဟ္မစရိယံ။ ကတံ ကရဏီယံ။ နာပရံ
ဣတ္ထတ္တာယာတိ ပဇာနာတိ။

http://www.dhammadownload.com

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ခန္ဓသံယုတ်၊ ဥပယဝဂ်၊ အနတ္တလက္ခဏာသုတ်၊ ဆဋ္ဌမ မြန်မာပြန် စာမျက်နှာ ၅၄။

ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ရူပ၌လည်း ငြီးငွေ့၏။ ဝေဒနာ၌လည်း ငြီးငွေ့၏။ သညာ၌လည်း ငြီးငွေ့၏။ သင်္ခါရတို့၌လည်း ငြီးငွေ့၏။ ဝိညာဏ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် စွဲမက်မှုကင်း၏။ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သော် ကိလေသာမှ လွတ်မြောက်ပြီဟု အသိညာဏ် ဖြစ်ပေါ်၏။ ပဋိသန္ဓေ နေရမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ မဂ်ကိစ္စ အလို့ငှာ တစ်ပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု ဟောတော်မူ၏။

ဤပါဠိတော်အရလည်း ခန္ဓာငါးပါးကို ငြီးငွေ့ချုပ်ငြိမ်းစေရန် ဟောတော်မူခြင်းဖြစ်၏။

ထို့ကြောင့် ဆရာကောင်း ဟုတ်သည် မဟုတ်သည်ကို သိရှိရန်မှာ အထက်တွင် ဖော်ပြအပ်သည်တို့ကို ဖြေရှင်း သင်ပြပေးနိုင်မှ ယခုအခါတွင် ဆရာကောင်းအင်္ဂါအချို့နှင့် ပြည့်စုံသည်ဟု သိအပ်လေသည်။

ဤတွင် သာသနာတော်မြတ်ကြီး သန့်ရှင်းစွာ တည်စိမ့်သောငှာ ကမ္ဘာသူ ကမ္ဘာသားတို့ အခွန်ရှည်စွာ အကျိုးများစိမ့်သောငှာ မွန်မြတ်သော စေတနာအစစ်အမှန်ဖြင့် မသေမီ ရှင်းလင်းပေးခဲ့ပေဦးအုံ့။

အရပ်ထဲတွင် စာပေကျမ်းဂန်တို့ကို ကိုးကားပြောဆိုကြကုန်သော ဓမ္မကထိကများအား ရမ်းဟော ဆရာ၊ ရမ်းပြောဆရာတို့က မိမိတို့ တရားတော်နှင့်ကိုက်ညီစွာ မဟောပြော မပြသနိုင်ခြင်းကို ဖုံးကွယ်စေရန် ပြောဆိုလေ့ရှိကြသည်မှာ-

ခင်ဗျားတို့က စာစကားတွေကို လျှောက်ပြောနေတယ်။ ခင်ဗျားတို့ စာခံနေတယ်။ စာတတ်ဖို့ မလိုဘူး၊ စာဖတ်ဖို့မလိုဘူး၊ ဒါတွေကြောင့် ခင်ဗျားတို့ ဘာမှမဖြစ်ဘူး၊ အလုပ်လာပြီး လုပ်ကြည့်စမ်းပါ စသည်တို့ဖြင့် ဆင်ခြေပေးရုံသာမက ဗုဒ္ဓမြတ်စွာ၏ ပရိယတ္တိ သာသနာတော်မြတ်ကြီးကို လုံးလုံးလျားလျား ပစ်ပယ် ပုန်ကန်နေကြလေသည်။

ထို့ကြောင့် ယခုခေတ်တွင် အစစ်ထက် အတုများက ပိုမို များပြားလာခြင်းကြောင့် အစစ်နှင့် အတု ခွဲခြားနိုင်ရန် ဆောင်းပါး ၆-၌ ဖော်ပြခဲ့သော မဟာပဒေသတရား လေးပါးကို အထူးအားကိုးအားထားပြုကြရပေမည်။

• • •

ဗေဒင်ဆရာဟောနည်း

၁၀။ ဝိပဿနာအဖို့ ပတ်ရန်စာ

လောကီရေးတွင် မျက်စိကန်းသော် ဤဘဝအတွက်သာ ဆုံးရှုံးရ၏။ လောကုတ္တရာရေးတွင် ပညာမျက်စိကန်းခြင်းကား တစ်သံသရာလုံး ဆုံးရှုံးရပေတော့၏။ ထို့ကြောင့် ဝိပဿနာဘာဝနာလုပ်ငန်းတွင် လုပ်နည်း မှန်သည်-မမှန်သည်ကို ဆောင်းပါး ၆-၌ ရှင်းလင်း ဖော်ပြခဲ့သည့်အတိုင်း စစ်ဆေးရပေမည်။

ယင်းသို့ ပါဠိတော်အရပ်ရပ်တို့နှင့် တိုက်ဆိုင်စစ်ဆေးသောအခါ ပါဠိတော်တို့နှင့် မကိုက်ညီသောအခါ မည်သည့်ပုဂ္ဂိုလ်က ရေးသား ဟောပြော သင်ပြပေးသည်ဖြစ်စေ ပယ်ရပေမည်။

အရောင်ပြောင်လက်တိုင်း ရွှေမဟုတ်သည်ကို

http://www.dhammadownload.com

အထူးသတိပြုကြရပေမည်။ ထို့ကြောင့် ယခုရေးသားခဲ့သော ဆောင်းပါးများတွင် ပါဠိတော်အရပ်ရပ်တို့နှင့် မကိုက်ညီသော် ပယ်ရမည်သာတည်း။

မဟာပဒေသတရားလေးပါးနည်းအရ ပါဠိတော် အရပ်ရပ်ကို အကုန် နှံ့စပ်အောင် ဖတ်ရပေမည်။ အကယ်၍ မဖတ်နိုင်ခဲ့သော် အကျဉ်းအားဖြင့် အဘယ်ပါဠိတော်တို့ကို ဖတ်ရှု လေ့လာရပါအံ့နည်းဆိုသော် နိကာယ်ငါးရပ်တွင် သံယုတ္တနိကာယ်သည် ဝိပဿနာလုပ်ငန်းအတွက် အထူးအကွက်ဆိုက်သော ပါဠိတော်ဖြစ်လေသည်။ ယင်းသံယုတ္တနိကာယ်တွင် ပါဝင်သော ပါဠိတော်များမှာ-

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်
နိဒါနဝဂ္ဂသံယုတ်ပါဠိတော်
ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်
သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်
မဟာဝဂ္ဂသံယုတ်ပါဠိတော်။

ဂင်း သံယုတ် ငါးကျမ်းကို စာအုပ်အားဖြင့် ရေတွက်သော် သုံးအုပ်မျှသာဖြစ်၏။ ယင်းပါဠိတော်များကို စာအား မရှိ၍ မသွားနိုင်ပါက ဦးမြို့ မြန်မာပြန်၊ ဆဋ္ဌမူ မြန်မာပြန် မိုးထိမူ နိဿယ စသည်တို့နှင့် တွဲကာ ဖတ်ရှုလေ့လာပါလေ။ အကယ်၍ ထိုမျှဖြင့် အားမရသေးပါမူ ဦးဟုတ်စိန်၏ ပါဠိ မြန်မာအဘိဓာန်ကို အကူအညီရရှိရန် ဘေးမှာ ထားရှိပါလေ။ ဂင်းအဘိဓာန် လေးအုပ်မှာ တန်ဖိုး ၂၈-ကျပ်ဖြစ်၍ ရန်ကုန်မြို့ အစိုးရစာပုံနှိပ်တိုက်တွင် ရရှိနိုင်၏။

ဂင်းပါဠိတော် သုံးအုပ်ကို အဘယ်သို့လျှင် အဘယ်မျှကြာအောင် ဖတ်ရှုလေ့လာရပါအံ့နည်းဆိုသော် စာအုပ်တွင် အရေးကြီးသည်တို့ကို မင်နီမင်နက်တို့ဖြင့် မှတ်သားခြင်းတို့ကို ပြုပြီးလျှင် စာအုပ်ကို ချုပ်ထားသော အပ်ချည်ကြိုးများ ပြတ်ပြုတ်ကုန်သည်အထိ ဖတ်ရှု လေ့လာရပေမည်။

ဤသို့ ပြုလုပ်ရခြင်းအကြောင်းကား ၎င်းပါဠိတော်များသည် ဝိပဿနာလုပ်ငန်းအတွက် ဖတ်ရှု လေ့လာ ကျင့်သုံးရန် နည်းလမ်းများကို အစုံလိုက် အတွဲလိုက် ဟောတော်မူခြင်းတို့ကြောင့် ဖြစ်လေသည်။

ဂင်း သံယုတ်ကျမ်းကြီးများကို **ကျမ်းအိပ်ကြီးများဟု ခေါ်ဆိုလေ့ရှိ၏။** အကြောင်းသော်ကား ဝိပဿနာဘာဝနာလုပ်သူ နည်းပါးခြင်းကြောင့် ဖြစ်၏။ ဝိမလုပ်ကြသဖြင့် ထိုဝိလုပ်ငန်းတော်နှင့် သက်ဆိုင်သော သံယုတ်ကျမ်းကြီးကို ဖတ်ရှုရန် မလို၊ ဖတ်ရှုရန် မလိုခြင်းကြောင့် စာဘီရိုထဲမှ ပြင်ပသို့ မထွက်ရရှာ၊ ထို့ကြောင့် ကျမ်းအိပ်ကြီးများဟု ခေါ်ဆိုကြခြင်းဖြစ်၏။

ဝိပဿနာဘာဝနာလုပ်ငန်းကို သဘာဝကျကျ လုပ်ကိုင်လိုသော ကမ္မဋ္ဌာန်းဆရာသည်လည်းကောင်း၊ ကမ္မဋ္ဌာန်းဆရာ၏တပည့်သည်လည်းကောင်း၊ ထိုသံယုတ်ကျမ်းကြီးကို စာဘီရိုထဲမှ မိမိ စာကြည့်စားပွဲသို့ တင်ကာ နေ့စဉ်နေ့တိုင်း ဖတ်ရှုလေ့လာ ကျင့်သုံးပြီးလျှင် ပါရှိသော သဘောသဘာဝများကို မြန်မာသို့လည်းကောင်း၊ ကမ္ဘာသို့လည်းကောင်း ဟောပြောပေးဝေလျှုဒါန်းတော်မူကြရန် သင့်လေပြီ။ မြန်မာနှင့် ကမ္ဘာကလည်း အထူး လိုလားလျက် ရှိနေ၏။

ထိုမှတစ်ဖန် ဆက်စပ် ဖတ်ရှု လေ့လာရန်မှာ ပဋ္ဌာန်ဗေဒါမဂ်ပါဠိတော် ဖြစ်လေသည်။ ထိုကျမ်းမှာလည်း ဝိလုပ်ငန်းတော်အတွက် အလွန် အကွက်ဆိုက်သော ပါဠိတော် ဖြစ်၏။

ဤသို့ ဖော်ပြသော်လည်း ကျန်ပါဠိတော်များကို ဖတ်ရှုလေ့လာရန် မလိုဟု မဆိုလို၊ ဥပမာသော်ကား တတ်ကျွမ်း၍ ဗဟုသုတကြွယ်သော ဗေဒင်ဆရာသည် မိမိတတ်ကျွမ်းသော နည်းတို့ဖြင့် တွက်ချက်ကြည့်သောအခါ ဟောက်သောနွားသည် ရှာ၏အရှေ့ဘက် စားကျက်တွင် တွေ့ရှိမည်ဟု အဖြေထွက်၏၊ ဗေဒင်ဟူသည် မှန်သည်လည်းရှိ၏၊ မှားသည်လည်းရှိ၏ဟု သိရှိပြီးသော

http://www.dhammadownload.com

ဗေဒင်ဆရာက မိမိရရှိထားသော ဗဟုသုတနှင့် ပေါင်းစပ်ကာ ပြောသည်မှာ-

အမောင်၊ အမောင်၏နွားကို ရွာ၏အရှေ့ဘက်စားကျက်တွင် တွေ့လိမ့်မည်၊ အရှေ့ဘက်စားကျက်တွင် မတွေ့ရှိက အနောက်ဘက်စားကျက်တွင် တွေ့ရှိရန်သေချာ၏ဟုပြောရာ နွားပျောက်သော လုလင်ဖျိုသည် အားရစွာ ထ၍ အသွားဗေဒင်ဆရာက ထပ်ဆင့်မှာကြားလိုက်သည်မှာ-

အနောက်ဘက်စားကျက်တွင်တွေ့ရှိရန် သေချာသည်ဆိုသော်လည်း သွားရင်းလာရင်း တောင်နှင့်မြောက်ကိုလည်း လွှတ်မထားနှင့်ပေါ့ မောင်ရာဟု မှာလိုက်ပြန်၏၊ ဤနည်းတူစွာ ကျန်ပါဠိတော်များကိုလည်း လွှတ်မထားနှင့်ဟူ၏။

ပါဠိတော်များမှ တစ်ပါးလည်း ဝိလုပ်ငန်းတော်အတွက် အဋ္ဌကထာများကိုလည်း ဖတ်ရှုလေ့လာရပေဦးမည်။ အဋ္ဌကထာပေါင်းများစွာရှိသည့်အနက် အဘယ်အဋ္ဌကထာသည် ဝိပဿနာလုပ်ငန်းအတွက် ခေတ်အစားဆုံးဖြစ်သနည်းဆိုသော် ဝိသုဒ္ဓိမဂ်အဋ္ဌကထာသည် ခေတ်အစားဆုံးဖြစ်၏။

အကြောင်းသော်ကား ဝိလုပ်ငန်းတော်တွင် တဏှာနှင့်အဝိဇ္ဇာကို ပယ်ဖြတ်ရန် ပဓာနဖြစ်ခြင်းကို ဆောင်းပါး ၄-၌ ပါဠိတော်ကို ဖော်ပြခဲ့သည့်အတိုင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာသည် တဏှာကို ပယ်ဖြတ်ရန်နည်းကို ဖော်ပြထားသော အဋ္ဌကထာ ဖြစ်ခြင်းကြောင့်ပေတည်း။

အိန္ဒိယပြည်မှ သီဟိုဠ်ကျွန်းသို့ ရောက်ရှိလာသော အရှင်မဟာဗုဒ္ဓယောသ၏ ဉာဏ်ပညာစွမ်းရည်သတ္တိကို သိလို၍ သီဟိုဠ်သံယာတော်တို့က အောက်ပါဂါထာတော်နှစ်ပုဒ်ကို အကျယ်ဖွင့်ဆိုရေးသားရန် ပေးတော်မူကြ၏။ ထိုဂါထာနှစ်ပုဒ်မှာ-

အန္ဓော ဇဋာ ဗဟီ ဇဋာ၊
ဇဋာယ ဇဋိတာ ပဇာ။
တံ တံ ဂေါတမ ပုစ္ဆामိ၊
ကော ဣမံ ဝိဇဋယေ ဇဋန္တိ။

အရှင်ဘုရား၊ အကြင်တဏှာကို ကိုယ်တွင်းသန္တာန်၌ ဖွဲ့ယှက်တတ်သောတဏှာ၊ ကိုယ်ပသန္တာန်၌ ဖွဲ့ယှက်တတ်သောတဏှာဟု ဆိုအပ်ပါ၏။ ထို ကိုယ်တွင်းကိုယ်ပ၌ ဖြစ်သော ဖွဲ့ယှက်တတ်သော တဏှာသည် သတ္တဝါအပေါင်းကို ဖွဲ့ယှက်အပ်ပါ၏။ ဂေါတမမြတ်စွာဘုရား၊ အရှင်ဘုရားအား ထိုအကြောင်းကို မေးလျှောက်ပါ၏။ ဤ ဖွဲ့ယှက်အပ်သောတဏှာကို အဘယ်ပုဂ္ဂိုလ်သည် ဖြေရှင်းနိုင်ပါသနည်းဟုလျှောက်၏။ (သဂါထာ ဝဂ္ဂသံယုတ်ပါဠိတော်၊ ဒေဝတာသံယုတ်၊ သတ္တိဝဂ်၊ ဇရာသုတ် ဆဋ္ဌမမြန်မာပြန် စာမျက်နှာ ၁၃)။

သီလေ ပတိဋ္ဌာယ နရော သပညော၊
စိတ္တं ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋန္တိ။

ပဋိသန္ဓေပညာရှိ၍ ပြင်းစွာအားထုတ်မှုရှိသော ရင့်ကျက်သည့်ပညာရှိသော ပုဂ္ဂိုလ်သည် သီလ၌တည်၍ သမာဓိစိတ်ကိုလည်းကောင်း၊ ဝိပဿနာပညာကိုလည်းကောင်း ပွားစေလျက် ဤ ဖွဲ့ယှက်တတ်သောတဏှာကို ဖြေရှင်းနိုင်ရာ၏။

ဤဂါထာတော် ၂-ပုဒ်၌ အဓိပ္ပါယ်အတိုချုပ်မှာ တဏှာကို အဘယ်သူသည် ဖြေရှင်း ပယ်ဖြတ်နိုင်ပါသနည်းဟု လျှောက်ထားရာ သီလ,သမာဓိ, ပညာကို ကြိုးစား ပွားများ အားထုတ်သူသည် ထိုတဏှာကို ဖြေရှင်းပယ်ဖြတ်နိုင်၏ဟု ဗုဒ္ဓမြတ်စွာ ဖြေဆိုတော်မူခြင်းဖြစ်၏။ (ဤအမေးအဖြေပါဠိတော်ကို အရကျက်ဆောင်ထားလျက် သူတစ်ပါး အားလည်း ကျက်ဆောင်ထားပါစေ)။

ဤတဏှာကို ဖြေရှင်း ပယ်ဖြတ်နိုင်သော သီလဆိုသည်မှာ အဘယ်သို့နည်း။ သမာဓိဆိုသည်မှာ အဘယ်သို့နည်း၊ ဝိပဿနာပညာဆိုသည်မှာ အဘယ်သဘောနည်း ဟူသည်ကို အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုတော်မူသည်မှာ အဘယ်မျှရှည်လျားပါသနည်းဆိုသော် ထို အရှင်မဟာဗုဒ္ဓယောသ ဖွင့်ဆိုတော်မူသော ပါဠိကို အရှင်ဦးနန္ဒ

http://www.dhammadownload.com

မာလာ မြန်မာလို ပြန်ဆိုတော်မူရာ သုံးတွဲပေါင်းသော် စာမျက်နှာ တစ်ထောင့်ငါးရာခန့် ရှိလေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကျမ်းရင်း၏ အစမူတည်ပုံကို ကြည့်ခြင်းအားဖြင့် ထိုအဋ္ဌကထာသည် ဗုဒ္ဓမြတ်စွာ အလိုတော်ရှိအပ်သော တဏှာကို ပယ်ဖြတ်သော အဋ္ဌကထာဟူ၍ ထင်ရှားစွာ သိနိုင်လေသည်။

ဤတွင် အထူးသိဖွယ်ရန်မှာ တဏှာကိုသတ်သည်ဆိုရာ၌လည်းကောင်း၊ အဝိဇ္ဇာကို သတ်သည်ဆိုရာ၌လည်းကောင်း ဤ မဂ္ဂင်ရှစ်ပါး သီလ, သမာဓိ, ပညာကို လေ့ကျင့် ကြိုးစား အားထုတ်ရခြင်းပင် ဖြစ်လေသည်။

ထို့ကြောင့် ဝိပဿနာဘာဝနာကို တိကျမှန်ကန်စွာ လုပ်ကိုင်လိုပါမူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကိုလည်း ကြေညက်စွာ ဖတ်ရှုလေ့လာရပေမည်။ သို့ရာတွင် တောင်နှင့်မြောက်ကိုလည်း လွှတ်မထားသင့်ပေ။

• • •

အတ္တနှင့် အနတ္တ ကွဲရန်

၁၁။ ပရမတ္ထသဘာဝကို ပိုင်ရေ၏

ဝိပဿနာဘာဝနာလုပ်ငန်းကို လုပ်ကိုင်မည်ဆိုပါက ရှေးဦးစွာ သုတမယဉာဏ်အားဖြင့် အတ္တနှင့် အနတ္တ ကွဲရမည်။ အတ္တနှင့်အနတ္တ မကွဲဘဲ ဝိပဿနာဘာဝနာကို ပွားများ အားထုတ်နေပါက အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းကို ဆောင်းပါး ၇ နှင့် ၈ တွင် အဋ္ဌကထာနှင့် ပါဠိတော်များ၌ ဟောတော်မူသည်တို့ကို တိကျ ပြတ်သားစွာ ရေးသား ဖော်ပြခဲ့လေပြီ။

ထိုလုပ်ငန်းတွင် အတ္တနှင့်အနတ္တ ကွဲရန်မှာ ခဲယဉ်းလှသော အစိတ်အပိုင်းတစ်ရပ် ဖြစ်၏။ ထိုခဲယဉ်းလှသော ပြဿနာကို မသေမီ ဖြေရှင်းပေးခဲ့အုံ့။

ယင်းသို့ မရေးသားမီ သိတော်မူကြစေလိုသည်မှာ အိမ်တွင် ဓမ္မာစရိယများနှင့် ထိုမျှမက စာအားရှိပြီးဖြစ်တော်မူသော ဆရာတော်ကြီးများကို ဓမ္မဒါနပြုရာတွင် ခေတ်အားလျော်စွာ သင်ပြနည်းတို့ဖြင့် ကျောက်သင်ပုန်းကြီး အကူအညီဖြင့်လည်းကောင်း၊ ကိုယ်အမူအရာ နူတ်အမူအရာဖြင့်လည်းကောင်း၊ အိမ်၌ရှိပြီးဖြစ်သော အလိုရှိအပ်သော ပါဠိတော်များကို အလွယ်တကူ ဖွင့်ကာ ဖတ်ပြနိုင်ခြင်းစသော အကူအညီတို့ဖြင့် ဓမ္မဒါနပြုနိုင်ရခြင်းကြောင့် လွယ်ကူစွာ ခရီးရောက်ရှိခဲ့ပါသည်။

ယခုသော် ထိုအကူအညီများ အနည်းငယ်မျှ မရရှိဘဲ အကွာရာစာလုံးတို့ဖြင့်သာ သတင်းစာတွင် တိုတောင်းစွာ ရေးသားရမှုတို့ကြောင့် လွယ်ကူစွာ သဘောပေါက်စေရန် ဝန်လေးလျက်ရှိပါ၏။ သို့ရာတွင် အများအကျိုးငှာ ကြိုးစားရေးသား ဖြေရှင်းပေးခဲ့ပေအုံ့။

အထက်တွင် ဖော်ပြအပ်သော အခက်အခဲတို့ကြောင့် သတင်းစာဆရာကြီးများကလည်း ဗမာနှင့် ကမ္ဘာသူ ကမ္ဘာသားတို့အကျိုးငှာ စိတ်ရှည်စွာ ဖြင့် ကူညီ ဆောင်ရွက်ပေးတော်မူကြရန် အထူးမေတ္တာရပ်ခံပါသည်။

စပေအုံ့၊ ကမ္ဘာကြီး တည်ရှိပြီးသည့်နောက် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ ဖြစ်ပေါ်လာသည်က အစပြု၍ သတ္တဝါအပေါင်းတို့၏ အယူဝါဒမှာ အတ္တအယူဝါဒများ ဖြစ်ကြလေသည်။ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာသောအခါကျမှသာ လျှင် အတ္တမဟုတ် အတ္တမရှိ၊ သဘာဝမမျှသာ

http://www.dhammadownload.com

ဖြစ်သော အကြောင်းနှင့် အကျိုးတရားမျှသာ ရှိခြင်းကို သဗ္ဗညုတညာဏ်တော်ဖြင့် သိမြင်တော်မူကာ အနတ္တသဘာဝမမ္မ သဘောတရားကို ဟောတော်မူ၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၏ အတိုချုပ် ပါဠိတော်ဆောင်ပုဒ်မှာ "သဗ္ဗေ ဓမ္မာ အနတ္တာ" ဖြစ်လေသည်။

အဓိပ္ပါယ်သော်ကား လောကဓာတ်ကြီးတစ်ရပ်လုံးတွင် အတ္တမရှိ၊ အနတ္တသဘာဝမမ္မမျှသာ ရှိ၏ဟု ဟောတော်မူခြင်းဖြစ်၏။ ထို့ကြောင့် ဤတွင် အတ္တဆိုသည်ကား အဘယ်နည်း၊ အနတ္တဟူသည်ကား အသို့နည်း ဆိုသည်ကို သိရှိရန် အလိုရှိအပ်လေသည်။ ယင်းသို့သိရှိရန် ရှေးဦးစွာ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ခွဲခြားရပေမည်။

ဗုဒ္ဓမြတ်စွာသည် နေရာဌာန အခါကာလအားလျော်စွာ အချို့ကို သမ္မုတိသစ္စာအားဖြင့် ဟောတော်မူ၍ အချို့ကို ပရမတ္ထသစ္စာအားဖြင့် ဟောတော်မူ၏။

သမ္မုတိသစ္စာတွင် မိန်းမ,ယောကျ်ား,လူ,နတ်, ပြဟ္မာ, သတ္တဝါသည် ရှိ၏၊ မိဘသည်ရှိ၏၊ သားသမီးသည် ရှိ၏၊ ဆရာသည်ရှိ၏၊ တပည့်သည် ရှိ၏၊ တောတောင်ရေမြေ သမုဒ္ဒရာသည် ရှိ၏၊ ပရမတ္ထသစ္စာသည် သဘာဝမမ္မသဘောတရားမျှသာ ဟောတော်မူခြင်းဖြစ်ရကား လူနတ်ပြဟ္မာ သတ္တဝါမရှိ၊ မိဘသည်မရှိ၊ သားသမီးသည် မရှိ၊ လောကဓာတ်ကြီးတစ်ရပ်လုံးတွင် သဘာဝမမ္မမျှသာ ဖြစ်သော အကြောင်းနှင့် အကျိုးတရားမျှသာ ရှိ၏။

ထို အကြောင်းတရားနှင့် အကျိုးတရားကို ပကတိမျက်စိဖြင့် မမြင်ရ၊ ပညာမျက်စိဖြင့်သာ မြင်နိုင်၏၊ ၎င်းသည် ပရမတ္ထသစ္စာသဘောဖြစ်၏၊ ပရမတ္ထသစ္စာကို ပညာမျက်စိဖြင့်သာ မြင်နိုင်ပုံကို ဆိုဦးအံ့။

ရူပံ နိ သတ္တော၊ နိ ဇီဝေါ၊
နိ နရော၊ နိ မာဏဝေါ၊
နိ ဣတ္ထီ၊ နိ ပုရိသော။
နိ အတ္တာ၊ နိ အတ္တနိယံ၊ နာဟံ၊
နိ မမ၊ နိ ကောစိ၊ နိ ကဿစိ။

(အလွတ်ကျက်ထားကြရန်)

ရူပ်သည် သတ္တဝါမဟုတ်၊ ဇီဝမဟုတ်၊ လူမဟုတ်၊ လုလင်မဟုတ်၊ မိန်းမမဟုတ်၊ ယောကျ်ားမဟုတ်၊ အတ္တမဟုတ်၊ အတ္တ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ဥစ္စာမဟုတ်၊ တစ်စုံတစ်ယောက်မဟုတ်၊ တစ်စုံတစ်ယောက်၏ဥစ္စာမဟုတ်၊ ကျွန်နာမ်ခန္ဓာ ၄-ပါးအတွက်လည်း ဤအတိုင်း ဟောတော်မူ၏။ (စူဠနိဒ္ဒေသပါဠိတော် ပါရာယနဝဂ် မောယရာဇဋ္ဌလည်းကောင်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယတွဲ ပဋိပဒါဉာဏဒဿနခန်း ဆဋ္ဌမစာမျက်နှာ ၂၈၃-၌လည်းကောင်း ဟောတော်မူ၏)။

ထိုမှတစ်ပါး ဆောင်းပါး ၂-၌ပင် ငါ မရှိခြင်းကြောင့် ငါ့သား၊ ငါ့သမီး၊ ငါ့ဥစ္စာ မရှိနိုင်ခြင်းကို သိရှိစေရန်-

ပုတ္တမတ္ထိ ဓနမတ္ထိ၊
ဣတိ ဗာလော ဝိဟညတိ။
အတ္တာ ဟိ အတ္တနော နတ္ထိ၊
ကုတော ပုတ္တော ကုတော ဓနံ။

ဟူ၍ ဟောတော်မူသည်ကို ဖော်ပြခဲ့ပြီး ဖြစ်ရာ ဤပါဠိတော်အရ သမ္မုတိသစ္စာဖြစ်သော လူနတ်ပြဟ္မာ သတ္တဝါကို ဤတွင် အလိုမရှိအပ်၊ သဘာဝသက်သက် အကြောင်းတရားနှင့် အကျိုးတရားကို တေ့ဆက်အားဖြင့် ဖြစ်ပျက်နေခြင်းကို ပညာမျက်စိဖြင့် သိရှိရပေမည်။ ဤသည်ကို ပရမတ္ထသစ္စာဟူ၍ သိအပ်၏။

ပရမတ္ထသဘောနှင့် တေ့ဆက်သဘောကို သိရှိစေရန် ဝိသုဒ္ဓိမဂ် တတိယတွဲ ဦးနန္ဒမာလာ မြန်မာပြန် စာမျက်နှာ ၂၇၅-၌ လာသည်ကို ဖော်ပြပေအံ့။

ကမ္မဿ ကာရကော နတ္ထိ၊
ဝိပါကဿ စ ဝေဒကော။

http://www.dhammadownload.com

သုဒ္ဓမ္မာ ပဝတ္တန္တိ၊
ဧဝေတံ သမ္မဒဿနံ။

There is no doer of a deed
Or one who reaps the deed's result;
Phenomena alone flow on–
No other view than this is right

ကံကိုပြုတတ်သောသူသည် မရှိ၊ အကျိုးဝိပါက် ကို ခံစားတတ်သောသူသည်လည်း မရှိ၊ သက်သက်သော နာမ်ရုပ်ဟူဆိုအပ်သော တရားတို့သည်သာလျှင် ဖြစ်ကုန်၏။ ဤသို့ ပြဆိုပြီးသော သဘောရှိသော ထိုထိုသော ဉာဏ်အမြင်သည်သာလျှင် မဖောက်မပြန် ဟုတ်မှန်သော အမြင်သည် ဖြစ်၏။

ကမ္မံ နတ္ထိ ဝိပါကမှိ၊
ပါကော ကမ္မေ နဝိဇ္ဇတိ။
အညမညံ ဥဘော သုညာ၊
နစ ကမ္မံ ဝိနာ ဖလံ။

There is no kamma in result,
Nor does result exist in kamma,
Though they are void of one another,
There is no fruit without the kamma.

ဝိပါက်၌ ကံသည်မရှိ၊ ဝိပါက်သည် ကံ၌မရှိ၊ ကံနှင့်ဝိပါက် နှစ်ပါးတို့သည် အချင်းချင်း တစ်ပါးသည် တစ်ပါး၏သဘောမှ ဆိတ်ကုန်၏။ ကံကို ကြဉ်၍ အကျိုးသည်ဖြစ်လည်း မဖြစ်သာလျှင် ကတည်း။

ဤကား ပရမတ္ထသစ္စာသဘောနှင့် တေ့ဆက်သဘောတို့ပင်တည်း။

အထူးကား အထက်တွင် ဖော်ပြအပ်သော အင်္ဂလိပ်စာ ဘာသာပြန်မှာ ဝိသုဒ္ဓိမဂ်ကို သီဟိုဠ်ကျွန်းမှ ဉာဏာမောလိဘိက္ခု ပြန်ဆိုတော်မူသော "THE PATH OF PURIFICATION"ခေါ် စာအုပ်စာမျက်နှာ ၇၀၀-၌ တွေ့ရှိရ၏။ ထိုစာအုပ်မှာ ဝိပဿနာဘာဝနာ ပွားများနည်းကို ကမ္ဘာသို့ ပေးဝေလိုသူတို့အတွက် မြန်မာပြန်နှင့် ယှဉ်တွဲ လေ့လာရန် အထူး မွန်မြတ်ခြင်းကြောင့် အပင်ပန်းခံကာ ရေးကူးဖော်ပြလိုက်ခြင်းဖြစ်၏။ စာအုပ်၏ တန်ဖိုးမှာ ၂၆-ကျပ်ဖြစ်၍ ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်း၊ အင်းဝတိုက်တွင် ရရှိနိုင်၏။ ကုန်နေပြီ ဆိုပါက ထပ်မံ မှာယူပေးရန် မေတ္တာရပ်ခံပါလေ။

ဤတွင် ပရမတ္ထသစ္စာကို ပြန်၍ဆက်ရသော် ဝိလုပ်ငန်းတော်၌ လူနတ်ပြဟ္မာ သတ္တဝါကို မကြည့်ရ၊ ပညာမျက်စိဖြင့် အနတ္တသဘာဝမှ အကြောင်းအကျိုးတို့ ဆက်စပ် ဖြစ်ပေါ်မှုကို ကြည့်ရှု ဆင်ခြင်ရခြင်းဖြစ်၏။

အထက်တွင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဖော်ပြအပ်သော ပါဠိနှစ်ပုဒ်ကို သဘောပေါက်လာအောင် ထပ်ကာထပ်ကာ ဖတ်ရှု ဆင်ခြင်ပါလေ။ မကြာမီ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ကွဲရုံမျှမက အတ္တမဟုတ်၊ အတ္တမရှိ၊ အနတ္တသဘာဝ ဖြစ်ခြင်းကို ပညာမျက်စိဖြင့် ထင်ရှားစွာ သိမြင်လာပေလိမ့်မည်။

ထို့ကြောင့် သိနေကျ သမ္မုတိသစ္စာကို ကျော်လွန်၍ ပရမတ္ထသစ္စာကို ပိုင်နိုင်စွာ သိရှိရန် ကြိုးစားတော်မူကြပါလေ။ ပရမတ္ထသဘာဝကို ပိုင်နိုင်အောင် လေ့လာရမည်ဆိုသည်ကို စတုဂီရိ ရှုဖွယ်ကျမ်း တတိယတွဲ စာမျက်နှာ ၂၁၈-၌-

ပရမတ်သဘော ဇော၊ ဝိထိ၊ ရုပ်၊ နာမ်၊ ခန္ဓာ တို့ကို ပိုင်းခြား၍ သိနိုင်မှသာလျှင် လက္ခဏာရေးသုံးပါးကို သဘောအဓိပ္ပါယ်ကျအောင် ဆင်ခြင်နိုင်မည်။ ထို့ကြောင့်-

ပရမတ်သင်မှ နားဝင်မည်။
ပရမတ်ကျမှ နားဝမည် ဟု
ရေးသားဖော်ပြထားတော်မူခဲ့လေပြီ။

● ● ●

http://www.dhammadownload.com

လူဟူသည် ပရမတ် ဓာတ်သားတို့၏

၁၂။ အရိပ် နိမိတ် မျှသာ ဖြစ်၏

စာဖတ်နည်း။ ငါသည် ဝိပဿနာ ဘာဝနာကို ပွားများလိုသူဖြစ်၏။ ဝိလုပ်ငန်းတော်ကို လုပ်လိုသူသည် အနတ္တသဘာဝဖြင့် အလုပ်လုပ်ရမည်။ အတ္တစွဲဖြင့် အလုပ်လုပ်သော် အလိုရှိအပ်သော တစ်မင်၊ တစ်ဖိုလ်သို့ မရောက်ရှိနိုင်ဟု ရှင်တော်ဘုရား ဟောတော်မူခဲ့တယ်၊ ဒီတော့ အတ္တနှင့် အနတ္တကွဲမှ ငါဖြစ်မယ်။ မကွဲလို့မဖြစ်ဘူးဆိုကာ အတ္တနှင့်အနတ္တ ကွဲရအောင် ဒီဆောင်းပါး ဆုံးသည်အထိ စွဲမြဲစွာ သတိထားလျက် ဖတ်ရှုတော်မူကြပါလေ။

အတ္တနှင့်အနတ္တကွဲရန် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာကွဲရမည်။ ပရမတ္ထသဘာဝ သိရှိနားလည်ရန် သင်ယူရမည်ဆိုသည်ကို ယခင်အပတ်က ဖော်ပြခဲ့ပြီးဖြစ်၏။ ပရမတ္ထသဘောဆိုသည်ကို လက်သန်းအဋ္ဌကထာ အစ စာမျက်နှာ၌-

တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ၊
စတုဓာ ပရမတ္ထတောဿ။
စိတ္တံ စေတသိကံ ရူပံ၊
နိဗ္ဗာန မိတိ သဗ္ဗထာ။

ဟူ၍ ဖွင့်ဆိုတော်မူသော အဓိပ္ပါယ်အတိုချုပ်မှာ အဘိဓမ္မာ ၇-ကျမ်းတို့၌ ဟောတော်မူသော ပရမတ္ထ သဘာဝဓမ္မတို့၏ သဘောတရားတို့မှာ စိတ်၊ စေတသိက်၊ ရူပ်၊ နိဗ္ဗာန် ဖြစ်သည်ဟု လာရှိ၏။ ၎င်းတို့၏အသေးစိတ်မှာ-

ရူပ်	၂၈ ပါး
စေတသိက်	၅၂ ပါး
စိတ်	၁ ပါး
ပေါင်း	၈၁ ပါး

၎င်း ၈၁-ပါးကို ရူပ် အဋ္ဌဝိသ၊ နာမ်တေ ပညာသ ဟူ၍လည်း ခေါ်ဆိုရ၏။ ဤ ၈၁-ပါးသည် လောကီအတွက်ဖြစ်၍ လောကုတ္တရာ ဖြစ်သော အသခ်တဓာတ် မြတ်သောနိဗ္ဗာန်နှင့် ပေါင်းသော် ၈၂-ပါး ဖြစ်လာ၏။ ၎င်းတို့သည် သမ္မုတိသစ္စာအားဖြင့် ခေါ်ဆိုအပ်သော လူနတ်ပြဟ္မာ သတ္တဝါမဟုတ်၊ အတ္တမဟုတ်၊ ပရမတ္ထသစ္စာ သဘာဝဓမ္မ အနတ္တ ဖြစ်၏။ ဤသည်ကား လက်သန်း အဋ္ဌကထာ၌လာရှိသည်တို့ဖြစ်၏။

အဘိဓမ္မာ ၇-ကျမ်းတွင် အစဖြစ်သော ဓမ္မသင်္ဂဏီပါဠိတော်၏ ပထမ စာမျက်နှာအစ၌-

ကုသလာ ဓမ္မာ
အကုသလာ ဓမ္မာ
အဗျာကတာ ဓမ္မာ

ဟူ၍ ဟောတော်မူ၏။ ဤတွင်

ကုသလာ ဓမ္မာ ဟူရာ၌-

စိတ်	၁ ပါး
စေတသိက်	၃၈ ပါး

တို့ဖြစ်၏။

အကုသလာ ဓမ္မာ ဟူရာ၌-

စိတ်	၁ ပါး
စေတသိက်	၂၇ ပါး

တို့ဖြစ်၏။

အဗျာကတာ ဓမ္မာ ဟူရာ၌-

ဝိပါက်စိတ်	၃၆ ပါး
ကြိယာစိတ်	၂၀ ပါး
စေတသိက်	၃၈ ပါး
ရူပ်	၂၈ ပါး
နိဗ္ဗာန်ဖြစ်၏။	

ဤဓမ္မသင်္ဂဏီ ပါဠိတော်အရလည်း အဟုတ်မရှိဘဲ သမုတ်ရှိမျှသာ ဖြစ်သော လူနတ်ပြဟ္မာ သတ္တဝါကို မဟော၊ အဟုတ်ရှိဖြစ်သော ပရမတ္ထ သဘာဝသဘောတရားကိုသာ ဟောတော်မူ၏။

အတ္တမဟုတ်၊ အတ္တမရှိ၊ တစ်ခုတည်းသော အစိုင်အခဲမဟုတ်၊ သဘာဝဓမ္မသဘောတရားတို့ ထိုက်သည့်အားလျော်စွာ စုပေါင်း ဖြစ်ပေါ်လာမှု

http://www.dhammadownload.com

ကိုလည်း အနတ္တဟု သိအပ်၏။ ထို့ကြောင့် သဂါထာ ဝဂ္ဂသံယုတ် ပါဠိတော် ဘိက္ခုနီသံယုတ် ဝဇိရာသုတ် စာမျက်နှာ ၁၃၇ ၌-

သုဒ္ဓသခ်ါရပုဗ္ဗောယံ၊
နယိဓ သတ္တု ပလဗ္ဘတိ။
ယထာ ဟိ အင်္ဂသမ္ဘာရာ၊
ဟောတိ သद္ဒေါ ရထော ဣတိ။
ဧवं ခန္ဓေသု သန္တေသု၊
ဟောတိ သတ္တောတိ သမ္မုတိ။

ဤသတ္တဝါဟူသည် သခ်ါရ အစုသက်သက်သာတည်း။ ဤသခ်ါရအစု၌ သဘောအားဖြင့် သတ္တဝါဟူသည်ကို မရအပ်၊ အစိတ်အပိုင်း အဆောက်အဦ ရှိသောကြောင့် ရထားဟူ၍ ခေါ်ဝေါ် ပြောဆိုသော အသံဖြစ်သကဲ့သို့ ထို့အတူ ခန္ဓာငါးပါးတို့ ထင်ရှားရှိကုန်လတ်သော် သတ္တဝါဟူ၍ သမုတ်ခြင်းဖြစ်၏။ (ဆ၊မြန်၊စာ ၁၃၁)

ဤပါဠိတော်အရ **လှည်းခေါ်ဆိုရခြင်း**မှာ နဂိုရှိရင်းမဟုတ် အစိတ်အစိတ် ဖြစ်ကုန်သော ထမ်းပိုး၊ ဝင်ရိုး၊ လှည်းတံ၊ ဆောင်ပန်း၊ လှည်းအိမ်၊ လှည်းဘီး စသည်တို့ နေရာတကျ ပေါင်းစပ်မိကြသောအခါ လှည်းဟူ၍ ခေါ်ဆိုရခြင်း ဖြစ်သကဲ့သို့ ပထဝီ၊ အာပေါ်၊ တေဇော၊ ဝါယော၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ်တို့ ပေါင်းဆုံမိကြသောအခါ ခန္ဓာငါးပါး ဖြစ်ပေါ်လာ၏။ ထိုခန္ဓာငါးပါး ဖြစ်ပေါ်လာလျှင် ယောက်ျား၊ မိန်းမ၊ လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါဟူသော အဝိဇ္ဇမာနပညတ်သည် ဖြစ်ပေါ်လာတော့၏။

ဤတွင် လူနတ်ပြဟ္မာ သတ္တဝါဆိုသည်မှာ ပရမတ္ထ သဘာဝမမှီမျှသာဖြစ်သော စိတ်, စေတသိက်, ရုပ်တို့ ပေါင်းဆုံမိကြရာတွင် ဖြစ်ပေါ်လာသော ပရမတ္ထဓာတ်သားတို့၏ အရိပ်အယောင်မျှသာ ဖြစ်လေသည်။ ထို့ကြောင့် လက်သန်း အဋ္ဌကထာ ပစ္စည်းပိုင်းတွင် ပညတ် ပရမတ်ခွဲရာ၌ ရှည်လျားစွာ လာရှိသည်တို့မှ ဤတွင် သက်ဆိုင်ရာကို ကောက်နုတ် ဖော်ပြရသော်-

ပရမတ္ထတော အဝိဇ္ဇမာနာ ပိ အတ္ထဋ္ဌာယာ ကာရေန စိတ္တုပ္ပါဒါနိ မာရမ္မဏာဘူတာ စသည်ဖြင့် လာရှိ၏။ အဓိပ္ပါယ်သော်ကား ဤ အတ္ထပညတ်တရားတို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း ပရမတ္ထတရားတို့၏ အရိပ် အယောင် အတု ဟူသော အခြင်းအရာအားဖြင့် စိတ်စေတသိက် ပရမတ္ထတရားတို့၏ အာရုံအဖြစ်သို့ ရောက်၏ဟူ၍ လာရှိလေသည်။

ဤ လက်သန်းအဋ္ဌကထာ အာဘော်အရလည်း ယောက်ျား၊ မိန်းမ၊ လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါဟူသည် စိတ် စေတသိက် ရုပ်ဟူသော ပရမတ္ထ သဘာဝဓာတ်သားတို့၏ အရိပ်အယောင်မျှသာ ဖြစ်သည်ကို သိအပ်ပြန်လေသည်။

ထိုမှတစ်ပါး သုတ်မဟာဝါ မဟာသတိပဋ္ဌာန သုတ် အဋ္ဌကထာ၌လည်းကောင်း၊ သမ္မောဟ အဋ္ဌကထာ သတိပဋ္ဌာနဝိဘင်္ဂ၌လည်းကောင်း လာရှိပြန်သည်မှာ-

ယံ ပဿတိ နု တံ ဒိဋ္ဌံ၊
ယံ ဒိဋ္ဌံ တံ နု ပဿတိ။
အပဿံ ဗဗ္ဗတေ မုဋ္ဌော၊
ဗဗ္ဗမာနော နု မုစ္စတိ။

ယံ-အကြင် ယောက်ျား၊ မိန်းမ အစရှိသော အာရုံကို၊ ပဿတိ-မြင်ရ၏၊ တံ-ထိုယောက်ျား မိန်းမဟူသော အာရုံကို၊ နဒိဋ္ဌံ-မမြင်အပ်၊ ယံ-အကြင် မဟာဘုတ် ဥပါဒါရုပ်တရားကို၊ ဒိဋ္ဌံ-မြင်အပ်၏၊ တံ-ထို မဟာဘုတ် ဥပါဒါရုပ်တရားကို၊ နပဿတိ-ပညာမျက်စိဖြင့် မမြင်ကြ၊ မုဋ္ဌော-မောဟဖြင့် တွေဝေသည်ဖြစ်၍၊ အပဿံ အပဿန္တော-ဘူတရုပ် ဥပါဒါရုပ်ကို ပညာမျက်စိဖြင့် မသိမမြင်သော ပုဂ္ဂိုလ်ကို၊ ဗဗ္ဗတေ-တဏှာ မာန စသော ကိလေသာတို့ဖြင့် ဖွဲ့ချည်၍ ထားတော့၏။ ဗဗ္ဗမာနော-ကိလေသာတို့ဖြင့် ချည်နှောင်ထားအပ်သော ပုဂ္ဂိုလ်သည်၊ နမုစ္စတိ-သံသရာဝဋ်ဆင်းရဲမှ မလွတ် မကျွတ်နိုင်သည်သာတည်းဟု အဋ္ဌကထာ ဆရာမြတ် ဖွင့်ဆိုတော်မူ၏။

http://www.dhammadownload.com

ဤတွင်လည်း စိတ် စေတသိက် ရူပ် ပရမတ္ထ ဓာတ်သားတို့၏ အရိပ်အယောင်မျှသာ ဖြစ်သော ယောက်ျား၊ မိန်းမ၊ လူ၊ နတ်၊ ငြဟ္မာ၊ သတ္တဝါတို့ကို အလိုမရှိအပ်၊ ၎င်းတို့သည် အများခေါ်ဝေါ် သမုတ်အပ်သော တကယ်မရှိသော သမ္မုတိသစ္စာ မျှသာဖြစ်၏။ ယောဂီပုဂ္ဂိုလ်တို့ လက္ခဏာရေးသုံးပါး တင် ရှုပွားများရမည်မှာ ပရမတ္ထသဘာဝမမှတို့ ပညာမျက်စိဖြင့်သာ ကြည့်ရှု ဆင်ခြင် ပွားများရသော လုပ်ငန်းဖြစ်၏။ အရိပ်နိမိတ်ကို အလိုမရှိအပ်။

ထို့ကြောင့် **အရိပ်နိမိတ်ကို မယူရန် ပါဠိတော်** အရပ်ရပ်တွင် ထပ်ကာထပ်ကာ ဟောတော်မူ သည်မှာ-

စက္ခုနာ ရူပံ ဒိသ္ဝာ
နေ နိမိတ္တဂ္ဂါဟီ ဟောတိ
နာနုဗျဉ္ဇနဂ္ဂါဟီ။

သုတ်သီလက္ခန်ပါဠိတော် သာမညဖလသုတ် ဆဋ္ဌမ စာမျက်နှာ ၆၆-၌ လာရှိ၏။ မျက်စိဖြင့် အဆင်း ရူပါရုံကိုမြင်သော် မိန်းမ၊ ယောက်ျား စသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ လက်ခြေ စသော အင်္ဂါ၊ ပြုံးဟန် ရယ်ဟန် စသော အမူအရာ အမှတ် လက္ခဏာကို စွဲယူလေ့မရှိ။ (ဆ၊မြန်၊စာ ၇၃)။

ဤပါဠိတော်အရလည်း ယောဂီပုဂ္ဂိုလ်သည် မိန်းမ ယောက်ျား စသော ပုံပန်းသဏ္ဌာန်နိမိတ်ကို မယူရန် ဟောတော်မူခြင်းဖြစ်၏။

ယင်းသို့ မိန်းမ ယောက်ျား စသော ပုံပန်း သဏ္ဌာန် နိမိတ်ကို မယူရန် သုတ်သီလက္ခန်ပါဠိ တော်၌သာ ဟောတော်မူသည် မဟုတ်သေး။

ဆဋ္ဌမူဖြစ်သော မူလ ပဏ္ဏာသပါဠိတော် စာ မျက်နှာ ၂၃၈၊ သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော် ၃၂၃၊ အဂ်ုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် ၅၃၀၊ ဓမ္မသင်္ဂဏီပါဠိတော် ဆဋ္ဌမ စာမျက်နှာ ၂၆၁၊ ထိုမှတစ်ပါး အခြားသော ပါဠိတော်များ၌လည်း ယင်းသို့ ပုံပန်းသဏ္ဌာန် နိမိတ်ကို မယူရန် ဟော တော်မူသေး၏။

ယင်းသို့ ယောက်ျား မိန်းမ စသော နိမိတ်ကို မယူရန် နိကာယ်ငါးရပ်စလုံးမှ ကောက်ယူ ဖော်ပြရခြင်းမှာ နိကာယ်ငါးရပ်စလုံးတွင် လူနတ် ငြဟ္မာ သတ္တဝါဟူသော ပုံပန်းသဏ္ဌာန် အရိပ် နိမိတ်ကို မယူရန် ဗုဒ္ဓမြတ်စွာ ဟောတော်မူခြင်း ကို လေးနက်စွာ သိရှိတော်မူကြစေရန် ဖြစ်၏။

ထိုပါဠိတော်များကို ရည်ညွှန်းလျက် စတုဂီရိ ဆရာတော်ကြီးသည် ပရမတ်သင်မှ နားဝင်မည်။ ပရမတ်ကျမှ နားဝမည် စသည်ဖြင့် ရှေးဆရာ မြတ်တို့ ဆိုစမှတ်ရှိသည်ကို ထပ်ဆင့် ဖော်ပြ တော်မူခဲ့ခြင်းဖြစ်၏။ အနတ္တသဘာဝကို နားလည် စေရန် ဆက်ဦးအုံ့။

• • •

ပဋိစ္စသမုပ္ပါဒ်ကို နားလည်သော်

၁၃။ ယုံမှားခြင်း ၁၆-ချက် ကင်း၏

ဝိပဿနာဘာဝနာလုပ်ငန်းသည် ပထမ၌ ခြောက်သွေ့ပျင်းရိဖွယ်ဟု ထင်ရသော်လည်း သက်ဆိုင်ရာ သဘာဝသဘောတရားတို့ကို နား လည်သွားသောအခါ အလွန်အလွန် ပျော်မွေ့ ဖွယ်ကောင်းသော လုပ်ငန်းရပ် ဖြစ်လေသည်။

ဤသဘောကို ဝိပဿနာ ပွားများနေသူတိုင်း အသိဖြစ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယတွဲ ပဋိပဒါဝိဘာဂဒသနခန်း ပါဠိ စာ

http://www.dhammadownload.com

မျက်နှာ ၂၈၈ ၌-

တိဝိဓေ သုဂတိဘဝေ ပိ နာဘိရမတိ၊
တီသု ပန အနုပသနာသုယေဝ ရမတိ။

ကာမ သုဂတိ စသော သုဂတိဘုံသုံးတန်၌ လည်း မမွေ့လျော်၊ စင်စစ်သော်ကား အနုပသနာ သုံးပါး၌သာလျှင် မွေ့လျော်၏။ (အရှင်နန္ဒမာလာ မြန်မာပြန် တတိယတွဲ စာမျက်နှာ ၄၃၂)။

ဤစကားသည် မှန်သည်သာတည်း။ ထို ကြောင့်လည်း ပညာရှိသူတော်ကောင်းတို့သည် တောကျောင်း၌သော်လည်းကောင်း၊ ဂူတွင်း၌ သော်လည်းကောင်း ဓမ္မအရသာကို တွေ့၍ ပျော် မွေ့ကာ နေတော်မူနိုင်ကြခြင်း ဖြစ်လေသည်။

ထိုမှတစ်ပါး ခုဒ္ဒကပါဋ္ဌ ဓမ္မပဒပါဠိတော် ဆဋ္ဌမ စာမျက်နှာ ၆၄ ၌-

သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိ ဓမ္မရတိ ဇိနာတိ။

တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏။ တရား၌မွေ့လျော်ခြင်းသည် မွေ့ လျော်ခြင်းအားလုံးကို အောင်နိုင်၏။ (ဆ၊မြန်၊ စာ ၆၀)။

ထို့ကြောင့် ဝိပဿနာလုပ်ငန်းသည် အရသာ မရှိ၊ ပျင်းစရာဟု ပညာမျက်စိမရှိသူတို့၏အယူကို မယူသင့် အလိုမရှိအပ်၊ မည်သည့်လုပ်ငန်းမဆို မသိနားမလည်ပါက အစတွင် ပျင်းစရာကောင်း သည်၊ ခက်သည်ဟု ထင်ရသော်လည်း နားလည် သွားပါက အလွန်လွယ်ကူ၍ အလွန်ပျော်စရာ ဖြစ်၍နေပေတော့၏။ ဥပမာဆိုသော် ဖဲကစားသူ တို့သည် တစ်ညလုံး ဖဲကစားနိုင်ဘိသကဲ့သို့တည်း။

ထို့အတူ ဝိလုပ်ငန်းတော်တွင်လည်း ပါဠိတော် အရပ်ရပ်တို့၌ လာသည်တို့ကို သဘောပေါက် သွားပါက အလွန်လွယ်ကူလျက် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ်နှင့် မလဲနိုင်အောင် အရသာ တွေ့ရှိ ပျော်မွေ့နေပေတော့၏။ အကြောင်း သော်ကား ဗြဟ္မာ့စည်းစိမ်သည် ဒုက္ခနှင့် မကင်း သောကြောင့် ဖြစ်၏။

အဘယ်မျှ လွယ်ကူပါသနည်းဆိုသော် ပြော မယုံနိုင်လောက်အောင် လွယ်ကူလေသည်။ သို့ရာတွင် လုပ်ငန်းလုပ်ကွက် သဘောတရား များကို သဘောပေါက်ရန်ကား အရပ်ထဲတွင် ပြောဆိုနေကြသလို မလွယ်ကူချေ။ ယင်းသို့ မလွယ်ကူခြင်းကြောင့် ဗိုလ်ကုန်းဆရာတော် ပြု စုအပ်သော အဘိဓမ္မတ္ထဒီပကကျမ်း ဒုတိယတွဲ ကမ္မဋ္ဌာန်းပိုင်း အဆုံးနားတွင် ဝိပဿနာလုပ်ငန်း အတွက် အသိခက်ပုံကို ဝိနည်းကျော် ရွှေဥမင် ဆရာတော် မိန့်ဟောတော်မူသည်ကို ထည့်သွင်း ဖော်ပြတော်မူခဲ့သည်မှာ-

လယ်လုပ်မခက်
လယ်တည်ခက်သည်။
အကျင့်မခက်၊ အသိခက်သည်။

စသည်ဖြင့် ဖော်ပြထားလေသည်။ အလုပ်လုပ် ရာ၌ လွယ်ကူပုံကို ရှေ့လာလတ္တံ့သော ဆောင်း ပါးများတွင် တွေ့ရှိရလတ္တံ့။

ဝိပဿနာ ဘာဝနာလုပ်ငန်းတွင် ရှေးဦးစွာ အတ္တနှင့်အနတ္တ ကွဲရန် အထူး အရေးကြီးခြင်းကို ဆောင်းပါး ၇ နှင့် ၈ တို့တွင် ဖော်ပြခဲ့ပြီးဖြစ်သော် လည်း ပိုမို ထင်ရှား လေးနက်စေရန် ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်၊ ပညာဝဂ်၊ ဝိပဿနာကထာ စာမျက်နှာ ၄၁၀-၌ လာသည်ကို ထပ်ဆင့်ဖော်ပြပေဦးအုံ့။

သော ဝတ ဘိက္ခဝေ ဘိက္ခု ကိဉ္စိ ဓမ္မံ အတ္တတော သမနုပဿန္တော အနုလောမိကာ ယ ခန္တိယာ သမန္နာဂတော ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

ရဟန်းတို့၊ စင်စစ် ထိုရဟန်းသည် အနည်း ငယ်သော တရားကို အတ္တဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သော အလို အနုလောမဘာဏ်နှင့် ပြည့်စုံခြင်း ဖြစ်မည့်အကြောင်းသည် မရှိ။ (ဆ၊ မြန်၊ စာ ၄၇၂)။

အထက် ပါဠိတော်မှာ ဆောင်းပါး ၈-၌ လာ ရှိသော ပါဠိတော်နှင့် အတူတူပင် ဖြစ်သော်လည်း မြန်မာစာသွားမှာ အနည်းငယ် ကွာခြား၏။ သို့

http://www.dhammadownload.com

ရာတွင် အဓိပ္ပါယ်မှာ အတူတူပင်ဖြစ်လေသည်။

အထက် ပါဠိတော်၌ဆက်လက်လာရှိသည်မှာ-

သော ဝတ ဘိက္ခဝေ ဘိက္ခု သဗ္ဗမေဝ အနတ္တတော သမနုပဿန္တော အနုလောမိ ကာယ ခန္ဓိယာ သမန္နာဂတော ဘဝိဿတိ တိ ဌာန မေတं ဝိဇ္ဇတိ။

ရဟန်းတို့ စင်စစ် ထိုရဟန်းသည် အလုံးစုံသော တရားတို့ကို အတ္တမဟုတ် အနတ္တဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို အနုလောမဉာဏ်နှင့် ပြည့်စုံခြင်းဖြစ်မည့်အကြောင်းသည် ရှိ၏။ (ဤကား အတိုချုပ်ဖြစ်ခြင်းကြောင့် မူရင်းကျမ်းကို ဖတ်ရှုတော်မူကြပါလေ)။

ဤပါဠိတော်အရလည်း မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်ရှိလိုသော ယောဂီသည် အတ္တဝါဒကို လုံးဝ စွန့်ပယ်လျက် အနတ္တသဘာဝမှုဖြင့် အလုပ်လုပ်ရမည်ကို ထင်ရှားစွာ သိရှိအပ်ပြန်လေသည်။

ယခုအခါ ဝိပဿနာ ပွားများကြရာတွင် ပရမတ္ထသဘာဝမှ အနတ္တက ပွားများကြသည်ထက် အတ္တက ပွားများနေသူတို့က ပိုမို များလျက် ရှိနေခြင်းကို တွေ့မြင်သိရှိရ၏။

ထို့ကြောင့် ယခုတစ်ဖန် အတ္တနှင့်အနတ္တ ကွဲစေရန် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ လာရှိသော သဘောကို ဖော်ပြဦးအုံ့။

ပဋိစ္စသမုပ္ပါဒ် ဒေသနာပါဠိတော်ကို ဆောင်းပါး ၅-၌ ဖော်ပြခဲ့ပြီ၊ ၎င်းပါဠိတော်ကို အရကျက်လျက် ရွတ်ဆို ဆင်ခြင် ပွားများနေပါလေ။ ထိုမှတစ်ပါး ၎င်းဆောင်းပါးတွင် ပါရှိသော လယ်တီဆရာတော်၏ ပဋိစ္စသမုပ္ပါဒ်ပျို့လင်္ကာကိုလည်း အရကျက်လျက် ရွတ်ဆို ဆင်ခြင် ပွားများနေပါလေ။ ထူးခြား မွန်မြတ်လှသော တရားအရသာကို တွေ့ရှိ ခံစားရလတ္တံ့။ ၎င်းပြင် ထိုပါဠိတော်နှင့် ပျို့လင်္ကာကို သူတစ်ပါးအားလည်း ဓမ္မဒါနပြုတော်မူကြပါလေ။ ယင်းသို့ပြုခြင်းဖြင့် မိမိသည် ကြီးမားလှစွာသော ဒါနပြုခြင်းဖြစ်၏။ ကမ္ဘာသူ ကမ္ဘာသားတို့အတွက်လည်း အထူး ကျေးဇူးများ ဖွယ်ရာဖြစ်၏။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို သဘောပေါက်လာအောင် ပါဠိတော် အဋ္ဌကထာတို့၌ လာသည့်အတိုင်း သင်ပြပေးနိုင်သော ပုဂ္ဂိုလ်များထံတွင် ကျနစ္စာ သင်ယူပါက သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အတ္တဒိဋ္ဌိ စသော မှားသောအယူဝါဒများကို သုတမယ ဉာဏ်အားဖြင့် ထင်ရှားစွာ သိရှိလာပေတော့၏။

ထိုအခါ မူလပဏ္ဏာသပါဠိတော်၊ မဟာတဏှာ သင်္ခယသုတ် (ဆ၊မြန်၊စာ ၃၄၂)၌လည်းကောင်း၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ အာဟာရဝဂ်၊ ပစ္စယသုတ်(ဆ၊မြန်၊စာ ၂၅၀)၌လည်းကောင်း ဟောတော်မူသော ယုံမှားခြင်း ၁၆-ချက်တို့သည် ကင်းစင် ကွယ်ပျောက်သွားပေတော့၏။ ၎င်းယုံမှားခြင်း ၁၆-ချက်သဘော အတိုချုပ်မှာ-

အတိတ်ဘဝ၌ ယုံမှားခြင်း ၅-ချက်

၁။ ငါ သည် အတိတ်ဘဝ၌ ဖြစ်ခဲ့ဖူးသလော။ ၂။ မဖြစ်ခဲ့ဖူးသလော။ ၃။ အဘယ်သူ ဖြစ်ခဲ့ဖူးသနည်း။ ၄။ အဘယ်ပုံပန်း ဖြစ်ခဲ့ဖူးသနည်း။ ၅။ ငါသည် အတိတ်၌ အဘယ်သူဖြစ်ပြီး၍ အဘယ်သူဖြစ်ခဲ့ဖူးသနည်း။

အနာဂတ်၌ ယုံမှားခြင်း ၅-ချက်

၁။ ငါသည် အနာဂတ်၌ ဖြစ်လတ္တံ့လော။ ၂။ မဖြစ်လတ္တံ့လော။ ၃။ အဘယ်သို့သောသူ ဖြစ်လတ္တံ့နည်း။ ၄။ အဘယ်သို့ ပုံပန်း ဖြစ်လတ္တံ့နည်း။ ၅။ ငါသည် အနာဂတ်ကာလ၌ အဘယ်သူ ဖြစ်ပြီး၍ အဘယ်သို့ ဖြစ်လတ္တံ့နည်း။

ပစ္စုပ္ပန် ယုံမှားခြင်း ၆-ချက်

၁။ ငါဖြစ်သလော။ ၂။ မဖြစ်သလော။ ၃။ ငါ အဘယ်သူဖြစ်သနည်း။ ၄။ ငါ အဘယ်ပုံပန်း ဖြစ်သနည်း။ ၅။ ငါသည် အဘယ်မှလာသနည်း။ ၆-ငါသည် အဘယ်သွားလတ္တံ့နည်း။

ဤ ယုံမှားခြင်း ၁၆-ချက်ကို ဒေသနာတော်၌ အသေးစိတ် ဟောတော်မူသော သဘောကို မရှင်းပါက ဤသို့ သဘောပေါက်ရန် ဖြစ်၏။

http://www.dhammadownload.com

ယခင်ဆောင်းပါးများတွင် ငါမရှိ၊ သူမရှိ၊ သတ္တဝါမရှိ၊ ပရမတ္ထသဘာဝမျှသာ ရှိခြင်းကို ပါဠိတော်များစွာ ကိုးကား ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအရလည်း အတိတ်ကလည်း ငါမရှိ၊ သူမရှိ၊ သတ္တဝါမရှိ၊ ယခုနှင့်အနာဂတ်တွင်လည်း ငါမရှိ၊ သူမရှိ၊ သတ္တဝါမရှိ၊ အကြောင်းတရားကြောင့် ဖြစ်ပျက်နေရသော အကျိုးပရမတ္ထသဘာဝသဘောတရားမျှသာ ဖြစ်ခြင်းကို ဟောတော်မူခြင်းဖြစ်၏။

ဤသို့လည်း ဝိပဿနာပွားများမှုကို မလုပ်မီ အတ္တနှင့်အနတ္တ ကွဲလျက် ယုံမှားခြင်း ၁၆-ချက် ကင်းစင်သွားအောင် ပြသပေးနိုင်သော ဆရာကောင်းကို ရရှိရန် အထူး ကြိုးစားရပေမည်။ အဘယ်ကြောင့်ဆိုသော် အတ္တနှင့်အလုပ်လုပ်သော် အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းကြောင့်ပေတည်း။

• • •

၁၄။ ဝမရှိဘဲ ဝိမလုပ်သင့်

ဝိပဿနာဘာဝနာကို ပွားများ အားထုတ်ခြင်း မပြုမီ ရှေးဦးစွာ သုတမယညာဏ်အားဖြင့် အတ္တနှင့်အနတ္တ ကွဲရ၏။ အတ္တနှင့်အနတ္တ မကွဲဘဲ ဝိလုပ်သော် အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်၊ ထို့ကြောင့် မကွဲသေးလျှင် ကွဲအောင် သင်ပြပေးနိုင်သော ဆရာကောင်းကို အထူး ကြိုးစား ရှာရပေမည်။

ယခုအခါ မြန်မာပြည်တွင် ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်နေကြသည်မှာ အများအားဖြင့် အတ္တက ပွားများအားထုတ်နေကြသည်ကို တွေ့ရှိရ၏။ တစ်နည်းဆိုသော် ငါက ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်နေကြသည်ကို တွေ့ရှိရ၏။

ထို့ကြောင့် အတ္တနှင့်အနတ္တကို သုတမယညာဏ်အားဖြင့် ကွဲစေရန် စေတနာထက်သန်စွာဖြင့် ဤမျှ ထပ်ကာထပ်ကာ သတိပေး ရေးသားနေရခြင်း ဖြစ်၏။

ဗုဒ္ဓမြတ်စွာ သာသနာတော်၏ ပါဠိတော်ဆောင်ပုဒ်မှာ "သဗ္ဗေ ဓမ္မာ အနတ္တာ"ဖြစ်၏။ ထို့ကြောင့် ဝိပဿနာဘာဝနာကို ပွားများ အားထုတ်လျှင် အနတ္တဓမ္မ သဘာဝကိုသာလျှင် ပွားများ အားထုတ်ရလေသည်။ ငါက- အတ္တက ပွားများ အားထုတ်နေခြင်းဖြင့် အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းကို စွဲမြဲစွာ မှတ်သားရပေမည်။

ငါက ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်နေခြင်းမှာ ဒိဋ္ဌခွာခြင်း မဖြစ်သည်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ ဆဋ္ဌမ ဒုတိယတွဲ စာမျက်နှာ ၂၆၃ ၌-

အဟံ ဝိပဿာမိ မမ ဝိပဿနာတိ ဂဏှတော ဟိ ဒိဋ္ဌိ သမ္ဘဏ္ဍိဌနံ နာမ နဟောတိ။

ငါသည် ဝိပဿနာ ရှုအံ့၊ ငါ၏ ဝိပဿနာတည်း။ ဤသို့ယူသော ယောဂီအား ဒိဋ္ဌပျောက်ခြင်း၊ ကွာခြင်းမည်သည် မဖြစ်။ (အရှင်နန္ဒမာလာ မြန်မာပြန် တတိယတွဲ စာမျက်နှာ ၃၅၈)။

ထို့ကြောင့် ဝိပဿနာ ဘာဝနာ ပွားများရာတွင် ငါက ဝိပဿနာ ဘာဝနာ ပွားများနေသည် မဖြစ်စေရ၊ ယခင်ဆောင်းပါးများတွင် ဖော်ပြခဲ့သည့်အတိုင်း ငါမရှိ၊ အတ္တမရှိ၊ အနတ္တသဘာဝ ဓမ္မဖြစ်သော သဘောတရားတစ်စုက အနတ္တသဘာဝဓမ္မဖြစ်သော သဘောတရားတို့၏ အဖြစ်အပျက်ကို လက္ခဏာရေးသုံးပါးတင်ကာ ဆင်ခြင်

http://www.dhammadownload.com

ပွားများ အားထုတ်နေခြင်းမျှသာ ဖြစ်ရပေမည်။ ထို့ကြောင့် ယင်းအဋ္ဌကထာ၌ ဆက်လက် လာရှိပြန်သည်မှာ-

သခ်ါရာ၀ သခ်ါရေ ဝိပဿန္တိ သမ္မသန္တိ ၀ဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္နန္တိတိ ဂဏှတောပန ဒိဋ္ဌိဥဇ္ဇုဂ္ဂဏံ နာမ ဟောတိ။

သင့်လျော်ပုံကို ဆိုအုံ့၊ သခ်ါရတို့သည်သာ လျှင် သခ်ါရတို့ကို ရှုကုန်၏။ သုံးသပ်ကုန်၏။ နှလုံးပိုက်ထား မှတ်သားကုန်၏။ သိမ်းဆည်းရုံးစုကုန်၏။ ပိုင်းခြားကုန်၏။ ဤသို့ယူသော ယောဂီအား ဒိဋ္ဌိကို ခွာသည်မည်၏။

ဤတွင် ထင်ရှားစွာ သိရှိရန်မှာ သမ္မုတိသစ္စာ မျှသာဖြစ်သော လူနတ်ဗြဟ္မာ သတ္တ၀ါကို ဖယ်ခွာလျက် သဘာ၀ဓမ္မ သဘောတရားမျှသာ ဖြစ်သော စိတ်၊ စေတသိက်၊ ပရမတ္ထဓမ္မသဘာ၀တို့က စိတ် စေတသိက်နှင့် ရူပ် ဖြစ်ကြကုန်သော ပရမတ္ထဓမ္မသဘာ၀တို့ ဖြစ်ပျက်နေခြင်းကို ဆင်ခြင်ပွားများနေခြင်းမျှသာ ဖြစ်ခြင်းကို စွဲမြဲစွာ သိရှိထားရန် ဖြစ်၏။

အနတ္တဆိုသည်ကို သဘောပေါက်စေရန် တစ်နည်းဖော်ပြပေဦးအုံ့။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန် ဒုတိယတွဲ စာမျက်နှာ ၄၄၀ ၌-

စက္ခုရူပါလောက မနသိကာရေ ပဋိစ္စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

စက္ခုပသာဒ၊ ရူပါရုံ၊ အလင်း၊ နှလုံးသွင်းခြင်းတို့ကို စွဲ၍ စက္ခုဝိညာဉ်ဖြစ်၏ဟု လာရှိ၏။

ဤ၌ စက္ခုဝိညာဉ် ဆိုရာ၀ယ် အကြမ်းအားဖြင့် မျက်စိဖြင့်မြင်၍ သိသောစိတ်ကို စက္ခုဝိညာဉ်စိတ်ဟု ခေါ်ဆိုခြင်းဖြစ်၏။ တစ်နည်းဆိုသော် မြင်သိစိတ်ဟူ၍လည်း ခေါ်ဆိုရ၏။

မနသိကာရနှလုံးသွင်းခြင်းဆိုသည်မှာ စိတ်ကို အာရုံသို့ ရှေးရှုဖြစ်မှုကို ပြုလုပ်တတ်သော သဘာ၀ဓမ္မသဘောတရားတစ်ခု ဖြစ်၏။

အထက်ပါ စနစ်ပုံကိုကြည့်လျှင် မြင်သိစိတ် ဓာတ်တစ်ခု ဖြစ်ပေါ်ရန် စက္ခုပသာဒအကြည် ဓာတ်ကလည်း ရှိပါမှ၊ ကြည်လည်းကြည်လင်ပါမှ၊ အဆင်းရူပါရုံကလည်း ရှိပါမှ၊ အလင်းရောင်ကလည်း လင်းပါမှ၊ မနသိကာရကလည်း မိမိကိစ္စကို ပြုပါမှ၊ ဤသို့ အကြောင်းပေါင်းများစွာတို့ ပေါင်းဆုံမိကြပါမှ စက္ခုဝိညာဏ် မြင်သိစိတ်တစ်လုံး ဖြစ်ပေါ်၍ လာရလေသည်။

ဤသို့လျှင် အကြောင်းတရားတို့ကြောင့် အကျိုးတရား ဖြစ်ပေါ်လာရခြင်းကို အနတ္တဟူ၍ သိအပ်လေသည်။ အနတ္တ ငါမဟုတ်၊ အတ္တ မဟုတ် ဆိုခြင်းမှာ အနက်အဓိပ္ပါယ် မထင်ရှား၊ အလွန်ကျဉ်းမြောင်းလှ၏။ ယခုခေတ် လူတို့ မသိ မမြင်နိုင်။ နားမလည်နိုင်ကြကုန်။

ဝိပဿနာဘာ၀နာကို သဘာ၀ကျကျ ပွားများ အားထုတ်လိုလျှင် ရှေးဦးစွာ သမ္မုတိသစ္စာ

http://www.dhammadownload.com

နှင့် ပရမတ္ထသစ္စာကွဲရ၏။ ပရမတ္ထသဘာဝကိုပိုင်မှ အနတ္တကို သဘောကျနိုင်ပေမည်။ ထို့ကြောင့် အနတ္တကို သဘာဝပေါ် ရန် တစ်နည်းဖော်ပြဦးအုံ့။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ တတိယတွဲ ဆရာတော်ဦးနန္ဒမာလာ မြန်မာပြန် စာမျက်နှာ ၂၀၃ ၌-

အတီတေ ဟေတဝေါ ပဠု၊
ဣဒါနိ ဖလပဠုတံ။
ဣဒါနိ ဟေတဝေါ ပဠု၊
အာယတိ ဖလပဠုကံ။

အတိတ်ကာလ၌ အကြောင်းငါးပါးတို့လည်းကောင်း၊ ယခု ပစ္စုပ္ပန်ဘဝ၌ အကျိုးငါးပါးအပေါင်းလည်းကောင်း၊ ဤပစ္စုပ္ပန်ဘဝ၌ အကြောင်းငါးပါးတို့လည်းကောင်း၊ နောင် အနာဂတ်ဘဝ၌ အကျိုးငါးပါးအပေါင်းလည်းကောင်း ဤသို့ အခြင်းအရာသရုပ်အပြားဟု ဆိုအပ်ကုန်သော အကန့်နှစ်ဆယ်ရှိ၏ဟူ၍ သိအပ်၏။

ဤအတိုင်း လက်သန်းအဋ္ဌကထာ ပစ္စည်းပိုင်း ၌လည်း လာရှိလေသည်။

ဤတွင် ပိုမို လေးနက်စွာ သဘောပေါက်စေရန် ဖော်ပြရပြန်သော် ပဋိသမ္ဘိဒါမဂ် ပါဠိတော် မဟာဝဂ် ဆဋ္ဌမူ စာမျက်နှာ ၅၀ ၌-

ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ၊
အာယူဟနာ သခါရာ၊ နိကန္တိ တဏှာ၊
ဥပဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါ၊
ဣမေ ပဠု ဓမ္မာ ပုရိမကမ္မဘဝသ္မိံ
ဣဓ ပဋိသန္ဓိယာ ပစ္စယာ။

စသည်ဖြင့် ဟောတော်မူ၏။

ဆ၊မြန်၊စာ ၆၈။ ရှေးကမ္မဘဝ၌ တွေဝေမှုမောဟသည် အဝိဇ္ဇာမည်၏။ အားထုတ်မှုသည် သခါရမည်ကုန်၏။ လိုချင်တပ်မက်မှုသည် တဏှာမည်၏။ မြဲမြံစွာ စွဲယူခြင်းသည် ဥပါဒါန်မည်၏။ စေ့ဆော်ကြောင့်ကြမှုစေတနာသည် ဘဝမည်၏။ ရှေးကမ္မဘဝ၌ဖြစ်သော ဤတရားငါးပါးတို့သည် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏အကြောင်းဖြစ်ကုန်၏။

(စာအားရှိသူတို့ ပါဠိတော်ကို ဆက်လက်ဖတ်ရှုတော်မူကြပါလေ။ ယခုသော် မြန်မာပြန်ကို ဆက်လက် ရေးသားပေအုံ့)။

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေသည် ဝိညာဏ် မည်၏။ သက်ဝင်ဘိသက္ခဲသို့ဖြစ်သော တရားသည် နာမ်ရုပ်မည်၏။ မဟာဘုတ်တို့၏ ကြည်သည်၏ အဖြစ်သည် အာယတနမည်၏။ တွေ့ထိခြင်းသဘောသည် ဖဿမည်၏။ ခံစားခြင်းသဘောသည် ဝေဒနာမည်၏။ ဤ ပစ္စုပ္ပန်ဝိပါက်ဘဝ၌ဖြစ်သော ဤတရားငါးပါးတို့သည် ရှေးကပြုအပ်သောကံ၏ အကြောင်းကြောင့်ဖြစ်ကုန်၏။

ဤပစ္စုပ္ပန်ဘဝ၌ အာယတနတို့၏ ရင့်ပြီးသည်၏ အဖြစ်ကြောင့် တွေဝေမှု မောဟသည် အဝိဇ္ဇာမည်၏။ အားထုတ်မှုသည် သခါရမည်၏။ တပ်မက်မှုသည် တဏှာမည်၏။ မြဲမြံစွာ စွဲယူခြင်းသည် ဥပါဒါန်မည်၏။ စေ့ဆော်ကြောင့်ကြမှုသည် ဘဝမည်၏။ ဤ ပစ္စုပ္ပန်ကမ္မဘဝ၌ဖြစ်သော ဤတရားငါးပါးတို့သည် နောင်အခါ ပဋိသန္ဓေ၏ အကြောင်းဖြစ်ကုန်၏။

ဤပါဠိတော်နှင့်တကွ အထက်တွင် အဋ္ဌကထာတို့ ဖွင့်ဆိုတော်မူသည်တို့ကို ပေါင်းစပ်ကာ လိုရင်းကို ကောက်နုတ်လိုက်သော် ယောက်ျားမိန်းမ လူနတ်ပြဟ္မာ သတ္တဝါမရှိ အတ္တမဟုတ်-

ယခင်က အဝိဇ္ဇာ၊ သခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဤအကြောင်းတရား ငါးပါးတို့ ပေါင်းဆုံမိကြသဖြင့် ယခုအခါ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော အကျိုးတရားငါးပါးတို့ ဖြစ်ပေါ် လာရခြင်းဖြစ်၏။

ဤအတူသာလျှင် ယခုအခါ အဝိဇ္ဇာ၊ သခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဤအကြောင်းတရားငါးပါးတို့ တွေ့ဆုံ ပေါင်းစပ်မိကြပြန်လျှင် အနာဂတ်တွင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော အကျိုးတရားငါးပါးတို့သည် ဖြစ်ပေါ် လာကြရပေဦးမည်။ မဖြစ်ပေါ် ဘဲမနေ။ မဖြစ်ပေါ် စေရန် လူသည်လည်းကောင်း၊ နတ်သည်လည်းကောင်း၊ ပြဟ္မာသည်လည်းကောင်း တားမြစ်ရခေါ်။

http://www.dhammadownload.com

ဤသို့လျှင် အကြောင်းနှင့် အကျိုးတရားတို့ ဖြစ်ပျက်နေခြင်းမှာ သတ္တဝါမဟုတ်၊ အတ္တမဟုတ် ငါမဟုတ် သူမဟုတ် အနတ္တ သဘာဝ သဘောတရားများဖြစ်လေသည်။

ဤမျှဖြင့် အတ္တနှင့်အနတ္တ ရှင်းလင်းချက်ကို နိဂုံးချုပ်ရသော် ဝိပဿနာလုပ်ငန်းတွင် သမ္မတိသစ္စာကို ဖယ်ခွာလျက် ပရမတ္ထသစ္စာ အနတ္တ သဘာဝဖြင့် အလုပ်လုပ်ရလေသည်။

ဝိပဿနာဘာဝနာကို ဆင်ခြင် ပွားများနေသည်တို့မှာလည်း ငါက ပွားများနေသည် မဖြစ်စေရ၊ စိတ်နှင့်စေတသိက် နာမ်ခန္ဓာ လေးပါးတို့က ပွားများ အားထုတ်နေသည်ဟူ၍သာ ဖြစ်ရလေသည်။ ငါက ပွားများ အားထုတ်နေသည်ဆိုပါက ဒိဋ္ဌိမစင်ခြင်းကြောင့် သတ္တဝါဟူသောအယူကို မစွန့်ခြင်းကြောင့် အလိုရှိအပ်သော မဂ်ဖိုလ် နိဗ္ဗာန်သို့ မရောက်ရှိနိုင်။

ဤသို့လျှင် အတ္တနှင့်အနတ္တသဘာဝကို သုတမယဉာဏ်အားဖြင့် ခွဲခြား သိရှိပြီးမှသာလျှင် ဝိပဿနာ ဘာဝနာလုပ်ငန်းသို့ တက်ရောက်ရလေသည်။ ဤကား အနတ္တသဘာဝ သဘောတရားပေတည်း။

ဤသို့ဝိပဿနာဘာဝနာလုပ်ငန်းတွင် အောက်ခြေပိုင်မှ အထက်သို့ တက်ရလေသည်။ ထို့ကြောင့် ဝမရှိဘဲ ဝိမလုပ်နှင့်ဆိုသည်ကို အထူး သတိပြုတော်မူကြပါလေ။

• • •

၁၅။ အာနာပါန ပွားများနည်း

ဝိပဿနာ ဘာဝနာလုပ်ငန်းအတွက် စွဲမြဲစွာ လုပ်ကိုင်ရမည်မှာ ယခင်ဆောင်းပါးတို့၌ ဖော်ပြခဲ့သည့်အတိုင်း-

၁။ သစ္စာလေးပါး နည်းအရ တဏှာဟူသရွေ့ကို ပယ်ဖြတ်ရမည်။

၂။ ပဋိစ္စသမုပ္ပါဒ်နည်းအရ အဝိဇ္ဇာကို ပယ်ဖြတ်ရမည်။

၃။ အနတ္တလက္ခဏာသုတ်ဒေသနာတော်နည်းအရ သုတမယဉာဏ်အားဖြင့် အတ္တနှင့် အနတ္တကွဲစေလျက် မိမိ၏ ခန္ဓာငါးပါးကို လည်းကောင်း၊ သူတစ်ပါးခန္ဓာငါးပါးကို လည်းကောင်း၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ခန္ဓာဟူသရွေ့ကိုလည်းကောင်း ရှုမှန်း ငြိုင်ငွေ့စေလျက် မိမိ၏ ခန္ဓာငါးပါးကို အစတုံး ချုပ်ငြိမ်းရန် အားထုတ်ရမည်။

၄။ ဤအချက်ကြီး ၃-ချက်ကို ထပ်မြောက် အောင်မြင်ရန် အလုပ်လုပ်ရမည်မှာကား မဂ္ဂင်ရှစ်ပါး (၀၊) သီလ၊ သမာဓိ၊ ပညာ ဤ ၃-ပါးကို နေ့စဉ်နေ့တိုင်း ၇-ရက်၊ ၇-လ၊ ၇-နှစ် လေ့ကျင့် ပွားများ အားထုတ်နေရမည် ဖြစ်၏။

သီလ၊ သမာဓိ၊ ပညာ ဤမဂ္ဂင်ရှစ်ပါးကို ပွားများ အားထုတ်ခြင်းအားဖြင့် အဝိဇ္ဇာနှင့်တဏှာ မျှသာ မကသေး၊ လောဘ,ဒေါသ,မောဟ,အနုသယ ၇-ပါး စသည်တို့ကို ကိစ္စတုံး ပယ်ဖြတ်ပြီးလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအထိ ရောက်ရှိနိုင်လေသည်။ ဤကား မဂ္ဂင်ရှစ်ပါး၏ ထူးခြား ကြီးမားလှသော သတ္တိထူးပေတည်း။

ပါဠိတော်အရပ်ရပ်တို့၌ ဟောတော်မူသည့် အတိုင်း သဘောပေါက်သွားပါက ဝိလုပ်ငန်းတော်သည် အလွန် လွယ်ကူသောလုပ်ငန်းတော် ဖြစ်လေသည်။ အဘယ်မျှ လွယ်ကူပါသနည်းဆိုသော် ဌက်ပျောသီးကို အခွံနှွာစားဘိသကဲ့သို့

http://www.dhammadownload.com

လွယ်ကူ၏။ ၄က်ပျောသီးကိုစားနေရင်း ဒါန၊ သီလ၊ သမထထက် မြတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ဖြစ်၍နေနိုင်လေသည်။ ကြက်သားဟင်းနှင့် အုန်းထမင်းကို စားနေရင်း ဒါန၊ သီလ၊ သမထတို့ထက် မြတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ဖြစ်၍ နေနိုင်လေသည်။

ရှေ့ လာလတ္တံ့သော ဆောင်းပါးများတွင် ပါဠိတော်အရပ်ရပ်တို့၌ ဟောတော်မူသည့်အတိုင်း သွားရင်းလာရင်း၊ နေရင်းထိုင်ရင်း၊ စားရင်းသောက်ရင်း ဒါန၊ သီလ၊ သမထတို့ထက် မြတ်သော အကျိုးကြီးမားလှသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ဖြစ်နိုင်ပုံကို တွေ့ရှိရလတ္တံ့။

ဝိပဿနာ ဘာဝနာလုပ်ငန်းအတွက် နည်းအမျိုးမျိုးတို့ကို ဟောတော်မူရာ ၎င်းနည်းများကို လည်း ရှေ့လာလတ္တံ့သော ဆောင်းပါးများတွင် ဖော်ပြပေအုံ့။

နိဗ္ဗာန်ရောက်ကြောင်းတရားတွင် ပါဠိတော် အရပ်ရပ်တို့၌ ပုဂ္ဂိုလ်ကိုလိုက်၍ နည်းအမျိုးမျိုး ဟောတော်မူခဲ့လေသည်။ ဥပမာဆိုသော် ပက္ကုသာတိ ရဟန်းအား ဓာတ် ၆-ပါးကို ဟောတော်မူ၏။ အရှင်စူဠပန်အား ရဇောဟရဏ ကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ ဗာဟိယဒါရုစိရိယအား ဒိဋ္ဌေ ဒိဋ္ဌမတ္တံ စသော တရားတော်ကို ပေးတော်မူ၏။ ညီတော်အာနန္ဒာအား အခြားတစ်ပါးသောတရားကို ကျင့်သုံးရန် ပေးတော်မူ၏။ ဤသို့လျှင် နိဗ္ဗာန်ရောက်ရာရောက်ကြောင်း တရားတို့ကို ထိုက်သည့်အားလျော်စွာ နည်းအမျိုးမျိုးတို့ဖြင့် ဟောတော်မူလေသည်။

ထိုမှတစ်ပါး ပါဠိတော်အရပ်ရပ်တို့တွင် မဟာသတိပဋ္ဌာန်တရားတော်ကို ပွားများ အားထုတ်ရန် အကြိမ်ကြိမ် အကြိမ်ပေါင်းများစွာ ညွှန်ကြားတော်မူခဲ့ခြင်းကြောင့် မဟာသတိပဋ္ဌာန်နည်းကို ယခုအခါ ရေးသား ဖော်ပြပေအုံ့။ ၎င်းဒေသနာတော်ကို သုတ်မဟာဝါ ပါဠိတော်၌လည်းကောင်း၊ မူလပဏ္ဏာသပါဠိတော်၌လည်းကောင်း၊ အခန်း ၂၁-ခန်း ဖွင့်ကာ ဟောတော်မူလေသည်။

မဟာသတိပဋ္ဌာန် ဒေသနာတော်ကို ဖတ်ရှုသောအခါ ဝိပဿနာ ပွားနည်းကို တရားတော် အလိုကျနှင့် ကိုက်ညီအောင် သူတစ်ပါးအား ပြသ ပေးရန် မဆိုထားဘိ မိမိအတွက် အလုပ်လုပ်ရန်ကိုပင် တိကျမှန်ကန်စွာ သိရှိ နားလည်ရန် မလွယ်ကူချေ။

ထို့ကြောင့် ယင်းတရားတော်ကို အသေးစိတ် ရေးသားရန် ဖြစ်သော်လည်း သတင်းစာ၌ဖြစ်နေခြင်းကြောင့် အကျယ်တဝင့် မဟုတ်မူ၍ အလုပ်လုပ် ဖြစ်နိုင်ရန် အချို့ကို နမူနာအဖြစ်ဖြင့် ထိုထိုသော ပါဠိတော် အဋ္ဌကထာတို့ကို အကူအညီ ပြုကာ ရေးသား ဖော်ပြပေအုံ့။

သုတ်မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာန တရားတော်ကို ဟောတော်မူရာ၌ အာနာပါနပဗ္ဗကို ရှေးဦးစွာ ဟောတော်မူ၏။ ယင်းသို့ ဟောတော်မူရာမှ ကောက်နုတ်ဖော်ပြရသော်-

တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထားရ၍ သတိကို ကမ္မဋ္ဌာန်းသို့ ရှေးရှုဖြစ်စေလျက် ထိုင်၏။ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကိုရှိုက်၏။ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏ စသည်တို့ဖြင့် လာရှိလေသည်။ (ဆ၊မြန်၊စာ ၂၆၀)။

ဤဒေသနာတော်အရ သတိမရှိဘဲ အာနာပါန ကမ္မဋ္ဌာန်းကို လေ့ကျင့် ပွားများ အားထုတ်ခြင်းသည် ပါဠိတော်နှင့် မကိုက်ညီခြင်းကို အထူးသတိပြုတော်မူကြပါလေ။

ထိုမှတစ်ပါး အာနာပါန ပဗ္ဗကို ပါဠိတော်နှင့် ကိုက်ညီစွာ လေ့ကျင့်မည်ဆိုပါက ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဆဋ္ဌမ စာမျက်နှာ ၁၇၀ ၌-

နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ
သတိ ဥပဋ္ဌပေတွာ နိသိန္နော ဟောတိ။

နှာသီးဖျားဝ၌လည်းကောင်း၊ နှုတ်ခမ်းဖျားဝ၌လည်းကောင်း သတိကို ရှေ့ရှုထား၍ထိုင်နေ၏။ (ဆ၊မြန်၊ စာ ၂၁၇)။

http://www.dhammadownload.com

ဤပါဠိတော်၌သာလျှင် သတိကို နှုတ်ခမ်းဖျား၌လည်းကောင်း၊ နှာသီးဖျား၌လည်းကောင်း ထားရမည်ဟု ဟောတော်မူသည်သာမကသေး-

အယံ သတိ ဥပဋ္ဌိတာ ဟောတိ
သုပဋ္ဌိတာ နာသိကဂ္ဂေ ဝါ မုခ နိမိတ္တေ ဝါ၊
တေန ဝုစ္စတိ "ပရိမုခံ
သတိ" ဥပဋ္ဌပေတ္ဝာ"တိ။

ဟူ၍ ဝိဘင်းပါဠိတော် စျာနဝိဘင်၊ သုတ္တန္တ ဘာဇနီယ ဆဋ္ဌမ စာမျက်နှာ ၂၆၁၊ အပိုဒ် ၅၃၇ ၌လည်း ဟောတော်မူသေး၏။ ထို့ကြောင့် အာနာပါန လုပ်လျှင် သတိရှိနေရမည်။ ရှိသောသတိမှာလည်း နှာသီးဖျား၌လည်းကောင်း၊ နှုတ်ခမ်းဖျား၌လည်းကောင်း ရှိရပေမည်။ ဤကား ပါဠိတော် အလိုပေတည်း။

ထိုမှတစ်ပါး ယင်း သုတ်မဟာဝါ ပါဠိတော်၌ အာနာပါနအတွက် ဟောတော်မူပြန်သည်မှာ-

သဗ္ဗကာယ ပဋိသံဝေဒီ
အဿသိဿာမီတိ သိက္ခတိ၊
သဗ္ဗကာယပဋိသံဝေဒီ
ပဿသိဿာမီတိ သိက္ခတိ။

ထွက်သက်လေ၏ အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်ဟုကျင့်၏။ ဝင်သက်လေ၏ အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်ဟုကျင့်၏။ (ဆ၊မြန်၊စာ ၂၆၀)။

ဤတွင် စာဖတ်ပုဂ္ဂိုလ်တို့ ဗဟုသုတ ရရှိစေရန် ယင်း ပါဠိတော်ကို ဦးမြို့ မြန်မာဘာသာပြန် စာမျက်နှာ ၄၇၀ ၌ လာရှိသည်ကို ဖော်ပြဦးအံ့။

အလုံးစုံသော ထွက်သက်ဝင်သက်လေကို ထင်စွာသိလျက် ထွက်သက်လေကိုဖြစ်စေအံ့ဟူ၍ကျင့်၏။ အလုံးစုံသော ထွက်သက် ဝင်သက်လေကို ထင်စွာသိလျက် ဝင်သက်လေကိုဖြစ်စေအံ့ဟူ၍ကျင့်၏။

ဤပါဠိတော်အရ ထွက်သက်လေ ဝင်သက်လေ အပေါင်းကို ထင်ရှားစွာ သိအောင် လေ့ကျင့်ရမည်ဟု ဟောတော်မူခဲ့လေသည်။ ထို့ကြောင့် အာနာပါနပဗ္ဗအတွက် လေ့ကျင့်ကြရာတွင် နှာသီးဖျား၌လည်းကောင်း၊ နှုတ်ခမ်းဖျား၌လည်းကောင်း သတိမထား သတိမပါမရှိဘဲ အာနာပါနပဗ္ဗကို လေ့ကျင့်နေခြင်းမှာ ယင်းပါဠိတော်နှင့် မကိုက်ညီခြင်းကို အထူး သတိပြုတော်မူကြပါလေ။

ဝိပဿနာလုပ်ငန်းအတွက် ဘာကို အလိုရှိအပ်သည်ကို စွဲမြဲစွာ သိရှိထားရန် ဤဆောင်းပါး၏ အစကို ထပ်ကာ ထပ်ကာ ဖတ်ရှုတော်မူကြပါလေ။

• • •

အာနာပါနကို အားထုတ်ရာ၌

၁၆။ ပင်ပန်း ဆင်းရဲခြင်း မဖြစ်စေရ

ယင်း သုတ်မဟာဝါပါဠိတော် မဟာသတိပဋ္ဌာနသုတ် စာမျက်နှာ ၂၃၂-၌ ဆက်ကာ ဟောတော်မူသည်မှာ-

ပဿမ္ဘယံ ကာယသင်္ခါရံ
အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ ကာယသင်္ခါရံ
ပဿသိဿာမီတိ သိက္ခတိ။

ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်ဟုကျင့်၏။

ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်ဟု ကျင့်၏။ (ဆ၊မြန်၊စာ ၂၆၀)။

ဤ၌ ရုန့်ရင်းကြမ်းတမ်းသော ထွက်သက်လေ

http://www.dhammadownload.com

ဝင်သက်လေဆိုရာ၌ နိုးနိုး နေ့စဉ် ရှုရှိုက်နေသော လေတို့မှာ အလွန် ရှုန့်ရင်းကြမ်းတမ်း၏။ ရှုန့်ရင်းကြမ်းတမ်းခြင်းကို သိစေရန် ယခုပင် မိမိလက်ဝါးကို နှာခေါင်း၌ မထိစေဘဲ နီးကပ်စွာထားပြီးလျှင် ထွက်သက် ဝင်သက်လေတို့ကို ရှုရှိုက်လိုက်သော် လက်ဝါးသို့ လေတိုးသည်ကို တွေ့ရှိနိုင်၏။

ထိုမှတစ်ပါး ညတစ်ရေးနိုး၍ အာနာပါန လေ့ကျင့်သော် ခြင်ထောင်ထဲတွင် မိမိ ရှုရှိုက်နေသော ထွက်လေဝင်လေတို့၏အသံကို ကောင်းစွာ ကြားရ၏။ အကယ်၍ ဂူထဲတွင် အာနာပါနကို လေ့ကျင့်ပါမူကား မိမိ၏ ထွက်သက်လေ၊ ဝင်သက်လေတို့မှာ အလွန် ရှုန့်ရင်းကြမ်းတမ်းသည်ကို ထူးခြားစွာ သိရပေတော့၏။

ထို့ကြောင့် အာနာပါနကမ္မဋ္ဌာန်းတရားကို အားမထုတ်မီ နဂိုထွက်သက်လေ၊ ဝင်သက်လေတို့ ရှုန့်ရင်းကြမ်းတမ်းပုံကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပထမတွဲ အနုဿတိ ကမ္မဋ္ဌာနနိဒ္ဒေသပိုင်း စာမျက်နှာ ၅၄၄-၌ ဖွင့်ဆိုတော်မူသည်မှာ-

ကမ္မဋ္ဌာန်းကို အားမထုတ်မီ ရှေးအခါက ဤရဟန်း၏ ကိုယ်ကာယသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း၊ ပူပန်ခြင်း ရှိကုန်၏။ ရှုန့်ရင်းကြမ်းတမ်းကုန်၏။ ကိုယ်စိတ်တို့၏ ရှုန့်ရင်းကြမ်းတမ်းသောအဖြစ်သည် မငြိမ်သည်ရှိသော် ထွက်သက် ဝင်သက်တို့သည်လည်း ကြမ်းတမ်းကုန်၏။ အားကြီးကုန်သည်၊ ရှုန့်ရင်းကုန်သည်ဖြစ်၍ ဖြစ်ကုန်၏။ နှာခေါင်းမဆုံဖြစ်၍ ခံတွင်းဖြင့် ဝင်သက်ကို ရှိုက်သည်ဖြစ်၍လည်းကောင်း၊ ထွက်သက်ကို ရှူသည်ဖြစ်၍လည်းကောင်း တည်၏။ (ဥပမာ ပေးပုံတို့ကိုပါ ပိုမိုသိရှိနိုင်ရန် ကျမ်းရင်းကို ဆက်လက် ဖတ်ရှုတော်မူကြပါလေ)။

ဤအဋ္ဌကထာ ဖွင့်ဆိုတော်မူချက်အရ အာနာပါန ကမ္မဋ္ဌာန်းကို မပွားများမီက ထွက်သက်လေ၊ ဝင်သက်လေတို့ ကြမ်းတမ်းပုံကို ထင်ရှားစွာ သိနိုင်လေပြီ။

ဤတွင် ဆိုလိုရင်းကား အာနာပါန သမထ ဘာဝနာ ပွားများပါက မပွားများမီအချိန်ကထက် ထွက်သက်လေ ဝင်သက်လေတို့မှာ ပို၍ မကြမ်းတမ်းရ၊ ပို၍ ငြိမ်သက်သွားရခြင်းကို သိစေလိုခြင်း ဖြစ်၏။

ထိုမှတစ်ပါး အာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရာ၌ ပင်ပန်းဆင်းရဲခြင်းမရှိ၊ ကိုယ်၏ လှုပ်ရှားယိမ်းယိုင်မှု အနည်းငယ်မျှ မရှိခြင်းကို မဟာဝဂ္ဂသံယုတ်ပါဠိတော် အာနာပါန သံယုတ် ဧကမ္မဝဂ် မဟာကပ္ပိနသုတ် ဆ၊မြန်၊စာ ၂၇၇ ၌ အောက်ပါအတိုင်း တွေ့ရှိရ၏။

ဗုဒ္ဓမြတ်စွာသည် အရှင်မဟာကပ္ပိနကို မြင်တော်မူ၍ ရဟန်းတို့အား မိန့်တော်မူသည်မှာ-

ရဟန်းတို့၊ ဤရဟန်း၏ ကိုယ်တုန်ခြင်းကိုလည်းကောင်း၊ လှုပ်ခြင်းကိုလည်းကောင်း သင်တို့ မြင်ကုန်သလောဟု မိန့်တော်မူ၏။

အရှင်ဘုရား၊ သံယာ့အလယ်၌လည်းကောင်း၊ တစ်ပါးတည်း ဆိတ်ငြိမ်ရာ၌လည်းကောင်း ထိုအရှင် ထိုင်နေသည်ကို မြင်ကြရသောအခါ၌ ထိုအရှင်၏ ကိုယ်တုန်ခြင်းကိုလည်းကောင်း၊ လှုပ်ခြင်းကိုလည်းကောင်း အကျွန်ုပ်တို့ မမြင်ရပါဟု လျှောက်ကုန်၏။

ရဟန်းတို့၊ အကြင် တည်ကြည်မှု သမာဓိကို ပွားများခြင်း၊ ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကိုယ်တုန်ခြင်းသည်လည်းကောင်း၊ လှုပ်ခြင်းသည်လည်းကောင်း မဖြစ်၊ စိတ်၏တုန်ခြင်းသည်လည်းကောင်း၊ လှုပ်ခြင်းသည်လည်းကောင်း မဖြစ်၊ ရဟန်းတို့- ထိုရဟန်းသည် ထိုသမာဓိကို အလိုရှိတိုင်း ရ၏။ မဆင်းရဲဘဲ ရ၏။ မပင်ပန်းဘဲ ရ၏ဟု စသည်ဖြင့် ဟောတော်မူလေသည်။(ကျမ်းရင်းကို ဆက်လက်ဖတ်ရှုတော်မူကြပါလေ)။

ဤဒေသနာတော်အရ အာနာပါန သမထ ဘာဝနာကို ပွားများရာဝယ် ကိုယ်၏ယိမ်းယိုင်လှုပ်ရှားမှု မရှိခြင်းကို ကောင်းစွာ သိအပ်လေပြီ။

ဂင်းပြင် သုက်သီလက္ခန်ပါဠိတော် ကူဋဒန္တသုတ် ၌ ရှည်လျားစွာ ဟောတော်မူသည်တို့မှ ဤတွင်

http://www.dhammadownload.com

သက်ဆိုင်သည်ကို အတိုချုပ် ကောက်နုတ် ဖော်ပြ ရသော်-

ဘာဝနာလုပ်ငန်းသည် ဒါန,သီလထက်သာ၍ နည်းသောကိစ္စလည်းရှိ၏။ သာ၍နည်းသော အားထုတ်မှုလည်းရှိ၏။ သာ၍များသော အကျိုးလည်းရှိ၏။ သာ၍များသော အာနိသင်လည်းရှိ၏ဟု ဟောတော်မူ၏။

ဤဒေသနာတော်အရလည်း ဘာဝနာလုပ်ငန်းမှာ ဒါန,သီလလောက် ကိစ္စမများ၊ ဒါန,သီလလောက် အားထုတ်မှုမရှိဘဲလျက် ဒါန, သီလ တို့ထက် ပိုမို များပြားလှသောအကျိုးကိုလည်း ရရှိ၏။ ပိုမို များပြားသော အာနိသင်လည်း ရရှိသည်ကို ကောင်းစွာ သိနိုင်လေသည်။

ထိုမှတစ်ပါး ဥပရိပဏ္ဏာသပါဠိတော် အနုပဒ ဝဂ် အာနာပါနသတိသုတ်၌ ရှည်လျားစွာ ဟော တော်မူသည်မှ အနည်းငယ် နမူနာအဖြစ်ဖြင့် ကောက်နုတ် ဖော်ပြဦးအံ့။

ရုန်ရင်းသော ကာယသခ်ါရကို ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။ ရုန်ရင်းသော ကာယသခ်ါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏ဟု (ဆ၊မြန်၊စာ ၁၂၉)၊ ဆက်လက် ဟောတော်မူပြန်သည်မှာ-

ရဟန်းတို့၊ လွတ်သောသတိရှိသော၊ ကောင်းစွာ ဆင်ခြင်တတ်သောပညာ မရှိသောပုဂ္ဂိုလ်အား အာနာပါနသတိ ကမ္မဋ္ဌာန်းကို ငါ မဟော။ (ဆ၊မြန်၊စာ ၁၃၁)။

ဤ ဥပရိပဏ္ဏာသပါဠိတော် အာနာပါနနည်း အရလည်း နဂို ထွက်သက်လေ၊ ဝင်သက်လေထက် ရုန်ရင်းကြမ်းတမ်းမှု မရှိရုံမျှမက နဂို ထွက်သက်လေ၊ ဝင်သက်လေတို့ကို ငြိမ်းအေးစေရန် ကျင့်ရ မည်၊ သတိမရှိသည်မဟုတ်၊ အစဉ် သတိရှိနေရမည်၊ ထိုမှတစ်ပါး ဆင်ခြင်တတ်သော ဝိပဿနာ ပညာ လည်း ရှိသူဖြစ်ရမည် ဆိုသည်ကို ထင်ရှားသိနိုင်လေပြီ၊ ဆိုဦးအံ့။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သစ္စ သံယုတ်၊ ဓမ္မစက္ကပဝတ္တနဝဂ်၊ ဓမ္မစက္ကပဝတ္တနသုတ် တော်၌လည်းကောင်း၊ ဝိနည်းမဟာဝါ ပါဠိတော်၊ မဟာခန္ဓက၊ ပဌမဝဂ္ဂိယကထာ၌လည်းကောင်း ဟောတော်မူရာမှ ကောက်နုတ် ဖော်ပြရသော်-

ရဟန်းတို့၊ ရဟန်းဖြစ်သူသည် အစွန်းနှစ်ပါး တို့ကို မမှီဝဲအပ်ကုန်၊ အဘယ်နှစ်ပါးတို့နည်း၊ ယုတ်ညံ့၍ ရွာသူတို့၏အကျင့်ဖြစ်သော၊ ပုထုဇဉ် တို့၏ အလေ့အကျင့်သာ ဖြစ်၍ အရိယာတို့၏ အလေ့အကျင့်မဟုတ်သော၊ အကျိုးစီးပွားနှင့် မစပ်ယှဉ်သော ကာမဂုဏ်တို့၌ ကာမဂုဏ်ချမ်း သာကို ကပ်ငြိသောအားဖြင့် အဖန်တလဲလဲ လိုက်စားအားထုတ်ခြင်းကိုလည်းကောင်း-

ယော စာယံ အတ္တကိလမထာ
နုယောဂေါ ဒုက္ခော အနရိယော
အနတ္ထသံဟိတော။

ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော၊ အရိယာတို့၏ အကျင့်မဟုတ်သော၊ အကျိုးစီးပွား နှင့်မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ် ခြင်းလည်းကောင်း ဤနှစ်ပါးတို့တည်း။

ဤဒေနာတော်အရ မဂ်ဖိုလ်နိဗ္ဗာန်ကို အလို ရှိ၍ ကျင့်ရာ၌ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲ ခြင်းတို့ကို ဖြစ်စေတတ်သော ပင်ပန်းဆင်းရဲခြင်း အားထုတ်မှုကို မကျင့်ရသည်ကို ထင်ရှားစွာ သိရှိနိုင်လေသည်။

အာနာပါန ပွားများရာ၌ ပင်ပန်းဆင်းရဲမဖြစ် ပုံအတွက် အကိုးအကားများ ကျန်ရှိသေးသော် လည်း ဤတွင် နောက်ဆုံးအနေဖြင့် ဖော်ပြရ သော် မဟာဝဂ္ဂသံယုတ်၊ အာနာပါနသံယုတ်၊ ဧကဓမ္မဝဂ်၊ ပဒီပေါပမ သုတ် (ဆ၊မဟာ ၂၇၈)၌ ဟောတော်မူသည့် အတိုချုပ်မှာ-

ရဟန်းတို့၊ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် ကိုယ်မပင်ပန်းရာ၊ မျက်စိတို့ မပင် ပန်းကုန်ရာ၊ ငါ၏စိတ်သည်လည်း မစွဲလမ်းမှု၍ အာသဝတို့မှ လွတ်မြောက်ရာ၏ဟု အလိုရှိခဲ့မူ အာနာပါနသတိနှင့်ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏ဟု ဟောတော်မူ၏။

http://www.dhammadownload.com

လွန်ခဲ့သည့်ဆောင်းပါး ၁၅-နှင့် ဤဆောင်းပါးတွင် ဤမျှ အာနာပါနလုပ်ရပ်၌ သဘာဝကျစေရန် ပါဠိတော်အရပ်ရပ်တို့ကို ဆောင်၍ ရေးသား ဖော်ပြနေရခြင်းမှာ အတ္တုက္ကံသနအားဖြင့်လည်းကောင်း၊ ပရဝမ္တနအားဖြင့်လည်းကောင်း၊ ဣသာတရားအားဖြင့်လည်းကောင်း ရေးသားခဲ့ခြင်းမဟုတ်ပါ။ သာသနာတော်မြတ်ကြီး သန့်ရှင်းစင်ကြယ်လျက် အခွန့်ရှည်စွာ တည်ရှိရေးကို ရှေးရှုလျက် ရေးခဲ့ခြင်းဖြစ်သည်ကို အထူး သတိပြုတော်မူကြစေလိုပါသည်။

အာနာပါန ပွားများရေးအတွက် မဟာသတိပဋ္ဌာန်သုတ်တော်၌သာ ဟောတော်မူသည်မဟုတ်ပါ။ ထိုထို ပါဠိတော်များတွင် များစွာ ဟောတော်မူပေသေး၏။

လယ်တီဆရာတော်ဘုရား ရေးသားအပ်သော အာနာပါနဒီပနီမှာ မဟာသတိပဋ္ဌာနသုတ်တော်မှ လာရှိသော အာနာပါနမဟုတ်ပါ။ ဥပရိပဏ္ဏာသ ပါဠိတော် အာနာပါနဿတိသုတ်တော်ကို မူတည်၍ ရေးသားတော်မူခြင်းဖြစ်၏။

သုတ်မဟာဝါ မဟာသတိပဋ္ဌာနသုတ်တော်မှ လာရှိသော အာနာပါနပဗ္ဗမှာ စာတစ်မျက်နှာခန့်သာ လာရှိ၍ ဥပရိပဏ္ဏာသပါဠိတော်၌ လာရှိသော အာနာပါနဿတိသုတ်တော်မှာ စာမျက်နှာ ၈-မျက်နှာကျော်မျှ ဖြစ်လေသည်။

ထိုမှတစ်ပါး မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ အာနာပါနလုပ်ငန်းနှင့် သက်ဆိုင်သည်တို့ကို အာနာပါနသံယုတ်ဟူ၍ ပါဠိတော် စာမျက်နှာ အစိတ်ခန့် လာရှိလေသည်။ ၎င်းပါဠိတော်တို့ကို ဆက်လက် ဖတ်ရှုတော်မူကြစေလိုပါသည်။ စာအား မရှိပါက မြန်မာပြန်များနှင့် ယှဉ်တွဲ ဖတ်ရှုတော်မူကြပါလေ။ စာအုပ်မရှိသေးက ဌားရမ်းဖတ်ရှု တော်မူကြပါရန် အထူး တိုက်တွန်းခဲ့ပါ၏။

(အာနာပါန ဆက်ဦးအုံ့။)

• • •

စိတ်မိုက်တို့ကို ချက်ချင်းပယ်နိုင်သော

၁၇။ အာနာပါန ဘာဝနာ သတ္တိ

အာနာပါနလုပ်ငန်းသည် စိတ်ကို တည်ငြိမ်အောင် လုပ်ရသော လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် အဂ္ဂိတ္ထိရ်ပါဠိတော်၊ နဝကနိပါတ် အစသုတ်၏ အဆုံး၌-

အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ ပဟာနာယ၊ မေတ္တာ ဘာဝေတဗ္ဗာ ဗျာပါဒဿ ပဟာနာယ၊ အာနာပါနဿတိ ဘာဝေတဗ္ဗာ ဝိတက္ကုပစ္ဆေဒါယ၊ အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃာတာယ၊ အနိစ္စသညိနော ဘိက္ခဝေ အနတ္တသညာ သဏ္ဌာတိ၊ အနတ္တသညီ အသ္မိမာနသမုဂ္ဃာတံ ပါပုဏာတိ၊ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနန္တိ။

ရာဂကိုပယ်ရန် အသုဘကို ပွားများရမည်။ ဗျာပါဒကိုပယ်ရန် မေတ္တာကို ပွားများရမည်။ ဝိတက်ကိုဖြတ်ရန် အာနာပါနဿတိကို ပွားများရမည်။ ငါဖြစ်၏ဟူသော အသ္မိမာနကို ပယ်ရန် အနိစ္စသညာကို ပွားများရမည်။ ရဟန်းတို့၊ အနိစ္စသညာရှိသော ရဟန်းအား အနတ္တသညာ တည်၏။ အနတ္တသညာရှိသောရဟန်းသည် ငါ ဖြစ်၏ဟူသော အသ္မိမာနကင်းပြတ်၍ မျက်မှောက်ဘဝ၌ ပင် နိဗ္ဗာန်သို့ ရောက်ရ၏ဟု မိန့်တော်မူ၏။ (ဆ၊မြန်၊စာ ၁၆၇)။

http://www.dhammadownload.com

သမထဘာဝနာ လေးဆယ်ဟု လာရှိသော်လည်း အများအားဖြင့် မိမိသည် မည်သည့် ကမ္မဋ္ဌာန်းနှင့် သင့်တော်သည်ကို ရွေးချယ်၍ ပွားများအားထုတ်ရမည်ကို သတိမပြုမိကြချေ။

ထို့ကြောင့် ဤပါဠိတော်သည် အလွန်ပင် အကျိုးကျေးဇူး များစေခြင်းကြောင့် အလွတ်ကျက်ဆောင်ထားကာ မိမိကိုယ်တိုင်လည်း မိမိနှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကို လေ့ကျင့် ပွားများပြီးလျှင် သူတစ်ပါးအားလည်း ဓမ္မဒါန ပြုတော်မူကြစေရန် အထူး တိုက်တွန်းခဲ့ပါ၏။

ဤတွင် မဟာသတိပဋ္ဌာနသုတ်တော်၌ လာတော်မူသော အာနာပါနအတွက် အလိုရှိအပ်သည်ကို ကောက်နုတ် ဖော်ပြရသော် စိတ်ပျံ့လွင့်သူအတွက်၊ သတိလွတ်တတ်သူ မေ့လျော့တတ်သူအတွက် အာနာပါနကမ္ဋ္ဌာန်းကို လေ့ကျင့် ပွားများရန် ညွှန်ကြားတော်မူခဲ့ခြင်းကို သိစေလိုခြင်း ဖြစ်လေသည်။

အာနာပါနလုပ်ငန်းအတွက် သဘောပေါက်စေရန် ထိုထိုသော ပါဠိတော်များနှင့်တကွ အဋ္ဌကထာတို့တွင် များစွာ လာရှိသည်တို့အနက် အနည်းငယ် ဖော်ပြဦးအံ့။

စိတ်ပျံ့လွင့်မှုကြောင့် မိမိ၏ဆရာတော်ဦးခေါင်းကို ယပ်တောင်နှင့် ရိုက်မိသည်ကို အကြောင်းပြု၍ စိတ်ကို မပျံ့လွင့်စေဘဲ စောင့်စည်းချုပ်တည်းထားရန် ဓမ္မပဒပါဠိတော် စိတ္တဝဂ် ဆဋ္ဌမ စာမျက်နှာ ၁၈ ၌-

ဒူရင်္ဂမံ ဧကစာရံ၊
အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမိဿန္တိ၊
မောက္ခန္တိ မာရဗန္ဓနာ။

အဝေးသို့ သွားတတ်သော တစ်ဦးတည်းကျက်စားသော၊ ကိုယ်ကောင်အထည်မရှိသော၊ ဟဒယဝတ္ထုလိုဏ်ဂူ၌မှီသော စိတ်ကို အကြင်သူတို့သည် စောင့်စည်း ချုပ်တည်းကြကုန်၏။ ထိုသူတို့သည် မာရ်အနှောင်အဖွဲ့မှ လွတ်ကြကုန်လတ္တံ့။ ဤပါဠိတော်အတွက် အဓိပ္ပါယ် ပိုမိုရရှိစေရန် အဋ္ဌကထာနှင့် ပူးတွဲ ဖတ်ရှုတော်မူကြပါလေ။

ထိုမှတစ်ပါး ဓမ္မပဒပါဠိတော် ပါပဝဂ် အစဋ္ဌ ပါပသို့ ရမတိ မနော- စိတ်သည် မကောင်းမှု၌ မွေ့လျော်၏ဟု ဟောတော်မူ၏။ ထို့ကြောင့် စိတ်ကို ပျံ့လွင့်ခွင့်မပေးဘဲ သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာတို့ဖြင့် စောင့်စည်း ထိန်းသိမ်းထားရမည် ဆိုသည်ကို သိအပ်လေပြီ။

အဂ္ဂတ္တိရ်ပါဠိတော် ဧကနိပါတ် အကမ္မနိယဝဂ် အစဋ္ဌ-

နာဟံ ဘိက္ခဝေ အညံ
ဧကဓမ္မမ္ပိ သမနုပဿာမိ။

အစရှိသော ဒေသနာတော်ကို ဟောတော်မူ၏။ ဆဋ္ဌမ စာမျက်နှာ ၆-အပိုဒ် ၂၁-၌ မြန်မာပြန်ကို တွေ့ရှိနိုင်၏။ ဤတွင် ဦးမြို့ ဘာသာပြန်ကို ဖော်ပြပေအံ့။

အို-ရဟန်းတို့ ဤစိတ်ကို သမထ ဝိပဿနာ၏ အစွမ်းဖြင့် မပွားအပ်သည်ရှိသော် အမှုဋ္ဌ မခံ့သည်ဖြစ်သကဲ့သို့ ဤအတူ အကြင်သဘောတရားကို မပွားအပ်သည်ရှိသော် အမှုဋ္ဌ မခံ့သည်ဖြစ်၏။ စိတ်မှတစ်ပါးသော မပွားအပ်သည်ရှိသော် အမှုဋ္ဌ မခံ့သော ထိုတစ်ခုသော တရားကိုမျှလည်း ငါဘုရားသည် မြင်တော်မမူ။ အို-ရဟန်းတို့၊ စိတ်ကို မပွားအပ်သည်ရှိသော် အမှုဋ္ဌ မခံ့သည် ဖြစ်၏ဟု ဟောတော်မူ၏။

ယင်း ပါဠိတော်၌ ဆက်လက် ဟောပြန်သည်မှာ-

အို-ရဟန်းတို့ ဤစိတ်ကို သမထ ဝိပဿနာ၏ အစွမ်းဖြင့် ပွားအပ်သည်ရှိသော် အမှုဋ္ဌခံ့သည်ဖြစ်သကဲ့သို့ ဤအတူ အကြင်သဘောတရား ပွားအပ်သည်ရှိသော် အမှုဋ္ဌ ခံ့သည်ဖြစ်၏။ စိတ်မှတစ်ပါး ပွားအပ်သည်ရှိသော် အမှုဋ္ဌ ခံ့သော တစ်ခုသောတရားကိုမျှလည်း ငါဘုရားသည်

http://www.dhammadownload.com

တွေ့မြင်တော်မမူ၊ အို-ရဟန်းတို့၊ စိတ်ကို ပွားသည်ရှိသော် အမှုဌ် ခံ့သည်ဖြစ်၏ဟု ဟောတော်မူ၏။

အထက်ဌ် ဖော်ပြအပ်သော ပါဠိတော်များအရ စိတ်ကို ပေါက်လွတ်ပဲစားထားသော် စိတ်လောက် ဂဏာမငြိမ် ဂမူးရှူးထိုး နွားသိုးကြိုးပြတ်ဖြစ်တတ်သော သဘာဝသဘောတရားသည်မရှိ၊ အကယ်၍ စိတ်ကို သမထဘာဝနာ၊ ဝိပဿနာဘာဝနာနည်းတို့ဖြင့် စောင့်စည်း ထိန်းသိမ်းထားသော် စိတ်ကဲ့သို့ ငြိမ်ဝပ် ပိပြား တည်ကြည် ခိုင်ခံ့သော သဘာဝသဘောတရားတစ်ခုသည် မရှိ၊ ဥပမာသော်ကား စျာန်ဝင်စားနေသော် အနားတွင် လှည်းပေါင်းများစွာ ဖြတ်သန်းမောင်းနှင်သွားသော်လည်း မသိလိုက်ချေ။

ထိုမှတစ်ပါး သိရှိအပ်သော အာနာပါနသတ္တိကို ဖော်ပြရသော် မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ အာနာပါန သံယုတ်၊ ဧကဝဂ်၊ ဝေသာလီသုတ် (ဆ၊မ၊စ ၂၈၂)ဌ် ဟောတော်မူသည်မှာ-

ရဟန်းတို့၊ ဤအာနာပါနသတိ သမာဓိသည် ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ငြိမ်လည်းငြိမ်သက်၏၊ မွန်လည်းမွန်မြတ်၏၊ ထပ်လောင်းဖြည့်စွက်စရာလည်းမလို၊ ချမ်းသာသော နေရာလည်းဖြစ်၏။ ဖြစ်တိုင်းဖြစ်တိုင်းသော အကုသိုလ် အယုတ်တရားတို့ကိုလည်း တစ်ခဏချင်း ကွယ်ပျောက် ငြိမ်းအေးစေ၏။

ရဟန်းတို့၊ နွေလတို့၏နောက်ဆုံးလဌ် အထက်သို့ လွင့်တက်သော မြူမှုန်ကို အခါမဲ့ သည်းထန်စွာ ရွာသွန်းသော မိုးကြီးသည် တစ်ခဏချင်း ကွယ်ပျောက် ငြိမ်းအေးစေနိုင်သကဲ့သို့ ဤအတူပင် ရဟန်းတို့၊ အာနာပါနသတိ သမာဓိသည် ပွားများ လေ့လာအပ်သည်ရှိသော် ငြိမ်လည်း ငြိမ်သက်၏။ မွန်လည်းမွန်မြတ်၏။ ထပ်လောင်းဖြည့်စွက်စရာလည်း မရှိ၊ ချမ်းသာသောနေရာလည်း ဖြစ်၏။ ဖြစ်တိုင်း ဖြစ်တိုင်းသော အကုသိုလ် အယုတ်တရားတို့ကိုလည်း တစ်ခဏချင်း ကွယ်ပျောက် ငြိမ်းအေးစေနိုင်၏ဟု ဟောတော်မူလေသည်။

ဤတွင် ထင်ရှားသိစေလိုသော ပထမအချက်မှာ အာနာပါနလုပ်ငန်းသည် ပင်ပန်းဆင်းရဲခြင်းမဖြစ်ရဘဲ အေးချမ်းသော ငြိမ်သက်မှုလည်းရှိ၏။ ဒါန,သီလတို့ထက် မြတ်သော အကျိုး အာနိသင် ရှိသော သမထဘာဝနာဖြစ်ခြင်းကို ထင်ရှားစွာ သိစေလို၏။

ထိုမှတစ်ပါး ဤဒေသနာတော်အရ အာနာပါနကို အထူး လေ့ကျင့် ပွားများထားတော်မူကြစေလိုပါသည်။ အကြောင်းသော်ကား နွေအခါ မြူမှုန်တို့သည် မည်မျှ ထကြွ လှုပ်ရှားနေစေကာမူ မိုးသည်းထန်စွာ ရွာသွန်းလိုက်သည်နှင့် တစ်ပြိုင်နက် မြူမှုန်ဟူသရွေ့တို့သည် တစ်ခဏချင်း မြေသို့ ကျရောက်ငြိမ်သက်သွားရဘိသကဲ့သို့ မိမိ၌ အပါယ်လေးပါးသို့ ကျရောက်စေမည့် အကုသိုလ် စိတ်ယုတ်မာများ ထကြွလာသော အခါ မိမိ လေ့ကျင့်ထားသော အာနာပါန ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်လိုက်သည်ရှိသော် ထိုပေါ်ပေါက်နေသော အကုသိုလ်စိတ်ယုတ်မာများသည် တစ်ခဏချင်း ကွယ်ပျောက်သွားလေတော့၏။ ထိုမျှ အာနာပါန သမထ ဘာဝနာဌ် အကုသိုလ် စိတ်ယုတ်မာတို့ကို နိုင်နင်းသော သတ္တိ ရှိလေသည်။ ထို့ကြောင့် အာနာပါန အလုပ်ကို ကြိုးတင် ကြိုးစား အားထုတ်တော်မူကြရန် အထူး တိုက်တွန်းခဲ့ပါ၏။

● ● ●

http://www.dhammadownload.com

၁၈။ သမထနှင့်ဝိပဿနာ ကွာပုံ

အောက်ပါစာတိုကလေးမှာ နယ်မှ ဆရာတော်တစ်ပါးက ရန်ကုန်မြို့ရှိ အရှင်ဦးတိလောကသာရထံသို့ အကြောင်းကြားတော်မူရာမှတစ်ဆင့် ဟံသာဝတီ သတင်းစာတိုက်ဆိုင်ရာသို့ တတ်အားသမျှ ကူညီတော်မူကြစေရန် မိတ္တူကူး၍ စာမူကိုပါ ပေးပို့လိုက်ရသောစာ ဖြစ်ပါသည်။

ဒကာကြီး ဦးစိန်

၂၈-၇-၆၆

ဆရာကြီးမှတစ်ဆင့် ဆရာကြီး၏ဆောင်းပါးသတိပဋ္ဌာန်ကို သတင်းစာတွင် အလယ်စာရွက်၌ သာ ဖြစ်နိုင်ပါက ထည့်ပေးပါရန် မေတ္တာရပ်ခံပေးပါရန် စာရေးသားအပ်ပါသည်။

ဂင်းအပိုင်းကို စုဆောင်းရာဝယ် အခက်အခဲတွေ တွေ့နေရ၍ ဆရာကြီးထံသွားပြီး ပြည်ဆရာတော် ဦးဝိလာသက အထူး အကြံပေးခိုင်းပါသည်။

ဦးပဏ္ဍိုင်းလည်း ဂင်းအပိုင်းများကို စုဆောင်းရာဝယ် အဆင်မပြေမှု တွေ့နေရ၍ ထပ်လောင်းပြီး မေတ္တာရပ်ခံအပ်ပါသည်။

ဦးတိလောကသာရ

(၂-ပါးတည်း သင်တန်းတက်သူ)

မင်းလှကျောင်း

ဗဟန်း၊ ရန်ကုန်။

ဤပေးပို့တော်မူလိုက်သော စာတိုကလေး၏ သဘောမှာ ဝိလုပ်ငန်းတော်အတွက် ဆောင်းပါးစုဆောင်းရာ၌ လွယ်ကူစေရန် အလယ်စာရွက်တွင် စာမျက်နှာမကူးဘဲ ဖော်ပြပေးရန်ဖြစ်ပါသည်။

သတင်းစာလုပ်ငန်းဟူသည် အချိန်နှင့်ယှဉ်ပြိုင်ပြေးသွားကာ လုပ်ကိုင်ရသော လုပ်ငန်းဖြစ်၍ ဟိုဘက် သည်ဘက် အခက်အခဲများကို သိရှိပြီး ဖြစ်ရကား အထူးမရေးသားလိုပါ။ သို့သော် ဖြစ်နိုင်ပါက တတ်အားသမျှ ကူညီတော်မူကြစေလိုပါသည်။

ယခုသော် အာနာပါနလုပ်ငန်းကို ပြန်၍ဆက်ရန်မှာ မဟာသတိပဋ္ဌာနသုတ်တော်၌ လာသောနည်းမှာ အာနာပါနလုပ်ရပ်တွင် ပထမပိုင်းအတွက် သမာဓိကောင်းရန် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အနုသတိကမ္မဋ္ဌာနနိဒ္ဒေသပိုင်း ဆရာတော် ဦးနန္ဒမာလာ မြန်မာပြန်ဆိုတော်မူသော ပထမတွဲ စာမျက်နှာ ၅၃၂ ၌-

စဉ်းလဲကောက်ကျစ်သော နွားကလေးကို ဆုံးမ ပဲ့ပြင်လိုသောသူသည် ချည်တိုင်၌ ခိုင်မြဲစွာ ချည်နှောင်ရာသကဲ့သို့ ဤအတူ ပျက်ချော် လေလွင့်၍နေသော မိမိစိတ်ကို ဆုံးမပဲ့ပြင်လိုသောသူသည် ကမ္မဋ္ဌာန်းကို ကောင်းစွာ မှတ်သားခြင်း သတိတည်းဟူသောကြိုးဖြင့် ကမ္မဋ္ဌာန်းအာရုံ၌ ထိုစိတ်ကို ကျပ်တည်း ခိုင်မြဲစွာ နှောင်ဖွဲ့ရာ၏။

ဤသို့ အဋ္ဌကထာ ဖွင့်ဆိုတော်မူချက်အရ ဂနာမငြိမ် ဤမှ ထိုမှ ပြောင်းရွှေ့ ပြေးသွားနေသော စိတ်ရိုင်းကို ထွက်သက်လေ ဝင်သက်လေ ၌သာ သတိတည်ရှိကာ သမာဓိအား ကောင်းလာစေရန် လေ့ကျင့်ပေးရမည် ဆိုသည်ကို သိအပ်လေပြီ။

ထို့ကြောင့် ဂနာမငြိမ်သော စိတ်ရိုင်းကို တည်ငြိမ်လာစေရန် **ရေတွက်ခြင်း ဂဏနာနည်း**ဖြင့် လေ့ကျင့်ပေးရန် ထိုမြန်မာပြန် စာမျက်နှာ ၅၅၃ ၌ လာရှိသည်ကို အတိုချုပ် ကောက်နုတ်ဖော်ပြပေအုံ့။

ကမ္မဋ္ဌာန်း စီးဖြန်းသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ (ဂဏနာ)ရေတွက်ခြင်းနည်းဖြင့် ဤကမ္မဋ္ဌာန်းကို နှလုံးသွင်းအပ်၏။ ရေတွက်သောပုဂ္ဂိုလ်သည် ငါးကြိမ်သော ဝင်သက် ထွက်သက်တို့အောက် မဖြစ်စေအပ်။ ဆယ်ကြိမ်သော ဝင်သက်ထွက်သက်ထက် ပို၍လည်း မရေတွက်အပ်။ ယင်းသို့ ရေတွက်ရာ၌ ရှေးဦးစွာ နှေးနှေးရေတွက်ရာ၏။

http://www.dhammadownload.com

ဝင်သက် ထွက်သက်တို့တွင် ပထမအကြိမ် ဝင်လာသောလေကို တစ်ဟုရေတွက်ရမည်။ ဒုတိယအကြိမ် ဝင်မလာမီ တစ် တစ် ဟူ၍သာ ရေတွက်ရမည်။ ဒုတိယ ဝင်သက်လေ လာသော အခါမှ နှစ်ဟု ရေတွက်ရမည်။ တတိယ ဝင်သက်လေ မလာမချင်း နှစ် နှစ် ဟူ၍ ရေတွက်ရမည်။ တတိယဝင်သက်လေ လာသောအခါမှ သုံးဟု ရေတွက်ရမည်။ စတုတ္ထဝင်သက် မလာမချင်း သုံး သုံး ဟူ၍သာ ရေတွက်ရမည်။ စတုတ္ထဝင်သက် လာသောအခါ လေးဟူ၍ ရေတွက်ရမည်။ ပဉ္စမ ဝင်သက် မလာမချင်း လေး လေး ဟူ၍သာ ရေတွက်ရမည်။ ပဉ္စမဝင်သက် လာသောအခါ ငါးဟူ၍ ရေတွက်ရမည်။ ထို ငါးသို့ရောက်သောအခါ တစ်ခေါက်ပြန်၍ ယခင်အတိုင်း တစ်က ခြောက်အထိ ရေတွက်ရမည်။ ထို့အတူ ခြောက်သို့ရောက်သောအခါ တစ်ခေါက်ပြန်၍ ယခင်အတိုင်း တစ်က ခုနစ်အထိ ရေတွက်ရမည်။ ထို့အတူ တစ်ခေါက်ပြန်၍ တစ်က ရှစ်အထိ ရေတွက်ရမည်။ ထို့အတူ တစ်ခေါက်ပြန်၍ တစ်က ကိုးအထိ ရေတွက်ရမည်။ ထို့အတူ တစ်ခေါက်ပြန်၍ တစ်က တစ်ဆယ်အထိ ရေတွက်ရမည်။

ဤကား အတိုချုပ်သဘောမျှသာ ဖြစ်၏။ အချိန်ရရှိပါက အဋ္ဌကထာကို ဆက်လက် ဖတ်ရှုတော်မူကြပါလေ။

ဤသို့ ဂဏနာနည်းကို လေ့ကျင့်ရာ ပထမတွင် အရေအတွက်ကို မေ့လျော့တတ်၏။ ခုနစ်လောက်သို့ ရောက်သောအခါ ခြောက်ပြီးပြီလော မပြီးသေးပြီလောဟု ဖြစ်တတ်၏။

ရှစ်သို့ ရောက်သောအခါ ခုနစ် ပြီးပြီလော မပြီးသေးသလောဟု ဖြစ်တတ်၏။

သို့သော် စိတ်မပျက်ပါလေနှင့်။ သူများတွေ ဖြစ်နိုင်ပါလျှင် ငါ ဘာကြောင့် မဖြစ်ရမှာလဲဟု မလျှော့သောလုံ့လဖြင့် ဆက်လက် ကြိုးစားပါလေ။ မကြာမီ ထမြောက် အောင်မြင်လာပေတော့၏။

ယင်းသို့ ရေတွက်ခြင်း သတိ မမှားတော့ဘဲ သမာဓိအား ကောင်းလာသောအခါ ရေတွက်ခြင်း ဂဏနာနည်းကို လွှတ်၍ ဆောင်းပါး ၁၅-၌ ဖော်ပြခဲ့သော-

သဗ္ဗကာယပဋိသံဝေဒီ
အဿသိဿာမီတိ သိက္ခတိ။

စသည်တို့ကို မြန်မာပြန်နှင့်တကွ ဖော်ပြခဲ့သည့်အတိုင်း အာနာပါန သမထကို ပြန်လည် ဆက်လက် အားထုတ်ပါလေ။ မကြာမီ စိတ်ရိုင်းကို ငြိမ်ဝပ်ပိပြားအောင် ဆုံးမနိုင်သည်အထိ သမာဓိ အားကောင်းလာ၏။

ထိုသို့ သမာဓိအား ကောင်းလာသောအခါ ရံခါရံခါ အကုသိုလ်စိတ်မိုက်များ ပေါ်ပေါက်လာပါက အာနာပါနဘာဝနာကို ပွားများလိုက်ခြင်းကြောင့် နွေအခါ သောင်းကျန်း ထကြွနေသော မြူမှုန်တို့သည် မိုးကြီးရွာသွန်းလိုက်သည်နှင့်တစ်ပြိုင်နက် ငြိမ်ဝပ်ပိပြား မြေသို့ ကျရောက်သွားရဘိသကဲ့သို့ မိမိအား အပါယ်လေးပါးသို့ ကျရောက်စေမည့် အကုသိုလ်စိတ်မိုက်တို့သည် တစ်ခဏချင်း ကွယ်ပျောက်သွားစေနိုင်သည်အထိ အကျိုးကြီးမားလေသည်။ မိမိ၌လည်း ဒါန,သီလ ပြုလုပ်သကဲ့သို့ မပင်ပန်းရဘဲ ဒါန,သီလတို့ထက် ကြီးမားသော အကျိုးကျေးဇူးကို ခံစားရလေသည်။

ထိုမှတစ်ပါး သိရှိရမည်မှာ မဂ် ဖိုလ် နိဗ္ဗာန်သို့ မရောက်နိုင်အောင် ဖုံးလွှမ်းထားသော-

ကာမစ္ဆန္ဒ နိဝရဏ
ဗျာပါဒ နိဝရဏ
ထိန မိဒ္ဓ နိဝရဏ
ဥဒ္ဓစ္စ ကုက္ကုစ္စ နိဝရဏ
ဝိစိကိစ္ဆာ နိဝရဏ
အဝိဇ္ဇာ နိဝရဏ

ဟူ၍ နိဝရဏ ၆-ပါးရှိသည့်အနက် အာနာပါန သမထ ဘာဝနာကို ပွားများသော် ပထမနိဝရဏ ငါးပါးကို ပယ်ဖြတ်နိုင်၏။ အဝိဇ္ဇာနိဝရဏကိုကား မပယ်ဖြတ်နိုင်။ သို့ရာတွင် အဝိဇ္ဇာနိဝရဏကို

http://www.dhammadownload.com

ပယ်ဖြတ်နိုင်သော ဝိပဿနာဘာဝနာကိုကား ကြီးမားသောအထောက်အပံ့ကို ပေးလေသည်။

ဝိပဿနာ ဘာဝနာသည်သာလျှင် အားလုံးသော နိဝရဏတရားတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်ဖြတ်လျက် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်အောင် ပို့ဆောင်နိုင်လေသည်။ ဤသို့လည်း သမထ ဘာဝနာနှင့် ဝိပဿနာ ဘာဝနာ ကွာခြားပုံကို သိအပ်လေသည်။

• • •

၁၉။ အာနာပါနမှ ဝိပဿနာသို့

လွန်ခဲ့သည့် ဆယ်နှစ်ကျော်လောက်က "ဝိပဿနာ အခြေခံနှင့် အဖြေမှန်ကျမ်း"ကို ရေးသား ထုတ်ဝေခဲ့သည့်အချိန်ကစ၍ မိတ်ဆွေများအား ဝိပဿနာ ဘာဝနာ ပွားများနည်းကို အတ္တနောမတိ မပါ ပါဠိတော် အဋ္ဌကထာတို့၌ လာရှိသည့်အတိုင်း ၁၉၆၃-ခုနှစ်က အစပြု၍ အိမ်တွင်သင်တန်းဖွင့်ကာ ရဟန်းရှင်လူအပေါင်းတို့အား ကျယ်ပြန့်စွာ ဝိပဿနာ ပွားများနည်းကို ဓမ္မဒါနပြုခဲ့ပါသည်။

ထိုတွင် သင်ပြရေးအတွက် မျှားစွာ ဗဟုသုတရရှိခဲ့၏။ မကြာခဏ တွေ့ကြုံရသော ဗဟုသုတတစ်ရပ်မှာ အာနာပါနလုပ်ပြီး ဝိပဿနာဘာဝနာ ဘယ်လိုတက်ရမလဲ၊ ဘယ်လိုပွားများရမလဲ ဟူသော မေးခွန်းဗဟုသုတတစ်ရပ် ဖြစ်ပါသည်။

ယခု ဤဆောင်းပါးမှာ အာနာပါန သမထ ဘာဝနာမှ ဝိပဿနာဘာဝနာသို့ တက်ရမည့် စခန်းသို့ ရောက်ရှိလာချေပြီ။ တစ်နည်း သိရှိစေလိုသည်မှာ ယခုအခါ နူးညံ့သိမ်မွေ့သော သာမန်လူနတ်ပြဟ္မာတို့ မသိမမြင်နိုင်သော ဝိပဿနာ ဘာဝနာတရားတို့၏ အစိတ်အပိုင်းသို့ ရောက်ရှိလာပြီဖြစ်ခြင်းကြောင့် ဤဆောင်းပါးကို ခပ်ဖြည်းဖြည်းနှင့် ပါဠိတော်အရပ်ရပ်တို့၌ ဟောတော်မူအပ်သော သဘောကို မိအောင် ဆင်ခြင်စဉ်းစားကာ ဖတ်ရှုတော်မူကြပါလေ။

အကြောင်းသော်ကား ဝိလုပ်ငန်းတော်နှင့် သက်ဆိုင်သော တရားတော်များ၌ ဟောတော်မူသော အနက်အဓိပ္ပါယ် အာဘော်ကိုမမိဘဲ ဝိပဿနာဘာဝနာကို ပွားများ အားထုတ်နေသော်လည်း အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းကို ဆောင်းပါး ၇ ၌-

တာ သဗ္ဗာ ပိ မဂ္ဂါဝရဏာ
နိ သဂ္ဂါဝရဏာ။

ဟူ၍ ဖော်ပြခဲ့ခြင်းကြောင့်ဖြစ်၏။ ထို့ကြောင့် ရှေးဆရာတော်ကြီးများက အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ ဝိပဿနာဘာဝနာ ပွားများရန်သည် မခက်။ ဝိပဿနာဘာဝနာနှင့် သက်ဆိုင်သော သဘာဝ သဘောတရားတွေကို သဘောပေါက်ရန် ခက်သည်ဟု မိန့်ဆိုတော်မူခဲ့ခြင်းများ ဖြစ်လေသည်။

မဟာသတိပဋ္ဌာနသုတ်တော်မှာ သုတ်မဟာဝါ ပါဠိတော်၌လည်းကောင်း၊ မူလပဏ္ဏာသပါဠိတော် မူလပရိယာယဝဂ်၌လည်းကောင်း လာရှိ၏။ ထိုမဟာသတိပဋ္ဌာနသုတ်တော်ကို လေ့လာသောအခါ အခန်းပေါင်းနှစ်ဆယ့်တစ်ခန်း လာရှိသည်ကို တွေ့ရှိရလေသည်။ ထိုတွင် ကာယာနုပဿနာ ပွားများမှုအတွက်-

အာနာပါနပဗ္ဗ၊ ဣရိယာပထပဗ္ဗ၊
သမ္ပဇာနပဗ္ဗ၊ ပဋိကူလ မနသိကာရပဗ္ဗ၊
ဓာတု မနသိကာရပဗ္ဗ။

စသည်ဖြင့် တစ်ဆယ့်လေးခန်း လာရှိလေသည်။ ထိုတစ်ဆယ့်လေးခန်းတို့ကို လေ့လာသော

http://www.dhammadownload.com

အခါ အခန်းတိုင်း အခန်းတိုင်းတွင် အပိုင်းကြီးနှစ်ပိုင်းရှိသည်ကို တွေ့ရှိရ၏။

ပထမပိုင်းမှာ တစ်ခန်းနှင့်တစ်ခန်း မတူချေ။ သို့ရာတွင် ဒုတိယပိုင်း၌ကာ တစ်ဆယ့်လေးခန်းစလုံးပင် အတူတူဖြစ်လေသည်။ ၎င်းဒုတိယပိုင်းအစမှာ-

ဣတိ အဇ္ဈတ္တं ဝါ ကာယေ ကာယာနုပဿီ ဝိဟရति၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာ နုပဿီ ဝိဟရတိ မှ အစပြု၍ ဓေမ္မေ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ ဟူသော အဆုံးအထိမှာ အတူတူပင် ဖြစ်လေသည်။

ထိုမှတစ်ပါး မဟာသတိပဋ္ဌာနသုတ် ကာယာနုပဿနာ တစ်ဆယ့်လေးခန်း၏ ဒုတိယပိုင်း၌ ဟောတော်မူသော ဝိပဿနာလုပ်ငန်းနှင့် ထိုထိုသော ပါဠိတော်များ၌ ဝိပဿနာလုပ်ငန်းအတွက် ဟောတော်မူသည်မှာ မူအားဖြင့် အဝိဇ္ဇာနှင့် တဏှာကို ပယ်ဖြတ်ကာ ဒုက္ခအစစ်ဖြစ်သော ခန္ဓာငါးပါးကို ရွံမုန်း ချုပ်ငြိမ်းစေရန် ဟောတော်မူခြင်းဖြစ်သည်ကို စွဲမြဲစွာ သိရှိထားကြရပေမည်။

ထို့ကြောင့် မဟာသတိပဋ္ဌာန်မှစ၍ ထိုထိုသော ပါဠိတော်များနှင့် ကိုက်ညီစွာ ဝိပဿနာဘာဝနာလုပ်ငန်းသို့ တက်ကြကုန်စို့။

ဤ အာနာပါနကမ္မဋ္ဌာန်း၌ ဝင်သက်လေ ထွက်သက်လေတို့သည် ရူပ်လား နာမ်လားဟု ဆင်ခြင်သုံးသပ်ရမည်။

ဝင်သက်လေ ထွက်သက်လေတို့သည် ရူပ်တရားများဖြစ်ကြ၏။ ရူပ်ဆိုသည်မှာ အချုပ်အားဖြင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူ၍ ဤဓာတ်ကြီးလေးပါးဖြစ်၏။ ထိုဓာတ်ကြီးလေးပါးတွင် ပထဝီဓာတ်ဆိုသည်မှာ-

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော ဟူသော ဆံပင်၊ အမွေး၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေပါး စသည်တို့ဖြစ်၏။

အာပေါဓာတ်ဆိုသည်မှာ **ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ** ဟူသော သည်း၊ ခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ စသည်တို့ ဖြစ်၏။

တေဇောဓာတ်ဆိုသည်မှာ **သန္တာပနတေဇော၊ ဇီရဏတေဇော၊ ဒဟတေဇော၊ ပါစကတေဇော** ဟူသော ရက်ခြား ပြင်းစွာပူခြင်း၊ ရင့်ရော်ဆွေးမြည့်ခြင်း၊ လွန်စွာပူလောင်ခြင်း၊ အစာကို ကျက်စေခြင်း စသည်တို့ဖြစ်၏။

ဝါယောဓာတ် ဆိုသည်မှာ **ဥဒ္ဓင်္ဂမဝါယော၊ အဓောဂမဝါယော၊ ကုစ္ဆိသယဝါယော၊ ကောဋ္ဌာသယဝါယော၊ အင်္ဂမင်္ဂါနုသာရိဝါယော၊ အဿာသ ပဿာသဝါယော** ဟူသော အထက်သို့တက်တည်သော လေ၊ အောက်သို့သက်သောလေ၊ ဝမ်း၌တည်သောလေ၊ အူတွင်း၌တည်သောလေ၊ အင်္ဂါကြီးငယ်သို့ လျှောက်၍တည်သောလေ၊ ဝင်သက်လေ ထွက်သက်လေ စသည်တို့ဖြစ်၏။

ဝင်သက်လေ ထွက်သက်လေတို့မှာ ဝါယောဓာတ်ဖြစ်၏။ ဝါယောဓာတ်သည် ရူပ်ဖြစ်၏။ - ဝါယောဓာတ်မှတစ်ပါး ပထဝီ၊ အာပေါ၊ တေဇောဓာတ်တို့သည်လည်း ရူပ်တရားများ ဖြစ်ကြကုန်၏။ ရူပ်တရားဟူသည် ဆောင်းပါး ၁၁ ၌-

ရူပံ နမ သတ္တော၊ နမ ဇီဝေါ၊ နမ နရော၊ နာ မာဏဝေါ၊ နမ ဣတ္ထီ၊ နမ ပုရိသော၊ နမ အတ္တာ၊ နမ အတ္တနိယံ၊ နာဟံ၊ နမ မမ၊ နမ ကောစိ၊ နမ ကဿစိ။

ဟူ၍ ဟောတော်မူသောကြောင့် ရူပ်တရားသည် လူ နတ် ဗြဟ္မာ သတ္တဝါ မဟုတ်၊ မိန်းမယောက်ျားမဟုတ်၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် ဓာတ်အစုမျှသာပါတကား။

တစ်ဖန်ဆက်၍ (ဝိသုဒ္ဓိမဂ် တတိယတွဲ မြန်မာပြန် စာမျက်နှာ ၄၀၀) အညာ ပထဝီဓာတု၊ အညာ အာပေါဓာတု၊ ပထဝီဓာတ်သည်အာပေါ၊ တေဇော၊ ဝါယောဓာတ် မဟုတ်၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်သည် ပထဝီဓာတ်မဟုတ်။

ဝင်သက်လေ ထွက်သက်လေ ဝါယောဓာတ်

http://www.dhammadownload.com

သည် ပထဝီ၊ အာပေါ၊ တေဇောဓာတ် မဟုတ်၊ ပထဝီ၊ အာပေါ၊ တေဇောဓာတ်သည် ဝါယောဓာတ် မဟုတ်။

ဤသို့ ဓာတ်ကြီးလေးပါး ရုပ်တရားများကို ဆင်ခြင်သုံးသပ်နေသူသည် အဘယ်သူဖြစ်သနည်း ဟု ဆင်ခြင်ပြန်သော် ဘယ်သူမျှမရှိ၊ ငါမဟုတ်၊ သူတစ်ပါးမဟုတ်၊ သဘာဝဓမ္မမျှသာ ဖြစ်သော စိတ်နှင့်စေတသိက် နာမ်တရားများက ရုပ်တရားများကို ဆင်ခြင် သုံးသပ်နေခြင်းမျှသာ ဖြစ်၏။

ရုပ်တရားတွင် ဓာတ်ကြီးလေးပါးရှိဘိသကဲ့သို့ နာမ်တရား၌လည်း ဝေဒနာကွန္ဓာ၊ သညာကွန္ဓာ၊ သင်္ခါရကွန္ဓာ၊ ဝိညာဏကွန္ဓာဟူ၍ အစိတ်အပိုင်းကြီးလေးပိုင်း ပါရှိနေပါကလား၊ ဤရုပ်တရား နာမ်တရားတို့သည်-

အတ္တာနော သဘာဝံ ဓာရေတိတိ ဓာတု။

ဟူသည်နှင့်အညီ မိမိသဘောကို မိမိဆောင်ရွက်တတ်သောကြောင့် ဓာတ်ဟူ၍ ခေါ်ဆိုရခြင်း ပါတကား။

ဤသို့ ဆင်ခြင် သုံးသပ်နေခြင်းမှာ သာမန်ကုသိုလ်မဟုတ်၊ ပင်ပန်းဆင်းရဲခြင်း အလျင်းမပါ မရှိဘဲ ဒါန သီလ သမထတို့ထက် အကျိုး အာနိသင် ကြီးမားလှသော အာနာပါနမှ ဝိပဿနာဘာဝနာလုပ်ငန်း၏အစသို့ တိုးတက် ဝင်ရောက်နေခြင်း ဖြစ်လေသည်။

● ● ●

၂၀။ ဝိပဿနာ ပွားများနည်း အစ

တစ်ခါသော် ကိစ္စတစ်ခုတွင် ကြည့်မြင်တိုင်စလင်းတိုက် သက်တော်ခြောက်ဆယ်၊ ဝါတော်လေးဆယ့်တစ်ဝါရှိတော်မူသော ဆရာတော်ကြီး ဦးသုမနက-

ဒကာကြီးရေ- ဟံသာဝတီ ဝိပဿနာဆောင်းပါးတွေကို လူအများ အကျိုးရှိစေရန် စာအုပ်ရိုက်လျှင် ကောင်းမည်ဟု အမိန့်ရှိတော်မူ၏။ ထို့အတူ မိတ်ဆွေအချို့တို့ကလည်း ဆောင်းပါးများကို စာအုပ်ရိုက်ရန် တိုက်တွန်းကြ၏။

အမှန်အားဖြင့်လည်း သတင်းစာတွင် စာကြောင်းရေ များမည်စိုး၍ ချန်ထားခဲ့ရသည်တို့မှာ များပြားလှ၏။ ၎င်းတို့ကို ထပ်လောင်းဖြည့်စွက်ကာ စာအုပ်ရိုက်ရလျှင် ကောင်းမည်ဟုလည်း သတိပြုမိပါ၏။

သို့ရာတွင် မိမိပင်လျှင် ထိုအချိန်အထိ အသက်ရှည်ကောင်းမှ ရှည်ပေလိမ့်မည်။

ထို့ကြောင့် ရှေ့လာလတ္တံ့သော ဆောင်းပါးများ၌ ပို၍အရေးကြီးသော အချက်အလက်ပေါင်းများစွာ ပါရှိမည်ဖြစ်ခြင်းကြောင့် စာအုပ်ထွက်ခြင်းကို မျှော်လင့်မနေဘဲ သတင်းစာကို ဝယ်ယူစုဆောင်းထားတော်မူကြရန် အထူး တိုက်တွန်းပါ၏။

ယခုသော် ဝိလုပ်ငန်းတော်အတွက် စပေအုံ့။ ဝိပဿနာပွားများရာတွင် ရှေးဦးစွာ သုတမယ ဉာဏ်အားဖြင့် ရုပ်တရား နာမ်တရားတို့၏ သာမညလက္ခဏာနှင့် ဝိသေသလက္ခဏာတို့ကို ပိုင်နိုင်စွာ သိရှိထားရ၏။ ဤတွင် သမညလက္ခဏာဆိုသည်မှာ လက်သန်းအဋ္ဌကထာ ကမ္မဋ္ဌာန်းပိုင်း၌-

အနိစ္စလက္ခဏံ ဒုက္ခလက္ခဏံ
အနတ္တလက္ခဏဉ္စေတိ တီဏိ လက္ခဏာနိ။

ဟူ၍ လာရှိ၏။ ဤသို့လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာရေးသုံးပါးတင်ကာ ပွားများရခြင်းကို ဝိလုပ်သူတိုင်း အသိဖြစ်၏။ သို့ရာတွင် တစ်ဆင့်တက်ရန်ကား ရှိပေသေး၏။ ၎င်းအဆင့်က ယင်း ကမ္မဋ္ဌာန်းပိုင်း၌-

http://www.dhammadownload.com

အနိစ္စံ ခယဋ္ဌေန
ဒုက္ခံ ဘယဋ္ဌေန
အနတ္တာ အသာရကဋ္ဌေန

(ခန္ဓာငါးပါးသည်) ခယဋ္ဌေန၊ ကုန်ခန်းတတ်သော သဘောကြောင့်၊ အနိစ္စံ၊ အနိစ္စမည်၏။

ဘယဋ္ဌေန-ကြောက်မက်ဖွယ်ဘေးကြောင့်၊ ဒုက္ခံ-ဒုက္ခမည်၏။

အသာရကဋ္ဌေန၊ အထည်ကိုယ် အနှစ်သာရ မရှိခြင်းကြောင့်၊ အနတ္တာ-အနတ္တ မည်၏။

ဤသို့လျှင် တစ်ဆင့်တက်ကာ ဆင်ခြင်ရ၏။ ဤသဘောအတိုင်းပင် ဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိခန်း ဆဋ္ဌမုပါဠိ စာမျက်နှာ ၂၄၂၅-

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ
အနိစ္စံ ခယဋ္ဌေန
ဒုက္ခံ ဘယဋ္ဌေန
အနတ္တာ အသာရကဋ္ဌေနာတိ။

ဟူ၍ လာရှိ၏။ ဆရာတော် ဦးနန္ဒမာလာ မြန်မာပြန် တတိတွဲ စာမျက်နှာ ၂၉၀ အောက်ဆုံး စာနှစ်ကြောင်း၌လည်း တွေ့ရှိနိုင်၏။

ၦင်း အဋ္ဌကထာနှစ်ရပ်စလုံး ဖွင့်ဆိုတော်မူသော ပါဠိတော် အကိုးအကားမူရင်းမှာ ပဋိသမ္ဘိဒါမဂ် ပါဠိတော် မဟာဝဂ် ဉာဏကထာ သမ္မသနဉာဏနိဒ္ဒေသ ဆဋ္ဌမူ စာမျက်နှာ ၅၁-၌လည်းကောင်း၊ ဆဋ္ဌမူ မြန်မာပြန်စာမျက်နှာ ၆၉-၌ ဟောတော်မူသည်တို့မှ ဖြစ်လေသည်။

ထိုမှတစ်ပါး ကောင်းသည်၊ သာ၍ကောင်းသည်၊ အကောင်းဆုံးဟူ၍ ရှိသည်နှင့်အညီ တစ်ဆင့် တက်ရန် ရှိပြန်သေးသည်မှာ ပဋိသမ္ဘိဒါမဂ် ပါဠိတော် မဟာဝဂ် ဉာဏကထာ သမ္မသနဉာဏ်ခန်း ဆဋ္ဌမူ စာမျက်နှာ ၅၂-၌

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ
သခ်ံတံ၊ ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊
ဝိရာဂဓမ္မံ၊ နိရောဓဓမ္မန္တိ။

(ၦင်းမြန်မာပြန် ၆၉-မှ) အတိတ်အနာဂတ် ပစ္စုပ္ပန်ဖြစ်သောရုပ်ကို အနိစ္စမည်၏ဟုလည်းကောင်း၊ ပြုပြင်အပ်၏ဟုလည်းကောင်း၊ အကြောင်းကို စွဲ၍ဖြစ်၏ဟုလည်းကောင်း၊ ကုန်ခြင်းသဘော ပျက်ခြင်းသဘော ကင်းခြင်းသဘော ချုပ်ငြိမ်းခြင်းသဘော ရှိ၏။

ဤအတိုင်းပင် ကျန် နာမ်ခန္ဓာလေးပါးကိုလည်း ဆက်ကာ ပွားများ အားထုတ်ရ၏။ ဤနည်းဖြင့် ခန္ဓာငါးပါးကို ထပ်ဆင့်ကာ ပွားများဖန် များလတ်သော် ဉာဏ်စဉ်ဆယ်ပါးအနက် နိဗ္ဗိဒါဉာဏ် အဆင့်အတန်းသို့ ရောက်ရှိလာပေတော့၏။

အထက်ပါ ပါဠိတော်ကို ဝိသုဒ္ဓိမဂ် အရှင်နန္ဒမာလာ မြန်မာပြန် တတိယတွဲ စာမျက်နှာ ၂၉၁-၌လည်း တွေ့ရှိနိုင်၏။

ဤတွင် သိရှိရန် ပထမအချက်မှာ အနိစ္စ ဒုက္ခ အနတ္တ ဤ လက္ခဏာရေးသုံးပါးသာမက အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေနအထိ ဝိပဿနာဘာဝနာ၏ အာရုံဘူမိဖြစ်သော ဓမ္မသဘာဝ ခန္ဓာငါးပါးကို သဘာဝဓမ္မမျှသာဖြစ်သော စိတ် စေတသိက် ပညာမျက်စိဖြင့် ခန္ဓာငါးပါး မမြဲပုံ၊ ဘေးတွေ့သွားရပုံ၊ အနှစ်သာရ ဘာတစ်ခုမျှ မရှိပုံတို့ကို တစ်ဆင့်တက်ကာ ဆင်ခြင် ပွားများ အားထုတ်ရန်ဖြစ်၏။

ထိုမှတစ်ဆင့် တက်ရဦးမည်မှာ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ခန္ဓာငါးပါး၌ အနိစ္စံ သခ်ံတံ ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မန္တိ နည်းဖြင့်လည်း ပွားများရပေမည်။ ဤနောက်ဆုံးနည်းမှာ အနတ္တသဘာဝ သဘောတရားကို ပညာမျက်စိဖြင့် တိကျပြတ်သားစွာ ထိုးဖောက် သိမြင်နိုင်သောနည်း ဖြစ်၏။

ထို့ကြောင့် တစ်ဆင့်ထက်တစ်ဆင့်တက်ကာ ဤသုံးပါးသောနည်းတို့ဖြင့် ပွားများ အားထုတ်ရပေမည်။ ဤကား ပထမ သိစေလိုသော အချက်ဖြစ်၏။

ဒုတိယ သိစေလိုသောအချက်မှာ အချို့အရပ်ဒေသများ၌ ဝိပဿနာရှုရာ၌ အတိတ်နှင့် အနာ

http://www.dhammadownload.com

ဂတ်ကို မရှုရ။ ပစ္စုပ္ပန်တည့်တည့်ကိုသာ ရှုရမည် ဟူသော ဟောပြောခြင်းကို ကြားသိရ၏။

ဤတွင် ပစ္စုပ္ပန်ကို ရှုခြင်း၌ အပြစ်ဆိုဖွယ် မရှိ၊ သို့ရာတွင် အတိတ်နှင့်အနာဂတ်ကို မရှုရဟု ဟောပြောခြင်းကား ဆန်းစစ်အပ်၏။

အထက်၌ ဖော်ပြအပ်သော ပါဠိတော် အဋ္ဌကထာများအရ အတိတ်နှင့် အနာဂတ်ကို ပွားများ အားထုတ်အပ်သည်ကို ထင်ရှားစွာ သိရှိနိုင်လေသည်။

ထိုမှတစ်ပါး ပါဠိတော်အရပ်ရပ်တွင် အတိတ်နှင့် အနာဂတ်ကိုပါ ဆင်ခြင် ပွားများအပ်ကြောင်း လာရှိသည်တို့မှ လွယ်ကူစွာ သိရှိနိုင်သော ပါဠိတော်တစ်ရပ်ကို ထပ်ဆင့် ဖော်ပြရသော် အနတ္တလက္ခဏသုတ်တော်၌-

တသ္မာတိဟ ဘိက္ခဝေ ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ နေတံ မမ နေသောဟ မသ္မိ နေ မေသော အတ္တာတိ ဧवမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ဤ အနတ္တလက္ခဏသုတ်တော်အရလည်း အတိတ်နှင့် အနာဂတ်ကိုပါ ဆင်ခြင် ပွားများရမည်ဟု ဟောတော်မူခြင်းမှာ ထင်ရှားလှပေတော့၏။

ထိုမျှသာ မကသေး၊ အဇ္ဈတ္တ ဗဟိဒ္ဓ စသည်တို့ကိုပါ ဆင်ခြင် ပွားများ အားထုတ်ရမည်ဟု ဟောတော်မူခြင်းမှာ ထင်ရှားလှပေတော့၏။

ထို့ကြောင့် ဤတွင် သိစေလိုသော ဒုတိယ အချက်ကား အတိတ်နှင့်အနာဂတ်ကိုလည်း ဆင်ခြင် ပွားများရမည်။ အဇ္ဈတ္တ၏ အတိတ် အနာဂတ် ပစ္စုပ္ပန်ကိုသာ မကသေး၊ ဗဟိဒ္ဓ၏ အတိတ် အနာဂတ် ပစ္စုပ္ပန်တို့ကိုလည်း ဆင်ခြင် ပွားများရမည်ဆိုခြင်းကို သိစေလိုခြင်းဖြစ်၏။

ဤသို့လျှင် ခန္ဓာငါးပါးကို ရွံမုန်းလာအောင် အနိစ္စ ဒုက္ခ အနတ္တဟူ၍လည်းကောင်း၊ ခယဋ္ဌေန ဘယဋ္ဌေန အသာရကဋ္ဌေန ဟူ၍လည်းကောင်း၊ အနိစ္စ သခ်ိတ် ပဋိစ္စသမုပ္ပန္နံ စသည်တို့ဖြင့်လည်းကောင်း ဆင်ခြင် ပွားများနေပါလျှင် လက္ခဏာရေးသုံးပါးအတွက် ပြည့်စုံပြီးဖြစ်သော်လည်း ဗဟုသုတ ပြည့်စုံစေရန် ထပ်မံ ဖော်ပြရပြန်သော် ဝိသုဒ္ဓိမဂ်မြန်မာပြန် တတိယတွဲ စာမျက်နှာ ၃၀၄၅၌လည်းကောင်း၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော် ပညာဝဂ် ဝိပဿနာကထာ ဆဋ္ဌမ စာမျက်နှာ ၄၁၁ ၌လည်းကောင်း-

ပဋ္ဌကမ္ဘေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော။

စသည်ဖြင့် တောလေးဆယ် ဆင်ခြင်ပွားများ နည်းလည်း လာရှိပေသေး၏။

ဤသည်တို့ကား မဟာသတိပဋ္ဌာနသုတ်တော်၌ အာနာပါန အစရှိသော ကာယာနုပဿနာ တစ်ဆယ့်လေးခန်းတို့အတွက် သမာဓိကောင်းရန် လေ့ကျင့်အပ်သော သမထဘာဝနာမှ ဝိပဿနာဘာဝနာသို့တက်ရာဖြစ်သော အစအဦးပေတည်း။

> ၁၉၆၆-ခု၊ မတ်လက အစပြု၍ စနေနေ့တိုင်း ဟံသာဝတီ သတင်းစာတွင် ဝိပဿနာဆောင်းပါးကို ရေးသားခဲ့ရာ ၅၆-ကြိမ် ဖြစ်၏။ ယခုသော် ပထမဆောင်းပါး ၂၀-မျှကို ရိုက်နှိပ် ထုတ်ဝေလိုက်ရသဖြင့် ကျန်ရှိနေသော ဝိပဿနာဆောင်းပါးများကို အကြောင်းညီညွတ်သောအခါ ဆက်လက် ရိုက်နှိပ် ထုတ်ဝေပါဦးအုံ့။
>
> ဗဂျီဒို
> မေလ၊ ၁၉၆၈

http://www.dhammadownload.com

ဝိပဿနာပွားများနည်း သင်တန်း ကျမ်းစာ

ပထမအကြိမ်ပုံနှိပ်ခြင်း ၂၄-၄-၆၃

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမှာစကား

ဤစာအုပ်ငယ်သည် ကျမ်းစာအုပ်တစ်စောင်တစ်ဖွဲ့ဟူ၍ စီစဉ်ရေးသားထားခြင်းမဟုတ်၊ ပါဠိတော်အချို့တို့ကို သင်တန်းပြရာ၌ ရေးကူးနေကြရပါက ဝန်လေးမည် အချိန်ကုန်မည်ဖြစ်ခြင်းကြောင့် ပါဠိတော်များကို အကျဉ်းချုံးကာ ရေးသားထားခြင်း ဖြစ်ရကား သင်ကြားပြသပေးရာတွင် သဘောပေါက်လာသည် အထိ ရှင်းလင်းသင်ပြပေးရမည်ကို အထူးသတိပြုတော်မူကြစေလိုပါသည်။

ဗဂျီ

စတုတ္ထ နှိပ်ခြင်း ၂၅၀၀ ဝါဆိုလပြည့်၊ ၁၃၃၂-ခုနှစ်။

ယခုအခါ ဝိပဿနာဘာဝနာ ပွားများရေးလုပ်ငန်းမှာ မြန်မာတစ်ပြည်လုံးတွင် အနှံ့အပြား တိုးတက်ပွားများအားထုတ်လာသည်ကို လူတိုင်း တွေ့ရှိနိုင်၏။

အကောင်းဆုံး အတိုဆုံး
အသက်သာဆုံး တရား။

ထိုကဲ့သို့ဖြစ်ရခြင်းအကြောင်းရင်းမှာ ဗုဒ္ဓဘာသာတရားတွင် ဝိပဿနာ ဘာဝနာ ပွားများခြင်းသည် ဒါနထက်လည်း မြတ်၏။ သီလထက်လည်းမြတ်၏။ သမထထက်လည်း မြတ်၏။ ဒုက္ခအပေါင်းမှ ကင်းလွတ်စေ၏။ အပါယ်လေးပါးတံခါးကို တိကျစွာပိတ်စေ၏။ ဗုဒ္ဓဘာသာတရားတော်တွင် အထွတ်အထိပ်ဖြစ်သော မဂ် ဖိုလ် နိဗ္ဗာန် ရောက်ရှိရေးတွင် အကောင်းဆုံး အတိုဆုံး အသက်သာဆုံးသော နည်းလမ်းဖြစ်ခြင်းကို ရှင်တော်ဘုရားသည် ထိုထိုသော ပါဠိတော်အရပ်ရပ်တို့တွင် အကြိမ်ကြိမ် အထပ်ထပ် ညွှန်ကြားပြသတော်မူခဲ့ခြင်းကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ဝိပဿနာ ဘာဝနာ ပွားများရေး ကျင့်စဉ်ကို မြန်မာလူမျိုးတို့သာလျှင် လေ့ကျင့်ပွားများနေသည်မဟုတ်သေး၊ နိုင်ငံခြားသားများပင် မြန်မာပြည်သို့ လာရောက် လေ့ကျင့် ပွားများ အားထုတ်သည်ကို တွေ့ရှိရလေသည်။

ထိုတွင် အချို့တို့လည်း နည်းမှန်လမ်းမှန်ကို ရရှိသွားကြ၍ အချို့တို့မှာ နည်းမှန်လမ်းမှန်ကို မရရှိဘဲ နည်းမှားကိုပင် အမှန်ထင်ကာ ပြန်သွားကြရရှာသည်ကို တွေ့မြင် သိရှိရ၏။

http://www.dhammadownload.com

ဆရာကောင်းရရှိရန် အလွန်အကျူး အထူးအရေးကြီး၏

ထို့ကြောင့် ဝိပဿနာ ဘာဝနာ ပွားများရေးလုပ်ငန်းအတွက် နည်းမှန် လမ်းမှန်ကို ရရှိစေရန် ဆရာကောင်းကို အထူးလိုအပ်ကြောင်းကို ရှင်တော်ဘုရားသည် အကြိမ်ကြိမ် လေးနက်စွာ ဟောတော်မူခဲ့လေသည်။ ထို့အတွက် ပါဠိတော်တစ်ရပ်ကို ထုတ်ဆောင်ရသော် မဟာဝဂ္ဂသံယုတ်ပါဠိတော် သောတာပတ္တိသံယုတ် သဂါထက ပုညာဘိသန္ဒဝဂ် အဂ်သုတ် စာမျက်နှာ ၃၅၄ ၌-

စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ။
ကတမာနိ စတ္တာရိ၊ သပ္ပုရိသ သံသေဝေါ
သဒ္ဓမ္မဿဝနံ ယောနိသော မနသိကာရော
ဓမ္မာနုဓမ္မပ္ပဋိပတ္တိ။ ဣမာနိ ခေါ ဘိက္ခဝေ
စတ္တာရိ သောတာပတ္တိယင်္ဂါနိတိ။

အို-ရဟန်းတို့၊ သောတာပတ္တိမဂ်၏ ရှေ့အဖို့၌ဖြစ်သော အင်္ဂါတို့သည် ဤလေးပါးတို့ပေတည်း။ အဘယ်လေးပါးတို့နည်းဟူမူကား သူတော်ကောင်းကို မှီဝဲ ပေါင်းဖော်ခြင်းလည်းကောင်း၊ သူတော်ကောင်းတရားကို နာကြားခြင်းလည်းကောင်း၊ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းလည်းကောင်း၊ လောကမှ ထွက်မြောက်ကြောင်းတရားအားလျော်သော အကျင့်ကိုကျင့်ခြင်းလည်းကောင်း။ အို-ရဟန်းတို့ သောတာပတ္တိမဂ်၏ ရှေ့အဖို့၌ဖြစ်သော အင်္ဂါတို့သည် ဤလေးပါးတို့ပေတည်းဟု ဟောတော်မူ၏။

ဤပါဠိတော်အရ သောတာပန်ဖြစ်ရန်အရေးမှာ ဝိပဿနာ ဘာဝနာကို မပွားများမီ ရှေးအဖို့က ဝိပဿနာ ဘာဝနာ ပွားများနည်းကို ပါဠိတော်အရပ်ရပ်တို့နှင့် ကိုက်ညီစေလျက် အထက်တန်းသို့ ရောက်ရှိအောင် သင်ပြပေးနိုင်သော ဆရာကောင်းကို ရရှိရန် ရှေးဦးစွာ အထူးအရေးကြီးကြောင်းကို ကောင်းစွာ သိအပ်လေသည်။

ထိုဆရာကောင်းကို ရွေးချယ်နိုင်ရန် မိမိကလည်း ဝိပဿနာ ဘာဝနာလုပ်ငန်းကို အသင့်အတင့် နားလည်ထားရပေမည်။ ယင်းသို့ နားလည်နိုင်ရန် ဝိပဿနာ ဘာဝနာနှင့်သက်ဆိုင်သော စာပေတို့ကို ဖတ်ရှုမှတ်သားခြင်း၊ ဝိပဿနာ ဘာဝနာနှင့်သက်ဆိုင်သော တရားတော်တို့ကို နာကြားခြင်း၊ စုံစမ်းမေးမြန်းခြင်းများကို အထူးပြုလုပ်ရလေသည်။

ဝိပဿနာ ဘာဝနာ ပွားရာ၌
လူမရှိ နတ်မရှိ ဗြဟ္မာ မရှိ။

ဝိပဿနာ ဘာဝနာ ပွားများရေးလုပ်ငန်းသည် အထူး သန့်ရှင်း စင်ကြယ်သောစိတ်နှင့် စေတသိက်တို့၏လုပ်ငန်း ဖြစ်၏။

လောကဓာတ်ကြီးတစ်ရပ်လုံးတွင် ဝိပဿနာ ဘာဝနာ ပွားများသောအခါ၌ ယောက်ျား မိန်းမ လူ နတ် ဗြဟ္မာ သတ္တဝါ မရှိ။ စိတ် စေတသိက် ရူပ် နိဗ္ဗာန် ဤ ပရမတ္ထ သဘာဝမှတရားလေးပါးသာလျှင် ရှိလေသည်။ ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော် ထိပ်ဆုံး၌-

http://www.dhammadownload.com

ကုသလာ ဓမ္မာ၊
အကုသလာ ဓမ္မာ၊
အဗ္ယာကတာ ဓမ္မာ၊

ဟူ၍ ဟောတော်မူ၏။ ဤတွင်"ကုသလာဓမ္မာ" ဆိုရာဝယ် စိတ်တစ်လုံးနှင့် စေတသိက် ၃၈-လုံးတို့သာ ဖြစ်၏။ "အကုသလာဓမ္မာ"မှာကား စိတ်တစ်လုံးနှင့် စေတသိက် ၂၇-လုံးတို့ဖြစ်၍ "အဗ္ယာကတာ ဓမ္မာ"အရကား ဝိပါက်စိတ် ၃၆၊ ကြိယာစိတ် ၂၀၊ စေတသိက် ၃၈၊ ရူပ် ၂၈၊ နိဗ္ဗာန် ဖြစ်လေသည်။ လူ နတ် ဗြဟ္မာ သတ္တဝါဟူ၍ မရှိ။ အနတ္တဓမ္မသဘာဝမျှသာ ရှိခြင်းကို သတိပြုကြပါလေ။

ဝိပဿနာ ဘာဝနာ ပွားများသည်ဆိုရာ၌လည်း လူက ပွားများ အားထုတ်နေသည်ဟူ၍ မဖြစ်စေရ။ "သခ်ါရာဝ သခ်ါရေ ဝိပဿန္တိ"ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာရှိသည့်အတိုင်း သခ်ါရတရားတို့က သခ်ါရတရားတို့ကို ဆင်ခြင် ပွားများ သုံးသပ်နေသည် (၀ါ) စိတ်နှင့်ဆိုင်ရာ စေတသိက် ၃၃-လုံးတို့က ဆင်ခြင်ပွားများ သုံးသပ်နေသည်ဟူ၍သာ ဖြစ်ရလေသည်။ ဤသို့ သဘာဝဓမ္မကို သိရှိထားရန် အထူး အရေးကြီးလေသည်။

အရှင်အနုရုဒ္ဓါ ဆရာတော်သည် အဘိဓမ္မာ ၇-ကျမ်းကို မူတည်လျက် လက်သန်းအဋ္ဌကထာကျမ်းကို စု၍ သင်ကြားပြသရာဝယ် ရှေးဦးစွာ-

တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတောဟု။
စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ။

ထို ဆိုလတ္တံ့သော သင်္ဂြိဟ်ကျမ်း၌ ဗုဒ္ဓမြတ်စွာသည် ဟောတော်မူအပ်ကုန်သော အဘိဓမ္မာ ၇-ကျမ်းတို့၏ အနက်တို့သည် ပရမတ္ထအားဖြင့် စိတ် စေတသိက် ရူပ် နိဗ္ဗာန် ဟူ၍ လေးပါးကုန်သော အခြင်းအရာတို့ဖြင့် တည်ကုန်၏ဟူ၍ စိတ် စေတသိက် ရူပ် နိဗ္ဗာန် ပရမတ္ထတရားလေးပါးကို မူတည်လျက် ဖွင့်ဆိုတော်မူ၏။

ဤတွင်လည်း ဓမ္မသင်္ဂဏီပါဠိတော်အတိုင်းပင် လောကဓာတ်ကြီးတစ်ရပ်လုံးတွင် ယောဂျား မိန်းမ လူ နတ် ဗြဟ္မာ သတ္တဝါဟူသည်မရှိ။ သဘာဝဓမ္မ ဖြစ်ကုန်သော စိတ် စေတသိက် ရူပ် နိဗ္ဗာန် ဤပရမတ္ထ တရားလေးပါးသာ ရှိခြင်းကို ကျမ်း၏ရှေးဦးစွာ မူတည်ဖွင့်ဆိုတော်မူခြင်းကို အထူး သတိပြုရပေမည်။

ဝိပဿနာသင်ပုန်းကြီး

မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်ရှိရေးတွင် သီလ သမာဓိ ပညာ ဟူ၍ရှိရာ မူလပဏ္ဏာသ ပါဠိတော် ဩပမ္မဝဂ် ရထဝိနီတသုတ်၌ လာရှိသောအစီအစဉ်မှာ-

သီလ ဝိသုဒ္ဓိ၊ စိတ္တ ဝိသုဒ္ဓိ၊ ဒိဋ္ဌိ ဝိသုဒ္ဓိ၊ ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ၊
မဂ္ဂါမဂ္ဂညာဏဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါ ညာဏဒဿန ဝိသုဒ္ဓိ၊ ညာဏဒဿန ဝိသုဒ္ဓိ။

ဟူ၍ ဝိသုဒ္ဓိ ၇-ပါးကို ညွှန်ပြတော်မူ၏။ ဤ ၇-ပါးတို့တွင် ယခု သင်ပြနေသည်မှာ ဝိပဿနာ ဘာဝနာ ပွားများရေးအတွက် ဖြစ်၍ သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိနှစ်ပါးကို ချန်လှပ်ထားခဲ့ပေအုံ့။

ဝိပဿနာ ဘာဝနာလုပ်ငန်းတွင် ရှေးဦးစွာ ဒိဋ္ဌိဝိသုဒ္ဓိကို ပိုင်နိုင်စွာ သိရှိထားရ၏။ "ဒိဋ္ဌိဝိသုဒ္ဓိ" ဆိုသည်မှာ အယူ၏ အထူး သန့်ရှင်း စင်ကြယ်ခြင်းဖြစ်၏။

http://www.dhammadownload.com

ဆိုလိုရင်းကား ရုပ် ၂၈-ပါး၊ စိတ်၊ စေတသိက် ၅၂-ပါးတို့၏ တစ်ပါးတစ်ပါးစီ ရအပ်သော ဝိသေသ လက္ခဏာကို သိကြား နားလည်ထားရခြင်းဖြစ်၏။ ထို ၈၁-ပါးတို့ကို သိကြား နားလည်ထားရန်မှာ ခက်သည် မဟုတ်ချေ။ ခေတ်မီသင်ပြနည်းကို သိရှိ နားလည်ထားသော ဆရာကောင်းထံတွင် သင်ယူလိုက်ရပါက ၂-ရက် ၃-ရက်ဖြင့် သဘောပေါက်နိုင်လေသည်။

ထိုနောက်မှ "**ကခီါ ဝိတရဏ ဝိသုဒ္ဓိ**"သို့ တက်ရလေသည်။ ကခီါဝိတရဏဝိသုဒ္ဓိဆိုသည်မှာ- ကခီါ-ယုံမှားခြင်း၊ ဝိတရဏ-လွန်မြောက်ခြင်း၊ ဝိသုဒ္ဓိ-အထူး သန့်ရှင်းစင်ကြယ်ခြင်း၊ အားလုံးပေါင်းသော် ယုံမှား သံသယရှိခြင်းမှ လွန်မြောက်ကာ အထူး စင်ကြယ်သော အသိဉာဏ်ဖြစ်ခြင်းကို ဆိုလိုသည်။

ဤတွင် ရှင်းလင်းစွာ သိသာနိုင်ရန် အနည်းငယ် ဖော်ပြရသော် "**ဒိဋ္ဌိဝိသုဒ္ဓိ**"၌ ဖော်ပြခဲ့သော ရုပ် ၂၈-ပါး၊ စိတ်၊ စေတသိက် ၅၂-ပါး၊ (၀၊) ခန္ဓာငါးပါး ဖြစ်ပေါ်နိုင်ရခြင်းမှာ ထာဝရဘုရား ဖန်ဆင်း၍ မဟုတ်။ ဗြဟ္မာကြီး ဖန်ဆင်း၍မဟုတ်။ အကြောင်းမရှိဘဲ ဖြစ်ပေါ်လာသည်မဟုတ်။ အသက်လိပ်ပြာ သတ္တဝါမရှိ အတ္တမပါ လောကဓာတ်ကြီးတစ်ရပ်လုံးတွင် အတ္တမရှိ ၃၁-ဘုံတွင် အကြောင်းကြောင့် ဖြစ်ပေါ် နေရသော အကျိုးတရားမျှသာဖြစ်သော "**အနတ္တ**"သဘာဝမမှတို့ ကောင်းစွာ သဘောပေါက်နိုင်စေရန် အမျိုးမျိုးသောနည်းတို့ဖြင့် ရှင်းလင်း ဖော်ပြပေးရသောအခန်း ဖြစ်လေသည်။ (ဤဒိဋ္ဌိဝိသုဒ္ဓိနှင့် ကခီါ ဝိတရဏဝိသုဒ္ဓိ အနက်အဓိပ္ပါယ်အကျယ်ကို အလိုရှိပါမူ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဘာသာပြန် တတိယတွဲ တွင် ဆက်လက် ဖတ်ရှုကြပါလေ)။

ဤဒိဋ္ဌိဝိသုဒ္ဓိနှင့် ကခီါဝိတရဏဝိသုဒ္ဓိ နှစ်ပါးကို တစ်နည်းအားဖြင့် **နာမရူပပရိစ္ဆေဒဉာဏ်**နှင့် **ပစ္စယ ပရိဂ္ဂဟဉာဏ်** ဟူ၍လည်း ခေါ်ဆိုရ၏။

ထိုဉာဏ်နှစ်ပါးကို ပိုင်နိုင်စွာ လေ့ကျင့်နေသော ပုဂ္ဂိုလ်သည် သာမန်ပုဂ္ဂိုလ် မဟုတ်တော့ပြီ။ သေလျှင် အပါယ်လေးပါး တံခါးပိတ်သော **စူဠသောတာပန်** ဖြစ်လျက် တည်ရှိနေ၏။

ထိုဉာဏ်နှစ်ပါးကို ကြေညက်စွာ သင်ယူပြီးပါက သုတမယဉာဏ်အားဖြင့် ထိုသူသည် အတ္တနှင့်အနတ္တ ခွဲခြားကာ သိတတ်သော ပုဂ္ဂိုလ်အဆင့်အတန်းသို့ ရောက်ရှိသွားလေပြီ။ ထိုအဆင့်အတန်းသို့ ရောက်ရှိ သွားသော ပုဂ္ဂိုလ်သည် သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် စသည်တို့ကို အဆင့်ဆင့်တက်၍ ပွားများသည် ရှိသော် ဝိပဿနာ ဘာဝနာ ပွားများရေးလုပ်ငန်းအတွက် အလွန်အကျွံ အထူးလွယ်ကူလေသည်။

ထိုမျှမက သူတစ်ပါးကိုလည်း ဝိပဿနာ ဘာဝနာ ပွားများရေးလုပ်ငန်းကို လွယ်ကူစွာ သင်ကြား ပြသပေးနိုင်လေသည်။

ဤတွင် အရေးကြီးခြင်းကြောင့် တစ်နည်းသောဥပမာကို ဆောင်ရသော် အကြင်သူသည် သင်ပုန်းကြီး မကုန်သေး။ ထိုသူသည် စာ-နယ်-ဇင်းကို ဖတ်ခြင်းဌာ မတတ်နိုင်။ စာ-နယ်-ဇင်းကို ဖတ်ခြင်းဌာ မတတ် နိုင်သူသည် **ဆယ်တန်းစာမေးပွဲ**ကို ဝင်ခွင့်ပေးသဖြင့် ဝင်ရောက်ဖြေဆိုသော်လည်း အောင်ဖွယ်ရာ အကြောင်းမရှိသကဲ့သို့ပင်တည်း။

ထို့ကြောင့် ဝိပဿနာ ဘာဝနာကို အချိုးကျကျ ပွားများ အားထုတ်လိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ **နာမရူပပရိစ္ဆေဒဉာဏ် နှင့် ပစ္စယပရိဂ္ဂဟဉာဏ်**နှစ်ပါးကို ကြေညက်စွာ သင်ယူပြီးမှ သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် စသည်တို့ကို တိုးတက်ပွားများတော်မူကြရန် အထူး တိုက်တွန်းပါ၏။

ရှေ့အဖို့တွင် ဤသို့ ရေးသားခြင်းမပြုတော့ဘဲ လိုအပ်သော ပါဠိတော် စသည်တို့နှင့် ဘာသာပြန် တို့ကိုသာ ဤစာအုပ်ငယ်တွင် ဖော်ပြလျက် သင်ပြရာ၌သာ လိုအပ်သည်တို့ကို ကျောက်သင်ပုန်းကြီးတွင် အသေးစိတ် ရှင်းလင်း ပြောဆို ရေးသား သင်ပြသွားမည်ဖြစ်၏။

http://www.dhammadownload.com

ဝိပဿနာပွားများနည်းကို ယုံကြည်စိတ်ချနိုင်စေရန် ပါဠိတော်များကို သင်တန်းတက်သူများ ကိုယ်တိုင်ဖတ်စေ၍ ပွားများနည်းကို ထိုပါဠိတော်များအတိုင်း သင်ပြပေး၏။ ထို့ပြင် ကမ္ဘာရှိ ဘာသာကြီး ၄-ဘာသာတို့ ဖြစ်ပေါ်လာပုံနှင့်တကွ ဖြစ်ပေါ်လာသော ခုနှစ်များကိုပါ ရှင်းလင်း သင်ပြပေးလျက်ရှိ၏။

စိတ္တုပ္ပါဒမ္မိ ခေါ အဟံ စုန္ဒ
ကုသလေသု ဓမ္မေသု ဗဟုပကာရံ ဝဒါမိ။
ကော ပန ဝါဒေါ ကာယေန ဝါစာယ အနုဝိဓိယနာသု။

(မူလပဏ္ဏာသ ပါဠိတော်၊ သလ္လေခသုတ်၊ စာမျက်နှာ ၅၂၊ အပိုဒ် ၈၄)။

ဆဋ္ဌမူ ဘာသာပြန်စာမျက်နှာ ၅၇၊ စုန္ဒ၊ ငါဘုရားသည် ကုသိုလ်တရား၌ စိတ်ဖြစ်ပေါ်ခြင်းမျှကိုလည်း ကျေးဇူးများ၏ဟုဟောအ်။ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ပြုလုပ်စီမံ စေခိုင်းခြင်း စသည်တို့၌ အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း (ဟူ၍ ဟောတော်မူလေသည်)။

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ
ယံ ဧဝံ လဟုပရိဝတ္တံ ယထယိဒံ စိတ္တံ။

အို-ရဟန်းတို့၊ ဤစိတ်သည် ဖြစ်ခြင်း ချုပ်ခြင်းဖြင့် လျင်မြန်သော အပြန်ရှိဘိသကဲ့သို့ ဤအတူ အကြင်သဘောတရားသည် ဖြစ်ခြင်းချုပ်ခြင်းဖြင့် လျင်မြန်သောအပြန်ရှိ၏။ စိတ်မှတစ်ပါးသော ထိုသို့သ ဘောရှိသော တစ်ခုသောသဘောတရားကိုမျှလည်း ငါဘုရား မြင်တော်မမူ။ (အင်္ဂုတ္တိရ် ပါဠိတော်၊ ဧက နိပါတ်၊ ပဏ္ဏာသတ အစ္ဆဝဂ်၊ စာမျက်နှာ ၉၊ အပိုဒ် ၄၈)။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယ္ယော၊ ပဿတော ဥဒယဗ္ဗယံ။

ဤပါဠိတော်ကို ဗုဒ္ဓမြတ်စွာသည် ပဌာစာရီ အမျိုးသမီးကြီးအား ဓမ္မပဒပါဠိတော်၊ သဟဿဝဂ်၌ ဟောတော်မူ၏။ အဓိပ္ပါယ်သော်ကား အကြင်သူသည် ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို ဝိပဿနာ ပညာဖြင့် မရှုဘဲ အသက်တစ်ရာပတ်လုံး နေရကြားသော်လည်း မမြတ်။ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို ဝိပဿနာပညာဖြင့် ရှုကာ တစ်ရက်မျှ အသက်ရှင်၍နေရခြင်းသည် မြတ်၏။

သိက္ခတိတိ ခေါ ဘိက္ခု
တသ္မာ "သေခေါ"တိ ဝုစ္စတိ။

စသည်ဖြင့် အင်္ဂုတ္တိရ်ပါဠိတော်၊ တိကနိပါတ်၊ သမဏဝဂ် "သေက္ခ"သုတ်၌ ဟောတော်မူ၏။ အဓိပ္ပါယ် သော်ကား အို-ရဟန်း၊ လေ့ကျင့်တတ်၏။ ထိုသို့လေ့ကျင့်တတ်သောကြောင့် "သေက္ခ"ဟုဆိုအပ်၏။ အဘယ်တရားကို လေ့ကျင့်တတ်သနည်းဟူမူ အဓိသီလသိက္ခာကို လေ့ကျင့်တတ်၏။ အဓိစိတ္တသိက္ခာကို လေ့ကျင့်တတ်၏။ အဓိပညာသိက္ခာကို လေ့ကျင့်တတ်၏။ အို-ရဟန်း၊ လေ့ကျင့်တတ်၏။ ထိုသို့ လေ့ကျင့် တတ်သောကြောင့် "သေက္ခ"ဟူ၍ ဆိုအပ်၏။

နဝယိမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိ . . . ။

စသည်ဖြင့် ဗုဒ္ဓမြတ်စွာသည် အင်္ဂုတ္တိရ်ပါဠိတော်၊ နဝကနိပါတ်၊ သမ္မောဓိဝဂ်၊ ပုဂ္ဂလသုတ်၌ ဟော တော်မူ၏။

အို-ရဟန်းတို့၊ လောက၌ ပုဂ္ဂိုလ် ၉-မျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ် ၉-မျိုးတို့နည်းဟူမူ ရဟန္တာနှင့် ရဟန္တာဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်။ အနာဂါမ်နှင့် အနာဂါမ်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်။ သကဒါဂါမ်နှင့် သကဒါဂါမ်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်။ သောတာပန်နှင့် သောတာပန်ဖြစ်ရန်ကျင့်ဆဲပုဂ္ဂိုလ်။ ဤရှစ်မျိုးတို့နှင့်

http://www.dhammadownload.com

ပုထုဇဉ်ပုဂ္ဂိုလ်။ ဤ ၉-မျိုးတို့ပေတည်း။ သောတာပန်ဖြစ်ရန် ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်နေသော ပုဂ္ဂိုလ်သည် ပထမရှစ်မျိုးတွင် ပါဝင်၏။ ပုထုဇဉ်မှလွတ်၏။

ဣမိနာ ပန ဉာဏေန သမန္နာဂတော
ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော
လဒ္ဓပတိဋ္ဌော နိယတဂတိကော
စူဠသောတာပန္နော နာမ ဟောတိ။

အဓိပ္ပါယ်သော်ကား ပြဆိုခဲ့ပြီးသော ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်တို့နှင့် ပြည့်စုံသော ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို ကြိုးစား ပွားများ အားထုတ်နေသော ယောဂီသည် ဗုဒ္ဓမြတ်စွာသာသနာတော်၌ သက်သာရာကို ရသည်။ ထောက်တည်ရာကို ရသည်။ မြဲသောသုဂတိရှိသည်ဖြစ်၍ "စူဠသောတာပန်" မည်သည်ဖြစ်၏ ဟူ၍ ဝိသုဒ္ဓိမဂ်၏ ကင်္ခါဝိတရဏဝိသုဒ္ဓိခန်းအဆုံး၌ လာရှိလေသည်။ (ဤတွင်ကား နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ခန်းမျှသာ ရှိသေး၏။ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ခန်းသို့ တက်သော် ရရှိမည့်အကျိုးကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း)။

ဒုက္ခံ ဒုက္ခသစ္စန္တိ? အာမန္တာ
ဒုက္ခသစ္စံ ဒုက္ခန္တိ? ကာယိကံ ဒုက္ခံ ဧစတသိကံ ဒုက္ခံ
ဌပေတ္တာ အဝသေသံ ဒုက္ခသစ္စံ နဒုက္ခံ၊ ကာယိကံ
ဒုက္ခံ စေတသိကံ ဒုက္ခံ ဒုက္ခဋ္ဌေ ဝ ဒုက္ခသစ္စဋ္ဌ။
(သစ္စယမိုက် ပါဠိတော် ဆဋ္ဌမ စာမျက်နှာ ၂၀၈)

ဒုက္ခသည် ဒုက္ခသစ္စာမည်သလော။ ။မည်ပေ၏။

ဒုက္ခသစ္စာသည် ဒုက္ခမည်သလော။ ။ ကာယိကဒုက္ခ စေတသိကဒုက္ခနှစ်ပါးကို ချန်ထား၍ ကြွင်းသော တရားအပေါင်းသည် ဒုက္ခသစ္စာမည်၏။ ဒုက္ခကား မမည်။ ကာယိကဒုက္ခ စေတသိကဒုက္ခနှစ်ပါးသည် ဒုက္ခသစ္စာလည်းမည်၏။ ဒုက္ခလည်းမည်ပေ၏။ (ဤ၌ နားလည်နိုင်ရန်မလွယ်။ ရှင်းလင်းပေးရန် ဆရာ၏ တာဝန်ဖြစ်၏)။

ယော ခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ
ဥပါသိကာ ဝါ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟရတိ
သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ
သက္ကရောတိ ဂရုံကရောတိ မာနေတိ
ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ။

(သုတ်မဟာဝါ ပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်၊ စာမျက်နှာ ၁၁၄၊ အပိုဒ် ၁၉၉)။

ဘာသာပြန်။ ။ အို အာနန္ဒာ၊ စင်စစ်သော်ကား အကြင် ရဟန်းဖြစ်စေ၊ ရဟန်းမိန်းမဖြစ်စေ၊ ဥပါသကာဖြစ်စေ၊ ဥပါသိကာမ ဖြစ်စေ လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်သည်ဖြစ်၍ နေ၏။ ရိုသေစွာလည်း ကျင့်၏။ တရားအားလျော်စွာလည်း ကျင့်၏။ ထိုပုဂ္ဂိုလ်သည်သာလျှင် လွန်မြတ်သော ပူဇော်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာကို အရိုအသေပြုသည်မည်၏။ လွန်ကဲသော ဆည်းကပ် ပူဇော် ပသသည်မည်၏ဟု ညွှန်ကြားတော်မူလေသည်။

ပုတ္တမတ္ထိ ဓနမတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။
အတ္တာပိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တော ကုတော ဓနံ။

http://www.dhammadownload.com

သားသမီးသည်ရှိ၏။ ဥစ္စာပစ္စည်းသည်ရှိ၏။ ဤသို့ လူမိုက်သည် စိုးရိမ်ပူပန်၏။ မိမိကိုယ်ပင်လျှင် မရှိပါဘဲလျက် အဘယ်မှာလျှင် သားသမီးသည် ရှိနိုင်ပါအံ့နည်း။ အဘယ်မှာလျှင် ဥစ္စာပစ္စည်းသည် ရှိနိုင်ပါအံ့နည်းဟု ဓမ္မပဒပါဠိတော် ဗာလဝဂ်၌ ဟောတော်မူ၏။

စက္ခုဠ္ဟ ဘိက္ခဝေ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ
အဒုက္ခ မသုခံ ဝါ။ သော သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ
အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ။ တဿ ရာဂါနုသယော အနုသေတိ။
(ဥပရိပဏ္ဏာသ ပါဠိတော်၊ ဆဆက္ကသုတ်၊ စာမျက်နှာ ၃၃၂၊ အပိုဒ် ၄၂၅)

အို-ရဟန်းတို့၊ စက္ခုပသာဒကိုလည်းကောင်း၊ ရူပါရုံကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည်ဖြစ်၏။ ထိုသုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿမည်၏။ ဖဿဟူသောအကြောင်းကြောင့် ခံစားတတ်သော သုခဝေဒနာသည်လည်းကောင်း၊ ဒုက္ခဝေဒနာသည်လည်းကောင်း၊ ဥပေက္ခာဝေဒနာသည်လည်းကောင်း ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် သုခဖြစ်သော ဝေဒနာသည် တွေ့ထိအပ်သည်ရှိသော် အလွန်နှစ်သက်၏။ အလွန်ကောင်း၏ဟု ပြောဆို၏။ သက်ဝင်၍တည်၏။ ထိုပုဂ္ဂိုလ်အား ရာဂါနုသယသည် ကိန်း၏။

ထိုပါဠိတော်နှင့် ဘာသာပြန်ကို ဖတ်ရှုပါလေ။ ကောင်းလှသောအချက်များ ရှည်လျားစွာ လာရှိသေး၏။ ယခုသော် လိုအပ်သည်ကိုသာ အတိချုပ်ဖော်ပြပေအံ့။

သုခဝေဒနာဖြစ်သော် ရာဂါနုသယော အနုသေတိ။
(တဏှာရာဂ အနုသယ ကိန်းလေပြီ။)
ဒုက္ခဝေဒနာဖြစ်သော် ပဋိဃာနုသယော အနုသေတိ။
အဒုက္ခ မသုခ ဝေဒနာဖြစ်သော် အဝိဇ္ဇာနုသယော အနုသေတိ။
(ဂင်းသဘောကို မြန်မာလိုပြန်သော်)
ကြိုက်လျှင် .....လောဘ
မကြိုက်လျှင် .....ဒေါသ
အမှတ်တမဲ့နေလျှင် .....မောဟ

ဤ၌ ယောဂီသူမြတ်တို့ အမြစ်ပါဖြုတ်သတ်ရမည့် အနုသယ ၇-ပါးရှိ၏။ ၁-ကာမရာဂါနုသယ၊ ၂-ပဋိဃာနုသယ၊ ၃-ဒိဋ္ဌာနုယသ၊ ၄-ဝိစိကိစ္ဆာနုသယ၊ ၅-မာနာနုသယ၊ ၆-ဘဝရာဂါနုသယ၊ ၇-အဝိဇ္ဇာနုသယတို့ ဖြစ်လေသည်။ ဝိပဿနာဘာဝနာကို မပွားများသောအချိန်တွင် ထိုအနုသယ ၇-ပါးတို့အနက် တစ်ပါးပါးသည် အစဉ်ဝင်ရောက် တိုးပွားနေလေတော့၏။ အနုသယတိုးတက်လေလေ မဂ်ဖိုလ်နိဗ္ဗာန်နှင့်ဝေးလေလေ။

ဘူတေ ဘူတတော သဇ္ဇာနာတိ။ ဘူတေ ဘူတတော သညတ္တာ
ဘူတေ မညတိ၊ ဘူတေသု မညတိ၊ ဘူတတော မညတိ၊ ဘူတေ မေတိ
မညတိ၊ ဘူတေ အဘိနန္ဒတိ။ တံ ကိဿ ဟေတု၊ အပရိညာတံ
တဿာတိ ဝဒါမိ။ (မူလ ပဏ္ဏာသ ပါဠိတော် စာမျက်နှာ ၂၂၊ အပိုဒ် ၃)။

ဘာသာပြန်။ ။ သတ္တဝါကို သတ္တဝါဟု သိမှတ်ထား၏။ သတ္တဝါကို သတ္တဝါဟု သိမှတ်ထား၍ သတ္တဝါဟု ထင်မှတ် အောက်မေ့၏။ သတ္တဝါ၌ ထင်မှတ် အောက်မေ့၏။ သတ္တဝါအတိုင်း ထင်မှတ် အောက်မေ့၏။ သတ္တဝါကို ငါဟု ထင်မှတ် အောက်မေ့၏။ သတ္တဝါကို အလွန်နှစ်သက်၏။ ထိုသို့ဖြစ်ရခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ ထိုသူသည် သတ္တဝါကို ပရိညာဉာဏ်ဖြင့် ပိုင်းခြား၍ မသိမှုကြောင့်ဟု မိန့်ဆိုတော်မူ၏။

http://www.dhammadownload.com

ပရိညာဉာဏ် ဆိုရာဝယ် သုံးပါးရှိ၏။

ဉာတပရိညာ ..... နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်၏။

တီရဏပရိညာ ..... သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ဖြစ်၏။

ပဟာနပရိညာ ..... ဥဒယဗ္ဗယဉာဏ်၏ အထက်ဖြစ်သော ဘင်ဉာဏ် စသည်တို့ ဖြစ်၏။ (၂၈၈ နှင့် ၅၄၈၊ တတိယတွဲ၊ ဝိသုဒ္ဓိမဂ်)

ထို့ကြောင့် ဤပါဠိတော်၌ မိန်းမ,ယောကျ်ား,လူ စသည်တို့ကိုမြင်လျှင် ဉာတပရိညာအားဖြင့် ခွဲခြမ်းစိတ်ဖြာပစ်ရမ်း။ ထိုနောက် နာမ်ရုပ်တရား ခန္ဓာငါးပါးကို လက္ခဏာရေးသုံးပါးတင်ကာ ဝိပဿနာဘာဝနာ ပွားများခြင်းကို ပြုရမည်ဟူ၏။ (ယင်းပါဠိတော်၌ လာရှိပြန်သည်မှာ-)

ဒိဋ္ဌं ဒိဋ္ဌတော သဇ္ဇာနာတိ၊ ဒိဋ္ဌं ဒိဋ္ဌတော သညတ္တာ

ဒိဋ္ဌं မညတိ၊ ဒိဋ္ဌသ္မိं မညတိ၊ ဒိဋ္ဌတော မညတိ၊

ဒိဋ္ဌं မေတိ မညတိ၊ ဒိဋ္ဌं အဘိနန္ဒတိ။ တံ ကိဿ ဟေတု၊

အပရိညာတံ တဿာတိ ဝဒါမိ။

မြင်သောအရာကို မြင်သည့်အရာအားဖြင့် သိမှတ်ထား၏။ မြင်သောအရာကို မြင်ရသည့်အရာအားဖြင့် သိမှတ်ထား၍ မြင်သောအရာဟု ထင်မှတ် အောက်မေ့၏။ မြင်သောအရာ၌ ထင်မှတ် အောက်မေ့၏။ မြင်သောအရာအတိုင်း ထင်မှတ် အောက်မေ့၏။ မြင်သောအရာကို ငါဟု (ငါ့ဟာဟု) ထင်မှတ် အောက်မေ့၏။ မြင်သောအရာကို အလွန်နှစ်သက်၏။ ထိုသို့ဖြစ်ရခြင်းသည် အဘယ့်ကြောင့်နည်းဟူမူကား ထိုသူသည် မြင်သောအရာကို ပရိညာဉာဏ်ဖြင့် ပိုင်းခြား၍ မသိမှုကြောင့်ဟု ငါဘုရား မိန့်ဆိုတော်မူ၏။

ထိုမှတစ်ပါး ယင်းပါဠိတော်၌-

"သုတं သုတတော သဇ္ဇာနာတိ"အတွက်လည်းကောင်း၊ "မုတं မုတတော သဇ္ဇာနာတိ"အတွက်လည်းကောင်း၊ "ဝိညာတं ဝိညာတတော သဇ္ဇာနာတိ"အတွက်လည်းကောင်း မိန့်ဆိုတော်မူ၏။

ဤပါဠိတော်ကို လေ့လာခြင်းအားဖြင့် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် သဠဝဂ်၌ လာရှိသော မာလုက္ယပုတ္တအား-

ဒိဋ္ဌေ ဒိဋ္ဌမတ္တं ဘဝိဿတိ

သုတေ သုတမတ္တं ဘဝိဿတိ

မုတေ မုတမတ္တं ဘဝိဿတိ

ဝိညာတေ ဝိညာတမတ္တं ဘဝိဿတိ

မြင်သည်ရှိသော် မြင်ကာမတ္တမျှသာ ဖြစ်ရာ၏။

ကြားသည်ရှိသော် ကြားကာမတ္တမျှသာ ဖြစ်ရာ၏။

တွေ့ထိသည်ရှိသော် တွေ့ထိကာမတ္တမျှသာ ဖြစ်ရာ၏။

သိသည်ရှိသော် သိကာမတ္တမျှသာ ဖြစ်ရာ၏။

ဟူ၍ ဟောတော်မူရာဝယ် မြင်သောအခါ၊ ကြားသောအခါ၊ တွေ့ထိသောအခါ၊ သိရှိသောအခါတို့၌ စိတ်သည် ရှေ့သို့ ဆက်မသွားဘဲ မြင်သည် ကြားသည် တွေ့ထိသည် သိရှိသည်တို့အပေါ်တွင် ဉာတပရိညာအားဖြင့် ခွဲခြမ်းစိတ်ဖြာပြီးလျှင် (သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်သို့တက်ကာ) ဝိပဿနာ ဘာဝနာ ပွားများပေးရမည်ဆိုသည်ကို ထင်ရှားစွာ သိအပ်လေပြီ။

http://www.dhammadownload.com

အထက်ပါ ဘာသာပြန်ကဲ့သို့ပင် ယင်းပါဠိတော်၌-

သုတံ သုတတော သဠာနာတိ ဟူ၍လည်းကောင်း၊
မုတံ မုတတော သဠာနာတိ ဟူ၍လည်းကောင်း၊
ဝိညာတံ ဝိညာတတော သဠာနာတိ ဟူ၍လည်းကောင်း

ဟောတော်မူလေသေးသည်။

ဗာဟိယ ဒါရုစီနှင့် မာလုက္ကျပုတ္တ

ဥဒါန်းပါဠိတော်၊ ဗောဓိဝဂ်၊ အဆုံးသုတ်၊ ဗာဟိယဒါရုစီရိယ ပရိပုစ္ဆာအားလည်းကောင်း၊ သဠာယတန ဝဂ္ဂသံယုတ်ပါဠိတော်၊ သဠာယတနသံယုတ်၊ သဠဝဂ်၊ မာလုက္ကျပုတ္တသုတ်၌လည်းကောင်း-

မြင်သည်ရှိသော် မြင်ကာမတ္တမျှသာ ဖြစ်ရာ၏။ ကြားသည်ရှိသော် ကြားကာမတ္တမျှသာ ဖြစ်ရာ၏။ တွေ့ထိသည်ရှိသော် တွေ့ထိကာမတ္တမျှသာ ဖြစ်ရာ၏။ သိသည်ရှိသော် သိကာမတ္တမျှသာ ဖြစ်ရာ၏ စသည်တို့ကို ဟောတော်မူရာ မာလုက္ကျပုတ္တသုတ်၌ ဆက်လက် လာရှိသည်မှာကား-

ရူပံ ဒိသ္မာ သတိ မုဋ္ဌာ ပိယံ နိမိတ္တံ မနသိကရောတော
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသာယ တိဋ္ဌတိ။
တဿ ဝမ္ဘုတ္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။

အဆင်းရူပါရုံကိုမြင်၍ ကြိုက်နှစ်သက်အပ်၏ဟူသော နိမိတ်(ပုံပန်းသဏ္ဌာန်)ကို နှလုံးသွင်းသောသူအား ကမ္မဋ္ဌာန်းတရား၌ သတိလွတ်ကင်း မေ့လျော့ခြင်းကြောင့် အလွန်တပ်မက်သော စိတ်ရှိသည်ဖြစ်၍ ခံစားအံ့။ ထိုအာရုံကိုလည်း တဏှာဖြင့် လွှမ်းမိုး၍တည်အံ့။ ထိုသူအား များစွာသော အဆင်းရူပါရုံကြောင့် ဖြစ်ကုန်သော ဝေဒနာတို့သည် တိုးတက်ပွားများကုန်၏။ အလိုရမ္မက်ကြီးခြင်း အဘိဇ္ဈာတရားသည်လည်းကောင်း၊ ညှဉ်းပန်းခြင်း၊ နှိပ်စက်ခြင်းဆိုသော ဝိဟိံသတရားသည်လည်းကောင်း ထိုသူ၏စိတ်ကို ကပ်၍ ညှဉ်းဆဲ၏။ (ဧဝံ အာစိနတော ဒုက္ခံ၊ အာရာနိဗ္ဗာန ဝုစ္စတိ) ဤသို့ ဆင်းရဲဒုက္ခကို တိုးပွားများစေသောသူအား နိဗ္ဗာန်နှင့်ဝေးကွာ၏ဟူ၍ ဆိုအပ်၏။

ထိုနည်းတူစွာ (အသံ) သဒ္ဒါရုံအတွက်-

သဒ္ဒံ သုတွာ သတိမုဋ္ဌာ ပိယံ နိမိတ္တံ မနသိကရောတော စသည်တို့ကိုလည်းကောင်း၊

(**အနံ့**) **ဂန္ဓာရုံအတွက်** -

ဂန္ဓံ ဃတ္ဝာ သတိမုဋ္ဌာ ပိယံ နိမိတ္တံ မနသိကရောတော စသည်တို့ကိုလည်းကောင်း၊

(**အရသာ**) **ရသာရုံအတွက်** -

ရသံ ဘောတ္ဝာ သတိမုဋ္ဌာ ပိယံ နိမိတ္တံ မနသိကရောတော စသည်တို့ကိုလည်းကောင်း၊

(**တွေ့ထိ**) **ဖောဋ္ဌဗ္ဗာရုံအတွက်** -

ဖသံ ဖုသ သတိမုဋ္ဌာ ပိယံ နိမိတ္တံ မနသိကရောတော စသည်တို့ကိုလည်းကောင်း၊

(**သိအပ်သော**) **ဓမ္မာရုံအတွက်**-

ဓမ္မံ ဥတ္ဝာ သတိမုဋ္ဌာ ပိယံ နိမိတ္တံ မနသိကရောတော စသည်တို့ကိုလည်းကောင်း၊

ဆက်လက်လာရှိ၏။ ။ ဘာသာပြန်ဆိုရန်မှာ **ရူပံ ဒိသ္မာ သတိမုဋ္ဌာ ပိယံ နိမိတ္တံ မနသိကရောတော**

http://www.dhammadownload.com

အတွက် အနက်ပေးဘိသကဲ့သို့ အဆင်းရှုပါရုံနေရာတွင် အသံ-သဒ္ဒါရုံ၊ အနံ့-ဂန္ဓာရုံ စသည်တို့ ပြောင်းလွှဲ ထည့်သွင်းပေးရုံမျှသာ ကွာခြားလေသည်။

ဤ မာလုကျပုတ္တသုတ်နှင့် စာမျက်နှာ ၇၃-၌ ကြိုက်လျှင် လောဘ၊ မကြိုက်လျှင် ဒေါသ၊ အမှတ်တမဲ့ နေလျှင် မောဟဟု ဖော်ပြပါရှိသော ဆဆက္ကသုတ်၊ ထို့ပြင် မဟာသတိပဋ္ဌာန်ပါဠိတော် ကာယာနုပဿနာ သမ္ပဇာနပဗ္ဗ၌ လာရှိသော-

သယံဒုိပတ္ထစီဝရဓာရဏော သမ္ပဇာနကာရီ ဟောတိ။ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ။ ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ၊ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏ္ဍီဘာဝေ သမ္ပဇာနကာရီ ဟောတိ။ (ဘာသာပြန်ဆရာတော် ဦးဗုဓ် မဟာသတိပဋ္ဌာနသုတ် နိဿယစာမျက်နှာ ၄ နှင့် ၆၃ တွင်ကြည့်ရန်) စသော ပါဠိတော်အရပ်ရပ်တို့ကို ပေါင်းစပ်လျက် သေချာတိကျစွာ လေ့လာ ဆင်ခြင်သုံးသပ်သော် ယောဂီသူမြတ်သည် နေရာမရွှေ့ အချိန်အခါမရွှေ့ စကားမပြောဘဲ တိတ်တိတ် နေစဉ်ပင်ဖြစ်စေ၊ ကျင်ကြီးကျင်ငယ် စွန့်ရာ၌ပင်ဖြစ်စေ-

နာမ ရူပ ပရိစ္ဆေဒဉာဏ်
ပစ္စယ ပရိဂ္ဂဟဉာဏ်
သမ္မသနဉာဏ်
ဥဒယဗ္ဗယဉာဏ်

စသော ဝိပဿနာ ဘာဝနာ ပွားများခြင်းလုပ်ငန်းကို အစဉ်မပြတ် တရစပ် ဆင်ခြင် ပွားများ လုပ်ကိုင်နေရ မည်ဆိုသည်ကို မိမိကိုယ်တိုင် ထင်ရှားစွာ သိမြင်လာပေတော့၏။

ဆိုလိုရင်းကား- ဂူတွင်း တောတွင်း ရိပ်သာတွင်း စသည်တို့၌ တစ်လနှစ်လ သွားရောက် လေ့ကျင့်ကာ မျှဖြင့် ကိစ္စမပြီးသေး၊ အိမ်ရောက်သောအခါ၌လည်း အချိန်အခါ နေရာမရွှေ့ တဏှာနှင့် အဝိဇ္ဇာမဝင်နိုင် အောင် ဝိပဿနာဘာဝနာ ပွားများခြင်းနှင့်သက်ဆိုင်သော နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္ပဇာနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် စသည်တို့ကို အစဉ်မပြတ် တရစပ် ဆင်ခြင် ပွားများ အားထုတ်နေရ မည်ကို ဆိုလိုရင်း ဖြစ်၏။ (အမှတ်တမဲ့နေလျှင် မောဟ)။

ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ။
စသော ကာယာနုပဿနာ ဣရိယာပထ ပဗ္ဗ၌ လာရှိသော
သာမုဏ်သိက ဒေသနာတော်ဖြစ်သည့် ပဇာနာတိ အတွက်
အလိုရှိအပ်သော အနက်အဓိပ္ပါယ်။
တတ္ထ ကာမံ သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာ ဂစ္ဆာမာတိ ဇာနန္တိ၊ န ပနေတံ ဧဝ ရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ။ ဧဝ ရူပဥှိ ဇာနနံ သတ္တူပလဒ္ဓိ န ပဇဟတိ၊ သတ္တသည် န ဥဋ္ဌဟေတိ။ ကမ္မဋ္ဌာန် ဝါ သတိပဋ္ဌာနဘာဝနာ ဝါ န ဟောတိ။ (အဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ် သုတ်မဟာဝါ)။

ထိုကာယာနုပဿနာ ကမ္မဋ္ဌာန်း၌ အိမ်ခွေးမြေခွေးစသောတိရစ္ဆာန်တို့သည်လည်း သွားကြကုန်သည် ရှိသော် ငါတို့သည် သွားကြကုန်၏။ ဤသို့ အကယ်၍ကား သိကြကုန်၏။ ထိုသို့ သိကြကုန်သော်လည်း ဤသို့ သဘောရှိသော ထိုအသိမျိုးကိုရည်၍ ရှင်တော်ဘုရား ဟောတော်မူအပ်သည်မဟုတ်၊ ထိုစကားသည်မှန်၏။

http://www.dhammadownload.com

ထိုသို့သဘောရှိသော သိခြင်းသည် သတ္တဝါဟူသောအယူကို မစွန့်။ သတ္တဝါဟူသော အမှတ်သညာကို မခွာ။ **ကမ္မဋ္ဌာန်းတရားသည်လည်းမဖြစ်။ သတိပဋ္ဌာန်ဘာဝနာသည်လည်း မဖြစ်။**

ပဏာတိအတွက် ဤနေရာတွင် မည်သို့သိရမည်နည်းဟူမူ တစ်စုံတစ်ယောက်သော သတ္တဝါသည်လည်းကောင်း၊ ပုဂ္ဂိုလ်သည်လည်းကောင်း သွားသည်မဟုတ်။ (စိတ္တ ကိရိယဝါယော ဓာတုဝိဘွာရေန) သွားလို သောစိတ်သည် ပြုပြင်အပ်သော စိတ္တဇဝါယောဓာတ်၏ လှုပ်ရှားပြန့်နှံ့ခြင်းကြောင့် ခန္ဓာကိုယ်ဟု ခေါ်ရသော ရူပ်စုတို့သာလျှင်သွား၏ဟု သိရမည်ကို အဋ္ဌကထာ ဖွင့်ဆိုတော်မူလေသည်။

မဟာသတိပဋ္ဌာန် ပါဠိတော် ကာယာနုပဿနာ ဣရိယာပထပဗ္ဗနှင့်တကွ အဋ္ဌကထာ ဖွင့်ဆိုတော်မူချက်အရ **ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ** စသည်တို့တွင် **ပဇာနာတိ** အဓိပ္ပါယ်ကို အိမ်ခွေးမြေခွေးတို့၏ အသိမျိုးမဟုတ်ဘဲ ရူပ်နှင့်နာမ်ကို ခွဲခြား၍ အပြားအားဖြင့် သိခြင်းကို အလိုရှိအပ်လေသည်။

သွားတယ် သွားတယ်၊ ရပ်တယ် ရပ်တယ်၊ ထိုင်တယ် ထိုင်တယ်၊ လျောင်းတယ် လျောင်းတယ် စသည်တို့ဖြင့် လိုက်၍ သိမှတ်နေခြင်းသည် သာမုဏ္ဏသိကခေသနာတော်မြတ်ဖြစ်သည့် အပြားအားဖြင့် သိအပ်သော **ပဇာနာတိ**သဘောသို့ မထိရောက်။ အိမ်ခွေး တောခွေး စသည်တို့၏ အသိမျိုးမျှသာ ဖြစ်ခြင်းကြောင့် ကမ္မဋ္ဌာန်းတရားသည်လည်းမဖြစ်။ သတိပဋ္ဌာန်ဘာဝနာလည်းမဖြစ်။ **ဤကား အဋ္ဌကထာ ဆရာမြတ်၏ ရှင်းလင်းဖော်ပြချက်ပေတည်း။**

ရှင်တော်ဘုရား ဟောတော်မူသည်ကို မဟောတော်မူဘိသကဲ့သို့လည်းကောင်း၊ မဟောတော်မူသည်ကို ဟောတော်မူဘိသကဲ့သို့လည်းကောင်း ဟောပြော ရေးသားခြင်းတို့သည် "**အဗ္ဘာစိက္ခန္တိ**" ရှင်တော်ဘုရား၏အားစွပ်စွဲစော်ကားသည်ဖြစ်ခြင်းကြောင့် ကြီးလေးသော အပြစ်ရှိ၏။ ဤအခြင်းအရာမျိုးကို ဝေးစွာ ရှောင်ကြဉ်ရမည် သူတော်ကောင်းအပေါင်းတို့။

စိတ် စေတသိက်တို့သည်

တစ်လုံးချင်းမဖြစ်။ ရူပ်တရားတို့သည်လည်း တစ်လုံးချင်း မဖြစ်။

(၁) **ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ။ တယော ခန္ဓေ ပဋိစ္စ**
ဧကော ခန္ဓော။ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။
(ပဋ္ဌာန်း ပါဠိတော် ပဋိစ္စဝါရ)။

(နာမ်ခန္ဓာလေးပါးရှိ၏) တစ်ပါးသော နာမ်ခန္ဓာကိုစွဲ၍ ကျန် နာမ်ခန္ဓာသုံးပါးတို့သည် ဖြစ်ကုန်၏။ သုံးပါးသော နာမ်ခန္ဓာတို့ကိုစွဲ၍ ကျန် တစ်ပါးသော နာမ်ခန္ဓာသည်ဖြစ်၏။ နှစ်ပါးကုန်သော နာမ်ခန္ဓာတို့ကို စွဲ၍ ကျန်နှစ်ပါးကုန်သော ခန္ဓာတို့သည် ဖြစ်ကုန်၏။ (နာမ်ခန္ဓလေးပါးသည် တစ်ပါးတည်း မဖြစ်ပေါ်)။

(၂) **ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ။**
တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ။
ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ။

(ပထဝီ အာပေါ တေဇော ဝါယော မဟာဘုတ်လေးပါးရှိ၏) တစ်ပါးသောမဟာဘုတ်ကိုစွဲ၍ သုံးပါးသော မဟာဘုတ်တို့သည် ဖြစ်ကုန်၏။ သုံးပါးသော မဟာဘုတ်ကိုစွဲ၍ တစ်ပါးသော မဟာဘုတ်သည် ဖြစ်၏။ နှစ်ပါးသော မဟာဘုတ်တို့ကိုစွဲ၍ နှစ်ပါးသော မဟာဘုတ်တို့သည် ဖြစ်၏။ (မဟာဘုတ်လေးပါးတို့သည် တစ်ပါးတည်း မဖြစ်ပေါ်)။

http://www.dhammadownload.com

(၃) **စတ္တာရော ခန္ဓာ အရ္ဓပိနော အညမည်**
သဟဇာတ ပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမည် သဟဇာတ ပစ္စယေန ပစ္စယော။ သြက္ကန္တိက္ခဏော နာမရူပ် အညမည် သဟဇာတ ပစ္စယေန ပစ္စယော။ စိတ္တ စေတသိကာ ဓမ္မာ စိတ္တ သမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသ)။

လေးပါးကုန်သော နာမ်ခန္ဓာတို့သည် အချင်းချင်းအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏။ လေးပါးကုန်သော မဟာဘုတ်တို့သည် အချင်းချင်းအား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏။ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေခဏာ၌ ရုပ်တရားနှင့် နာမ်တရားတို့သည် အချင်းချင်း သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏။ (အရှုပဝိပါက်လေး၊ ဒွေပဋ္ဌဝိညာဉ်တစ်ဆယ်၊ ရဟန္တာတို့၏ စုတိကို ချန်ထား၍) စိတ်စေတသိက်တို့သည် စိတ်လျှင်ဖြစ်ကြောင်း ရှိကုန်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏။ မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏။

ယောဂီသူမြတ်တို့-
အထူးသိမှတ်ထားရှိအပ်သော ပဋ္ဌာန်းပါဠိတော်။

(၄) **ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော. . .။ သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိ ဂဏှာတိ။ သီလံ သုတံ စာဂံ ပညံ ဥပနိဿယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိ ဂဏှာတိ. . .။**
(ပဋ္ဌာန်းပါဠိတော် ပဉ္စဝါရ)။

ကုသိုလ်ဖြစ်သောတရားသည် အကုသိုလ်ဖြစ်သော တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။ သဒ္ဓါတရားကို အမှီပြု၍ မာနကိုဖြစ်စေ၏။ မှားသောအယူကို ယူ၏။ သီလကို၊ အကြားအမြင် ဗဟုသုတကို၊ စွန့်ကြဲခြင်းကို အမှီပြု၍ မာနကိုဖြစ်စေ၏။ မှားသောအယူကို ယူ၏. . .။

(၅) **ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ဒါနံ ဒတ္တာ သီလံ သမာဒိယိတ္တာ ဥပေါသထကမ္မံ ကတ္တာ တံ အဿာဒေတိ။ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။**

ကုသိုလ်ဖြစ်သောတရားသည် အကုသိုလ်ဖြစ်သောတရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။ အလှူကိုပေးလှူ၍၊ သီလကို ကောင်းစွာ ဆောက်တည်၍၊ ဥပုသ်ကို ဆောက်တည်ပြီး၍ ထိုဒါန သီလကုသိုလ်ကို သာယာ၏။ အလွန်နှစ်သက်၏။ ထို ဒါနသီလကုသိုလ်ကို အာရုံပြု၍ ရာဂသည် ဖြစ်၏။ ဒိဋ္ဌိသည် ဖြစ်၏။ ဝိစိကိစ္ဆာသည် ဖြစ်၏။ ဥဒ္ဓစ္စသည် ဖြစ်၏။ ဒေါမနဿ ဖြစ်၏။

(၆) **ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ဒါနံ ဒတ္တာ သီလံ သမာဒိယိတ္တာ ဥပေါသထကမ္မံ ကတ္တာ တံ ပစ္စဝေက္ခတိ။ . . . သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။**

ကုသိုလ်ဖြစ်သော တရားသည် ကုသိုလ်ဖြစ်သောတရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။ အလှူကို ပေးလှူ၍ သီလကို ကောင်းစွာဆောက်တည်၍ ဥပုသ်ကို ဆောက်တည်ပြီး၍

http://www.dhammadownload.com

ထို ဒါန သီလ ကုသိုလ်ကို ဆင်ခြင်၏။ . . . သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ကုသိုလ်ကို အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တဟူ၍လည်းကောင်း ဝိပဿနာ ရှုကုန်၏။

(၇) **အကုသလော ဓမ္မော အကုသလသော ဓမ္မသော အာရမ္မဏပစ္စယေန ပစ္စယော။ ရာဂံ အဿာဒေတိ။ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။**

အကုသိုလ်ဖြစ်သောတရားသည် အကုသိုလ်ဖြစ်သောတရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။ ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ကို သာယာ၏။ အလွန်နှစ်သက်၏။ ထိုလောဘမူစိတ္တုပ္ပါဒ်ကို အကြောင်းပြု၍ ရာဂသည် ဖြစ်၏။ ဒိဋ္ဌိသည် ဖြစ်၏။ ဝိစိကိစ္ဆာသည် ဖြစ်၏။ ဥဒ္ဓစ္စသည် ဖြစ်၏။ ဒေါမနဿသည် ဖြစ်၏။ . . ။

(၈) **အကုသလော ဓမ္မော ကုသလသော ဓမ္မသော အာရမ္မဏပစ္စယေန ပစ္စယော. . ။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။**

အကုသိုလ်ဖြစ်သောတရားသည် ကုသိုလ်ဖြစ်သော တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။ . . . သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အကုသိုလ်ကို အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တဟူ၍လည်းကောင်း ဝိပဿနာ ရှုကုန်၏။ . . . ။

(၉) **အဗျာကတော ဓမ္မော အကုသလသော ဓမ္မသော အာရမ္မဏပစ္စယေန ပစ္စယော။ စက္ခုံ အဿာဒေတိ။ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အဿာဒေတိ။ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။**

အဗျာကတဖြစ်သောတရားသည် အကုသိုလ်ဖြစ်သောတရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။ စက္ခုပသာဒကို သာယာ၏။ အလွန်နှစ်သက်၏။ ထိုစက္ခုပသာဒကို အကြောင်းပြု၍ ရာဂသည် ဖြစ်၏။ ဒိဋ္ဌိသည်ဖြစ်၏။ ဝိစိကိစ္ဆာသည် ဖြစ်၏။ ဥဒ္ဓစ္စသည် ဖြစ်၏။ (ဒေါမနဿ) နှလုံးမသာယာခြင်းသည် ဖြစ်၏။

သောတပသာဒကို၊ ဃာနပသာဒကို၊ ဇိဝှါပသာဒကို၊ ကာယပသာဒကို၊ ရူပါရုံတို့ကို၊ သဒ္ဒါရုံတို့ကို ဂန္ဓာရုံတို့ကို၊ ရသာရုံတို့ကို၊ ဖောဋ္ဌဗ္ဗာရုံတို့ကို၊ ဟဒယဝတ္ထုကို၊ ဝိပါက်အဗျာကတဖြစ်ကုန်သော ကြိယာအဗျာကတဖြစ်ကုန်သော ခန္ဓာတို့ကို သာယာ၏။ အလွန်နှစ်သက်၏။ ထိုခန္ဓာကို အကြောင်းပြု၍ ရာဂသည် ဖြစ်၏။ ဒိဋ္ဌိသည် ဖြစ်၏။ ဝိစိကိစ္ဆာသည် ဖြစ်၏။ ဥဒ္ဓစ္စသည် ဖြစ်၏။ ဒေါမနဿသည် ဖြစ်၏။

(၁၀) **အဗျာကတော ဓမ္မော ကုသလသော ဓမ္မသော အာရမ္မဏပစ္စယေန ပစ္စယော။ . . . သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။**

http://www.dhammadownload.com

အဗျာကတဖြစ်သောတရားသည် ကုသိုလ်ဖြစ်သောတရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။ . . . သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ စက္ခုပသာဒကို အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တဟူ၍လည်းကောင်း ဝိပဿနာ ရှုကုန်၏။

သောတပသာဒကို၊ ဃာနပသာဒကို၊ ဇိဝှါပသာဒကို၊ ကာယပသာဒကို၊ ရူပါရုံတို့ကို၊ သဒ္ဒါရုံတို့ကို၊ ဂန္ဓာရုံတို့ကို၊ ရသာရုံတို့ကို၊ ဖောဋ္ဌဗ္ဗာရုံတို့ကို၊ ဟဒယဝတ္ထုကို အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တဟူ၍လည်းကောင်း ဝိပဿနာ ရှုကုန်၏။

ဝိပါက် အဗျာကတဖြစ်ကုန်သော ကြိယာ အဗျာကတဖြစ်ကုန်သော ခန္ဓာတို့ကို အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တဟူ၍လည်းကောင်း ဝိပဿနာ ရှုကုန်၏။ (ပဋ္ဌာန်းပါဠိတော် ပဏ္ဍိတ)

သုဒ္ဓ သခ်ိရ ပုဗ္ဗောယံ၊ နယိဓ သတ္တုပလဗ္ဘတိ။
ယထာ ဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

(အိုး-မာရ်နတ်) သတ္တဝါဟု ခေါ်ဆိုခြင်းသည် စင်စစ်သော်ကား ပြုပြင်အပ်သော စိတ် စေတသိက် ရုပ် သခ်ိရ အစုတို့သာတည်း။ သတ္တဝါဟူသည် မြဲမျှမရှိ။ ဤသက်သက်သော နာမ် ရုပ် သခ်ိရ အစု၌ သတ္တဝါဟူသော အမည်ကို မရအပ်။ အစိတ်အစိတ် အပိုင်းအပိုင်းဖြစ်သော ဘီး, ဝင်ရိုး, ထမ်းပိုး, စည်းကုံးတို့ကို ပေါင်းစပ်သည်ရှိသော် လှည်း, ယာဉ်, ရထား ဟူသော ဝေါဟာရ စကားအသံသည် ဖြစ်ပေါ်လာဘိသကဲ့သို့ စိတ် စေတသိက် ရုပ်ဟူသော ခန္ဓာငါးပါး ထင်ရှားရှိကုန်သော အစုတို့ကိုသာလျှင် သတ္တဝါ ဟူ၍ ခေါ်ဝေါ်သမုတ်အပ်ခြင်းဖြစ်၏။ (သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ ဘိက္ခုနီသံယုတ်၊ စာမျက်နှာ ၁၃၇ ၌ လာရှိ၏) ထိုပါဠိတော်၌ ဆက်လက် လာရှိပြန်သည်မှာ-

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတီတိ။

(အိုး မာရ်နတ်) ထိုစကားသည် မှန်သည်သာတည်း။ ခန္ဓာငါးပါးဟုဆိုအပ်သော သဘာဝမမှသည်-

ဒုက္ခ အစုသည်သာလျှင် ဖြစ်၏။
ဒုက္ခ အစုသည်သာလျှင် တည်လည်းတည်၏။
ဒုက္ခ အစုသည်သာလျှင် ပျက်လည်းပျက်၏။
ဒုက္ခအစုမှတစ်ပါးသောအရာသည် ဖြစ်ပေါ်သည်မဟုတ်။
ဒုက္ခ အစုမှ တပါးသောအရာသည် ချုပ်သည်မဟုတ်။
သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိတိ ဘန္တေ ဝုစ္စတိ၊
ကိတ္တာဝတာ နု ခေါ ဘန္တေ သမ္မာဒိဋ္ဌိ ဟောတီတိ။

အရှင်ဘုရား "သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိ" ဟူ၍ ဆိုကြပါ၏။ အဘယ်မျှဖြင့် "သမ္မာဒိဋ္ဌိ"သည် ဖြစ်ပါသနည်း အရှင်ဘုရား။

ကစ္စာန ဤသတ္တဝါအပေါင်းသည် မျှားသောအားဖြင့် ရှိသည်၏အဖြစ်ကိုလည်းကောင်း၊ မရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ နှစ်ပါးစုံကို မှီ၏။

ကစ္စာန သခ်ိရလောက၏ ဖြစ်ပေါ်ကြောင်းကို ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်သောသူအား သခ်ိရလောက၌ မရှိဟူသော အယူသည်မဖြစ်။

ကစ္စာန သခ်ိရလောက၏ ချုပ်ငြိမ်းရာကို ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်သော သူအား သခ်ိရလောက၌ ရှိ၏ဟူသော အယူသည်မဖြစ်။

http://www.dhammadownload.com

ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိတိ နေ ကင်္ခတိ နေ ဝိစိကိစ္ဆတိ အပရပ္ပစ္စယာ ဉာဏမေဝသ ဧတ္ထ ဟောတိ။ ဧတ္တာဝတာ ခေါ ကစ္စာန သမ္မာဒိဋ္ဌိ ဟောတိ။

(စာမျက်နှာ ၇၂-၌ လာရှိသော ဒုက္ခံဒုက္ခသစ္စန္တိ အစရှိသော သစ္စယမိုက်နှင့် ယှဉ်တွဲဖတ်ရှုပါလေ)။

အို-ကစ္စာန ဒုက္ခသည်သာလျှင် ဖြစ်သည်ရှိသော် ဖြစ်၏။ ဒုက္ခသည်သာလျှင် ချုပ်သည်ရှိသော် ချုပ်၏ ဟူသည်ကို သူတစ်ပါးပြော၍မဟုတ်၊ မိမိကိုယ်တိုင်သာလျှင် ဉာဏ်ဖြင့်သိ၏။ ယုံမှားခြင်းသည်မရှိ။ ဤရွှေ့ဤမျှသော အတိုင်းအရှည်ဖြင့် ကောင်းသောသိမြင်ခြင်းသည် "သမ္မာဒိဋ္ဌိ"ဖြစ်၏ဟု ဗုဒ္ဓမြတ်စွာ ဖြေဆိုတော်မူ၏။ (နိဒါနဝဂ္ဂ နိဒါနသံယုတ် အာဟာရဝဂ် စာမျက်နှာ ၂၅၇-၌ လာရှိ၏)။

သုခါယ ဘိက္ခဝေ ဝေဒနာယ ရာဂါနုသယော ပဟာတဗ္ဗော
ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော ပဟာတဗ္ဗော။
အဒုက္ခ မသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော ပဟာတဗ္ဗော။
(စာမျက်နှာ ၇၃-၌ လာရှိသော ဆဆက္ကသုတ်နှင့် တွဲဖတ်ရန်)။

အို-ရဟန်းတို့၊ သုခဝေဒနာ၌ စွဲမက်မှု "ရာဂါနုသယ"ကို ပယ်အပ်၏။ ဒုက္ခဝေဒနာ၌ အမျက်ထွက်မှု "ပဋိဃာနုသယ"ကို ပယ်အပ်၏။ ဥပေက္ခာဝေဒနာ၌ မသိမှု "အဝိဇ္ဇာနုသယ"ကို ပယ်အပ်၏။ (သဋ္ဌာယတန ဝဂ္ဂ ဝေဒနာသံယုတ်, သဂါထာဝဂ် စာမျက်နှာ ၄၀၇)။ ထိုသဂါထာဝဂ်၌ပင် လာရှိသည်မှာ-

သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။

အို-ရဟန်းတို့၊ သုခဝေဒနာကို ဒုက္ခအားဖြင့်ရှုမြင်ရမည်။ (ထိုဝဂ်စာမျက်နှာ ၄၀၉-၌ လာရှိပြန်သည်မှာ)

သော ဝေဒနာယ ပရိညာယ
ဒိဋ္ဌေ ဓမ္မေ အနာသဝေါ။

ထိုပုဂ္ဂိုလ်သည် ဝေဒနာကို "ပရိညာယ"(စာမျက်နှာ ၇၄-၌လာသည့်အတိုင်း) ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာတို့ဖြင့် ပိုင်းခြားသိမြင်ခြင်းကြောင့် မျက်မှောက်၌ပင် အာသဝေါတရားကင်းသော အရဟတ္တဖိုလ်၌ တည်သည်ဖြစ်၏။

ယေ စ ခေါ ကေစိ ဘိက္ခဝေ သမဏာ ဝါ
ပြဟ္မဏာ ဝါ ဣမာသံ တိဿန္နံ ဝေဒနာနံ
သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနန္တိ၊ တေ ခေါ မေ ဘိက္ခဝေ သမဏာ ဝါ ပြဟ္မဏာ ဝါ သမဏေသု စေဝ သမဏသမ္မတာ ပြဟ္မဏေသု စ ပြဟ္မဏသမ္မတာ၊ တေ စ ပနာ ယသ္မေ္ဟာ သာမညတ္ထဉ္စ ပြဟ္မညတ္ထဉ္စ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတ္ဝာ ဥပသမ္ပဇ္ဇ ဝိဟရန္တိ။
(သဋ္ဌာယတနဝဂ္ဂ ဝေဒနာသံယုတ် အဋ္ဌသတပရိယာဝဂ် သမဏ ပြဟ္မဏသုတ် စာမျက်နှာ ၄၃၂)။

အို-ရဟန်းတို့၊ အချို့သောရဟန်းတို့သည်လည်းကောင်း၊ အချို့သောသူမြတ်တို့သည်လည်းကောင်း၊ (သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခဝေဒနာ) ဤသုံးပါးကုန်သော ဝေဒနာတို့၏ "ဖြစ်ကြောင်းကိုလည်းကောင်း" ချုပ်ခြင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်မှန်သည့်အတိုင်း သိကြကုန်၏။ အို-ရဟန်းတို့၊ ထိုသိကုန်သော ရဟန်းတို့ကို ရဟန်းဟူ၍ ခေါ်ဝေါ်သမုတ်အပ်ကုန်၏။ ထို သိကုန်သော သူမြတ်တို့၌ သူမြတ်ဟူ၍ ခေါ်ဝေါ်သမုတ်အပ်ကုန်၏။ အမှန်စင်စစ်အားဖြင့် ထိုအရှင်တို့သည် သမဏာဖြစ်ကျိုးကိုလည်းကောင်း၊ ပြဟ္မဏာဖြစ်ကျိုးကိုလည်းကောင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေနိုင်ကုန်၏ဟု

http://www.dhammadownload.com

ဟောတော်မူ၏။ (ဤသဘောမျိုးကိုပင် "ဖဿ"အတွက် သဠာယတန ၀ဂ္ဂ သဠာယတနသံယုတ် မိဂဇာလ၀ဂ် ၉-ခုမြောက်သုတ် စာမျက်နှာ ၂၆၉-၌ ဟောတော်မူ၏)။

ယော ဟိ ကောစိ ဘိက္ခဝေ ဘိက္ခု ဆန္နံ ဖဿာယတနာနံ
သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ
ယထာဘူတံ နပ္ပဇာနာတိ၊ အဝုသိတံ တေန ပြဟ္မစရိယံ၊
အာရကာ သော ဣမသ္မာ ဓမ္မဝိနယာတိ။

အိုရဟန်းတို့၊ တစ်ဦးတစ်ယောက်သောရဟန်းသည် ခြောက်မျိုးသော ဖဿာယတနတို့၏ "ဖြစ်ကြောင်းကိုလည်းကောင်း"ချုပ်ခြင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်မှန်သည့်အတိုင်း မသိ။ ထိုမသိသောရဟန်းသည် မြတ်သောအကျင့်ကို မကျင့်သုံးရသေး၊ ထိုမသိသော ရဟန်းသည် ဤဓမ္မဝိနယ"သာသနာတော်"မှ ဝေး၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူလေသည်။

ယခု သင်ကြား ပြသနေသော မဟာသတိပဋ္ဌာနသုတ် ပါဠိတော်၌လည်း အစဖြစ်သော အာနာပါန ပဗ္ဗမှ အစပြု၍ ...**သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိဟူ**၍ ထိုက်သည်အားလျော်စွာ ပဗ္ဗတိုင်း ပဗ္ဗတိုင်းတို့၌ ဖြစ်ရင်းအကြောင်းကို ဆင်ခြင် သုံးသပ်ပေးရန် ထပ်ကာထပ်ကာ ဗုဒ္ဓမြတ်စွာ ညွှန်ပြတော်မူခဲ့လေသည်။

ဤ၌ အထက်တွင်ဖော်ပြအပ်သော ဒေသနာတော်များအရ ယောဂီသူမြတ်သည် ဝိပဿနာဘာဝနာကို ပွားများကျင့်သုံးတော်မူရာ၌ ခန္ဓာငါးပါးစသည်တို့၏ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနန္တိဟု လာရှိသည်အထိ သိရှိ နားလည်အောင် ကြိုးစားထားရမည်ကို အထူး သတိပြုတော်မူကြစေလိုရင်း ဖြစ်၏။

ဣမေသံ ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ
အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနာတိ၊ အယံ ဝုစ္စတိ
အရိယသာဝကော သောတာပန္နော အဝိနိပါတဓမ္မော နိယတော
သမ္ဗောဓိပရာယနောတိ။ (ခန္ဓ၀ဂ္ဂ ရာဓသံယုတ် သောတာပန္နသုတ်)။

(အို- ရာဓ) ရူပ်ဟူသော ဥပါဒါနက္ခန္ဓာ၊ ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာ၊ သညာဟူသော ဥပါဒါနက္ခန္ဓာ၊ သင်္ခါရဟူသော ဥပါဒါနက္ခန္ဓာ၊ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာ၊ ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်ခြင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်မှန်သောအတိုင်း ပိုင်းခြား၍ သိခြင်းကြောင့် အပါယ်သို့ကျခြင်း သဘောမရှိသော မြဲသောဂတိရှိသော အထက်မဂ်သုံးပါးသာလျှင် လားရာရှိသော သောတာပန်ဖြစ်၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

နိရောဓသမာပတ် ဝင်စားရာ၌
သုခ၀ေဒနာ မပါ မရှိဘဲ ချမ်းသာပုံ။

သဠာယတန၀ဂ္ဂ ဝေဒနာသံယုတ်ပါဠိတော် ရဟောဂတ၀ဂ် စာမျက်နှာ ၄၂၆၊ မြန်မာပြန် ၄၂၁ ၌ အရှင်ဥဒါယီတို့ကို အကြောင်းပြု၍ အရှင်အာနန္ဒာအား ဗုဒ္ဓမြတ်စွာ ဟောတော်မူသော လိုရင်းအတိုချုပ်မှာ-

http://www.dhammadownload.com

အာနန္ဒာ ကာမဂုဏ် ခံစားရသော ကာမ ချမ်းသာထက် ဈာန်ချမ်းသာ မြတ်၏။ ဈာန်ချမ်းသာထက် (သညာ ဝေဒယိတ နိရောဓံ)သညာဝေဒနာတို့ချုပ်ခြင်း နိရောဓ သမာပတ်ကို ဝင်စားနေစဉ် ရရှိသော ချမ်းသာသည် ဈာန်ချမ်းသာထက် မြတ်သောချမ်းသာဟု ငါဘုရား ဟောကြားတော်မူ၏ ဟူ၍ လာရှိလေသည်။

စာပေကျမ်းဂန်များတွင် နိရောဓသမာပတ် ဝင်စားတော်မူရာ၌ စိတ် စေတသိက် စိတ္တဇရူပ်တို့ချုပ်၏ ဟူ၍ လာရှိ၏။ ထိုနည်းတူစွာ အထက်၌ ဖော်ပြအပ်သော ဒေသနာတော်အရ နိရောဓသမာပတ်ဝင်စား တော်မူရာ၌ (သညာ ဝေဒယိတ နိရောဓံ) သညာဝေဒနာချုပ်ခြင်းကိုလည်း ဟောတော်မူရကား ယင်းသို့ ဒေသနာတော်မြတ် နှစ်ရပ်လာရာတွင် စိတ် စေတသိက် စိတ္တဇရူပ်တို့ ချုပ်သည်မျှတွင်သာ ရပ်တန့်မထား ဘဲ နိရောဓသမာပတ် ဝင်စားတော်မူရာ၌ သညာဝေဒနာ မပါမရှိဘဲ ကာမချမ်းသာ ဈာနချမ်းသာတို့ထက် မြတ်သောချမ်းသာကို ရရှိခြင်းကိုပါ လေးနက်စွာ ထည့်သွင်း ဖော်ပြရာ၏။

အကြောင်းသော်ကား "သညာ ဝေဒယိတ နိရောဓံ" သညာဝေဒနာ မပါမရှိဘဲ(ဝါ)သညာကွန္ဓာ၊ ဝေဒနာကွန္ဓာ ထိုခန္ဓာနှစ်ပါး ချုပ်ငြိမ်းကာမျှဖြင့် ကာမချမ်းသာ ဈာနချမ်းသာတို့ထက် ပိုမိုလွန်ကဲသော ချမ်းသာကို ရရှိနိုင်ပါမူ ခန္ဓာငါးပါးချုပ်ငြိမ်းသော နိဗ္ဗာန်၌ကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း ဆိုသည် ကို လွယ်ကူစွာ သဘောပေါက်လာနိုင်လေသည်။

အတ္တနှင့် အနတ္တ အရေးကြီးခြင်း

တစ်ကမ္ဘာလုံး၏ အယူဝါဒမှာ သဿတဒိဋ္ဌ ဥစ္ဆေဒဒိဋ္ဌ သက္ကာယဒိဋ္ဌစသော အတ္တအယူဝါဒများဖြစ် ကြ၍ လောကဓာတ်ကြီးတစ်ရပ်လုံးကို **အနာဝရဏညာဏ်** သဗ္ဗညုတညာဏ်တော်တို့ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း သိမြင်တော်မူရသော သဘာဝမမှန် **အတ္တမဟုတ် အတ္တမရှိ** အနတ္တသဘာဝ ဓမ္မမျှသာဖြစ်၏။ အတိုချုပ် ဆိုလိုရင်းကား တစ်ကမ္ဘာလုံးဝါဒမှာ **အတ္တဝါဒ** ဖြစ်၍ ဗုဒ္ဓမြတ်စွာဝါဒမှာ **အနတ္တဝါဒ**ဖြစ်၏။

ထို့ကြောင့် သုတ္တန်နည်း အဘိဓမ္မာနည်းတို့ဖြင့် အတ္တနှင့် အနတ္တ ကွဲအောင် သုတမယညာဏ်အားဖြင့် (အနုမာနအားဖြင့်) တိကျပြတ်သားစွာ ရှေးဦးစွာ နားလည်ထားရပေမည်။ ဆရာဖြစ်သူသည် နားမလည် သည်ကို နားလည်စေရန် (အနုသာသနီနည်း)အမျိုးမျိုးသောနည်းတို့ဖြင့် သင်ပြပေးရပေမည်။ တပည့် ဖြစ်သူကိုလည်း **အတ္တနှင့် အနတ္တ ကွဲပြီလော၊ နားလည်ပြီလော**ဟု ထပ်ကာထပ်ကာ စုံစမ်း မေးမြန်းလျက် နားလည်သည်အထိ သင်ကြား ပြပေးရပေမည်။

ဝိပဿနာဘာဝနာကို ပွားများ အားထုတ်လိုသော ပုဂ္ဂိုလ်သည် သုတမယညာဏ်အားဖြင့် အတ္တနှင့် အနတ္တ ကွဲအောင် ပြသနိုင်သော **ဆရာကောင်းကို ရှာဖွေ သင်ယူရမည်။** ဤအချက်သည်ကား ရှေးဦးစွာ အရေးကြီးသောအချက်ကြီးတစ်ရပ်ဖြစ်၏။

ထို့ကြောင့် စာမျက်နှာ ၆၈-တွင် သောတာပန်ဖြစ်လိုသော ပုဂ္ဂိုလ်သည် ဆရာကောင်း ရရှိရန် အရေးကြီးခြင်းကို "**စတ္တာရိမာနိဘိကွဝေ**" စသည်ဖြင့် ဗုဒ္ဓမြတ်စွာ ထင်ရှားစွာ ညွှန်ကြားတော်မူခဲ့ခြင်းကို ရှေးဦးစွာ ဖော်ပြထားခြင်း ဖြစ်၏။

သုတမယညာဏ်အားဖြင့် အတ္တနှင့်အနတ္တ မကွဲသေးလျှင် ရှေ့ ဘာဝနာလုပ်ငန်းသို့ **မတက်သင့်သေး ချေ။** သက္ကာယဒိဋ္ဌဖြစ်သော အတ္တဒိဋ္ဌနှင့် သဘာဝမမှန်သာဖြစ်သော အနတ္တ မကွဲဘဲလျက် ဝိပဿနာ

http://www.dhammadownload.com

ဘာဝနာ ပွားများမှုကို အားထုတ်သော (တာ သဗ္ဗာ ပိ မဂ္ဂါဝရဏာ နု သဂ္ဂါဝရဏာ)အဌသာလိနီ နိဂ္ဂေ၀ ကဏ္ဏ စာမျက်နှာ ၃၈၈ ၌ လာရှိသည်မှာ နတ်ရွာသုဂတိသို့ ရောက်ရှိရေးကိုကား မပိတ်ပင်။ သို့ရာတွင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရေးကိုကား ပိတ်ပင် တားဆီးလျက်ရှိ၏ဟု ဖွင့်ဆိုတော်မူလေသည်။

သတ္တိယာ ဝိယ ဩမဒ္ဒေ၊ ဒုယှမာနော၀ မတ္ထကေ။

သက္ကာယဒိဋ္ဌိပဗ္ဗတာနာယ၊ သတော ဘိက္ခု ပရိပ္ပဇေ။

လုံ့ဖြင့် အထိုးခံရသောသူသည် အနာပျောက်ကြောင်းကို လျင်မြန်စွာ အားထုတ်ဘိသကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မီးလောင်ခံရသောသူသည် မီး၏ငြိမ်းကြောင်းကို လျင်မြန်စွာ အားထုတ်ဘိသကဲ့သို့လည်းကောင်း ထို့အတူ ရဟန်းသည် သက္ကာယဒိဋ္ဌိကို ပယ်ခြင်းငှာ သတိနှင့်ပြည့်စုံ၍ နေရာ၏ဟု ဟောတော်မူ၏။ (သဂါထာ၀ဂ္ဂ၊ ဝေဒနာသံယုတ်၊ သတ္တိ၀ဂ်၊ ပထမသုတ်၊ စာမျက်နှာ ၁၂၊ မြန်မာပြန် ၁၂)။

ကထံ နု ခေါ ဘန္တေ သက္ကာယဒိဋ္ဌိ ဟောတီတိ။

. . . ရူပံ အတ္တတော သမနုပဿတိ။

ရူပ၀န္တံ ၀ါ အတ္တာနံ၊ အတ္တနိ ၀ါ ရူပံ၊ ရူပသ္မိံ ၀ါ အတ္တာနံ။ ဝေဒနံ၊ သညံ၊ သင်္ခါရေ၊ ဝိညာဏံ အတ္တတော သမနုပဿတိ၊ ဝိညာဏ၀န္တံ ၀ါ အတ္တာနံ၊ အတ္တနိ ၀ါ ဝိညာဏံ၊ ဝိညာဏသ္မိံ ၀ါ အတ္တာနံ၊ ဧ၀ံ ခေါ ဘိက္ခု သက္ကာယဒိဋ္ဌိ ဟောတီ။

အရှင်ဘုရား၊ အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိသည် ဖြစ်ပါသနည်း။ ရူပ်ကို အတ္တဟူ၍ ကြည့်မြင်၏။ (၀ါ ကြည့်ရှု၏)ရူပ်ရှိသော အတ္တဟူ၍ ကြည့်မြင်၏။ အတ္တ၌ ရူပ်ဟူ၍ကြည့်မြင်၏။ ရူပ်၌ အတ္တဟူ၍ ကြည့်မြင်၏။ (ဤတွင် ရူပ်၌ အတ္တစွဲပုံ ၄-မျိုး)။

(ဤနည်းအတိုင်း) ဝေဒနာကို၊ သညာကို၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကို အတ္တ ဟူ၍ ကြည့်မြင်၏။ ဝိညာဏ်ရှိသော အတ္တဟူ၍ ကြည့်မြင်၏။ အတ္တ၌ ဝိညာဏ်ဟူ၍ ကြည့်မြင်၏။ ဝိညာဏ်၌ အတ္တဟူ၍ ကြည့်မြင်၏။ (၀ါ ကြည့်ရှု၏)။ အို-ရဟန်း၊ ဤသို့လျှင် သက္ကာယဒိဋ္ဌိ (၂၀)သည် ဖြစ်၏ဟု မိန့်တော်မူ၏။ (ခန္ဓ၀ဂ္ဂ၊ ခန္ဓသံယုတ်၊ ခဇ္ဇနီယ၀ဂ်၊ နောက်ဆုံးသုတ်)။ သက္ကာယဒိဋ္ဌိ(၂၀) ငြိုနေသမျှကာလပတ်လုံး (၀ါ) ဗုဒ္ဓမြတ်စွာ ညွှန်ပြတော်မူသော အနတ္တသဘာ၀ဓမ္မကို သဘောမပေါက်ပါက မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်။

စာမျက်နှာ ၆၉-အောက်ဆုံးစာကြောင်းများတွင် ဖော်ပြထားသည့်အတိုင်း ဝိပဿနာဘာ၀နာ ပွားများရေးတွင် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဓမ္မဋ္ဌိတိဉာဏ်ကို လေ့ကျင့်ရန် ညွှန်ပြတော်မူ၏။ ထိုဉာဏ်ကိုပင် ယထာဘူတဉာဏ်ဟူ၍လည်းကောင်း၊ သမ္မာဒဿနဉာဏ်ဟူ၍လည်းကောင်း၊ ကခ်ီ၀ိတရဏ၀ိသုဒ္ဓိဟူ၍လည်းကောင်း ခေါ်ဆိုရ၏။ ထိုဓမ္မဋ္ဌိတိဉာဏ်ကို လေ့ကျင့်ရန် ညွှန်ပြတော်မူပြီးသည့်နောက်မှ သမ္မသနဉာဏ်သို့ တက်ရန် ထိုနောက်မှ ဥဒယဗ္ဗယဉာဏ်သို့ တက်ရန် ညွှန်ပြတော်မူလေသည်။

၀ိသုဒ္ဓိမဂ်တွင်လည်း အတ္တနှင့်အနတ္တ ကွဲစေရန် ဒိဋ္ဌိ၀ိသုဒ္ဓိခန်းကို ရှည်လျားစွာ ရှင်းလင်း ဖော်ပြထား၏။ ထိုနောက် ကခ်ီ၀ိတရဏ၀ိသုဒ္ဓိခန်းကို တစ်ဖန် အတ္တနှင့်အနတ္တကွဲရန် ရှည်လျားကျယ်ပြန့်စွာ ရှင်းလင်း ဖော်ပြပြန်၏။ ထို့နောက်မှ သမ္မသနဉာဏ်၊ ထို့နောက်မှ ဥဒယဗ္ဗယဉာဏ်သို့တက်ရန် ဖော်ပြတော်မူ၏။ (သုတမယဉာဏ်အားဖြင့် အနတ္တသဘာ၀ဓမ္မကို ရှင်းလင်းစွာ သိရှိထားနိုင်ရန် ၀ိသုဒ္ဓိမဂ်၌လာရှိသော ဒိဋ္ဌိ၀ိသုဒ္ဓိခန်းနှင့် ကခ်ီ၀ိတရဏ၀ိသုဒ္ဓိခန်းကို တိကျစွာ လေ့လာထားကြရန် အထူးတိုက်တွန်းပါ၏)။

သိတာကနာမ် မသိတာကရူပ် ဆိုရုံမျှနှင့် သဘာ၀ဓမ္မသို့ မထိပရမတ်သို့မဆိုက်၊ အနောက်နိုင်ငံ လောကဓာတ်ဆရာများ၊ စိတ်ပညာဆိုင်ရာ ပုဂ္ဂိုလ်တို့သည် ထိုအသိမျိုးကို ကောင်းစွာ သိကြကုန်၏။ ထိုအသိမျိုးကို အလိုမရှိ။

http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီကပင် အချို့သောရသေ့ကြီးများသည် ရူပ်ရှိခြင်းသည် မကောင်း၊ ပင်ပန်းဆင်းရဲ၏။ ရူပ်မရှိက ကောင်းလေစွဟူသော အယူဝါဒဖြင့် ကျင့်ကြရာ ရူပ်မရှိသော **အရူပလေးဘုံ**သို့ ရောက်ရှိသွားကြကုန်၏။ အချို့တို့ကား ရူပ်သည် အပြစ်မရှိ၊ စိတ်ဆန်းကြယ်မှုကြောင့်သာ စိတ်အလိုလိုက်လုပ်နေရခြင်းကြောင့်သာ ပင်ပန်းဆင်းရဲခြင်းဖြစ်၏။ ထို့ကြောင့် စိတ်မရှိက ကောင်းလေစွဟူသော အယူဝါဒဖြင့် ကျင့်ကြရာ နာမ်မရှိသော **အသညသတ်**ပြဟ္မာ့ဘုံသို့ ရောက်ရှိသွားကြကုန်၏။ ၎င်းတို့သည် ရူပ်နှင့်နာမ်ကို သိကြကုန်၏။

ယခုခေတ်ပေါ် လောကဓာတ်ဆရာများ၊ စိတ်ပညာဆိုင်ရာ ပုဂ္ဂိုလ်များကို မဆိုထားဘိ၊ စျာန်ရသော ရသေ့ကြီးတို့သည်ပင်လျှင် ရူပ်နှင့်နာမ်ကို သိကြကုန်သော်လည်း **အတ္တနှင့်အနတ္တ** **မကွဲရှာကြချေ**။ ထို့ကြောင့် လောကဓာတ်ဆရာများ၊ စိတ်ပညာဆရာများ၊ စျာန်ရသော ရသေ့ကြီးများ၏ အသိမျိုးကို အလိုမရှိအပ်။ သဘာဝမမှန်ဖြစ်၍ ပရမတ်ဆိုက်သော ဗုဒ္ဓမြတ်စွာ အလိုတော်ကျဖြစ်သော အသိမျိုးကိုသာလျှင် အလိုရှိအပ်လေသည်။

အထက်တွင် ဖော်ပြခဲ့ပြီးသော အကြောင်းခြင်းရာတို့ကြောင့် ဝိပဿနာဘာဝနာကို တိကျ မှန်ကန်စွာ ကြိုးစား အားထုတ်လိုသော သူမြတ်သည် မဂ်ဖိုလ်နိဗ္ဗာန်ကို တားဆီး ပိတ်ပင်တတ်သော **မဂ္ဂါဝရဏမှ လွတ်ကင်းစေလျက်** သုတမယညာဏ်အားဖြင့် **အတ္တနှင့်အနတ္တ** ကွဲစေရန် (၀၊) **အတ္တ**မဟုတ်၊ **အတ္တ**မရှိ၊ သဘာဝမမှ **အနတ္တ**မျှသာ ဖြစ်ခြင်းကို တိကျ မှန်ကန်စွာ သင်ကြားပြသပေးနိုင်သော ဆရာကောင်းထံတွင် ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ (၀၊) နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့ကို **ကြေညက်စွာ** **သင်ယူပြီးမှသာလျှင်** သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်များကို တက်ရောက် လေ့ကျင့် ပွားများ အားထုတ်ရပေမည်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

သိကြားမင်းသည် ဗုဒ္ဓမြတ်စွာအား အရှင်ဘုရား၊ ဒါနတို့တွင် အဘယ်ဒါနသည် အလွန်အကဲဆုံး (၀၊) အကောင်းဆုံးပါနည်းဘုရားဟု မေးလျှောက်ရာ တရားတည်းဟူသော အလှူသည် ခပ်သိမ်းသောအလှူကို အောင်နိုင်၏ဟု ဟောတော်မူ၏။ (ဓမ္မပဒ ပါဠိတော် တဏှာဝဂ်)။

အမတန္ဒဒေါ စ သော ဟောတိ၊

ယော ဓမ္မ မနုသာသတိတိ။

အကြင်သူသည် ဝဋ်မှ လွတ်ကင်းရာဖြစ်သော တရားတော်လေ့ကျင့်နည်းကို (အနုသာသနီနည်း) မတတ်သည်ကို တတ်အောင် အမျိုးမျိုးသောနည်းတို့ဖြင့် သင်ပြပေးခြင်းသည် နိဗ္ဗာန်မြတ်ကို လှူသည်မည်၏။ (သဂါထာဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ ၂၉၊ မြန်မာပြန် ၂၉)။

အနုသာသနီနည်း

သုတ်သီလကွန်ပါဠိတော် ကေဝဋ္ဋသုတ်၌ တရား ဟောပြော ပြသရာတွင် သူတစ်ပါး ပါလာအောင် တန်ခိုးပြကာ ဟောပြောသော **ဣဒ္ဓိပါဋိဟာရိယနည်း**၊ တရား နာကြား သင်ယူသူ၏ စိတ်အကြံကို မိမိ သိရှိသည့် အတိုင်း မှန်ကန်စွာ ပြောဆိုသော **အာဒေသနာပါဋိဟာရိယနည်း**၊ ဤနည်းမျိုးကို ငါဘုရား ခွင့်ပြုတော်မမူ။ သူတစ်ပါး မသိနားမလည်သည်ကို သိရှိ နားလည်စေရန် အမျိုးမျိုးသောနည်းတို့ဖြင့် ဟောပြော သင်ပြပေးသော **အနုသာသနီပါဋိဟာရိယနည်း**ကိုသာလျှင် ငါဘုရား ခွင့်ပြုတော်မူ၏ဟု ဟောတော်မူခဲ့လေသည်။

http://www.dhammadownload.com

မဟာပဒေသတရားဒေလေးပါး
ဗုဒ္ဓဘာသာဝင်တိုင်း လိုက်နာရမည်။
(အတိုချုပ်)

၁။ ငါသည် ဤတရားတော်ကို ရှင်တော်ဘုရားထံမှ ကြားနာ သင်ယူခဲ့ရ၏။

၂။ ငါသည် ဤတရားတော်ကို သံဃာတော်မြတ်များထံမှ ကြားနာ သင်ယူခဲ့ရ၏။

၃။ ငါသည် ဤတရားတော်ကို အကြားအမြင်များလျက် နှုတ်ငုံဆောင်သော ဆရာတော်ကြီးများထံမှ ကြားနာ သင်ယူခဲ့ရ၏။

၄။ ငါသည် ဤတရားတော်ကို အကြားအမြင်များလျက် နှုတ်ငုံဆောင်သော ဆရာတော်ကြီးတစ်ပါးထံမှ ကြားနာ သင်ယူခဲ့ရ၏။

ဤသို့ ဆိုကာ ပြောဟောပြားသော်လည်း လွယ်ကူစွာ လက်ခံခြင်း၊ ပယ်ခြင်းကို မပြုရ။ ငါဘုရားဟောတော်မူအပ်သော ထိုထိုသော ပါဠိတော်ဒေသနာ အရပ်ရပ်တို့နှင့် ကိုက်မကိုက် ညှိုနှိုင်းရမည်။ အကယ်၍ တိကျမှန်ကန်စွာ ကိုက်ညီသော် လက်ခံရာ၏။ မကိုက်ညီသော် ပယ်အပ်၏ဟု ဗုဒ္ဓမြတ်စွာသည် သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်တွင်လည်းကောင်း၊ အင်္ဂုတ္တိရ်ပါဠိတော် စတုက္ကနိပါတ် သဠေတနိယဝဂ် နောက်ဆုံးတွင်လည်းကောင်း ဟောတော်မူခဲ့၏။

ထို့ကြောင့် ကျွန်တော်ပြောဟောသည်ဖြစ်စေ၊ မည်သည့်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်က ပြောဟောသည်ဖြစ်စေ ပါဠိတော်အရပ်ရပ်တို့နှင့် မကိုက်ညီသော် ရဲရင့်ပြတ်သားစွာ ပယ်ဖျက်အပ်လေသည်။ ဤကား ဗုဒ္ဓမြတ်စွာ၏ အမိန့်တော်မြတ်ပေတည်း။

ဓမ္မဝိဟာရီ ပုဂ္ဂိုလ်နှင့် နောဓမ္မဝိဟာရီပုဂ္ဂိုလ်။
ထိုပုဂ္ဂိုလ်နှစ်ဦးတို့သည် ကာမဂုဏ်စစ်ပွဲနှင့် ရင်ဆိုင်တွေ့ကြရာ
နောဓမ္မဝိဟာရီ ပုဂ္ဂိုလ်သည် စစ်ပွဲ၌ ကျဆုံး၍ ဓမ္မဝိဟာရီ ပုဂ္ဂိုလ်
သာလျှင် စစ်ပွဲအောင်မြင်ရခြင်း . . . (စာမျက်နှာ ၁၀ ဖတ်ရန်)
ဧကာသနံ ဧကသေယ္ယံ၊ ဧကော စရ မတန္ဒိတော။
ဧကော ဒမယ မတ္တာနံ၊ ဝနန္တေ ရမိတော သိယာ။

တစ်ယောက်တည်းနေခြင်းကိုလည်းကောင်း(၀ါ) တစ်ယောက်တည်းစားခြင်းကိုလည်းကောင်း၊ တစ်ယောက်တည်း အိပ်ခြင်းကိုလည်းကောင်း ပြုရာ၏။ တစ်ယောက်တည်း မပျင်းမရိသည်ဖြစ်၍ ကျင့်လော့၊ တစ်ယောက်တည်း မိမိကိုယ်ကို ဆုံးမသည်ဖြစ်၍ တောအုပ်၌ မွေ့လျော်သည် ဖြစ်ရာ၏။ (ဓမ္မပဒ ပါဠိတော် ပကိဏ္ဏကဝဂ်)။

တံ ပဿန္တော ရူပါရူပတော
ဥဒ္ဓံ အည် သတ္တံ နာမ နု ပဿတိ။

ထိုရူပ်နာမ်ကို အဖန်တလဲလဲ ရှုသော ယောဂီသည် ရူပ်နာမ်ထက် အလွန် အခြားတစ်ပါးသော သတ္တဝါ မည်သည်ကို မမြင်။ (ဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိခန်း)။

ဝိပဿနာ ဘာဝနာကို လွယ်ကူပိုင်နိုင်စွာ ပွားများလိုလျှင် ဝိသုဒ္ဓိမဂ်၌လာရှိသော ဒိဋ္ဌိဝိသုဒ္ဓိခန်းနှင့် ကခ်ါဝိတရဏဝိသုဒ္ဓိခန်းကို ရှေးဦးစွာ တတ်ကျွမ်း နားလည်သော ဆရာကောင်းထံတွင် ကျွန်စွာ သင်ယူမှတ်သားရပေမည်။ ထိုနှစ်ခန်းမှာ များပြားသည်မဟုတ်ချေ။ ထိုနောက် မိမိကိုယ်တိုင် အကြိမ်ကြိမ် အဖန်ဖန် ဖတ်ရှု လေ့လာ လိုက်နာ လေ့ကျင့်ထားရပေမည်။

http://www.dhammadownload.com

ယင်းသို့ ထိုအခန်းနှစ်ခန်းကို ကျေပွန်စွာ နားလည် လေ့ကျင့်ထားပါက မိမိနှင့်တကွ ၃၁-ဘုံ၌ ရှိရှိ သမျှ သတ္တဝါဟူသမျှတို့သည် သမ္မုတိသစ္စာ ပညတ်မျှသာ ဖြစ်၍ သဘာဝမမှအားဖြင့် (၀ါ)ပရမတ္ထသစ္စာအား ဖြင့် လူမရှိ၊ နတ်မရှိ၊ မိန်းမ, ယောကျ်ား စသည် သတ္တဝါဟူ၍မရှိ၊ အသက်လိပ်ပြာဟူ၍ မရှိ၊ သက်သက် သော **ရူပ်နှင့်နာမ် သဘာဝမမှမျှသာ ရှိကြောင်းကို** ပညာမျက်စိတွင် ထင်မြင် စွဲမြဲလာပေတော့၏။

ထိုအခါတွင် ရူပ်နာမ်နှစ်ပါးကို (၀ါ)ခန္ဓာငါးပါးကို အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ လက္ခဏာရေးသုံးပါးတင် ရှုပွားများပါက **အလွန်အကျူးအထူးလွယ်ကူလှပေ၏။** ထို့ကြောင့် ထိုဒီဋ္ဌိဝိသုဒ္ဓိခန်း နှင့် ကခီါဝိတရဏဝိသုဒ္ဓိခန်းတို့ကို ရှေးဦးပထမ ပိုင်နိုင်ကျေပွန်စွာ လေ့ကျင့်ပေးရန် အထူးတိုက်တွန်းပါ၏။

ယောဂါဝေ ဇာယတေ ဘူရိ
အယောဂါ ဘူရိ သင်္ခယော။

ဝိဋ္ဌကတ်သုံးပုံကိုဆောင်လျက် ရဟန်းငါးရာတို့အား စာပေ သင်ကြား ပို့ချပေးနေသော ပေါ်ဠိလ မထေရ်မြတ်သည် ရှင်တော်ဘုရားအား ဖူးမြော်ကန်တော့ရာဝယ် ရှင်တော်ဘုရားက တုစ္ဆပေါ်ဠိလ, တုစ္ဆပေါ်ဠိလ၊ အချည်းနှီးဖြစ်သော ပေါ်ဠိလ၊ အချည်းနှီးဖြစ်သော ပေါ်ဠိလ ဟု ခေါ်ဆိုတော်မူ၏။

ဆိုလိုရင်းကား- အချည်းနှီးဖြစ်သော ပေါ်ဠိလ စာတတ်ကာ စာပေ သင်ကြား ပို့ချပေးနေရုံမျှဖြင့် ကိစ္စမပြီး၊ ဝိပဿနာဘာဝနာကို ပွားများ အားထုတ်ရမည်ဟု ညွှန်ကြားတော်မူခြင်းဖြစ်၏။

ပါဠိတော်၏ အဓိပ္ပါယ်မှာ စင်စစ်သော်ကား လုံ့လပြုခြင်းကြောင့် ပညာသည် တိုးတက်ပွားများ၏။ လုံ့လ မပြုမူကြောင့် ပညာ၏ ဆုတ်ယုတ်ကုန်ခန်းခြင်းသည် ဖြစ်၏ဟု ဓမ္မပဒပါဠိတော် မဂ္ဂဝဂ်၌ ဟောတော်မူ၏။

နတ္ထိ ဇာဂရိယာ ဘယံ။

ယော စ ဗုဒ္ဓေ သုတ္တေန၊ ဓမ္မေ ကာယေန ပဿတိ။
သဝေ ဓမ္မဓရော ဟောတိ၊ ယော ဓမ္မံ နပ္ပမဇ္ဇတိ။
(ဓမ္မပါဒပါဠိတော် ဓမ္မဋ္ဌဝဂ်)။

တစ်ခါ၌ အကြောင်းဖြစ်ပုံသော်ကား ဝိဋ္ဌကတ်သုံးပုံဆောင် ရဟန်းနှစ်ပါးသည် တောအုပ်တစ်ခုတွင် ကြာမြင့်စွာ တရားဟောကြသော်လည်း **နတ်တို့သည် သာဓုမခေါ်ကြကုန်။** တရားအားထုတ်လျက်ရှိသော ဧကုဒါနမထေရ်မြတ်သည် တစ်ခုသော ဥဒါန်းဂါထာကိုဟောရာတွင် နတ်တို့သည် သာဓုခေါ်ကြကုန်၏။

ထိုသို့ဖြစ်ရခြင်း အကြောင်းရင်းသည် အဘယ်ပါနည်းဘုရားဟု လျှောက်ထားကြရာ ရှင်တော်ဘုရား က အို-ရဟန်းတို့၊ မျှားစွာသင်ယူခြင်း၊ မျှားစွာဟောပြောခြင်းတို့ဖြင့် "ဓမ္မဓရ"ဟူ၍ ငါဘုရား ဟောတော်မမူ။ အကြင်ရဟန်းသည် တစ်ခုသော ဂါထာကို သင်ယူလျက် လေ့ကျင့် ပွားများ အားထုတ်၏။ ထိုရဟန်းသည် သာလျှင် "ဓမ္မဓရ"မည်၏ဟု မိန့်ဟတော်မူလျက် အထက်ပါဒေသနာကို ဟောကြားတော်မူ၏။

ယာဝတာ-အကြင်မျှလောက်သောအကြောင်းဖြင့်၊ ဗဟု-မျှားစွာ၊ ဘာသတိ-ပြောဟောတတ်၏။ တာဝတာ-ထိုသို့ ပြောဟောတတ်ကာမျှဖြင့်၊ ဓမ္မဓရော-တရားကို ဆောင်တတ်သောသူမည်သည်၊ နဟောတိ-မဖြစ်။ ယောစ-အကြင်ပုဂ္ဂိုလ်သည်လည်း၊ အပ္ပမ္မိ-အနည်းငယ်လည်းဖြစ်သော၊ ဓမ္မံ-တရားကို၊ သုတ္တေန-ကြားနာပြီး၍၊ ကာယေန-နာမကာယဖြင့်၊ ပဿတိ-မြင်၏။ ယောစပုဂ္ဂလော-အကြင်ပုဂ္ဂိုလ်သည် လည်း၊ ဓမ္မံ-တရားကို၊ နပ္ပမဇ္ဇတိ-မမေ့မလျော့၊ သသောပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ ဝေ-စင်စစ်၊ ဓမ္မဓရော-ဓမ္မဓရ မည်သည်ဖြစ်၏ဟု ဟောတော်မူလေသည်။

ဤဒေသနာတော်အရ စာပေပရိယတ္တိ တတ်သိလျက် တရားဟောတတ်ကာမျှဖြင့် တရားဟောရာတွင် **အဓိပ္ပါယ်မထိရောက်၊ မစူးရှ၊ မလေးနက်၊ နတ်တို့သာဓုမခေါ်။** သိရှိပြီးသော ဒေသနာတော်အရပ်ရပ်နှင့်

http://www.dhammadownload.com

ကိုက်ညီအောင် အခါမပြတ် ဘာဝနာမြတ်တရားကို ပွားများအားထုတ်လျက် ဒေသနာတော်မြတ်အရပ်ရပ်နှင့် ကိုက်ညီသော မိမိသိမြင်ချက်များကို ဟောပြော ပြသ သင်ကြားပေးခြင်းကိုသာလျှင် ဗုဒ္ဓမြတ်စွာ အလိုရှိတော်မူသည်ကို ထင်ရှားစွာ သိအပ်လေပြီ။

ထို့ကြောင့် တရားဟောပြော သင်ပြပေးသော ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဝိပဿနာဘာဝနာ ပွားများနည်းကို ကျမ်းပြု ရေးသားသောပုဂ္ဂိုလ်သည်လည်းကောင်း မိမိတို့ ဟောပြော သင်ပြ ရေးသားချက်တို့ **လေးနက်စေရန်၊ ထိရောက်စေရန်၊ စူးရှစေရန်၊ နတ်တို့သာဓုခေါ်နိုင်စေရန်** မိမိကိုယ်တိုင်က ပါဠိတော် အရပ်ရပ်နှင့် ကိုက်ညီသော ဝိပဿနာဘာဝနာ ပွားများနည်းကို ရှေးဦးစွာ ပွားများ အားထုတ်ခဲ့ပြီးလျက် (ယခုလည်း အားထုတ်နေလျက်) ဟောပြော ပြသ ရေးသားခြင်းကို ပြုအပ်လေသည်။

သောက ပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ
အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ
ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ (သုတ်မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာနသုတ်)။

ဤမဟာသတိပဋ္ဌာနသုတ်တော်တွင် ကမ္မဋ္ဌာန်းဘာဝနာ ပွားများနည်းကို ၂၁-ခန်းတို့ဖြင့် ညွှန်ပြတော်မူ၏။ ထိုတွင် လိုရင်းကို အတိုချုပ်ကာ ကောက်နုတ်သော-

စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းကို လွန်မြောက်လိုသော် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများရမည်။

ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏မချမ်းမသာ ဖြစ်ရခြင်းတို့ကို ချုပ်ငြိမ်းစေလိုသော် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများရမည်။

ဉာဏ်ပညာ အထွတ်အထိပ် အခေါင်အဖျားကို အလိုရှိသော် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများရမည်။

မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိ ရရှိလိုသော် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများရမည်ဟု ရှင်တော်ဘုရား ညွှန်ကြားတော်မူခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ **ဆင်းရဲခြင်းအပေါင်းတို့မှ** လွန်မြောက်လိုသူ အပေါင်းတို့သည် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများပေးရပေမည်။ တစ်နေ့တခြား **ဉာဏ်ပညာ** တိုးတက်ရင့်သန်လိုသူ အပေါင်းတို့သည် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများရပေမည်။ **မဂ်ဖိုလ်နိဗ္ဗာန်သို့** ရောက်လို ရရှိလိုသူ အပေါင်းတို့သည် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများရပေမည်။

မဟာသတိပဋ္ဌာန်တွင် ညွှန်ပြတော်မူသည့်အတိုင်း အချိန်အခါ နေရာမရွေး စားရင်း သောက်ရင်း သွားရင်း လာရင်း နေရင်း ထိုင်ရင်း ဝိပဿနာဘာဝနာ ပွားများမှုနှင့် ယှဉ်သော စားခြင်း သောက်ခြင်း သွားခြင်း လာခြင်း နေခြင်း ထိုင်ခြင်းတို့ကို ပြုလုပ် အားထုတ် ပွားများနေရာ၏။ ထိုသို့ ဆင်ခြင် ပွားများ နေသော အချိန်သည် **အဝိဇ္ဇာနှင့်တဏှာ** ကင်းကွာလျက် ရှိ၏။

၀ါ-တစ်နည်းကား- ယင်းသို့ စားရင်း သောက်ရင်း သွားရင်း လာရင်း စသည်တို့၌ အချိန်အခါ နေရာမရွေး ဝိပဿနာဘာဝနာနှင့်ယှဉ်ကာ ဆင်ခြင် ပွားများ အားထုတ်လျက် နေသည်ရှိသော် ထို ဆင်ခြင် ပွားများသော တစ်ခဏ တစ်ခဏ **အချိန်တိုင်း အချိန်တိုင်းတွင်** ကိုယ်၏ဆင်းရဲမှု၊ စိတ်၏ဆင်းရဲမှုတို့ကို ထိုက်သည့်အားလျော်စွာ ကျော်လွန်လျက် ရှိနေ၏။ ထိုက်သည့်အားလျော်စွာ ဉာဏ်ပညာကို တိုးတက်ရင့်သန်စေလျက် ရှိနေ၏။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ထိုက်သည့်အားလျော်စွာ တိုးတက် နီးကပ်လာစေလျက် ရှိ၏။ ဤသည်ကား မြေကြီးလက်ခတ် မလွဲအပ်သော သဘာဝမှန်ကြီးပေတည်း။

http://www.dhammadownload.com

အာယုနာ ပိ ဝမိုဿထ။ ဝဏ္ဏေန ပိ ဝမိုဿထ။
သုခေန ပိ ဝမိုဿထ။ ဘောဂေန ပိ ဝမိုဿထ။
ဗလေန ပိ ဝမိုဿထ။ (သုတ်ပါထေယျပါဠိတော် စက္ကဝတ္တိသုတ်)။

ဤဒေသနာတော်တွင် အလွန်ရှည်လျားစွာ လာသည်တို့မှ ယောဂီသူမြတ်နှင့်ဆိုင်သည်ကို အတိုချုံး၍ ဖော်ပြပေအုံ့။ အို-ရဟန်းတို့၊ တရားကိုသာလျှင် မှီခို အားထား ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကြကုန်လော့။ ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာတို့၏ အစွမ်းအားဖြင့် ကမ္မဋ္ဌာန်းဘာဝနာကို မလျော့သော လုံ့လတို့ဖြင့် ဆင်ခြင် ပွားများ အားထုတ်ကာ နေကြကုန်လော့။ ယင်းသို့ ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်နေသည်ရှိသော်-

အာယုနာပိ-အသက်အားဖြင့်လည်း တိုးပွားကြရကုန်လတ္တံ့။ **ဝဏ္ဏေနပိ**-အဆင်းအားဖြင့်လည်း တိုးပွားကြရကုန်လတ္တံ့။ **သုခေနပိ**-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်လည်း တိုးပွားကြရကုန်လတ္တံ့။ **ဘောဂေနပိ**-စည်းစိမ်ဥစ္စာ အဖြာဖြာတို့ဖြင့်လည်း တိုးပွားကြရကုန်လတ္တံ့။ **ဗလေနပိ**-ကိုယ်အား ဉာဏ်အားတို့ဖြင့်လည်း တိုးပွားကြရကုန်လတ္တံ့ဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူလေသည်။

ထို့ကြောင့် လောကီရေးတွင် တိုးတက် ကြီးပွားလိုသော ပုဂ္ဂိုလ်သည်လည်းကောင်း၊ လောကုတ္တရာရေးတွင် တိုးတက် ကြီးပွားလိုသော ပုဂ္ဂိုလ်သည်လည်းကောင်း၊ လောကီ လောကုတ္တရာ နှစ်ဖြာသောအရေးတို့ကို တိုးတက် ကြီးပွားလိုသော ပုဂ္ဂိုလ်သည်လည်းကောင်း ကမ္မဋ္ဌာန်းဘာဝနာ ဆင်ခြင် ပွားများရေးကို မလျော့သော လုံ့လ၊ မမေ့သောသတိဖြင့် ပွားများ အားထုတ်သည်ရှိသော် မုချ တိုးတက် ကြီးပွားကြရကုန်လတ္တံ့။ **အကြောင်းသော်ကား** ရှင်တော်ဘုရား ညွှန်ကြား ပြသတော်မူသောနည်း ဖြစ်ခြင်းကြောင့်တည်း။

မိမိ အလိုရှိသည်တို့ကို ပြည့်စုံစေလိုလျှင်၊
မိမိအကျိုး သူတစ်ပါးအကျိုး ရှိစေလိုလျှင်၊

မူလပဏ္ဏာသပါဠိတော် အာကခ်ေယျသုတ်၌ ရှည်လျားစွာ ဟောတော်မူသည်တို့အနက် ဤတွင် အလိုရှိအပ်သော အတိုချုပ်ကို ဖော်ပြပေအုံ့။

သတင်းသုံးဖော်တို့၏ ချစ်ခင် မြတ်နိုး ကြည်ညို လေးစားခြင်းကို (အာကခ်တိ-အလိုရှိ၏) အလိုရှိသော် သီလနှင့်ပြည့်စုံသော **ဝိပဿနာဘာဝနာ**ကို ပွားများရာ၏။

ကျောင်း, ဆွမ်း, သင်္ကန်း, အိပ်ရာ, နေရာ စသော အထောက်အပံ့ စသည်တို့ကို ပြည့်စုံစေလိုသော် သီလနှင့်ပြည့်စုံသော **ဝိပဿနာဘာဝနာ**ကို ပွားများရာ၏။

ကျောင်း, ဆွမ်း, သင်္ကန်း, အိပ်ရာ, နေရာစသော အထောက်အပံ့စသည်တို့ကို ကူညီထောက်ပံ့ လျှုဒါန်းကြသော ပုဂ္ဂိုလ်တို့၏ ပြုလုပ်အပ်သော ကုသိုလ်ကောင်းမှုအတွက် ထိုပုဂ္ဂိုလ်အသီးသီးတို့၌ ကြီးစွာသော အကျိုးကျေးဇူးတို့ကို ပြန်လည်ရရှိစေလိုသော် သီလနှင့်ပြည့်စုံသော **ဝိပဿနာဘာဝနာ**ကို ပွားများရာ၏။

ထိုဒေသနာတော်တွင် ဤမျှသာမက သီလနှင့်ပြည့်စုံသော **ဝိပဿနာဘာဝနာ**ကို ပွားများ အားထုတ်ခြင်းကြောင့် မိမိအတွက်ရော၊ သူတစ်ပါးအတွက်ပါ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကျေးဇူး ပြည့်စုံနိုင်ခြင်းကို ထင်ရှားစွာ ဟောတော်မူခဲ့လေသည်။

ထို့ကြောင့် မိမိအလိုရှိသည်တို့ကို ပြည့်စုံစေနိုင်ရန်၊ သူတစ်ပါးအလိုရှိသည်တို့ကိုလည်း ပြည့်စုံစေနိုင်ရန် သီလနှင့်ပြည့်စုံသော **ဝိပဿနာဘာဝနာ**ကို ပွားများ အားထုတ်တော်မူကြရန် အထူးတိုက်တွန်းပါ၏။

http://www.dhammadownload.com

ဓမ္မဝိဟာရီ ဓမ္မဝိဟာရီတိ ဘန္တေ ဝုစ္စတိ၊
ကိတ္တာ ဝတာ နု ခေါ ဘန္တေ ဘိက္ခု ဓမ္မဝိဟာရီ ဟောတိတိ။

တရားနှင့်နေလေ့ရှိသူ တရားနှင့်နေလေ့ရှိသူ ဟူ၍ ခေါ်ဆိုအပ်ပါ၏။ အဘယ်မျှလောက်သော အားဖြင့် ရဟန်းသည် တရားနှင့်နေလေ့ရှိသူ ဖြစ်ပါသနည်း အရှင်ဘုရား။ (အဂုံတ္တိရ်ပါဠိတော် ပဉ္စကနိပါတ် ယောဓာဇီဝဝဂ်၌ လာသည်တို့ကို အတိုချုပ်ဖော်ပြပေအုံ့)။

၁။ အကြင်သူသည် စာပေပရိယတ္တိကို သင်ယူ လေ့ကျက်၏။ ဘာဝနာကမ္မဋ္ဌာန်းတရားကိုကား အားမထုတ်၊ ထိုသူကို **ပရိယတ္တိဗဟုလော နောဓမ္မဝိဟာရီပုဂ္ဂိုလ်**ဟု ခေါ်ဆိုအပ်၏။

၂။ အကြင်သူသည် စာပေပရိယတ္တိကို သင်ယူလေ့ကျက်၏။ ဟောပြော၏။ ဘာဝနာကမ္မဋ္ဌာန်းတရားကိုကား အားမထုတ်။ ထိုသူကို **ပညတ္တိ ဗဟုလော နောဓမ္မဝိဟာရီပုဂ္ဂိုလ်**ဟု ခေါ်ဆိုအပ်၏။

၃။ အကြင်သူသည် စာပေပရိယတ္တိကို သင်ယူလေ့ကျက်၏။ ရွတ်အံ့သရဇ္ဈာယ်ကာနေ၏။ ဘာဝနာကမ္မဋ္ဌာန်းတရားကိုကား အားမထုတ်၊ ထိုသူကို **သဇ္ဈာယဗဟုလော နောဓမ္မဝိဟာရီပုဂ္ဂိုလ်**ဟု ခေါ်ဆိုအပ်၏။

၄။ အကြင်သူသည် စာပေ ပရိယတ္တိကို သင်ယူလေ့ကျက်၏။ စိတ်ကူး၏၊ ကြံ၏၊ သုံးသပ်၏၊ ဘာဝနာကမ္မဋ္ဌာန်းတရားကိုကား အားမထုတ်၊ ထိုသူကို **ဝိတက္ကဗဟုလော နောဓမ္မဝိဟာရီပုဂ္ဂိုလ်**ဟု ခေါ်ဆိုအပ်၏။

၅။ အကြင်သူသည် စာပေပရိယတ္တိကို သင်ယူလေ့ကျက်၏။ သင်ယူပြီးသောနည်းအတိုင်း ဘာဝနာကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ကာ နေ၏။ ထိုသူကို **ဓမ္မဝိဟာရီပုဂ္ဂိုလ်**ဟု ခေါ်ဆိုအပ်၏ဟု ဟောတော်မူ၏။

ထို ယောဓာဇီဝဝဂ်၌ပင် ဆက်စပ် လာရှိသည့် အတိုချုပ်သဘောကို ဖော်ပြဦးအုံ့။ စာပေကျမ်းဂန်ကို သင်ယူပြီးနောက် တတ်ရှိသော ဗဟုသုတကို အကောင်းဆုံးအကျိုး ပြန်လည်ရရှိအောင် အသုံးမပြု။ ဘာဝနာကမ္မဋ္ဌာန်းကို အားမထုတ်သော ရဟန်းတို့သည် **ကာမဂုဏ်စစ်ပွဲ**၌ ကျဆုံးကြရ၍ တတ်ရှိထားသော ဗဟုသုတဖြင့် ဘာဝနာကမ္မဋ္ဌာန်းကို အားထုတ်ထားသောရဟန်းမှာ **ကာမဂုဏ်စစ်ပွဲ**တွင် လွယ်ကူစွာ အောင်မြင်၏ဟု ဟောကြားတော်မူခဲ့လေသည်။

၁။ ဤသည် ဤမြို့တွင် လှပတင့်တယ် ရှုချင်စဖွယ်ရှိသော သတို့သမီးတစ်ဦးသည် ရှိ၏ဟု သူတစ်ပါး ပြောဆိုသံကို ကြားရရုံမျှဖြင့် **ရဟန်းသည် လူထွက်၏။**

၂။ လှပတင့်တယ်သော ပုံပန်းသဏ္ဌာန်နှင့်ပြည့်စုံသော သတို့သမီးတစ်ဦးကို မြင်ရရုံမျှဖြင့် **ရဟန်းသည် လူထွက်၏။**

၃။ သတို့သမီးတစ်ဦး၏ ပြုံးရယ်ပြသော အမူအရာကို မြင်ရခြင်း၊ မြှောက်ပင့်ပြောဆိုသံကို ကြားရခြင်းမျှဖြင့် **ရဟန်းသည် လူထွက်၏။**

၄။ သတို့သမီးတစ်ဦးသည် အနီးတွင် ကပ်၍ထိုင်၏၊ အနီးတွင် ကပ်၍အိပ်၏၊ ဤသည်ဖြင့် **ရဟန်းသည်** လူထွက်၏။ ယင်းသို့ ကာမဂုဏ်စစ်ပွဲတွင် ကျဆုံးရခြင်း အကြောင်းရင်းမှာ စာပေကျမ်းဂန်၌ ရရှိထားသော ပညာရပ်ဖြင့် **ဘာဝနာကမ္မဋ္ဌာန်း**ကို ပွားများ အားထုတ်ထားခြင်း မရှိမူကြောင့် ဖြစ်ရလေသည်။

၅။ သတို့သမီးတစ်ဦးသည် အနီးတွင် ကပ်၍ထိုင်၏၊ အနီးတွင်ကပ်၍အိပ်၏၊ ထိုသောအခါ ရဟန်းသည် သတို့သမီးနှင့် ထေးရာသို့ သွားရောက်ကာ **ဘာဝနာကမ္မဋ္ဌာန်း**ကို ပွားများအားထုတ်၏။ **လူကားမထွက်။**

ဤသို့ ကာမဂုဏ်စစ်ပွဲတွင် နိုင်နင်းရခြင်း အကြောင်းရင်းမှာ ရရှိထားသောနည်းလမ်းတို့ဖြင့် ဘာဝနာကမ္မဋ္ဌာန်း**ကို ရှေးဦးစွာက ကြိုတင်** ပွားများ အားထုတ်ထားမှုတို့ကြောင့် ဖြစ်ရလေသည်။ ဤကား အတိုချုပ်

http://www.dhammadownload.com

သဘောမျှသာတည်း။ ထို့ကြောင့် ဒေသနာတော်မြတ်၏ အရသာကို အပြည့်အစုံ ခံစားနိုင်ရန် ကျမ်းရင်းကို ဖတ်ရှုတော်မူကြပါရန် အထူးတိုက်တွန်းပါ၏။

ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။

ဧကဉ္စ ဇေယျ မတ္တာနံ၊ သ ဝေ သင်္ဂါမဇုတ္တမော။

အကြင် သူရဲကောင်းသည် စစ်မြေပြင်၌ ဆယ်သိန်းရှိသောလူတို့ကို အောင်နိုင်စွမ်း၏။ (ထိုမှတစ်ပါး) အကြင်သူသည် မိမိကိုယ်တွင်း ကိလေသာကို တစ်ကြိမ်တစ်ခါ အောင်စွမ်းနိုင်၏။ ထိုသူနှစ်ဦးတို့တွင် မိမိကိုယ်တွင်း ကိလေသာကို တစ်ကြိမ်တစ်ခါ နိုင်နင်းပေတတ်သော သူသည်သာလျှင် စင်စစ် အောင်သူတကာတို့ထက် မြတ်သော ယောက်ျားမြတ်မည်၏ဟု ဓမ္မပဒပါဠိတော် သဟဿဝဂ်၌ ဟောတော်မူ၏။ (စာမျက်နှာ ၇၁-၌ ပဌာစာရီအမျိုးသမီးကြီးအား ဟောတော်မူသည်နှင့် ယှဉ်တွဲဖတ်ရှုတော်မူရန်)။

တရားကြေရာတွင် ပုဂ္ဂိုလ်လေးမျိုး

မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိသူများတွင် လေးမျိုးရှိ၏။ အကျဉ်းမျှကို နာကြားရရုံမျှဖြင့် ရောက်ရှိသော **ဥဿဋိတညုပုဂ္ဂိုလ်**၊ အကျယ်ဖွင့်ဆို ဟောပြောသည်ကို နာကြားရပါမှ ရောက်ရှိသော **ဝိပဉ္စိတညုပုဂ္ဂိုလ်**၊ တရားတော်ကို နာကြားရရုံမျှဖြင့် ကိစ္စမပြီး၊ အကျင့်မြတ်ကိုပါ လိုက်နာ ကျင့်သုံး ပွားများပါမှ ရောက်ရှိသော **နေယျပုဂ္ဂိုလ်**၊ ယင်းသို့ကျင့်ပါလျက်ပင် လာလတ္တံ့သော ဘဝတွင်မှ ရရှိမည်ဖြစ်သော **ပဒပရမပုဂ္ဂိုလ်** ဟူ၍ လေးမျိုးရှိကြောင်းကို အဂုတ္တိရ်ပါဠိတော် စတုက္ကနိပါတ် ပုဂ္ဂလဝဂ် တတိယသုတ်၌လည်းကောင်း၊ ပုဂ္ဂလပညတ် ပါဠိတော် စတုက္က ဥဒ္ဒေသ၌လည်းကောင်း ဟောတော်မူ၏။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ အစရှိသောတရားကို နာကြားရရုံမျှဖြင့် ဗာဟိယဒါရုစီရိယ ပရဝိဇ်မှာ ရဟန်းကိစ္စပြီး၏။ ထိုတရားကိုပင် အရှင်မာလုက္ကျပုတ္တ နာကြားရပါလျက် တရားတော်အဆုံးတွင် ရဟန်းကိစ္စမပြီး၊ ဝိပဿနာဘာဝနာကို လေ့ကျင့် ပွားများရပေသေး၏။ **ဤသို့လျှင် ပုဂ္ဂိုလ်အချင်းချင်း ကွာခြားပုံကို သိအပ်လေသည်။**

ဤဒေသနာတော်အရ မိမိတို့သည် တရားတော်ကို နာကြားရသည်မှာ တစ်ကြိမ်နှစ်ကြိမ်မက တစ်လနှစ်လမျှမက အကြိမ်ပေါင်းများစွာ လပေါင်းများစွာ နာကြားရသော်လည်း ဘာမျှ မဖြစ်သေးသည်ကို ထောက်သော် ငါတို့သည် ကျင့်ရမည်ဖြစ်သော **နေယျပုဂ္ဂိုလ်**ဟူ၍ သိရှိကြပြီးလျှင် ဝိပဿနာဘာဝနာ ပွားများမှုကို တတ်နိုင်သမျှ နေ့ရောညဉ့်ပါ ပွားများကြစေရန် ဆရာလုပ်သူက အထူးတိုက်တွန်းပေးရပေမည်။

ဝိပဿနာ ဘာဝနာ ပွားများမှုမှာ **အချိန်အပိုင်းအခြားမရှိ** အားထုတ်နိုင်လျှင် အားထုတ်နိုင်သလောက် အကျိုးရှိခြင်း၊ ယုတ်စွအဆုံး ငါးမိနစ် ဆယ်မိနစ် အားထုတ်ပါလျှင် ထိုအတွက် အကျိုးကျေးဇူးများပုံ ဘုရားရှင်တစ်ဆူတစ်ဆူ ပွင့်တော်မူပါမှ သိရှိရသောတရား ဖြစ်ခြင်းကြောင့် ဘုရားရှင်ပွင့်တော်မူသော အခါ မဟုတ်သော်လည်း ပြုလုပ်နိုင်သော ဒါန, သီလ, သမထတို့ထက် အဆပေါင်းများစွာ ကွာခြား အကျိုးကြီးမားပုံတို့ကို ဆရာလုပ်သူက အထူး ရှင်းလင်း ဖော်ပြပေးရပေမည်။

သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော။

သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။

ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။

(သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ် စာမျက်နှာ ၆၈၊ မြန်မာပြန် ၈၀)။

http://www.dhammadownload.com

သီလဖြင့် ထုံအပ်သော သမာဓိသည် ကြီးသောအကျိုးရှိ၏။ ကြီးသောအကျိုးဆက်ရှိ၏။ သမာဓိဖြင့် ထုံအပ်သော ပညာသည် ကြီးသောအကျိုးရှိ၏။ ကြီးသောအကျိုးဆက်ရှိ၏။ ပညာဖြင့် ထုံအပ်သောစိတ်သည် အာသဝေါတရားတို့မှ ကောင်းစွာကျွတ်လွတ်၏ဟု ဟောတော်မူ၏။

တရားကို လိမ်၍ဟောလျှင် ရဲ့ခ်ျ ကျက်ရ၏

အဂုတ္တိုရ် ပါဠိတော် ဒသကနိပါတ် ဥပါလိဝဂ်၌ လာရှိသည်ကို ဖော်ပြရသော် အဓမ္မ-တရားမဟုတ်သည်ကို၊ ဓမ္မောတိ-တရားဟူ၍၊ ဒီပေန္တိ-ပြကုန်၏။ ဓမ္မ-တရားဟုတ်သည်ကို၊ အဓမ္မောတိ-တရားမဟုတ်ဟူ၍၊ ဒီပေန္တိ-ပြကုန်၏။ ဤသို့ အမှားမှားအယွင်းယွင်း ပြသခြင်းတို့သည် ရဲ့ခ်ျကျက်ရသည်ဟူ၍ ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။ ထို့ကြောင့် တရားတော်ကို ဟောပြောပြသရာ၌ အမှန်တရားဖြစ်စေရန် အထူးသတိကြီးစွာ ထားအပ်လေသည်။

အနနုဝိစ္စ အပရိယောဂါဟေတွာ
အဝဏ္ဏာရဟသ ဝဏ္ဏံ ဘာသတိ. . . ။

အစရှိသည်ဖြင့် အဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် မစလဝဂ် စာမျက်နှာ ၃၉၆-၌ လာရှိ၏။ ဘာသာပြန်။ **မစိစစ် မဆင်ခြင်မူ၍ ဉာဏ်ဖြင့် မသက်ဝင်မူ၍ မချီးမွမ်းထိုက်သောသူ၏**ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏။ **မစိစစ် မဆင်ခြင်မူ၍ ဉာဏ်ဖြင့် မသက်ဝင်မူ၍ ချီးမွမ်းထိုက်သောသူ၏**ဂုဏ်ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။ **မစိစစ်မဆင်ခြင်မူ၍ ဉာဏ်ဖြင့် မသက်ဝင်မူ၍ ကြည်ညိုဖွယ်မရှိသောအရာ၌** ကြည်ညိုခြင်းကို ပြ၏။ **မစိစစ် မဆင်ခြင်မူ၍ ဉာဏ်ဖြင့် မသက်ဝင်မူ၍ ကြည်ညိုဖွယ်ရှိသောအရာ၌** မကြည်ညိုခြင်းကို ပြ၏။ အို-ရဟန်းတို့ ဤလေးပါးကုန်သော တရားတို့နှင့် ပြည့်စုံသောသူကို ရှေးရှုဆောင်၍ ချထားဘိသကဲ့သို့၊ ဤအတူ မိမိ ကံသည် ဆောင်၍ ရဲ့ခ်ျ ချထားလေ၏ဟု ဟောတော်မူ၏။

ဤပါဠိတော်အရ ချီးမွမ်းအပ်သည်ကို မချီးမွမ်းနိုင်ဘဲ ကဲ့ရဲ့ခြင်း၊ ကဲ့ရဲ့အပ်သည်ကို မကဲ့ရဲ့နိုင်ဘဲ ချီးမွမ်းခြင်း စသည်ဖြင့် အမှားမှားအယွင်းယွင်း ပြောဆိုပြုလုပ်မိပါက မိမိ၌ အပြစ်ကြီးလေးသည်ကို အထူး သတိပြုကြရပေမည်။

စတ္တာရိမာနိ ဘိက္ခဝေ အစိန္တေယျာနိ နစိန္တေတဗ္ဗာနိ၊
ယာနိ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ အဿ။

အို-ရဟန်းတို့၊ မကြံစည် မကြံအပ်ကုန်သော အကြောင်းတို့သည် ဤလေးပါးတို့ပေတည်း။ ထို မကြံစည် မကြံအပ်ကုန်သော လေးပါးသောအကြောင်းတို့ကို ကြံစည်သောသူသည် ရူးသွပ်ခြင်း၏ ဆင်းရဲပင်ပန်းခြင်း၏ အဖို့ရှိသည် ဖြစ်ရာ၏။

၁။ **ဗုဒ္ဓဝိသယော** ..... ဘုရားရှင်တို့သာ သိအပ်သည်ကို မကြံစည်အပ်။
၂။ **ဈာယိဿ** ..... ဈာန် အဘိညာဉ်အရာကို မကြံစည်အပ်။
၃။ **ကမ္မဝိပါကော** ..... ကံ၏အကျိုးပေးပုံကို မကြံစည်အပ်။
၄။ **လောကစိန္တာ** ..... နေလ စသော လောက တည်ခြင်းကို မကြံစည်အပ်။
(အဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် အပဏ္ဏကဝဂ် စာမျက်နှာ ၃၉၂)။

http://www.dhammadownload.com

ယောဂီသီရမည့်

အနတ္တသဘာဝမမ္မကို အနည်းငယ် ဖော်ပြပေအုံ့။

ဇာနတောဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ။

နော အဇာနတော နော အပဿတော။

အို-ရဟန်းတို့၊ သိသောသူအား၊ မြင်သောသူအားသာလျှင် အာသဝေါတရားတို့၏ကုန်ခြင်းကို ငါဘုရား ဆိုတော်မူ၏။ မသိသောသူ၊ မမြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါဘုရား ဆိုတော်မမူ။ (အို-ရဟန်းတို့၊ အဘယ်ကို သိသောသူအား၊ အဘယ်ကို မြင်သောသူအား အာသဝေါ တရားတို့၏ ကုန်ခြင်း သည် ဖြစ်သနည်း)။

ဣတိ ရူပံ ဣတိ ရူပဿ သမုဒယော

ဣတိ ရူပဿ အတ္ထင်္ဂမော။ ဣတိ ဝေဒနာ

ဣတိ ဝေဒနာယ သမုဒယော ဣတိ ဝေဒနာယ အတ္ထင်္ဂမော။ ဣတိ သညာ ဣတိ သညာယ သမုဒယော ဣတိ သညာယ အတ္ထင်္ဂမော။ ဣတိ သင်္ခါရာ ဣတိ သင်္ခါရာနံ သမုဒယော ဣတိ သင်္ခါရာနံ အတ္ထင်္ဂမော။ ဣတိ ဝိညာဏံ ဣတိ ဝိညာဏဿ သမုဒယော ဣတိ ဝိညာဏဿ အတ္ထင်္ဂမောတိ။ ဧဝံ ခေါ ဘိက္ခဝေ ဇာနတော ဧဝံ ပဿတော အာသဝါနံ ခယော ဟောတိ။ (နိဒါနဝဂ္ဂ နိဒါနသံယုတ် ဒသဗလဝဂ် ဥပနိသသုတ်)။

(အောက်ပါ ဘာသာပြန်ကို ပို၍သဘောပေါက်လာစေရန် ယခုသင်ပြနေသော မဟာသတိပဋ္ဌာနသုတ် နိဿယ စာမျက်နှာ ၁၉-၁၀၄-၁၉၁ တို့နှင့် ယှဉ်တွဲဖတ်ပါ)။ ဤသည်ကား ရူပ်တည်း။ ဤသည်ကား ရူပ်၏အကြောင်းတည်း။ ဤသည်ကား ရူပ်၏ချုပ်ရာတည်း။ ဤသည်ကား ဝေဒနာတည်း။ ဤသည်ကား ဝေဒနာ၏အကြောင်းတည်း။ ဤသည်ကား ဝေဒနာ၏ ချုပ်ရာတည်း။ . . . ။ ဤသည်ကား ဝိညာဏ်တည်း။ ဤသည်ကား ဝိညာဏ်၏အကြောင်းတည်း။ ဤသည်ကား ဝိညာဏ်၏ချုပ်ရာတည်း ဟူ၍ အို-ရဟန်းတို့၊ ဤသို့သိသောသူအား ဤသို့မြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်၏ဟု ဟောတော်မူ၏။

ဤပါဠိတော်အရ မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိသောပုဂ္ဂိုလ်သည် ဤသည်ကားရူပ်။ ဤသည်ကား ရူပ်၏ ဖြစ်ကြောင်း။ ဤသည်ကား ရူပ်၏ချုပ်ရာချုပ်ကြောင်း စသည်တို့ဖြင့် ရူပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါးတို့၏ သဘာဝမမ္မ၊ ရူပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါးတို့၏ ဖြစ်ပေါ်လာရမှုအကြောင်းရင်း၊ ရူပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါးတို့၏ ချုပ်ရာချုပ်ကြောင်း စသည်တို့ကို တိကျမှန်ကန်စွာ သိရှိပါမှ အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိနိုင်မည်ဆိုသည်ကို အထူးသိကြရပေမည်။

ထို့ကြောင့် မဟာသတိပဋ္ဌာန်ဓမ္မာနုပဿနာ ခန္ဓပဗ္ဗ၌ ဣတိ ရူပံ ဣတိ ရူပဿ သမုဒယော ဣတိ ရူပဿ အတ္ထင်္ဂမော စသည်တို့ဖြင့် ခန္ဓာငါးပါး၌ လေ့ကျင့် ဆင်ခြင် ပွားများ အားထုတ်ရမည်ဟု ရှင်တော် ဘုရားသည် တသီးတခြား ထုတ်ဖော် ညွှန်ကြားထားတော်မူခြင်း ဖြစ်လေသည်။

စတ္တာရော မေ ဘိက္ခဝေ သညာ ဝိပလ္လာသာ

စိတ္တ ဝိပလ္လာသာ ဒိဋ္ဌိ ဝိပလ္လာသာ. . . ။

ရဟန်းတို့၊ သညာ၏ ဖောက်ပြန်ခြင်း၊ စိတ်၏ဖောက်ပြန်ခြင်း၊ အယူ၏ဖောက်ပြန်ခြင်းတို့သည် လေးပါးတို့ပေတည်း။

http://www.dhammadownload.com

သညာဝိပလ္လာသ ..... အမှတ်မှားခြင်း။
စိတ္တဝိပလ္လာသ ..... အသိ မှားခြင်း။
ဒိဋ္ဌိဝိပလ္လာသ ..... အယူ မှားခြင်း။

အဘယ်၌ ဖောက်ပြန် မှားယွင်းသနည်း။

အနိစ္စကို နိစ္စဟု အမှတ်မှား၏။ အသိမှား၏။ အယူမှား၏။
ဒုက္ခကို သုခဟု အမှတ်မှား၏။ အသိမှား၏။ အယူမှား၏။
အနတ္တကို အတ္တဟု အမှတ်မှား၏။ အသိမှား၏။ အယူမှား၏။
အသုဘကို သုဘဟု အမှတ်မှား၏။ အသိမှား၏။ အယူမှား၏။

ထိုသူအား မိစ္ဆာဒိဋ္ဌိသည် လွှမ်းမိုးဖျက်ဆီးတော့၏။ (အဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် ရောဟိတဿဝဂ် ဝိပလ္လာသသုတ် စာမျက်နှာ ၃၆၁၊ မြန်မာပြန် ၃၇၅)။

တံ ကိ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။
အနိစ္စံ ဘန္တေ။
ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။
ဒုက္ခံ ဘန္တေ။
ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နု တံ သမနုပဿိတုံ
"ဧတံ မမ၊ ဧသောဟ မသ္မိ၊ ဧသော မေ အတ္တာ"တိ။
နော ဟေတံ ဘန္တေ။

(ဘာသာပြန်မှာ ယခုသင်ရှိနေသော အနတ္တလက္ခဏာသုတ်တွင် ပါရှိပြီးဖြစ်၏)။

ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယောပိ ဟေတု ယောပိ ပစ္စယော ရူပဿ
ဥပ္ပါဒါယ၊ သောပိ အနိစ္စော၊ အနိစ္စသမ္ဘူတံ ဘိက္ခဝေ
ရူပံကုတော နိစ္စံ ဘဝိဿတိ။ (ခန္ဓဝဂ္ဂ ခန္ဓသံယုတ်, အနိစ္စဝဂ်)။

အို-ရဟန်းတို့၊ ရုပ်သည် မမြဲသောသဘော ရှိ၏။ ရုပ်၏စွဲရာဖြစ်သော အကြင်အကြောင်းရင်းသည်လည်းကောင်း၊ အကြောင်းအထောက်အပံ့သည်လည်းကောင်း ရှိ၏။ ထိုအကြောင်းရင်း အထောက်အပံ့သည်လည်း မမြဲသောသဘောရှိ၏။ အို-ရဟန်းတို့၊ မမြဲသောသဘောကို စွဲ၍ဖြစ်သောရုပ်ကား အဘယ်မှာ မြဲသည်ဖြစ်ပါအံ့နည်း။ (ဤသို့လျှင် ရုပ်ကိုလည်းကောင်း၊ ကျန် နာမ်ခန္ဓာလေးပါးကိုလည်းကောင်း ဟုတ်မှန်သောအတိုင်းသာလျှင် ဝိပဿနာပညာဖြင့် ဆင်ခြင် လေ့ကျင့် ပွားများပေးရမည်ဟု ဤပါဠိတော်တွင် ဆက်လက် ဟောတော်မူလေသည်)။

ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊
ယဒနတ္တာ တံ "နေတံ မမ၊ နေသောဟ မသ္မိ၊ နေ မေ သော အတ္တာ"တိ
ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ (ခန္ဓဝဂ္ဂ ခန္ဓသံယုတ် အနိစ္စဝဂ်)။

အို-ရဟန်းတို့၊ ရုပ်သည် မမြဲသောသဘော ရှိ၏။ အကြင်ရုပ်သည် မမြဲ။ ထိုရုပ်သည် ဆင်းရဲသောသဘောရှိ၏။ အကြင်ရုပ်သည် ဆင်းရဲ၏။ ထိုရုပ်သည် ကိုယ်မဟုတ် အစိုးမရသော သဘောရှိ၏။ အကြင်

http://www.dhammadownload.com

ရုပ်သည် ကိုယ်မဟုတ် အစိုးမရသောသဘောရှိ၏။ ထိုရုပ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ကိုယ်မဟုတ်ဟု ဤသို့ ဤရုပ်ကို ဟုတ်မှန်သောအတိုင်း ဝိပဿနာပညာဖြင့် ရှုအပ်၏။ (ကျန် နာမ်ခန္ဓာလေးပါးကိုလည်း ဤအတိုင်းပင် ဆင်ခြင် လေ့ကျင့် ပွားများရမည်ဟု ဤပါဠိ တော်တွင် ဆက်လက်ဟောတော်မူလေသည်)။

ကတမဉ္စ ဘိက္ခဝေ ရူပံ၊ စတ္တာရော စ မဟာဘူတာ
စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ရူပံ။
(ခန္ဓဝဂ္ဂ ခန္ဓသံယုတ် ပါဠိတော် ဥပယဝဂ် စတုတ္ထသုတ်)။

အို-ရဟန်းတို့၊ ရုပ်သည်အဘယ်နည်းဟူမူကား လေးပါးကုန်သော မဟာဘုတ်တို့သည်လည်းကောင်း၊ လေးပါးကုန်သော မဟာဘုတ်တို့ကို စွဲ၍ဖြစ်သော ဥပါဒါရုပ်တို့လည်းကောင်း၊ အို-ရဟန်းတို့၊ ဤသဘောကို ရုပ်ဟူ၍ ဆိုအပ်၏။

ကိဉ္စ ဘိက္ခဝေ ရူပံ ဝေဒေထ၊ ရူပ္ပတီတိ ခေါ
ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။

အို-ရဟန်းတို့၊ အဘယ့်ကြောင့် ရုပ်ဟူ၍ ဆိုကုန်သနည်းဟူမူကား- အို-ရဟန်းတို့၊ ဖေါက်ပြန်တတ်သောကြောင့် ရုပ်ဟူ၍ ဆိုအပ်၏။ (အထက် ပါဠိတော် ခဇ္ဇနိယဝဂ် ခဇ္ဇနိယသုတ်)။

ဝဏ္ဏော ဂန္ဓော ရသော ဩဇာ၊ စတသော စာပိ ဓာတုယော။
အဋ္ဌမ္မ သမောဓာနာ၊ ဟောတိ ကေသာတိ သမ္မုတိ။
တေ သံယေဝ ဝိနိဗ္ဘောဂါ၊ နတ္ထိ ကေသာတိ သမ္မုတိ။
(ဝိသုဒ္ဓိမဂ် ပထမတွဲ သမာဓိနိဒ္ဒေသပါဠိ စာမျက်နှာ ၃၆၁)။

အဆင်းလည်းကောင်း၊ အနံ့လည်းကောင်း၊ အရသာလည်းကောင်း၊ ဩဇာလည်းကောင်း၊ လေးပါးသော ဓာတ်တို့လည်းကောင်း၊ ဤရှစ်ပါးသော သဘာဝမျိုးအပေါင်းကိုစွဲ၍ ဆံပင်ဟု သမုတ်ခေါ်ဝေါ်ခြင်းသည် ဖြစ်၏။ ထိုရှစ်ပါးသော တရားတို့ကိုသာလျှင် အသီးသီး ခွဲစိတ်ဝေဖန်သော် ဆံပင်ဟု သမုတ်ခေါ်ဝေါ်ခြင်းသည် မရှိသည်သာတည်း။

ဤအတိုင်းပင် "ဆံပင်"ကို ဆင်ခြင် သုံးသပ်ဘိသကဲ့သို့ ခန္ဓာကိုယ်တစ်ခုလုံး၌ ကျန်ရှိသော လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ စသည်တို့ကိုလည်း ဆင်ခြင် သုံးသပ်ပေးရပေမည်။ (ယခုသင်ပြ လျက်ရှိနေသော မဟာသတိပဋ္ဌာန် စာမျက်နှာ ၇၊ ၇၉၊ ၁၇၅ တို့၌ လာရှိသော ကာယာနုပဿနာ ဓာတုမနသိကာရပိုင်းနှင့် ယှဉ်တွဲ ဖတ်ရှု လေ့ကျင့် ပွားများရန်)။

ယင်းသို့ ဆင်ခြင်သုံးသပ်ပါမျှားလတ်သော် လူဟူသော အမှတ်သညာသည်လည်းကောင်း၊ မိန်းမယောက်ျား စသော အမှတ်သညာသည်လည်းကောင်း တဖြည်းဖြည်း ပျောက်ကင်းလျက် သဘာဝမျိုးမျှသာ ဖြစ်သည်ကို ပညာမျက်စိဖြင့် ထင်ရှားစွာ သိမြင်လာပေတော့၏။

ပရမတ္ထတော အဝိဇ္ဇမာနာပိ
အတ္ထစ္ဆာယာကာရေန စိတ္တုပ္ပါဒါနိ
မာရမ္မဏဘူတာ. . . ။ (လက်သန်း အဋ္ဌကထာ ပစ္စည်းပိုင်း)။

ဤ အတ္ထပညတ်တရားသည် ပရမတ္ထတရားများကဲ့သို့ ထင်ရှား မရှိပါလျက် အဘယ့်ကြောင့် စိတ်စေတသိက် ပရမတ်တရားတို့၏ အာရုံဖြစ်နိုင်ပါသနည်းဟူမူ ဤအတ္ထပညတ်တရားများသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကား မှန်၏။ ယင်းသို့ ထင်ရှားမရှိပါသော်လည်း **ပရမတ္ထတရားတို့၏ အရိပ်အရောင်**

http://www.dhammadownload.com

ဟူသော အခြင်းအရာအားဖြင့်သာ စိတ် စေတသိက် ပရမတ်တရားတို့၏ အာရုံအဖြစ်သို့ရောက်၏။ (ဝိပဿနာ ဘာဝနာမှာ ပညတ်ကို အာရုံမပြုရ၊ ပရမတ္ထသဘာဝမမှုကိုသာ အာရုံပြုရ၏၊ ပရမတ္ထ သဘာဝမမှ မည်သည် အလွန် သန့်ရှင်းစင်ကြယ်၏။ နာမည်ပင်လျှင် မပါမရှိချေ။ နာမည်သည် ဝိဇ္ဇမာနပညတ်ဖြစ်၏)။

ယံ ပဿတိ နတ် ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ နပဿတိ။

အပဿံ ဗဗ္ဗတေ မူဠှော၊ ဗဗ္ဗမာနော နမုစ္စတိ။

ယံ-အကြင် ယောက်ျား မိန်းမ အစရှိသောအနက်ဒြပ်ကို (ဝိပလ္လာသ သညာယ-ဖောက်ပြန်မှားယွင်းသောသညာဖြင့်)၊ ပဿတိ-မြင်ရ၏။ တံ-ထို(ဖောက်ပြန်မှားယွင်းသောသညာဖြင့်) မိန်းမ ယောက်ျား ဟူသော အနက်ဒြပ်ကို၊ နဒိဋ္ဌ-မရှုမြင်အပ်။ ယံ-အကြင်မဟာဘုတ် ဥပါဒါရူပ်တရားကို၊ ဒိဋ္ဌ-ရှုမြင်အပ်၏။ တံ-ထို မဟာဘုတ် ဥပါဒါရူပ်တရားကို၊ **နပဿတိ**-မမြင်ကြ။ **မူဠှော**-မောဟဖြင့် တွေဝေသည်ဖြစ်၍၊ **အပဿံ** **အပဿန္တော**-ဘူတရူပ် ဥပါဒါရူပ်ကို မသိမြင်သော ပုဂ္ဂိုလ်ကို၊ **ဗဗ္ဗတေ**-တဏှာ မာနစသော ကိလေသာတို့ဖြင့် ဖွဲ့ချည်၍ထားတော့၏။ **ဗဗ္ဗမာနော**-သံသရာဝဋ် ဝဋ်ဆင်းရဲ၌ တဏှာ မာနစသော ကိလေသာတို့ဖြင့် ချည်နှောင်ထားအပ်သော ပုဂ္ဂိုလ်သည်၊ **နမုစ္စတိ**-သံသရာဝဋ်ဆင်းရဲမှ မလွတ်ကျွတ်နိုင်သည်သာတည်း။ (သုတ်မဟာဝါ အဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ်၊ ၎င်းပြင် သမ္မောသတိပဋ္ဌာန ဝိဘင်္ဂ်လည်း လာရှိ၏)။ စာမျက်နှာ ၇၂ အောက်ဆုံးနှစ်ကြောင်းတွင် ပုတ္တမတ္ထိ ဓနမတ္ထိ စသည်ဖြင့် ဖော်ပြခဲ့ပြီးပြီ။

ပရမာဏုမြူနှင့် အက်တွမ် နှိုင်းယှဉ်ကာ
တရားတော်မြတ် မှန်ကန်ရှင်းကို ဖော်ပြချက်

Atom	....	အက်တွမ်
Electron	....	အီလက်ထရွန်
Proton	....	ပရိုတွန်
Neutron	....	နျူထရွန်
Nucleus	....	နျူကလီယပ်(စ)
Hydrogen	....	ဟိုက်ဒရိုဂျင်
Oxygen	....	အောက်ဆီဂျင်
Helium	....	ဟီလီယမ်
Uranium	....	ယူရေနီယမ်
Matter	....	မက်တား
Energy	....	အင်နာဂျီ
Anti-Xi-Zero	....	အင်တီ ဇိုင်း ဇီးရိုး

စာမျက်နှာ ၇၈-ကြောင်းရေ ၅-၌ "မဟာဘူတာ ဥပါဒါ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော" ဟူ၍ ပဋ္ဌာန်းပါဠိတော်ကို ဖော်ပြခဲ့သည်နှင့်အည် ရူပ်တို့မည်သည် အလွန်သေးငယ်လှသော "အဏုမြူ ပရမာဏုမြူ"ကလေးတို့၌ပင် မဟာဘုတ်လေးပါးနှင့် ဝဏ္ဏ,ဂန္ဓ,ရသ,သြဇာ ရှစ်ပါးတို့သည် ပါရှိမြဲဖြစ်၏။

ရထရေဏုမြူ တစ်လုံးကို ၃၆-စိတ်ခွဲသော် **တဇာရီမြူ**တစ်လုံး ရရှိ၏။ **တဇာရီမြူ**တစ်လုံးကို ၃၆-စိတ်ခွဲစိတ်သော် **အဏုမြူ**တစ်လုံး ရ၏။ **အဏုမြူ**တစ်လုံးကို ၃၆-စိတ် ခွဲစိတ်သော် **ပရမာဏုမြူ**တစ်လုံး ရ၏။

http://www.dhammadownload.com

မံသစက္ခုသ အာပါထံ နာဂစ္ဆတိ
ဒိဗ္ဗစက္ခုသေဝ အာဂစ္ဆတိ။

(ပရမာဏုမြူသည် အလွန်အလွန် သေးငယ်ရကား) လူတို့၏ မျက်စိအားထင်ခြင်းသို့မရောက်၊ ဒိဗ္ဗစက္ခု အဘိညာဏ်အားသာလျှင် ထင်ခြင်းသို့ရောက်၏။ (သမ္မော, ဗျာနဝိဘင်)။

လက်ရှိ လောကဓာတ်ပညာရှင်များ စမ်းသပ် တွေ့ရှိချက်ကို အတိုချုပ် အကြမ်းသဘောဖြင့် အနည်းငယ် ဖော်ပြပေအုံ့။

ဗုဒ္ဓစာပေကျမ်းဂန်၌ "ဆံပင်"ကို ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာဟူ၍ ခွဲခြမ်းစိတ်ဖြာဘိသကဲ့သို့ ယခုအခါ လောကဓာတ်ပညာရှင်များသည် (မက်တား)ရုပ်တရားတစ်ခုကို ခွဲခြမ်းစိတ်ဖြာ ဝေဖန်လိုက်သောအခါ "အက်တွမ်" **မြူကလေးများသာ ရှိ၏၊ အခြားအတုံးအခဲဟူ၍ ဘာမျှမရှိ။**

သဘော်၊ မီးရထား၊ တိုက်အိမ်၊ သစ်သီးသစ်ပွင့်၊ စက္ခု၊ တွယ်အပ် စသည်တို့သည်လည်းကောင်း၊ လူသားတို့၏ အသား အသွေး၊ အကြော၊ အရိုး ခြင်ဆီ၊ ဦးကျောက် စသည်တို့မှာ **"အက်တွမ်"မြူကလေးများ** စုပေါင်း တည်ရှိနေခြင်းမျှသာ ဖြစ်သည်ဟု သိရှိလာကြလေသည်။

တစ်ဖန်တုံ "အက်တွမ်"မြူကလေးများသည် အလွန်အလွန် သေးငယ်ရကား အထူးအားကြီးလှသော မှန်ပြောင်းဖြင့် ကြည့်ငြားသော်လည်း မမြင်နိုင်။ (၀၊) **"အက်တွမ်"မြူကလေးကို မြင်ဖူးသူဟူ၍ မရှိဟု ဝန်ခံကြ၏။**

သို့ရာတွင် ထူးခြားချက်ကား ထို မမြင်ရသော "အက်တွမ်"မြူကလေးအတွင်း ဗဟိုဌ် နျူကလိယပ်(စ) တစ်ခုသည် ရှိ၏။ ထိုနျူကလိယပ်(စ)တွင် ပရိုတွန်နှင့် နျူထရွန်တို့သည် ရှိပြန်၏။ ထို သာ၍ မမြင်နိုင်အပ်သော နျူကလိယပ်(စ)ကို ပတ်ဝန်းကျင်မှ ဝိုင်းရံ လှည့်လည် ပြေးသွားနေသော အီလက်ထရွန်ကလေးသည် ရှိပြန်သေး ၏။ **ဤသည်တို့မှာ** မမြင်အပ်သော **"အက်တွမ်"**မြူကလေး**အတွင်းတွင်** ဖြစ်ပေါ်နေသော အခြင်းအရာများ ပေတည်း။

ထိုမှတစ်ပါး "အက်တွမ်"မြူကလေးများမှာ တစ်မျိုးနှင့်တစ်မျိုး မတူသည်လည်းရှိ၏။ ဟိုက်ဒရိုဂျင် "အက်တွမ်"တွင် အီလက်ထရွန်တစ်လုံးနှင့် ပရိုတွန်တစ်လုံးမျှသာ ပါရှိ၍ ဟီလီယမ် "အက်တွမ်"တွင် အီလက်ထရွန်နှစ်လုံးနှင့် ပရိုတွန်နှစ်လုံး၊ ၎င်းပြင် နျူထရွန်နှစ်လုံးလည်း ပါ၏။ ယူရေနီယမ်"အက်တွမ်" တွင် အီလက်ထရွန် ၉၂-လုံး၊ ပရိုတွန် ၉၂-လုံး၊ ၎င်းပြင် **နျူထရွန်** ၁၄၆-လုံး ပါရှိ၏။ ဤသည်တို့မှာ အကြမ်းသဘောမျှသာတည်း။

ထိုမျှမကသေး၊ မမြင်ရသော "အက်တွမ်"မြူကလေးတွင် ပါရှိသော ပရိုတွန်တစ်လုံးသည် အီလက်ထရွန်တစ်လုံးထက် **အဆပေါင်း ၁၈၀၀-ကျော်ခန့် အလေးချိန်စီး၏**ဟူ၍လည်း ဆုံးဖြတ်ဝေဖန်ကြ၏။

ဤကဲ့သို့ "အက်တွမ်"မြူကလေးတစ်လုံး၏ အခြင်းအရာများကို ကိုင်တွယ် တွေ့မြင် သိရှိနိုင်ပါသလောဟု မေးသော် ထိုသို့ကား မသိရှိနိုင်၊ **သို့ရာတွင် သွယ်ဝိုက်သောနည်းဖြင့်** (မိဂပဒ ဝဋ္ဋနနည်းဟု ဆိုလိုဟန် ရှိသည်) သိရှိရ၏ဟု ရေးသား ဖော်ပြကြ၏။

ယင်းသို့ ထင်မြင် ယူဆချက်များအတိုင်း လိုက်နာ ပြုလုပ်ကြသောအခါ အဏုမြူဗုံး ပြိုဟ်တု အားသတ္တိ ဆေးစွမ်းကောင်းများ စသည်တို့ ရရှိခြင်းကြောင့် ၎င်းတို့၏ ထင်မြင် ယူဆချက်များ မှန်သည်ဟု ပိုမို ယုံကြည်လာကြရသည်ဟု ရေးသားကြကုန်၏။

ဤသို့လျှင် လူတို့၏မျက်စိဖြင့် **မမြင်**မသိနိုင်သော "အက်တွမ်"မြူကလေးများတွင်ရှိသော မမြင်အပ်သော အီလက်ထရွန် ပရိုတွန် နျူထရွန်တို့ကို အရေအတွက်နှင့်တကွ သာမန်လူသား လောကဓာတ်ဆရာများပင် သိနိုင်ကြကုန်သေး၏။

http://www.dhammadownload.com

လောကဓာတ်ကြီးတစ်ရပ်လုံး၏ သဘာဝမမှန်ကို သိလိုရှု မရေမတွက်နိုင်သော ဘဝပေါင်းများစွာ ကြိုးစားတော်မူလာရုံမျှမက နောက်ဆုံး သိဒ္ဓတ္ထဘဝ၌ပင် သားမယား ထီးနန်းစည်းစိမ်တို့ကိုစွန့်လျက် တောအရပ်တွင် ၆-နှစ်တိုင်တိုင် ကြိုးစား အားထုတ်တော်မူပါမှ ရရှိအပ်သော သဗ္ဗညုတညာဏ်တော်ဖြင့် ကြည့်ရှုတော်မူလျက် ဤသည်ကားရုပ်၊ ဤသည်ကားနာမ်၊ ဤသည်ကား ရုပ်၏ဖြစ်ကြောင်းတည်း၊ ဤသည်ကား နာမ်၏ဖြစ်ကြောင်းတည်း၊ ဤသည်ကား ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာလေးပါး၊ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်တို့ပေတည်း။

ဤသည်ကား ရုပ် ၂၈-ပါးတည်း၊ ဤသည်ကား စိတ်တည်း၊ ဤသည်ကား စိတ်နှင့်ထိုက်သည့်အား လျော်စွာ ယှဉ်တွဲနေသော စေတသိက် ၅၂-လုံးတည်း၊ ဤသည် ဤသည်တို့ကား လူ့ဘုံ နတ်ဘုံ ပြဟ္မာ့ဘုံတို့တည်း၊ ဤသည် ဤသည်တို့ကား အပါယ်လေးဘုံတို့ပေတည်း။

ဤသည်ကား နိဗ္ဗာန်တည်း၊ ဤသည်ကား နိဗ္ဗာန်သို့သွားရာ အကျင့်မြတ်ပေတည်း စသည်တို့ကို ညွှန်ကြား ပြသတော်မူရာဝယ် အဘယ်လျှင် မဖြစ်နိုင်ဖွယ် ရှိပါအံ့နည်း။

လောကဓာတ်ဆရာများသည် ၁၉၆၃-ခုနှစ်၊ သြဂုတ်လအတွင်း နောက်ဆုံး စမ်းသပ် တွေ့ရှိသော ဓာတ်တစ်မျိုးမှာ ဓာတ်တစ်ခုကို ဓာတ်တစ်ခုနှင့် တိုက်ခိုက်စေရာ အမျိုးမတူသော ဓာတ်တစ်မျိုးသည် ရုတ်တရက် ပေါ်ထွက်လာပြီးလျှင် မည်သည်ကိုမျှ မကျန်ရစ်ခဲ့စေဘဲ ချက်ချင်းပင် ကွယ်ပျောက်သွားသည်ကို တွေ့ရှိကြရလေသည်။

ထိုသို့ ဖြစ်ပေါ် ပျောက်ကွယ်သွားသောဓာတ်ကို အင်တီ-ဇိုင်း-ဇီးရိုးဟု အမည်မှည့်ခေါ်ကြလေသည်။ လောကဓာတ်ဆရာတို့သည် ဤသို့ ဖြစ်ပြီးလျှင် ပျက်သောသဘောတရားကို ယခုမှ တွေ့ရှိကြသော်လည်း ထိုသဘောတရားမှာ ရှေးသရောအခါကပင် ဗုဒ္ဓစာပေကျမ်းဂန်တွင် လာရှိပြီးဖြစ်၏။

အဒဿနတော အာယန္တိ၊ ဘဂ်ီ ဂစ္ဆန္တ္ဟ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စာတိ။

မမြင်အပ်သည်မှ လာကုန်၏။ ပျက်ကုန်ပျက်ကုန်ပြီးသော သခါရတို့သည်လည်း မမြင်အပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။ ကောင်းကင်၌ လျှပ်စီးပြက်သကဲ့သို့ ဖြစ်လည်းဖြစ်ကုန်၏။ ပျက်လည်းပျက်စီးကုန်၏။ ဤသို့သောအနက်သည် ထင်ရှား၏။ (ဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိခန်းတွင်လည်းကောင်း၊ မဟာနိဒ္ဒေသပါဠိတော် အဋ္ဌကဝဂ် ဂုဟဋ္ဌကသုတ္တနိဒ္ဒေသ၌လည်းကောင်း လာရှိ၏။ အင်္ဂလိပ်ဘာသာပြန် ၇၂-ဘိက္ခုဉာဏမောဠိ)၊ ထိုမှတစ်ပါး ပါဠိတော်အရပ်ရပ်တွင် ထပ်ကာထပ်ကာ လာရှိသည်မှာ-

မနဒ္ဓ ဘိက္ခဝေ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ
မနော ဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော. . . ။

စသည်တို့ဖြင့် လာရှိလေသည်။ ဤတွင် "ဖဿ"ဟူသော သဘာဝမမှတစ်ခုသည် စောစောက မရှိ၊ အကြောင်းတရားသုံးပါး တိုက်ဆိုင်မှုကြောင့် "ဖဿ"သည် တစ်ခဏချင်း ဖြစ်ပေါ်လာပြီးလျှင် ချက်ချင်းပင် ကွယ်ပျောက်သွားပေတော့၏။ ဤသည်ကား အနတ္တသဘောပင်တည်း။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာ သိရှိတော်မူသည်တို့မှာ လောကဓာတ်ဆရာများကဲ့သို့ တစ်ဦးလာ တစ်ခါပြင် တစ်ဦးလာ တစ်ခါပြင်ရသော အသိမျိုးမဟုတ်၊ (၀ါ)လောကဓာတ်ဆရာများကဲ့သို့ သွယ်ဝိုက်၍သိရသော အသိမျိုးမဟုတ်၊ သဗ္ဗညုတညာဏ်တော်ဖြင့် ကိုယ်တော်တိုင် (သခ်ာတ အသခ်ာတ)လောကဓာတ်ကြီးတစ်ရပ်လုံးကို သိမြင်တော်မူလျက် သိမြင်တော်မူသည့်အတိုင်း သတ္တဝါအပေါင်းတို့၏ အကျိုးငှာ ညွှန်ကြားပြသတော်မူခြင်းဖြစ်၏။

http://www.dhammadownload.com

နိဂုံးချုပ် ထုတ်ဖော်ပြလိုသောအချက်ကြီးကား သုံးချက်ရှိ၏။ **ပထမအချက်ကြီးကား** လောကဓာတ်ဆရာများ ရှာဖွေစုံစမ်းချက်အရ အဏုမြူကလေးများမှာ (အင်နာဂျီ)အား သတ္တိကို ခွဲထုတ်ကာ လူတို့၏ ကောင်းကျိုးဆိုးကျိုး အမျိုးမျိုးကို အသုံးပြုနိုင်လာခြင်းကြောင့် ရုပ်တရားများသည် အကြောင်းတရားနှင့် အကျိုးတရားမျှသာ ဖြစ်ခြင်းကို ရဲရင့်စွာ ဝန်ခံလျက် ရှိကြလေပြီ။

ထို့ပြင် သခ်ာတလောကဓာတ်ကြီးအတွင်းရှိ အရာဝတ္ထုပစ္စည်း၊ သစ်ရွက် သစ်ကိုင်း သစ်ပင် မီးရထား သင်္ဘော် တိုက် အိမ် အဆောက်အအုံ စသော ရုပ်တရားဟူသရွေ့တို့သည်လည်းကောင်း၊ အသား အသွေး အကြော အရိုး ခြင်ဆီ ဦးနှောက် ခြေ လက် အင်္ဂါ အစိတ်အပိုင်း ဟူသရွေ့တို့သည်လည်းကောင်း လူတို့ ထင်မှတ်ထားသည့်အတိုင်း တစ်လုံးတစ်ခဲတည်းမဟုတ်၊ အက်တွမ် အီလက်ထရွန် ပရိုတွန် နျူထရွန် ကလေးပေါင်းများစွာ စုပေါင်းနေခြင်းမျှသာ ရှိကြောင်းကို ကောင်းစွာ ဝန်ခံလျက် ရှိကြပြီဖြစ်ရကား-

လူဆိုရာတွင်လည်းကောင်း၊ သတ္တဝါခေါ်ဆိုရာတွင်လည်းကောင်း၊ ရုပ်သဘာဝမမှန့်ဝ် နာမ်သဘာဝ ဝမမှန်သာ ရှိရကား ရုပ်ဘက်တွင် လူမရှိ၊ သတ္တဝါမရှိ၊ မိန်းမ ယောကျ်ားမရှိ၊ ရုပ်သဘာဝမမှန်ခြင်းကို ထင်းတို့၏ လောကဓာတ်ပညာနည်းဖြင့် ဗုဒ္ဓမြတ်စွာ၏တရားတော်ကို တိကျစွာ ထောက်ခံခြင်းပေတည်း။

ဒုတိယအချက်ကြီးကား ဘာသာခြားတို့အား ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို ပြသရာတွင် အဓိကအခြေခံ တရားမှာ ရုပ်သဘာဝမမှန့်ဝ် နာမ်သဘာဝမမှ နှစ်မျိုးသာရှိ၏။ ထိုတွင် လောကဓာတ်ဆရာများသည် ရုပ်တရားဘက်တွင် တိုက်အိမ်အဆောက်အအုံမှစ၍ အသား အသွေး အကြော အရိုး ခြင်ဆီ ဦးနှောက် အစရှိသည်တို့မှာ "အက်တွမ်"မြူကလေးများသာ စုပေါင်းနေသည်ကို တွေ့မြင် သိရှိရသည့်အတွက် လူမရှိ၊ သတ္တဝါမရှိ၊ မိန်းမ ယောကျ်ားမရှိ၊ ရုပ်သဘာဝမမှန်မှုသာဖြစ်ခြင်းကို ထင်းတို့၏ လောကဓာတ် ပညာနည်းဖြင့်ပင်လျှင် ထင်းတို့အား လွယ်ကူစွာ သင်ပြပေးနိုင်လေပြီ။

ထို့ပြင် (အင်နာဂျီ) အားသတ္တိဆိုသည်မှာလည်း "အက်တွမ်"မှ ထွက်ရှိလာသော အခြင်းအရာ အကျိုးတရားဖြစ်ရကား အကြောင်းမရှိဘဲ အကျိုးမဖြစ်ပေါ်နိုင်။ ထို့ကြောင့် သခ်ာတလောကဓာတ်ကြီး တွင် အကြောင်းနှင့်အကျိုးမျှသာ ရှိခြင်းကို ရှင်းလင်းသင်ပြရန် လွယ်ကူလာလေပြီ။

တတိယအချက်ကြီးမှာကား ၁၉၆၃-ခုနှစ်၊ ဩဂုတ်လအတွင်းတွင် လောကဓာတ်ဆရာအချို့ တွေ့ရှိသော **အင်တီ-ဗိုင်း-ဗီးရပ်** ခေါ် ရုပ်သဘာဝမမှန်ဖြစ်သော ဓာတ်တစ်ခုမှာ ဖြစ်ပေါ်လာပြီးလျှင် ထိုနေရာ၌ပင် ချက်ချင်း ကွယ်ပျောက်သွားသည်ကို တွေ့ရှိကြပြန်ရကား ရုပ်သဘာဝမမှန်အတွက် ဥဒယဗ္ဗယဉာဏ် မှန်ကန်ခြင်းကို လက်ညှိုးထိုးကာ ထောက်ခံခြင်းပင် ဖြစ်လာပြန်လေသည်။

သင်ပြနည်းတွင် (Known to Unknown) အသိတရားကို ပထမ ဖော်ပြလျက် မသိတရားမှာလည်း ဤအတိုင်းပင် ဆိုသည့်နည်းအရ ရုပ်တရားသည် ဖြစ်ပေါ်ပြီးလျှင် ထိုနေရာ၌ပင် ချက်ချင်း ကွယ်ပျောက်သွားဘိသကဲ့သို့ နာမ်တရားသည်လည်း ဖြစ်ပေါ်လာပြီးလျှင် ထိုနေရာ၌ပင် ချက်ချင်း ကွယ်ပျောက်သွားသည်ကို သဘောပေါက်အောင် သင်ပြပေးရန်မှာ လွယ်ကူလှပေတော့၏။

ဤတွင် နာမ်တရား လျင်မြန်စွာ ဖြစ်ပျက်ပုံကို ခိုင်လုံသော ပါဠိတော် ကိုးကားရန်မှာ စာမျက်နှာ ၇၁-တွင် ဖော်ပြထားသော "နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပသာမိ ယံ ဧဝံ လဟုပရိဝတ္တံ ယထယိဒံ စိတ္တံ"ဟူသော ပါဠိတော်ပင် ဖြစ်လေသည်။

ထိုမှတစ်ပါး ရုပ်တရား နာမ်တရား နှစ်ပါးလုံးတို့သည် ဖြစ်ပေါ်လာပြီးလျှင် ပျက်စီးကွယ်ပျောက်သွား ရသည့်အတွက် ကိုးကားရန်မှာ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အနမတဂ္ဂသံယုတ် နောက်ဆုံးသုတ်၌လာရှိသော

http://www.dhammadownload.com

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ပါဠိတော်ပင် ဖြစ်လေသည်။ အို-ရဟန်းတို့၊ သင်္ခါရတရားတို့သည် သြော်-အမြဲမရှိကုန်စွတကား၊ ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိကုန်၏။ ဖြစ်ပြီး၍ ချုပ်ပျက်တတ်ကုန်၏။ ထိုသင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာဌာန နိဗ္ဗာန်သည်ကား အလွန်တရာ ချမ်းသာလှပေ၏ဟု ဟောတော်မူလေသည်။

ဤသို့လျှင် ရုပ်တရား နာမ်တရားများသည် သဘာဝမမှအားဖြင့် အဖြစ်နှင့်အပျက်သာရှိခြင်း၊ အကြောင်းတရားနှင့် အကျိုးတရားမျှသာဖြစ်ခြင်း၊ အနိစ္စ ဒုက္ခ အနတ္တမျှသာ ဖြစ်ခြင်းတို့ကို လွယ်ကူစွာ သုတမယ ဉာဏ်အားဖြင့် သိရှိနိုင်စေရန် ဒေသနာတော်နည်းများနှင့်တကွ လောကဓာတ်ပညာနည်းတို့ဖြင့် ယောဂီကို လည်းကောင်း၊ အနောက်နိုင်ငံသားများကိုလည်းကောင်း သင်ကြားပြသပေးရမည်။

စိတ္တေန နိယျတိ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေ ဝသမန္ဝဂူတိ။

စိတ်သည် လောကကို ဆောင်အပ်၏။ စိတ်သည် လောကကို ဆွဲငင်အပ်၏။ အလုံးစုံသောတရားတို့ သည်သာလျှင် စိတ်ဟုဆိုအပ်သော တစ်ခုသောတရား၏အလိုသို့ အစဉ်လိုက်ရကုန်၏ဟု သဂါထာဝဂ္ဂ ဒေဝတာသံယုတ် ပါဠိတော် အဒ္ဓဝဂ် စာမျက်နှာ ၃၆-၌ ဟောတော်မူလေသည်။

ဒူရင်္ဂမံ ဧကစာရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

ဝေးသောအရပ်၌ တည်ရှိသော အာရုံသို့လည်း သွားတတ်သော၊ တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်သော ကိုယ်လည်းမဟုတ်ထသော၊ မဟာဘုတ်တည်းဟူသော လိုဏ်ဂူလျှင် တည်ရာရှိထသော စိတ်ကို အကြင် သူတို့သည် စောင့်စည်း ထိန်းသိမ်းနိုင်ကုန်၏။ ထိုစိတ်ကို စောင့်စည်း ထိန်းသိမ်းနိုင်သောသူတို့သည် ကိလေသာ မာရ် အနှောင်အဖွဲ့မှ လွတ်ကုန်လတ္တံ့။ (ဓမ္မပဒပါဠိတော် စိတ္တဝဂ်)။

အဒ္ဒသံ ကာမ တေ မူလံ၊ သင်္ကပ္ပါ ကာမ ဇာယသိ။
နာ တံ သင်္ကပ္ပယိဿာမိ၊ ဧဝံ ကာမ နဟောဟိသိ တိ။

ကာမ-ဟယ်. . ကာမ၊ တေ-သင်၏၊ မူလံ-ဖြစ်ပေါ်လာခြင်းအကြောင်းရင်းကို၊ အဒ္ဒသံ-ငါမြင်လေပြီ။ ကာမ-ဟယ်. . ကာမ၊ သင်္ကပ္ပါ-သင့်ကို စဉ်းစားစိတ်ကူးခြင်းကြောင့်၊ တွံ-သင် ကာမသည်၊ ဇာယသိ-ဖြစ်ပေါ်လာရ၏။ တံ-သင် ကာမကို၊ နာ သင်္ကပ္ပယိဿာမိ-ငါ မစဉ်းစား စိတ်မကူးတော့ပြီ။ ကာမ-ဟယ်. . ကာမ၊ ဧဝံ-ဤသို့ ကြံစည်စဉ်းစား စိတ်ကူးခြင်းမပြုခဲ့သော်၊ တွံ-သင် ကာမသည်၊ နာ ဟောဟိသိ-မဖြစ်ပေါ်နိုင်တော့ပြီ။ (မဟာနိဒ္ဒေသပါဠိတော် စာမျက်နှာ ၂၊ စာကြောင်းရေ ၈)။

နာ တေ ကာမာ ယာနိ စိတ္တာနိ လောကေ
သင်္ကပ္ပရာဂေါ ပုရိသဿ ကာမော။

လောကဌ် အကြင်အာရုံတို့သည် ဆန်းကြယ်ကုန်၏။ ထိုအာရုံတို့သည် ကာမဂုဏ်မမည်။ (သင်္ကပ္ပရာဂ) ကြံစည် စိတ်ကူး တပ်မက်မှုသည် ယောကျ်ားတို့၏ကာမဂုဏ် မည်၏။ (သဂါထာဝဂ္ဂ ဒေဝတာသံယုတ် သတုလ္လပကာယိကဝဂ် နသန္တိသုတ် စာမျက်နှာ ၂၁၊ မြန်မာပြန် ၂၁)။

http://www.dhammadownload.com

ကာမရာဂဗ္ဗာနိယာနံ ဘိက္ခဝေ ဓမ္မာနံ မနသိကာရ ဗဟုလီကာရာ
အနုပ္ပန္နော စေဝ ကာမစ္ဆန္ဒော ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နော စ
ကာမစ္ဆန္ဒော ဘိယ္ယောဘာဝါယ ဝေပုလ္လာယ သံဝတ္တတိ။
(မဟာဝဂ္ဂ သံယုတ်ဗောဇ္ဈင်သံယုတ် ဥဒါယိဝဂ် စာမျက်နှာ ၇၆)။

အို-ရဟန်းတို့၊ ကာမရာဂ၏ အကြောင်းဖြစ်ကုန်သော တရားတို့အား နှလုံးသွင်းခြင်း မနသိကာရကို များစွာပြုခြင်းကြောင့် မဖြစ်သေးသော (ကာမဂုဏ်၌ အလိုရှိခြင်း) ကာမစ္ဆန္ဒသည်လည်း ဖြစ်၏။ ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒသည်လည်း အတိုင်းထက်အလွန် ပွားများခြင်းငှာ ပြန့်ပြောခြင်းငှာ ဖြစ်၏။ (ထိုပါဠိတော်၌ ဆက်လက်လာရှိသည်မှာ-)

ဗျာပါဒဗ္ဗာနိယာနံ ဘိက္ခဝေ ဓမ္မာနံ
မနသိကာရ ဗဟုလီကာရာ အနုပ္ပန္နောစေဝ။

စသည်ဖြင့် အထက်ပါ ပါဠိတော်အတိုင်းပင် လာရှိ၏။

အို-ရဟန်းတို့၊ (မကောင်းကြံစည်ခြင်း) ဗျာပါဒ၏အကြောင်းဖြစ်ကုန်သော တရားတို့အား နှလုံးသွင်းခြင်းကို များစွာပြုခြင်းကြောင့် မဖြစ်သေးသော ဗျာပါဒသည်လည်း ဖြစ်၏။ ဖြစ်ပေါ်ပြီးသော ဗျာပါဒသည်လည်း အတိုင်းထက်အလွန် ပွားများခြင်းငှာ ပြန့်ပြောခြင်းငှာ ဖြစ်၏။

ဤဒေသနာတော်အရ ကာမဂုဏ်နှင့် စပ်သည်ကိုလည်းကောင်း၊ မကောင်း ကြံစည်စိတ်ကူးမှု စသည်တို့ကိုလည်းကောင်း စ၍ အနည်းငယ် အပေါ်ယံယိကပင် စိတ်မကူးရချေ။ စ၍ အနည်းငယ် လက်ခံမိသော် မီးစနက်တံပါသော ဗျောက်အိုးအတွဲပမာ ရုတ်တရက် ချက်ချင်း ပေါက်ကွဲလာပေတော့၏။

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္လိလေသေဟိ
ဥပက္လိလိဋ္ဌံ၊ တံ အသုတဝါ ပုထုဇ္ဇနော ယထာဘူတံ နပ္ပဇာနာတိ။
တသ္မာ အသုတဝတော ပုထုဇ္ဇနဿ စိတ္တဘာဝနာ နတ္ထီတိ ဝဒါမိတိ။
(အင်္ဂုတ္တိရ် ပါဠိတော် ဧကနိပါတ် အစ္ဆရာသင်္ဃာတဝဂ် စာမျက်နှာ ၉)။

အို-ရဟန်းတို့၊ ဤစိတ်သည် ပြိုးပြိုးပြက် တောက်ပ ဖြူစင်သောသဘော ရှိ၏။ ထိုစိတ်သည်ကား ဧည့်သည်သဖွယ် ဖြစ်ကုန်သော ညစ်ညူးကြောင်း ရာဂအစရှိသော ကိလေသာတို့ကြောင့် ညစ်နွမ်း၏။ ထိုညစ်နွမ်းသောစိတ်ကို အကြားအမြင်သုတမရှိသော ပုထုဇဉ်သည် ဟုတ်မှတ်သောအတိုင်းမသိ၊ ထို့ကြောင့် အကြား အမြင်သုတမရှိသော ပုထုဇဉ်အား စိတ်ကို ပွားစေခြင်းသည် မရှိဟူ၍ ငါဘုရားသည် ဟောတော်မူ၏။

ကိလေသာ ၁၀-ပါး၊ သံယောဇဉ် ၁၀-ပါး

ကိလေသာ ၁၀-ပါး၊ လောဘ, ဒေါသ, မောဟ, မာန, ဒိट्ठि, ဝိစိကိစ္ဆာ, ထိန, ဥद्ဓစ္စ, အဟိရိက, အနောတ္တပ္ပ။ (လက်သန်းအဋ္ဌကထာ သမုစ္စည်းပိုင်း။ ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍ)။

သံယောဇဉ် ၁၀-ပါး၊ (သုတ္တန်နည်း) ကာမရာဂသံယောဇဉ်, ရူပရာဂသံယောဇဉ်, အရူပရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, မာနသံယောဇဉ်, ဒိट्ठिသံယောဇဉ်, သီလဗ္ဗတုပရာမာသ သံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်, ဥद्ဓစ္စသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်။ (လက်သန်းအဋ္ဌကထာ သမုစ္စည်းပိုင်း။ တစ်မျိုးအင်္ဂုတ္တိရ် ပါဠိတော် နဝကနိပါတ် သတိပဋ္ဌာနဝဂ်။ မဟာဝဂ္ဂသံယုတ်ပါဠိတော် မဂ္ဂသံယုတ် ဩဃဝဂ်)။

http://www.dhammadownload.com

သံယောဇဉ် ၁၀-ပါး၊ (အဘိဓမ္မာနည်း) ကာမရာဂသံယောဇဉ်၊ ဘဝရာဂသံယောဇဉ်, ပဋိဃ သံယောဇဉ်, မာနသံယောဇဉ်, ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသ သံယောဇဉ်, ဝိစိကိစ္ဆာ သံယောဇဉ်, ဣဿာသံယောဇဉ်, မစ္ဆရိယသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်။ (လက်သန်းအဋ္ဌကထာ သမုစ္စည်းပိုင်း။ ဓမ္မသင်္ဂီပါဠိတော် နိက္ခေပကဏ္ဍ)။

ကထံ နု ခေါ ဘန္တေ ဇာနတော ကထံ ပဿတော
သံယောဇနာ ပဟီယန္တိတိ။ စက္ခု ခေါ ဘိက္ခု

အနိစ္စတော ဇာနတော ပဿတော သံယောဇနာ ပဟီယန္တိ။ ရူပေ။ စက္ခုဝိညာဏံ. . ပ. . တမ္မိ အနိစ္စတော ဇာနတော ပဿတော သံယောဇနာ ပဟီယန္တိ။ ဧဝံ ခေါ ဘိက္ခု ဇာနတော ဧဝံ ပဿတော သံယောဇနာ ပဟီယန္တိတိ။ ။ (သဠာယတနဝဂ္ဂသံယုတ် သဠာယတနသံယုတ် အဝိဇ္ဇာဝဂ် သံယောဇနပဟာနသုတ်)။

အရှင်ဘုရား၊ အဘယ်သို့သိသောသူအား အဘယ်သို့မြင်သောသူအား သံယောဇဉ်တို့ကို ပယ်အပ်ကုန်ပါသနည်း။ ။အို-ရဟန်း၊ စက္ခုပသာဒကို မမြဲသောအားဖြင့် သိသောသူအား မြင်သောသူအား သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏။ ရူပါရုံတို့ကို. . စက္ခုဝိညာဏ်ကို. . စက္ခုသမ္ဖဿကို. . အကြင်စက္ခုသမ္ဖဿဟူသောအကြောင်းကြောင့် ခံစားအပ်သော သုခဝေဒနာသည်လည်းကောင်း၊ ဒုက္ခဝေဒနာသည်လည်းကောင်း၊ အဒုက္ခ မသုခဝေဒနာသည်လည်းကောင်း ဖြစ်၏။ ထိုဝေဒနာကိုလည်း မမြဲသောအားဖြင့် သိသောသူအား မြင်သောသူအား သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏။

သောတပသာဒကို. . ဃာနပသာဒကို, ဇိဝှါပသာဒကို, ကာယပသာဒကို, စိတ်ကို, ဓမ္မာရုံတို့ကို, မနောဝိညာဏ်ကို, မနောသမ္ဖဿကို, အကြင်မနောသမ္ဖဿကြောင့်ဖြစ်သော ခံစားအပ်သော သုခဝေဒနာသည်လည်းကောင်း၊ ဒုက္ခဝေဒနာသည်လည်း ကောင်း၊ အဒုက္ခ မသုခဝေဒနာသည်လည်းကောင်း ဖြစ်၏။ ထိုဝေဒနာကိုလည်း မမြဲသောအားဖြင့် သိသောသူအား မြင်သောသူအား သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏။

သံယောဇဉ်၊ စက္ခုပသာဒသည် ရူပါရုံတို့အား နှောင်ဖွဲ့သလော၊ ရူပါရုံတို့သည် စက္ခုပသာဒအား နှောင်ဖွဲ့သလော. . ပ. . ၊ စိတ်သည် ဓမ္မာရုံတို့အား နှောင်ဖွဲ့သလော၊ ဓမ္မာရုံတို့သည် စိတ်အား နှောင်ဖွဲ့သလော စသည်ဖြင့် အရှင်မဟာကောဋ္ဌိကမထေရ်က မေးလျှောက်ရာ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်က စက္ခုပသာဒသည် ရူပါရုံတို့အား နှောင်မဖွဲ့၊ ရူပါရုံတို့သည်လည်း စက္ခုပသာဒအား နှောင်မဖွဲ့၊ ထိုစက္ခုပသာဒ ရူပါရုံတို့ကိုစွဲ၍ လိုချင်တပ်မက်မှု "ဆန္ဒရာဂ"သည် ဖြစ်၏။ ထိုဆန္ဒရာဂသည်သာလျှင် အနှောင်အဖွဲ့သံယောဇဉ်ပေတည်း။ . . ပ. . ။ စိတ်သည် ဓမ္မာရုံတို့အား နှောင်မဖွဲ့၊ ဓမ္မာရုံတို့သည်လည်း စိတ်အား နှောင်မဖွဲ့၊ ထို စိတ် ဓမ္မာရုံတို့ကိုစွဲ၍ လိုချင်တပ်မက်မှု "ဆန္ဒရာဂ"သည် ဖြစ်၏။ ထိုဆန္ဒရာဂသည်သာလျှင် ထိုနှောင်ဖွဲ့ရာ၌ အနှောင်အဖွဲ့သံယောဇဉ်ပေတည်း။

ဥပမာသော်ကား- နွားဖြူ နွားနက် နှစ်ကောင်သောနွားတို့ကို ကြိုးတစ်ချောင်းဖြင့် တွဲယှဉ် ချည်နှောင်ထားသည်ရှိသော် နွားဖြူသည် နွားနက်အား နှောင်မဖွဲ့၊ နွားနက်သည် နွားဖြူအား နှောင်မဖွဲ့၊ စင်စစ်သော်ကား ကြိုးသာလျှင် ထိုးနွားနှစ်ကောင်တို့၌ အနှောင်အဖွဲ့ သံယောဇဉ်ဖြစ်သကဲ့သို့ပေတည်းဟု ဖြေဆိုတော်မူလေသည်။ (သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် သဠာယတနသံယုတ် သမုဒ္ဒဝဂ် ကောဋ္ဌိကသုတ်)။

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ ယံ ဧဝံ အဘာဝိတံ
မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။
စိတ္တံ ဘိက္ခဝေ အဘာဝိတံ မဟတော အနတ္ထာယ သံဝတ္တတီတိ။
(အင်္ဂုတ္တိရ် ပါဠိတော် ဧကနိပါတ် အကမ္မနိယဝဂ် အပိဒ် ၂၃)။

http://www.dhammadownload.com

အို-ရဟန်းတို့၊ ဤစိတ်ကို သမထဝိပဿနာ၏အစွမ်းဖြင့် မပွားများစေအပ်သည်ရှိသော် ကြီးစွာသော အကျိုးမဲ့ခြင်းငှာဖြစ်ဘိသကဲ့သို့ ဤအတူ အကြင်သဘောတရားကို မပွားအပ်သည်ရှိသော် ကြီးစွာသော အကျိုးမဲ့ခြင်းငှာ ဖြစ်၏။ စိတ်မှတစ်ပါး ထို ကြီးစွာသော အကျိုးမဲ့ခြင်းငှာ ဖြစ်စေနိုင်သော တစ်ခုသောတရား ကိုမျှလည်း ငါဘုရား တွေ့မြင်တော်မမူ။ အို-ရဟန်းတို့၊ စိတ်ကို သမထဝိပဿနာ၏အစွမ်းဖြင့် မပွားများ အပ်သည်ရှိသော် ကြီးစွာသော အကျိုးမဲ့ခြင်းငှာ ဖြစ်၏ဟု ဟောတော်မူ၏။ (ယင်းပါဠိတော်၌ ဆက်လက် လာရှိသည်မှာ)

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ ယံ ဧवं ဘာဝိတံ
မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။
စိတ္တံ ဘိက္ခဝေ ဘာဝိတံ မဟတော အတ္ထာယ သံဝတ္တတီတိ။

အို-ရဟန်းတို့၊ ဤစိတ်ကို သမထဝိပဿနာ၏အစွမ်းဖြင့် ပွားများစေအပ်သည်ရှိသော် ကြီးစွာသော အကျိုးစီးပွားအလို့ငှာ ဖြစ်ဘိသကဲ့သို့ ဤအတူ အကြင်သဘောတရားကို ပွားများအပ်သည်ရှိသော် ကြီးစွာ သော အကျိုးစီးပွားအလို့ငှာဖြစ်၏။ စိတ်မှတစ်ပါးသော ထို ကြီးစွာသော အကျိုးစီးပွားအလို့ငှာ ဖြစ်စေနိုင်သော တစ်ခုသောတရားကိုမျှလည်း ငါဘုရား တွေ့မြင်တော်မမူ။ အို-ရဟန်းတို့၊ စိတ်ကို သမထဝိပဿနာ၏ အစွမ်းဖြင့် ပွားများအပ်သည်ရှိသော် ကြီးစွာသော အကျိုးစီးပွားအလို့ငှာ ဖြစ်၏ဟု ဟောတော်မူ၏။

ဒ္ဒိန္ဒံ စိတ္တာနံ ဧကဗ္ဗေ ပဝတ္တိ နာမ နတ္ထိ။

ဒ္ဒိန္ဒံ စိတ္တာနံ-နှစ်ပါးသောစိတ်တို့၏၊ **ဧကဗ္ဗေ**-တစ်ခုတည်းသော ခဏ၌၊ **ပဝတ္တိနာမ**-ဖြစ်ခြင်း မည်သည်၊ **နတ္ထိ**-မရှိ။ (ဇိနာလင်္ကာရ ဋီကာ တိပါဋိဟာရိယ ဝဏ္ဏနာ)။

ဒ္ဒိန္ဒဉ္စ စိတ္တာနံ ဧကဗ္ဗေ ပဝတ္တိ နာမ နတ္ထိ။

စိတ်သည် တစ်ချိန်တည်းတွင် နှစ်လုံးဖြစ်ပေါ်သည်မရှိ။ (သုတ်သီလက္ခန်အဋ္ဌကထာ ဗြဟ္မဇာလသုတ်)။

ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊ ပစ္ဆိမံ ဇာယတေ တတော။

ရှေ့ဖြစ်သောစိတ်သည် ပျက်စီး၏။ ထိုသို့ ရှေ့စိတ်ပျက်စီးသည်၏ အခြားမဲ့၌ နောက်စိတ်သည် ဖြစ်ပေါ်၏။ (ဝိသုဒ္ဓိမဂ် ကခ်ီဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ စာမျက်နှာ ၂၃၉)။

အတ္ထနော သဘာဝံ ဓာရေတီတိ ဓာတု။

ဓာတ်ဟူသည် မိမိသဘောကို မိမိ ဆောင်တတ်သောကြောင့် ဓာတ်မည်၏။ (ဋီကာကျော်သမုစ္စည်းပိုင်း)

ရူပ် ၂၈-ပါး၊ စိတ်နှင့်စေတသိက် ၅၃-ပါး၊ ထို ၈၁-ပါးသော ဓာတ်တို့သည် မိမိသဘောကို မိမိတို့ ဆောင်ကြကုန်၏ဟု ဆိုရသော်လည်း တာရှည်စွာ တည်နေသည်မဟုတ်၊ ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ထိုဖြစ်ပေါ်သောနေရာ၌ပင် **ချက်ချင်း ချုပ်ပျောက်ခြင်းကို နားလည်အောင် သင်ပြပေးထားရပေမည်။**

ယောဂီစိတ်တွင် ပထဝီဆိုလျှင် စိုက်လိုက်မတ်တတ် ထင်မှတ်နေတတ်ကြ၏။ အမှန်ကား ပထဝီ ဆိုသော စကားမဆုံးမီ ပထဝီဓာတ်သည် ဖြစ်ပေါ် ချုပ်ပျောက်သွားရလေပြီ။ ဝေဒနာဆိုလျှင် ဝေဒနာ ဆိုသော စကားမဆုံးမီ ဝေဒနာဓာတ်သည် ဖြစ်ပေါ် ချုပ်ပျောက်သွားရလေပြီ။

ရူပ် ၂၈-ပါးသည်လည်းကောင်း၊ စိတ်နှင့်စေတသိက် ၅၃-ပါး၊ **ထို ၈၁-ပါးတို့သည် လက်ဖျစ်တစ်တွက်** **တွင် အကြိမ်ပေါင်းများစွာ** ဖြစ်ပျက်နေသည်ဆိုခြင်းကို ယောဂီစိတ်တွင် စွဲမြဲလာအောင် ဝိထိစိတ် ဖြစ်စဉ် ဖြင့် ထပ်ကာ ထပ်ကာ သင်ပြပေးထားရပေမည်။

http://www.dhammadownload.com

ခန္ဓာငါးပါး၏ အနိစ္စသဘောအတွက် ဝိသုဒ္ဓိမဂ် ပဋိပဒါဉာဏဒဿနခန်း၌ (ဆရာတော် ဦးနန္ဒမာလာ ဘာသာပြန် ၁၃၁၆-ခုနှစ်နှိပ် တတိယတွဲ စာမျက်နှာ ၄၀၀) ခန္ဓာငါးပါးသည် **ဖြစ်ပြီး၍ အရှည်မတည် လျင်မြန်စွာ ပျက်စီးခြင်းကြောင့် အနိစ္စမည်၏**ဟု အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုတော်မူခဲ့လေပြီ။

နာမ်ခန္ဓာ ၄-ပါးတို့သည် တစ်ချိန်တည်း ဖြစ်ပေါ်ပြီးလျှင် တစ်ချိန်တည်း တစ်ခဏချင်းပင် ချုပ်ပျောက်သွားကြသော်လည်း "**အတ္တနော သဘာဝံ ဓာရေတိတိ ဓာတု**"ဟူသည်နှင့်အညီ မိမိတို့ မိမိတို့၏ ကိစ္စတို့ကို အသီးသီး ဆောင်ရွက်သွားကြလေသည်။ ဥပမာဆိုသော် ရုပ်ရှင်ပြပွဲတွင် ရုပ်ရှင်ကျွဲကော်ကားကလေးများသည် တစ်ခုချင်းအနေဖြင့် မိမိတို့၏ကိစ္စကို မိမိ ဆောင်ရွက်သွားသကဲ့သို့ပင် ဖြစ်၏။

နာမ်ခန္ဓာ ၄-ပါးတို့သည် တစ်ခဏချင်းတွင် မိမိတို့ မိမိတို့၏ကိစ္စကို ဆောင်ရွက်သွားကြသည် ဆိုရာဝယ် အဘယ် နာမ်ခန္ဓာသည် အဘယ်ကိစ္စကို ဆောင်ရွက် ဆောင်ရွက်သွားပါသနည်းဟူမူ-

ကိဉ္စ ဘိက္ခဝေ ဝေဒနံ ဝဒေထ။
ဝေဒယတိတိ ခေါ ဘိက္ခဝေ တသ္မာ ဝေဒနာတိ ဝုစ္စတိ။

အို-ရဟန်းတို့၊ အဘယ့်ကြောင့် ဝေဒနာဟူ၍ ဆိုကုန်သနည်းဟူမူ အို-ရဟန်းတို့၊ ခံစားတတ်၏။ ထို့ကြောင့် ဝေဒနာဟူ၍ ဆိုအပ်ပေသည်။

ကိဉ္စ ဘိက္ခဝေ သညံ ဝဒေထ။
သဉ္ဇာနာတိတိ ခေါ ဘိက္ခဝေ တသ္မာ သညာတိ ဝုစ္စတိ။

အို-ရဟန်းတို့၊ အဘယ့်ကြောင့် သညာဟူ၍ ဆိုကုန်သနည်းဟူမူ အို-ရဟန်းတို့၊ မှတ်တတ်၏။ ထို့ကြောင့် သညာဟူ၍ ဆိုအပ်၏။

ကိဉ္စ ဘိက္ခဝေ သင်္ခါရေ ဝဒေထ၊ သင်္ခတ မဘိ
သင်္ခရောန္တိတိ ခေါ ဘိက္ခဝေ တသ္မာ သင်္ခါရာတိ ဝုစ္စတိ။

အို-ရဟန်းတို့၊ အဘယ့်ကြောင့် သင်္ခါရတို့ဟူ၍ ဆိုကုန်သနည်းဟူမူ အို-ရဟန်းတို့၊ ပြုပြင် စီရင်ခြင်းကို အထူးသဖြင့် ပြုပြင်စီရင်တတ်ကုန်၏။ ထို့ကြောင့် သင်္ခါရတို့ဟူ၍ ဆိုအပ်ကုန်၏။

ကိဉ္စ ဘိက္ခဝေ ဝိညာဏံ ဝဒေထ။
ဝိဇာနာတိတိ ခေါ ဘိက္ခဝေ တသ္မာ ဝိညာဏန္တိ ဝုစ္စတိ။

အို-ရဟန်းတို့၊ အဘယ့်ကြောင့် ဝိညာဏ်ဟူ၍ဆိုကုန်သနည်းဟူမူ အို-ရဟန်းတို့။ သိတတ်၏။ ထို့ကြောင့် ဝိညာဏ်ဟူ၍ ဆိုအပ်၏။

(ဤသို့လျှင် နာမ်ခန္ဓာလေးပါးတို့သည် အသီးသီး မိမိတို့၏ကိစ္စကို မိမိတို့ဆောင်ရွက်သွားကြကုန်၏။ (ခန္ဓဝဂ္ဂ ခန္ဓသံယုတ်ပါဠိတော် ခဇနီယဝဂ် ခဇနီယသုတ်)။

စိတ္တကွဏမျှသာ အသက်ရှင်ပုံကို ဝိထိစိတ်အစဉ်ဖြင့် ရှင်းပြပေးရန်။

ပရမတ္ထသဘာဝအားဖြင့် သတ္တဝါတို့၏စိတ်သည် အလွန်တိုတောင်းလှ၏။ လှည်းသည် ဆယ်မိုင်သွားသည်ဆိုရာ၌ လှည်းဘီးသည် တစ်ချိန်တည်း၌ မြေပေါ်တွင် ဆယ်မိုင်တည်ရှိနေသည်မဟုတ်၊ လက်

http://www.dhammadownload.com

တစ်ဝါးခန့်ရှိသော မြေပေါ်၌ တည်ရှိခြင်းဖြစ်၏။ ပြဟ္မာကြီးသည် ကမ္ဘာဆက်၍ အသက်ရှည်သည်ဆိုရစေ ကာမူ အမှန်အားဖြင့် ဥပါဒ် ဌိ ဘင် မျှသာဖြစ်သော စိတ္တက္ခဏတစ်ခုမျှသာ အသက်ရှင်ခြင်းကာလရှိ၏။ ဝိသုဒ္ဓိမဂ် အနုဿတိ ကမ္မဋ္ဌာနနိဒ္ဒေသ၊ စာမျက်နှာ ၂၃၀၊ မြန်မာပြန် ပထမတွဲ စာမျက်နှာ ၄၇၃ ၌-

ဧဝမေဝ ဧကစိတ္တက္ခဏိကံ သတ္တာနံ ဇီဝိတံ၊
တသ္မိံ စိတ္တေ နိရုဒ္ဓမတ္တေ သတ္တာ နိရုဒ္ဓါတိ ဝုစ္စတိ။

ထိုအတူသာလျှင် သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် တစ်ခုသော စိတ္တက္ခဏကာလမျှ ရှိ၏ဟု အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုတော်မူခဲ့လေသည်။ (ဤတွင်လည်း ဝိထိစိတ်ဖြစ်စဉ်ဖြင့် ရှင်းပြရာ၏)။

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။

ကံကို ပြုတတ်သောသူမရှိ၊ အကျိုးဝိပါက်ကို ခံစားတတ်သောသူသည်လည်း မရှိ၊ သက်သက်သော နာမ်ရုပ်ဟုဆိုအပ်သော တရားတို့သာလျှင် ဖြစ်ကုန်၏။ ဤသို့ ပြဆိုပြီးသော သဘောရှိသော ထိုထိုသော ဉာဏ်အမြင်သာလျှင် မဖောက်မပြန် ဟုတ်မှန်သော အမြင်သည် ဖြစ်၏။

ကမ္မံ နတ္ထိ ဝိပါကမှိ၊ ပါကော ကမ္မေ နဝိဇ္ဇတိ။
အညမညံ ဥဘော သုညာ၊ နစ ကမ္မံ ဝိနာ ဖလံ။

ဝိပါက်၌ ကံသည်မရှိ၊ ဝိပါက်သည် ကံ၌မရှိ၊ ကံနှင့်ဝိပါက် နှစ်ပါးတို့သည် အချင်းချင်း တစ်ပါးသည် တစ်ပါး၏သဘောမှ ဆိတ်ကုန်၏။ ကံကိုကြဉ်၍ အကျိုးသည် ဖြစ်လည်းမဖြစ်သာတည်း။ ။ ဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ (ဆရာတော် အရှင်နန္ဒမာလာ ဘာသာပြန် စာမျက်နှာ ၂၇၅)။

အဒဿနတော အာယန္တိ၊ ဘဂ်ီ ဂစ္ဆန္တ္ဝ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စာတိ။

မမြင်အပ်သည်မှ လာကုန်၏။ ပျက်ကုန် ပျက်ကုန်ပြီးသော သခ်ါရတို့သည်လည်း မမြင်အပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။ ကောင်းကင်၌ လျှပ်စစ်ပြက်သကဲ့သို့ ဖြစ်လည်းဖြစ်ကုန်၏။ ပျက်လည်းပျက်ကုန်၏။ ဤသို့သောအနက်သည် ထင်ရှား၏။ (မဟာနိဒ္ဒေသ ပါဠိတော် အဋ္ဌကဝဂ် ဂုဟဋ္ဌက သုတ္တနိဒ္ဒေသ၌ လည်းကောင်း၊ ဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိခန်း၌လည်းကောင်း လာရှိ၏။)

အဟံ ဝိပဿာမိ မမ ဝိပဿနာတိ ဂဏှတော ဟိ
ဒိဋ္ဌိ သမုဋ္ဌိဋ္ဌနံ နာမ နဟောတိ၊ သခ်ါရာဝ သခ်ါရေ
ဝိပဿန္တိ သမ္မသန္တိ။ (ဝိသုဒ္ဓိမဂ်, မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိနိဒ္ဒေသ)။

ငါသည် ဝိပဿနာရှုအံ့၊ ငါ၏ဝိပဿနာတည်း။ ဤသို့ယူသော ယောဂီအား ဒိဋ္ဌိ၏ပျောက်ခြင်း ကွာခြင်းမည်သည် မဖြစ်။ (ပန-သင့်လျော်ပုံကို ဆိုသော်) သခ်ါရတို့သည်သာလျှင် သခ်ါရတို့ကို ရှုကုန်၏။ သုံးသပ်ကုန်၏။

အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟတိ။
ဒုက္ခတော အနုပဿန္တော သုခသညံ ပဇဟတိ။
အနတ္တတော အနုပဿန္တော အတ္တသညံ ပဇဟတိ။

အနိစ္စအားဖြင့် အဖန်ဖန်ရှုသော် မြဲ၏ဟူသော အမှတ်သညာကို ပယ်စွန့်၏။
ဒုက္ခအားဖြင့် အဖန်ဖန်ရှုသော် သုခဟူသော အမှတ်သညာကို ပယ်စွန့်၏။

http://www.dhammadownload.com

အနတ္တအားဖြင့် အဖန်ဖန်ရှုသော် အတ္တဟူသောအမှတ်သညာကို စွန့်၏။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော် မဟာဝဂ်, ဉာဏကထာ, ဘဂ်ါနုပဿနာဉာဏ်။ ဆဋ္ဌမ ဘာသာပြန် စာမျက်နှာ ၇၃)။

ဥပ္ပါဒေါ ဘယံ အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ။
ဥပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခန္တိ သန္တိပဒေ ဉာဏံ။
ဥပ္ပါဒေါ သခါရာ အနုပ္ပါဒေါ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

ဖြစ်ပေါ်ခြင်းသည် ဘေးမည်၏။ မဖြစ်ပေါ်ခြင်းသည် ဘေးကင်းရာ မည်၏။
ဖြစ်ပေါ်ခြင်းသည် ဆင်းရဲဒုက္ခတည်း။ မဖြစ်ပေါ်ခြင်းသည် ချမ်းသာသုခတည်း။
ဖြစ်ပေါ်ခြင်းသည် သခါရတို့ မည်ကုန်၏။ မဖြစ်ပေါ်ခြင်းသည် နိဗ္ဗာန်မည်၏။ (အထက်၌ ဖော်ပြအပ်သော ပါဠိတော် အာဒီနဝဉာဏ်)။

ပဠုက္ခေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိ ပဋိလဘတိ။
.... ဒုက္ခတော .... ॥
.... အနတ္တတော .... ॥
ခန္ဓာငါးပါးကို အနိစ္စ ဟုရှုသော် မဂ်နှင့်လျော်သော အနုလောမဉာဏ်ကို ရ၏။
॥ ဒုက္ခ .... ॥
॥ အနတ္တ .... ॥

(ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဝိပဿနာ ကထာ)။

တိဝိဓေ သုဂတိ ဘဝေ ပိ နာဘိရမတိ။
တိသု ပန အနုပဿနာသုယေဝ ရမတိ။

ကာမသုဂတိ စသော သုဂတိဘုံသုံးတန်တို့၌လည်း မမွေ့လျော်။ စင်စစ်သော်ကား အနုပဿနာသုံးပါးတို့၌သာလျှင် မွေ့လျော်၏။ (ဝိသုဒ္ဓိမဂ်, ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ နိဒ္ဒေသ နိဋ္ဌိဒါနုပဿနာဉာဏ်)။

ဇေတဝန်ကျောင်းတော်ရှိ မြက် ထင်း သစ်ခက်
သစ်ရွက်တို့ကို မီးလောင်သည်ရှိသော်. . ။

သင်္ဘာယတနဝဂ္ဂသံယုတ် ပါဠိတော် သင်္ဘာယတနသံယုတ် သင်္ဘဝဂ် နတုမှာကသုတ်၌ ဟောတော်မူသည်မှ အတိုချုပ်သဘောကို လွယ်ကူစွာ နားလည်နိုင်စေရန် ကောက်နုတ် ဖော်ပြပေအုံ့။

အို-ရဟန်းတို့၊ ဥပမာအားဖြင့်ဆိုသော် ဇေတဝန်ကျောင်းတော်၌ရှိသော မြက် ထင်း သစ်ခက် သစ်ရွက်တို့ကို မီးရှို့သည်ရှိသော် မီးလောင်သည်ရှိသော် ငါတို့ လူအပေါင်းတို့သည် မီးရှို့ကြကုန်၏။ မီးလောင်စေကြကုန်၏ဟူ၍ သင်တို့၏စိတ်၌ ဖြစ်ပေါ်မလာကြကုန်။ အဘယ်ကြောင့်ဟူမူကား ဤ မြက် ထင်း သစ်ခက် သစ်ရွက်တို့သည် သင်တို့၏ဥစ္စာမဟုတ်သောကြောင့်ပေတည်း။ မျက်စိ နား နှာ စသည်တို့ကိုပယ်ရန်။

ယမ္မိ ဘိက္ခဝေ နတုမှာကံ တံ ပဇဟထ။ တံ ဝေါ
ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ. . ။

အို-ရဟန်းတို့။ အကြင်တရားသည် သင်တို့၏ဥစ္စာမဟုတ်၊ ထိုတရားကို ပယ်စွန့်ကြကုန်လော့။ ထိုသဘောတရားကို ပယ်စွန့်သည်ရှိသော် သင်တို့အား အကျိုးများခြင်းငှာ ချမ်းသာသုခ ဖြစ်ခြင်းငှာ ဖြစ်လတ္တံ့။

စက္ခုပသာဒ ရူပါရုံ စက္ခုဝိညာဏ် စက္ခုသမ္ဖဿ စက္ခုသမ္ဖဿဇာဝေဒနာတို့သည် သင်တို့၏ဥစ္စာမဟုတ်၊ ၎င်းတို့ကို ပယ်စွန့်ကြကုန်လော့။

http://www.dhammadownload.com

သောတ ဃာန ဇိဝှါ ကာယ မနတို့သည်လည်းကောင်း၊ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မတို့သည်လည်းကောင်း။

သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ်တို့သည်လည်းကောင်း။

သောတသမ္ဖဿဇာဝေဒနာ, ဃာနသမ္ဖဿဇာဝေဒနာ, ဇိဝှါသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာ ဝေဒနာ, မနောသမ္ဖဿဇာဝေဒနာတို့သည်လည်းကောင်း။

သင်တို့၏ဥစ္စာမဟုတ်၊ ၎င်းတို့ကို ပယ်စွန့်ကြကုန်လော့၊ ထိုသဘောတရားတို့ကို ပယ်စွန့်သည်ရှိသော် သင်တို့အား အကျိုးများခြင်းငှာ ချမ်းသာသုခဖြစ်ခြင်းငှာ ဖြစ်လတ္တံ့ဟု ဟောကြားတော်မူ၏။

ဝိပဿနာဘာဝနာ ပွားများရာတွင် လိုရင်းပဓာနအချက်တို့ကို လွယ်ကူစွာ သဘောပေါက်လာနိုင်စေရန် **ဤဇေတဝန်ကျောင်းတော်** ဒေသနာတော်နှင့် တွဲဖက်လျက် အနတ္တလက္ခဏာသုတ်, ပဋိစ္စသမုပ္ပါဒ် ဒေသနာ တော် ဓမ္မစက္ကပဝတ္တနသုတ်တို့၏သဘောကိုပါ ထည့်သွင်း ရှင်းလင်း ဖော်ပြပေးအပ်ရာ၏။ ထို့နောက် နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် အနမတဂ္ဂသံယုတ် ဒုတိယဝဂ်၊ နောက်ဆုံး ဝေပုလ္လသုတ်၌ လာရှိသည်တို့မှ အတိုချုပ် ကောက်နုတ်လျက် အောက်တွင်ဖော်ပြထားသောသဘောကို (သတ္တဝါတို့၏) အနိစ္စ သဘာဝဓမ္မမျှသာ ဖြစ်ပုံ၊ ဒုက္ခသဘာဝ ဓမ္မမျှသာရှိပုံ၊ အနတ္တသဘာဝဓမ္မမျှသာ ဖြစ်ခြင်းတို့ကို သဘော ပေါက်လာသည်အထိ ရှင်းလင်း သင်ပြပေးရာ၏။

ဝေပုလ္လသုတ်၌လာရှိသော အတိုချုပ်ကား

အို-ရဟန်းတို့၊ ဤဝေပုလ္လတောင်၌ ရှေးအခါက လူတို့၏အသက် လေးသောင်းတမ်းတွင် ကကုသန် မြတ်စွာဘုရား ပွင့်တော်မူလျက် ပရိနိဗ္ဗာန်ပြုသွားရလေပြီ။ ထိုစဉ်အခါက လူတို့သည်လည်း အားလုံးတို့ပင် လျှင် သေကြေ ပျက်စီးသွားကြရလေပြီ။

ထို့နောက် အသက်သုံးသောင်းတမ်းတွင် ကောဏာဂုံမြတ်စွာဘုရား ပွင့်တော်မူလျက် ပရိနိဗ္ဗာန် ပြုသွားရလေပြီ။ ထိုအခါက လူတို့သည်လည်း အားလုံးတို့ပင်လျှင် သေကြေ ပျက်စီးသွားရလေပြီ။

ထိုမှတစ်ဖန် အသက်နှစ်သောင်းတမ်းတွင် ကဿပမြတ်စွာဘုရား ပွင့်တော်မူလျက် ပရိနိဗ္ဗာန် ပြုသွား ရလေပြီ။ ထိုစဉ်အခါက လူတို့သည်လည်း အားလုံးတို့ပင်လျှင် သေကြေ ပျက်စီးသွားရလေပြီ။

ယခုသော် လူတို့၏အသက် တစ်ရာတမ်းတွင် ငါဘုရားသည် ထင်ရှားပွင့်လာ၏။ သာရိပုတ္တရာသည် လည်းကောင်း၊ မောဂ္ဂလာန်သည်လည်းကောင်း တပည့်ကောင်းအစုံတို့သည် ရှိလာကုန်၏။

> အို-ရဟန်းတို့၊ ငါဘုရားသည် ပရိနိဗ္ဗာန်ပြုရလတ္တံ့၊ တပည့်အပေါင်း နှင့်တကွ ဤလူအပေါင်းတို့သည်လည်း သေကြရကုန်လတ္တံ့၊ အို-ရဟန်းတို့၊ သခ်ါရတရားတို့သည် မမြဲကြကုန်။ ။ အို-ရဟန်းတို့၊ သခ်ါရတရားတို့၌ အလွန်ပြီးငွေ့ခြင်းငှာ သင့်လှပေတော့၏။ တပ်ခြင်းကင်းခြင်းငှာ သင့်လှပေ တော့၏။ . . . ။

စသည်ဖြင့် ဟောကြားတော်မူပြီးနောက် အောက်တွင်လာရှိသော သာမုဏ္ဏသိကပါဠိတော်ကို ဟောကြား တော်မူ၏။ (ဤဒေသနာတော်ကို ဗုဒ္ဓဘာသာဝင်တိုင်း အရဆောင်ထားလျက် အခါမပြတ် ရွတ်ဆိုပွားများ အပ်၏။ သူတစ်ပါးအားလည်း သင်ပြပေးအပ်လေသည်)။

အနိစ္စာ ဝတ သခ်ါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

အို-ရဟန်းတို့၊ သခ်ါရတရားတို့သည် ပြောင်-အမြဲမရှိကုန်စွတကား၊ ဖြစ်ခြင်းပျက်ခြင်းသဘောရှိကုန် ၏။ ဖြစ်ပြီး၍ ချုပ်ပျက်တတ်ကုန်၏။ ထိုသခ်ါရတရားတို့၏ ချုပ်ငြိမ်းရာဌာန အမတနိဗ္ဗာန်သည်ကား အလွန်

http://www.dhammadownload.com

တရာ ချမ်းသာလှပေ၏ဟု ဟောတော်မူ၏။ (ဤတွင် အနိစ္စဟူသည် ဒုက္ခနှင့်အနတ္တဖြစ်ခြင်းကို ထင်ရှား လာစိမ့်သောငှာ စာမျက်နှာ ၉၄-၌ "ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ၊ တံ ဒုက္ခံ. . "ဟု ဟောတော်မူအပ်သော ပါဠိတော်နှင့် ယှဉ်တွဲ ရှင်းလင်း သင်ပြပေးရာ၏)။

ဒုက္ခသ ဘိက္ခဝေ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ
ဒေသေဿာမိ၊ တံ သုဏာထ . . . ။

အို-ရဟန်းတို့၊ ဆင်းရဲဒုက္ခ၏ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်ကြောင်းကိုလည်းကောင်း ဟောကြား ပေအံ့။ ထိုတရားတို့ကို နာကြကုန်လော့။ (သဠာယတနဝဂ္ဂ သဠာယတနသံယုတ်ပါဠိတော် ယောဂကျွေမိဝဂ် တတိယသုတ်)။ ထိုမှ ဆက်ကာ လာရှိသည်မှာ-

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။
တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ။
ဝေဒနာပစ္စယာ တဏှာ။ အယံ ဒုက္ခသ သမုဒယော။

စက္ခုပသာဒကိုလည်းကောင်း၊ ရူပါရုံတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ (စက္ခု-ရူပါရုံ-စက္ခုဝိညာဏ်) သုံးပါးသောတရားတို့၏ ပေါင်းဆုံမိခြင်းသည် "ဖဿ"မည်၏။ ဖဿဟူသော အကြောင်းကြောင့် "ဝေဒနာ"သည် ဖြစ်၏။ ဝေဒနာဟူသောအကြောင်းကြောင့် "တဏှာ"သည် ဖြစ်၏။ ဤသည်ကား ဆင်းရဲဒုက္ခ၏ ဖြစ်ကြောင်းပေတည်း။ (ဤအတိုင်းပင် သောတ ဃာန စသည်တို့အတွက်လည်း လာရှိလေသည်။ ထိုမှတစ်ပါး ဆက်လက်လာရှိပြန်သည်မှာ-

ကတမောစ ဘိက္ခဝေ ဒုက္ခသ အတ္ထင်္ဂမော။
စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓာ ဥပါဒါန နိရောဓော။ ဥပါဒါန နိရောဓာ ဘဝနိရောဓော။ ဘဝနိ ရောဓာ ဇာတိနိရောဓော။ ဇာတိနိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာ သာ နိရုဇ္ဈန္တိ၊ ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ အယံ ဒုက္ခသ အတ္ထင်္ဂမော။

အို-ရဟန်းတို့၊ ဆင်းရဲဒုက္ခ၏ချုပ်ကြောင်းသည် အဘယ်နည်းဟူမူကား စက္ခုပသာဒကိုလည်းကောင်း၊ ရူပါရုံတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ သုံးခုသောတရားတို့၏ ပေါင်းဆုံမိခြင်းသည် ဖဿမည်၏။ ဖဿဟူသောအကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏။ ဝေဒနာဟူသောအကြောင်းကြောင့် တဏှာသည် ဖြစ်၏။ ထိုတဏှာ၏သာလျှင် အကြွင်းမရှိ အရိယမဂ်ဖြင့် ချုပ်ခြင်းကြောင့် ဥပါဒါန်၏ ချုပ်ခြင်းသည် ဖြစ်၏။ ဥပါဒါန်၏ချုပ်ခြင်းကြောင့် ဘဝ၏ချုပ်ခြင်းသည် ဖြစ်၏။ ။ ဘဝ၏ချုပ်ခြင်းကြောင့် ဇာတိ၏ချုပ်ခြင်းသည် ဖြစ်၏။ ဇာတိ၏ချုပ်ခြင်းကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာ ခြင်း၊ ပြင်းစွာပူပန်ခြင်းတို့သည် ချုပ်ကုန်၏။ ဤသို့ အလုံးစုံသော ထို ဆင်းရဲ ဒုက္ခအစု၏ ချုပ်ခြင်းသည် ဖြစ်၏။ အို-ရဟန်းတို့၊ ဤသည်ကား ဆင်းရဲဒုက္ခ၏ချုပ်ခြင်းပေတည်း။ (ဤအတိုင်းပင် သောတ ဃာန စသည်တို့အတွက်လည်း ဟောတော်မူလေသည်။ ။ ဤတွင် သင်ပြပေး လျက်ရှိသော မဟာသတိပဋ္ဌာန် ပါဠိတော် စာမျက်နှာ ၂၉-နှင့် ၁၃၅-၌ လာရှိသည့် သမုဒယသစ္စနိဒ္ဒေသကို သင်ပြပေးရန်။)

တဏှာ ဒုတိယော ပုရိသော၊ ဒီဃ မဒ္ဓါန သံသာရံ။
ဣတ္ထဘာဝညထာဘာဝံ၊ သံသာရံ နာတိဝတ္တတိ။

http://www.dhammadownload.com

တဏှာလျှင် ဒုတိယအဖော်သဟဲရှိသော သတ္တဝါသည် ရှည်ကြာလှစွာသော ကာလပတ်လုံး တပြောင်းပြန်ပြန် ကျင်လည်ပြေးသွားလျက် ဤဘဝမှသည် တစ်ပါးသောဘဝသို့ ကူးပြောင်းရသော သံသရာကို မလွန်မြောက်နိုင်။ (သုတ္တနိပါတ် ပါဠိတော် မဟာဝဂ် ဒွယတာနုပဿနာသုတ်၌လည်းကောင်း၊ အဂုံတ္တိရ်ပါဠိတော် စတုက္ကနိပါတ် ပထမဆုံးဝဂ် တဏှာပ္ပါဒသုတ်၌လည်းကောင်း ထိုထိုသောပါဠိတော်များတွင် များစွာ လာရှိ၏)။

ဤပါဠိတော်မှာ ဝိပဿနာဘာဝနာကို ကျွန်စွာ သင်ပြနိုင်သော ကမ္မဋ္ဌာန်းနည်းပြဆရာတိုင်းလိုလိုပင် ရွတ်ဆိုရှင်းလင်း သင်ပြပေးလေ့ရှိသော ပါဠိတော်ဖြစ်လေသည်။

ဤတွင် အနည်းငယ် ဖော်ပြလိုသည်မှာ ယောဂီသူမြတ်သည် မည်သည့်နေရာ၌နေသည်ဖြစ်စေ ဝိပဿနာဘာဝနာကို ဆင်ခြင် ပွားများနေသူ ဖြစ်ရကား တဏှာကို လက်သင့်မခံ၊ တဏှာကို ဒုတိယအဖော်သဟဲတစ်ဦးအဖြစ်ဖြင့် လက်ခံ နှီးနှောနေသူ မဟုတ်ချေ။ စာမျက်နှာ ၉၀-၌ ဖော်ပြထားသော ဓမ္မဝိဟာရီပုဂ္ဂိုလ်ဖြစ်လျက် ရှိနေ၏။

တစ်ဖက်တွင်သော်ကား အိမ်တွင် တစ်ဦးတည်းနေသည်ဖြစ်စေ၊ ကျောင်းတွင် တစ်ဦးတည်းနေသည်ဖြစ်စေ၊ ဂူတွင်းတွင် တစ်ဦးတည်းနေသည်ဖြစ်စေ ဝိပဿနာဘာဝနာ ပွားများမှုကို လွတ်လျက် ထိုထို ဤဤတို့ကို စဉ်းစားကာနေခြင်းသည် တစ်ဦးတည်းနေသူမဟုတ်၊ တဏှာတည်းဟူသော ဒုတိယသတ္တဝါ တစ်ဦးကို လက်သင့်ခံကာ နှီးနှောနေခြင်းဖြစ်၏။

ထိုအခါ ဂူတွင်းတွင်နေလျက်ပင် စာမျက်နှာ ၇၃-၌ ဆဆက္ကသုတ်လာကို ဖော်ပြခဲ့သည့်အတိုင်း ကြိုက်လျှင် လောဘ၊ မကြိုက်လျှင် ဒေါသ၊ အမှတ်တမဲ့နေလျှင် မောဟ တစ်ခုခုဖြစ်၍ နေပေတော့၏။

ထိုမှတစ်ပါး စာမျက်နှာ ၇၅-မာလုက္ကျပုတ္တဒေသနာတော်၌ လာရှိသည့်အတိုင်း "..ပိယံ နိမိတ္တံ မနသိကရောတော.." စသည်တို့ ဖြစ်နေပြန်ကလည်း "တဏှာ ဒုတိယော ပုရိသော.." ဖြစ်ကာ နိဗ္ဗာန်နှင့် ဝေးရပြန်လေပြီ။

ထို့ပြင် စာမျက်နှာ ၇၈-တွင် "ကုသလော ဓမ္မော အကုသလသ ဓမ္မသ အာရမ္မဏပစ္စယေနပစ္စယော ဒါနံ ဒတ္တာ သီလံ သမာဒိယိတ္တာ ဥပေါသထကမ္မံ ကတ္တာ တံ အဿာဒေတိ အဘိနန္ဒတိ.." ဖြစ်နေပြန်ကလည်း "တဏှာ ဒုတိယော ပုရိသော.." ဖြစ်ကာ နိဗ္ဗာန်နှင့် ဝေးရပြန်လေပြီ။

ဂင်းပြင် သင်ပြနေသော သစ္စာလေးပါးတရားတော်တွင် နိရောဓသစ္စာကို ဟောတော်မူရာ၌ "ယော.. တဿာ ယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော" ဟူ၍ ဟောတော်မူသဖြင့် အနည်းငယ်မျှ တဏှာပါရှိသူအား နိဗ္ဗာန်က လက်ခံခြင်း မပြုသည်ဖြစ်ရကား (တဏှာ ဒုတိယော ပုရိသော..) တဏှာသူငယ်ချင်းရှိသူအား (၀ါ) တဏှာအတိရှိသောသူအား နိဗ္ဗာန်က အသို့လျှင် လက်ခံနိုင်ပါအံ့နည်းဆိုသည်တို့ကို သဘောပေါက်လောက်အောင် ရှင်းလင်းသင်ပြပေးရပေမည်။

အာနာပါနကမ္မဋ္ဌာန်းကို ပွားများရာ၌ ကိုယ်၏
တုန်လှုပ်ခြင်း ပင်ပန်းဆင်းရဲခြင်းသည် အလျင်းမရှိ။
(မဟာဝဂ္ဂ အာနာပါနသံယုတ် မဟာကပ္ပိနသုတ်)။

အာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရန် ဗုဒ္ဓမြတ်စွာသည် လွန်စွာ အားပေးတော်မူ၏။ မဟာဝဂ္ဂ အာနာပါနသံယုတ်ပါဠိတော် ဧကဓမ္မဝဂ် သတ္ထာဟာရကသုတ်၌ လာရှိသည်မှ သဘောတစ်ရပ်၏ အတိုချုပ်မှာ-

http://www.dhammadownload.com

အို-ရဟန်းတို့၊ နွေအခါ လေပြင်းထန်စွာ တိုက်ခတ်သဖြင့် မြေမှုန့်မြူမှုန့်တို့သည် အထက်သို့ လွင့်စင် ပျံတက်ကြကုန်၏။ ထိုအခါ သည်းထန်စွာ ရွာသော မိုးသည် မြေမှုန့်မြူမှုန့်တို့ကို တစ်ခဏချင်း ငြိမ်ဝပ် ပိပြားသွားစေဘိ သကဲ့သို့ အာနာပါနကမ္မဋ္ဌာန်းကို ပွားများစေသည်ရှိသော် မြတ်လည်းမြတ်၏၊ ငြိမ်လည်းငြိမ်သက်၏၊ ချမ်းသာစွာလည်းနေ၏၊ ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ထိုခဏ၌ ငြိမ်းစေ၏၊ ကွယ်ပျောက်စေ၏ဟု ဟောတော်မူလေသည်။ (ဤတွင် ငြိမ်သက်၏၊ ချမ်းသာစွာနေရ၏ဟု ဟောတော်မူသဖြင့် ကိုယ်၏ ဆင်းရဲဒုက္ခ၊ စိတ်၏ဆင်းရဲဒုက္ခ စိုးစဉ်းမျှ မဖြစ်ခြင်းကို သတိပြု)။

ယခုအခါ အများအားဖြင့် ပွားများ အားထုတ်လျက်ရှိသည့် မဟာသတိပဋ္ဌာန်၌ ဟောတော်မူသည့် နည်းမှ လိုအပ်သည်ကို ကောက်နုတ်ဖော်ပြရသော-

သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။

.....ပဿ.....။

အလုံးစုံသော ထွက်သက်လေ၏အစ အလယ် အဆုံး သုံးပါးအပေါင်းတို့ကို ထင်စေလျက် ထွက်သက်ဝင်သက်လေကို ရှူအံ့ဟူ၍ အားထုတ်သဖြင့် ကျင့်၏။ ။ အလုံးစုံသော ဝင်သက်လေ၏ အစ အလယ် အဆုံး သုံးပါးအပေါင်းကို ထင်စေလျက် ဝင်သက်လေကို ရှိုက်အံ့ဟူ၍ အားထုတ်သဖြင့် ကျင့်၏။ (ဤတွင် သတိသည် အနည်းငယ်မျှ ပြန့်လွင့်မသွားဘဲ ထွက်လေ ဝင်လေတို့၏ အစ အလယ် အဆုံး သုံးပါးစလုံးတွင် အာရုံစူးစိုက်ကာ သိရှိ အားထုတ်နေရမည်ဖြစ်၏)။ ဆက်လက်လာရှိသည်မှာ-

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။

.....ပဿ.....။

အရှုပြင်း၍ ရှုန့်ရင်းသော ထွက်သက်လေကို သာယာဖြည်းညင်းစွာ ရှုခြင်းဖြင့် ငြိမ်းစေလျက် ထွက်သက်လေကို ရှူအံ့ဟူ၍ **အားထုတ်သဖြင့် ကျင့်၏။** ။ အရှိုက်ပြင်း၍ ရှုန့်ရင်းသော ဝင်သက်လေကို သာယာဖြည်းညင်းစွာ ရှိုက်ခြင်းဖြင့် ငြိမ်းစေလျက် ဝင်သက်လေကို ရှိုက်အံ့ဟူ၍ **အားထုတ်သဖြင့် ကျင့်၏။** (ဤပါဠိတော်အရ အာနာပါနကမ္မဋ္ဌာန်းကို ပွားများရာ၌ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း မဖြစ်သည်တို့ကို သိအပ်၏)။

အာနာပါန ပွားများရန်အတွက် ဥပရိပဏ္ဏာသ ပါဠိတော် အာနာပါနသတိသုတ်၌လည်းကောင်း၊ မဟာဝဂ္ဂသံယုတ်ပါဠိတော် အာနာပါနသံယုတ်၌လည်းကောင်း တစ်နည်းတစ်မျိုး လာပုံတို့မှ အနည်းငယ် ကောက်နုတ်ဖော်ပြရသော-

အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ။

.....ပဿ.....။

မမြဲခြင်း အနိစ္စဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။ ။ မမြဲခြင်း အနိစ္စဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။

http://www.dhammadownload.com

ဝိရာဂါ နုပဿီ အဿသိဿာမီတိ သိက္ခတိ။

.....ပဿ.....။

ရာဂကင်းခြင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။ ။ ရာဂ ကင်းခြင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။ ဤပါဠိတော်အရလည်း ထွက် သက်လေ ဝင်သက်လေတို့ကို သတိမလွတ်စေဘဲ ငြိမ်းချမ်းသာယာစွာဖြင့် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းနိုင်ခြင်းကို သိအပ်ပြန်လေသည်)။

မဟာဝဂ္ဂသံယုတ် ပါဠိတော် အာနာပါနသံယုတ် ဧကမ္မဝဂ် မဟာကပ္ပိနတ္ထေရသုတ်၌ အာနာပါန ကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရာ၌ ထက်ဝယ်ဖွဲ့ခွေလျက် ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ကမ္မဋ္ဌာန်းသို့ ရှေးရှုသော သတိကိုဖြစ်စေ၍ ထိုင်နေ၏။

အို-ရဟန်းတို့၊ ထွက်သက်လေ ဝင်သက်လေကို အောက်မေ့မှု သတိနှင့်ယှဉ်သော သမာဓိ၌ အကြိမ်များစွာ ပွားများ အားထုတ် လေ့လာသည်ရှိသော် ကိုယ်၏လှုပ်ရှားသောအဖြစ်သည်လည်းကောင်း၊ ကိုယ်၏ တုန်လှုပ်သောအဖြစ်သည်လည်းကောင်း မဖြစ်။ စိတ်၏ လှုပ်ရှားသောအဖြစ်သည်လည်းကောင်း၊ စိတ်၏ တုန်လှုပ်သော အဖြစ်သည်လည်းကောင်း မဖြစ်ဟု ဟောတော်မူ၏။

ဤတွင် အချုပ်ကား အာနာပါနကမ္မဋ္ဌာန်းကို ပွားများ အားထုတ်သည်ရှိသော် ပင်ပန်းဆင်းရဲခြင်း မရှိဘဲ ချမ်းသာစွာဖြင့် အကုသိုလ်တရားတို့ကို တစ်ခဏချင်းပင် ငြိမ်းစေနိုင်သည်ကို အထူးသိအပ်လေသည်။

ဥပက္ကိလေသ။ ။ အာနာပါနကမ္မဋ္ဌာန်းကို ပွားများသူတို့အား ဖြစ်တတ်ကုန်သော ဥပက္ကိလေသ တရားတို့ကို အကျယ်အားဖြင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော် အာနာပါနသတိကထာ ဘာသာပြန် ဆဋ္ဌမ စာမျက်နှာ ၂၀၉-၌ ဖော်ပြထား၏။ ။ အာနာပါနကမ္မဋ္ဌာန်းကို ပွားများသူတိုင်း ဖတ်ရှုအပ်လေသည်။

ပဋိစ္စသမုပ္ပါဒ် တရားတော်၌ အထူးသိအပ်သော လိုရင်းအချက်ကြီးများ

ပဋိစ္စသမုပ္ပါဒ်တရားတော်သည် အထူးအားဖြင့် ခက်ခဲ နက်နဲ၏။ လူမရှိ နတ်မရှိ သဘာဝမမှန်သာ ဖြစ်သော အကြောင်းနှင့် အကျိုးတရားသာရှိခြင်းကို ပြတော်မူ၏။

မာဟေဝံ အာနန္ဒ၊ မာဟေဝံ အာနန္ဒ၊ ဂမ္ဘီရော စာယံ
အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသော စ. . ။

အို-အာနန္ဒာ၊ ဤသို့ မဆိုလင့်။ အို-အာနန္ဒာ၊ ဤသို့မဆိုလင့်။ ဤပဋိစ္စသမုပ္ပါဒ်တရားသည် နက်လည်း နက်၏၊ နက်နဲသောအရောင်လည်း ရှိ၏။ (နိဒါနဝဂ္ဂ နိဒါနသံယုတ် ဒုက္ခဝဂ် နောက်ဆုံးသုတ်)။

ဒုက္ခေ အညာဏံ, ဒုက္ခ သမုဒယေ အညာဏံ,
ဒုက္ခ နိရောဓေ အညာဏံ၊ ဒုက္ခ နိရောဓဂါမိနိ
ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတိ ဘိက္ခု အဝိဇ္ဇာ။
(မဟာဝဂ္ဂသံယုတ် ပါဠိတော် သစ္စသံယုတ် ဓမ္မစက္ကပဝတ္တနဝဂ်)။

http://www.dhammadownload.com

ဒုက္ခဆင်းရဲကို မသိခြင်း၊ ဒုက္ခဆင်းရဲ၏အကြောင်းကို မသိခြင်း၊ ဒုက္ခဆင်းရဲ၏ချုပ်ငြိမ်းရာကို မသိခြင်း၊ ဒုက္ခဆင်းရဲ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့်ကို မသိခြင်း၊ အို-ရဟန်းတို့ ဤမသိခြင်းကို အဝိဇ္ဇာဟူ၍ ခေါ်ဆိုအပ်၏။ (ယင်း ပါဠိတော်၌ ဆက်လက်လာရှိသည်မှာ)-

ဒုက္ခေ ဉာဏံ, ဒုက္ခသမုဒယေ ဉာဏံ,
ဒုက္ခနိရောဓေ ဉာဏံ, ဒုက္ခနိရောဓဂါမိနီ
ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခု ဝိဇ္ဇာ။

ဒုက္ခဆင်းရဲကို သိခြင်း၊ ဒုက္ခဆင်းရဲ၏အကြောင်းကို သိခြင်း၊ ဒုက္ခဆင်းရဲ၏ချုပ်ငြိမ်းရာကို သိခြင်း၊ ဒုက္ခဆင်းရဲ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့်ကို သိခြင်း၊ အို-ရဟန်း ဤသိခြင်းကို ဝိဇ္ဇာဟူ၍ ခေါ်ဆိုအပ်၏။

နာယံ ဘိက္ခဝေ ကာယော တုမှာကံ၊ နပိ အညေသံ။ ပုရာဏမိဒံ
ဘိက္ခဝေ ကမ္မံ အဘိသင်္ခတံ အဘိသဉ္စေတယိတံ ဝေဒနိယံ ဒဋ္ဌဗ္ဗံ . . ။
(နိဒါနဝဂ္ဂ နိဒါနသံယုတ် ကဋ္ဌာရ ခတ္တိယဝဂ် နတုမှသုတ်)။

အို-ရဟန်းတို့၊ ဤကိုယ်သည် သင်တို့၏ဥစ္စာမဟုတ်၊ သူတစ်ပါးတို့၏ ဥစ္စာလည်းမဟုတ်၊ အို-ရဟန်းတို့၊ ဤကိုယ်ကို အဟောင်းဖြစ်သောကံသည် ပြုပြင်စီရင်အပ်၏။ အထူးသဖြင့် စေ့ဆော်အပ်၏။ ခံစားအပ်၏ဟူ၍ မှတ်အပ်၏။ ။ အို-ရဟန်းတို့၊ ထိုအရာ၌ အကြားအမြင်နှင့်ပြည့်စုံသော အရိယာ၏ တပည့်သည် အကြောင်းတရားတို့ကိုစွဲ၍ အကျိုးတရားတို့၏ဖြစ်ခြင်း ပဋိစ္စသမုပ္ပါဒ်သာလျှင် ကောင်းစွာ အသင့်အားဖြင့် နှလုံးသွင်း၏။ (ယင်းပါဠိတော်၌ပင်)-

ဣတိ ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ။
ဣမသ္မိံ အသတိ ဣဒံ နဟောတိ၊ ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ။

(အဘာယ်သို့လျှင် ကောင်းစွာနှလုံးသွင်းသနည်းဟူမူ) ဤသို့သော အကြောင်းတရားသည် ရှိခဲ့သော် ဤသို့သော အကျိုးတရားသည် ဖြစ်၏။ ဤအကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် ဤအကျိုးတရားသည် ဖြစ်၏။ ဤအကြောင်းတရား မရှိခဲ့သော် ဤအကျိုးတရားသည် မဖြစ်။ ဤအကြောင်းတရား၏ ချုပ်ခြင်းကြောင့် ဤအကျိုးတရားသည် ချုပ်၏။ (ယင်းပါဠိတော်၌ ဆက်လက်လာရှိသည်မှာ)-

ယဒိဒံ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ. .
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အကြင် မသိမှု "အဝိဇ္ဇာ" အကြောင်းခံကြောင့် ပြုပြင်စီရင်မှု "သင်္ခါရ"တို့ ဖြစ်ကုန်၏။ သင်္ခါရ အကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏။ . . . ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုသည် ဖြစ်၏။

အဝိဇ္ဇာယ တ္ဝေ၀ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော . . ဧဝ မေ တဿ
ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတီတိ။

အဝိဇ္ဇာ၏သာလျှင် အကြွင်းမရှိ အရိယမဂ်ဖြင့် ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းသည် ဖြစ်၏။ သင်္ခါရတို့၏ချုပ်ခြင်းကြောင့် ဝိညာဏ်၏ချုပ်ခြင်းသည် ဖြစ်၏။ . . . ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစု၏ချုပ်ခြင်းသည် ဖြစ်၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

http://www.dhammadownload.com

အတီတေ ဟေတဝေါ ပဠု၊ ဣဒါနိ ဖလပဠုကံ။
ဣဒါနိ ဟေတဝေါ ပဠု၊ အာယတိ ဖလပဠုကန္တိ။
ဝိသတာကာရာ တိသန္ဓိ စတုသခၾပါ စ ဘဝန္တိ။
(သင်ကြီးဟာ ပစ္စည်းပိုင်း၌လည်းကောင်း၊ ဝိသုဒ္ဓိမဂ် ပညာဘူမိပိုင်း၌လည်းကောင်း လာရှိ၏)

အတိတ်အကြောင်းငါးပါး၊ ပစ္စုပ္ပန်အကျိုးငါးပါး၊ ပစ္စုပ္ပန်အကြောင်းငါးပါး၊ အနာဂတ်အကျိုး ငါးပါး ဤသို့သောအားဖြင့် ခြင်းရာနှစ်ဆယ်၊ အစပ်သုံးပါး၊ အလွှာလေးလွှာ ဖြစ်သတည်း။

ပုရိမ ကမ္မ ဘဝသ္မိ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သခၾရာ၊
နိကန္တိ တဏှာ၊ ဥပဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါ၊ ဣမေ
ပဠု ဓမ္မာ ပုရိမ ကမ္မဘဝသ္မိ ၏ ဣဓ ပဋိသန္ဓိယာ ပစ္စယာ။
(ပဋိသမ္ဘိဒါမဂ် ပါဠိတော်, မဟာဝဂ် ဉာဏကထာ, ဓမ္မဋ္ဌိတိဉာဏ်
စာမျက်နှာ ၅၀၊ မြန်မာပြန် ၆၈)။

ရှေးကမ္မဘဝ၌ တွေ့ဝေမှုမောဟသည် အဝိဇ္ဇာမည်၏။ အားထုတ်မှုသည် သခၾရမည်၏။ လိုချင်တပ်မက်မှုသည် တဏှာမည်၏။ မြဲမြံစွာစွဲယူခြင်းသည် ဥပါဒါန်မည်၏။ စေ့ဆော်ကြောင့်ကြမှုစေတနာသည် ဘဝမည်၏။ ရှေးကမ္မဘဝ၌ဖြစ်သော ဤတရားငါးပါးတို့သည် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏အကြောင်း ဖြစ်ကုန်၏။ (ယင်းပါဠိတော်၌ ဆက်လက်လာရှိသည်မှာ)-

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေသည် ဝိညာဏ်မည်၏။ သက်ဝင်ဘိသက္ခဲသို့ဖြစ်သော တရားသည် နာမ်ရုပ်မည်၏။ မဟာဘုတ်တို့၏ ကြည်သည်၏အဖြစ်သည် အာယတနမည်၏။ တွေ့ထိခြင်းသဘောသည် ဖဿမည်၏။ ခံစားခြင်းသဘောသည် ဝေဒနာမည်၏။ ဤပစ္စုပ္ပန်ဝိပါက်ဘဝ၌ဖြစ်သော ဤတရားငါးပါးတို့သည် ရှေးက ပြုအပ်သောကံ၏ အကြောင်း ဖြစ်ကုန်၏။ (ထိုမှတစ်ပါး ယင်းပါဠိတော်တွင် ဆက် လက် လာရှိသေး၏။ ဘာသာပြန်ကို အလိုရှိမူ ဆဋ္ဌမူ စာမျက်နှာ ၆၈-တွင် ဖတ်ရှုရန်)။

ဤတွင် သတိပြုရန်မှာ ပဋိသမ္ဘိဒါမဂ် ပါဠိတော်တွင် အတိတ်ကပြုခဲ့သည်မှာ **အဝိဇ္ဇာ** သခၾရတဏှာ ဥပါဒါန် ဘဝ၊ ယခု ပစ္စုပ္ပန်တွင် ပြုရာ၌လည်း **အဝိဇ္ဇာ** သခၾရ တဏှာ ဥပါဒါန် ဘဝပင်ဟူ၍ ညွှန်ပြတော်မူ၏။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် လက်သန်းအဋ္ဌကထာတို့၌မူကား အတိတ်က ပြုခဲ့သည်မှာ **အဝိဇ္ဇာ** သခၾရ **တဏှာ ဥပါဒါန် ဘဝ** ဟူ၍ လာရှိသော်လည်း ယခု ပစ္စုပ္ပန်တွင်မူကား **တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ** သခၾရ ဟူ၍ လာရှိသည်ကို သတိပြုစေလို၏။

နည်းပြသောဆရာသည် ယောဂီသူမြတ်လောင်းအား **အဝိဇ္ဇာ**၏ သဘော အနက် အဓိပ္ပါယ်ကို ရှင်းလင်း ပြသပေးရပေမည်။ သခၾရသဘော၊ တဏှာသဘော၊ ဥပါဒါန်သဘော၊ ဘဝသဘော စသည်တို့ကို တစ်ခုစီ တစ်ခုစီ တတ်နိုင်သမျှ ရှင်းလင်း ပြသပေးရပေမည်။

အဝိဇ္ဇာ ပစ္စယာ သခၾရာ သခၾရပစ္စယာ ဝိညာဏံ ဝိညာဏ ပစ္စယာ နာမရူပံ. . စသော ဘုန်းကြီးကျောင်းသားများ အနက်အဓိပ္ပါယ်မသိဘဲ ရွတ်ဆိုနိုင်ရုံမျှကို အလိုမရှိအပ်။ အလွတ်ဆိုတတ်ရုံမျှဖြင့် အနတ္တသဘာဝဓမ္မကို သဘောမပေါက်နိုင်။ "**သဗ္ဗေ ဓမ္မာ အနတ္တာ**" ဆိုသည်ကို သဘောမပေါက်ပါက အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို မရောက်ရှိ မရရှိနိုင်။

ယောဂီသူမြတ်သည် အကယ်၍ ဒါနကုသိုလ် သီလကုသိုလ် သမထဘာဝနာ ကုသိုလ်တို့ကို ပြုလုပ်စဉ် **အဝိဇ္ဇာ**ကို ဦးစားပေးကာ (၀၊) **အဝိဇ္ဇာ**နှင့် ပူးတွဲပြုလုပ်ခဲ့ပါလျှင်-

http://www.dhammadownload.com

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ။
ဝိညာဏ ပစ္စယာ နာမရူပံ၊ .....
.... ဘဝ ပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာ မရဏ
သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊
ဧवमेတဿ केवलस्स ဒုက္ခက္ခန္ဓस्स သมุทยော
ဟောတိ ဟူသည်နှင့်အညီ .....

အဝိဇ္ဇာနှင့် ပူးတွဲပြုလုပ်သော ဒါနကုသိုလ် သီလကုသိုလ် သမထဘာဝနာကုသိုလ်ဟူသရွေ့တို့မှာ နောက်ဆုံး၌ ပြင်းထန်စွာ ပူဆွေး ငိုကြွေးရခြင်းဖြင့်သာ အဆုံးသတ်ကြရလေသည်ဟု သင်တန်းတက်သူတို့အား သဘောပေါက်လာသည်တိုင်အောင် ရှင်းလင်း သင်ပြပေးရပေမည်။

ထိုနည်းတူစွာ **အဝိဇ္ဇာ. . .** ဝေဒနာ တဏှာ စသည်တို့ကိုလည်း သင်တန်းတက်သူတို့ သဘောပေါက်လာသည့်အထိ ရှင်းလင်း သင်ပြပေးရပေမည်။

ထိုမှတစ်ပါး ကုသိုလ်ကောင်းမှုပြုရာတွင် **အဝိဇ္ဇာမပါအောင် အာဘယ်ကဲ့သို့** ပြုရပါအုံ့နည်းဟူမူ ကာမဂုဏ် ခံစားလိုမှု စသည်တို့ကြောင့် (၀၊) လူပြည် နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်လိုမှုကြောင့် ဤကုသိုလ်ကို ပြုသည်မဟုတ်၊ ဝဋ်သုံးပါးမှ ကျော်လွန်သော အာသဝေါတရားလေးပါးမှ ကျော်လွန်သော နိဗ္ဗာန်အလို့ငှာ ဤကုသိုလ်ကို ပြုသည်ဟူ၍ လေးနက်သော စေတနာ သဒ္ဓါတရားဖြင့် ပြုရ၏။ (**ဣဒံ မေ ပုညံ အာသဝက္ခယ ဝဟံ ဟောတု**)။

တစ်နည်းဆိုသော် ကုသိုလ်ပြုစဉ်တွင် လက္ခဏာရေးသုံးပါး ပွားများကာ ပြုရ၏။ ဥပမာ-သင်္ကန်းလျှော်။ သင်္ကန်းသည် ရူပ်တရားဖြစ်၏။ ရူပ်တရားဟူသရွေ့တို့သည် **အနိစ္စသဘောရှိ၏။** ဒုက္ခသဘောရှိ၏။ အနတ္တသဘောရှိ၏။ ဤရူပ်တရားကို လက္ခဏာရေးသုံးပါးတင် ရှုပွားများနေသော စိတ်စေတသိက်တို့မှာ နာမ်တရားများ ဖြစ်ကြ၏။ ဤနာမ်တရားများသည်လည်း **အနိစ္စသဘောရှိ၏။** ဒုက္ခသဘောရှိ၏။ အနတ္တသဘောရှိ၏။ ဤ၌ ယောဂီအတွက် **ကမ္မဿကတာ ဉာဏ်ထက် သစ္စာနုလောမိကဉာဏ်**ကို အလိုရှိအပ်ခြင်းကို ဝိဘင်းပါဠိတော် စာမျက်နှာ ၃၄၁ နှင့် ၎င်း၏အဖွင့်ဖြစ်သော သမ္မောဟ၌ လာရှိသည်ကို ဖော်ပြပေးရာ၏။

ထိုနည်းတူစွာ အလျှုံခံပုဂ္ဂိုလ်သည် ရူပ်တရား နာမ်တရား ခန္ဓာငါးပါးမျှသာ ဖြစ်၏။ ထို ရူပ်-နာမ် ခန္ဓာငါးပါးတို့သည် **အနိစ္စသဘောရှိ၏။** ဒုက္ခသဘောရှိ၏။ အနတ္တသဘော ရှိ၏။

ထိုနည်းတူစွာ **လျှောဝါဆိုသည်မှာလည်း ငါမဟုတ်။** အနိစ္စသဘောရှိ၏။ ဒုက္ခသဘောရှိ၏။ အနတ္တသဘောရှိ၏ဟူ၍ ပရမတ္ထသဘာဝမမှီ ထိရောက်အောင် **လက္ခဏာရေးသုံးပါး**တင် ရှုပွားများလျှုဒါန်းရာ၏။

ယင်းသို့ လျှုဒါန်းရာတွင် လက္ခဏာရေးသုံးပါးတင်ကာ ဆင်ခြင် ပွားများရာ၌ အလျှုဝတ္ထုကလည်း တူ၏။ အလျှုခံပုဂ္ဂိုလ်ကလည်း **တူသည်ဖြစ်စေကာမူ** မိမိစေတနာ သဒ္ဓါတရား ထက်သန်မှုသည် အထူးအရေးကြီး၏။ စေတနာ သဒ္ဓါတရား ပေါ့ဆစွာ ပြုလုပ်ပါလျှင် ပေါ့ပေါ့ဆဆ အကျိုးကို ပြန်လည်ရရှိ၏။

ထိုသို့မဟုတ်မူ၍ ထို လျှုဖွယ်ဝတ္ထုနှင့် ထို အလျှုခံပုဂ္ဂိုလ်ကိုပင်လျှင် လျှုဒါန်းစဉ်အခါ **စေတနာ** သဒ္ဓါတရား ထက်သန်စွာဖြင့် စူးစူးစိုက်စိုက် ရှိရှိသေသေ လေးလေးစားစား ပွားများ ပြုလုပ်ပါလျှင် **ထိုမျှနှင့် အညီ** ထူးခြားသော အကျိုးကျေးဇူးကို ပြန်လည် ရရှိလေသည်။ အထူးကား ယောဂီအတွက် ကမ္မဿကတာ ဉာဏ်ထက် သစ္စာနုလောမိကဉာဏ်ကို ပို၍ အလိုရှိအပ်လေသည်။

http://www.dhammadownload.com

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်၌ **ဆရာ၏**တာဝန်မှာ ရှေးဘဝက လူဖြစ်ခဲ့ပြီစသော ယုံမှားခြင်း ၅-ချက်၊ ယခု ငါ လူဖြစ်နေသည်စသော ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ချက်၊ အနာဂတ်တွင် လူဖြစ်ရလိမ့်ဦးမည် စသော ယုံမှားခြင်း ၅-ချက်၊ ဤသို့ ယုံမှားခြင်း ၁၆-ချက်ကို ကျော်လွန်သွားစေရန် (၀ါ) **ယခင်ကလည်း လူမရှိ၊ ယခုလည်း လူမရှိ၊ အနာဂတ်တွင်လည်း လူမရှိ။** အကြောင်းနှင့်အကျိုးမျှသာ ရှိသည်ကို အနုမာနအားဖြင့် သိရှိသွားစေရန်-

ထိုမှတစ်ပါး ပဋ္ဌိစ္စသမုပ္ပါဒ်နည်းဖြင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ စသည်တို့ကို ကျော်လွန်သွားစေလျက် အတ္တမဟုတ် အနတ္တသဘာဝမျှသာလျှင် ရှိပါသည်တကားဟု ယောဂီသူမြတ်လောင်းသည် အနုမာနအားဖြင့် သိရှိ သဘောပေါက်လာသည်အထိ သင်ပြပေးရမည်။ **ဤကား ဆရာသူမြတ်တို့၏ တာဝန်ပေတည်း။**

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်သည် ခက်ခဲ နက်နဲသည်ဖြစ်ရကား **ဆရာလုပ်သူ**သည် ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် သက်ဆိုင်ရာ ကျမ်းဂန်အရပ်ရပ်နှင့်တကွ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ လာရှိသော ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်များကို အထူး ဝါစုဂ္ဂတ ပြုရပေမည်။

ဤတွင် **ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်နည်း**ကိုမှီးလျက် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရှိရန် အသို့နားလည်ရပါအံ့နည်းဟူမူ စာမျက်နှာ ၁၁၂ ၌-

အဝိဇ္ဇာယ တွေव အသေသ ဝိရာဂနိရောဓာ သခါရ
နိရောဓော၊ သခါရနိရောဓာ ဝိညာဏနိရောဓော. . ။

စသည်ဖြင့် ဖော်ပြခဲ့သည့်အတိုင်း အိုနာ သေဘေး ပူဆွေး ငိုကြွေးရခြင်း ဆင်းရဲအပေါင်းတို့မှ ကျော်လွန်၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိရန်မှာ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းအရ အခြားကိစ္စဟူသမျှ ပြုဖွယ်မရှိပြီ။ **အဝိဇ္ဇာတစ်လုံး**ကို ပယ်ရှား သုတ်သင်ရန်သာ ရှိလေသည်။ (အဝိဇ္ဇာမဖြစ်လျှင် သခါရမဖြစ်၊ သခါရမဖြစ်လျှင် ဝိညာဏ်မဖြစ်၊ ဝိညာဏ်မဖြစ်လျှင် . . . နောက်ဆုံး၌ ဇာတိ ဇရာ မရဏ သောက. . စသည်တို့ မဖြစ်နိုင်တော့ပြီ)။

ဤသို့ဆိုလျှင် **အဝိဇ္ဇာ မဖြစ်ပေါ်စေရန်** အဘယ်သို့ လိုက်နာ ဆောင်ရွက်ရပါအံ့နည်းဟူမူ အဝိဇ္ဇာ နေရာတွင် ဝိဇ္ဇာဉာဏ် အစားထိုးပေးရုံမျှသာ ဖြစ်လေသည်။ ။ ဝိဇ္ဇာဉာဏ်ကို အဘယ်သို့အစားထိုးပေးရပါအံ့နည်းဆိုသော် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် သဠာယတနသံယုတ် အဝိဇ္ဇာဝဂ်၌-

ကထံ နုခေါ ဘန္တေ ဇာနတော ကထံ ပဿတော အဝိဇ္ဇာ ပဟီယတိ
ဝိဇ္ဇာ ဥပ္ပဇ္ဇတီတိ၊ စက္ခုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော
အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ ရူပေ အနိစ္စတော ဇာနတော ပဿတော
အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ. . . စသည်ဖြင့် လာရှိလေသည်။

(ရဟန်းတစ်ပါး၊က) အရှင်ဘုရား အဘယ်သို့သိသောသူအား၊ အဘယ်သို့မြင်သောသူအား အဝိဇ္ဇာကို ပယ်အပ်သနည်း။ ဝိဇ္ဇာသည် ဖြစ်ပါသနည်း (ဟု လျှောက်ထားရာ ရှင်တော်ဘုရားက)-

အို-ရဟန်း၊ စက္ခုပသာဒ(မျက်စိ)ကို မမြဟု သိသောသူအား၊ မြင်သောသူအား အဝိဇ္ဇာကိုပယ်၏။ ဝိဇ္ဇာ(ဉာဏ်)သည် ဖြစ်၏။ ။ **ရူပါရုံ (အဆင်းတို့**ကို) မမြဟု သိသောသူအား၊ မြင်သောသူအား အဝိဇ္ဇာကို ပယ်၏။ ဝိဇ္ဇာ (ဉာဏ်)သည် ဖြစ်၏။ **စက္ခုဝိညာဏ်. .** သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဝိညာဏ် စသည်တို့ကိုလည်း (အနိစ္စ)မမြဟု သိသောသူအား၊ မြင်သောသူအား အဝိဇ္ဇာကို ပယ်၏။ ဝိဇ္ဇာ(ဉာဏ်)သည် ဖြစ်၏ဟူ၍ ဖြေဆိုတော်မူလေသည်။ (စာမျက်နှာ ၇၉ အောက်ဆုံး ၄-ကြောင်းတွင် လာရှိသော **အဗျာ ကတော ဓမ္မော ကုသလဿ ဓမ္မဿ** ဟူသော သဘောစသည်တို့နှင့် ယှဉ်တွဲသင်ပြပေးရပေမည်)။

http://www.dhammadownload.com

ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကို သင်ပြရာ၌ အချုပ်ကား ယောဂီသူမြတ်လောင်းသည် အတိတ် ဘဝ၌ လည်းကောင်း၊ ယခုဘဝ၌လည်းကောင်း၊ နောင်ဘဝ၌လည်းကောင်း လူမဟုတ် မိန်းမယောက်ျား မဟုတ်၊ လူမရှိ မိန်းမယောက်ျားမရှိ၊ အကြောင်းနှင့်အကျိုးမျှသာဖြစ်သော သဘာဝမမှမျှသာရှိသည် ဆိုသည်ကို ထင်ရှား ကျေနပ်စွာ သဘောပေါက်သွားစေရန် ဖြစ်၏။ (လူဆိုသည်မှာ သဘာဝမမှ သဘော တရားတို့၏ ထိုက်သည်အားလျော်စွာ ထွက်ပေါ်နေသောအရိပ်အရောင်မျှသာဖြစ်၏။ စာမျက်နှာ ၉၅၊ အောက်ဆုံးအပိုဒ်နှင့် ပူးတွဲဖတ်ရှုရန်)။

ထိုမှတစ်ပါး ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်ကို သင်ပြပေးခြင်းဖြင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိ ဣဿရနိမ္မာနဟေတုဒိဋ္ဌိ အဟေတုကဒိဋ္ဌိ စသည်တို့ကို အနုမာနသိဒ္ဓိအားဖြင့် ကင်းဖျောက်စေလျက် အတ္တမရှိ၊ အတ္တမဟုတ်၊ အနတ္တသဘော (၀ါ)အကြောင်းနှင့် အကျိုးတရား မျှသာရှိသည်ကို ထင်ရှားစွာ သိလာစေရန် ဖြစ်၏။

နောက်ဆုံးမှာကား ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကို သင်ပြပေးရခြင်း အကြောင်းရင်း အတို ချုပ်မှာ အဝိဇ္ဇာတစ်လုံးကို ဖြုတ်နိုင်လျှင် အခြားပြုဖွယ်ကိစ္စ မရှိတော့ပြီဆိုသည်ကို ထင်ရှား စွာ သိစေခြင်းဌာဖြစ်၏။ အဝိဇ္ဇာ ကင်းပြတ်စေရန်မှာ ပါဠိတော်အရပ်ရပ်တို့နှင့် ကိုက်ညီစွာ ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်နေရခြင်းပင် ဖြစ်လေသည်။

သစ္စာလေးပါးကို သိရှိရန် အသက်ကိုပင် မငဲ့မူ၍
ကြိုးစား အားထုတ်ရန် ညွှန်ပြတော်မူခဲ့လေသည်။

ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်အရပ်ရပ်တွင် သစ္စာလေးပါးတရားတော်ကို သိရှိရန် အလွန်အကျူး အထူး အရေးကြီးလေသည်။ သစ္စာလေးပါးတရားတော်သည် တရားတော်အပေါင်း၏ အဆီအနှစ်ဖြစ်လေသည်။ နိုင်ငံခြားသားများပင် ဗုဒ္ဓဟောကြားတော်မူအပ်သော တရားအပေါင်းတို့၏ အဆီအနှစ်မှာ သစ္စာလေးပါး ဖြစ်ကြောင်းကို ၎င်းတို့ ရေးသားထားသော စာအုပ်ပေါင်းများစွာတွင် ဖတ်ရှုရဖူးလေသည်။ သစ္စာလေးပါး ဟူသော်ကား လူအများ သိပြီးဖြစ်သော ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့ပေတည်း။

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ
ဧवमिदं ဒီဃမဒ္ဓါနံ သန္ဓာဝိတं သံသရိတं မမ၌ေ တုမှာကဉ္စ။
(သုတ်မဟာ၀ါ ပါဠိတော် စာမျက်နှာ ၇၇၊ မဟာပရိနိဗ္ဗာနသုတ်။
မဟာ၀ဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ ၃၇၇၊ သစ္စသံယုတ် ကောဋ္ဌိဂါမ၀ဂ်)။

အို-ရဟန်းတို့၊ လေးပါးကုန်သော အရိယာသစ္စာတို့ကို လျှောက်ပတ်စွာ ထိုးထွင်း၍ မသိနိုင်ခြင်းကြောင့် ငါဘုရားအားလည်းကောင်း၊ သင်ရဟန်းတို့အားလည်းကောင်း ဤသို့ ရှည်ကြာလှစွာသော ကာလတို့ ပတ်လုံး တစ်ဘဝမှသည် တစ်ဘဝသို့ ပြေးသွားရလေပြီ။ တပြောင်းပြန်ပြန် အဖန်ဖန် ကျင်လည်ရလေပြီ။

မဟာ၀ဂ္ဂသံယုတ်ပါဠိတော်, သစ္စသံယုတ်, သီသပါ၀နဝဂ်၌ လာရှိသည်မှ အတိုချုပ်ကို ကောက်နုတ်ဖော်ပြရသော် **အို-ရဟန်းတို့**၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ ဤ လေးပါးသော သစ္စာတို့ကို မသိမူ၍ ဝဋ္ဋဆင်းရဲတို့၏အဆုံးသို့ ရောက်ပြီဟူ၍ ဆိုငြားအံ့၊ ထိုဆိုခြင်းသည် ဖြစ်နိုင်သော အကြောင်းမဟုတ်ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူလေသည်။

http://www.dhammadownload.com

ယင်းပါဠိတော်, ပပါတဝဂ်, ဒုတိယသုတ်၌ ရှည်လျားစွာ လာသည်မှ လိုရင်းအတိုချုပ်ကို ကောက်နုတ်ဖော်ပြဦးအံ့။ ရဟန်းတစ်ပါးသည် ပဋ္ဌိဘာနတောင်ကြီး၏ ကြီးမားလှစွာသော ချောက်ကမ်းပါးကြီးကိုမြင်၍-

အရှင်ဘုရား၊ ဤချောက်ကမ်းပါးကြီးထက် ကြီးမားလျက် အလွန်ကြောက်မက်ဖွယ်လည်းဖြစ်သော တစ်ပါးသော ချောက်သည် ရှိပါသေးသလောဟု မေးလျှောက်လေသည်။

အို-ရဟန်း၊ ဤချောက်ကမ်းပါးထက် ကြီးလည်းကြီး၍ အလွန်လည်းကြောက်မက်ဖွယ်ကောင်းသော ချောက်ကမ်းပါးသည် ရှိလေသေး၏။ ထိုချောက်ကမ်းပါးကြီးသည် အဘယ်နည်းဟူမူကား **သစ္စာလေးပါး**ကို **မသိခြင်း**သည် ကြီးမားလှစွာသော ချောက်ထက် ကြီးမားလှပေသော ချောက်ကြီးပေတည်းဟူ၍ ဗုဒ္ဓမြတ်စွာ ဖြေဆိုတော်မူလေသည်။

ယင်းပါဠိတော် သီသပါဝနဝဂ်၌ လာရှိသည်မှာ အို-ရဟန်းတို့၊ အကယ်၍ သင်တို့အား နံနက်တွင် လုံ့တစ်ရာတို့ဖြင့် ညှဉ်းဆဲအံ့။ နေ့လယ်တွင် လုံ့တစ်ရာတို့ဖြင့် ညှဉ်းဆဲအံ့။ ညနေတွင် လုံ့တစ်ရာတို့ဖြင့် ညှဉ်းဆဲအံ့။ ဤသို့လျှင် အနှစ်တစ်ရာပတ်လုံး ထိုးဆွ ညှဉ်းဆဲခြင်းကိုခံသော် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိရှိလတ္တံ့ဟူ၍ ဆိုဗြားအံ့၊ ထိုပြုမူချက်ကို လက်ခံသင့်သည်သာတည်း။ ။ အို-ရဟန်းတို့၊ သံသရာဝဋ်ဆင်းရဲ၏ကာလသည် ဘဝများစွာ ရှည်ကြာလှသောကြောင့်ပေတည်း။

ထိုမှ ဆက်လက် လာရှိပြန်သည်မှာ အို-ရဟန်းတို့၊ **သစ္စာလေးပါး** တရားမြတ်ကို ထိုးထွင်း၍ သိခြင်းဌာ ကျင့်ကြရာ၌ **ဆင်းရဲစွာ နှလုံးမသာယာခြင်းဖြင့် သိရှိသည်ဟူ၍ ငါဘုရား ဟောတော်မမူ**၊ကျင့်ရာ တွင် ချမ်းသာဝမ်းမြောက်ခြင်းနှင့်တကွ လေးပါးသော သစ္စာတို့ကို ထိုးထွင်း၍သိခြင်းကို ငါဘုရား ဟောတော်မူ၏။

မဟာဝဂ္ဂသံယုတ်ပါဠိတော် သစ္စသံယုတ် သီသပါဝနဝဂ် စေလသုတ်၌ လာရှိသည်မှာ-

> **အို-ရဟန်းတို့**၊ ပုဆိုးကိုလည်းကောင်း၊ ဦးခေါင်းကိုလည်းကောင်း၊ တဟုန်းဟုန်း တောက်လောင်နေသော မီးကို လျစ်လျူရှုထားဦး၍ နှလုံးသွင်းခြင်းကို မပြုမူ၍ ထိုးထွင်း၍ မသိသေးကုန်သော လေးပါးသော အရိယသစ္စာတို့ကို ဟုတ်မှန်သောအတိုင်း ထိုးထွင်း၍ သိမြင်ခြင်းဌာ အလွန်ဖြစ်သော ဆန္ဒကိုလည်းကောင်း၊ လုံ့လကိုလည်းကောင်း၊ အားထုတ်ခြင်းကိုလည်းကောင်း၊ မဆုတ်မနစ်ခြင်းကိုလည်းကောင်း၊ သတိကိုလည်းကောင်း၊ ပညာကိုလည်းကောင်း ပြုရာ၏ဟု ညွှန်ပြတော်မူလေသည်။

ဤသို့လျှင် မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ရောက်ရှိ ရရှိလိုသူတို့သည် သစ္စာလေးပါး မြတ်တရားတို့ကို သိရှိရန် မည်မျှ အရေးကြီးသည်ကို အထူးသိအပ်လေပြီ။

> **ထို့ကြောင့် ယခုသင်ပြပေးနေသော ဓမ္မစက္ကပဝတ္တနသုတ်ကို** လေးနက်တိကျ ပြတ်သားစွာ သိရှိအောင် သင်ပြပေးရာ၏။ ။ ထိုမှတစ်ပါး ယခု သင်ပြပေးနေသော မဟာသတိပဋ္ဌာန် စာမျက်နှာ ၂၅-ဒုက္ခသစ္စနိဒ္ဒေသမှ အစပြု၍ စာမျက်နှာ ၃၆-မဂ္ဂသစ္စနိဒ္ဒေသ ဆုံးသည်အထိ တတ်နိုင်သမျှ သင်ပေးရာ၏။
>
> **သဗ္ဗရသံ ဓမ္မရသော ဇိနာတိ**
> (ဓမ္မပဒ ပါဠိတော်၊ တဏှာဝဂ်)။

သိကြားမင်းက မေးလျှောက်သဖြင့် ဗုဒ္ဓမြတ်စွာက (ဓမ္မရသော) တရားတည်းဟူသောအရသာသည် (သဗ္ဗရသံ) ခပ်သိမ်းသောအရသာကို (ဇိနာတိ)အောင်၏ဟု ဖြေဆိုတော်မူ၏။ (တစ်ဆင့်တက်အံ့)-

http://www.dhammadownload.com

ကိ သု ဟ ဝေ သာ ခုတရံ ရသာနံ။
သစ္စံ ဟ ဝေ သာ ခုတရံ ရသာနံ။

ဒေဝတာတစ်ဦးကို အရသာတို့တွင် ဧကန်စင်စစ် အကောင်းမြတ်ဆုံးအရသာသည် အဘယ်ပါနည်းဟု မေးလျှောက်ရာ ဗုဒ္ဓမြတ်စွာက အရသာတို့တွင် ဧကန်စင်စစ် အကောင်းမြတ်ဆုံးသော အရသာသည် သစ္စာတရားတည်းဟု ဖြေဆိုတော်မူလေသည်။ (သဂါထာဝဂ္ဂသံယုတ်ပါဠိတော်, ဒေဝတာသံယုတ်, ဆေတ္တာဝဂ် တတိယသုတ်)။

မဟာဝဂ္ဂသံယုတ်ပါဠိတော်, သစ္စသံယုတ်, သမာဓိဝဂ်, ဝိတက္ကသုတ်၌ လာသည်မှ အတိုချုပ် သဘောကို ဖော်ပြရသော် အိုး-ရဟန်းတို့၊ ဤသည်ကား ဆင်းရဲဒုက္ခပေတည်း။ ဤသည်ကား ဆင်းရဲဒုက္ခ၏ အကြောင်းပေတည်း။ ဤသည်ကား ဆင်းရဲဒုက္ခ၏ ချုပ်ငြိမ်းရာပေတည်း။ ဤသည်ကား ဆင်းရဲဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ဆိုက်ရောက်စေတတ်သော အကျင့်ပေတည်းဟူ၍ ကြံကြကုန်လော့။ အဘယ်ကြောင့်နည်းဟူမူကား ဤသို့ကြံစည်ခြင်းသည် ကောင်းမြတ်သော (၀ါ-နိဗ္ဗာန်ရောက်ကြောင်း) အကျင့်၏ အစဖြစ်ခြင်းကြောင့် ပေတည်းဟု ညွှန်ပြတော်မူလေသည်။

မူလပဏ္ဏာသပါဠိတော်, ဩပမ္မဝဂ်, မဟာဟတ္ထိပဒေါပမသုတ်၌ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက (ယေကေစိ ကုသလာဓမ္မာ၊ သဗ္ဗေ တေ စတူသု အရိယသစ္စေသု သင်္ဂဟံ ဂစ္ဆန္တိ) ၎င်းရှင်တို့၊ ကုသိုလ်တရားအားလုံးတို့သည် လေးပါးသော အရိယာသစ္စာတို့၌ အကျဉ်းချုံးခြင်းသို့ ရောက်ကုန်၏။ အဘယ်လေးပါးတို့၌ ပေါင်းဆုံခြင်းသို့ ရောက်ကုန်သနည်း၊ ဒုက္ခဖြစ်သော အရိယသစ္စာ၊ ဒုက္ခဖြစ်ကြောင်းဖြစ်သော အရိယသစ္စာ၊ ဒုက္ခချုပ်ရာဖြစ်သော အရိယသစ္စာ၊ ဒုက္ခချုပ်ရာသို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယသစ္စာတို့၌ ပေါင်းဆုံခြင်းသို့ ရောက်ကုန်၏ဟု ဟောတော်မူလေသည်။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။
ပဉ္စုပါဒါနက္ခန္ဓာ တိသ ဝစနီယံ။ . . .။

အိုး-ရဟန်းတို့၊ ဒုက္ခဖြစ်သော အရိယသစ္စာသည် အဘယ်နည်းဟူမူကား ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ဟူ၍ ဆိုအပ်သည်ဖြစ်၏။ အဘယ်ခန္ဓာငါးပါးတို့နည်းဟူမူကား (ရူပုပါဒါနက္ခန္ဓော)ရုပ်ဟူသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာလည်းကောင်း၊ (ဝေဒနုပါဒါနက္ခန္ဓော) ဝေဒနာဟူသော ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာလည်းကောင်း၊ (သညုပါဒါနက္ခန္ဓော)သညာဟူသော ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာလည်းကောင်း၊ (သင်္ခါရုပါဒါနက္ခန္ဓော)သင်္ခါရဟူသော ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာလည်းကောင်း၊ (ဝိညာဏုပါဒါနက္ခန္ဓော)ဝိညာဏ်ဟူသော ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာလည်းကောင်း၊ အိုး-ရဟန်းတို့၊ ဤဥပါဒါနက္ခန္ဓာငါးပါးကို ဒုက္ခဖြစ်သော အရိယာသစ္စာဟူ၍ ဆိုအပ်၏။ (သိရန်ကား ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ) မဟာဝဂ္ဂသံယုတ်ပါဠိတော်, သစ္စသံယုတ်, ဓမ္မစက္ကပဝတ္တနဝဂ်, တတိယသုတ်။

ထိုမှတစ်ပါး ယခု သင်ပြလျက်ရှိသော မဟာသတိပဋ္ဌာန်စာမျက်နှာ ၂၈-အောက်ဆုံး နှစ်ကြောင်း၌ "ကတမေ စ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါနက္ခန္ဓာ ဒုက္ခာ"ဟူ၍ ဟောတော်မူရာ၌လည်း အထက်ပါသဘောကိုပင် ဟောတော်မူလေသည်။

အချုပ်ကား သင်္ခတ, အသင်္ခတဖြစ်သော လောကဓာတ်ကြီးကို သစ္စာလေးပါးနည်းဖြင့် ကြည့်သော်-
မိန်းမ ယောက်ျား မရှိ၊ လူ နတ် ဗြဟ္မာ သတ္တဝါမရှိ၊ ခန္ဓာငါးပါးတည်းဟူသော ဒုက္ခနှင့် နိဗ္ဗာန် တည်းဟူသော သုခသာလျှင် ရှိခြင်းကို ပညာမျက်စိဖြင့် ထင်ရှားစွာ တွေ့မြင်ရပေလိမ့်မည်။

http://www.dhammadownload.com

တစ်နည်းသော် သဘာဝမမ္မကို သစ္စာနည်းဖြင့်ကြည့်လျှင် လူပြည်, နတ်ပြည်, ငြဟ္မာ့ပြည် စသော ၃၁-ဘုံတွင် လူ, နတ်, ငြဟ္မာ, ယောက်ျား, မိန်းမဟူသည် မရှိ ဒုက္ခအတိမျှသာရှိခြင်းကို သုတမယဉာဏ်အားဖြင့် (၀၊) အနုမာနသိဒ္ဓိအားဖြင့် ထင်ရှားစွာ သိမြင်လာအောင် ဆရာလုပ်သူက ဇွဲကောင်းစွာ သည်းခံလျက် ရှင်းလင်း သင်ပြပေးရပေမည်။

အကြောင်းသော်ကား ဒုက္ခကို သိသလောက်မျှသာလျှင် နိဗ္ဗာန်ကို အလိုရှိကြလေသည်။ ဒုက္ခကို တစ်ဆယ်သား သိသည်ရှိသော် သုခကို တစ်ဆယ်သား လိုချင်သည်မည်၏။ ဒုက္ခကို တစ်ပိဿာ သိသည်ရှိသော် သုခကို တစ်ပိဿာ လိုချင်သည်မည်သောကြောင့်ပေတည်း။

ဗုဒ္ဓစက္ခေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဝမမ္မာနံ၊ နာမမတ္တံ နၖ နာယတိ။
(ပရိဝါပါဠိတော် စာ-၁၅၇/ပဒ-၂၅၇)

ဗုဒ္ဓစက္ခေ-ဘုရားတည်းဟူသော လမင်းသည်၊ **အနုပ္ပန္နေ**-မထွန်းမလှစ် မဖြစ်သည်ရှိသော်၊ **ဗုဒ္ဓါဒိစ္စေ**-ဘုရားတည်းဟူသော နေမင်းသည်၊ **အနုဂ္ဂတေ**-မပေါ်မထွက် မတက်သည်ရှိသော်၊ **တေသံ သဘာဝ မမ္မာနံ**-ထိုအနိစ္စအခြင်းအရာ စသည်တို့ဖြင့် တူကုန်သော သင်္ခတတရားတို့၏၊ **နာမမတ္တံ**-နာမမတ္တံပိ၊ ဖဿ, ဝေဒနာ စသောအမည်မျှသည်လည်း၊ **နၖ နာယတိ**-မထင်။

(နိဿ - သစ်ဆိမ့်မူ - ၁၁၅)

(ကေစိပေါ်ထွက်ကေသု = တေသံဘာဝမမ္မာနံ - ပါဠိရှိသေး၏။)

နိဗ္ဗာန်အတွက် စာပတ်ရှုရခြင်း

မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိသဖြင့် ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်လိုသော ယောဂီသူမြတ်သည် ရှေးဦးစွာ သုတမယဉာဏ်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော နည်းကောင်းလမ်းမှန်တို့ကို ဆရာကောင်းထံတွင် သင်ယူ မှတ်သားရမည်၊ သို့မဟုတ် မိမိကိုယ်တိုင် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို ဖတ်ရှု လေ့လာရမည်။ ။ စိန်ကောင်း ကျောက်ကောင်းကို လွယ်ကူစွာ လမ်းပေါ်တွင် မရရှိနိုင်။ တွင်းနက်နက်တူးရသည်ကို သတိပြုပါ။ ယခုအခါ ဆရာတုများစွာ ပေါ်ထွက်နေခြင်းကြောင့် စာဖတ်ခြင်းကို ပို၍ အလိုရှိအပ်လေသည်။ ။ ထို့ကြောင့် ဝိပဿနာနှင့် ဆိုင်ရာစာပေကို ဖတ်ရှုရန် အထူး တိုက်တွန်းပါ၏။

ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ၊ နော အဇာနတော နော အပဿတော။ ကိဉ္စ ဘိက္ခဝေ ဇာနတော ကိံ ပဿတော အာသဝါနံ ခယော ဟောတိ။ ဣဒံ ဒုက္ခန္တိ ဣဒံ ဒုက္ခသမုဒယော၊ ဣဒံ ဒုက္ခနိရောဓော။ ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ။ ဣဒံ ဝေဒနာ. . . ပ. . . ဣဒံ သညာ ဣဒံ သင်္ခါရာ ဣဒံ ဝိညာဏံ ဣဒံ ဝိညာဏဿ သမုဒယော၊ ဣဒံ ဝိညာဏဿ အတ္ထင်္ဂံ မောတိ။ ဧဝံခေါ ဘိက္ခဝေ ဇာနတော ဧဝံ ပဿတော အာသဝါနံ ခယော ဟောတိ။

ဤပါဠိတော်မှာ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်, နိဒါနသံယုတ်, ဒသဗလဝဂ်၌လာရှိ၍ ဘာသာပြန်မှာ ဆဋ္ဌမူစာမျက်နှာ ၂၅၂-တွင် ကြည့်ရန်။ ။ ၎င်းပါဠိတော်အတွက် အလွယ်တကူ လေ့ကျင့်နိုင်ရန်မှာ ယခု သင်ပြပေးနေသော မဟာသတိပဋ္ဌာန် ဓမ္မာနုပဿနာ ခန္ဓပဗ္ဗ စာမျက်နှာ ၁၉-၁၀၄-၁၉၁-တို့၌ ဖတ်ရှု လေ့ကျင့်ရန်ဖြစ်၏။ (စာမျက်နှာ ၉၃-အဓိပ္ပါယ် အနည်းငယ် ဖော်ပြခဲ့၏)။

http://www.dhammadownload.com

အတ္တနှင့် အနတ္တ ကွဲရ၏။

သော ဝတ ဘိက္ခဝေ ဘိက္ခု ကဠိ ဓမ္မံ အတ္တတော
သမနုပဿေယ္ယ အနုလောမိကာယ ခန္တိယာ
သမန္နာဂတော ဘဝိဿတိတိ နေတံ ဌာနံ ဝိဇ္ဇတိ။

(အင်္ဂုတ္တိရ်ပါဠိတော် ဆက္ကနိပါတ် အာနိသံဝဂ် အနတ္တသုတ်၌လည်းကောင်း)၊
(ပဋိသမ္ဘိဒါမဂ် ပါဠိတော် ပညာဝဂ် ဆဋ္ဌမု စာမျက်နှာ ၄၁၀-၌လည်းကောင်း လာရှိ၏)။

ရဟန်းတို့ တစ်စုံတစ်ခုသော တရားကို အတ္တအားဖြင့် ရှုသော ထိုရဟန်းသည် စင်စစ်အားဖြင့် အနုလောမိက ခန္တိ-လောကုတ္တရာတရားအားလျော်သော ပညာနှင့် ပြည့်စုံလိမ့်မည်ဟူသော အကြောင်းသည် မရှိနိုင်။

သော ဝတ ဘိက္ခဝေ ဘိက္ခု သဗ္ဗမေဗ္မေ အနတ္တတော
သမနုပဿေယ္ယ အနုလောမိကာယ ခန္တိယာ
သမန္နာဂတော ဘဝိဿတိတိ ဌာန မေတံ ဝိဇ္ဇတိ။

ရဟန်းတို့၊ အလုံးစုံသော တရားတို့ကို အနတ္တအားဖြင့် ရှုသော ထိုရဟန်းသည် စင်စစ်အားဖြင့် အနုလောကမိကခန္တိနှင့် ပြည့်စုံလိမ့်မည်ဟူသောအကြောင်းသည် ရှိနိုင်၏။

ယင်းပါဠိတော်၌ ဆက်လက် လာရှိသည့် အတိုချုပ်မှာ အတ္တနှင့် လေ့ကျင့် ပွားများနေပါက အလိုရှိသော မဂ်ဖိုလ်ကို မရရှိနိုင်၊ အနတ္တသဘာဝ သဘောတရားနှင့် လေ့ကျင့်ပွားများမှသာလျှင် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်နိုင်သည်ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

အဋ္ဌသာလိနီ နိဂ္ဂေါပကဏ္ဍ စာမျက်နှာ ၃၈၈-၌ တာ သဗ္ဗာ ပိ မဂ္ဂါဝရဏာ နိ သဂ္ဂါဝရဏာ အတ္တ ဒိဋ္ဌိနှင့် ပွားများသော် မဂ်ဖိုလ်ရရှိရေးကို တားဆီး။ နတ်ရွာသို့ရောက်ရှိရေးကို မတားဟု လာရှိ၏။ ဤစာအုပ် စာမျက်နှာ ၄၈-၌လည်း "သခ်ါရာဝ သခ်ါရေ ဝိပဿန္တိ သမ္မသန္တိ"ဟု ဖော်ပြခဲ့ပြီ။

ထို့ကြောင့် အတ္တနှင့် အနတ္တမကွဲလျှင် အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းကြောင့် ရှေးဦးစွာ သုတမယဉာဏ်အားဖြင့် အတ္တနှင့်အနတ္တ ကွဲရန် အထူး ကြိုးစားကြရပေမည်။

ပျင်းရိနေခြင်း

မကောင်းသဖြင့် ဟောပြောအပ်သည်ကို မလိုက်နာဘဲ ပျင်းရိနေခြင်းက ချမ်းသာ၏ဟု ဟောတော်မူလေသည်။ (အင်္ဂုတ္တိရ်ပါဠိတော် ဧကကနိပါတ် ဧကဓမ္မပါဠိတော် တတိယဝဂ် ဆ-မြန်-စာ ၄၆)။

မိဘနှစ်ပါး

အကြင်သူသည် မိဘနှစ်ပါးကို အနှစ်တစ်ရာတို့ပတ်လုံး မိမိပခုံးထက်၌တင်၍ လုပ်ကျွေး ပြုစုခြင်း၊ မင်း၏စည်းစိမ်ကို ပေးခြင်း စသည်တို့ထက် သဒ္ဓါတရားရှိလာအောင်ပြုခြင်း၊ သီလဆောက်တည်လာအောင် ပြုခြင်း၊ ပညာနှင့်ပြည့်စုံစေခြင်းငှာ ဆောက်တည်စေခြင်းတို့က ပို၍ အကျိုးကျေးဇူးကြီးမား၏ဟု ဟောတော်မူလေသည်။ (အင်္ဂုတ္တိရ် ပါဠိတော် ဒုကနိပါတ် သမစိတ္တဝဂ် ဆ-မြန်-စာ ၇၅)။

အတ္တဝါဒုပါဒါန်

ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ဟူ၍ ရှိရာ သာသနာပ ပြဟ္မာကြီးများသည် ပထမသုံးမျိုးကို ပယ်ဖြတ်ရန် သိကြသော်လည်း အတ္တဝါဒုပါဒါန်ကို ပယ်ဖြတ်ရန် မသိရှာကြချေ။ (မူလ ပဏ္ဏာသပါဠိတော် သီဟနာဒဝဂ် စူဠသီဟနာဒသုတ် ဆ-မြန်-စာ ၁၀၃)။

http://www.dhammadownload.com

အနိစ္စာ သင္ခ သခ်ိဳရာ၊ ဒုကၡာ နတ္တာ စ သခ်ၤတာ။
နိဗၺာနဥ္စေ ပညတ္တိ၊ အနတ္တာ ဣတိနိစ္ဆယာ။

(ပရိဝါပါဠိေတာ် သမုဋ္ဌာနသီသ သခ်ၤပ စာမ္ယက်နာ ၁၅၇၊ မြန်မာပြန် ၂၃၄)။

သခ်ိဳရတရား အားလုံးတို့သည် အမြဲမရှိကုန်၊ သခ်ၤတတရား အားလုံးတို့သည် ဆင်းလည်းဆင်းရဲကုန်၏။ ကိုယ်လည်းမဟုတ်။ နိဗၺာန်နှင့်ပညတ်ကို ကိုယ်မဟုတ် 'အနတ္တ"ဟူ၍ ဆုံးဖြတ်အပ်၏။

တိသော ဣမာ ဘိက္ခေ ဓာတုေယာ၊ ကတမာ တိသော
ရူပဓာတု အရူပဓာတု နိေရာဓဓာတု။

(ဣတိဝုတ် ပါဠိေတာ် တိကနိပါတ် စာမ္ယက်နာ ၂၂၆၊ အပိုဒ် ၅၁၊ မြန်မာပြန် ၂၁၀)။

ရဟန်းတို့၊ ဓာတ်တို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်း- ရူပဓာတ်၊ အရူပဓာတ်၊ နိေရာဓ ဓာတ်တို့တည်း။

ကတမာ စ ဘိက္ခေ မိစ္ဆာပဋိပဒါ၊ အဝိဇ္ဇာပစ္စယာ ဘိက္ခေ သခ်ိဳရာ၊
သခ်ိဳရပစ္စယာ ဝိညာဏံ . . . ပ. . . ဧေဝေတသ ကေေဝလသ
ဒုကၡကၡန္ဓသ သမုဒယော ေဟာတိ၊ အယံ ဝုစ္စတိ ဘိက္ခေ မိစ္ဆာပဋိပဒါ။

(နိဒါနဝဂ္ဂသံယုတ်ပါဠိေတာ် ဗုဒ္ဓဝဂ်, ပဋိပဒါသုတ်, မြန်မာပြန် စာမ္ယက်နာ ၂၃၀)။

ရဟန်းတို့၊ မှားယွင်းသောအကျင့် 'မိစ္ဆာပဋိပဒါ' ဟူသည် အဘယ်နည်း။ ရဟန်းတို့၊ မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် သခ်ိဳရတို့ ဖြစ်ရကုန်၏။ ပြုစီရင်မှု 'သခ်ိဳရ'အကြောင်းခံကြောင့် သိမှု'ဝိညာဏ်'ဖြစ်ရ၏။ . . . ပ. . . ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပွားရ၏။ ရဟန်းတို့၊ ဤသဘောတရားကို မှားယွင်းသော အကျင့် 'မိစ္ဆာပဋိပဒါ'ဟု ဆိုအပ်၏။ (ထိုပါဠိေတာ်၌ "အဝိဇ္ဇာယတွေ၀" စသည်တို့ဖြင့် လာရှိသေး၏။ စာမ္ယက်နာ ၁၁၅-၌ လာရှိသော "ကထံ နု ခေါ"နှင့် ဆက်ပြရန်)။

စက္ခု၌ ဆင်ခြင်ပွားများရန်

(ပဋိသမ္ဘိဒါမဂ် ပါဠိေတာ် စာမ္ယက်နာ ၇၃ နိဿယ ၈၆)။

စက္ခုသည် အဝိဇ္ဇာ တဏှာ ကံ အာဟာရတို့ကြောင့် ဖြစ်ပေါ်၏။ စက္ခုသည် အကြောင်းကြောင့် ဖြစ်ပေါ်လာရသော သဘောတည်း။

စက္ခု အဟုတ္တာ သမ္ဘုတံ ဟုတ္တာ
နဘဝိသတိတိ ဝ၀ေတ္ထေတိ။

စက္ခု-စက္ခုသည်၊ အဟုတ္တာ-မူလကမရှိမူ၍၊ သမ္ဘုတံ-ယခုမှ ဖြစ်ပေါ်လာသည်။ ဟုတ္တာ-ဖြစ်ပြီး၍လည်း၊ နဘဝိသတိ-မရှိဘဲ ဖြစ်သွားလတ္တံ့။ ဣတိ-ဤသို့၊ ဝ၀ေတ္ထေတိ-ပိုင်းခြားမှတ်သား၏။

စက္ခု အနိစ္စံ သခ်ၤတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ
ဝယဓမ္မံ ဝိရာဂဓမ္မံ နိေရာဓဓမ္မန္တိ ဝ၀ေတ္ထေတိ။

(သောတ ဃာန စသည်တို့မှာလည်း ဤနည်းအတိုင်းပင် ပွားများရာ၏)။

(ဤစာအုပ် စာမ္ယက်နာ ၁၁၅-၌ လာရှိသော "ကထံ နု ခေါ. . . "နှင့် ဆက်ပြရန်)။

http://www.dhammadownload.com

အနုသယ ၇-ပါး

(မူလပဏ္ဏာသ ပါဠိတော်, သီဟနာဒဝဂ်, မခုပိဏ္ဍိကသုတ်)

ဝိပဿနာ ဘာဝနာဆိုသည်ကား အဝိဇ္ဇာနှင့် တဏှာတို့ကို ပယ်ဖြတ်နေသော လုပ်ငန်းကြီးဖြစ်၏။ (၀၊) တစ်နည်းကား အနုသယ ၇-ပါးတို့ကို ပယ်ဖြတ်နေသော လုပ်ငန်းကြီးဖြစ်၏။ ၎င်းတို့မှာ ကာမရာဂါနုသယ ပဋိဃာနုသယ ဒိဋ္ဌာ နုယသ ဝိစိကိစ္ဆာနုသယ မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယတို့ ဖြစ်လေသည်။ ။ ဤအနုသယ ၇-ပါးတို့သည် မိမိခန္ဓာ၌ တိုး၍ တိုး၍ နေလေသလော။ လျော့၍ လျော့၍ နေလေသလော ဆိုသည်ကို ယောဂီသူမြတ်သည် နံနက်တိုင်း နံနက်တိုင်း နေ့လယ်တိုင်း နေ့လယ်တိုင်း ညနေတိုင်း ညနေတိုင်း မိမိကိုယ်တိုင် စစ်ဆေးရာ၏။

ဗုဒ္ဓမြတ်စွာသည် ရဟန်းတစ်ပါးအား သင်ယူဆောင်ထား လေ့ကျင့်ပွားများရန် စေခိုင်းတော်မူသော တရားတော်။ ။ ဤဒေသနာတော်အရ စာကျက်ရမည်, စာလိုက်, စာခံမနေပါ။

စက္ခု စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿ ပစ္စယာ ဝေဒနာ။ ဝေဒနာ ပစ္စယာ တဏှာ။ တဏှာ ပစ္စယာ ဥပါဒါနံ။ ဥပါဒါန ပစ္စယာ ဘဝေါ။ ဘဝ ပစ္စယာ ဇာတိ။ ဇာတိ ပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

(သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်, သဠာယတနသံယုတ်၊ ယောဂကွေမိဝဂ်, ဥပသုတိသုတ်, ဆဋ္ဌမ စာမျက်နှာ ၃၁၀၊ မြန်မာပြန် စာမျက်နှာ ၃၀၃, အပိုဒ် ၁၁၃)။

စက္ခုပသာဒကိုလည်းကောင်း၊ ရူပါရုံတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ သုံးခုသော တရားတို့၏ ပေါင်းဆုံမိခြင်းသည် ဖဿဖြစ်၏။ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏။ ဝေဒနာဟူသောအကြောင်းကြောင့် တဏှာသည် ဖြစ်၏။ တဏှာဟူသောကြောင်းကြောင့် ဥပါဒါန်သည် ဖြစ်၏။ ဥပါဒါန်ဟူသောအကြောင်းကြောင့် ဘဝသည် ဖြစ်၏။ ဘဝဟူသောအကြောင်းကြောင့် ဇာတိသည် ဖြစ်၏။ ဇာတိဟူသောအကြောင်းကြောင့် အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပူပန်ခြင်းတို့သည် ဖြစ်ကုန်၏။ ဤသို့ အလုံးစုံသော ဤဆင်းရဲအစု ဒုက္ခအစု၏ ဖြစ်ခြင်းသည် ဖြစ်၏။

ထိုပါဠိတော်မှာ ဤမျှသာမက ရှည်လျားစွာလာ၏။ လိုရင်းအချုပ်ကား တဏှာကို ပယ်ဖြတ်ရန် ဖြစ်၏။ ယင်းပါဠိတော်မှာ ဗုဒ္ဓမြတ်စွာသည် ထူးခြားစွာ ရဟန်းတစ်ပါးအား သင်ယူဆောင်ထား လေ့ကျင့်ပွားများရန် စေခိုင်းတော်မူသော ပါဠိတော်ဖြစ်၏။ ကျမ်းရင်းကို ဆက်လက်၍ ရှုဖတ်တော်မူကြရန် အထူးတိုက်တွန်းပါ၏။

http://www.dhammadownload.com

နိဗ္ဗာန်

နိဗ္ဗာန်သည် အမ္ဘတ္တလော ဗဟိဒ္ဓလော
နိရောဓသစ္စာထိုက်သော နိဗ္ဗာန်သည် အဘာယ်နည်း။

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
အတောဝ သရာ နိဝတ္တန္တိ၊ ဇတ္ထ ဝဋ္ဋံ နဝတ္တတိ။
ဇတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိတိ။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော်, ဒေဝတာသံယုတ်, သတ္တိဝဂ်, သရသုတ် စာမျက်နှာ ၁၅၊ မြန်မာပြန် ၁၄။ ။ အကြင် နိဗ္ဗာန်အရပ်၌ ဖွဲ့စည်းမှု "အာပေါ"ဓာတ်သည်လည်းကောင်း၊ ခက်မာမှု "ပထဝီ"ဓာတ်သည်လည်းကောင်း၊ ရင့်ကျက်မှု "တေဇော"ဓာတ်သည်လည်းကောင်း၊ ထောက်ကန်မှု "ဝါယောဓာတ်" သည်လည်းကောင်း မတည်နိုင်။ ထိုနိဗ္ဗာန်အရပ်မှ သံသရာအိုင်တို့သည် ဆုတ်နစ်ကုန်၏။ ဤနိဗ္ဗာန်အရပ်၌ ဝဋ်ဆင်းရဲသည် မဖြစ်၊ ဤနိဗ္ဗာန်အရပ်၌ နာမ်သည်လည်းကောင်း၊ ရူပ်သည်လည်းကောင်း အကြွင်းမဲ့ချုပ်၏ဟု မိန့်တော်မူ၏။

မဟာပဒေသတရား ၄-ပါးနည်းအရ ဤ"သာမုက္ကံသိက"ပါဠိတော်ကို ဖတ်ရှုရခြင်းအားဖြင့် နိဗ္ဗာန်၌ ဆင်းရဲဒုက္ခအဝဝ ကင်းငြိမ်းသည်သာမက နာမ်ဓာတ် ရူပ်ဓာတ် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကြောင့် နိဗ္ဗာန်၌ ရူပ်ထူး နာမ်ထူး ပုဂ္ဂိုလ်ထူး မရှိခြင်းကို ကောင်းစွာသိအပ်လေပြီ။ (**နတ္ထိ ခန္ဓသမာ ဒုက္ခာ, နတ္ထိ သန္တိ ပရံ သုခံ**)။

တတ္ထ ဝုတ္ထာ ဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတောဝ။
စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ။

ဤကား အဘိဓမ္မတ္ထ သင်္ဂဟ လက်သန်းအဌကထာ၌ ရှေးဦးစွာ လာရှိသည်တည်း။ ။ လိုရင်းအဓိပ္ပါယ်သော်ကား အဘိဓမ္မာနည်းအရ လောကဓာတ်ကြီးတစ်ရပ်လုံးတွင် စိတ်, စေတသိက်, ရူပ်, နိဗ္ဗာန်၊ ဤ ၄-ပါးသာ ရှိ၏။ အခြားမရှိဟု အဌကထာဆရာမြတ်က မိန့်ဆိုတော်မူခြင်းဖြစ်၏။

ဤတွင် တစ်နည်းနားလည်ရန်မှာ လောကဓာတ်ကြီးတစ်ရပ်လုံးတွင် မိန်းမ, ယောကျ်ား, လူ, နတ်, ဗြဟ္မာဟူ၍မရှိ။ စိတ်, စေတသိက်, ရူပ်, နိဗ္ဗာန်၊ ဤပရမတ္ထ သဘာဝမျိုး တရားလေးပါးသာလျှင် အသီးသီး ရှိကြသည်ဟု ယောဂီသူမြတ် စွဲမြဲစွာ မှတ်ယူထားရပေမည်။

ဤသို့ဖြစ်ခဲ့လျှင် တစ်ဆင့်တက်သော် ယောဂီသူမြတ်ဆိုသည်ပင် မရှိတော့ပြီ။ စိတ်, စေတသိက်, ရူပ်တို့သာလျှင် ရှိခြင်းကို စိတ်နှင့်စေတသိက်တို့က သိရှိနေခြင်းဖြစ်သည်ကို စိတ်နှင့်စေတသိက်တို့က စွဲမြဲစွာ မှတ်ယူထားရပေမည်။ ။ ၎င်း စိတ်, စေတသိက်, ရူပ်တို့ကို ခန္ဓာဖွဲ့သော် ခန္ဓာငါးပါး ရရှိလာ၏။ နိရောဓ သစ္စာထိုက်သော နိဗ္ဗာန်ကား စိတ်, စေတသိက်, ရူပ်တို့နှင့် မရောမယှက် တစ်သီးတခြားတည်းဟု နာမ် ခန္ဓာလေးပါးတို့က တိကျပြတ်သားစွာ သိရှိထားရပေမည်။ (ဆရာကိုယ်တိုင်ကလည်း ဤအတိုင်း ပိုင်နိုင်စွာ လေ့ကျင့်သိရှိပြီး ဖြစ်ရမည်)။

အဘိဓမ္မာကျမ်းတို့၏အစဖြစ်သော ဓမ္မသင်္ဂဏီကျမ်း၏ အစရှေးဦးစွာ၌ လာရှိသော ပါဠိတော်ကား-

ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗ္ယာကတာ ဓမ္မာတို့ပေတည်း။ ဤပါဠိတော်အရလည်း ကုသလာ ဓမ္မာအရ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိ။ သဘာဝဓမ္မဖြစ်သော စိတ်နှင့်စေတသိက် ၃၈-လုံးသာ ရှိ၏။

http://www.dhammadownload.com

အကုသလာဓမ္မာအရ လူ, နတ်, ဗြဟ္မာ, သတ္တဝါမရှိ။ သဘာဝဓမ္မဖြစ်သော စိတ်နှင့်စေတသိက် ၂၇-လုံးသာ ရှိ၏။ အဗျာကတာဓမ္မာအရတွင်လည်း ယောက်ျား, မိန်းမ, လူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိ။ သဘာဝဓမ္မဖြစ်သောစိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်သာ ရှိ၏။

ဤသို့ အဋ္ဌကထာနှင့်တကွ ပါဠိတော်ကို ဖော်ပြရခြင်းကား- လူ, နတ်, ဗြဟ္မာ, သတ္တဝါမရှိ။ သဘာဝဓမ္မသာ ရှိသည်ဆိုသည်ကိုသာလျှင် ဖော်ပြလိုသည်သာမကသေး။ နိရောဓသစ္စာထိုက်သော နိဗ္ဗာန်သည်(ဝါ)မဂ်, ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်သည် အဖျတ္တဖြစ်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော ခန္ဓာငါးပါးနှင့် မရောမယှက် တသီးတခြား ဖြစ်ခြင်းကို ထင်ရှားစွာ သိရှိထားစေလိုသည်မှာ ပဓာနအချက်ကြီးဖြစ်၏။

ဓမ္မသင်္ဂဏီပါဠိတော် ဒုကမာတိကာ၌ သပ္ပစ္စယာ ဓမ္မာ၊ အပ္ပစ္စယာ ဓမ္မာဟူ၍လည်း ဟောတော်မူ၏။ သခ်တာ ဓမ္မာ အသခ်တာ ဓမ္မာဟူ၍လည်း ဟောတော်မူ၏။ ဤကား မာတိကာမျှသာတည်း၊ ယင်းပါဠိတော် နိက္ခေပကဏ္ဍ၌ လာရှိသည်မှာ-

ကတမေ ဓမ္မာ သပ္ပစ္စယာ။
ပဠေ္ဌန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော
သခ်ါရက္ခန္ဓော ဝိညာဏက္ခန္ဓော။ ဣမေ ဓမ္မာ သပ္ပစ္စယာ။

အဘယ်သို့သဘောရှိကုန်သောတရားတို့သည် သပ္ပစ္စယမည်ကုန်သနည်း။ ။ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သခ်ါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ငါးပါးသည် သပ္ပစ္စယတရား မည်ကုန်၏။

ကတမေ ဓမ္မာ အပ္ပစ္စယာ။
အသခ်တာ ဓာတု၊ ဣမေ ဓမ္မာ အပ္ပစ္စယာ။

အဘယ်သို့သဘောရှိကုန်သောတရားတို့သည် အပ္ပစ္စယမည်ကုန်သနည်း။ ။ အကြောင်းတရားတို့သည် မပြုပြင်အပ်ကုန်သော နိဗ္ဗာနဓာတ်သည်ရှိ၏။ ဤသဘောတရားသည် အပ္ပစ္စယတရား မည်၏။

ကတမေ ဓမ္မာ သခ်တာ။
ယေ ဝ တေ ဓမ္မာ သပ္ပစ္စယာ၊ တေ ဝ တေ ဓမ္မာ သခ်တာ။

အဘယ်သို့သဘောရှိကုန်သောတရားတို့သည် သခ်တမည်ကုန်သနည်း။ အကြင်အကြင်တရားတို့သည် သပ္ပစ္စယမည်ကုန်၏။ ထိုထိုသို့သောတရားတို့သည် သခ်တတရားတို့မည်ကုန်၏။ (ဤ၌ ခန္ဓာငါးပါး ဝါ-စိတ်, စေတသိက်, ရုပ်တို့သည် သခ်တမည်၏)။

ကတမေ ဓမ္မာ အသခ်တာ။
ယော ဧဝ သော ဓမ္မော အပ္ပစ္စယော၊ သော ဧဝ သော ဓမ္မော အသခ်တော။

အဘယ်တရားတို့သည် အသခ်တတရားတို့ မည်ကုန်သနည်း။ အကြင်အပ္ပစ္စယမည်သော နိဗ္ဗာန်တရားသည် ရှိ၏။ ထိုအပ္ပစ္စယမည်သော နိဗ္ဗာန်တရားသည် အသခ်တတရားမည်၏ (အကြောင်းတရားတို့သည် မပြုပြင်အပ်ကုန်သော နိဗ္ဗာန်သည် အသခ်တတရား မည်၏)။ ။ ဤသည်တို့ကား အထက်တွင် ဖော်ပြခဲ့သော ပါဠိတော်မှ လာရှိသည်တို့တည်း။

အဂ္ဂတ္ထိရ်ပါဠိတော်, တိကနိပါတ်, စူဠဝဂ်, သခ်တလက္ခဏသုတ်, သခ်တတရားနှင့် အသခ်တတရားတို့ လက္ခဏာတို့ကို ဖော်ပြထားသည်မှာ-

http://www.dhammadownload.com

အို-ရဟန်းတို့၊ သခ်ာတရား၏ သခ်ာတဟုမှတ်ကြောင်း လက္ခဏာတို့သည် ဤသုံးပါးတို့ပေတည်း။ ဖြစ်ခြင်းသဘောဥပါဒ်သည် ထင်ရှား၏။ ပျက်ခြင်းသဘော ဘင်သည် ထင်ရှား၏။ ဌီ မည်သော သဘောတရား၏ ဥပါဒ်နှင့် ဘင်မှတစ်ပါးသော အခြင်းအရာ၏အဖြစ်သည် ထင်ရှား၏။ အို-ရဟန်းတို့၊ သခ်ာတရား၏ သခ်ာတဟု မှတ်ကြောင်း လက္ခဏာတို့သည် ဤသုံးပါးတို့ပေတည်း။

အသခ်ာလက္ခဏာ။

အို-ရဟန်းတို့၊ အသခ်ာတရား၏ အသခ်ာတဟု မှတ်ကြောင်းလက္ခဏာတို့သည် ဤသုံးပါးတို့ပေတည်း။ အဘယ်သုံးပါးတို့နည်းဟူမူကား ဖြစ်ခြင်းသဘော ဥပါဒ်သည် မထင်၊ ပျက်ခြင်းသဘော ဘင်သည် မထင်။ ဌီမည်သောတရား၏ ဥပါဒ်နှင့်ဘင်မှ တစ်ပါးသော အခြင်းအရာ၏ အဖြစ်သည် မထင်။ အို-ရဟန်းတို့ အသခ်ာ တရား၏ အသခ်ာတရားဟု မှတ်ကြောင်းလက္ခဏာတို့သည် ဤသုံးပါးတို့ပေတည်းဟု ဟောတော်မူ၏။

အတ္ထိ ဘိက္ခဝေ အဇာတံ
အဘူတံ အကတံ အသခ်ံ။

ဤပါဠိတော်သည် ဥဒါန်းပါဠိတော်, ပါဋလိဂါမိယဝဂ်, တတိယသုတ်၌လည်းကောင်း၊ ဣတိဝုတ်ပါဠိ တော် ဒုကနိပါတ်, ဒုတိယဝဂ်, အဇာတသုတ်၌လည်းကောင်း လာရှိ၏။

ဆဋ္ဌမ ဘာသာပြန်။ ။ ရဟန်းတို့၊ ဖြစ်ပေါ်မှုမရှိသော ထင်ရှားဖြစ်ပေါ်မှု မရှိသော ပြုလုပ်ထားမှု မရှိသော စီရင်ထားမှုမရှိသော နိဗ္ဗာန်သည်ရှိ၏။ (ဣတိဝုတ် မြန်မာပြန် စာမျက်နှာ ၂၀၄ မှ)။

နိဿယ။ ။ ဘိက္ခဝေ-ရဟန်းတို့၊ **အဇာတံ**-များစွာသောအကြောင်းတို့ကြောင့်လည်း ဖြစ်ခြင်းမရှိသော၊ **အဘူတံ**-အလိုအလျောက်လည်း ဖြစ်ခြင်းမရှိသော၊ **အကတံ**-များစွာသောအကြောင်းတို့သည် ပြုပြင်အပ် သည်လည်းမဟုတ်သော၊ **အသခ်ံတံ**-အကြောင်းတရားတို့ ပြုပြင်စီရင်အပ်သည်လည်း မဟုတ်သော နိဗ္ဗာန် တရားသည်၊ **အတ္ထိ**-ပရမတ္ထ သဘာဝမှအားဖြင့် ထင်ရှားရှိ၏ဟူ၍ ဟောတော်မူ၏။

နိဗ္ဗာန်ကို သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တို့ သဘောကျနိုင်ရန် ခဲယှဉ်းလှ၏။ ။ နိဗ္ဗာန်ကို သဘောကျလာနိုင် ရန်မှာ ဒုက္ခကို အစွမ်းကုန်သိပါမှ နိဗ္ဗာန်ကို သဘောကျနိုင်လေသည်။ ဒုက္ခကို တစ်ဆယ်သား သိလျှင် နိဗ္ဗာန်ကို တစ်ဆယ်သားသဘောကျသည်မည်၏။ ဒုက္ခကို တစ်ပိဿာသိလျှင် နိဗ္ဗာန်ကို တစ်ပိဿာ အလို ရှိသည်မည်၏။ (သဗ္ဗလောကေ အနဘိရတိသညာ) ၃၁-ဘုံသည် ဒုက္ခအစစ်, ဒုက္ခအတိသာဖြစ်ခြင်းကို သဘောပေါက်လာသော် ထိုမျှ နိဗ္ဗာန်ကို သဘောကျလာပေတော့၏။ ထိုမျှ နိဗ္ဗာန်ကို အလိုရှိလာပေတော့၏။

ထို့ကြောင့် ဆရာလုပ်သူသည် သောတုဇနပုဂ္ဂိုလ်အား ၃၁-ဘုံ၌ ရှိရှိသမျှသော ပုဂ္ဂိုလ် သတ္တဝါဟူသမျှ တို့သည် (အနတ္တလက္ခဏာသုတ်၌ ဟောတော်မူသည့်အတိုင်း) အနိစ္စမျှသာဖြစ်ခြင်း၊ ဒုက္ခအတိမျှသာဖြစ် ခြင်း၊ အတ္တမပါ၊ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မရှိ၊ အနတ္တသဘာဝမှုဖြစ်ခြင်းကို **သုတမယဉာဏ်** အားဖြင့် (၀၊) **အနုမာနသိဒ္ဓိ**အားဖြင့် သဘောပေါက်လာစေရန် ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏ သုတ်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်း စသောနည်းတို့ဖြင့် ဝိပဿနာဘာဝနာကို မပွားများမီ (၀၊) မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိခန်းသို့ မတက်မီ ရှေးဦးစွာ သင်ပြပေးထားရပေမည်။

http://www.dhammadownload.com

ယာဝတာ ဘိက္ခဝေ ဓမ္မာ သခ်ံတာ ဝါ အသခ်ံတာ ဝါ။
ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂ မက္ခာယတိ. . . ။

အို-ရဟန်းတို့၊ အကြင်မျှလောက်ကုန်သော အကြောင်းတရားတို့သည် ပြုပြင်အပ်သော **သခ်ံတလည်း** ဖြစ်ကုန်သော၊ အကြောင်းတရားတို့သည် မပြုပြင်အပ်သော **အသခ်ံတလည်း** ဖြစ်ကုန်သော တရားတို့သည် ရှိကုန်၏။ ထိုတရားတို့တွင် ရာဂကင်းသော၊ အကြင် ရာဂတည်းဟူသော ယစ်ခြင်း၏ ကင်းရာဖြစ်သော၊ ရာဂတည်းဟူသော မွတ်သိပ်ခြင်း၏ ပယ်ဖျောက်ရာဖြစ်သော၊ တောင့်တခြင်း အာသာကို ဖြတ်ရာဖြစ်သော၊ ဝဋ်ဆင်းရဲ၏ ဖြတ်ရာဖြစ်သော၊ တဏှာ၏ကုန်ရာဖြစ်သော၊ ရာဂကင်းရာဖြစ်သော၊ ဒုက္ခခပ်သိမ်း ချုပ်ရာ ဖြစ်သော အကြင်နိဗ္ဗာန်သည် ရှိ၏။ ထိုနိဗ္ဗာန်ကို **မြတ်၏**ဟု **ဆိုအပ်၏။** (အဂ်ုတ္တိုရ်ပါဠိတော်, စတုက္ကနိပါတ် စက္ကဝဂ်, စတုတ္ထသုတ်)။ ဆက်လက်လာရှိသည်မှာ-

ယေ ဘိက္ခဝေ ဝိရာဂေ ဓမ္မေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ။
အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

အို-ရဟန်းတို့။ အကြင်သူတို့သည် နိဗ္ဗာန်တရား၌ ကြည်ညိုကြကုန်၏။ ထိုသူတို့သည် မြတ်သည်၌ ကြည်ညိုသည် မည်ကုန်၏။ မြတ်သည်၌ ကြည်ညိုကုန်သော သူတို့အား မြတ်သောအကျိုးသည် ဖြစ်၏ဟု ဟောတော်မူ၏။

ဤ **ဒေသနာတော်မြတ်အရ နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်ရကား-** ဒုက္ခအပေါင်း၏ ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်၏ဂုဏ်ထူးကို အာရုံပြုလျက် ဥပသမာနုဿတိဘာဝနာကို ပွားများနေခြင်းသည် သာမန်အကျိုးမျှသာမက ဝိပဿနာ ဘာဝနာ ပွားများရာ၌ နိဗ္ဗာန်သို့ ရောက်ရှိရေးအတွက် နိဗ္ဗာန်ကို (သစ္စာကာတဝ) မျက်မှောက်ပြုသောအခါ (ဝါ) အာရုံပြုသောအခါ ကြီးမားသော အကူအညီ အထောက်အပံ့ကို ရရှိလေသည်။

အဂ်ုတ္တိုရ်ပါဠိတော် ဧကာဒသကနိပါတ်, **နိဿယဝဂ်, မနသိကာရသုတ်၌** လာရှိသော သဘောကို အတိုချုပ် ကောက်နှုတ် ဖော်ပြရသော် ညီတော် အာနန္ဒာက အရှင်ဘုရား၊ ထိုထိုဤဤ စသည်တို့ကို မစဉ်းစားမူ၍ အဘယ်သို့ စဉ်းစား နှလုံးသွင်းမူသည် မွန်မြတ်ပါသနည်းဟု လျှောက်ထားရာ-

အာနန္ဒာ၊ ဤလောက၌ (သဗ္ဗသခ်ါရ သမထော) သခ်ါရအားလုံးငြိမ်းရာ ဥပဓိ အားလုံးကို စွန့်ရာ တဏှာကုန်ရာ တပ်စွန်းမှုကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်တရားသည် ငြိမ်သက်၏။ နိဗ္ဗာန်တရားသည် မွန်မြတ်၏။ ဤသို့ နှလုံးသွင်းသူသည် မြတ်၏ဟု စသည်ဖြင့် ဖြေဆိုတော်မူ၏။ (ဆဋ္ဌမ၊ ဘာသာပြန် ၅၁၃)။

ဤအထက်တွင် "**ယာဝတာ ဘိက္ခဝေ ဓမ္မာ သခ်ံတာ ဝါ အသခ်ံတာ ဝါ ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိ. . .**" ဟူ၍ ဖော်ပြထားသော ပါဠိတော်ကို နိဗ္ဗာန်သို့ အာရုံပြုလျက် အထူး ရွတ်ဆို ပွားများရာ၏။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အနုဿတိ ကမ္မဋ္ဌာနနိဒ္ဒေသ၌ ဥပသမာနုဿတိအတွက် သီးခြား ဖော်ပြထားသည်ကို ဖတ်ရှုကာ လိုက်နာ ပွားများအပ်လေသည်။ ။ ထိုမှ ထုတ်နှုတ်ကာ အနည်းငယ် ဖော်ပြရသော် **ဥပသမာနုဿတိဘာဝနာကို ပွားများ အားထုတ်သူအား** ချမ်းသာစွာ အိပ်ရ၏။ ချမ်းသာစွာ နိုးရ၏။ ကြည်ညိုဖွယ်ရှိသည့် မွန်မြတ်သော နှလုံးသွင်းခြင်းသည်ဖြစ်၏။ သီတင်းသုံးဖော်တို့ အလေးဂရုပြုသည်

http://www.dhammadownload.com

စသည်တို့သည် ဖြစ်၏ဟု အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုတော်မူပြီးနောက် ဤသို့ ကြီးကျယ်သော အကျိုး အာနိသင်ရှိသော ဥပသမာနုဿတိ ဘာဝနာကို မမေ့မလျော့စေမူ၍ အဖန်တလဲလဲ ပွားများ အားထုတ်ရန်ကိုလည်း ညွှန်ပြတော်မူခဲ့လေသည်။

အနိန္ဒြိယဗဒ္ဓရူပဠ နိဗ္ဗာနဠ ဗဟိဒ္ဓါ

(ဓမ္မသင်္ဂဏီပါဠိတော်, အဋ္ဌကထာကဏ္ဍ စာမျက်နှာ ၂၇၃၊ မြန်မာပြန် ၅၂၁)။

အသက် ဇီဝိတိန္ဒြေနှင့်မစပ်သော ရူပ်တရားတို့သည်လည်းကောင်း၊ နိဗ္ဗာန်တရားသည်လည်းကောင်း ဗဟိဒ္ဓတရားတို့ မည်ကုန်၏ဟု ဟောတော်မူ၏။ ထိုမှတစ်ပါး ဝိဘင်းပါဠိတော်, သစ္စဝိဘင်္ဂ, ပဉ္ဘုပ္ဍဏ္ဍ-

နိရောဓသစ္စံ ဗဟိဒ္ဓါ

နိရောဓမည်သော နိဗ္ဗာန်တရားသည် စိတ်, စေတသိက်, ရူပ် ဟူသော ခန္ဓာငါးပါးနှင့် မရောမယှက် (အဇ္ဈတ္တတရားမဟုတ်) ဗဟိဒ္ဓတရားဖြစ်၏ဟု ဟောတော်မူ၏။

ဤတွင် **အထူးကား** - **နိဗ္ဗာန်**သည် အဇ္ဈတ္တတရားမဟုတ်။ ဗဟိဒ္ဓတရားဖြစ်သည်ကို အထူးသိမှတ်ထားရပေမည်။

သစ္စာလေးပါးတရားတော်တွင် နိရောဓသစ္စာကို ဟောတော်မူရာ၌ **တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ. . .** စသည်ဖြင့် ဟောတော်မူရာဝယ် လိုရင်းအဓိပ္ပါယ်အတိုချုပ်ကား-

> **နိဗ္ဗာန်ကို အလိုရှိသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို (သစ္ဆိကာတဗ္ဗ)** မျက်မှောက်ပြုပါမှ နိဗ္ဗာန်ကို အာရုံပြုပါမှ နိဗ္ဗာန်ကို ရရှိ ရောက်ရှိနိုင်ခြင်းကို ငါဘုရားပင်လျှင် ဘုရားမဖြစ်မီ ထီးနန်းကိုစွန့်လျက် ကျင့်နေစဉ်အခါက မသိခဲ့ချေ။ ဘုရားအဖြစ်သို့ ရောက်ပါမှ သိရသည်ဟု ဟောတော်မူလေသည်။

ဤတွင် **အထူးကား**- ဝိပဿနာဘာဝနာကို အားထုတ်ကြိုးစား ပွားများကြရာဝယ် အချို့ပုဂ္ဂိုလ်တို့သည် (သစ္ဆိကာတဗ္ဗ)နိဗ္ဗာန်ကို အာရုံပြုရမည်ဆိုသော ကိစ္စဉာဏ် လုပ်ငန်းကြီးကို မေ့လျော့နေတတ်ကြခြင်းကြောင့် ဥပသမာနုပဿတိကို ပွားများအပ်ကြောင်း ဝိသုဒ္ဓိမဂ်, သခ်ါရုပေက္ခာဉာဏ်ခန်း၌ ဒိသာကာကကျီးဥပမာကိုဆောင်၍ ပြထား၏။ ထိုမှတစ်ဖန် ဝိပဿနာဘာဝနာကို ပွားများရာဝယ် နိရောဓသစ္စာ ကိစ္စဉာဏ်၌ ဟောတော်မူသည့်အတိုင်း နိဗ္ဗာန်သို့ (သစ္ဆိကာတဗ္ဗ) မျက်မှောက်ပြုရမည်ဆိုသည်ကို **အထူး**ဖော်ထုတ် **သင်ပြပေးရာ**၏။

နိဗ္ဗာန်သည် လူနှင့်ဝေးသည်မဟုတ်။ အထူးနီးကပ်လျက်ရှိ၏။ ။ ရောဟိတနတ်သားသည် ဒုက္ခငြိမ်းရာကို အနှစ်တစ်ရာတိုင်တိုင် ခြေဖြင့် လှည့်လည် သွားရောက် ရှာဖွေပါသော်လည်း နိဗ္ဗာန်ကို မတွေ့။ ဤ**တစ်လံမျှရှိသော ကိုယ်ခန္ဓာ၌သာ ရအပ်**၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

ဤခန္ဓာကိုယ်၌သာ ရအပ်၏ ဆိုရာဝယ် သစ္စာလေးပါးနည်းဖြင့် သုံးသပ်သည်ရှိသော် ဝိပဿနာဘာဝနာကို ရင့်သန်လာအောင် ကျင့်ပြီးလျှင် နိဗ္ဗာန်သို့ မျက်မှောက်ပြုခိုက် ရဟန္တာအရှင်မြတ်တို့ ရအပ်သော မဂ်စိတ်သည် ဖြစ်ပေါ်လာရာ ထိုမဂ်စိတ်ဖြင့် တဏှာကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သတ်ရန် ဖြစ်၏။ (ရှေ့တွင် ပို၍ ထင်ရှားလတ္တံ့)။

http://www.dhammadownload.com

အထက်တွင် နိဗ္ဗာန်သည် မိမိကိုယ်၌ ရအပ်၏။ မိမိအနီး၌ရှိ၏ဟု ဆိုရသော်လည်း နိဒါနဝဂ္ဂ နိဒါနသံယုတ်ပါဠိတော်, ဒသဗလဝဂ်, ဒုတိယ ဒသဗလသုတ်၌-

နု ဘိက္ခဝေ ဟိနေန အဂ္ဂသ ပတ္တိ ဟောတိ။
အဂ္ဂေန စ ခေါ ဘိက္ခဝေ အဂ္ဂသ ပတ္တိ ဟောတိ။

အို-ရဟန်းတို့၊ ယုတ်လျော့သော အောက်တန်းစား လုံ့လဖြင့် မွန်မြတ်သော မဂ်ဖိုလ် နိဗ္ဗာန်သို့ မရောက်ရှိနိုင်။ အို-ရဟန်းတို့၊ မြတ်သော အထက်တန်းစား လုံ့လဖြင့်သာလျှင် မွန်မြတ်သော မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ရှိနိုင်၏ဟု ဟောတော်မူသည်ကို အထူး သတိပြုအပ်လေသည်။

အဖော်မပါ၊ နိဗ္ဗာန်ရှာ၊ တောင်ထွာ ဘယ်လောက်ဝေးသလဲ။
တဏှာကုန်က၊ နိဗ္ဗာန်ရ၊ တောင်ရ ထွာရဦးမည်လော။

ဤသို့လျှင် ရှေးသူမြတ်တို့ ဆိုစမှတ်ရှိခဲ့ကြလေသည်။ ထိုမှတစ်ပါး နိဗ္ဗာန်သည် လူနှင့်နီးကပ်လျက်ရှိခြင်းကို သုတ္တနိပါတ် ပါဠိတော်, မဟာဝဂ်, နောက်ဆုံးသုတ်, အဆုံးနားတွင်လည်းကောင်း၊ သဠာယတနဝဂ္ဂ သဠာယတနသုတ် ဒေဝဒဟဝဂ်, ရူပါရာမသုတ်၌လည်းကောင်း အောက်ပါအတိုင်း လာရှိလေသည်။

သန္တိကေ နု ဝိဇာနန္တိ၊
မဂါ ဓမ္မသ အကောဝိဒါ။

သဘာဝဓမ္မဖြစ်သော သစ္စာတရား၌ မလိမ္မာကုန်သော ပုထုဇဉ်လူပြိန်းတို့သည် အနီး၌ရှိနေသော နိဗ္ဗာန်ကို မသိနိုင်ကြကုန်။ (နိဗ္ဗာန်တရားသည် အဝေးမှာမဟုတ်၊ မိမိအနီးတွင်ရှိသည်ဟူ၏)။

ထိုမှတစ်ဖန် ယင်းပါဠိတော် နှစ်ရပ်တို့၌ လာရှိသော သဘောတို့မှ တစ်ခုသောသဘောကို အတိုချုပ်ဖော်ပြပေအုံ့။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟူသော အာရုံ ၆-ပါးတို့ကို သုခချမ်းသာဟု ခေါ်ဆိုသမုတ်အပ်ကုန်၏။ ထိုအာရုံတို့ချုပ်ရာ နိဗ္ဗာန်ကိုကား ဒုက္ခဆင်းရဲဟု ခေါ်ဆိုသမုတ်အပ်ကုန်၏။

အရိယာပုဂ္ဂိုလ်တို့သည်ကား ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ချုပ်ရာ နိဗ္ဗာန်ကို သုခချမ်းသာဟု သိမြင်ကြကုန်၏။ ပုထုဇဉ်ပုဂ္ဂိုလ်တို့ သုခချမ်းသာဟု ခေါ်ဆိုအပ်သော ဝတ္ထုကာမကို ဒုက္ခဆင်းရဲဟု သိမြင်ကြကုန်၏ဟူ၍ ဟောတော်မူ၏။

ဤတွင် ဆိုလိုရင်းအတိုချုပ်ကား ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ကို အလိုရှိ၏။ နိဗ္ဗာန်ကို အလိုမရှိ။ သူတော်သူမြတ်တို့ကား နိဗ္ဗာန်ကို အလိုရှိ၏။ ကာမဂုဏ်ကို အလိုမရှိ။

အဂုံတ္တိုရ်ပါဠိတော်, စတုက္ကနိပါတ်, ရောဟိတဿဝဂ်၌လည်းကောင်း၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်, နာနာတိတ္တိယဝဂ်, ရောဟိတဿသုတ်၌လည်းကောင်း လာရှိသည်တို့၏ အတိုချုပ်သဘောမှာ-

> **အရှင်ဘုရား၊** အကြင်အရပ်၌ အကြင်သူသည် ပဋိသန္ဓေ မနေရ၊ မအိုရ၊ မသေရ၊ တစ်ဖန် မဖြစ်ရသော ထိုအရပ်သို့ ထိုသူသည် ခြေလျင်သွားခြင်းဖြင့် တတ်နိုင်ပါ၏လော။ (ပဋိသန္ဓေမနေရ မအိုရ မသေရ ဆိုသော အရပ်မှာ နိဗ္ဗာန်ဖြစ်၏)။

http://www.dhammadownload.com

အရှင်ဘုရား၊ တပည့်တော်သည် ရှေးတစ်ဘဝတွင် အလွန် တန်ခိုးနှင့်ပြည့်စုံသော ရသေ့ဖြစ်ခဲ့ရာ ထိုအခါက လောက၏အဆုံးကို အလွန်လျင်မြန်သောခြေဖြင့် အနှစ်တစ်ရာပတ်လုံး သွားရောက် ရှာဖွေ ပါသော်လည်း မတွေ့ခဲ့ရပါဘုရားဟု လျှောက်ထားလေသည်။

အိုး-ဒါယကာ ရောဟိတနတ်သား သင်မေးအပ်သော အရပ်သို့ ခြေလျင် သွားခြင်းဖြင့် သိအပ်၏ မြင်အပ်၏ ရောက်အပ်၏ ဟူ၍ ငါဘုရား ဟောတော်မမူ။

အိုး-နတ်သား လောက၏အဆုံး နိဗ္ဗာန်သို့ မရောက်မူ၍ ဒုက္ခ၏အဆုံးကို ပြုခြင်းကို ငါဘုရား ဟောတော်မမူ။ စင်စစ်သော်ကား သညာရှိသည်ဖြစ်သော ဝိညာဏ်ရှိသည်ဖြစ်သော ဤတစ်လံမျှလောက်သော ဤခန္ဓာ ကိုယ်၌သာလျှင် (လောကဆ ပညာပေမိ လောကသမုဒယဆ လောကနိရောဓဆ လောကနိရောဓ ဂါမိနိဆ ပဋိပဒန္တိ) လောကကိုလည်းကောင်း၊ လောက၏ဖြစ်ကြောင်းကိုလည်းကောင်း၊ လောက၏ ချုပ်ရာကိုလည်းကောင်း၊ လောက၏ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုလည်းကောင်း ငါဘုရား ပညတ်တော်မူ၏ဟု ဖြေဆိုတော်မူလေသည်။

ဤတွင် ပါဠိတော်များ၌ နိဗ္ဗာန်သည် အဖျတ္တမဟုတ်၊ ခန္ဓာငါးပါးနှင့် မရောမယှက်သော ဗဟိဒ္ဓ ဖြစ် သည်ဟု လာရှိပါလျက် ယခုသော် ဤတစ်လံမျှလောက်သော ကိုယ်၌သာလျှင် နိဗ္ဗာန်ကို ရရှိ၏။ (၀၊) ဤတစ်လံမျှလောက်သော ကိုယ်၌သာလျှင် သစ္စာလေးပါးကို ရရှိ၏ဟူ၍ ဟောတော်မူပြန်ရာ သာမန်ပုဂ္ဂိုလ်တို့၏စိတ်တွင် အဘယ်သို့ ခွဲခြား သိရပါအံ့နည်းဆိုသော တွေဝေ ရှုပ်ထွေးမှုသည် ပေါ်လာတတ်၏။

နိဗ္ဗာန်သည် အတွင်းအဖျတ္တမဟုတ်၊ အပြင်ဗဟိဒ္ဓဖြစ်ရခြင်းကို ဟောတော်မူအပ်သော ပါဠိတော် အချို့ကို စာမျက်နှာ ၁၂၇-၌ ဖော်ပြခဲ့ပြီးဖြစ်၏။ ယခုသော် ဒုက္ခငြိမ်းရာ နိဗ္ဗာန်ကို ဤတစ်လံမျှလောက်သော ခန္ဓာကိုယ်၌သာလျှင် ရရှိ၏ဟူ၍ ဟောတော်မူရာဝယ် အတွင်းအဖျတ္တမဟုတ်၊ အပြင်ဗဟိဒ္ဓ ဖြစ်ခြင်းကို အဋ္ဌကထာ, ဋီကာတို့၌ လာသည်တို့ကို အနည်းငယ် အတိုချုပ် ဖော်ပြရပေ၏။

အဖျတ္တတ္တိကေ အနိန္ဒြိယဗဟိဒ္ဓရူပဆ နိဗ္ဗာနဆ ဗဟိဒ္ဓါတိ ... စသည်ဖြင့် အဋ္ဌသာလိနီ, အဋ္ဌကထာ ကဏ္ဍ စာမျက်နှာ ၄၄၇၊ အပိုဒ် ၁၄၃၅-၌ လာရှိသော သဘောအတိုချုပ်မှာ-

တစ်ဦးသော ပုဂ္ဂိုလ်သန္တာန်၌ စိတ်, စေတသိက်, ရူပ်တို့သည်ရှိ၏။ ၎င်းနာမ်ရူပ်တို့သည် ပုဂ္ဂိုလ်အတွက် အဖျတ္တဖြစ်၏။ ထိုနည်းတူစွာ အခြား အခြားသော ပုဂ္ဂိုလ်သန္တာန်တို့၌လည်း စိတ်, စေတသိက်, ရူပ်တို့သည် ရှိကြ၏။ ထိုပုဂ္ဂိုလ်အသီးသီးတို့၌ဖြစ်သော နာမ်ရူပ်အပေါင်းတို့သည် တစ်ဦးကိုတစ်ဦး အပြန်အလှန် ထောက်ဆပြောဆိုလျှင် အဖျတ္တလည်း ဖြစ်နိုင်၏။ ဗဟိဒ္ဓလည်း ဖြစ်နိုင်၏။

သို့ရာတွင် အနိန္ဒြိယ ဗဟိဒ္ဓရူပ်နှင့် နိဗ္ဗာန်သည်ကား ၎င်းတို့ကဲ့သို့ အဖျတ္တဖြစ်၍ မရ၊ ဗဟိဒ္ဓတရားသာတည်း။ ဤကား အဋ္ဌကထာဆရာမြတ်၏ ရှင်းလင်းချက် အတိုချုပ်ပေတည်း။ ဋီကာအလိုကို အနည်းငယ်ဖော်ပြဦးအံ့။

အဖျတ္တ လေးမျိုး

၁။ အဖျတ္တဖျတ္တ ..... အဖျတ္တ အဖျတ္တ။
၂။ နိယကဖျတ္တ ..... နိယက အဖျတ္တ။
၃။ ဝိသယဖျတ္တ ..... ဝိသယ အဖျတ္တ။
၄။ ဂေါစရဖျတ္တ ..... ဂေါစရ အဖျတ္တ။

http://www.dhammadownload.com

၁။ အတွင်းဖြစ်သော စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန, ဤအာယတန ၆-ပါးသည် အဗ္ဗတ္တဗ္ဗတ္တမည်၏။

၂။ မိမိသန္တာန်၌ အကျုံးဝင်သော စိတ်, စေတသိက်, ရုပ်တရားတို့သည် နိယကဗ္ဗတ္တမည်၏။

၃။ အရဟတ္တဖိုလ် သမာပတ်သည် ဘုရားရှင်တို့၏ အလိုရှိသောခဏ၌ ဝင်စားတော်မူနိုင်ခြင်းငှာ အစိုးရတော်မူရာဖြစ်ခြင်းကြောင့် ဝိသယဗ္ဗတ္တမည်၏။

၄။ မဂ်စိတ်, ဖိုလ်စိတ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း၊ ဗျာနလာဘီပုဂ္ဂိုလ်တို့ ရအပ်သော ကသိုဏ်း ပညတ် စသော ပဋိဘာဂနိမိတ်သည်လည်းကောင်း အာရုံအားဖြင့် ကိုယ်ကို အစွဲပြု၍ ဖြစ်သောကြောင့် ဂေါစရဗ္ဗတ္တမည်၏။

ဤသို့လျှင် အထက်တွင် ဖော်ပြအပ်သော ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို ထောက်ဆ၍ မဂ်, ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်သည် အတွင်း အဗ္ဗတ္တမဟုတ်၊ အပြင်ဗဟိဒ္ဓဖြစ်ခြင်းကို ကောင်းစွာသိအပ်လေပြီ။

ထို့ကြောင့် ဒုက္ခငြိမ်းရာငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို ခြေလျင်သွား၍ မရောက်နိုင်။ ဝိပဿနာဘာဝနာ ပွားများမှုကို ကြိုးစား အားထုတ်နေရာဝယ် ဉာဏ်ရင့်သန်လာသောအခါ နိဗ္ဗာန်သို့ (သစ္ဆိကာတဗ္ဗံ) ကြိမ်ဖန်များစွာ မျက်မှောက်ပြု၏။ ထိုအခါ ယောဂီသူမြတ်၌ မဂ်စိတ်သည် ဖြစ်ပေါ်လာ၏။ ။ ထိုမဂ်စိတ်သည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည် မဟုတ်၊ ဝိပဿနာဘာဝနာကို ကြိုးစားပွားများ အားထုတ်၏။ နိဗ္ဗာန်သို့ မျက်မှောက်ပြု၏။

ထို့ကြောင့် နိဗ္ဗာန်မှသည် အာရမ္မဏာပစ္စယသတ္တိ၊ အဓိပတိပစ္စယသတ္တိ၊ ဥပနိဿယပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုခြင်းကြောင့် မဂ်စိတ်သည် ဖြစ်ပေါ်လာရခြင်းဖြစ်၏။ (ဤတွင် နိဗ္ဗာန်သည် ဗဟိဒ္ဓ၌ တသီးတခြား ရှိပြီးဖြစ်နေသည်ကို ကောင်းစွာသိအပ်လေပြီ။

ရဟန္တာအရှင်မြတ်တို့သာလျှင် ရအပ်သော ထိုမဂ်စိတ်ဖြစ်သော် ကိလေသာဟူသရွေ့တို့ အမြစ်ပြတ်ကာ သမုစ္ဆေဒပဟာန်အားဖြင့် ပြုတ်တော့၏။

ကိလေသ ပရိနိဗ္ဗာန် ..... သဉ္ဇာတိသေသ နိဗ္ဗာန်။
ခန္ဓ ပရိနိဗ္ဗာန် ..... အနုပါဒိသေသ နိဗ္ဗာန်။

ယင်းသို့ နိဗ္ဗာန်ကို မျက်မှောက်ပြုသဖြင့် ရရှိအပ်သော မဂ်စိတ်ဖြစ်သော် ကိလေသာဟူသရွေ့တို့သည် နောင်တစ်ဖန် ဖြစ်ပေါ်မလာနိုင်တော့ပြီ။ သမုစ္ဆေဒပဟာန်အားဖြင့် ပြုတ်သွားခြင်းကြောင့် ကိလေသာဟူသရွေ့တို့သည် လုံးဝ ချုပ်ငြိမ်းသွားရလေသည်။ ၎င်းတို့ကို ကိလေသပရိနိဗ္ဗာန်ဟူ၍လည်းကောင်း၊ သဉ္ဇာတိသေသနိဗ္ဗာန်ဟူ၍လည်းကောင်း ခေါ်ဆိုရ၏။ သို့ရာတွင် ရူပ်, နာမ်, ခန္ဓာတို့ကား ကျန်ရှိသေး၏။

ထိုမှတစ်ဖန် ရဟန္တာအရှင်မြတ်တို့ ပရိနိဗ္ဗာန် ပြုတော်မူသဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ လုံးဝ ချုပ်ငြိမ်းသွားရပြန်၏။ ၎င်းကို ခန္ဓပရိနိဗ္ဗာန်ဟူ၍လည်းကောင်း၊ အနုပါဒိသေသနိဗ္ဗာန်ဟူ၍လည်းကောင်း ခေါ်ဆိုရ၏။

ယင်းသို့လျှင် မဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိရောဓသစ္စာလည်းထိုက်သော နိဗ္ဗာန်မှတစ်ပါး သဉ္ဇာတိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်တို့သည် ရှိပြန်သေး၏ ဟူသည်ကို သိရှိတော်မူစေလိုပြန်ရကား ဣတိဝုတ်ပါဠိတော်, ဒုကနိပါတ်, နိဗ္ဗာနဓာတုသုတ်၌-

ဒွေမာ ဘိက္ခဝေ နိဗ္ဗာန ဓာတုယော။ ။ ကတမာ ဒွေ။ သဉ္ဇာတိသေသာ စ နိဗ္ဗာနဓာတု၊ အနုပါဒိသေသာ စ နိဗ္ဗာနဓာတု စသည်ဖြင့် ဟောတော်မူ၏။

ဘာသာပြန်။ ။ ဆဋ္ဌမု၊ စာမျက်နှာ ၂၀၄။ ။ ရဟန်းတို့၊ နိဗ္ဗာနဓာတ်တို့သည် ဤနှစ်ပါးတို့တည်း။

http://www.dhammadownload.com

အဘယ်နှစ်ပါးတို့နည်းဟူမူ ခန္ဓာငါးပါး အကြွင်းရှိသော "သဉ္ဉပါဒိသေသ" နိဗ္ဗာနဓာတ်၊ ခန္ဓာငါးပါး အကြွင်းမရှိသော "အနုပါဒိသေသ" နိဗ္ဗာနဓာတ်တို့တည်း။ (ဟု လာရှိ၏)။

ယင်းသို့ ဟောတော်မူသော်လည်း ထိုထိုသော အခြားအခြားသော ဒေသနာတော်တို့ကို ထောက်ဆခြင်းဖြင့် ဤတွင် ပရိယာယ်အားဖြင့်သာလျှင် ဟောတော်မူခြင်းဖြစ်သည်ကို သိအပ်၏။ (၀၊) အထက်၌ ဖော်ပြခဲ့ပြီးသော အဋ္ဌကထာဆရာမြတ်တို့၏ အာဘော်ဖြင့်လည်း သိအပ်လေပြီ။

ကိလေသာတို့၏ ချုပ်ငြိမ်းခြင်း အဘာဝအတ္ထပညတ်မျှသာဖြစ်သော သဉ္ဉပါဒိသေသနိဗ္ဗာန်သည် ကိလေသာချုပ်ငြိမ်းခြင်း နိရောဓကား မှန်၏။ သို့ရာတွင် ပရိယာယ်မျှသာဖြစ်ခြင်းကြောင့် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာကား မထိုက်၊ ထိုနည်းတူစွာ ခန္ဓာငါးပါးအပြီးတိုင် ချုပ်ငြိမ်းခြင်း အဘာဝအတ္ထပညတ်မျှသာဖြစ်သော အနုပါဒိသေသနိဗ္ဗာန်သည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ချုပ်ငြိမ်းခြင်း နိရောဓကား မှန်၏။ သို့ရာတွင် ပရိယာယ်မျှသာဖြစ်ခြင်းကြောင့် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာကား မထိုက်၊ (ဤတွင် မျှားစွာသော ပါဠိတော်မျှားနှင့်တကွ အဋ္ဌကထာဆရာမြတ်တို့ ဖွင့်ဆိုတော်မူသည်တို့ကို ထည့်သွင်း ရှင်းလင်း သင်ပြပေးရာ၏)။

နိရောဓော နိရောဓ သစ္စန္တိ။ ။ နိရောဓသစ္စံ ဌပေတွာ အဝသေသော နိရောဓော နိရောဓသစ္စံ၊ နိရောဓသစ္စံ နိရောဓော စေဝ နိရောဓသစ္စဉ္စ။ (သစ္စယမိုက်ပါဠိတော်, ပဏ္ဏာတ္တိဝါရနိဒ္ဒေသ)။

မြို့ပြင်ကြီးဆရာတော် နိဿယ။ ။ နိရောဓော-နိရောဓမည်၏။ နိရောဓသစ္စံ-နိရောဓသစ္စာ မည်ပါသလော။ ဣတိပုစ္ဆာယံ-ဤသို့သော အမေးတော်သည်၊ သတိ-ရှိသော်၊ နိရောဓသစ္စံ-နိရောဓသစ္စာကို၊ ဌပေတွာ-ထား၍၊ အဝသေသော-နိရောဓသစ္စာမှ ကြွင်းသောနိရောဓသည်၊ နိရောဓော-နိရောဓ မည်၏။ နိရောဓသစ္စံ-နိရောဓသစ္စာ မမည်။ နိရောဓသစ္စံ-နိရောဓသစ္စာသည်၊ နိရောဓောစေဝ-နိရောဓလည်းမည်၏။ နိရောဓသစ္စဉ္စ-နိရောဓသစ္စာလည်းမည်၏။ ဣတိဝိသဇ္ဇနာ-ဤသို့ ဖြေဆိုတော်မူသည်၊ ဟောတိ-ဖြစ်၏။

ဤသစ္စယမိုက် ပါဠိတော်ကို ထောက်သဖြင့်လည်း ကိလေသာတို့ ချုပ်ငြိမ်းခြင်းမျှသည်လည်းကောင်း၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ချုပ်ငြိမ်းခြင်းမျှကိုလည်းကောင်း၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်မဟုတ်ကြောင်းကို ကောင်းစွာသိအပ်လေပြီ။ ။ တစ်နည်းဆိုသော် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာထိုက်သည့် နိဗ္ဗာန်သည် ဤကိုယ်တွင်း၌ တည်ရှိနိုင်သည်မဟုတ်ခြင်းကို ကောင်းစွာ သိရှိနိုင်လေပြီ။

ထိုမှတစ်ပါး အဘိဓမ္မာ ၇-ကျမ်းတွင် ရှေးဦးစွာ ဟောတော်မူအပ်သော "ကုသလာဓမ္မာ" ဟူသော ပါဠိတော်အရ ကုသိုလ်ဖြစ်သော စိတ်နှင့်စေတသိက် ၃၈-လုံးတို့သည် နိရောဓသစ္စာထိုက်သော နိဗ္ဗာန်ကို ဖြစ်စေခြင်းငှာ မဖန်တီးနိုင်။ ။ ပဌာန်းဒေသနာတော်အရလည်း နိဗ္ဗာန်သည် ပစ္စည်းတရား သက်သက်ဖြစ်၏၊ ပစ္စယုပ္ပန် တရားမဟုတ်။

ထို့ကြောင့် နိရောဓသစ္စာထိုက်သော နိဗ္ဗာန်ကို ဖြစ်စေရန် မည်သည့် အကြောင်းတရားတို့ကမျှ မဆောင်ရွက် မဖြစ်စေနိုင်ခြင်းကို သိရှိစေရန် အထက်တွင် အပစ္စယာ ဓမ္မာ၊ အသခ်တာ ဓမ္မာဟူ၍လည်းကောင်း၊ အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသခ်တံဟူသော ပါဠိတော်တို့ကို ထုတ်ဆောင်ဖော်ပြခဲ့ခြင်းဖြစ်၏။ ထိုမှတစ်ပါး နိဗ္ဗာန်သည် အဗျတ္တမဟုတ်၊ ဗဟိဒ္ဓဖြစ်ခြင်းကို သိရှိစေရန် အနိန္ဒြိယဗဟိဒ္ဓရူပဉ္စ နိဗ္ဗာနဉ္စ ဗဟိဒ္ဓါ ဟူ၍လည်းကောင်း၊ နိရောဓသစ္စံ ဗဟိဒ္ဓါဟူ၍လည်းကောင်း ပါဠိတော်တို့ကို ထုတ်ဆောင်ဖော်ပြခဲ့ခြင်းဖြစ်၏။

ယင်းသို့ နိဗ္ဗာန်သည် ဗဟိဒ္ဓဖြစ်သော်လည်း ခြေလျင်သွား၍ မရောက်၊ ဤတစ်လံမျှလောက်သော ခန္ဓာကိုယ် အတ္တဘောဌ် ကျင့်မှသာလျှင် နိဗ္ဗာန်သို့ ရောက်ရှိနိုင်ကြောင်းကို ဟောတော်မူခြင်းဖြစ်လေသည်။ နိရောဓသစ္စာထိုက်သော နိဗ္ဗာန်သည် အဗျတ္တ၌ ရှိသည်ကို ဟောတော်မူခြင်း မဟုတ်သည်ကို သဘောပေါက်လာသည့်တိုင်အောင် ရှင်းလင်း သင်ပြပေးရာ၏။

http://www.dhammadownload.com

http://www.dhammadownload.com

နောက်ဆက်တွဲ

ဝိပဿနာသင်တန်း ပြရာ၌ စာကူးရခြင်းဖြင့် အချိန်မကုန်စေရန်နှင့် နောင်လာပုဂ္ဂိုလ်များပါ အကျိုးရှိစေရန် အချို့ အရေးကြီးသော ပြဿနာများအတွက် ပါဠိတော်အချိတ်အဆက်များကို ပုံနှိပ်ထားပေးရန် သင်တန်းတက်သူတို့က တောင်းဆိုကြခြင်းကြောင့် ဤ''နောက်ဆက်တွဲ''ကို ထပ်မံထည့်သွင်းလိုက်ရခြင်း ဖြစ်လေသည်။

http://www.dhammadownload.com

http://www.dhammadownload.com

ဉာဏ်စဉ် ၁၆-ပါး

၁။ နာမရူပပရိစ္ဆေဒဉာဏ်
၂။ ပစ္စယပရိဂ္ဂဟဉာဏ်
၃။ သမ္မသနဉာဏ်
၄။ ဥဒယဗ္ဗယဉာဏ်
၅။ ဘင်္ဂဉာဏ်
၆။ ဘယဉာဏ်
၇။ အာဒီနဝဉာဏ်
၈။ နိဗ္ဗိဒါဉာဏ်
၉။ မုစ္စိတုကမျတာဉာဏ်
၁၀။ ပဋိသင်္ခါဉာဏ်
၁၁။ သင်္ခါရုပေက္ခာဉာဏ်
၁၂။ အနုလောမဉာဏ်
၁၃။ ဂေါတြဘုဉာဏ်
၁၄။ မဂ်ဉာဏ်
၁၅။ ဖိုလ်ဉာဏ်
၁၆။ ပစ္စဝေက္ခဏာဉာဏ်

ဤဉာဏ်စဉ် ၁၆-ပါးခွဲ ယောဂီသည် ရှေးဦးစွာ ဖော်ပြထားသော နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကို ခွဲခြားစိတ်ဖြာ ပိုင်နိုင်စွာ သိရှိထားရ၏။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာအလို အားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိခန်းနှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိခန်းကို ကြေညက်စွာ သိရှိထားရ၏။ ထိုဉာဏ် ၂-ပါးကို နိုင်သော် ဝိပဿနာ ပွားများ အားထုတ်ရန် အလွန်လွယ်ကူလာပေတော့၏။ ထို့ကြောင့်လည်း ၎င်းဉာဏ် ၂-ပါးကို ရှေးဦးစွာ ဖော်ပြထားခြင်း ဖြစ်၏။

●

သူတော်ကောင်းဥစ္စာ ၇-ပါး

သဒ္ဓါ၊ သီလ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာ။

သုတ်ပါဌေယျပါဠိတော်၊ မြန်မာပြန် စာမျက်နှာ ၂၆၃၊ အပိုဒ် ၃၅၇(က)။

သူတော်ကောင်းဥစ္စာ ၇-ပါးမရှိသူကို လူမွဲဟု ဆိုအပ်၏။ အဂုံတ္တိရ်ပါဠိတော်၊ ဆက္ကနိပါတ်၊ ဓမ္မိကဝဂ်၊ ဣဏသုတ်၊ မြန်မာပြန် စာမျက်နှာ ၃၉၇။

ဤတွင် အထူးသိစေလိုသော အချက်ကား သာမန်လူတို့သည် ရွှေ ငွေ စိန် ကျောက် တိုက် အိမ် ခြံမြေစသည်တို့ကို ရှာဖွေ စုဆောင်းကြ၏။ ၎င်းတို့သည်ကား သေလျှင် ဘာတစ်ခုမှ လိုက်မလာကြကုန်။

ဗုဒ္ဓမြတ်စွာ၏ ဆုံးမ ဩဝါဒကို လိုက်နာသူ ပညာရှိ သူတော်ကောင်းတို့သည်ကား သေလျှင် ထက်ကြပ်မကွာ လိုက်လာသော သူတော်ကောင်း ဥစ္စာ ၇-ပါးကို ရှာဖွေ စုဆောင်းတော်မူကြကုန်၏။

●

အနုပုဗ္ဗေန မေဓာဝီ၊
ထောက် ထောက် ခဏေ ခဏေ။
ကမ္မာရော ရဇတသေဝ၊
နိဒ္ဓမေ မလမတ္တနော။

(ဓမ္မပဒပါဠိတော်၊ မလဝဂ်၊ အပိုဒ် ၂၃၉)။

ပန်းတိမ်သည်သည် ရွှေ၏အညစ်အကြေးကို တဖြည်းဖြည်းထုတ်သကဲ့သို့ ပညာရှိသည် အစဉ်သဖြင့် မိမိ၏ အညစ်အကြေးကို အနည်းငယ် အနည်းငယ် အခွင့်ရတိုင်း အခွင့်ရတိုင်း ရာဂ စသောအညစ်အကြေးကို ထုတ်ပယ်ရာ၏။

●

မာဝမညေထ ပုညဿ၊
နမ ဥဒ္ဓံ အာဂမိဿတိ။
ဥဒဗိန္ဒု နိပါတေန၊
ဥဒကုမ္ဘော ပိ ပူရတိ။
မီရော ပူရတိ ပုညဿ၊
ထောက် ထောကမ္ပိ အာစိနံ။

(ဓမ္မပဒ ပါဠိတော်၊ ပါပဝဂ်)။

အနည်းငယ်သော ကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု ကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့

http://www.dhammadownload.com

သို့ အနည်းငယ်မျှသော ကောင်းမှုကို ပြုဆည်းပူးဖန် များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

●

ထောက်ပံ့ခြင်း ၂-မျိုး

အဂ်ုတ္တိရ်ပါဠိတော် ဒုကနိပါတ် ဒါနဝဂ် စာမျက်နှာ ၉၁၊ အပိုဒ် ၁၄၉၊ မြန်မာပြန် စာမျက်နှာ ၁၀၇။

ရဟန်းတို့၊ ထောက်ပံ့ခြင်းတို့သည် ၂-မျိုးရှိ၏။ "အာမိသသင်္ဂဟ"ပစ္စည်းဖြင့် ထောက်ပံ့ခြင်း၊ "ဓမ္မသင်္ဂဟ"တရားဖြင့် ထောက်ပံ့ခြင်း၊ ဤ ၂-မျိုးတို့တွင် "ဓမ္မသင်္ဂဟ"တရားဖြင့် ထောက်ပံ့ခြင်းသည် မြတ်၏ဟု ဟောတော်မူ၏။

●

ချီးမြှောက်ခြင်း ၂-မျိုး

ယင်းပါဠိတော် အပိုဒ် ၁၅၀-၌ ရဟန်းတို့ ချီးမြှောက်ခြင်းတို့သည် ၂-မျိုးရှိ၏။ "အာမိသာနုဂ္ဂဟ"ပစ္စည်းဖြင့်ချီးမြှောက်ခြင်း။ "ဓမ္မာနုဂ္ဂဟ" တရားဖြင့် ချီးမြှောက်ခြင်း၊ ဤ ၂-မျိုးတို့တွင် "ဓမ္မာနုဂ္ဂဟ" တရားဖြင့် ချီးမြှောက်ခြင်းသည် မြတ်၏ဟု ဟောတော်မူ၏။ (စာမျက်နှာ ၈၅-၌ ဖော်ပြခဲ့သော "သဗ္ဗဒါန"စသည်တို့ကို ပြန်ဖတ်ရန်)။

●

ယတော ယတော သမ္မသတိ၊
ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘ္ဘတိ ပီတိပါမောဇ္ဇံ၊
အမတံ တံ ဝိဇာနတံ။

(ဓမ္မပဒပါဠိတော်၊ ဘိက္ခုဝဂ်)။

ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို သုံးသပ် ဆင်ခြင်တိုင်း သုံးသပ်ဆင်ခြင်တိုင်း နှစ်သက်မှု "ပီတိ"၊ ဝမ်းမြောက်မှု"ပါမောဇ္ဇ"ကို ရ၏။ ထိုနှစ်သက် ဝမ်းမြောက်မှုသည်ပင် တရားမှန်ကို သိသော ပညာရှိတို့အတွက် နိဗ္ဗာန်ရောက်ကြောင်းပင်တည်း။

●

အတ္တာနမေဝ ပဌမံ၊
ပတိရူပေ နိဝေသယေ။
အထညေ မနုသာသေယ္ယ၊
နဝိလိသေယ္ယ ပဏ္ဍိတော။

(ဓမ္မပဒပါဠိတော်၊ အတ္တဝဂ်)။

ရှေးဦးစွာသာလျှင် မိမိကိုယ်ကို သင့်လျော်သော အကျင့်၌ တည်စေရာ၏။ ထို့နောက်မှ သူတစ်ပါးကို ဆုံးမရာ၏။ ပညာရှိသည် သူတစ်ပါး ကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ။

●

ဝိလုမ္ဗတေဝ ပုရိသော၊
ယာဝဿ ဥပကပ္ပတိ။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ကောသလသံယုတ်၊ စာမျက်နှာ ၈၆၊ မြန်မာပြန် ၈၄၊ ယောက်ျားသည် အကြင်မျှလောက် သူတစ်ပါးအား ညှဉ်းဆဲဖျက်ဆီး၏။ ထိုသူအား ထိုမျှလောက်ပင် လုယက်ဖျက်ဆီးခြင်းကို ခံရသည်သာတည်း။

ကျမ်းရင်းကို ဆက်လက်ဖတ်ရှုပါ၊ ယင်း ပါဠိတော်၌ ဆက်လက်လာရှိပြန်သည်မှာ-

ဌာနံ ဟိ မညတိ ဗာလော၊
ယာဝ ပါပံ နပစ္စတိ။

အကြင်မျှလောက်ကာလပတ်လုံး မကောင်းမှုသည် အကျိုးမပေးသေး၊ ထိုမျှလောက်ကာလပတ်လုံး လူမိုက်သည် သင့်လျော်သောအကြောင်းဟူ၍သာလျှင် မှတ်ထင်၏။

ဟန္တာ လဘတိ ဟန္တာရံ၊
ဇေတာရံ လဘတေ ဇယံ။

သူတစ်ပါးကို သတ်ဖြတ် ညှင်းဆဲသောသူသည် မိမိအား သူတစ်ပါး သတ်ဖြတ်ညှဉ်းဆဲခြင်းကို ခံရ၏။ သူတစ်ပါးကို အောင်နိုင်သောသူသည်

http://www.dhammadownload.com

မိမိအား သူတစ်ပါး အနိုင်ခံရ၏။ (ကျမ်းရင်းကို ဆက်ဖတ်တော်မူကြပါလေ)။

●

ယာဒိသံ ဝပတေ ဗီဇံ။
တာဒိသံ ဟရတေ ဖလံ။
ကလျာဏကာရီ ကလျာဏံ၊
ပါပကာရီ စ ပါပကံ။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ သက္ကသံယုတ်၊ သမုဒ္ဒကသုတ်၊ စာမျက်နှာ ၂၂၉၊ မြန်မာပြန် ၂၁၃။

အကြင်သို့သဘောရှိသောမျိုးစေ့ကို စိုက်ပျိုး၏။ ထိုမျိုးစေ့နှင့်တူသော အသီးကို ဆောင်၏။ ကောင်းမှုကို ပြုလေ့ရှိသောသူသည် ကောင်းကျိုးကို ခံစားရ၏။ မကောင်းမှုကို ပြုလေ့ရှိသောသူသည် မကောင်းကျိုးကို ခံစားရ၏။

●

အထက် ပါဠိတော်နှင့်တူညီသော စာသွားကို (ဘိုင်ဘဲလ်)ကျမ်းစာသစ် **Matthaw** အခန်း ၇၊ အပိုဒ် ၁၇-၌ အောက်ပါအတိုင်း တွေ့ရှိရ၏။

Even so every good tree bringeth forth good fruit; but a corrupt tree bringeth forth evil fruit.

●

ဘာသာကြီး ၄-ဘာသာ

ယခုအခါ ကမ္ဘာတွင်ထင်ရှားသော ဘာသာကြီး လေးဘာသာရှိ၏။ (၁) ပြဟ္မဏဘာသာ၊ (၂) ဗုဒ္ဓဘာသာ၊ (၃) ခရစ်ယာန်ဘာသာ၊ (၄) အစ္စလမ်ဘာသာ၊ ဤဘာသာကြီး လေးဘာသာသည် တစ်ချိန်တည်း တူစွာ ဖြစ်ပေါ်လာကြသည် မဟုတ်။

(၁) ပြဟ္မဏဘာသာ- ကမ္ဘာအစ ရှေးအကျဆုံး ဘာသာမှာ ပြဟ္မဏဘာသာဖြစ်၏။

(၂) ဗုဒ္ဓဘာသာ-သိဒ္ဓတ္ထ ဖွားတော်မူသော နှစ်မှာ ဘီစီ ၆၂၃၊ သက်တော် ၃၅-နှစ်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

(၃) ခရစ်ယာန်ဘာသာ - ခရစ်တော်သည် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူပြီးနောက် ၆၂၃-နှစ် နောက်ကျ၍ ဖွားမြင်တော်မူ၏။

(၄) အစ္စလမ်ဘာသာ- မိုဟာမက်သခင်သည် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူပြီးသည့်နောက် နှစ်ပေါင်း (၁၁၀၀)တစ်ထောင့်တစ်ရာခန့် နောက်ကျ၍ ဖွားမြင်တော်မူ၏။

●

ဥဏ္ဏပညာ မတိုးတက်ခြင်း

အင်ဂျိုရ်ပါဠိတော်၊ အဋ္ဌကနိပါတ်၊ သတိဝဂ်၊ ပုဏ္ဏိယသုတ်၊ စာမျက်နှာ ၁၅၁၊ အပိုဒ် ၈၂ မြန်မာပြန် ၁၅၄ (အတိုချုပ်)။

သဒ္ဓါတရားသည် ရှိ၏။ ဘုရားထံသို့မချဉ်းကပ်၊ ထို့ကြောင့် တရားဒေသနာသည် မထင်။

သဒ္ဓါတရားသည် ရှိ၏။ ဘုရားထံသို့ ချဉ်းကပ်၏၊ သို့ရာတွင် မဆည်းကပ်၊ ဆည်းကပ်၏။ မေးကား မမေး။ မေးကား မေး၏၊ နားစိုက်၍ကား တရားကို မနာ။ နားစိုက်၍ တရားကိုနာ၏၊ နာပြီး၍ကား တရားကိုမဆောင်။ တရားကိုဆောင်၏၊ ဆောင်အပ်ပြီးသောတရားတို့၏ အနက်အဓိပ္ပါယ်ကိုကား မဆင်ခြင်။ အနက်အဓိပ္ပါယ်ကို ဆင်ခြင်၏၊ သို့ရာတွင် ဆင်ခြင်ပြီး၍ တရားအားလျော်သော အကျင့်ကိုကား မကျင့်။ ဤသို့လျှင် မြတ်စွာဘုရား၏ တရားဒေသနာတော်သည် မထင်ဟု မိန့်တော်မူ၏။

●

တဏှာ၏အလိုသို့

တဏှာယ နီယတိ လောကော၊
တဏှာယ ပရိကဿတိ၊
တဏှာယ ကေဝမ္ပသ၊
သဗ္ဗေ ဝသ မန္ဒဂူတိ။

http://www.dhammadownload.com

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဒေဝတာသံယုတ်၊ အဒ္ဓဝဂ်၊ တဏှာသုတ်၊ စာမျက်နှာ ၃၆၊ မြန်မာပြန် ၃၆။

တပ်မက်မှု 'တဏှာ'သည် လောကကို ဆောင်အပ်၏။ တဏှာသည် လောကကို ဆွဲငင်အပ်၏။ အလုံးစုံသော တရားတို့သည်သာလျှင် တဏှာဟု ဆိုအပ်သော တစ်ခုသောတရား၏ အလိုသို့ အစဉ် လိုက်ရ၏ဟု မိန့်တော်မူ၏။ (ဤကျမ်း ၁၀၈-၁၀၉ ၌ တဏှာပါရှိ၏)။

●

ကိုယ်သု ဇနေတိ ပုရိသံ။
တဏှာ ဇနေတိ ပုရိသံ။

သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊ ဒေဝတာသံယုတ်၊ ဇရာဝဂ်၊ ပထမဇနသုတ်၊ စာမျက်နှာ ၃၄၊ အပိုဒ် ၅၅။

မြန်မာပြန် စာမျက်နှာ ၃၄။ အဘယ်အရာသည် ပုဂ္ဂိုလ်သတ္တဝါ ဖြစ်စေပါသနည်း၊ တဏှာသည် ပုဂ္ဂိုလ်သတ္တဝါကိုဖြစ်စေ၏ဟု မိန့်တော်မူ၏။

ပါဠိတော်အရပ်ရပ်တို့၌ "သဗ္ဗေ သခါရာ ဒုက္ခာ" အလုံးစုံသော သင်္ခါရတရားအပေါင်းတို့သည် ဒုက္ခဟု ဟောတော်မူခြင်းကြောင့် ပုဂ္ဂိုလ်သတ္တဝါ ဖြစ်ပေါ်လာခြင်းသည် ဒုက္ခဖြစ်ပေါ်လာခြင်းဟု ဝိပဿနာဉာဏ်ပညာဖြင့် သိအပ်ပေ၏။

ထို့ကြောင့် စာမျက်နှာ ၈၁-၌ "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ"စသော ဟောတော်မူချက်ကို ဖော်ပြခဲ့၏။

အတိုချုပ်ကား ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ စသော ဒုက္ခအမျိုးမျိုး ခံစားရခြင်းမှာ တဏှာကြောင့်ဖြစ်ရ၏။ ထို့ကြောင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့မှ ရရှိသော သုခဝေဒနာတို့ကို မခံစားရချေ။

စာမျက်နှာ ၇၃-၌ ဖော်ပြထားသော "စက္ခုဗ္ဗ ဘိက္ခဝေ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" စသော ပါဠိတော်နှင့် စာမျက်နှာ ၇၅-၌ ဖော်ပြထားသော "ရူပံ ဒိသွာ သတိမုဋ္ဌာ. . "စသော ပါဠိတော်ကို ထပ်ကာထပ်ကာ ဖတ်ရှုတော်မူကြပါလေ။

●

နာမည်အလိုသို့

နာမံ သဗ္ဗံ အဒ္ဓဘဝိ၊
နာမာ ဘိယျော နဝိဇ္ဇတိ။
နာမသာ ဧကဧမ္ပိသာ၊
သဗ္ဗေ ဝသမနွဝူတိ။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဒေဝတာသံယုတ် အဒ္ဓဝဂ်၊ နာမသုတ် စာမျက်နှာ ၃၆၊ မြန်မာပြန် ၃၅။

အမည်သည် အလုံးစုံသော အရာဝတ္ထုသို့ လျော်စွာကျ၏။ အမည်ထက်လွန်သောသဘောသည် မရှိ၊ အလုံးစုံသော တရားတို့သည်သာလျှင် အမည်ဟုဆိုအပ်သော တစ်ခုသောတရား၏ အလိုသို့ အစဉ်လိုက်ရကုန်၏ဟု မိန့်တော်မူ၏။ (လက်သန်းအဌကထာပစ္စည်းပိုင်း၌ "ဝိဇ္ဇမာနပညတ်" "အဝိဇ္ဇမာနပညတ်" စသည်ဖြင့် လာရှိ၏။ ဝိပဿနာဘာဝနာပွားများရာ၌ ပညတ်ကို အာရုံမပြုရ၊ ပရမတ္ထဓမ္မသဘာဝကိုသာလျှင် အာရုံပြုရ၏)။

●

စက္ခုနှာ ရူပံ ဒိသွာ နိမိတ္တဂ္ဂါဟီ
ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ။
(မြန်မာပြန် ဤကျမ်း စာမျက်နှာ ၄၄)

●

ရဟန်းတို့၊ ရဲရဲတောက်ပြောင်လျက်ရှိသော သံချောင်းဖြင့် မျက်စိကိုထိုးဖောက်ခြင်းသည် မြတ်သေး၏။ စက္ခုဝိညာဏ်ဖြင့် မြင်အပ်သော အဆင်းတို့၌ သဏ္ဌာန် နိမိတ်ကို ယူခြင်းသည် မမြတ်။

ထို့အတူ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့အတွက်လည်း သိအပ်၏။ (သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် သမုဒ္ဒဝဂ် အာဒိတ္တ ပရိယာယသုတ်၊ မြန်မာပြန် စာမျက်နှာ ၃၇၃)။

http://www.dhammadownload.com

ထို့ကြောင့် မြင်သောအခါ၊ ကြားသောအခါ စသည်တို့၌ မြင်လျှင်မြင်ချင်း၊ ကြားလျှင်ကြားခြင်း မြင်သောအရာ ကြားသောအရာ စသည်တို့၌ ဝိပဿနာဘာဝနာဉာဏ်စဉ်၏ အစဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်၊ ထိုဉာဏ် ၂-ပါးကို ချက်ချင်း အသုံးပြုရ၏။ ထိုနောက် ၎င်းတို့ကို လက္ခဏာရေးသုံးပါးတင်ကာ ပွားများရ၏။ စိတ်ကို စိတ်အတိုင်း မထားရ။ ထားလျှင် အဝိဇ္ဇာနုသယကိန်းတော့၏ (၀၊) မောဟဖြစ်တော့၏။

ဤကျမ်း စာမျက်နှာ ၇၃-၌ ဖော်ပြထားသော ပါဠိတော်အရ မြင်သည် ကြားသည် စသည်တို့၌ လက္ခဏာရေးသုံးပါးတင်ကာ မပွားများသော် ကြိုက်လျှင် "လောဘ" ဖြစ်၏။ မကြိုက်လျှင် "ဒေါသ"ဖြစ်၏။ အမှတ်မဲ့နေလျှင် "မောဟ"ဖြစ်၏။ ယောဂီအတွက် "လောဘ၊ ဒေါသ၊ မောဟ" သည် အကြီးဆုံး ရန်သူဖြစ်၏။ အလိုရှိအပ်သော တစ်မဂ် တစ်ဖိုလ် ရရှိရေးကို တားဆီး၏။

ထို့ကြောင့် မြင်သည့်အခါ ကြားသည့်အခါ နံသည့်အခါ စသည်တို့၌ ချက်ချင်း နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကို အသုံးပြုရ၏။ ထိုနောက် ၎င်းတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာရေးသုံးပါးတင်ကာ ပွားများခြင်းသည် လေးငါးမိနစ်မျှသာ ဖြစ်သော်လည်း ဒါန သီလ သမထတို့ထက် မြတ်သော ဗုဒ္ဓမြတ်စွာ အလိုတော်အကျဆုံးဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်အကျိုးကို ရရှိ၏။

ထိုသို့မဟုတ်မူ၍ မြင်တယ် ကြားတယ် ကြားတယ် ကြားတယ် နံတယ် နံတယ် စသည်ဖြင့် မှတ်နေခြင်းသည် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါး မပါမရှိခြင်းကြောင့် လေးငါးမိနစ်မျှသာမက မိနစ်လေးငါးဆယ်မျှပင် မှတ်နေသော်လည်း ယခင်လေးငါးမိနစ်လောက် ခရီးမရောက်သည်သာမက ပါဠိတော်အရပ်ရပ်တို့နှင့်လည်း မကိုက်ညီခြင်းကို ကောင်းစွာ သတိပြုတော်မူကြပါလေ။

●

ဒု + ခ = ဒုက္ခ

ဒု - သဒ္ဒါသည် စက်ဆုပ်အပ်သော အနက်ရှိ၏။ ဒုပ္ပုတ္တ-စက်ဆုပ်အပ်သော သားမိုက်ဟု ဆိုကြကုန်၏။

ခ - သဒ္ဒါသည် အချည်းနှီးဟူသော အနက်ရှိ၏။

ဒုက္ခ - လူမိုက်တို့ ကြုံဆအပ်သော ဓုဝ၊ သုဘ၊ သုခ၊ အတ္တသဘောမှ ဆိတ်သည် ကင်းသည်၏အဖြစ်ကြောင့် အချည်းနှီးသည်လည်း ဖြစ်၏။ ထိုနှစ်ပါးသော သတ္တိကြောင့် ဒုက္ခဟူ၍ ဆိုအပ်၏။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ ဒုတိယတွဲ စာမျက်နှာ ၁၂၅၊ အပိုဒ် ၅၃၀ မြန်မာပြန် ဒုတိယတွဲ စာမျက်နှာ ၄၅၄။

●

လောကော လောကောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ လောကောတိ ဝုစ္စတီတိ။ လုဇ္ဇတီတိ ခေါ ဘိက္ခု တသ္မာ လောကောတိ ဝုစ္စတိ။

သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်၊ ဂိလာနဝဂ်၊ လောကပညှသုတ်၊ စာမျက်နှာ ၂၇၈။ မြန်မာပြန် ၂၇၁။ ။ အရှင်ဘုရား "လောက လောက" ဟု ဆိုအပ်ပါ၏။ အရှင်ဘုရား၊ အဘယ်မျှသော အကြောင်းကြောင့် လောကဟုဆိုအပ်ပါသနည်း။ ရဟန်း ပျက်စီးတတ်သောကြောင့် လောကဟု ဆိုအပ်၏။ (ကျမ်းရင်းကို ဆက်ဖတ်ပါ)။

●

သုညော လောကော သုညော လောကောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ သုညော လောကောတိ ဝုစ္စတီတိ။ ယသ္မာ စ ခေါ အာနန္ဒ သုညံ

http://www.dhammadownload.com

အတ္တေန ဝါ အတ္တနိယေန ဝါ၊ တသ္မာ သုညော လောကောတိ ဝုစ္စတိ။ (ကျမ်းရင်းကို ဆက်ဖတ်ပါ)။

သဠာယတနဝဂ္ဂသံယုတ် ပါဠိတော် ဆန္ဒဝဂ်၊ သုညတလောကသုတ် စာမျက်နှာ ၂၈၀ မြန်မာပြန် ၂၇၂။ အရှင်ဘုရား၊ လောကသည် ဆိတ်သုဉ်း၏။ လောကသည် ဆိတ်သုဉ်း၏ဟုဆိုအပ်ပါ၏။ အရှင်ဘုရား၊ အဘယ်မျှသောအကြောင်းဖြင့် လောကသည် ဆိတ်သုဉ်း၏ဟု ဆိုအပ်ပါသနည်း၊ အာနန္ဒာ-ငါမှလည်းကောင်း၊ ငါ၏ဥစ္စာမှလည်းကောင်း ဆိတ်သုဉ်းသောကြောင့် လောကသည် ဆိတ်သုဉ်း၏ဟု ဆိုအပ်၏။

●

ကိသ္မိ လောကော ပတိဋ္ဌိတောတိ၊ ဒုက္ခေ လောကော ပတိဋ္ဌိတောတိ။

စာမျက်နှာ ၁၇-၌ ဖော်ပြခဲ့ပြီ။ လူအပေါင်းတို့သည် အဘယ်တရား၌ တည်ပါသနည်း။ လူအပေါင်းတို့သည် ဒုက္ခ၌တည်၏။

●

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

စာမျက်နှာ ၁၈၊ ပထမကော်လံ၊ စတုတ္ထစာကြောင်း၌ ဖော်ပြထား၏။ အကျဉ်းအားဖြင့် စွဲလမ်းရာ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည် ဆင်းရဲကုန်၏။ (စာမျက်နှာ ၁၇၊ ။ နတ္ထိ ခန္ဓသမာ ဒုက္ခာ)။

●

ဒုလ္လဘတရားငါးပါး

၁။ တထာဂတသ အရဟတော သမ္မာသမ္ဗုဒ္ဓသ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ၊

၂။ တထာဂတပ္ပဝေဒိတသ ဓမ္မဝိနယသ ဒေသေတာ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ၊

၃။ တထာဂတပ္ပဝေဒိတသ ဓမ္မဝိနယသ ဒေသိတသ ဝိညာတာ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ၊

၄။ တထာဂတပ္ပဝေဒိတသ ဓမ္မဝိနယသ ဒေသိတသ ဝိညာတာ ဓမ္မာနုဓမ္မပဋိပန္နော ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ၊

၅။ ကတညုကတဝေဒီ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ။

(အင်္ဂုတ္တိရ်ပါဠိတော်၊ ပဉ္စကနိပါတ်၊ တိကဏ္ဍကီဝဂ်၊ သာရန္ဒဒသုတ်)။ (၂-၁၄၉)

မြန်မာပြန် စာမျက်နှာ ၁၈၇၊ အောက်ဆုံးလေးကြောင်း။

၁။ လောကဌ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို သိတော်မူသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

၂။ လောကဌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောပြောတတ်သောပုဂ္ဂိုလ်ကို ရခဲ၏။

၃။ လောကဌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောကြားသည်ရှိသော် သိတတ်သော ပုဂ္ဂိုလ်ကို ရခဲ၏။

၄။ လောကဌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောကြားသည်ရှိသော် သိသည့်အတိုင်း တရားနှင့် အညီ ကျင့်သောပုဂ္ဂိုလ်ကို ရခဲ၏။

၅။ လောကဌ သူပြုဖူးသောကျေးဇူးကို သိ၍ သူပြုဖူးသော ကျေးဇူးကို ထင်ရှားအောင် ပြုလေ့ရှိသောပုဂ္ဂိုလ်ကို ရခဲ၏ဟု ဟောတော်မူ၏။ ။ ဤကား ပါဠိတော် ဖြစ်၏။

http://www.dhammadownload.com

အဌကထာ၌ လာရှိသော ဒုလ္လဘတရား ငါးပါးနှင့် မတူခြင်းကို အထူးသတိပြု တော်မူကြပါလေ။ (တရားတော်၏ ခက်ခဲ နက်နဲ သိမ်မွေ့ပုံကို ဖော်ပြပေအုံ့)။

●

ပုဗ္ဗ မုဒ္ဓ မရ
(နမူနာ စမ္ပသာ)

ဝိပဿနာ ဘာဝနာလုပ်ငန်းသည် အလွန့်အလွန် ခက်ခဲ နက်နဲ သိမ်မွေ့သောပညာရပ် ဖြစ်ခြင်းကြောင့် ဒုလ္လဘတရားငါးပါးကို ဟောတော်မူရာ၌ ငါဘုရား၏တရားတော်ကို ဟောကြားသည်ရှိသော်လည်း (ဝါ-ဒေသနာတော်ကို ဖတ်ရှုသော်လည်း) အနက်အဓိပ္ပါယ်ကို တိကျမှန်ကန်စွာသိသော ပုဂ္ဂိုလ်ကို ရခဲ၏ဟု မိန့်တော်မူခဲ့၏။ ထို့ကြောင့်-

တစ်ကျမ်းမြင်ရုံ ကျမ်းမစုံ
အာဂုံတယ်၍ မတင်းလင့်

ဟု ရှေးဆရာတော်ကြီးများ စပ်ဆိုဆုံးမတော်မူခဲ့ကြလေသည်။ ။ ထိုမှတစ်ပါး ကျမ်းဖတ်ရာ၌ ကျမ်းညီတတ်ရမည်ဟူ၍လည်း ဆုံးမတော်မူခဲ့ကြလေသည်။

မူလပဏ္ဏာသပါဠိတော်၊ အလဂဒ္ဒူပမသုတ်၌ ပါဠိတော် စာမျက်နှာ ၁၃-မျက်နှာခန့် လာရှိ၍ မြန်မာပြန်မှာ ၁၅-မျက်နှာခန့် ရှည်လျားစွာ ဟောတော်မူသည်မှ ယခုသော် ဤတွင် လိုရင်းကို လွယ်ကူစွာ သဘောပေါက်စေရန် အတိုချုပ်ကာ ဖော်ပြပေအုံ့-

ပါဠိတော်အရပ်ရပ်ကို သင်ယူကြ၏။ ယင်းသို့ သင်ယူရာ၌-

(၁) အနက်အဓိပ္ပါယ်ကို ပညာဖြင့် မစူးစမ်းမဆင်ခြင်၊
(၂) သူတစ်ပါးအား ချုပ်ချယ်ရုံနှင့်၊
(၃) သူတစ်ပါးတို့ တင်သောဝါဒမှ လွတ်စေရုံ အကျိုးငှာသာလျှင် သင်ယူကြကုန်၏။

ဤကား မကောင်းသဖြင့် သင်ယူခြင်း ဖြစ်၏ဟု ဟောတော်မူ၏။

(ပါဠိတော်ကို ဆက်ကာ ဖတ်ရှုတော်မူကြပါလေ)။

ယင်း ၃-မျိုးတွင် ၃-မျိုးစလုံး အရေးကြီးသည်သာဖြစ်၏။ သို့ရာတွင် ယခု ဤကိစ္စတွင် ထင်ရှားစေလိုသောအချက်ကား ပညာဖြင့် **မစူးစမ်းမဆင်ခြင်ခြင်း**ကို ပေါ်လွင် ထင်ရှားစေလိုခြင်းဖြစ်၏။

ဎင်းပြင် အဂ်ုတ္တိရ်ပါဠိတော် ဧကကနိပါတ် မြန်မာပြန် စာမျက်နှာ ၄၇၊ အပိုဒ် ၃၂၉ ၌-

ရဟန်းတို့ ဤအတူပင်လျှင် ဆောင်ထားသောတရားတို့၏အနက်ကို စုံစမ်း စိစစ်ကြကုန်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏။ စင်စစ်သော်ကား ဆောင်ထားသော တရားတို့၏ အနက်ကို မစုံစမ်း မစိစစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏ဟု ဟောတော်မူ၏။

ဤပါဠိတော်များ၌ သိစေလိုသော အချက်ကား ပါဠိတော်အရပ်ရပ်ကို သင်ယူတော်မူကြပါလေ။ ယင်းသို့ သင်ယူပြီးနောက် ပါဠိတော်တို့၌ ဗုဒ္ဓမြတ်စွာ အလိုရှိတော်မူအပ်သော အနက်အဓိပ္ပါယ်ကို ပေါ်လွင် ထင်ရှားလာအောင် ပညာဖြင့် စူးစမ်း ဆင်ခြင်တော်မူကြစေလိုခြင်း ဖြစ်ပါသည်။ သို့မှသာလျှင် ကျမ်းညီတတ်နိုင်ပေလိမ့်မည်။

ကျမ်းညီတတ်ရန်မှာ လွယ်ကူသည်မဟုတ်ပေ။ အဂ်ုတ္တိရ်ပါဠိတော်၊ ဧကကနိပါတ် မြန်မာပြန် စာမျက်နှာ ၄၈၊ အပိုဒ် ၃၃၆-မှ အပိုဒ် ၃၆၅ အထိ ဖတ်ရှုသောအခါ လူဘုံမှ သေကြကုန်၍ လူဘုံသို့ ပြန်လည်ရောက်ရှိသူကား အနည်းငယ်မျှသာရှိ၍ အပါယ်လေးဘုံသို့ ကျဆင်းသူတို့သာ များကြကုန်၏ဟု စသည်ဖြင့် အကျယ်တဝင့် ရှည်လျားစွာ ဟောတော်မူ၏။

http://www.dhammadownload.com

ထို့ကြောင့် လူတို့သည် **ရင်းစား ပြန်လည်ရရှိ ရန် မလွယ်ကူခြင်းကြောင့်** အပါယ်လေးဘုံသို့ မကျရောက်စေရန် ဒါနကိုပြုကြလော့၊ သီလကို ဆောက်တည်ကြလော့၊ လူ့ပြည်သာမက နတ်ပြည်သို့ ရောက်ရှိနိုင်ခြင်းကို ဟောတော်မူ၏။

ပုဗ္ဗ, မုဠ, ပရ ဆိုသော သဘောမှာ မလျှုမီ ရှေးအဖို့က ငါလျှုမယ်၊ ငါလျှုမယ်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်း၊ လျှုဆဲအခါ၌လည်း လျှုရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်း၊ လျှုပြီးသည့်နောက်၌လည်း လျှုရသည့်အတွက် ကြိမ်ဖန်များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်း ဖြစ်၏။

ဘိက္ခုနှင့်ယောဂီအတွက် တစ်ဆင့်တက်သော် ဓမ္မစကြာဒေသနာတော်၌ ဘဝတဏှာကို ပယ်ရမည်ဟူ၍လည်းကောင်း၊ ထိုထိုသော ပါဠိတော်များ၌ ဘဝရာဂါနုသယကို ပယ်ရမည်ဟူ၍လည်းကောင်း ဟောတော်မူ၏။

ဤ၌ သိစေလိုသောအချက်မှာ အောက်တန်းစားများအတွက် အပါယ်လေးဘုံသို့ မကျရောက်စေဘဲ လူ့ပြည် နတ်ပြည်သို့ ရောက်ရှိရန် ဟောတော်မူ၍ အထက်တန်းစားများ ဖြစ်ကြကုန်သော ဘိက္ခုနှင့် ယောဂီတို့အား ဘဝတဏှာကို ဖြတ်ရမည်ဟု ဟောတော်မူခြင်းကို ကွဲကွဲပြားပြား ခြားနားစွာ သိတော်မူကြရန်ဖြစ်၏။

ဤသို့ဖြစ်မူ ယောဂီသည် အလျှုဒါန မပြုရတော့ဘူးလားဆိုသော် ယောဂီသည် ကုသိုလ်ကောင်းမှု အစုစုတို့ကို ပြုလုပ်ရမည်ဖြစ်၏။ သို့ရာတွင် အောက်တန်းစားများကဲ့သို့ နတ်ပြည်တွင် ဇိမ်ခံလို၍ကား ပြုလုပ်ကြသည်မဟုတ်၊ မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ရှိရေးအတွက် အကူအညီ အထောက်အပံ့ ရရှိရေးအတွက်သာ ပြုလုပ်ကြခြင်းဖြစ်၏။ ဝဋ်မှ လွတ်မြောက်ရေးအတွက် ပုညသမ္ဘာရပါရမီ ဖြစ်မြောက်ရေးအတွက် ပြုလုပ်ကြခြင်းဖြစ်၏။

ဤသို့ဖြစ်မူ ယောဂီသည် အလျှုဒါနပြုပြီးနောက် ထိုကုသိုလ်ကောင်းမှုစိတ် ဖြစ်ပေါ်လာသောအခါ ဝမ်းမသာရတော့ဘူးလားဟု မေးသော် သာမန်အောက်တန်းစားသည် ဝမ်းသာရ၏။ သို့သော် ယောဂီကား ဝမ်းမသာရ။ ဤကျမ်းစာ စာမျက်နှာ ၇၅-အောက်ဆုံး ၂-ကြောင်း၌ လာရှိသော ပါဠိတော်ကို ဖော်ထုတ်ပေအံ့။ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ သဠဝဂ်၊ မာလုက္ယပုတ္တသုတ်၊ စာမျက်နှာ ၂၉၇။

ဓမ္မံ ဥတ္တာ သတိ မုဋ္ဌာ
ပိယံ နိမိတ္တံ မနသိကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊
တဉ္စ အဇ္ဈောသာယ တိဋ္ဌတိ။
တဿ ဝမုဏ္ဍိ ဝေဒနာ၊
အနေကာ ဓမ္မသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊
စိတ္တမဿုပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊
အာရာ နိဗ္ဗာန ဝုစ္စတိ။

မိုးထိမူ နိဿယ၊ စာမျက်နှာ ၁၇၂။ ။ **ဓမ္မံ**-ဓမ္မာရုံကို၊ **ဥတ္တာ**-သိ၍၊ **ပိယံနိမိတ္တံ**-ချစ်ခြင်းဟုဆိုအပ်သော အမှတ်ကို၊ **မနသိကရောတော**-နှလုံးသွင်းသောသူအား၊ **သတိ**-သတိသည်၊ **မုဋ္ဌာ**-မေ့လျော့သည်၊ **ဟောတိ**-ဖြစ်၏။ **သော**-ထိုသူသည်၊ **သာရတ္တစိတ္တော**-ပြင်းစွာတပ်နှစ်သက်သောစိတ်ရှိသည်ဖြစ်၍၊ **ဝေဒေတိ**-ခံစားရ၏။ **တဉ္စ**-ထိုဓမ္မာရုံကိုလည်း၊ **အဇ္ဈောသာယ**-နှလုံးဖြင့်မျိုး၍၊ **တိဋ္ဌတိ**-တည်ဒဲ့။ **တဿ**-ထိုသူအား၊ **အဘိဇ္ဈာ စ**-ရှေးရှုကြံခြင်းကြောင့်လည်းကောင်း၊ **ဝိဟေသာစ**-ညှင်းပန်းနှိပ်စက်ခြင်းကြောင့်လည်းကောင်း၊ **အနေကာ**-များစွာကုန်သော၊ **ဓမ္မသမ္ဘဝါ**-ဓမ္မာရုံကြောင့်ဖြစ်ကုန်သော၊ **ဝေဒနာ**-ဝေဒနာတို့သည်၊ **ဝမုဏ္ဍိ**-ပွားကုန်၏။ **တဿ**-ထိုသူ၏၊ **စိတ္တံ**-စိတ်ကို၊ **အဘိဇ္ဈာဝိဟေသာဟိ**-ရှေးရှုကြံခြင်း ညှဉ်းဆဲခြင်းတို့သည်၊ **ဥပဟညတိ**-နှိပ်စက်အပ်၏။ **ဧဝံ**-ဤသို့၊ **ဒုက္ခံ**-ဆင်းရဲကို၊ **အာစိနတော**-ပွားစေသောသူအား၊ **နိဗ္ဗာန်**-နိဗ္ဗာန်ကို၊ **အာရာ**-ဝေး၏ဟူ၍၊ **ဝုစ္စတိ**-ဆိုအပ်၏။

http://www.dhammadownload.com

ဤဒေသနာတော်အရ ရုပ်ဓာတ် နာမ်ဓာတ် ခန္ဓာငါးပါး စသော ပရမတ္ထဓမ္မ သဘာဝတို့၌ လက္ခဏာရေးသုံးပါးတင်ကာ ပွားများနေရာမှ သတိလွတ်၍ ဤဤထိုထိုသော ဒါနကုသိုလ် သီလကုသိုလ်တို့ကို ပြန်လည်အောက်မေ့ကာ စိတ်ကူးယဉ်နေပါက (**ဇဝံ အာစိနတောဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ**) အလိုရှိအပ်သော နိဗ္ဗာန်နှင့် ဝေးသွားလေပြီ။ ။ ဤသို့ ယောဂီသိအပ်၏။ ဤကား ပါဠိတော်အလိုပေတည်း။

ထင်ရှားစေဦးအုံ့။ ။ စာမျက်နှာ ၇၃၊ စတုတ္ထ စာကြောင်း၌ ဖော်ပြခဲ့သော **စက္ခုဠ္ဠ ဘိက္ခဝေ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ** အစရှိသော ပါဠိတော်ကို ဆက်၍ဖော်ပြဦးအုံ့။

> **မနဉ္စ ဘိက္ခဝေ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခ မသုခံ ဝါ။ သော သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ ရာဂါနုသယော အနုသေတိ။**
>
> (ပါဠိတော်ကို ဆက်ဖတ်ပါလေ)။

ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန် စာမျက်နှာ ၃၃၈၊ ပဌမစာကြောင်း။ ။ ရဟန်းတို့၊ မနောဒွါရနှင့် ဓမ္မာရုံကိုစွဲ၍ မနောဝိညာဏ်သည် ဖြစ်၏။ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏။ ဖဿဟူသောအကြောင်းကြောင့် သုခသော်လည်းကောင်း၊ ဒုက္ခသော်လည်းကောင်း၊ ဥပေက္ခာသော်လည်းကောင်း ဖြစ်သောဝေဒနာသည် ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် သုခဝေဒနာဖြင့် တွေ့ထိသည်ရှိသော် နှစ်သက်၏။ တမ်းတပြော ဆို၏။ မက်မောတည်၏။ ထိုပုဂ္ဂိုလ်အား ရာဂါနုသယသည် ကိန်း၏။ (ကျမ်းရင်းကို ဆက်ဖတ်ပါလေ)။

ဤမာလုကျသုတ်တော်နှင့် ဆဆက္ကသုတ်တော်တို့ကို ပေါင်းစပ်၍ကြည့်သော် မိမိ ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုကို အောက်မေ့၍ သာယာ၏။ ကမ္မဋ္ဌာန်းတရားကို သတိလွတ်သွားသည်ရှိသော် နိဗ္ဗာန်နှင့်ဝေးရတော့၏။ ရာဂါနုသယသည် ကိန်းတော့၏။ ။ ဤသို့ ယောဂီ သိအပ်လေသည်။

ထိုမှတစ်ပါး သိအပ်ပြန်သည်မှာ ပဋ္ဌာန်းပါဠိတော်၊ ပဏ္ဍိတ၊ စာမျက်နှာ ၁၃၃၊ အပိုဒ် ၄၀၅၌-

> **ကုသလော ဓမ္မော အကုသလသ ဓမ္မသ အာရမ္မဏပစ္စယေန ပစ္စယော။ ဒါနံ ဒတ္တာ သီလံ သမာဒိယိတ္တာ ဥပေါသထ ကမ္မံ ကတ္တာ တံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါ မနဿံ ဥပ္ပဇ္ဇတိ။**

မြန်မာပြန်-ဤကျမ်း စာမျက်နှာ ၇၈-၌ ဖော်ပြထား၏။ ။ ဤပဋ္ဌာန်းပါဠိတော် အရလည်း ဒါန သီလ ပြုလုပ်ပြီးသည့်နောက်၌ ထိုကုသိုလ်စိတ် ပေါ်လာသောအခါ ယောဂီသည် မသာယာရ။ ။ ယင်းသို့ မသာယာရလျှင် ထိုကုသိုလ်စိတ် ပေါ်လာသောအခါ ယောဂီသည် ထိုပေါ်လာသောစိတ်ကို မည်သို့ပြုရပါအုံ့နည်း ဆိုသော် စာမျက်နှာ ၇၈ ၌-

> **ကုသလော ဓမ္မော ကုသလသ ဓမ္မသ အာရမ္မဏ ပစ္စယေန ပစ္စယော။ ဒါနံ ဒတ္တာ. . ။**

စသည် ဖော်ပြထားသော ပဋ္ဌာန်းပါဠိတော်ကို ဖတ်ရှုတော်မူပါလေ။

ပါဠိတော်များကို သင်ယူပြီးနောက် ထိုသင်ယူပြီးသော ပါဠိတော်များ၏ အနက်အဓိပ္ပါယ်ကို ဓမ္မသဘာဝကျအောင် စူးစမ်း ဆင်ခြင် စိစစ်ရမည် ဆိုသည်ကို ပိုမိုသဘောပေါက်စိမ့်သောငှာ ပဋ္ဌိန်ဒ္ဒေသအတွက် ဆက်ဦးအုံ့။

အလှူဒါနကို မပြုလုပ်မီ ငါသည် အလှူဒါနကို ပြုလုပ်မည်ဟု ကုသိုလ်စိတ် ဖြစ်ပေါ်လာ

http://www.dhammadownload.com

သောအခါ လျှုပါ လျှုဖြစ်အောင်လျှုပါ။ သို့ရာတွင် ယောဂီသည် ထိုလျှုလိုစိတ်၌ လက္ခဏာရေးသုံးပါးတင်ကာ ပွားများ အားထုတ်ရ၏။ ။ ဤကား အလျှုဒါန ပြုလုပ်လိုသောစိတ်မှ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ဖြစ်လာ၏။

ဤသို့ လျှုလိုစိတ်၌ လက္ခဏာရေးသုံးပါးတင်ကာ ပွားများ အားထုတ်ခြင်းသည် ဒါန သီလ သမထ ကုသိုလ်တို့ထက် အကျိုးကြီးမားလှသည်ကို စွဲမြဲစွာ သိရှိထား၍ ဝိပဿနာဘာဝနာကို ပွားများ အားထုတ်တော်မူကြပါလေ။

ထိုနည်းတူစွာ အလျှုဒါန ပြုပြီးသည့်နောက် ယင်း အလျှုဒါနအတွက် ဝမ်းမြောက်ဝမ်းသာစိတ်သည် ဖြစ်ပေါ်လာ၏။ အထက်၌ ဖော်ပြခဲ့သည့် အတိုင်း ထိုစိတ်၌ လက္ခဏာရေးသုံးပါးတင်ကာ ပွားများအားထုတ်ရ၏။ ။ ဤသို့ ပွားများ အားထုတ်ခြင်းသည် ဒါန သီလ သမထကုသိုလ်တို့ထက် အကျိုးကြီးမားလှ၏။ ။ ကျမ်းအကိုးအကားမှာ ဤကျမ်းစာ စာမျက်နှာ ၈-၌ လာရှိသော ဝေလာမသုတ်ကို ၎င်းအထက်၌ဖော်ပြထားသော-

ကုသလော ဓမ္မော ကုသလသ ဓမ္မသ အာရမ္မဏ ပစ္စယေန ပစ္စယော။ ဒါနံ ဒတ္တာ. . . ။

စသော ပါဠိတော်များဖြစ်၏။

အလျှုဒါနပြုဆဲ၌ ယင်းအလျှုဒါနနှင့်ပတ်သက်၍ အကျိုး ပိုမို ကြီးမားစေရန် (**စိတ္တလက်ၖရ စိတ္တ ပရိကၖာရံ ဒါနံ ဒေတိ**) လက္ခဏာရေးသုံးပါးတင်ကာ ပွားများအားထုတ်ရ၏ဟု အဂ်ုတ္တိရ်ပါဠိတော်၊ သတ္တကနိပါတ်၊ မဟာယညဝဂ်၊ ဒါနမဟပ္ဖလသုတ်၊ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးအား ဗုဒ္ဓမြတ်စွာ ညွှန်ကြားတော်မူလေသည်။ ထို့အတူ အဂ်ုတ္တိရ်ပါဠိတော်၊ အဋ္ဌကနိပါတ်၊ ဒါန ဝဂ်၊ စာမျက်နှာ ၆၈၊ အပိုဒ် ၃၁ ၌-

စိတ္တာလက်ၖရ စိတ္တပရိကၖာရတ္ထံ ဒါနံ ဒေတိ။ မြန်မာပြန်စာမျက်နှာ ၇၀။ ။ သမထ ဝိပဿနာ စိတ်၏ အဆင်တန်ဆာအခြံအရံအလို့ငှာ အလျှုကို ပေးလျှု၏ဟု မိန့်တော်မူ၏။

ဤကား ပုဗ္ဗ, မုဉ္စ, ပရ အတွက် အကျယ်ချဲ့၍ ပြအပ်သော ပဋ္ဌိနဒ္ဒေသနည်းပေတည်း။

ဤသို့လျှင် ပါဠိတော်များကို သင်ယူပြီး၍ ယင်းပါဠိတော်များ၏ အနက်အဓိပ္ပါယ်များကို စုံစမ်း ဆင်ခြင် စိစစ်ခြင်းကို ပြုရ၏။ သို့မှသာလျှင် ကျမ်းညီတတ်သူ ဖြစ်ပေလိမ့်မည်။

ဤတွင် အလျှုဒါနပြုရာ၌ ပုဗ္ဗ, မုဉ္စ, ပရ အတွက်ပင် ဓမ္မသဘာဝကျအောင် ရွက်ဆောင်ရာ၌ မည်မျှ ခက်ခဲ နက်နဲသည်ကို သိရှိတော်မူနိုင်ကြစေရန် နမူနာစအဖြစ် ရေးသား ဖော်ပြပေးရခြင်း ဖြစ်၏။

ဝိပဿနာဘာဝနာ ပညာသည် ပညာတကာတို့တွင် အခက်ခဲ အနက်နဲဆုံးသော ပညာရပ်ဖြစ်လေသည်။ တစ်ဆူတစ်ဆူသော ဗုဒ္ဓမြတ်စွာတို့ ပွင့်တော်မူပါမှ သိရသောပညာရပ်ဖြစ်၏။

ဝိပဿနာဘာဝနာ ပညာရပ်သည် အထက်ပိုင်းသို့ ရောက်ရှိလေလေ၊ ခက်လေလေဖြစ်၏။ ထို့ကြောင့် မဟာပဒေသ လေးပါးနည်းအရ ဝိပဿနာနှင့်သက်ဆိုင်သော ပါဠိတော်အရပ်ရပ်တို့ကို ဖတ်ရှုနိုင်သလောက် ဖတ်ရှုတော်မူကြပါလေ။ ထို့နောက် ယင်းပါဠိတော်များ၏ အနက်အဓိပ္ပါယ်ကို ရမိအောင် စူးစမ်း ဆင်ခြင် စိစစ်တော်မူကြပြီးလျှင် ကျမ်းညီတတ်ရန် အထူး ကြိုးစားတော်မူကြပါလေ။

ပုတ္တမတ္ထိ ဓနမတ္ထိ၊
ဣတိ ဗာလော ဝိဟညတိ။
အတ္တာပိ အတ္တနော နတ္ထိ၊
ကုတော ပုတ္တော ကုတောဓနံ။

သင်္ဂီဏာဆရာတော်ဘုရား နိဿယ။ ။ မေ-ငါ၏၊ ပုတ္တာ-သားသမီးတို့သည်၊ အတ္ထိသန္တိ-ရှိကုန်၏။ မေ-ငါ၏၊ ဓနံ-ဥစ္စာသည်၊ အတ္ထိ-ရှိ၏။ ဣတိ-ဤသို့၊ ဗာလော-လူမိုက်သည်၊ ဝိဟညတိ-စိုးရိမ်ပင်ပန်း၏။ တထာ-ထိုငါ၏ဥစ္စာ ငါ၏သမီးပျက်စီးချေ၏ဟူ၍ ပင်ပန်းသော်လည်း (ထည့်

http://www.dhammadownload.com

သည်)အတ္တနော-သေရာညောင်စောင်း၌ တ
ပြောင်း ခွေ့ခွေ့ ရောဂါတွေ့သော မိမိအား၊
အတ္တာပိ-ယူငင်စရာ ကိုယ်ခန္ဓာမျှလည်း၊ နတ္ထိ-
မရှိ။ ပုတ္တော-သားသမီးသည်၊ ကုတောအတ္ထိ-
အဘယ်မှာ ရှိအုံ့နည်း။ ဓနံ-ပစ္စည်းဥစ္စာသည်၊
ကုတော-အဘယ်မှာလျှင်၊ အတ္ထိ-ရှိနိုင်ပါအုံ့နည်း။

ဤသို့လည်း တစ်ဆင့်တက်ကာ ခန္ဓာငါးပါး
ကိုသာ ပိုင်ဆိုင်သူမရှိသည်သာမကသေး၊ ခန္ဓာ
ငါးပါးကလည်း ပိုင်ဆိုင်စရာ ဘာတစ်ခုမျှ မရှိ
ခြင်းကို သိရပေမည်။ ထိုအခါ သံယောဇဉ်တို့
သည် တဖြည်းဖြည်း ခေါင်းပါးလာတော့၏။

●

သဗ္ဗေ သခါရာ အနိစ္စာတိ

ပြုပြင်အပ်သော ရုပ်တရားအပေါင်းတို့သည်
စိတ်နှင့်စေတသိက်အပေါင်းတို့သည် ဖြစ်ပေါ်ပြီး
လျှင် ကွယ်ပျောက် ပျက်စီးသွားကြရကုန်၏။ ထို့
ကြောင့် ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၌-

သဗ္ဗေ သခါရာ အနိစ္စာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

အကြင်အခါ ရုပ်နာမ် ဓမ္မ သခါရ အားလုံး
တို့သည် အမြဲမရှိကုန်ဟု ဝိပဿနာပညာဖြင့်
ရှုမြင်နိုင်၏။ ထိုအခါ ရုပ်နာမ်ဓမ္မ သခါရတို့၌
ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်
ကြယ်ရာ နိဗ္ဗာန်၏အကြောင်းဖြစ်၏ဟု ဟော
တော်မူ၏။

သဗ္ဗေ သခါရာ ဒုက္ခာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(အဓိပ္ပါယ်လွယ်ပြီ)

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

အကြင်အခါ သဘာဝတရား အားလုံးတို့
သည် အတ္တမဟုတ်ကုန်ဟု ဝိပဿနာပညာဖြင့်
ရှုမြင်နိုင်၏။ ထိုအခါ ရုပ် နာမ် ဓမ္မ သခါရတို့၌
ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်
ကြယ်ရာ နိဗ္ဗာန်၏အကြောင်းဖြစ်၏ဟု ဟော
တော်မူ၏။

●

ဘဒ္ဒကမ္ဘာ

သုတ်မဟာဝါပါဠိတော်၊ မြန်မာပြန် စာမျက်
နှာ ၂ အပိုဒ် ၄-၌ ဘဒ္ဒကမ္ဘာအကြောင်း လာရှိ၏။

သုတ်ပါထေယျ ပါဠိတော်၊ စက္ကဝတ္တိသုတ်၊
မြန်မာပြန် စာမျက်နှာ ၆၅၊ အပိုဒ် ၁၀၇-၌ မေတ္တေ
ယျဗုဒ္ဓမြတ်စွာသည် ဤဘဒ္ဒကမ္ဘာ၌ အနှစ်
ရှစ်သောင်းတန်းတွင် ပွင့်တော်မူမည်ဟုလာရှိ၏။

ယခုသော် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ အန
မတဂ္ဂသံယုတ်၊ ဝေပုလ္လပဗ္ဗသုတ်၊ မြန်မာပြန် စာ
မျက်နှာ ၃၈၄-၌ ဟောတော်မူသည်၏ အတိုချုပ်
ကို ဖော်ပြပေအုံ့။

ကကုသန်မြတ်စွာဘုရား			**အနှစ်လေးသောင်းတန်း**
ကောဏာဂုံ	။	။	**သုံးသောင်းတန်း**
ကဿပ	။	။	**နှစ်သောင်းတန်း**
ဂေါတမ	။	။	**တစ်ရာတန်း၌**
			ပွင့်တော်မူ၏။

ဤဒေသနာတော်၌ သိစေလိုသောအချက်ကြီး
ကား သာမန်မဟုတ်ကုန်သော ဗုဒ္ဓမြတ်စွာတို့
သော်မှ ပရိနိဗ္ဗာန် စံတော်မူကြရကုန်ပြီ။ ထိုအခါ
က ဘုရင်မင်းမြတ်တို့နှင့်တကွ တိုင်းသူပြည်သား
လူအများတို့သည် သေကျေပျက်စီးကြရကုန်ပြီ။

ထို့ကြောင့် ဤစာကို ရေးသူသည်လည်းကောင်း၊
ဤစာကို ဖတ်ရှုနေသူသည်လည်းကောင်း၊ ထိုမှ
တစ်ပါး အခြားသော မင်းနှင့်တကွ လူအပေါင်းတို့
သည်လည်းကောင်း မကြာသေးမီ ဘေးအမျိုးမျိုး

http://www.dhammadownload.com

တွေ့ကာ သေကျေပျက်စီးရမည်မှာ သေချာလျက်ရှိ၏။ ။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ထိုသုတ်တော် စာမျက်နှာ ၃၉၈ ၌-

အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒဝယ ဓမ္မိနော၊
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

မြန်မာပြန်၊ စာမျက်နှာ ၃၈၆။ ။ သင်္ခါရတရားတို့သည် အမြဲမရှိကြကုန်၊ ဖြစ်ခြင်းပျက်ခြင်းသဘော ရှိကုန်၏။ ဖြစ်ပြီး၍ ချုပ်ကုန်၏။ ထိုသင်္ခါရတရားတို့၏ ငြိမ်းရာ နိဗ္ဗာန်သည်ကား ချမ်းသာ၏ဟု မိန့်တော်မူ၏။

●

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ

ဤပါဠိတော်ကို စာမျက်နှာ ၇၄-၌ ရေးသားခဲ့ပြီ။ ၎င်းဒေသနာတော်ကို အချို့က မြင်သောအခါ ကြားသောအခါ စသည်တို့၌ စိတ်ကို စိတ်အတိုင်း ထားဟု သင်ပြပေး၏။ ။ ဤနည်းသည် ပါဠိတော်အရပ်ရပ်တို့နှင့် မကိုက်။ စိတ်ကိုစိတ်အတိုင်း ထားလျှင် ဓမ္မပဒပါဠိတော် ပါပဝဂ်၌-

ပါပသို့ ရမတိ မနော၊ ။ **ပါပသို့**-မကောင်းမှု၌၊ **မနော**-စိတ်သည်၊ **ရမတိ**-မွေ့လျော်၏ဟု ဟောတော်မူ၏။ ။ ဤကျမ်း စာမျက်နှာ ၇၃၊ စာကြောင်းရေ ၄ ၌-

စက္ခုဠ္ဠ ဘိက္ခဝေ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ အစရှိသောပါဠိတော်၌ ကြိုက်လျှင် ရာဂါ နုသယော အနုသေတိ။ မကြိုက်လျှင် ပဋိဃာနုသယော အနုသေတိ။ မကြိုက်သည်လည်းမဟုတ် ကြိုက်သည်လည်းမဟုတ် အမှုမဲ့အမှတ်မဲ့ ဝိပဿနာ ပွားများအားထုတ်မှုမရှိဘဲနေလျှင် **အဝိဇ္ဇာ နုသယော အနုသေတိ** ဟု ဟောတော်မူ၏။

●

ထို့ကြောင့် စိတ်ကိုစိတ်အတိုင်း ထား၍မရ၊ မြင်သောအခါ ကြားသောအခါ တွေ့ထိသောအခါ စသည်တို့၌ ဝိပဿနာဘောင်အတွင်းသို့ သွင်းကာ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ဤဉာဏ် ၂-ပါးတို့ဖြင့် ခွဲခြားစိတ်ဖြာ ဆင်ခြင်ရ၏။ ။ ထို့နောက် ၎င်း ရှုပ်နာမ် ၂-ပါးကို လက္ခဏာရေးသုံးပါးတင်ကာ ဝိပဿနာ ဘာဝနာကို ပွားများရာ၏။ ဤကား ပါဠိတော် အရပ်ရပ်တို့၏ အလိုပေတည်း။

●

မှတ်နေသောနည်း

ထိုမှတစ်ပါး တစ်မျိုးကျန်ရှိပေသေး၏။ ဤဒုတိယအမျိုးကား မြင်လျှင် မြင်တယ် မြင်တယ်၊ ကြားလျှင် ကြားတယ် ကြားတယ်။ သွားလျှင် သွားတယ် သွားတယ်၊ စားလျှင် စားတယ် စားတယ် စသည်ဖြင့် **မှတ်ရသောနည်း**ဖြစ်၏။ ဤနည်းသည်လည်း ပါဠိတော်အဋ္ဌကထာတို့နှင့် မကိုက်ခြင်းကို စာမျက်နှာ ၇၆-၌ ရှင်းပြခဲ့ပြီ။

စာမျက်နှာ ၇၅-၌ ဗာဟိယဒါရုစီနှင့် မာလုကျပုတ္တတို့ကို ဟောတော်မူသည်ကိုလည်း ဖော်ပြထား၏။ ။ သဠာယတနသံယုတ်၊ သဠဝဂ်၊ မာလုကျပုတ္တသုတ်အတွက် မြင်သောအခါ၊ ကြားသောအခါ စသည်တို့၌ မည်ကဲ့သို့လေ့ကျင့်ရမည်ကို အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုတော်မူရာ၌ ရှည်လျားစွာ လာရှိ၏။ ထိုမှ လိုရင်း အတိုချုပ်ကို ကောက်နုတ် ဖော်ပြရသော-

နိ ရဇ္ဇတိ - မကပ်ငြိ
နိ ဒုဿတိ - မပြစ်မှား
နိ မုယ္ဟတိ - မတွေဝေ

မြင်သောအခါ ကြားသောအခါ တွေ့ထိသောအခါ စိတ်ကူးမိသောအခါတို့၌ **တဏှာ မကပ်ငြိအောင် နေရမည်။ မပြစ်မှားမိအောင် နေရမည်။ မတွေဝေအောင် နေရမည်**ဟု ဖွင့်ဆိုတော်မူ၏။

ဤတွင် **မတွေဝေအောင် နေရမည်** ဆိုရာ၌ **မောဟမဖြစ်စေရန်** နေရမည်ဖြစ်၏။ မောဟဆိုသည်မှာ အဝိဇ္ဇာပင်ဖြစ်၏။ မောဟ(သို့မဟုတ်)

http://www.dhammadownload.com

အဝိဇ္ဇာသည် ယောဂိနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ကြောင့် မောဟမဖြစ်စေရန် အဝိဇ္ဇာမဖြစ်စေရန် မြင်သောအခါ၊ ကြားသောအခါ စသည်တို့၌ အထက်၌ ပြဆိုခဲ့သည့်အတိုင်း နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ် စသည်တို့ဖြင့် လက္ခဏာရေးသုံးပါး တင်ကာ ဆင်ခြင် ပွားများရ၏။

●

သဠာနာတိ - မှတ်ခြင်း
ဇာနာတိ - သိခြင်း
ပ ဇာနာတိ - အပြားအားဖြင့်သိခြင်း၊ ကွဲကွဲပြားပြားသိခြင်း၊ (ပကာရအနက်)။

ဤသို့လျှင် "ပ ဇာနာတိ"၏အနက်အဓိပ္ပါယ်မှာ သဠာနာတိ၊ ဇာနာတိတို့၏ အနက်အဓိပ္ပါယ်နှင့် မတူခြင်းကို သိအပ်လေသည်။ ထိုမှတစ်ပါး စာမျက်နှာ ၁၀၄ ၌-

ကိဉ္စ ဘိက္ခဝေ သည် ဝဒေထ။ သဠာနာတိတိ ခေါ ဘိက္ခဝေ တသ္မာ သညာတိ ဝုစ္စတိ။

အို-ရဟန်းတို့၊ အဘယ့်ကြောင့် သညာဟူ၍ ဆိုကုန်သနည်းဟူမူ၊ အို-ရဟန်းတို့ မှတ်တတ်၏။ ထို့ကြောင့် သညာဟူ၍ ဆိုအပ်၏ဟု ဟောတော်မူ၏။

ထို့ကြောင့် "ပ ဇာနာတိ"၏ အနက်အဓိပ္ပါယ်အတွက် မှတ်နေခြင်းကို အလိုမရှိအပ်။

စာမျက်နှာ ၇၆-၌ ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ၏ အနက်အဓိပ္ပါယ်အတွက် ခွေးသိ တိရစ္ဆာန်သိ အသိမျိုးကို အလိုမရှိအပ်ကြောင်း အဋ္ဌကထာဖွင့်ဆိုတော်ပုံကို ဖော်ပြထားခဲ့၏။

●

ဆက်ဦးအုံ့၊ ဤကျမ်း စာမျက်နှာ ၇၄-၌ ဒိဋ္ဌं ဒိဋ္ဌတော သဠာနာတိ၊ ဒိဋ္ဌं ဒိဋ္ဌတော သညတ္တာ ဒိဋ္ဌं မညတိ၊ ဒိဋ္ဌသ္မိं မညတိ၊ ဒိဋ္ဌတော မညတိ၊ ဒိဋ္ဌं မေတိ မညတိ၊ ဒိဋ္ဌं အဘိနန္ဒတိ။ တံ ကိဿ ဟေတု၊ အပရိညာ တံ တဿာတိ ဝဒါမိ။

(သိမှတ်မှားခြင်း)။

မြန်မာပြန်ကို စာမျက်နှာ ၇၄-၌ တစ်မျက်နှာလုံး ကုန်အောင် ဖတ်ရှုပါလေ။ ။ ယင်းပါဠိတော်၌ မြင်သောအခါ ကြားသောအခါ တွေ့ထိသောအခါ စိတ်ကူးအောက်မေ့သောအခါတို့၌ ပရိညာဉာဏ်ဖြင့် ပိုင်းခြား၍ မသိမှုကြောင့်ဟု မိန့်တော်မူ၏။

ဤတွင် အထူးသိရန်မှာ ၎င်းအသိမျိုးသည် ဝိပဿနာ ဉာဏ်ပညာမရှိသော လူသာမန်တို့၏ အသိမျိုးဖြစ်၏။ ။ သာမန်လူတို့ အသိမှားပုံကို စာမျက်နှာ ၉၃၊ ၉၄ တို့၌-

စတ္တာရောမေ ဘိက္ခဝေ သညာဝိပလ္လာသာ စိတ္တဝိပလ္လာသာ ဒိဋ္ဌိဝိပလ္လာသာ-

ဟူ၍ မြန်မာပြန်ပါ ဖော်ပြထား၏။ ။ ထိုစာမျက်နှာ ၉၄-၌ ဆက်လက်ဖော်ပြထားသည်မှာ-

သညာဝိပလ္လာသ - အမှတ်မှားခြင်း၊
စိတ္တဝိပလ္လာသ - အသိမှားခြင်း၊
ဒိဋ္ဌိဝိပလ္လာသ - အယူမှားခြင်း၊

ဤ၌ သိစေလိုသောအချက်မှာ ပ-ဇာနာတိ၏ အနက်အဓိပ္ပါယ်ကို အမှတ်မှားလျှင် အသိမှားတော့၏။ အသိမှားလျှင် အယူမှားတော့၏။ ယင်းသို့ဖြစ်လျှင်-

ဒိဋ္ဌं ဒိဋ္ဌတော စသည်တို့၌ အသိမမှားရလေအောင် အဘယ်သို့ သိအပ်ပါသနည်းဆိုသော် မူလပဏ္ဏာသ ပါဠိတော် မူလပရိယာယဝဂ်၊ စာမျက်နှာ ၅၊ အပိုဒ် ၇၊ စာကြောင်း ၈-၌ (သေက္ခပုဂ္ဂိုလ်တို့အတွက်)-

ဒိဋ္ဌं ဒိဋ္ဌတော အဘိဇာနာတိ (ပ) မာဘိနန္ဒိ။ တံ ကိဿ ဟေတု၊ ပရိညေယ္ယံ တဿာတိ ဝဒါမိ။

မြင်သောအရာကို မြင်သောအရာအား ထူးသောဉာဏ်ဖြင့်သိ၏။ -ပ- မြင်သောအရာကို

http://www.dhammadownload.com

လွန်စွာ မနှစ်သက်။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် ထိုမြင်သောအရာကို ပိုင်းခြား၍ သိသောကြောင့်ဟု ငါဆို၏ဟု မိန့်တော်မူ၏။

ဤပါဠိတော်များအရ မြင်သောအရာ ကြားသောအရာ တွေ့ထိသောအရာ တွေးတောအောက်မေ့သောစိတ်တို့၌ ရုတ်တရက် ချက်ချင်း နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ဤထူးသောဉာဏ်တို့ဖြင့် သိရှိရမည်။ ထိုနောက်တစ်ဖန် ၎င်းတို့၌ လက္ခဏာရေးသုံးပါးတင်ကာ ဝိပဿနာဘာဝနာကို ပွားများ အားထုတ်ရ၏။ ဤသို့လျှင် စူးစမ်းစိစစ်ရာ၏ (၀၊) ကျမ်းညီတတ်ရ၏။

နိဂုံးချုပ်ကား- စိတ်ကို စိတ်အတိုင်းထား၍ မပြီး၊ ပါဠိတော်အရပ်ရပ်တို့နှင့်မကိုက်ညီ။ သွားတယ် သွားတယ် ထိုင်တယ် ထိုင်တယ် စသည်တို့ကို အလိုမရှိအပ်။ ပါဠိတော်အရပ်ရပ်တို့နှင့် မကိုက်ညီ။ ။ ဤသည်တို့ကား ပါဠိတော်အရပ်ရပ်တို့၌ ဗုဒ္ဓမြတ်စွာ ဟောတော်မူခဲ့ခြင်းတို့ပေတည်း။

●

ကာယာနုပဿနာ သမ္မဇာနပဗ္ဗ

ထိုမှတစ်ပါး မြင်သည် ကြားသည် စသည်တို့ကို ဝိပဿနာပွားရန် သုတ်မဟာဝါပါဠိတော်မဟာသတိပဋ္ဌာနသုတ်၊ ကာယာနုပဿနာ သမ္မဇာနပဗ္ဗ စာမျက်နှာ ၂၃၃-၌ ဟောတော်မူသည်ကို ဖော်ပြဦးအုံ့။

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္မဇာနကာရီ ဟောတိ၊ အာလောကိတေ ဝိလောကိတေ သမ္မဇာနကာရီ ဟောတိ၊ သမိဉ္ဇိတေ ပသာရိတေ သမ္မဇာနကာရီ ဟောတိ၊ သင်္ဃာဋိပတ္တစီဝရဓာရဏေ သမ္မဇာနကာရီ ဟောတိ၊ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္မဇာန ကာရီ ဟောတိ၊ ဥစ္စာရပဿာဝကမ္မေ သမ္မဇာနကာရီ ဟောတိ. . . ။

သံ - ကောင်းစွာ
ပ - အပြားအားဖြင့်
ဇာန - သိခြင်း
ကာရီ - ပြုလေ့ရှိသည်
ဟောတိ - ဖြစ်၏။

ဆရာတော် ဦးဗုဒ်နိဿယ၊ ဟံသာဝတီမှ၊ ၁၉၅၅-ခုနှစ်ရိုက်၊ စာမျက်နှာ ၆၃-၌ အောက်ပါအတိုင်း လာရှိ၏။

ဘိက္ခဝေ-ရဟန်းတို့၊ **ပုနစ**-တစ်ဖန်လည်း၊ **အပရံ**-တစ်ပါးတဲ့၊ **ဘိက္ခု**-ရဟန်းသည်၊ **အဘိက္ကန္တေ**-ရှေ့သို့တက်သည်ရှိသော်၊ **ပဋိက္ကန္တေ**-နောက်သို့ ဆုတ်သည်ရှိသော်၊ **သမ္မဇာနကာရီ**ဟောတိ-ပညာဖြင့် ဆင်ခြင်၍ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ-ဖြစ်၏။

အာလောကိတေ-တူရူကြည့်သည်ရှိသော်၊ -**ဝိလောကိတေ**-တစောင်းကြည့်သည်ရှိသော်၊ **သမ္မဇာနကာရီ**-ပညာဖြင့် ဆင်ခြင်၍ တူရူကြည့်ခြင်း တစောင်းကြည့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ-ဖြစ်၏။

သမိဉ္ဇိတေ-ဆန့်သောလက်ခြေကို ကွေးသည်ရှိသော်။ **ပသာရိတေ**-ကွေးသောလက်ခြေကို ဆန့်သည်ရှိသော်၊ **သမ္မဇာနကာရီ**-ပညာဖြင့် ဆင်ခြင်၍ ကွေးခြင်းဆန့်ခြင်းကို ပြုလေ့ ရှိသည်။ ဟောတိ-ဖြစ်၏။

သင်္ဃာဋိ ပတ္တစီဝရ ဓာရဏေ-ဒုကူဋ်သပိတ်သင်္ကန်းကို ဆောင်သည်ရှိသော်၊ **သမ္မဇာနကာရီ**-ပညာဖြင့် ဒုကူဋ်သပိတ်သင်္ကန်းကို ဆောင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ-ဖြစ်၏။

အသိတေ-စားသည်ရှိသော်၊ **ပီတေ**-သောက်သည်ရှိသော်၊ **ခါယိတေ**-ခဲသည်ရှိသော်၊ **သာယိတေ**-လျက်သည်ရှိသော်၊ **သမ္မဇာနိကာရီ**-ပညာဖြင့် ဆင်ခြင်၍ စားခြင်းစသည်ကို ပြုလေ့ ရှိသည်။ ဟောတိ-ဖြစ်၏။

http://www.dhammadownload.com

ဥစ္စာရ ပဿာဝ ကမ္မေ-ကျင်ကြီးကျင်ငယ်ကို ပြုသည်ရှိသော်၊ **သမ္ဘဇာနကာရီ**-ပညာဖြင့် ဆင်ခြင်၍ ကျင်ကြီးကျင်ငယ်ကို ပြုလေ့ရှိသည်၊ ဟောတိ-ဖြစ်၏။

ဤသို့လျှင် အထက်တွင် ဖော်ပြအပ်သော ပါဠိတော် အဋ္ဌကထာများအရ-

မြင်လျှင် မြင်တယ် မြင်တယ်၊ ကြားလျှင် ကြားတယ် ကြားတယ်၊ သွားလျှင် သွားတယ် သွားတယ်၊ စားလျှင် စားတယ် စားတယ် စသည်တို့ဖြင့် မှတ်နေခြင်းသည် ကျမ်းဂန်အရပ်ရပ်တို့နှင့် မကိုက်ညီသည်ကို အထူးသတိပြုတော်မူကြပါလေ။

●

အဗျာကတော ဓမ္မော

နောက်ဆုံးအနေဖြင့် ထင်ရှားစေအံ့။ ပဋ္ဌာန်းပါဠိတော် ပဏ္ဍိတ ဝိရ စာမျက်နှာ ၁၃၅၊ အပိုဒ် ၄၁၁။

> **အဗျာကတော ဓမ္မော ကုသလသ ဓမ္မသ အာရမ္မဏ ပစ္စယေန ပစ္စယော။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ ဝိပါကာ ဗျာကတေ ကိရိယာ ဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။**

ဤပါဠိတော်ကို စာမျက်နှာ ၇၉-အောက်ဆုံး အပိုဒ် မြန်မာပြန်နှင့်တကွ ဖော်ပြထား၏။ ဤပဋ္ဌာန်းဒေသနာတော်ကို ဟောတော်မူရာတွင်-

မြင်သည် ကြားသည် တွေ့ထိသည် စသည်တို့၌ မှတ်နေရမည်ဟု ဟောတော်မမူ။ မြင်သည် ကြားသည် တွေ့ထိသည် စသည်တို့ကို လက္ခဏာရေးသုံးပါးတင်ကာ ဝိပဿနာဘာဝနာကို ပွားများအားထုတ်ရမည်ဟု ဟောတော်မူခြင်းဖြစ်၏။

ထို့ကြောင့် မြင်လျှင် မြင်တယ် မြင်တယ်၊ ကြားလျှင် ကြားတယ် ကြားတယ်၊ သွားလျှင် သွားတယ် သွားတယ်၊ စားလျှင် စားတယ် စားတယ် စသည်တို့ဖြင့် မှတ်နေခြင်းသည် ဥဏှစဉ် ၁၆-ပါးရှိသည်တို့အနက် အစဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်လည်း မပါ၊ ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်လည်း မဖြစ်၊ လက္ခဏာရေးသုံးပါး တင်ရှုပွားများသည်လည်း မဟုတ်၊ ပါဠိတော်အရပ်ရပ်တို့နှင့်လည်း မကိုက်ညီခြင်းကြောင့်-

ထိုမှတ်နေသော အလေ့အကျင့် အယူဝါဒ နောက်သို့ မလိုက်မိရန် အထူးသတိပြုတော်မူကြရပေမည်။ ဟောပြောနေသူအချို့တို့သည်လည်း မိမိတို့အကျိုးငှာလည်းကောင်း၊ အများအကျိုးငှာလည်းကောင်း သောဝစဿတာဂုဏ်နှင့် ပြည့်စုံတော်မူကြစေရန် မိမိတို့အများကို အမြန်ဆုံး ပြင်တော်မူနိုင်ကြပါစေကုန်သတည်း။

●

မိမိတို့အမှားကို ပြင်ပေးသောအခါ

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ မဟာဝဂ်၊ အာနာပါနဿတိကထာ၊ စာမျက်နှာ ၁၆၈ အောက်ဆုံး စာကြောင်း၌-

အရဟတ္တမဂ္ဂဿ ပဋိပဒါဝိသုဒ္ဓိ အာဒိ။

မြန်မာပြန် စာမျက်နှာ ၂၁၅ အောက်ဆုံး ၅-ကြောင်း။ ။ အရဟတ္တမဂ်၏ အစကား အကျင့် စင်ကြယ်ခြင်း "ပဋိပဒါဝိသုဒ္ဓိတည်း"ဟု ဟောတော်မူ၏။

ထို့ကြောင့် "အစကောင်းမှအနှောင်းသေချာသည်"ဟူသောစကားတစ်ရပ်သည် ရှိခဲ့၏။

ထိုမှတစ်ပါး "ဆရာမပြ နည်းမကျ"ဟူသော စကားတစ်ရပ်သည်လည်း ရှိပြန်သေး၏။

ဝိပဿနာ ဘာဝနာလုပ်ငန်းတော်၌ ဆရာရှိရ၏။ ဆရာမရှိဘဲ ဟောနိုင်ပြောနိုင် သင်ပြပေးတော်မူနိုင်သည်မှာ ဗုဒ္ဓမြတ်စွာတစ်ပါးသာရှိ၏။

http://www.dhammadownload.com

ထင်ရှားစေဦးအံ့။ ။ ဗုဒ္ဓမြတ်စွာသည် ရှေးဦးစွာ ပဠဝဂ္ဂိတို့အား တရားဟောတော်မူမည်ဟု ကြွတော်မူရာ လမ်းခရီးတွင် "ဥပကတက္ကတွန်း" နှင့်တွေ့၏။ ။ ထိုအခါ "ဥပက"က ဗုဒ္ဓမြတ်စွာ အား-

ငါ့ရှင်၊ သင်၏ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်၏။ အရေအဆင်းတို့သည်လည်း စင်ကြယ်ဖြူစင်၏၊ သင်၏ဆရာကား အဘယ်သူနည်း။

"နမေ အာစရိယော အတ္ထိ"ဟု ဝိနည်းမဟာဝါ ပါဠိတော် စာမျက်နှာ ၁၂ ပဠမစာကြောင်း၌ လာရှိ၏။ ။ မြန်မာပြန် စာမျက်နှာ ၁၃၊ ပဠမစာကြောင်း။ ။ ဥပက၊ ငါ့အား ဆရာမရှိဟု ဖြေဆိုတော်မူ၏။

(ကျမ်းရင်းကို ဆက်ကာ ဖတ်ရှုတော်မူကြပါလေ)။

ဗုဒ္ဓမြတ်စွာမှတစ်ပါး ဆရာမရှိဘဲ နိဗ္ဗာန်သို့ ကြွရောက်တော်မူနိုင်သော ပုဂ္ဂိုလ်ကား အရှင်ပစ္စေကဗုဒ္ဓါ ဖြစ်၏။ သို့ရာတွင် အရှင်ပစ္စေကဗုဒ္ဓါကား မိမိသာလျှင် နိဗ္ဗာန်သို့ ကြွသွားတော်မူနိုင်၏။ သူတစ်ပါးတို့အား ဗုဒ္ဓမြတ်စွာကဲ့သို့ အနုသာသနီနည်းဖြင့် တရားဟောပြော သင်ပြပေးတော်မူခြင်းကိုကား တတ်နိုင်စွမ်းတော်မမူနိုင်ရှာချေ။

ဤတွင် သိစေလိုသောအချက်ကား ဗုဒ္ဓမြတ်စွာနှင့် အရှင်ပစ္စေကဗုဒ္ဓါ ၂-ပါးတို့သာလျှင် ဆရာမရှိ။ ကျန်ပုဂ္ဂိုလ်တို့၌ ဆရာရှိရ၏။

ဆရာမရှိဘဲ ကြားဖူးနားဝဖြင့် ပြုကျင့်ခြင်းကြောင့် မှားပုံကို ဆိုဦးအံ့။ ။ စူဠဝါပါဠိတော်၊ စာမျက်နှာ ၂၄၆၊ ထိပ်ဆုံးစာကြောင်း။ ။ မြန်မာပြန် စာမျက်နှာ ၂၄၄၊ စာကြောင်းရေ ၁၉ ၌-

ထိုအခါ ရဟန်းတစ်ပါးသည် မမ္မေ. လျော်ခြင်းသည် နှိပ်စက်အပ်သောကြောင့် **မိမိ၏ အဂ်ါဇာတ်ကို ဖြတ်၏။**

ယင်းကိစ္စကို ဗုဒ္ဓမြတ်စွာ ကြားတော်မူသော အခါ ရဟန်းတို့ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ထိုရဟန်းသည် အခြားတစ်ပါးသောအရာ "ကိလေသာ"ကို ဖြတ်သင့်လျက် အခြားသောအရာ "အဂ်ါဇာတ်"ကို ဖြတ်ဘို၏။ ထိုရဟန်းအား ထုလ္လစည်း အာပတ်သင့်၏ဟု မိန့်တော်မူ၏။

ထို့ကြောင့် ဆေးကုရာတွင် "တောက်တို မယ်ရ"ဆေးနည်းတို့ဖြင့် ဆေးကု၍ မရနိုင်သည် ထက် ဝိပဿနာဘာဝနာ လုပ်ငန်းတော်သည် အလွန်အလွန် လွန်သည်ထက်လွန်အောင် ခက်ခဲနက်နဲသော ပညာရပ်ဖြစ်ခြင်းကို အထူး သတိပြုတော်မူကြရာ၏။

ယခုအခါ မဂ်တုဖိုလ်တု ကမ္မဋ္ဌာန်းတုများ ယခင်ကထက် ပိုမို များပြားလာခြင်းကြောင့် ဆရာစစ် ဆရာမှန် ဆရာကောင်း ရရှိရေးသည် ယောဂီအတွက် ရှေးဦးစွာ အရေးကြီးသော အချက်ကြီး ဖြစ်လေသည်။

ဆရာစစ် ဆရာမှန် ဆရာကောင်း ဟုတ်မဟုတ် စစ်ဆေးရန် ဗုဒ္ဓမြတ်စွာသည် မဟာပဒေသတရား ၄-ပါးကို ဟောတော်မူခဲ့၏။ ။ ထိုမှတစ်ပါး သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ် စာမျက်နှာ ၁၂၆၊ အောက်ဆုံးစာကြောင်း၌-

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။

မြန်မာပြန် စာမျက်နှာ ၁၄၇၊ မြတ်စွာဘုရား၏ နောက်ဆုံးစကားတော်၌ အာနန္ဒာ၊ ငါဟောကြား ပညတ်ထားသော တရားတော်နှင့် ဝိနည်းတော်သည် ငါ ကွယ်လွန်သောအခါ၌ သင်တို့၏ ဆရာ ဘုရားပင်ဖြစ်ပေ၏ဟု မိန့်တော်မူ၏။

ဤတွင် သိစေလိုသောအချက်ကား တရားစစ် တရားမှန် ဆရာစစ် ဆရာမှန် စစ်ဆေးရန်မှာ ပါဠိတော်များဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာ မိန့်ဆိုတော်မူခဲ့သည်ကို အထူး သတိပြုတော်မူသင့်ကြပါသည်။

http://www.dhammadownload.com

အဋ္ဌကထာ ဖွင့်ဆိုတော်မူပုံကို ဆိုဦးအံ့။ ။ အင်္ဂုတ္တိရ်ပါဠိတော်။ စတုက္ကနိပါတ်၊ စာမျက်နှာ ၄၈၆၊ အပိုဒ် ၁၈၀-၌လည်းကောင်း၊ သုတ်မဟာ ဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ် စာမျက်နှာ ၁၀၂၊ အပိုဒ် ၁၈၇။ ။ မြန်မာပြန် စာမျက်နှာ ၁၁၉-၌ ဟောတော်မူသော "မဟာပဒေသ တရားလေးပါး"အတွက် အဋ္ဌကထာ ဖွင့်ဆိုတော်မူသော အတိုချုပ်သဘောမှာ-

သုတ္တ၊ သုတ္တာ နုလောမ၊ အာစရိယဝါဒ၊ အတ္တနောမတိ ဟူ၍ လာရှိ၏။ "သုတ္တ"ဆိုသည်မှာ ပါဠိတော်များဖြစ်၍၊ "သုတ္တာနုလောမ"ဆိုသည်မှာ ပါဠိတော်နှင့် (သမေန္တမေဝ) ကိုက်ညီသည်ကိုသာလျှင် (ဂဟေတဗ္ဗံ) ယူအပ်၏။

(**အာစရိယဝါဒေါပိ**) အဋ္ဌကထာ၌ လာရှိသော ဝါဒကိုလည်း (သုတ္တေန) ပါဠိတော်နှင့် (**သမေန္တော ယေဝ**) ကိုက်ညီသည်ကိုသာ (**ဂဟေတဗ္ဗော**) ယူ အပ်၏ဟု အဋ္ဌကထာ ဖွင့်ဆိုတော်မူ၏။

ငါဘုရား ကွယ်လွန်သောအခါ ပါဠိတော်များသည် သင်တို့၏ ဆရာပင် ဖြစ်ပေ၏ဟု ဟောတော်မူခြင်း၊ မည်သူကပင် ပြောဟောသည်ဖြစ်စေ ပါဠိတော်များနှင့် စစ်ဆေးရမည်ဟု "မဟာပဒေသတရား လေးပါး"ကို ဟောတော်မူခြင်းတို့နှင့် အဋ္ဌကထာဖွင့်ဆိုချက်တို့ကို ပေါင်းစပ်သော် မည်သည့်ပုဂ္ဂိုလ်က ပြောဟောသည်ဖြစ်စေ၊ ဤကျမ်းစာငယ်၌လာရှိသည်ဖြစ်စေ ပါဠိတော် အရပ်ရပ်တို့နှင့် ကိုက်မကိုက် စစ်ဆေးတော်မူကြပြီးလျှင် ကိုက်ညီသော် လက်ခံ၍ မကိုက်ညီသော် သာသနာတော်မြတ်ကြီးသည် သန့်ရှင်းစွာ အဓွန့်ရှည်ရေးအတွက် တိကျပြတ်သားစွာ ပယ်ဖျက်တော်မူကြရပေမည်။

ယင်းသို့ မှားသော အယူဝါဒများကို အမှန်ဟု အယူရှိနေသော ပုဂ္ဂိုလ်များကလည်း မိမိတို့၏ အမှားကိုဖော်ပြပေးသူတို့အား ကျေးဇူးတင်ရမည်ဟု ဓမ္မပဒ ပါဠိတော်၊ ပဏ္ဍိတဝဂ်၊ အပိုဒ် ၇၆ ၌

နိဓိနံဝ ပဝတ္တာရံ၊
ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိ မေဓာဝိ၊
တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊
သေယ္ယော ဟောတိ နပါပိယော။

အပြစ်ကို ဖော်ပြ နှိမ်ချ ဆုံးမလေ့ရှိသော ထိုသို့သဘောရှိသော ပညာရှိကို မြှုပ်ထားသော ရွှေအိုးကို ပြောကြားလာသူကဲ့သို့ ထင်မှတ်သိမြင်၍ ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို ဆည်းကပ်သောသူအား မြတ်၏။ ယုတ်မာညံ့သည် မဖြစ်ဟု ဟောတော်မူခဲ့ခြင်းကြောင့် မိမိတို့၏အမှားကို ဖော်ပြပေးသူအား ရွှေအိုးကို ပြောကြားလာသူကဲ့သို့ ကျေးဇူးတင်ရမည်သာ ဖြစ်၏၊ စိတ်မဆိုးသင့်။

●

နိဗ္ဗာန်အတွက် ဓနာက်ဆက်တွဲ

စာမျက်နှာ ၁၂၃-၌ နိဗ္ဗာန်အကြောင်းကို ဖော်ပြထားရာ၌ ဆက်တွဲသိရှိရန် အတိုချုပ် ဖော်ပြပေအံ့။ ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍ စာမျက်နှာ ၂၅၆၊ အပိုဒ် ၁၃၁၆ ၌-

တတ္ထ ကတမံ နာမံ၊ ဝေဒနာက္ခန္ဓော, သညာက္ခန္ဓော, သင်္ခါရက္ခန္ဓော, ဝိညာဏက္ခန္ဓော, အသင်္ခတာ စ ဓာတု။ ဣဒံ ဝုစ္စတိ နာမံ။

ဤမြန်မာပြန် စာမျက်နှာ ၄၈၂ ။ ထိုနာမ်ရုပ်တို့တွင် နာမ်ဟူသည် အဘယ်နည်း။ ခံစားမှုအစု ဝေဒနာက္ခန္ဓာ၊ မှတ်သားမှုအစု သညာက္ခန္ဓာ၊ ပြုပြင်မှုအစု သင်္ခါရက္ခန္ဓာ၊ အထူးသိမှုစိတ်အစု ဝိညာဏက္ခန္ဓာ၊ ထို့ပြင် ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရားတို့ မပြုပြင် မစီရင်အပ်သောသဘော အသင်္ခတဓာတ် နိဗ္ဗာန်သည် ရှိ၏။ ဤတရားအပေါင်းကို နာမ်ဟု ဆိုအပ်၏။ (စိတ်, စေတသိက်, နိဗ္ဗာန်)။

ဤမမ္မသင်္ကာ ပါဠိတော်အရ စိတ်နှင့် စေတသိက်သာမက နိဗ္ဗာန်ကိုလည်း နာမ်တရားဟု သိအပ်၏။ ။ ထိုမှတစ်ပါး ဤကျမ်း စာမျက်နှာ ၁၂၁ ၌-

အနိစ္စာ သဗ္ဗေ သင်္ခါရာ အစရှိသော ပါဠိတော်အရလည်း နိဗ္ဗာန်ကို အနတ္တ မမ္မသဘာဝ ဟူ၍လည်း သိအပ်၏။ ။ ထို့ကြောင့် ပါဠိတော်အရပ်ရပ်တို့၌ "သဗ္ဗေ ဓမ္မာ အနတ္တာ"ဟူ၍ဟောတော်မူခဲ့၏။ ။ ယင်းသို့ နိဗ္ဗာန်ကို နာမ်ဟူ၍လည်းကောင်း၊ အနတ္တဟူ၍လည်းကောင်း ဟောတော်မူသော်လည်း သခ်ာတမ္မာ၌ လာရှိသော စိတ်စေတသိက် ရုပ်တို့ကဲ့သို့သော အနိစ္စ, ဒုက္ခ, အနတ္တ မျိုး မဟုတ်ခြင်းကို အထူးသတိပြုတော်မူကြပါလေ။

●

နိဗ္ဗာန်ကို သဘောကျနိုင်ရန် ဒုက္ခကို ရာခိုင်နှုန်းအပြည့် သိမှသာလျှင် နိဗ္ဗာန်ကို သဘောကျနိုင်လေသည်။ ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်နှင့် နိဗ္ဗာန်ကို သဘောကျနိုင်ရန် မလွယ်ဟု ဟောတော်မူခဲ့၏။

သစ္စာလေးပါး ဓမ္မစက္ကြာတရားတော်၌ ဟောတော်မူသော ဒုက္ခသစ္စာဆိုသည်ကို တကယ်တမ်း သိရှိနိုင်ရန် (၀၊) ရာခိုင်နှုန်းအပြည့် သိရှိနိုင်ရန် စာမျက်နှာ ၇၂-၌ ဖော်ပြခဲ့သော-

ဒုက္ခံ ဒုက္ခ သစ္စန္တိ? အာမန္တာ အစရှိသော ပါဠိတော်၏အနက်အဓိပ္ပါယ်ကို ဗုဒ္ဓမြတ်စွာ အလိုရှိတော်မူသည့်အတိုင်း တိကျမှန်ကန်စွာ သဘောပေါက်အောင် သင်ပြပေးရပေမည်။

ဥပမာဆိုသော် ပရမတ္ထသစ္စာ၌ ယောက်ျား, မိန်းမ, လူ, နတ်, ပြဟ္မာ, သတ္တဝါမရှိ၊ ခန္ဓာငါးပါး ဒုက္ခသာရှိခြင်း။ သမ္မုတိသစ္စာ၌ သားတစ်ပါး ဖွားမြင်သည်ဆိုရာဝယ် ပရမတ္ထသစ္စာ၌ သားတစ်ပါး ဖွားမြင်သည်မဟုတ်၊ ခန္ဓာငါးပါးဒုက္ခ ဖြစ်ပေါ်လာခြင်း။ ။ ကျမ်းကိုးရန်-

ဒုက္ခမေဝ ဟိ သမ္ဘောတိ. . ။
(စာမျက်နှာ ၈၀)။

ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ. . ။
(စာမျက်နှာ ၈၁)။

ထိုမှတစ်ပါး ဓမ္မပဒပါဠိတော်၊ သုခဝဂ်၊ အပိုဒ် ၂၀၂ ၌-

နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ နတ္ထိ သန္တိ ပရံ သုခံ။

ခန္ဓာနှင့်တူသော ဒုက္ခသည် မရှိ၊ နိဗ္ဗာန်ထက်လွန်ကဲသောချမ်းသာသည် မရှိဟု ဟောတော်မူသည်ကိုလည်း သဘောပေါက်အောင် သင်ပြပေးရမည်။

●

နိဗ္ဗာန်သို့ရောက်ရှိရေးအတွက် ဝိပဿနာဘာဝနာ ပွားရာ၌ ဉာဏ်ရင့်သန်လာသောအခါ သိရှိအပ်သောအချက်တို့ကို ဖော်ပြပေအုံ့။

သဠာယတနဝိဘင်္ဂသုတ်ကျမ်း နောက်ဆုံးကမ္မဋ္ဌာန်းပိုင်းအပိုဒ် ၄၇-၌ လာရှိသော ဝိမောက္ခသုံးပါးကိုလည်းကောင်း၊ အပိုဒ် ၄၈-၌လာရှိသော ဝိမောက္ခမုခသုံးပါးကိုလည်းကောင်း။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိပိုင်း မြန်မာပြန် တတိယတွဲ စာမျက်နှာ ၄၈၁-၌ လာရှိသော **အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတ ဝိမောက္ခ၊ သုညတဝိမောက္ခ၊** ဤသုံးပါးကိုလည်းကောင်း သဘောပေါက်အောင် သင်ပြပေးရပေမည်။ (ပါဠိ၊ ဒုတိယတွဲ၊ စာမျက်နှာ ၃၀၇၊ အပိုဒ် ၈၀၂)။

ၜင်းတို့သည် ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်များသို့ ရောက်ရှိရေးအတွက် အလွန်အရေးပါသော အချက်ကြီးများဖြစ်၏။ ထို့ကြောင့် သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်၊ အသခ်တသံယုတ်၊ စာမျက်နှာ ၅၃၆၊ အပိုဒ် ၃၆၉ ၌-

ကတမော စ ဘိက္ခဝေ အသခ်တဓါမိ မဂ္ဂေါ၊ သုညတော သမာဓိ, အနိမိတ္တော သမာဓိ, အပ္ပဏိဟိတော သမာဓိ။ အယံ ဝုစ္စတိ ဘိက္ခဝေ အသခ်တဓါမိ မဂ္ဂေါ။

မြန်မာပြန် စာမျက်နှာ ၅၂၈၊ ။ ရဟန်းတို့၊ မပြုပြင်အပ်သော "အသခ်တ"တရားသို့ ရောက်

http://www.dhammadownload.com

ကြောင်း လမ်းဟူသည် အဘယ်နည်း။ ရဟန်းတို့၊ အတ္တမှ ကင်းဆိတ်သော တည်ကြည်မှု "သုညတသမာဓိ"၊ နိစ္စနိမိတ်မရှိသော တည်ကြည်မှု "အနိမိတ္တသမာဓိ"၊ ရာဂဟူသော တောင့်တမှုမရှိသော တည်ကြည်မှု "**အပ္ပဏိဟိတသမာဓိ**"ပင်တည်း။ ဤသည်ကို မပြုပြင်အပ်သော "**အသင်္ခတ**"တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။ . . ဟု မိန့်တော်မူ၏။

ဝိပဿနာ ဘာဝနာ ရင့်သန်လာသောအခါ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရန် နီးကပ်လာသော အခါ ယင်းဝိမောက္ခသုံးပါး အစရှိသည်တို့ကို သိရှိရန် ပို၍ အရေးကြီးလာ၏။ အထက်၌ ဖော်ပြထားသော ပါဠိတော်အရ-

သုညတသမာဓိ၊ အနိမိတ္တသမာဓိ၊ အပ္ပဏိဟိတသမာဓိတို့ကို သဘောပေါက်မှ ပိုင်နိုင်မှသာ လျှင် ဂေါတြဘူဉာဏ် ဖြစ်ပေါ်နိုင်လေသည်။ ဂေါတြဘူဉာဏ် ဖြစ်ပေါ်မှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ပေါ်နိုင်လေသည်။ ဂေါတြဘုစိတ်သည် မည်သည်ကိုမျှ အာရုံမပြု၊ နိဗ္ဗာန်တစ်ခုတည်းကိုသာ အာရုံပြု၏။ ထိုအခါကျမှသာ မဂ်စိတ် ဖိုလ်စိတ် ဖြစ်ပေါ်လာနိုင်၏။

လောကီမှ လောကုတ္တရာဉာဏ်သို့ ကူးပုံကို ကျနစ္စာသိရှိရန် ပဋ္ဌာန်းမှ ဒါမဂ်ပါဠိတော် စာမျက်နှာ ၆၃၊ အပိုဒ် ၅၉-၌ ဟောတော်မူသော ဂေါတြဘူဉာဏနိဒ္ဒေသ၊ မြန်မာပြန် စာမျက်နှာ ၈၄၊ ဂေါတြဘူဉာဏ် အကျယ်ပြခြင်းနှင့်တကွ ဆက်လက်လာရှိသော မဂ်ဉာဏ်အကျယ်ပြခြင်း၊ ဖိုလ်ဉာဏ် အကျယ်ပြခြင်းတို့ကို သဘောပေါက် နားလည်အောင် သင်ပြပေးရမည်။

●

နိဗ္ဗာန်အတွက် သိစေလိုပြန်သည်မှာ-နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းကို သိစေလို၏။ အချို့ယောဂီတို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုမှသာ လျှင် တစ်မဂ် တစ်ဖိုလ်ကို ရရှိနိုင်ခြင်းကို မသိရှာကြချေ။ မဂ်လသုတ်ပါဠိတော်ကို ဟောတော်မူရာ၌-

တပေါ စ ပြဟ္မစရိယဉ္စ၊
အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊
ဧတံ မင်္ဂလ မုတ္တမံ။

အကုသိုလ်တရားတို့ကို ပူပန်စေတတ်သော အကျင့်ကိုကျင့်ခြင်းလည်းကောင်း၊ မြတ်သော အကျင့်ကိုကျင့်ခြင်းလည်းကောင်း၊ အရိယသစ္စာတို့ကို မဂ်ဖြင့်မြင်ခြင်းလည်းကောင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းလည်းကောင်း၊ ဤတရားလေးပါးတို့သည် မြင့်မြတ်သော မင်္ဂလာတရားတည်းဟု ဟောတော်မူ၏။ ။ ဤဒေသနာတော်အရ နိဗ္ဗာန်ကို အာရုံပြုရခြင်း၊ မျက်မှောက်ပြုရခြင်းကို သိအပ်လေပြီ။

ထိုမှတစ်ပါး သမထဘာဝနာ ၄၀-တွင် အနုဿတိ ဆယ်ပါး လာရှိ၏။ ထို အနုဿတိဆယ်ပါးတွင် ဥပသမာနုဿတိ ပါရှိ၏။ ဥပသမာနုဿတိသည် ဝိပဿနာဘာဝနာကို မပွားများမီကပင် နိဗ္ဗာန်ကို အာရုံပြုကာ နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကို ပွားများနေခြင်း ဖြစ်၏။ ယင်းသို့ သမထဘာဝနာဖြင့်လည်း နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကို ပွားများနေခြင်းသည် ဝိပဿနာဘာဝနာ ပွားရာ၌ နိဗ္ဗာန်သို့ မျက်မှောက်ပြုရာ၌ အလွန်ကြီးမားသော အကူအညီ အထောက်အပံ့ကို ရရှိလေသည်။

ဤ၌ ထင်ရှားစွာ သိစေလိုသောအချက်ကား-ဝိပဿနာဘာဝနာ ရင့်သန်လာမှ နိဗ္ဗာန်ကို အာရုံပြုရသည် မဟုတ်သေး၊ ဝိပဿနာကို မပွားများမီ ရှေးအဖို့ကပင် ဥပသမာနုဿတိကို ပွားများအပ်ခြင်းကို သိစေလိုခြင်းဖြစ်၏။

အချုပ်အားဖြင့် ဝိပဿနာပွားများရာ၌ ဉာဏ်ရင့်သန်လာသောအခါ နိဗ္ဗာန်ကို အာရုံပြုရ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုမှ တစ်မဂ် တစ်ဖိုလ်ကို ရရှိနိုင်လေသည်။ ထို့ကြောင့် သစ္စာလေးပါး ဓမ္မစက်ကြာဒေသနာတော်၌-

တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ

http://www.dhammadownload.com

ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဝိနည်းမဟာဝါ ပါဠိတော်၊ စာမျက်နှာ ၁၆၊ ပထမစာကြောင်း။ မြန်မာပြန် စာမျက်နှာ ၁၇။ ရဟန်းတို့၊ ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ချုပ်ရာဖြစ်သော ဤအရိယာတို့၏အမှန်တရား 'နိရောဓ အရိယသစ္စာ'ကို မျက်မှောက်ပြုအပ်၏"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော နိရောဓသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သောဉာဏ်'ပညာ'သည် ထင်ရှား ဖြစ်၏။ ထိုးထွင်း၍သိသောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှား ဖြစ်၏ဟု ဟောတော်မူ၏။

ဤသို့ ဟောတော်မူချက်အရ ယောဂီသည် နိဗ္ဗာန်သို့ မျက်မှောက်ပြုပါမှ တစ်မဂ် တစ်ဖိုလ် ရရှိနိုင်ခြင်းကို သိစေလိုခြင်းဖြစ်၏။ နိဗ္ဗာန်သို့ မျက်မှောက်မပြုဘဲ ဂေါတြဘူဉာဏ်သို့ မဆိုက်ရောက်။ ဂေါတြဘူဉာဏ်သို့ မဆိုက်ရောက်လျှင် မဂ်စိတ် ဖိုလ်စိတ် မဖြစ်ပေါ်နိုင်။ ဖြစ်ပေါ်နိုင်သည် ဆိုပါက မဂ်တု ဖိုလ်တုမျှသာ ဖြစ်ခြင်းကို အထူးစွဲမြဲစွာ သိရှိထားစေလို၏။

●

နိဗ္ဗာန်ကို မျက်မှောက်ပြုရာ၌ လွယ်ကူစေရန် ဥပသမာနုဿတိဘာဝနာကို ပွားများ အားထုတ်ပါ။ ဥပသမာနုဿတိဘာဝနာကို လေ့ကျင့် ပွားများခြင်းသည် သာမန် အကျိုးအာနိသင်းကို ရရှိသည်မဟုတ်၊ ဒါန သီလတို့ထက် မြတ်၏။ သမထဘာဝနာ ၄၀-တွင် ပါဝင်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရာ၌ လွန်ကျူးစွာ အကူအညီ အထောက်အပံ့ကို ပြု၏။ ။ စာမျက်နှာ ၁၂၆-နှင့် ၁၂၇-တို့ကို သဘောပေါက်ရန် ထပ်ကာ ထပ်ကာ ဖတ်ရှုတော်မူကြပါလေ။

●

နိဗ္ဗာန်အတွက် သိမှတ်စရာ

နိဗ္ဗာန်သည် နာမ်တရား ဖြစ်ခြင်းကို စာမျက်နှာ ၁၅၁-၌ ဖော်ပြထားခဲ့ပြီ။

●

သုတ်သီလကွန်ပါဠိတော် ကေဝဋ္ဋသုတ် စာမျက်နှာ ၂၁၃၊ အပိုဒ် ၄၉၉ ၌-

ဝိညာဏံ အနိဒဿနံ၊
အနန္တံ သဗ္ဗတောပဘံ။
ဧတ္ထ အာပေါ စ ပထဝီ၊
တေဇော ဝါယော န ဂါဓတိ။
ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊
အဏုံ ထူလံ သုဘာသုဘံ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊
အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊
ဧတ္ထေတံ ဥပရုဇ္ဈတိတိ။

မျက်စိဖြင့် မမြင်ကောင်းသော (ဥပါဒိဌိဘင်) အပိုင်းအခြားမရှိသော ထက်ဝန်းကျင် ဆိပ်ကမ်းရှိသော ဉာဏ်အထူးဖြင့် သိအပ်သော နိဗ္ဗာန်သည်ရှိ၏။

နိဗ္ဗာန်၌ ရေ မြေ မီး လေသည် မတည်ပေ၊ ဤနိဗ္ဗာန်၌ အရှည်အတို အငယ်အကြီး အကောင်းအဆိုးသည် မရှိပေ။ ဤနိဗ္ဗာန်၌ နာမ်နှင့်ရူပ်သည် အကြွင်းမဲ့ချုပ်ပေ၏။ ဤနိဗ္ဗာန်၌ ဝိညာဏ်၏ ချုပ်ခြင်းကြောင့် ဤနာမ်နှင့်ရူပ်သည် ချုပ်ပေ၏ဟု မိန့်တော်မူ၏။ ။ ဤသို့ ဟောတော်မူခြင်းကြောင့် **နိဗ္ဗာန်၌ ရူပ်ထူး နာမ်ထူး ပုဂ္ဂိုလ်ထူး မရှိခြင်းကို ကောင်းစွာ သိအပ်လေသည်။**

မှတ်ချက် - ဤကျမ်းငယ်သည် သင်တန်း တက်သူတို့ စာကူးခြင်းဖြင့် အချိန်မကုန်စေရန် ကျမ်းအကိုးအကား ရရှိစေရန်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းရင်းကို ဆက်လက်ဖတ်ရှုတော်မူကြပါလေ။

●

http://www.dhammadownload.com

သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဒေဝတာသံယုတ် သတ္တိဝဂ်၊ သရသုတ်၊ စာမျက်နှာ ၁၅၊ အပိုဒ် ၂၃ ၌-

ကုတော သရာ နိဝတ္တန္တိ၊
ကတ္ထ ဝဋ္ဋံ နိ ဝတ္တတိ။
ကတ္ထ နာမဉ္စ ရူပဉ္စ၊
အသေသံ ဥပရုဇ္ဈတီတိ။

သံသရာအိုင်တို့သည် အဘယ်အရပ်မှ ဆုတ်နစ်ကုန်သနည်း၊ ဝဋ်ဆင်းရဲသည် အဘယ်အရပ်၌ မဖြစ်သနည်း၊ **နာမ်သည်လည်းကောင်း၊ ရူပ်သည်လည်းကောင်း အဘယ်အရပ်၌** အကြွင်းမဲ့ချုပ်သနည်းဟု မေးလျှောက်၏။ ။ အဖြေကို စာမျက်နှာ ၁၂၃-၌ "ယတ္ထ အာပေါစ ပထဝီ" စသည်ဖြင့် မြန်မာပြန် ဖော်ပြထား၏။

●

ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ခန္ဓသံယုတ်၊ ဥပယဝဂ် အနတ္တ လက္ခဏသုတ်၌လည်းကောင်း၊ ဝိနည်းမဟာဝါပါဠိတော်၊ မဟာခန္ဓက၊ ပဉ္စဝဂ္ဂိယကထာ၊ အပိုဒ် ၂၃-၌လည်းကောင်း၊ နိဒါနဝဂ္ဂသံယုတ် ပါဠိတော် နိဒါနသံယုတ် မဟာဝဂ်၊ သုသိမသုတ်၌လည်းကောင်း လာရှိသည်မှာ-

ဧဝံ ပဿ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံ ပိ နိဗ္ဗိန္ဒတိ။ ဝေဒနာယ ပိ နိဗ္ဗိန္ဒတိ၊ သညာယ ပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသု ပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံ ပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ၊ ဝုသိတံ ပြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

ရဟန်းတို့၊ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ရူပ်၌လည်း ငြီးငွေ့၏။ ဝေဒနာ၌လည်း ငြီးငွေ့၏။ သညာ၌လည်း ငြီးငွေ့၏။ သင်္ခါရာတို့၌လည်း ငြီးငွေ့၏။ ဝိညာဏ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် စွဲမက်မှု ကင်း၏။ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သော် ကိလေသာမှ လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်ပေါ်၏။ (ခီဏာ ဇာတိ) ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှာ တစ်ပါးသော ပြုဖွယ် မရှိတော့ပြီဟု သိရ၏ဟု ဟောတော်မူ၏။

ဤပါဠိတော်တို့ကို ထောက်ဆသောအားဖြင့်လည်းကောင်း၊ ထိုမှတစ်ပါး ကျန်ရှိသေးသော ပါဠိတော်အရပ်ရပ်တို့ကို ထောက်ဆသောအားဖြင့်လည်းကောင်း၊ နိဗ္ဗာန်၌ ပုဂ္ဂိုလ်ထူး ရုပ်ထူး နာမ်ထူး မရှိခြင်းကို ကောင်းစွာ သိအပ်လေပြီ။

●

ပညတ်နှင့်ပရမတ်

ဝိပဿနာဘာဝနာ ပွားရာ၌ ပညတ်ကို အာရုံမပြုရ၊ ပရမတ္ထဓမ္မသဘာဝကိုသာလျှင် အာရုံပြုရ၏။ ထို့ကြောင့် ပညတ်နှင့်ပရမတ် ကွဲရမည်ဆိုသည်ကို ဝိပဿနာနယ်တွင် ကြားဖူးသူများကြ၏။ သို့ရာတွင် အလိုရှိအပ်သော အနက်အဓိပ္ပါယ်ကို တိကျမှန်ကန်စွာ အချို့ မသိကြချေ။

ပညတ်၊ ပရမတ် သဘော အနက်အဓိပ္ပါယ်နှင့် သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာ သဘော အနက်အဓိပ္ပါယ်တို့မှာ တူသည်ဟု အချို့ထင်မှတ်ကြ၏။ အမှန်စင်စစ်သော်ကား မတူကြချေ။ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့၏ အနက်အဓိပ္ပါယ်မှာ-

သမုတိသစ္စာ

(သမုတ်ရှိ)

လူ နတ် ပြဟ္မာ သတ္တဝါ
ထမင်း ဟင်း ကွမ်း
ဆေး စက္ကူ ခဲတံ
စသည်တို့ဖြစ်၏။

http://www.dhammadownload.com

ပရမတ္ထသစ္စာ
(အဟုတ်ရှိ)

စိတ် စေတသိက် ရူပ် နိဗ္ဗာန်
ပထဝီ အာပေါ တေဇော
ဝါယော ဖဿ ဝေဒနာ
စသည်တို့ဖြစ်၏။

သမုတ်ရှိနှင့်အဟုတ်ရှိတို့မှာ- သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာများ ဖြစ်ကြ၏။ ပညတ်နှင့်ပရမတ် ကွဲရမည်ဆိုသည်မှာ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့မှ တစ်ဆင့်တက်ရန်ဖြစ်၏။

လူ နတ် ဗြဟ္မာ စက္ကူ ခဲတံ စသော သမုတ်ရှိတို့မှာ အဝိဇ္ဇမာနပညတ်များ ဖြစ်၍၊ စိတ် စေတသိက် ဖဿ ဝေဒနာ စသော အဟုတ်ရှိတို့မှာ ဝိဇ္ဇမာနပညတ်များဖြစ်ကြ၏။ ထို့ကြောင့် သမုတ်ရှိနှင့် အဟုတ်ရှိ ၂-ပါးစလုံးတို့မှာ ပညတ်မျှသာ ဖြစ်ခြင်းကို သိအပ်လေပြီ။ ။ နာမပညတ်နှင့် ပရမတ္ထဓမ္မသဘာဝ မတူခြင်းကို ဆိုဦးအံ့။ ။

ဗုဒ္ဓစနေ အနုပ္ပန္နေ၊
ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဝဓမ္မာနံ၊
နာမမတ္တံ နနာယတိ။

(ဤကျမ်း စာမျက်နှာ ၁၁၉)။ ။ ဤတွင် သိရှိရန်မှာ ပရမတ္ထဓာတ်သဘာဝတို့ကို သိရှိနိုင်ရန်ကို မဆိုထားဘိ၊ ထိုထိုသော ပရမတ္ထဓာတ်သဘာဝတို့၏ နာမည်မျှကိုပင် မသိ မထင်နိုင်ဟု ဟောတော်မူခြင်းဖြစ်၏။ ထို့ကြောင့် နာမည်ပညတ်နှင့် ဓာတ်သဘာဝတို့မှာ မတူကြခြင်းကို သိရပေမည်။

ဝိပဿနာ ပွားများရာ၌ အဘယ့်ကြောင့် နာမည်ပညတ်ကို အာရုံမပြုရခြင်းကို ပို၍ထင်ရှားစေရန်မှာ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဒေဝတာသံယုတ်၊ ဆေတွာဝဂ်၊ နဇီရတိသုတ်၌-

ကိ ဇီရတိ ကိ နဇီရတိ၊
ရူပံ ဇီရတိ မစ္စာနံ၊
နာမဂေါတ္တံ နဇီရတိ။

မြန်မာပြန် စာမျက်နှာ ၃၉။ ။ အဘယ်အရာသည် ဆွေးမြည့်ပါသနည်း၊ အဘယ်အရာသည် မဆွေးမြည့်ပါသနည်း။ သတ္တဝါတို့၏ရူပ်သည် ဆွေးမြည့်တတ်၏။ အမည်အနွယ်သည် မဆွေးမြည့်တတ်ဟု မိန့်တော်မူ၏။

ထို့ကြောင့် နာမည်ပညတ်ကို ထွင်းဖောက်လျက် ဓာတ်သဘာဝကို အာရုံပြုရ၏။ ဓာတ်သဘာဝသာလျှင် ပျက်၍ နာမည်မပျက်။

●

ရှင်းဦးအံ့-

သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ
Appearance And Reality.
မျက်နှာပြင်အောက်သို့ကြည့်ပါ။
Look Beneath The Surface.

"ပထဝီဓာတု" ယခု ဖတ်ရှုရသော "ပထဝီဓာတု"မှာ ဓမ္မသဘာဝဓာတ်သားမဟုတ်၊ စာလုံးကလေးများ စုပေါင်းထားသော အကျဉ်ရာပညတ် "ပထဝီဓာတု"မျှသာ ဖြစ်၏။ ပါးစပ်က ပြောသဖြင့် ကြားရသော "ပထဝီဓာတု"မှာ ဓမ္မသဘာဝဓာတ်သား မဟုတ်၊ အသံထွက် သဒ္ဒပညတ် "ပထဝီဓာတု"မျှသာ ဖြစ်၏။

ဓမ္မသဘာဝဖြစ်သော "ပထဝီဓာတု"မှာ လူတို့၏မျက်စိဖြင့် သိမြင်၍မရ၊ ပညာမျက်စိရှိသူတို့သာ သိမြင်နိုင်၏။ လူတို့၏မျက်စိဖြင့် သိမြင်၍ရ၏။ လက်ဖြင့် ကိုင်တွယ် တွေ့ထိ၍ ရ၏ဟုဆိုလျှင် အဝိဇ္ဇမာနပညတ်နှင့် ဝိဇ္ဇမာနပညတ် တစ်ပါးပါးသာ ဖြစ်ရာ၏။ ဓမ္မသဘာဝမျှသာ ဖြစ်သော "ပထဝီဓာတု"ကား မဟုတ်ချေ။

ထို့ကြောင့် ခန္ဓာငါးပါး စသည်တို့၌ လက္ခဏာရေးသုံးပါးတင်ကာ ပွားများ အားထုတ်သော် **ဝိပဿနာ၏ အာရုံဘူမိမှန်ပါမှ** (ဝါ) နာမည်ပညတ်ကို အာရုံမပြုဘဲ ပရမတ္ထဓမ္မသဘာဝကို အာရုံပြုမှသာလျှင် အလိုရှိအပ်သောမဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိနိုင်လေသည်။ ဤကား ပညတ်နှင့် ပရမတ်ကွဲရသော အကျိုးကျေးဇူးကြီးပေတည်း။

●

http://www.dhammadownload.com

စိတ် တစ်လုံး တစ်လုံး၏ သတ္တိ

စိတ်ကို စောင့်ရှောက်ရာ၏

အခါတစ်ပါးခ်ဲ့ ရဟန်းတစ်ပါးသည် ဥပလ္လာယ် ဆရာတော်၏ ပြောဟောအပ်သော သုတ်ဝိနည်း အဘိဓမ္မာ၌ လာရှိသော စောင့်ထိန်းစရာ ကျင့်စဉ်များကို နာကြားရသောအခါ သာသနာတော်၌ လိုက်နာ ဆောင်ရွက်ရန် ပြုဖွယ်ကိစ္စ များလှ၏။ နေနိုင်စရာမရှိ၊ လူထွက်အံ့ဟု ဗုဒ္ဓမြတ်စွာအား လျှောက်ထားရာ ဗုဒ္ဓမြတ်စွာက-

စိတ္တံ ရက္ခေထ မေဓာဝီ၊
စိတ္တံ ဂုတ္တံ သုခါ ဝဟ၊

စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ လုံခြုံစွာ စောင့်ရှောက်အပ်သော စိတ်သည် ချမ်းသာကို ဆောင်၏ဟု ဓမ္မပဒပါဠိတော် စိတ္တ ဝဂ်၌ ဟောတော်မူ၏။

ဤ၌ သိအပ်သော အနက်အဓိပ္ပါယ်မှာ ပြုကျင့်ဖွယ်ကိစ္စ များသည်ဖြစ်အံ့၊ စိတ်တစ်ခုကိုသာ နိုင်အောင် ထိန်းသိမ်း စောင့်ရှောက်လော့ဟု မိန့်တော်မူခြင်းဖြစ်၏။

စိတ် ၈၉

စိတ္တကွဏ တစ်ချက်မျှသာ အသက်ရှင်ခြင်း

အထက်ပါ ဇယားပုံမှာ ဓမ္မသဘာဝ စိတ္တ	ကာမာဝစရစိတ်	၅၄
နိယာမအားဖြင့် အခါအားလျော်စွာ ဖြစ်ပေါ်	ရူပါဝစရစိတ်	၁၅
လာသော စိတ်တို့မှာ အကျဉ်းအရေအတွက်	အရူပါဝစရစိတ်	၁၂
အားဖြင့် ၈၉-ပါး ရှိခြင်းကို သိစေလိုခြင်းဖြစ်	လောကုတ္တရာစိတ်	၈
၏။		၈၉

http://www.dhammadownload.com

ထို ၈၉-မျိုးသော စိတ်တို့သည် တစ်မျိုးနှင့် တစ်မျိုး တစ်ပါးနှင့်တစ်ပါး မတူကြချေ။ လွန်စွာ ကွဲပြားခြားနားလျက် အခါအားလျော်စွာ ဖြစ်ပေါ် ချုပ်ပျောက်ရ၏။

ထိုမှတစ်ပါး စွဲမြဲစွာ သိရှိထားရမည်မှာ စိတ် ၈၉-ပါးတို့တွင် တစ်ပါးဖြစ်ပေါ်လာသော အချိန်၌ ကျန် ၈၈-ပါးတို့သည် တစ်ပါးမျှ ဖြစ်ပေါ်၍ မလာနိုင်၊ တစ်နေရာရာတွင်လည်း ဂေါ်လီလုံး များကဲ့သို့ စုပုံ၍ နေသည်လည်းမဟုတ်၊ လုံးဝ ချုပ်ပျောက်လျက်ရှိ၏။ ။ ထို့ကြောင့် သုတ်သီ လက္ခန် အဋ္ဌကထာ ပြဟ္မဇာလသုတ်၌-

ဒ္ဒိန္ဒ္ဓ စိတ္တာနံ ဇကက္ခဏေ ပဝတ္တိ နာမ နတ္ထိ။

စိတ်သည် တစ်ချိန်တည်းတွင် ၂-လုံး ဖြစ်ပေါ်သည်မရှိဟု အဋ္ဌကထာဆရာ ဖွင့်ဆိုတော်မူ၏။ (စာမျက်နှာ ၁၀၃-ကြည့်ရန်)။

ထိုမှတစ်ပါး ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယတွဲ ကခ်ီဝိတရဏဝိသုဒ္ဓိပါဠိ စာမျက်နှာ ၂၃၉ ၌-

ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊
ပစ္ဆိမံ ဇာယတေ တတော။

ရှေ့ဖြစ်သော စိတ်သည် ပျက်စီး၏။ ထိုသို့ ရှေ့စိတ် ပျက်စီးသည်၏ အခြားမဲ့၌ နောက်စိတ်သည် ဖြစ်ပေါ်၏။

စုလ္လာသိတိ သဟဿာနိ၊
ကပ္ပံ တိဋ္ဌန္တိ ယေ မရူ။
နတ္ထေ ဝေ ဝေပိ ဇီဝန္တိ၊
ဒ္ဒိဟိ စိတ္တေဟိ သံယုတာ။

အကြင်နတ်ပြဟ္မာတို့သည် ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင်ပတ်လုံး တည်ကုန်၏။ ထိုနေ၀သညာ နာသညာယတန နတ်ပြဟ္မာတို့သည်လည်း ဤသို့ ရှည်ကြာစွာ အသက်ရှင်ကုန်သော်လည်း စိတ္တက္ခဏ နှစ်ချက်တို့နှင့်တကွ ဖြစ်ကုန်၍ မတည်နိုင်ကုန်ဟု ဟောတော်မူ၏။

ဤ၌ အလိုရှိအပ်သော အနက်အဓိပ္ပါယ်ကို ထင်ရှားစွာ သိစေလိုသည်မှာ သမ္မုတိသစ္စာအားဖြင့် သူသည် အသက်ငါးဆယ်၊ တစ်ရာ အသက်ရှင်သည်ဟု ဆိုရသော်လည်း ပရမတ္ထသစ္စာအားဖြင့် လူ၏အသက်သည်လည်းကောင်း၊ နတ်ပြဟ္မာတို့၏အသက်သည်လည်းကောင်း ကြာရှည်စွာ နေသည်မဟုတ်၊ စိတ်နှစ်လုံး ဆက်လက်အသက်ရှင်နေသည်မဟုတ်။

စိတ်သည် ပရမတ္ထဓမ္မသဘာ၀အားဖြင့် တစ်လုံးချင်း တစ်လုံးချင်း ဖြစ်ပေါ်လာပြီးလျှင် ဥပါဒ်၊ ဌိ၊ ဘင်အားဖြင့် တစ်ခဏချင်း ချုပ်ပျောက်သွားရသည်ကို ယောဂီသည် အစဉ်အမြဲ သတိရှိနေရ၏။ ။ ဤကား ငါမဟုတ်၊ အတ္တမဟုတ်၊ အနတ္တဓမ္မသဘာ၀တစ်ရပ်ပေတည်း။

ယင်းသို့လျှင် စိတ်တစ်လုံး၏ တစ်ခဏချင်း ဖြစ်ပေါ်ချုပ်ပျောက်မှုကို သိလျှင် စိတ္တာနုပဿနာ အတွက် ဝိညာဏက္ခန္ဓာ၌ လက္ခဏာရေးသုံးပါး တင်ကာ ဝိပဿနာပွားများရန် အထူးလွယ်ကူလာလေပြီ။

အကုသိုလ်မှ ကုသိုလ်စိတ်သို့

ထိုမှတစ်ပါး လွယ်ကူစွာဖြင့် ကြီးမားသော အကျိုးကျေးဇူး ရရှိခြင်းကို ဆက်ဦးအံ့။ ။ စိတ် ၈၉-လုံး ရှိသည့်အနက် ဇယားတွင် မြှားပြထားသော စိတ် ၁၂-လုံးမှာ လောဘ ဒေါသ မောဟ စိတ်များဖြစ်ကြ၏။ ကျန်မြှားပြထားသော စိတ် ၈-လုံးမှာ မဟာကုသိုလ်စိတ်များ ဖြစ်ကြ၏။ အိပ်သည့်အချိန်ကို ချန်ထား၍ ကျန်အချိန်များ၌ ကုသိုလ်စိတ် ၈-လုံးတွင် တစ်လုံးလုံးဖြစ်နေရ၏။

ယင်းသို့ ကုသိုလ်စိတ်တစ်လုံးလုံး ဖြစ်၍မနေလျှင် အကုသိုလ်စိတ် ၁၂-လုံးတွင် တစ်လုံးလုံး ဖြစ်၍နေ၏။ အကုသိုလ်စိတ်ဖြစ်သော် အပါယ်လေးပါးသို့ ကျရောက်နိုင်၍ မဟာကုသိုလ်စိတ် ဖြစ်သော် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိနိုင်၏။ အနည်းဆုံး သောတာပန်ဖြစ်သော် အပါယ်လေးပါး တံခါးကို ကောင်းစွာပိတ်စေနိုင်တော့၏။ (ဝိပဿနာပွားများနေခြင်းကို ဆိုလိုသည်)။

http://www.dhammadownload.com

မဟာသတိပဋ္ဌာန်ဒေသနာတော် စိတ္တာနုပဿနာခန်း၌-

သရာဂ ဝါ စိတ္တं သရာဂ စိတ္တန္တိ ပဇာနာတိ၊ သဒေါသ ဝါ စိတ္တံ သဒေါသ စိတ္တန္တိ ပဇာနာတိ၊ သမောဟ ဝါ စိတ္တံ သမောဟ စိတ္တန္တိ ပဇာနာတိ စသည်တို့ဖြင့် လာရှိ၏။

တပ်မက်ခြင်းရာဂနှင့်တကွမူလည်း ဖြစ်သော စိတ်ကို ရာဂနှင့်တကွဖြစ်သောစိတ်ဟူ၍ (အပြားအားဖြင့်) ကွဲပြားခြားနားစွာသိ၏။ ဒေါသနှင့်တကွမူလည်း ဖြစ်သောစိတ်ကို ဒေါသနှင့်တကွဖြစ်သောစိတ်ဟူ၍ ကွဲပြားခြားနားစွာ သိ၏။ မောဟနှင့်တကွမူလည်း ဖြစ်သောစိတ်ကို မောဟနှင့်တကွဖြစ်သောစိတ်ဟူ၍ ကွဲပြားခြားနားစွာ သိ၏။ (ပဇာနာတိ ဆိုသည်မှာ သဠာနာတိ မဟုတ်၊ ဇာနာတိ မဟုတ်)။

ဤပါဠိတော်သည် သာမန်မဟုတ်၊ လွန်စွာ လေးနက်သော အနက်အဓိပ္ပါယ်ရှိ၏။ သဘောပေါက်သွားပါက ကြီးမားသော အကျိုးအာနိသင်ကို ရရှိနိုင်၏။

ဥပမာဆိုသော် ရာဂစိတ် (ဝါ) လောဘစိတ် ဖြစ်ပေါ်လာသောအခါ "သြော်. . လောဘစိတ်" ဖြစ်ပေါ်လာချေပြီတကားဟု သိလိုက်သောစိတ်၊ ဆင်ခြင်လိုက်သောစိတ် ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် (ရာဂစိတ်) လောဘစိတ်သည် ချုပ်ပျောက်သွားတော့၏။ (ပုရိမ် ဘိဇ္ဇတေ စိတ္တံ၊ ပစ္ဆိမ် ဇာယတေ တတောအရ ဖြစ်၏)။

တစ်ဖန် လောဘစိတ်သည် ချုပ်ပျောက်သွားခြင်းကြောင့် ထိုချုပ်ပျောက်သွားသော လောဘစိတ်၌ လက္ခဏာရေးသုံးပါးတင်ကာ ဝိပဿနာဘာဝနာကို ပွားများ အားထုတ်လိုက်သည်ရှိသော် အပါယ်လေးပါးသို့ ကျရောက်မည့် ဘေးမှ လွတ်ကင်းရုံမျှမက ဒါန သီလ သမထ တို့ထက် မြတ်သော ဝိပဿနာကုသိုလ်ကြီးကို ရရှိလိုက်ခြင်းဖြစ်၏။

ထို့ကြောင့် ပဋ္ဌာန်းပါဠိတော်၊ ပဉ္စဝါရ စာ-မျက်နှာ ၁၃၄၊ အပိုဒ် ၄၀၈ ၌-

အကုသလော ဓမ္မော ကုလသသ ဓမ္မသ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

အကုသိုလ်ဖြစ်သော တရားသည် ကုသိုလ်ဖြစ်သောတရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်သည်ဖြစ်၏။ သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အကုသိုလ်ကို အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တဟူ၍လည်းကောင်း ဝိပဿနာ ရှုကုန်၏။

ဤပဋ္ဌာန်းဒေသနာတော်အရ အပါယ်လေးပါးသို့ ကျရောက်စေနိုင်သော အကုသိုလ်မှ ဒါန သီလ သမထတို့ထက် မြတ်သော မဟာကုသိုလ် ဖြစ်နိုင်ခြင်းကို သိရှိတော်မူကြပြီးလျှင် အကယ်၍ အကုသိုလ်စိတ် ဖြစ်ပေါ်လာလျှင် တစ်ခဏချင်း ကုသိုလ်စိတ် ဖြစ်ပေါ်လာစေရန် အထက်ပါနည်းအတိုင်း ဆင်ခြင် ပွားများ အားထုတ်တော်မူကြရန် အထူး တိုက်တွန်း နှိုးဆော်ခဲ့ပါသည် သူတော်ကောင်းအပေါင်းတို့။

●

စိတ်မှ ဓမ္မာငါးပါးသို့ ဝိပဿနာတက်ပုံ

ဤတွင် ဆက်၍သိရှိရဦးမည်မှာ- ပဋ္ဌဝေါ ကာရဘုံ၌ တစ်မက်တစ်ဖိုလ်ကို အလိုရှိ၍ ကြိုးစား အားထုတ်နေသော စိတ်သည် တည်စရာ ဟယဒဝတ္ထုရုပ် ရှိရ၏။ ထို့ကြောင့် ပဋ္ဌာန်းပါဠိတော်၊ ပစ္စယနိဒ္ဒေသ၊ စာမျက်နှာ ၅၂ အပိုဒ် ၈ ၌-

ယံ ရူပံ နိဿာယ မနောဓာတု စ မနော ဝိညာဏ ဓာတု စ ဝတ္တန္တိ။ ။ အကြင် ဟဒယ ဝတ္ထုရုပ်ကိုအမှီပြု၍ မနောဓာတ်သည်လည်းကောင်း၊ မနောဝိညာဏဓာတ်သည်လည်းကောင်း ဖြစ်ကုန်၏။

ထိုမှတစ်ပါး လက်သန်းအဌကထာ၊ ရုပ်ပိုင်း အပိုဒ် ၃၀ ၌-

http://www.dhammadownload.com

ကမ္မသမုဋ္ဌာနရူပ် ပဋိသန္ဓိမုပါဒါယ ခဏော ခဏော သမုဋ္ဌာပေတိ။ ။ ကံကြောင့်ဖြစ်သော ရူပ်ကို ပဋိသန္ဓေစိတ်၏ ဥပါဒ်မှအစပြု၍ စိတ်ဖြစ်တိုင်း ခဏတိုင်းခဏတိုင်း၌ ဖြစ်စေ၏ဟုလာရှိ၏။

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် အစ ပဋိစ္စသမုပ္ပါဒသုတ် စာမျက်နှာ ၂၄၃ ၌-

အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏ်၊ ဝိညာဏပစ္စယာ နာမရူပ်. . ။

မြန်မာပြန် စာမျက်နှာ ၂၂၇။ ။ ရဟန်းတို့ မသိမှု "အဝိဇ္ဇာ"အကြောင်းခံကြောင့် ပြုစီရင်မှု "သင်္ခါရ"တို့ ဖြစ်ရကုန်၏။ ပြုစီရင်မှု "သင်္ခါရ" အကြောင်းခံကြောင့် "သိမှု"ဝိညာဏ် ဖြစ်ရ၏။ သိမှု"ဝိညာဏ်"အကြောင်းခံကြောင့် "နာမ်ရူပ်" ဖြစ်ရ၏။ ။ ဤ၌ "ဝိညာဏ်မှ ရူပ်"ဖြစ်ခြင်းကို သိစေလို၏။

ဂင်းပြင် စိတ်ကို အစွဲပြု၍ ရူပ်ဖြစ်ပေါ်ပုံကို ပဋ္ဌာန်းပါဠိတော် ၁-ကုသလတ္တိက၊ ၁-ပဋိစ္စဝါရ စာမျက်နှာ ၁၉ ၌-

ကေ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပ်၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဥ္စ ရူပ်၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပ်။

(နာမ်ခန္ဓာ)တစ်ပါးသောခန္ဓာကိုစွဲ၍ သုံးပါးကုန်သော ခန္ဓာတို့သည်လည်းကောင်း၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော စိတ္တဇရူပ်သည်လည်းကောင်း ဖြစ်၏။ သုံးပါးကုန်သော ခန္ဓာတို့ကိုစွဲ၍ တစ်ပါးသော ခန္ဓာသည်လည်းကောင်း၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော စိတ္တဇရူပ်သည်လည်းကောင်း ဖြစ်၏။ နှစ်ပါးကုန်သောခန္ဓာတို့ကိုစွဲ၍ နှစ်ပါးကုန်သော ခန္ဓာတို့သည်လည်းကောင်း၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော စိတ္တဇရူပ်သည်လည်းကောင်း ဖြစ်၏။ (နာမ်ခန္ဓာ ၄-ပါးတို့သည် အတူတကွ ဖြစ်ခြင်း စာမျက်နှာ ၇၈၊ စတ္တာရော ခန္ဓာ အရူပိနော)။

ဤသို့ ကျမ်းအကိုးအကားများကို ဖော်ပြရခြင်း၏အကြောင်းရင်းမှာ (နာမ်ခန္ဓာ)စိတ်တစ်လုံးဖြစ်ပေါ်လာရာ၌ ရူပကွန္ဓာ၊ ဝေဒနာကွန္ဓာ၊ သညာကွန္ဓာ၊ သင်္ခါရကွန္ဓာ၊ ဝိညာဏာကွန္ဓာ၊ ငါးပါးသော ခန္ဓာရရှိခြင်းကို ထင်ရှားစွာ သိစေလိုခြင်းဖြစ်၏။

ဤ ခန္ဓာငါးပါး ပရမတ္ထ ဓမ္မသဘာဝကို ဝိပဿနာ ပညာမျက်စိ ရှိသူတို့သာ သိမြင်နိုင်၏။ ဂင်းခန္ဓာငါးပါး ပရမတ္ထ ဓမ္မသဘာဝ၏ အနက် အဓိပ္ပါယ်မှာ လူနတ်ပြဟ္မာ သတ္တဝါမဟုတ်၊ ပုံပန်းသဏ္ဌာန်မရှိ၊ ငါမရှိ၊ အတ္တမရှိ၊ အနှစ်သာရမရှိ၊ အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာရသော အနတ္တဓမ္မသဘာဝ အကျိုးတရားမျှသာဖြစ်၏။

တစ်နည်းဆိုသော် အနတ္တဓမ္မသဘာဝ ဟူသည်ကား-

၁။ အသာရကဋ္ဌေန အနတ္တာ။
၂။ အသာမိကဋ္ဌေန အနတ္တာ။
၃။ အဝသဝတ္တနဋ္ဌေန အနတ္တာ။
၄။ နိဗ္ဗာပါရဋ္ဌေန အနတ္တာ။

၁- အနှစ်သာရမရှိခြင်းကြောင့် အနတ္တာ၊ ၂-ပိုင်ဆိုင်သူမရှိခြင်းကြောင့် အနတ္တာ၊ ၃-အလိုသို့ မလိုက်ခြင်းကြောင့် အနတ္တာ၊ ၄-ဖြစ်ပါစေဟု ကြောင့်ကြမစိုက်ခြင်းကြောင့် အနတ္တာ။

ဤသို့လျှင် အနတ္တဓမ္မသဘာဝမျှသာဖြစ်သော စိတ်တစ်လုံး၏ အရည်အချင်းသတ္တိကို ကောင်းစွာ သိအပ်လေသည်။

ထိုစိတ်သည် ငါမဟုတ်၊ သူမဟုတ်၊ အတ္တမဟုတ်၊ အနှစ်သာရမရှိ ပိုင်ဆိုင်သူမရှိ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာရသော အနတ္တဓမ္မသဘာဝ အကျိုးတရားမျှသာ ဖြစ်၏။

ထိုအတူ ခန္ဓာငါးပါးသည်လည်း ငါမဟုတ်၊ သူမဟုတ်၊ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်၊ လူနတ် ပြဟ္မာ သတ္တဝါမဟုတ်၊ အတ္တမဟုတ်၊ အနှစ်သာရမရှိ ပိုင်ဆိုင်သူမရှိ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာရသော အနတ္တဓမ္မသဘာဝ အကျိုးတရားမျှသာ ဖြစ်လေသည်။

ဤဓမ္မသဘာဝမျှသာဖြစ်သော၊ ပညာမျက်စိဖြင့်သာ မြင်အပ်သော၊ ပိုင်ဆိုင်သူမရှိသော၊ ဒုက္ခ

http://www.dhammadownload.com

အတိမ္ဗသာဖြစ်သော၊ ခန္ဓာငါးပါး၌ စာမျက်နှာ ၆၃-တွင် ဖော်ပြထားသည့်အတိုင်း လက္ခဏာရေး သုံးပါးတင်ကာ ဝိပဿနာဘာဝနာကို ပွားများ အားထုတ်တော်မူကြရပါသည်။

●

သာသနာတော်ကြီး သန့်ရှင်းစွာတည်ရှိရေး

အရှင်မဟာကဿပ မေးလျှောက်တော်မူခြင်း

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ကဿပသံယုတ် စာမျက်နှာ ၄၂၂။ အပိုဒ် ၁၅၆၊ မြန်မာပြန် စာမျက်နှာ ၄၁၁။

အရှင်မဟာကဿပ မေးလျှောက်တော်မူခြင်းကို ဗုဒ္ဓမြတ်စွာ ဖြေဆိုတော်မူသည်မှာ ကဿပ၊ အတုအယောင်များ ဖြစ်ပေါ်လာသော် သာသနာတော်မြတ်ကြီး ကွယ်လတ္တံ့ဟု ဖြေဆိုတော်မူ၏။

ပါဠိတော်များတွင် သူတစ်ပါး၏ အပြစ်ကို မပြောရ၊ သူတစ်ပါးကို မကဲ့ရဲ့ရ၊ တိရစ္ဆာနကထာကို မပြောရ၊ မိမိ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရေးကိုသာ ကြိုးစား အားထုတ်ရမည်ဟု အကြိမ်များစွာ မိန့်တော်မူ၏။

ယင်းသို့ မိန့်တော်မူသော်လည်း သာသနာတော်ကြီး သန့်ရှင်းစွာ တည်တံ့ရေးအတွက် အတုအယောင်များကို ကဲ့ရဲ့ ဖိနှိပ်ရမည် ဟူသော သဘော အနက်အဓိပ္ပါယ်ကို ထိုထိုသော ပါဠိတော်များ၌ များစွာ မိန့်တော်မူခဲ့၏။

ထိုသို့ မိန့်တော်မူချက်များ ပါရှိသော ကျမ်းပေါင်းများစွာကို ဖတ်ပြ၊ ရှင်းလင်းပေးလိုသော်လည်း အချိန်မရခြင်းကြောင့် မိမိတို့ကိုယ်တိုင် ကျမ်းရင်းများကို ဖတ်ရှုတော်မူနိုင်ရန် ကျမ်းရင်းအချို့ကို ဖော်ပြပေးခဲ့ပါဦးအုံ့။

၁။ ရဟန်းတို့ အနာဂတ်ဘေးတို့ကို ပယ်ရန် အားထုတ်ကြရမည်။ ။ အင်္ဂုတ္တိရ်ပါဠိတော် ပဉ္စကနိပါတ်၊ ယောဓာဇီဝဝဂ်၊ တတိယ အနာဂတဘယသုတ် စာမျက်နှာ ၉၃၊ အပိုဒ် ၇၉၊ မြန်မာပြန် စာမျက်နှာ ၁၁၃။

၂။ အတ္တဝါဒုပါဒါန်ကို ကောင်းစွာပြတတ်သော ဆရာကို ကြည်ညိုရမည်။ ။ မူလပဏ္ဏာသပါဠိတော် သီဟနာဒဝဂ်၊ စူဠသီဟနာဒသုတ် စာမျက်နှာ ၉၅၊ မြန်မာပြန် စာမျက်နှာ ၁၀၃။

၃။ မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေါ်လာသည်ရှိသော်။ ။ အင်္ဂုတ္တိရ်ပါဠိတော် ဧကကနိပါတ် စာမျက်နှာ ၃၄၊ အပိုဒ် ၃၀၈၊ မြန်မာပြန် စာမျက်နှာ ၄၄။

၄။ သမ္မာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေါ်လာသည်ရှိသော်။ ။ အင်္ဂုတ္တိရ်ပါဠိတော် ဧကကနိပါတ် စာမျက်နှာ ၃၅၊ အပိုဒ် ၃၀၉၊ မြန်မာပြန် ၄၄။

၅။ စကား ၆-ခွန်း လူ၌ထွန်း။ ။ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဂဟပတိဝဂ် စာမျက်နှာ ၅၇၊ ၅၈၊ မြန်မာပြန် စာမျက်နှာ ၆၂။ အောက်စာလေးကြောင်း။

၆။ မည်သည့်ပုဂ္ဂိုလ်က ဟောပြောသည် ဖြစ်စေ ပါဠိတော်များနှင့် စစ်ဆေးရမည်ဟု "မဟာပဒေသတရားလေးပါး" ကို ဟောတော်မူခဲ့၏။

http://www.dhammadownload.com

အင်္ဂုတ္တိရ် ပါဠိတော် စတုက္ကနိပါတ် သဠေါတနိယဝဂ် မဟာပဒေသသုတ် စာမျက်နှာ ၄၈၆၊ အပိုဒ် ၁၈၀၊ မြန်မာပြန် ၅၀၁။

သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ် စာမျက်နှာ ၁၀၂၊ အပိုဒ် ၁၈၇၊ မြန်မာပြန် စာမျက်နှာ ၁၁၉။ (ထို့ကြောင့် ကျွန်တော်ပြောဟောသည်တို့ကို ပါဠိတော်များနှင့် ကိုက် မကိုက် စစ်ဆေးတော်မူကြပြီး လျှင် ကိုက်လျှင် လက်ခံ၍ မကိုက်လျှင် ပယ်တော်မူကြပါလေ)။

၇။ မလိုက်စားအပ်သော အဂတိတရား လေးပါး။ ။ အင်္ဂုတ္တိရ် ပါဠိတော် စတုက္ကနိပါတ် စရဝဂ် စာမျက်နှာ ၃၂၅၊ အပိုဒ် ၁၇၊ မြန်မာပြန် စာမျက်နှာ ၃၄၁။

၈။ ပညာရှိ သူတော်ကောင်းသည် ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့၏။ ချီးမွမ်းထိုက်သူကို ချီးမွမ်း၏၊ အပြစ်မရှိသူဖြစ်၏။ ။ အင်္ဂုတ္တိရ် ဒုကနိပါတ် အာယာစနဝဂ် စာမျက်နှာ ၈၈၊ အပိုဒ် ၁၃၅၊ မြန်မာပြန် စာမျက်နှာ ၁၀၃။

၉။ အဓမ္မကို ဓမ္မဟု ပြ၏။ ဓမ္မကို အဓမ္မဟု ပြ၏။ ထိုသူသည် သာသနာကို ပျောက်ကွယ်စေသည် မည်၏။ ။ အင်္ဂုတ္တိရ်ပါဠိတော် ဧကကနိပါတ် စာမျက်နှာ ၁၈၊ အပိုဒ် ၁၃၀၊ ၁၃၁၊ မြန်မာပြန်စာမျက်နှာ ၂၅။

၁၀။ ဤသည်ကား မမှန်သောတရားတည်း။ ဤသည်ကား မှန်သောတရားတည်းဟု ပြကုန်၏။ ထိုသူသည် ချမ်းသာကို ကျင့်သည်မည်၏။ ။ **သာသနာတော်ကို တည်တံ့စေသည် မည်၏။**

အင်္ဂုတ္တိရ် ပါဠိတော်၊ ဧကကနိပါတ်၊ အဓမ္မဝဂ်၊ စာမျက်နှာ ၁၉၊ အပိုဒ် ၁၄၀-၁၄၁၊ မြန်မာပြန် စာမျက်နှာ ၂၆။

၁၁။ ဘုရား တရား သံဃာကို အပြစ်ပြောဆိုသော် ဖြေရှင်းရမည်။ ။ သုတ်သီလက္ခန်ပါဠိတော်၊ ဗြဟ္မဇာလသုတ်၊ စာမျက်နှာ ၃၊ အပိုဒ် ၅၊ မြန်မာပြန် စာမျက်နှာ ၃။

ယင်း အဋ္ဌကထာ၌ သင့်အားတိရစ္ဆာန်ဟုဆဲဆိုသော် သည်းခံရာ၏။ ဘုရား တရား သံဃာကို စွပ်စွဲသော် ဖြေရှင်းရာ၏ဟု ဖွင့်ဆိုတော်မူ၏။

၁၂။ သာရိပုတ္တရာ ဒေဝဒတ်နောက်သို့ လိုက်ပါသွားကုန်သော ရဟန်းတို့အား သင့်တို့သည် သနားခြင်းမဖြစ်လေစွတကား။

စူဠဝါပါဠိတော်၊ ၇-သံဃဘေဒ ကဏ္ဍန္ဓက၊ သံဃဘေဒကထာ၊ စာမျက်နှာ ၃၆၁၊ မြန်မာပြန် စာမျက်နှာ ၃၆၇။

၁၃။ သာရိပုတ္တရာ မောဂ္ဂလာန်တို့ သင်တို့သည် မျှားစွာသောရဟန်းတို့နှင့်အတူ သွား၍ အကျင့်ဆိုးရှိသော ရဟန်းတို့ကို ကီဋာဂိရိမှ နှင်ထုတ်ခြင်း အမှု "ပဇ္ဇာဇနီယကံ"ကို ပြုကြကုန်လော့ဟု မိန့်တော်မူ၏။

ပါရာဇိကဏ်ပါဠိတော်၊ သံဃာဒိသိသ်၊ စာမျက်နှာ ၂၇၈၊ မြန်မာပြန် စာမျက်နှာ ၂၉၅။

၁၄။ ရဟန်းတို့၊ သာသနာတော်မှ တစ်ပါးသောအယူရှိကြသည့် ထိုပရိဝိုဇ်တို့ကို အနာထပိဏ်သူဌေး ဖိနှိပ်ခြင်းကို ပြုဘိ

http://www.dhammadownload.com

သကဲ့သို့ ပြုကြရာ၏ဟု မိန့်တော်မူ၏။ ဆက်လျက် "ဝဇ္ဇီယမာဟိတ"သုတ်၌ လည်း မိန့်တော်မူ၏။

အဂုံတ္တိုရ်ပါဠိတော်၊ ဒသကနိပါတ်၊ ဥပါလိဝဂ်၊ စာမျက်နှာ ၄၀၆-၄၀၉၊ အပိုဒ် ၉၃-၉၄၊ မြန်မာပြန် စာမျက်နှာ ၃၉၉-၄၀၂။

၁၅။ မဟုတ်မမှန်သော တရားများဖြစ်ပါက ဆရာကိုလည်း ကဲ့ရဲ့အပ်၏။ တရားကိုလည်း ကဲ့ရဲ့အပ်၏။ တပည့်ကိုလည်း ကဲ့ရဲ့အပ်၏။

သုတ်ပါထေယျပါဠိတော်၊ ပါသာဒိကသုတ်၊ စာမျက်နှာ ၉၉၊ အပိုဒ် ၁၆၇၊ မြန်မာပြန်စာမျက်နှာ ၁၁၀။

၁၆။ မစင်ကြယ်သော ရဟန်းကို အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်သည် လက်မောင်းကို ကိုင်၍ အပြင်သို့ ဆွဲထုတ်တော်မူ၏။

ဥဒါန်းပါဠိတော်၊ သောဏဝဂ်၊ ဥပေါသထသုတ်၊ စာမျက်နှာ ၁၃၈၊ မြန်မာပြန် စာမျက်နှာ ၁၂၄။

၁၇။ ဖွားဖက်တော် အရှင်ဆန္ဒက ဤသို့ဆို၏။ ငါ့ရှင်တို့၊ အဘယ်ကြောင့် ငါ့ကို ပြောဆိုသင့်သည်ဟု ထင်မှတ်နေကြကုန်သနည်း၊ ငါကသာလျှင် သင်တို့အား ပြောဆိုရာ၏။

ပါရာဇိကဏ် ပါဠိတော်၊ သံဃာဒိသိသ် စာမျက်နှာ ၂၇၁၊ အပိုဒ် ၄၂၄၊ မြန်မာပြန် စာမျက်နှာ ၂၈၆။

အာနန္ဒာ၊ ငါကွယ်လွန်သောအခါ ဆန္ဒရဟန်းအား ပြဟ္မဒဏ် ပေးအပ်၏ဟု မိန့်တော်မူ၏။

သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်၊ စာမျက်နှာ ၁၂၆၊ အပိုဒ် ၂၁၆၊ မြန်မာပြန် စာမျက်နှာ ၁၄၇၊ (ပြဟ္မဒဏ် ဆိုသည်မှာ ထိုရဟန်းအား စကားမပြောဆိုအပ်၊ မဆုံးမအပ်၊ ကံမမြစ်အပ်ခြင်းတည်း)။

၁၈။ ရဟန်းတို့ ရှေးအခါ၌ ဒေဝဒတ်၏ အမှုအကျင့်သည် တစ်မျိုးဖြစ်၏။ ယခုအခါ၌ တစ်မျိုးဖြစ်၏။ ထို့ကြောင့် "ပကာသနီယကံ"ကို ပြုလော့ဟု မိန့်တော်မူ၏။

စူဠဝါပါဠိတော်၊* ၇-သံဃဘေဒကဏ္ဍက၊ "ပကာသနီယကမ္မ"စာမျက်နှာ ၃၄၇၊ မြန်မာပြန် စာမျက်နှာ ၃၅၁။

ဤသို့ ဖော်ပြရခြင်းမှာ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ကျေနပ်ကြောင်းတရား မထားမူ၍ တစ်ဆူတစ်ဆူသော ဗုဒ္ဓမြတ်စွာတို့ ပွင့်တော်မူပါမှ သိရသော တရားစစ်တရားမှန်ကို အဓွန့်ရှည်စွာ တည်ရှိစိမ့်သောဌာသန့်ရှင်းသော စေတနာအစစ်အမှန်ဖြင့် ရေးသားဖော်ပြရခြင်းဖြစ်၏။

ဤမှန်သောသစ္စာကို ဆိုခြင်းဖြင့် လမ်းမှားနေသူအချို့တို့သည် လမ်းမှန်သို့ ရောက်တော်မူနိုင်ကြပါစေသတည်း။

• • •

http://www.dhammadownload.com

http://www.dhammadownload.com

လူမရှိဘဲလျက် လူရှိနေ၏

ရှိတာလည်း မှန်၏၊ မရှိတာလည်း မှန်၏
တရားတော်ကို သိရန်မလွယ်။

ကြာတော့ လူတွေမကုန်သေးဘူးလား?
ဘာကစပြီး လူတွေဖြစ်လာရသလဲ?

ဝိပဿနာ ပွားရာ၌ လွယ်ကူစေရန်
သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာကို ကွဲရ၏။

http://www.dhammadownload.com

http://www.dhammadownload.com

၁။ လူစတွေ မကုန်သေးဘူးလား

မြန်မာအချင်းချင်းကသော်လည်းကောင်း၊ လူမျိုးခြားများကသော်လည်းကောင်း မေးလေ့ရှိသော ပြဿနာတစ်ရပ်မှာ-

ဘုရားရှင်တွေကလည်း ပွင့်တော်မူလိုက်တာ မရေမတွက်နိုင်ဘူး၊ ဘုရားတစ်ဆူတစ်ဆူ ပွင့်တော်မူလိုက်တော့လည်း ကျွတ်လိုက်တဲ့လူတွေ မရေမတွက်နိုင်ဘူးဆိုတယ်၊ ကြာတော့ လူတွေ မကုန်သေးဘူးလားဟု မေးလေ့ရှိ၏။

၂။ ဒုလ္လဘတရားခတော်

ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတညာဏ်တော်ဖြင့် သိရှိတော်မူ၍ ဟောတော်မူအပ်သော ဓမ္မနိယာမ ဓမ္မသဘာဝ ဖြစ်သော တရားတော်များသည် အလွန်ခက်ခဲနက်နဲသော အနက်အဓိပ္ပါယ်ရှိ၏။ သာမန်လူတို့ သိရှိနားလည်ရန်မလွယ်ကူချေ။ ထို့ကြောင့် ဒုလ္လဘတရားငါးပါးကို ဟောတော်မူရာ၌-

တထာဂတပ္ပဝေဒိတသ ဓမ္မဝိနယသ
ဒေသိတသ ဝိညာတာ ပုဂ္ဂလော
ဒုလ္လဘော လောကသ္မိ။

လောက၌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောကြားသည်ရှိသော် သိတတ်သော ပုဂ္ဂိုလ်ကို ရခဲ၏ဟု ဟောတော်မူခဲ့ခြင်း ဖြစ်၏။

၃။ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ

ပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် နိဗ္ဗာန်ကို သိရန် မလွယ်ကူဟု ဗုဒ္ဓမြတ်စွာ မိန့်တော်မူခဲ့၏။ ထိုတရား ၂-ပါးကို နားလည်နိုင်ရန်သော်လည်းကောင်း၊ အတ္တနှင့်အနတ္တ ကွဲရန်သော်လည်းကောင်း၊ ဝိပဿနာ ဘာဝနာပွားရာ၌ လွယ်ကူရန် အတွက်သော်လည်းကောင်း၊ ထိုထိုသောပါဠိတော်များ၏ အနက်အဓိပ္ပါယ်ကို နားလည်နိုင်ရန် အတွက်သော်လည်းကောင်း၊ ရှေးဦးစွာ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာကို ခွဲခြားသိအပ်၏။

သမ္မုတိသစ္စာ၌ ယောက်ျား, မိန်းမ, လူ,နတ်, ဗြဟ္မာ သတ္တဝါသည်ရှိ၏။ တော, တောင်, ရေ, မြေသည် ရှိ၏။ အိမ်, ကျောင်း, တန်ဆောင်း, ခဲတံ, ကျောက်သင်ပုန်းသည်ရှိ၏။ ၎င်းတို့ကို (သမုတ်ရှိ) သမ္မုတိသစ္စာဟု ခေါ်ဆိုရ၏။

ပရမတ္ထသစ္စာ၌ အထက်၌ဖော်ပြအပ်သော စသည်တို့သည်မရှိ။ စိတ် စေတသိက် ရူပ် နိဗ္ဗာန် ဤ(အဟုတ်ရှိ)ဓမ္မသဘာဝတရား ၄-ပါးသာရှိ၏။ ထိုစိတ်စေတသိက် ရူပ်နိဗ္ဗာန် ပရမတ္ထဓမ္မသဘာဝများ၌ ပုံပန်းသဏ္ဌာန်အထည်ဝတ္ထုမရှိ၊ ကိုင်တွယ်၍မရ။ ။ ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော ဓမ္မနိယာမ ဓမ္မသဘာဝတို့ကို လိုက်စားသူတို့သာ ပညာမျက်စိဖြင့် ကောင်းစွာသိမြင်နိုင်လေသည်။

စိတ် စေတသိက် ရူပ် နိဗ္ဗာန် ဤပရမတ္ထတရား ၄-ပါးတို့ကို ကိုရင်ကလေးဘဝက စ၍ သင်ကြားတတ်ကျမ်းကို သင်ခဲ့စဉ်က ရရှိပြီးဖြစ်၍ သာမန်ဟုထင်ကြ၏။ (ဝါ) အထင်သေးကြ၏။ အမှန်အားဖြင့် အလွန် ခက်ခဲ နက်နဲသော ဓမ္မနိယာမ ဓမ္မသဘာဝကို ပညာမျက်စိဖြင့် သိမြင်နိုင်ရန် အစဖြစ်၏။ ရှေ့တစ်လျှောက်လုံး ဤပရမတ္ထတရား ၄-ပါးနှင့် ဝိပဿနာ ခရီးသွားရမည် ဖြစ်၏။ ထို့ကြောင့် မြို့ပြင်ကြီး ဆရာတော်၏ "နိဗ္ဗာနသ ရှုပဒီပကကဏ္ဍ" (ရှေးဟောင်းစာအုပ်)စာမျက်နှာ ၂၃၃ အောက်ဆုံး၌-

စိတ် စေတသိက် ရူပ် နိဗ္ဗာန်ဟူသော ပရမတ္ထ သဘာဝဓမ္မ သဘောတရားသည် အလွန် သိမ်မွေ့, နက်နဲ ခက်ခဲလှသော သဘောဖြစ်၏ဟု မိန့်တော်မူခဲ့၏။

ဤတွင် သိစေလိုသော အချက်ကား ပရမတ္ထသစ္စာ၌ ယောက်ျား, မိန်းမ စသည်တို့မရှိခြင်းကို သိစေလိုခြင်းမျှသာ မဟုတ်ပေ။ "အဟုတ်ရှိ"ဖြစ်သော စိတ် စေတသိက် ရူပ် နိဗ္ဗာန် ဤပရမတ္ထဓမ္မသဘာဝများသည် အလွန်သိမ်မွေ့, ခက်ခဲလှသော သဘောတရားများ ဖြစ်ခြင်းကို အထူးသိစေလိုခြင်းဖြစ်၏။

http://www.dhammadownload.com

(၄) အရှင် ယမကသည် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ မကွဲခြင်းကြောင့်။

သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ကွဲပြား ခြားနားခြင်းကို သတိပြုတော်မမူခြင်းကြောင့် အရှင် ယမကသည် ရဟန္တာမဖြစ်နိုင်ပုံကို ဆိုပေအုံ့။ ။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ထေရဝဂ်၊ ယမက သုတ်၌ ရှည်လျားစွာ ဟောတော်မူသည်မှ ဤတွင် သိအပ်သော အချက်မှာ-

ခီဏာသဝေါ ဘိက္ခု ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ၊ နဟောတိ ပရံမရဏာတိ။

မြန်မာပြန် စာမျက်နှာ ၈၄။ ။ အာသဝေါ ကုန်ပြီးသော ရဟန်းသည် ခန္ဓာ ပျက်စီးခြင်း ကြောင့် ပြတ်၏။ ပျောက်၏။ သေသည်မှနောက် ၌ မဖြစ်ဟု သိ၏။ ဤအတိုင်းလည်း ဆို၏။ ဤ ကား အရှင်ယမက၏ အယူဝါဒဖြစ်၏။

သာမန်အားဖြင့်ဆိုသော် (ခီဏာသဝ) ကာမာ သဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ဤ အာသဝေါတရား ၄-ပါးကုန်သော် (ခီဏာဇာတိ) ဘဝသစ် တစ်ဖန် ပြန်၍ မဖြစ်ဟု ဟောတော်မူ သောကြောင့် အရှင်ယမက၏ ပြောဆိုချက်သည် မှန်သည်ဟု ထောက်ခံဖွယ် ဖြစ်၏။

သို့ရာတွင် ဤသို့ကားမဟုတ်၊ အနတ္တလက္ခဏာ သုတ်နှင့်တကွ ထိုထိုသော ပါဠိတော်များအရ ခန္ဓာငါးပါး နောင်တစ်ဖန် ဖြစ်ပေါ်မှု မရှိခြင်းကို သာ အလိုရှိအပ်၏။ (ဘိက္ခု)ရဟန်းဆိုသည်မှာ သမ္မုတိနယ်ကဖြစ်၏။ ပရမတ္ထသစ္စာနယ်၌ ဘိက္ခု မရှိ၊ စိတ်စေတသိက် ရူပ်(၀ါ) ခန္ဓာငါးပါးသာရှိ၏။ စိတ်စေတသိက် ရူပ် ခန္ဓာငါးပါးသာချုပ်၏။

ဤမှတစ်ဖန် သိအပ်ပြန်သည်မှာ၊ ပရမတ္ထ သစ္စာ၌ ဘိက္ခုမရှိ၊ ထို့ကြောင့် သေသည်ဆိုလျှင် မိန္ဓာအယူ၊ မသေဘူးဆိုလျှင် မိန္ဓာအယူ ဖြစ်နေခြင်း ကို သိအပ်၏။ ထို့ကြောင့် တရားတော်များသည် ခက်ခဲ နက်နဲ၏ဟု ဟောတော်မူခြင်းဖြစ်၏။ ရှေ့ အပိုဒ်များတွင် ပို၍ ထင်ရှားလတ္တံ့။

အရှင်ယမကအား အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက သမ္မုတိသစ္စာနှင့် ပရမတ္ထ သစ္စာ ဓမ္မသဘာဝများကို ခွဲခြားစိတ်ဖြာ ရှင်း လင်း သင်ပြပေးတော်မူလိုက်သောအခါ တရား တော်၏ အဆုံး၌ အရှင်ယမကသည် (အာသဝေ ဟိ စိတ္တံ ဝိမုတ္တန္တိ)ရဟန္တာအဖြစ်သို့ ရောက်ရှိသွား တော်မူလေ၏။ ။ အရှင်ယမက ချွတ်ခန်းမှာ ရှည်လျားခြင်းကြောင့် ဤတွင် မဖော်ပြရခြင်း ဖြစ်ပါသည်။ ကျမ်းရင်းကို ဆက်လက်ဖတ်ရှုတော် မူကြပါလေ။

ဤတွင် သိစေလိုသောအချက်ကား ဝိပဿ နာ ဘာဝနာလုပ်ငန်းတော်အတွက် လွယ်ကူစေ ရန် ယောဂီသည် ဤသည် ဤသည်တို့ကား သမ္မုတိသစ္စာ၊ ဤသည် ဤသည်တို့ကား ပရ မတ္ထသစ္စာ ဆိုသည်ကို ရှေးဦးစွာ သိရှိထားရန် ကြိုးစားတော်မူကြစေလိုခြင်း ဖြစ်ပါသည်။

၅။ အရိုးတွေ ဝေဘာင်လိုပုံ၏။ မျက်ရည်တွေ ဝမျှောင်းစီး၏။

သမ္မုတိသစ္စာတွင် လူတစ်ဦးသည် သေခဲ့ရ ခြင်းကြောင့် အရိုးတွေ တောင်လိုပုံခဲ့ပြီ၊ ငိုရသည့် မျက်ရည်တွေ ချောင်းစီးခဲ့ပြီဟု ဟောတော်မူ၏။ ပရမတ္ထသစ္စာတွင် လူမရှိခြင်းကြောင့် (သေရန်ပင် လူမရှိခြင်းကြောင့်) အရိုးတွေ တောင်လိုပုံရန် မလို၊ မျက်ရည်တွေ ချောင်းစီးရန်လည်းမလို။ သူ့နေရာနှင့်သူ မှန်၏။

တစ်နည်းသော် သမ္မုတိသစ္စာအားဖြင့် ထို အခါက ဇူဇကာပုဏ္ဏားသည် ယခုအခါ ဒေဝဒတ် ဖြစ်လာ၏ဟု ဟောတော်မူ၏။ ပရမတ္ထသစ္စာ အား ဖြင့် ထိုအခါက ဇူဇကာပုဏ္ဏားသည် မရှိ၊ စိတ် စေတသိက် ရူပ်တို့သာ (၀ါ) ခန္ဓာငါးပါးသာ ရှိခဲ့ ၏။ ယခုအခါ၌လည်း အရှင်ဒေဝဒတ်သည် မရှိ ရူပ်ဓာတ် နာမ်ဓာတ်ဖြစ်သော ခန္ဓာငါးပါးသာ ရှိ၏။

http://www.dhammadownload.com

ဤတွင် ထူးခြားသိမ်မွေ့ ခက်ခဲနက်နဲသော အချက်ကား ခန္ဓာငါးပါးသည် ဇူဇကာပုဏ္ဏား မဟုတ်၊ ဇူဇကာပုဏ္ဏားသည် ခန္ဓာငါးပါးမဟုတ်၊ သို့ရာတွင် ခန္ဓာငါးပါး ရှိနေခြင်းကြောင့်သာ ဇူဇကာပုဏ္ဏား ရှိနေရခြင်းဖြစ်၏ (၀၊) ယောက်ျား, မိန်းမ, လူ, နတ်, ပြဟ္မာ, သတ္တဝါ ရှိနေရခြင်းဖြစ်၏။

ယောက်ျား, မိန်းမတို့သည် ရုပ်ဓာတ် နာမ်ဓာတ် ခန္ဓာငါးပါးတို့၏ အရိပ်အရောင်များသာ ဖြစ်ကြလေသည်။ ထို့ကြောင့် စာမျက်နှာ ၉၅၊ အောက်ပိုင်း၌ ပရမတ္ထတော **အဝိဇ္ဇမာနာပိ** အစရှိသော ကျမ်းအကိုးအကားကိုဖော်ပြထားခြင်းဖြစ်၏။

ထိုမှတစ်ပါး ဤကျမ်း စာမျက်နှာ ၁၅-ကို ဖတ်ရှုသော် ဒုတိယကော်လံ၌ (ပုတ္တမတ္ထိ ဓနမတ္ထိ. .)ငါသည်ပင်လျှင် မရှိပါဘဲလျက် အဘယ်မှာလျှင် ငါ့သား ငါ့သမီး ငါ့ဥစ္စာသည် ရှိနိုင်ပါအံ့နည်း ဟောတော်မူသည်ကို တွေ့ရှိရလတ္တံ့။

တစ်ဖန် စာမျက်နှာ ၄၂-ကို ဖတ်ရှုသော် ပရမတ္ထသစ္စာ၌ စိတ် စေတသိက် ရုပ် နိဗ္ဗာန်မျှသာ ရှိသည်ကိုတွေ့ရှိနိုင်၏။ ထိုစာမျက်နှာကို ဆက်လက် ဖတ်ရှုပြန်သော် ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ ဟူရာ၌လည်း လူ, နတ်, ပြဟ္မာ, သတ္တဝါ မပါ၊ စိတ် စေတသိက် ရုပ် နိဗ္ဗာန်မျှသာ ဟောတော်မူခြင်းကို တွေ့ရှိရလတ္တံ့။

ထို့ကြောင့် ပရမတ္ထသစ္စာ၌ လူမရှိခြင်းကြောင့် (**သေရန်လူမရှိခြင်းကြောင့်**) အရိုးတွေ တောင်လိုပုံသည်ကို အလိုမရှိအပ်၊ မျက်ရည်တွေ ချောင်းစီးနေသည်ကို အလိုမရှိအပ်ခြင်းကို သိအပ်လေပြီ။ သို့ရာတွင် သမ္မုတိသစ္စာကိုလည်း မပယ်ရခြင်းကိုလည်း အထူး သတိပြုတော်မူကြပါလေ။

၆။ **သေသည်မှ နောက်၌ ဖြစ်မဖြစ်ကို မဟောကြား**

မဇ္ဈိမပဏ္ဏာသပါဠိတော် ဘိက္ခုဝဂ် စူဠမာလုက္ယ နောက်ဆုံးစာမျက်နှာ၌ မာလုက္ယပုတ္တအား ဗုဒ္ဓမြတ်စွာ ဟောတော်မူသော အတိုချုပ်သဘောမှာ-

ထိုအသက်သည်ပင် ထိုကိုယ်တည်းဟု ငါမဟောကြား၊ အသက်သည်တခြား ကိုယ်သည်တခြားဟု ငါမဟောကြား၊ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏ဟု ငါမဟောကြား၊ မဖြစ်ဟု ငါမဟောကြားဟု မိန့်တော်မူ၏။ ဤကားနမူနာစမ္ဘသာဖြစ်၏။ ကျမ်းရင်းကို ဆက်လက်ဖတ်ရှုတော်မူကြပါလေ၊ ကောင်းလှသောအချက်များစွာ ပါရှိ၏။

ဤသဘောမျိုးကိုပင် သဠာယတနသံယုတ်ပါဠိတော်၊ အဗျာကတသံယုတ်၊ အနုရာဓသုတ်၌လည်းကောင်း၊ ခန္ဓဝဂ္ဂသံယုတ်၊ ထေရဝဂ်၊ အနုရာဓသုတ်၌လည်းကောင်း-

အနုရာဓ ဤ မျက်မှောက်ဘဝ၌ပင်လျှင် သင်သည် အမှန်အားဖြင့် အခိုင်အမာအားဖြင့် သတ္တဝါဟု မရရှိပါဘဲလျက်ဟု မိန့်တော်မူ၏။

သဠာယတနဝဂ္ဂသံယုတ်၊ အဗျာကတသံယုတ်တွင် သတ္တဝါ သေသည်မှ နောက်၌ ဖြစ်မဖြစ် မေးခြင်းများမှာ မြန်မာပြန် စာမျက်နှာ ၂၀-ခန့်လာရှိ၏။ ထို မြန်မာပြန် စာမျက်နှာ ၅၅၄၊ အပိုဒ် ၄၁၉-၌ "ဝစ္ဆဂေါတ္တပရိဗိုဇ်"က ဗုဒ္ဓမြတ်စွာအား "အတ္တရှိမရှိ" မေးရာ၌ အရှင်အာနန္ဒာအား ဗုဒ္ဓမြတ်စွာ ရှင်းပြတော်မူပုံကို ယောဂီတိုင်း သိအပ်၏။ ကျမ်းရင်းကို ဖတ်ရှုတော်မူကြပါလေ။

ထို့ကြောင့် ယောဂီ၏ ဆရာဖြစ်လိုသူသည်လည်းကောင်း၊ ယောဂီကောင်းဖြစ်လိုသူသည်လည်းကောင်း ထို သဠာယတနဝဂ္ဂ အဗျာကတသံယုတ်ကို ဖတ်ရှုတော်မူကြရန် အထူး တိုက်တွန်းပါ၏။

၇။ **သေသည်မှ နောက်၌ ဖြစ်မဖြစ်ကို ကြံစည်လျှင် အကုသိုလ်**

မဟာဝဂ္ဂသံယုတ် ပါဠိတော် သစ္စသံယုတ် သမာဓိဝဂ်၊ စိန္တသုတ် စာမျက်နှာ ၃၆၆ ၌-

http://www.dhammadownload.com

မာ ဘိက္ခဝေ ပါပကံ အကုသလံ စိတ္တံ စိန္တေယျာထ. . . ။

ဘိက္ခဝေ-ရဟန်းတို့၊ ပါပကံ-ယုတ်မာသော၊ **အကုသလံ**-အကုသိုလ်ဖြစ်သော၊ **စိတ္တံ**-စိတ်ကို၊ **မာစိန္တေယျာထ**-မကြံစည်ကြကုန်လင့်ဟု မိန့်တော်မူ၏။ အဘယ်သို့ မကြံစည်ကြရမည်နည်းဆိုသော်-

ထိုအသက်ပင် ထိုကိုယ်ဖြစ်၏ဟူ၍လည်းကောင်း၊ အသက်သည်တခြား ကိုယ်သည်တခြားဟူ၍လည်းကောင်း၊ သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်၏ဟူ၍လည်းကောင်း၊ မဖြစ်ဟူ၍လည်းကောင်း မကြံစည်ကုန်လင့်ဟု မိန့်တော်မူ၏။ ဤကား အတိုချုပ်မျှသာတည်း။

ဤတရားတော်အရ ယင်းသို့ကြံစည်နေခြင်းသည် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရေးမဟုတ်ခြင်းကြောင့် အကုသိုလ်ပင် ဖြစ်၏ဟု ဟောတော်မူသည်ကိုလည်း အထူးသတိပြုအပ်၏။

၈။ မိစ္ဆာအယူ
Apperance နှင့် Reality

ပို၍ထင်ရှားစေဦးအံ့။ ။ အဂ်ုတ္တိရ်ပါဠိတော် သတ္တကနိပါတ် အဗျာကတဝဂ် အဗျာကတသုတ်၌ ဟောတော်မူသော သဘောအတိုချုပ်မှာ-

ရဟန်း၊ သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်၏ဟူသော ဤအယူသည် မှားသော "မိစ္ဆာ" အယူပင်တည်း၊ **သေပြီးသည်မှနောက်၌** မဖြစ်ဟူသော အယူသည် မှားသော "**မိစ္ဆာ**"အယူပင်တည်းဟု ဟောတော်မူ၏။ ။ ကျမ်းရင်းကို ဆက်လက် ဖတ်ရှုတော်မူကြပါလေ။

ယင်းသဘောကို မဇ္ဈိမပဏ္ဏာသ ပါဠိတော် ပရိဗ္ဗာဇကဝဂ်၊ အဂ္ဂိဝစ္ဆသုတ်၌လည်း ဟောတော်မူ၏။ ။ ဤပါဠိတော်အရပ်ရပ်တို့ကို ပေါင်းစပ်သော် ပရမတ္ထသစ္စာ၌ လူနတ်ဗြဟ္မာ သတ္တဝါ ရှိသည်ဟု ယူဆသော "**မိစ္ဆာ**"အယူဖြစ်ခြင်းကို ယောဂီသည် ထင်ရှားစွဲမြဲစွာ သိရှိထားရပေမည်။

တစ်နည်းဆိုသော် ယောဂီသည် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာကွဲရမည်၊ (၀ါ) သမုတ်ရှိနှင့် အဟုတ်ရှိ ကွဲရမည်။ (Appearance နှင့် Reality ကွဲရမည်)။

ယင်းသို့ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ကွဲသော် ပရမတ္ထသစ္စာ ဓမ္မသဘာဝ၌ လူမရှိ၊ ထိုကြောင့် လူသေသည် မသေဘူးဆိုသော ပြဿနာ ပေါ်ထွက်မလာပြီ၊ လူသေသည် မသေဘူး ဆိုသော ပြဿနာ ပေါ်ထွက်မလာခြင်းကြောင့် လူတွေ မကုန်သေးဘူးလားဆိုသောပြဿနာ မရှိတော့ပြီ။

●

တစ်ဆင့်တက်ကာ မေးတတ်ပြန်သည်မှာ ပရမတ္ထသစ္စာ၌ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိဆိုတာကတော့ ဟုတ်ပါပြီ၊ စိတ် စေတသိက် ရုပ် ဆိုသော ရုပ်ဓာတ် နာမ်ဓာတ် ၂-ပါးသည် ဘယ်ကစပြီး ပထမ ဘယ်လိုဖြစ်ပေါ်လာရပါသနည်းဟု မေးတတ်သေး၏။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အနမတဂ္ဂသံယုတ်၌ ထပ်ကာထပ်ကာ ဟောတော်မူသည်မှ ဝေပုလ္လပဗ္ဗတသုတ်၌ လာရှိသည်မှာ-

အနမတဂ္ဂေယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာကောဋိ န ပညာယတိ အဝိဇ္ဇာ နိဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။

ရဟန်းတို့၊ **သံသရာ၏အစ**ကို မသိနိုင်၊ အဝိဇ္ဇာဖြင့် ပိတ်ဖုံးအပ်ကုန်သည်၊ တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်နိုင်ဟု ဟောတော်မူ၏။

ဤတွင် "**သံသရာ**"ဆိုသည်မှာ စိတ် စေတသိက် ရုပ် ခန္ဓာငါးပါးတို့ အစဉ်အဆက် မပြတ် ထပ်ကာ ထပ်ကာ ဖြစ်ခြင်းကို "**သံသရာ**"ဟု ခေါ်ဆိုရ၏။ ။ ဤကျမ်း စာမျက်နှာ ၄၀-၄၁ တို့ကို

http://www.dhammadownload.com

ဖတ်ရှုတော်မူကြပါလေ။ ။ ထိုမှတစ်ဖန် ၉၅-၌ လာရှိသော ပရမတ္ထတော အဝိဇ္ဇမာနပိ စသည် ဖြင့် လက်သန်းအဋ္ဌကထာ ဖွင့်ဆိုတော်မူသည်ကို လည်း သဘောပေါက်အောင် ဖတ်ရှု စူးစမ်း လေ့လာတော်မူကြပါလေ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန် တတိယတွဲ စာမျက်နှာ ၂၇၆-၌ ဆက်ကာ ဖွင့်ဆိုတော်မူပြန် သည်မှာ-

> **မျိုးစေ့သစ်ပင် စသည်တို့၏** ရှေးဖြစ်သော အစွန်းအစကို မသိအပ် မသိနိုင်သကဲ့သို့ ထို့အတူ အကြောင်းနှင့်တကွဖြစ်သော ကံ၌လည်းကောင်း၊ ဝိပါက်၌လည်းကောင်း ရှေးဖြစ်သောအစကို မသိအပ် မသိနိုင်ဟု ဖွင့်ဆိုတော်မူ၏။

ပိုရ်ထင်ရှားစေရန် နိဒါနဝဂ္ဂသံယုတ် ပါဠိတော်နှင့်တကွ ထိုထိုသောပါဠိတော်များ၌ လာရှိသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို မူတည်ကာ ရှင်းဦးအံ့။

> **အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥปาဒါနံ၊ ဥปาဒါနပစ္စယာ ภวော၊ ภวပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုปายาสา သမ္ဘဝန္တိ၊ ဧวเมတสฺส केवलस्स ဒုက္ခက္ခန္ဓสฺส သมุทโย ဟောတိ။**

မသိမှု **အဝိဇ္ဇာ**အကြောင်းခံကြောင့် ပြုစီရင်မှု **သင်္ခါရတို့** ဖြစ်ကုန်၏။ **သင်္ခါရ**အကြောင်းခံကြောင့် သိမှု **ဝိညာဏ်**ဖြစ်ရ၏။ **ဝိညာဏ်**အကြောင်းခံကြောင့် **နာမ်ရူပ်**ဖြစ်ရ၏။ **နာမ်ရူပ်**အကြောင်းခံကြောင့် တည်ရာ **အာယတနခြောက်ပါး** ဖြစ်ရ၏။ **အာယတနခြောက်ပါး** အကြောင်းခံကြောင့် တွေ့ထိမှု **ဖဿ**ဖြစ်ရ၏။ **ဖဿ**အကြောင်းခံကြောင့် **ဝေဒနာ**ဖြစ်ရ၏။ **ဝေဒနာ**အကြောင်းခံကြောင့် တပ်မက်မှု **တဏှာ**ဖြစ်ရ၏။ **တဏှာ**အကြောင်းခံကြောင့် ပြင်းစွာစွဲလမ်းမှု **ဥปาဒါန်**ဖြစ်ရ၏။ **ဥปาဒါန်**အကြောင်းခံကြောင့် **ภวо**ဖြစ်ရ၏။ **ภวо**အကြောင်းခံကြောင့်ပဋိသန္ဓေနေမှု **ဇာတိ** ဖြစ်ရ၏။ **ဇာတိ**အကြောင်းခံကြောင့် **အိုမှု ဇရာ**, **သေမှု မရဏ**, **စိုးရိမ်မှု သောက**, **ငိုကြွေးမှု ปริ ဒေဝ**, **ဆင်းရဲမှု ဒုက္ခ**, **နှလုံးမသာယာမှု ဒေါ မနဿ**, **ပြင်းစွာပင်ပန်းမှု ဥปายาสတို့** ဖြစ်ကြ ရကုန်၏။ ဤသို့လျှင် **အလုံးစုံသော ထို ဆင်းရဲ** အစု ဖြစ်ပွား၏။

ဤ **ဓမ္မနိယာမ ဓမ္မသဘာဝ** ဖြစ်သော ပဋိစ္စ သမုပ္ပါဒ်တရားတော်ကို စုံစမ်း စိစစ်သော် သုခ ချမ်းသာဟူ၍ လုံးဝမပါရှိ။ **ကိလေသာဝဋ်**၊ **ကမ္မ ဝဋ်**၊ **ဝိပါကဝဋ်**၊ ဤ **ဝဋ်ဆင်းရဲသုံးပါး**သာရှိခြင်း၊ **ယင်း ဝဋ်ဆင်းရဲသုံးပါး** ဆိုသည်မှာလည်း **အခြား** မဟုတ်၊ **စိတ် စေတသိက် ရူပ်**သာ ဖြစ်ခြင်းကို ပညာမျက်စိ **အလင်းရရှိသူတို့** သိမြင်တော်မူကြ ကုန်၏။

ထို့ကြောင့် **စိတ် စေတသိက် ရူပ်(၀ါ)ခန္ဓာ** ငါးပါး ဖြစ်ပေါ်နေခြင်းသည် **ဝဋ်ဆင်းရဲသုံးပါး** ဖြစ်ပေါ်နေခြင်းဟု ကောင်းစွာ သိမြင်တော်မူကြ ပါလေ။ ထိုဝဋ်ဆင်းရဲသုံးပါးတွင် **အဝိဇ္ဇာ**သည် ရှေ့သွားခေါင်းဆောင်ဖြစ်၏။ ထို့ကြောင့် **မဟာ ဝဂ္ဂသံယုတ်**ပါဠိတော် **ပထမစာမျက်နှာ**၌-

> **အဝိဇ္ဇာ ภิกฺขเว ปุพฺพงฺคมา**
> **အကุสลานํ ธมฺมานํ สมาปตฺติยา။**

ရဟန်းတို့၊ **အဝိဇ္ဇာ**သည် **အကุသိုလ်**တရား တို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်၏ဟု ဟောတော်မူ၏။ ။ **အဝိဇ္ဇာ**ခေါင်းဆောင်ဖြစ်ခြင်းကို ထင်ရှားစေဦးအံ့။ ။ **နိဒါနဝဂ္ဂသံယုတ်**ပါဠိတော် နှင့်တကွ ထိုထိုသော ပါဠိတော်များ၌-

> **အဝိဇ္ဇာယ ตฺเวव အသေသวิราค နิโรဓา သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓော**

ဝိညာဏနိရောဓေ၊ ဝိညာဏနိရောဓ နာမရူပနိရောဓေ၊ နာမရူပနိရောဓ သဠာယတနနိရောဓေ၊ သဠာယတန နိရောဓ ဖဿနိရောဓေ၊ ဖဿ နိရော ဓ ဝေဒနာနိရောဓေ၊ ဝေဒနာနိရောဓ တဏှာနိရောဓေ၊ တဏှာနိရောဓ ဥပါဒါနနိရောဓေ၊ ဥပါဒါနနိရောဓ ဘဝနိရောဓေ၊ ဘဝနိရောဓ ဇာတိ နိရောဓေ၊ ဇာတိနိရောဓ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာ သာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓေ ဟောတိတိ။

အဝိဇ္ဇာ၏သာလျှင် အကြွင်းမဲ့ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်ရ၏။ သင်္ခါရ ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်ရ၏။ ဝိညာဏ် ချုပ်ခြင်းကြောင့် နာမ်ရူပ်ချုပ်ရ၏။ နာမ်ရူပ်ချုပ်ခြင်းကြောင့် အာယတန ၆-ပါးချုပ်ရ၏။ အာယတန ချုပ်ခြင်းကြောင့် ဖဿချုပ်ရ၏။ ဖဿချုပ်ခြင်းကြောင့် ဝေဒနာချုပ်ရ၏။ ဝေဒနာချုပ်ခြင်းကြောင့် တဏှာချုပ်ရ၏။ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်ရ၏။ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝ ချုပ်ရ၏။ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်ရ၏။ ဇာတိချုပ်ခြင်းကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် ချုပ်ကြရကုန်၏ဟု ဟောတော်မူ၏။

ဤပါဠိတော်အရ အဝိဇ္ဇာပြုတ်သော် ဆင်းရဲဒုက္ခ အဝဝ ပြုတ်သည်မှာ ထင်ရှားလှ၏။ ထို့ကြောင့် ယင်းပါဠိတော်များကို ပေါင်းစပ်၍ ဤတွင် လိုရင်းအချက်ကို ကောက်နုတ်ဖော်ပြရသော် အဝိဇ္ဇာကြောင့် ဆင်းရဲဒုက္ခအမျိုးမျိုး ခံစားရခြင်း ဖြစ်၏။ အဝိဇ္ဇာပြုတ်သော် ဒုက္ခအမျိုးမျိုး မခံစားရတော့ပြီ။ ထို့ကြောင့် အဝိဇ္ဇာသည် ရှေ့သွားခေါင်းဆောင် လက်သည်ဖြစ်ခြင်းမှာ ထင်ရှားလှ၏။

သို့ရာတွင် ဆက်ကာ သိအပ်ပြန်သည်မှာ အဝိဇ္ဇာသည် အလိုအလျောက် ဖြစ်ပေါ်လာနိုင်စွမ်းအားသတ္တိ လုံးဝမရှိချေ။ ထို့ကြောင့် နိဒါန ဝဂ္ဂ သံယုတ်ပါဠိတော် နိဒါနသံယုတ်၊ အာဟာရ ဝဂ်၊ ပစ္စယသုတ် စာမျက်နှာ ၂၆၅၊ ပထမ စာကြောင်း၌-

အဝိဇ္ဇာ ဘိက္ခဝေ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။

မြန်မာပြန် စာမျက်နှာ ၂၅၀၊ စာကြောင်းရေ ရှစ်၊ ရဟန်းတို့- အဝိဇ္ဇာသည် မမြဲ၊ ပြုစီရင်ခံရ၏။ အကြောင်းတရားကိုစွဲ၍ ဖြစ်၏။ ကုန်ခြင်းသဘော ရှိ၏။ ပျက်ခြင်းသဘောရှိ၏။ ကင်းပြတ်ခြင်းသဘော ရှိ၏။ ချုပ်ခြင်းသဘောရှိ၏ဟု ဟောတော်မူ၏။ ။ ဤသို့ ဟောတော်မူချက်အရ အဝိဇ္ဇာသည် အလိုအလျောက် ဖြစ်ပေါ်လာနိုင်သော စွမ်းအားသတ္တိ လုံးဝမရှိ၊ ပြုစီရင်ခံရ၏။ အကြောင်းတရားကို စွဲ၍ ဖြစ်ပေါ်ရခြင်းကို သိအပ်၏။

ထိုမှတစ်ပါး အင်္ဂုတ္တိရ်ပါဠိတော် ဒသက နိပါတ်၊ ယမကဝဂ် အဝိဇ္ဇာသုတ်၌-

အဝိဇ္ဇမ္မာဟံ ဘိက္ခဝေ သာဟာရံ ဝဒါမိ၊ နော အနာဟာရံ။ ကော စာဟာရော အဝိဇ္ဇာယ၊ "ပဉ္စ နိဝရဏာ" တိသဝစ နီယံ။

မြန်မာပြန် စာမျက်နှာ ၃၄၄၊ အပိုဒ် ၆၁။ ရဟန်းတို့- အဝိဇ္ဇာကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏။ အကြောင်းမရှိဟု ငါမဆို။ အဝိဇ္ဇာ၏အကြောင်းကား အဘယ်နည်း၊ နိဝရဏ ငါးပါးတို့တည်းဟု ဟောတော်မူ၏။ ဤသို့ ဟောတော်မူချက်အရ အဝိဇ္ဇာသည် **သံသရာ၏အစ** မဟုတ်ခြင်းကို ထင်ရှားစွာ သိရပြန်၏။

ယင်းသို့ ဖြစ်ခဲ့သော် အဘယ်သို့လျှင် အဝိဇ္ဇာသည် အပြုခံ ဓမ္မသဘာဝဖြစ်၍ အဘယ်သို့လျှင် အပြုဓမ္မသဘာဝ ဖြစ်ရပါသနည်းဆိုသော် မူလ

http://www.dhammadownload.com

ပဏ္ဏာသပါဠိတော်၊ မူလ ပရိယာယဝဂ်၊ သမ္မာဒိဋ္ဌိ သုတ်၊ အပိုဒ် ၁၀၃ ၌-

အာသဝ သမုဒယာ အဝိဇ္ဇာသမုဒယော၊
အာသဝနိရောဓာ အဝိဇ္ဇာနိရောဓော။

မြန်မာပြန် စာမျက်နှာ ၇၄။ ။ အာသဝေါတရားတို့ဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်၏။ အာသဝေါတရားတို့ ချုပ်ငြိမ်းခြင်းကြောင့် အဝိဇ္ဇာ ချုပ်ငြိမ်းရ၏။ ။ ယင်းပါဠိတော် အပိုဒ် ၁၀၄ ၌-

အဝိဇ္ဇာသမုဒယာ အာသဝသမုဒယော၊
အဝိဇ္ဇာနိရောဓာ အာသဝနိရောဓော။

မြန်မာပြန် စာမျက်နှာ ၇၅။ ။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် အာသဝေါတရား ဖြစ်သည်။ အဝိဇ္ဇာ ချုပ်ငြိမ်းခြင်းကြောင့် အာသဝေါတရားတို့ ချုပ်ငြိမ်း၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

ဤပါဠိတော်၌ အာသဝေါတရားနှင့်အဝိဇ္ဇာတို့သည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနေကြ၏။

ထိုမှ တစ်ဖန် ဟောတော်မူပြန်သည်မှာ ဝိဘင်းပါဠိတော်၊ ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ၊ အညမညစတုက္ကာ၊ စာမျက်နှာ ၁၄၉၊ စာကြောင်းရေ ၁၃ ၌

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ပိ အဝိဇ္ဇာ။ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ ပိ သင်္ခါရာ။ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ ပိ ဝိညာဏံ။

စသည် လာရှိ၏။ ။ အဝိဇ္ဇာအကြောင်းခံကြောင့် သင်္ခါရတို့သည် ဖြစ်၏။ သင်္ခါရတို့ အကြောင်းခံကြောင့်လည်း အဝိဇ္ဇာသည် ဖြစ်၏။

သင်္ခါရတို့ အကြောင်းခံကြောင့် ဝိညာဏ်သည် ဖြစ်၏။ ဝိညာဏ် အကြောင်းခံကြောင့် လည်း သင်္ခါရတို့သည် ဖြစ်၏။

ဝိညာဏ် အကြောင်းခံကြောင့် နာမ်ရုပ်သည် ဖြစ်၏။ နာမ်ရုပ် အကြောင်းခံကြောင့်လည်း ဝိညာဏ်သည်ဖြစ်၏ စသည်ဖြင့် ထင်ရှားစွာ ဟောတော်မူ၏။

ဤ ဝိဘင်း ပါဠိတော်အရလည်း အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနေခြင်းကြောင့် မည်သည်ကို အစဟု မသိနိုင် မထင်နိုင်။

ဤ ဖော်ပြအပ်သော ပါဠိတော်များအရ (ရုပ်အဋ္ဌဝီသ၊ နာမ်တေပညာသ) ဓာတ် စ၁-ပါးတို့သည် မည်သည့်ဓာတ်သည် အစပထမ ဖြစ်ပေါ်လာသည်ဟု လက်ညှိုးထိုး၍ ပြခြင်းငှာ မတတ်စွမ်းနိုင်၊ မသိနိုင်၊ မထင်နိုင်။ ။ ထို့ကြောင့် အဋ္ဌကထာဆရာမြတ်သည် သစ်စေ့နှင့် သစ်ပင်မှာ မည်သည်က အစဟူ၍ မသိမထင်နိုင်ခြင်းကို ဥပမာဆောင်ခြင်း ဖြစ်လေသည်။

ဤ၌ သတိမမေ့သင့်သော အချက်ကြီးကား သမ္မုတိသစ္စာ အလိုအားဖြင့် လူ, နတ်, ဗြဟ္မာ, သတ္တဝါ ရှိ၏။ ပရမတ္ထသစ္စာ ဓမ္မနိယာမ ဓမ္မသဘာဝ အလိုအားဖြင့် လူ, နတ်, ဗြဟ္မာ, သတ္တဝါမရှိ **(Cause and effect.)** အကြောင်းနှင့် အကျိုး ဓမ္မသဘာဝမျှသာ ရှိခြင်းကို အစဉ် သတိပြုကြရပေမည်။

ယင်းသို့ ခက်ခဲနက်နဲသော ပြဿနာများကို လွယ်ကူစွာ ဖြေရှင်းနိုင်ရန် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ကွဲရ၏။ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ကွဲသော် ဤအခန်းအစဉ် ဖော်ပြခဲ့သော-

လူမရှိဘဲလျက် လူရှိနေခြင်း၊
ကြာတော့ လူတွေမကုန်သေးဘူးလား။
ဘာကစပြီး လူတွေဖြစ်လာရသလဲ။

ဆိုသော ပြဿနာတို့ကို လွယ်ကူစွာ ဖြေရှင်းနိုင်သည်သာမကသေး၊ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ကွဲပါက ဝိပဿနာ ဘာဝနာကို ပွားများ

http://www.dhammadownload.com

အားထုတ်ရာ၌ အလွန်အလွန် လွယ်ကူလာ၏။ (၀၊) မင်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရေးအတွက် အလွန်အကျူး အထူးလွယ်ကူလာလေသည်။

ထို့ကြောင့် ဓမ္မနိယာမ ဓမ္မသဘာဝတို့ကို လွယ်ကူစွာ နားလည် ဖြေရှင်းနိုင်ရန် (၀၊) ဝိပဿနာ ဘာဝနာအတွက် လွယ်ကူစေရန် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ကွဲရန် လွန်ကဲသော လုံ့လဖြင့် ကြိုးစားတော်မူကြပါလေ။

● ● ●

http://www.dhammadownload.com

အကြောင်းရာစင်

(က)

ကကုသန်မြတ်စွာဘုရား ၁၀၇-၁၄၅
ကခ်ါဝိတရဏဝိသုဒ္ဓိ ၇၀-၈၄
ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓံ ၂၃
" " ဒုက္ခသမုဒယံ ၂၂
" " ဒုက္ခံ အရိယသစ္စံ ၁၁၈
" " ရူပံ ၉၅
ကတမာ စ ဘိက္ခဝေ မိစ္ဆာပဋိပဒါ ၁၂၁
ကတမေ ဓမ္မာ သခ်ံတာ ၁၂၄
" " သပ္ပစ္စယာ ၁၂၄
" " အပ္ပစ္စယာ ၁၂၄
" " အသခ်ံတာ ၁၂၄
ကတမောစဘိက္ခဝေဒုက္ခသအတ္ထဂ်မော ၁၀၈
" " အသခ်ံတဂါမိမဂ္ဂေါ ၁၅၂
ကထံ နု ခေါ ဘန္တေဇာနတောသံယောဇနာ ပဟီယန္တိ ၁၀၂
ကထံ နု ခေါ ဘန္တေ ဇာနာတော အဝိဇ္ဇာ ပဟီယတိ ၁၁၅
ကထံ နု ခေါ ဘန္တေ သက္ကာယဒိဋ္ဌိ ၈၄
ကမ္မဋ္ဌာန်းဆရာတို့၏ အလိမ်ခံရ၏ ၂၉
" တရားသည်လည်းမဖြစ် ၇၇
ကမ္မဝိပါကော ၉၂
ကမ္မသကတာဉာဏ်ထက် ၁၁၄
ကမ္မသ ကာရကော နတ္ထိ ၄၀-၁၀၅
ကမ္မသမုဋ္ဌာနရူပံ ၁၆၀
ကမ္မံ နတ္ထိ ဝိပါက မ္ပိ ၄၁-၁၀၅
ကဿပ မြတ်စွာဘုရား ၁၄၅
ကဿပ(အရှင်မဟာ) ၁၆၁
ကာမဂုဏ်စစ်ပွဲ ၉၀
ကာမစ္ဆန္ဒ နိဝရဏ ၅၉
ကာမရာဂဋ္ဌာ နိယာနံ ဘိက္ခဝေ ၁၀၁
ကာမုပါဒါန်, ဒိဋ္ဌုပါဒါန် ၃၁
ကာယာနုပဿနာ သမ္မဇ္ဇာနပဗ္ဗ ၁၄၈
ကိလေသ ပရိနိဗ္ဗာန် ၁၃၀
ကိလေသာ ၁၀-ပါး ၁၀၁
" တို့၏ ချုပ်ငြိမ်းခြင်း ၁၃၁
ကိဉ္စ ဘိက္ခဝေ ရူပံ ဝဒေထ ၉၅
" " ဝိညာဏံ ဝဒေထ ၁၀၄
" " ဝေဒနံ ဝဒေထ ၁၀၄
" " သခ်ါရေ ဝဒေထ ၁၀၄
" " သညံ ဝဒေထ ၁၀၄-၁၄၇
ကိသ္မိံ လောကော ပတိဋ္ဌိတောတိ ၁၇-၁၄၀
ကိံဇီရတိ ကိံနဇီရတိ ၁၅၆
ကိံသု ဇနေတိ ပုရိသံ ၁၃၈
ကိံသု ဟဝေ သာဓုတရံ ၁၁၈
ကုတော သရာ နိဝတ္တန္တိ ၁၅၅
ကုသလာဓမ္မာ အကုသလာဓမ္မာ ၄၂-၆၉-၁၂၃
ကုသလော ဓမ္မော ကုသလသ ဓမ္မသ အာရမ္ဘဏ ၇၈(၆)၁၄၃
ကုသလော ဓမ္မော အကုသလသ ဓမ္မသ အာရမ္ဘဏ ၇၈(၅)၁၄၃
ကုသလော ဓမ္မော အကုသလသ ဓမ္မသ ဥပနိဿယ ၇၈(၄)
ကူဋ ဒန္တသုတ် ၈
ကေသာ, လောမာ, နခါ, ဒန္တာ ၆၁
ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့၏ ၁၆၂(၈)
ကောဏာဂုံမြတ်စွာဘုရား ၁၄၅
ကြာတော့ လူတွေမကုန်သေး ဘူးလား ၁၆၄-၁၇၁
ကြည်ညိုဖွယ်မရှိသောအရာ၌ ၉၂
ကြိုက်လျှင် လောဘ ၇၃
ကျမ်းညီတတ်ရန်မှာ ၁၄၁
ကျမ်းအိပ်ကြီးများ ၃၇

(ခ)

ခရစ်ယာန်ဘာသာ ၁၃၇
ခန္ဓပရိနိဗ္ဗာန် ၁၃၀

http://www.dhammadownload.com

ခန္ဓာငါးပါးကို အနိစ္စဟုရှုသော် ၁၀၆
ခန္ဓာငါးပါးနှင့်တူသော ဒုက္ခမရှိ ၁၇
(ခီဏာ ဇာတိ) ၁၅၅-၁၆၆
ခီဏာသဝေါ ဘိက္ခု ၁၆၆
ချီးမွမ်းခန်း နိဂုံးချုပ် ၁၃
ချီးမွမ်းထိုက်သူကို ချီးမွမ်း၏ ၁၆၂(၈)
ချီးမွမ်းထိုက်သူ၏ဂုဏ် ၉၂
ချီးမြှောက်ခြင်း ၂-မျိုး ၁၃၆
ခွေးတိရစ္ဆာန်(အိမ်ခွေး. .) ၇၆

(ဂ)

ဂဏနာနည်း (ရေတွက်ခြင်း) ၅၈
ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ၇၆-၇၇
ဂန္ဓီ ယတ္တာ ၇၅
ဂေါတမ မြတ်စွာဘုရား ၁၄၅

(ဃ)

ဃရဲ၌ ချထားလေ၏ ၉၂
ဃါက ပွားနေသည် ၅၀
ဃါဘုရား ပွင့်တော်မူရန် မလို ၂၀
ဃါသည် ဝိပဿနာရှုအံ့ ၃၀
ဌက်ပျောသီး အခွံနွှာစားသကဲ့သို့ ၅၁

(စ)

စကား ၆-ခွန်း လှူ၌ထွန်း ၁၆၁(၅)
စက္ခုနာ ရူပ် ဒိသွာ ၄၄-၁၃၈
စက္ခု ရူပါ လောက ၄၈
॥ အနိစ္စ သခ်ိတ် ၁၂၁
॥ အဟုတ္တာ သမ္ဘုတ် ၁၂၁
॥ ၌ ဆင်ခြင်ပွားများရန် ၁၂၁
စက္ခုဌ ပဋိစ္စ ရှုပေ စ. . အယ်
ဒုက္ခသမုဒယော ၁၀၈
စက္ခုဌ ဘိက္ခဝေ ပဋိစ္စ ရှုပေစ ဥပ္ပဇ္ဇတိ
စက္ခုဝိညာဏ် ၇၃-၁၄၃
စက္ခု စ ပဋိစ္စ ရှုပေ စ. . ဘုရား
စေခိုင်းသော ပါဠိတော် ၁၂၂
စက္ခု ဘိက္ခဝေ ဒုက္ခ ၁၇
စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိ
ယင်္ဂါနိ ၂၇-၃၄-၆၈
စတ္တာရိမာနိ ဘိက္ခဝေ အစိန္တေယ္ယာနိ ၉၂
စတ္တာရော ခန္ဓာ အရူပိနော ၇၈(၃)
စတ္တာရော မေ ဘိက္ခဝေ သညာ
ဝိပ္ပလ္လာသာ ၉၃-၁၄၇
စတုဂီရိ ရှုဖွယ်ကျမ်း ၄၁
စတုတ္ထနှိပ်ခြင်း ၆၇
စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ ၁၁၆
စာခံနေတယ် စာတတ်ဖို့မလို ၃၆
စေတနာ သဒ္ဓါတရားထက်သန်စွာ ၁၁၄
စိတ် ၈၉-လုံး ၁၅၇
॥ ကို စောင့်ရှောက်ရာ၏ ၁၅၇
॥ စေတသိက် ရုပ် နိဗ္ဗာန်ဟူသော ၁၆၅
॥ စေတသိက် ရုပ်တို့သည်
တစ်လုံးခြင်း မဖြစ် ၇၇
॥ တစ်လုံး တစ်လုံး၏ သတ္တိ ၁၅၇
॥ မှ ခန္ဓာငါးပါးသို့ ဝိပဿနာတက်ပုံ ၁၅၉
॥ မိုက်တို့ကို ချက်ချင်း ပယ်နိုင်သော ၅၅
စိတ္တက္ခဏမ္ပသာ အသက်ရှင်ပုံ ၁၀၄-၁၅၇
စိတ္တက္ခဏိက် သတ္တာနံ ဇီဝိတံ
(ဇ၀ မေ၀ ဇက) ၁၀၅
စိတ္တ ဝိပလ္လာသ ၉၄-၁၄၇
စိတ္တာလက်ာရ စိတ္တပရိက္ခာရ် ၁၄၄
॥ ॥ စိတ္တပရိက္ခာရတ္ထ ၁၄၄
စိတ္တုပ္ပါဒမ္မိ ခေါ အဟံ စုန္ဒ ၂-၇၁
စိတ္တေန နိယ္ယတိ လောကော ၁၀၀
စိတ္တံ ရက္ခေထ မေဓာဝီ ၁၅၇
စုလ္လာသီတိ သဟဿာနိ ၁၅၈
စူဠသောတာပန်ဖြစ်လျက် ၇၀
စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းကို ၈၈

(ဆ)

ဆရာကိုလည်း ကဲ့ရဲ့အပ်၏ ၁၆၃(၁၅)
ဆရာ ကောင်းရရှိရန် ၃၄-၆၈
ဆရာ အစစ်ထက် ရမ်းပြဆရာက ပိုနေ၏ ၂၂
ဆွဲထုတ်တော်မူ၏ ၁၆၃(၆၆)
ဆင်းရဲစွာ နှလုံးမသာခြင်းဖြင့် ၁၁၇
ဆယ်တန်းစာမေးပွဲ ၇၀
ဆန္ဒရဟန်းအား ပြဟ္မဒတ် ပေးအပ်၏ ၁၆၃(၁၇)
ဆန္ဒ ဖယောယတနာနံ(ယောဟိ. .) ၈၂

(ဇ)

ဇာနတော (ကထံ နု ခေါ ဘန္တေ) ၁၁၅
ဇာနတော ဟံ ဘိက္ခဝေ ပသ္သတော ၉၃-၁၀၉
ဇာနာတိ-သိခြင်း ၁၄၇
ဇေတဝန်ကျောင်းတော်ရှိ ၁၀၆

(ဉ)

ဉာတပရိညာ ၇၄
ဉာဏ်စဉ် ၁၆-ပါး ၁၃၅
ဉာဏ်ပညာ မတိုးတက်ခြင်း ၁၃၇
။ အထွဋ္ဌအထိပ် ၈၈

(ဌ)

ဌာနံ ဟိ မညတိ ဗာလော ယာဝပါပံ ၁၃၆

(တ)

တကာကြီး ဦးစိန် ၅၈
တစ်ကျမ်းမြင်ရုံ ကျမ်းမစုံ ၁၄၁
တဏှာ ဇနေတိ ပုရိသံ ၁၃၈
။ ဒုတိယော ပုရိသော ၁၀၈
။ နှင့် အဝိဇ္ဇာကိုသတ်ရမည် ၂၀
။ မကပ်ငြိအောင် နေရမည် ၁၄၆
။ ယ နိယတိ လောကော ၁၃၇
။ ၏ အလိုသို့ ၁၃၇
တတ္ထ ကတမံ နာမံ ၁၅၁
။ ကာမံ သောဏသိင်္ဂါလာဒယောပိ ၇၆
။ ဝုတ္တာ ဘိခမ္ဘတ္ထာ ၄၂-၆၉-၁၂၃
တထာဂတပ္ပဝေဒိတသု ၂၄-၁၄၀-၁၆၅
တပေါ စ ပြဟ္မစရိယဉ္စ ၁၅၃
တပည့်ကိုလည်း ကဲ့ရဲ့အပ်၏ ၁၆၃(၁၅)
တရားကိုလည်း ကဲ့ရဲ့အပ်၏ ၁၆၃(၁၅)
။ ကိုလိမ်၍ ဟောလျှင် ၈ရဲ ၉၂
။ ကျင့်သူသည် မြတ်၏ ၃
။ တော်ကို သိရန်မလွယ် ၁၆၄
။ ရကြောတွင် ပုဂ္ဂိုလ် ၄-မျိုး ၉၁
တစ်လံမျှလောက်သော(ယခုသော်) ၁၂၉
တသ္မာတိဟ ဘိက္ခဝေ ယံ ကိဉ္စိ ၆၄
တာ သတ္ထာပိ မဂ္ဂါ ဝရဏာ ၃၀-၆၀
တိဝိဓေ သုဂတိ ဘဝေပိ ၄၅-၁၀၆
တိသော ဣမာ ဘိက္ခဝေ ဓာတုယော ၁၂၁
တိရဏ ပရိညာ ၇၄
တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ ၉၄
တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ ၁၅၃
။ ။ ။ ဒုက္ခ သမุဒယံ ၂၁-၂၂
တံ ပသ္သန္တော ရူပါရူပတော ၈၆

(ထ)

ထောက် ထောက် (အနုပုဗ္ဗေန မေဓာဝီ) ၁၃၅
ထောက်ပံ့ခြင်း ၂-မျိုး ၁၃၆

(ဒ)

ဒါန သီလ သမထတို့ထက် သာ၍ ၉
ဒိဋ္ဌိဝိပလ္လာသ ၉၄-၁၄၇
ဒိဋ္ဌိဝိသုဒ္ဓိ ၇၀
ဒိဋ္ဌပါဒါန် ၃၁
ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ ၇၄-၁၄၆
ဒိဋ္ဌံ ဒိဋ္ဌတော သဇ္ဇာနာတိ ၇၄-၁၄၇
။ ။ အဘိဇာနာတိ ၁၄၇
ဒု + ခ = ဒုက္ခ ၁၃၉
ဒုက္ခကိုသိမှ နိဗ္ဗာန်ကို လိုချင်သည် ၁၄

http://www.dhammadownload.com

ဒုက္ခကို သုခဟု အမှတ်မှား၏ ၉၄
ဒုက္ခတော အနုပဿနော ၁၀၅
ဒွေမာဘိက္ခဝေ ၁၃၀
ဒုက္ခမေဝဟိ သမ္ဘောတိ ၁၆-၈၀
ဒုက္ခမေဝ ဥပ္ပဇ္ဇာမာနံ ၁၆-၈၁
ဒုက္ခဝေဒနာ ဖြစ်သော် ၇၃
ဒုက္ခသာ ရှိ၏ (လူ နတ် ပြဟ္မာ မရှိ) ၁၄
ဒုက္ခသင်တန်း တက်နေကြ၏ ၁၅
ဒုက္ခဿ ဘိက္ခဝေ သမုဒယဉ္စ ၁၀၈
ဒုက္ခေ ဉာဏ် ဒုက္ခသမုဒယေ ဉာဏ် ၁၁၂
॥ လောကော ပတိဋ္ဌိတော ၁၇-၁၄၀
॥ အညာဏ် ဒုက္ခသမုဒယေ ၁၁၁
ဒုက္ခံ ဒုက္ခန္တိ ဘန္တေ ဝုစ္စတိ ၁၆
ဒုက္ခံ ဒုက္ခ သစ္စန္တိ၊ အာမန္တာ ၁၉-၇၂-၁၅၂
ဒုလ္လဘတရားငါးပါး ၁၄၀
॥ တရားတော် ၁၆၅(၂)
ဒူရင်္မ ဧကစာရံ ၅၆-၁၀၀
ဒေဝဒတ်၏အမူအကျင့် ၁၆၃(၁၈)
ဒိန္နံ စိတ္တာနံ ဧကဂ္ဂေ ၁၀၃
ဒိန္နဉ္စ စိတ္တာနံ ဧကဂ္ဂေ ၁၀၃-၁၅၈

(ဓ)

ဓမ္မကထိကော ဓမ္မကထိကောတိ ၃၅
ဓမ္မကို အဓမ္မဟု ပြ၏ ၁၆၂(၉)
ဓမ္မဋ္ဌိတိဉာဏ် ၈၄
ဓမ္မ ဝိဟာရီ ၁၀-၉၀
ဓမ္မ ဝိဟာရီပုဂ္ဂိုလ်နှင့်နောဓမ္မဝိဟာရီ ၈၆
ဓာတ်သုံးပါး (တိသောဂ္ဂမာ) ၁၂၁
ဓမ္မံ ဥတ္တာ ၇၅-၁၄၂

(နာ)

နာ တာဝတာ ဓမ္မဓရော ၈၇
နာ တေ ကာမယာနီ စိတ္ကြာနီလောကေ ၁၀၀
နာ ဘိက္ခဝေ ဟီနေန အဂ္ဂဿ ၁၂၈
နာ မေ အာစရိယော အတ္ထိ ၁၅၀
နာ ရဇ္ဇတိ နာ ဒုဿတိ နာ မုယ္ယတိ ၁၄၆
နာ ယိမေ ဘိက္ခဝေ ပုဂ္ဂလာ ၇၁
နာမရူပ ပရိစ္ဆေဒဉာဏ် ၇၀-၇၆-၁၃၅
နာမံ သဗ္ဗံ အဒ္ဓ ဘဝိ ၁၃၈
နာမည်အလိုသို့ ၁၃၈
နာမ်သည်လည်းကောင်း၊ ရူပ်သည်လည်း
ကောင်း အဘယ်အရပ်၌အကြောင်းမဲ့
ချုပ်သနည်း ၁၅၅
နာယံ ဘိက္ခဝေ ကာယော တုမှာကံ ၁၁၂
နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ ၅၁
နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ
သမထ ဝိပဿနာအစွမ်း ၅၆
နာဟံ ဘိက္ခဝေ အညံ. . ဘာဝိတံ ၁၀၃
॥ ॥ ॥ . . အဘာဝိတံ ၁၀၂
॥ ॥ ॥ ဧကဓမ္မမ္ပိ. . ယံ ဧဝံ
လဟုပရိဝတ္တံ ၇၁
နတ္ထိ ခန္ဓသမာ ဒုက္ခာ ၁၇-၁၅၂
॥ သန္တိပရံ သုခံ ၁၇-၁၅၂
နိမိနံဝ ပဝတ္တာရံ ၁၅၁
နိဗ္ဗာပါရဒ္ဓေန အနတ္တာ ၁၆၀
နိရောဓသစ္စံ ဗဟိဒ္ဓါ ၁၂၇
နိရောဓ ထိုက်သော နိဗ္ဗာန်သည် ၁၂၃
နိရောဓော နိရောဓသစ္စန္တိ ၁၃၁
နိရောဓ သမာပတ် ဝင်စားရာ၌ ၈၂
နေယျပုဂ္ဂိုလ် ၉၁
နှာသီးဖျားဌ်လည်းကောင်း ၅၁
နွားကျောင်းသမား ၇
ဏ္ဍထရွန် ၉၇
နတ်တို့သည် သာဓုမခေါ် ၈၆-၈၇
နတ်သား(လောဟိတ) ၁၂၉
နိဗ္ဗာန် ၁၂၃
॥ ကို မျက်မှောက်ပြုရာ ၁၅၄
॥ ကို သဘောကျနိုင်ရန် ၁၅၂
॥ ကို သာမန်ပုထုဇဉ်တို့ ၁၂၅
॥ ကို အလိုရှိသူသည် ၂၀
॥ သည် အဖျတ္တလော ၁၂၃
॥ သည် အမြတ်ဆုံး ၁၂၆
॥ လည်း နာမ်တရား(တတ္ထ) ၁၅၁
॥ လည်း အနတ္တ(အနိစ္စာသဗ္ဗေ. .) ၁၂၁

http://www.dhammadownload.com

နိဗ္ဗာန် သို့ ရောက်ရှိရေးအတွက် ၁၅၂
॥ အတွက် စာဖတ်ရခြင်း ၁၁၉
॥ အတွက် နောက်ဆက်တွဲ ၁၅၁
॥ အတွက် သိစေလိုပြန်သည်မှာ ၁၅၃
ဇွေအခါ လေပြင်းထန်စွာ (အိုရဟန်းတို့) ၁၁၀
နောက်ဆက်တွဲ ၁၃၃
နှောင်ဖွဲ့သလော(သံယောဇဉ်) ၁၀၂

(ပ)

ပကာသနီယက် ၁၆၃(၁၈)
ပဇာနာတိအတွက် ၇၇-၁၄၇
ပဋ္ဌာန်ဒွေ ရူပဘဒ္ဒေ ဝေဒနာဘဒ္ဒေ ၁၂၄
ပဋ္ဌာန်ဒွေ အနိစ္စတော ဒုက္ခတော ၆၄
॥ အနိစ္စတော ပဿဒ္ဓော ၁၀၆
ပညာ ပရိဘာဝိတ် စိတ္တံ သမ္မဒေဝ ၉၁
ပညာဖြင့် မစူးစမ်း မဆင်ခြင် ၁၄၁
ပညာရှိ သူတော်ကောင်းသည် ကဲ့ရဲ့ထိုက်
သူကို ကဲ့ရဲ့၏ ၁၆၂(၈)
ပညတ္တိ ဗဟုလော နောဓမ္မဝိဟာရီ ၉၀
ပညတ်နှင့် ပရမတ် ၁၅၅
ပဋ္ဌာစာရီ အမျိုးသမီး ၄
ပဋိစ္စသမုပ္ပါဒ် တရားတော်၌ အထူး ၁၁၁
॥ ॥ ကို နားလည်သော် ၄၄
॥ ॥ တရားနှင့် နိဗ္ဗာန် ၂၄
၂၄-၄-၆၃ ပထမ နှိပ်ခြင်း ၆၇
ပထဗျာ ဧကရဇ္ဇေန ၃
ပထဝီဓာတ်ဆိုသည်မှာ ကေသာ ၆၁
ပဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ ၁၀၁
ပရမာဏုမြူနှင့် အက်တွမ် ၉၆
ပရမတ္ထတော အဝိဇ္ဇမာနာပိ ၉၅-၁၆၇
॥ သဘာဝကို ပိုင်နိုင်ရ၏ ၃၉
ပရမတ်သင်မှ နားဝင်မည် ၄၁
ပရိညာဉာဏ် ၇၃-၇၄
ပရိယတ္တိ ဗဟုလော နော ဓမ္မဝိဟာရီ ၉၀
ပဿမ္ဘယ် ကာယ သခါရံ ၅၂-၁၁၀
ပဟာန ပရိညာ ၇၄
ပါပသို့ ရမတိ မနော ၁၄၆
ပါဠိတော် အရပ်ရပ်ကို သင်ယူ၏
ယင်းသို့ ၁၄၁
ပုဆိုးကိုလည်းကောင်း (အို-ရဟန်းတို့) ၁၁၇
ပုည သမ္ဘာရ ပါရမီ ၁၄၂
ပုတ္တ မတ္ထိ ဓနမတ္ထိ ၁၅-၄၀-၇၂-၁၄၄
ပုထုဇဉ် နတ် ပြဟ္မာတို့မှာ အပါယ်လေးပါး ၃
॥ ပုဂ္ဂိုလ်တို့သည် ရှုပါရုံ ၁၂၈
ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ၁၄၈
ပုဗ္ဗ မုဠ္ဆ ပရ ၁၄၁-၁၄၂
ပုရိမ ကမ္မ ဘဝသို့ ၄၉-၁၁၃
ပုရိမံ ဘိဇ္ဇတေ စိတ္တံ ၁၀၃-၁၅၈
ပေါ်ဒြိလ မထေရ် ၆
ပင်ပန်းဆင်းရဲခြင်း မဖြစ်စေရ ၅၂
ပျင်းရိနေခြင်း ၁၂၀

(ဖ)

ဖဿာယတနာနံ (ယောဟိ) ၈၂
ဖဿံ ဖုဿ ၇၅
ဖီလိုဆိုဖီ ၂၉
ဖွားဖက်တော်အရှင်ဆန္ဒက ၁၆၃(၁၇)

(ဗ)

ဗဟုမ္ပိ စေ သံဟိတဘာသမာနော ၇
ဗာလ ပဏ္ဍိတသုတ် ၁၂
ဗာဟိယ ဒါရုစီနှင့် မာလုက္ကျပုတ္တ ၇၅
ဗုဒ္ဓ စန္ဒေ အနုပ္ပန္နေ ၁၁၉-၁၅၆
ဗုဒ္ဓဘာသာ(ဘာသာကြီး ၄-ဘာသာ) ၁၃၇
ဗုဒ္ဓဘာသာဝင်တိုင်း လိုက်နာရမည် ၈၆
ဗေဒင်ဆရာဟောနည်း ၃၆
ဗျာပါဒဌာနိယာနံ ဘိက္ခဝေ ဓမ္မာနံ ၁၀၁
ဗြာဟ္မဏ ဘာသာ ကမ္ဘာအစ ၁၃၇

(ဘ)

ဘာကစပြီး လူတွေဖြစ်လာသလဲ ၁၆၄-၁၇၁
ဘာသာကြီး ၄-ဘာသာ ၁၃၇

http://www.dhammadownload.com

ဘုရား တရား သံဃာကို
အပြစ်ပြောဆိုသော် ၁၆၂(၁၁)
ဘုရားပွင့်ရန်မလို (၈) ၂၀
ဘူတေ ဘူတတော သဠာနာတိ ၇၃
ဘောဂေနပိ (အာယုနာပိ) ၈၉
ဘဒ္ဒကမ္ဘာ ၁၄၅

(မ)

မကြိုက်လျှင် ဒေါသ ၇၃
မချီးမွမ်းထိုက်သူ၏ဂုဏ် ၉၂
မခက်တော့ပြီ ၂၂
မစူးစမ်းမဆင်ခြင် (ပညာဖြင့်) ၁၄၁
မစင်ကြယ်သောရဟန်းကို ၁၆၃(၁၆)
မနဒ္ဓ ဘိက္ခဝေ ပဋိစ္စ ဓမ္မေစ ၉၈-၁၄၃
မမှန်သောတရားတည်း ၁၆၂(၁၀)
မလိုက်စားအပ်သော အဂတိတရား ၁၆၂(၇)
မဟာကပ္ပိန (မဟာဝဂ္ဂသံယုတ်) ၁၁၁
မဟာပဒေသတရား ၄-ပါး ၂၅-၈၆-၁၅၁
မဟုတ်မမှန်သောတရားများဖြစ်ပါက
ဆရာကိုလည်း ကဲ့ရဲ့အပ်၏၁၆၃(၁၅)
မာ ဘိက္ခဝေ ပါပကံ အကုသလံ ၁၆၈
မာဝမညေထ ပုညဿ ၁၃၅
မာဟေဝံ အာနန္ဒ ၁၁၁
မဂ္ဂါဝရဏာ နိ သဂ္ဂါဝရဏာ ၆၀-၁၂၀
မဂ်တု ဖိုလ်တု ကမ္မဋ္ဌာန်းတု ၂၅
မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တစ်ဦး
ဖြစ်ပေါ်လာသည်ရှိသော် ၁၆၁(၃)
မိစ္ဆာပဋိပဒါ(ကတမာ စ ဘိက္ခဝေ) ၁၂၁
မိဘကျေးဇူးဆပ်နည်း ၇
မိဘ ၂-ပါး ၁၂၀
မိမိတို့၏အမှားကို ပြင်ပေးသောအခါ ၁၄၉
မိမိအလိုရှိသည်ကို ပြည့်စုံစေလိုလျှင် ၈၉
မောဟမဖြစ်စေရန် ၁၄၆
မံသစက္ခုသ အာပါထံ နာဂစ္ဆတိ ၉၇
မည်သည့်ပုဂ္ဂိုလ်က
ဟောသည်ဖြစ်စေ ၁၆၁(၆)
မြင်လျှင် မြင်တယ် မြင်တယ် ၁၄၉
မြင်သိစိတ် (မြှားဇယား) ၄၈
မျက်နှာပြင်အောက်သို့ ကြည့်ပါ ၁၅၆
မျက်ရည်တွေ ချောင်းစီး၏ ၁၆၆(၅)
မှတ်နေသောနည်း ၁၄၆
မှန်သောတရားတည်း ၁၆၂(၁၀)
မျိုးစေ့ သစ်ပင် စသည်တို့၏ ၁၆၉

(ယ)

ယထာဘူတဉာဏ် ၈၄
ယတော ယတော သမ္မသတိ ၁၃၆
ယတ္ထ အာပေါ စ ပထဝီ ၁၂၃
ယဒိယံ အဝိဇ္ဇာပစ္စယာ ၁၁၂
ယာဒိသံ ဝပတေ ဗီဇံ ၁၃၇
ယာဝတာ ဘိက္ခဝေ ဓမ္မာ ၁၂၆
ယေစ ခေါ ကေစိ ဘိက္ခဝေ ၈၁
ယေ ဘိက္ခဝေ ဝိရာဂေ ဓမ္မေ ၁၂၆
ယော ခေါ အာနန္ဒ ဘိက္ခု ဝါ ၁၀-၇၂
ယော ဂါ ဝေ ဇာယတေ ဘူရိ ၆-၈၇
ယော ဂီ သိရမည့် အနတ္တသဘာဝ ၉၃
ယော စ ဝဿသတံ ဇီဝေ ၄-၇၁
ယော စာယံ အတ္တကိလမထာ ၅၄
ယော ဝေါ အာနန္ဒ ၁၅၀
ယော သဟဿံ သဟဿေန ၉၁
ယော ဟိ ကောစိ ဘိက္ခဝေ ဘိက္ခု
ဆန္ဒံ ဖဿာ ယတနာနံ ၈၂
ယံ ပဿတိ နတံ ဒိဋ္ဌံ ၄၃-၉၆
ယံ ရူပံ နိဿာယ မနောဓာတု စ ၁၅၉
ယမ္မိ ဘိက္ခဝေ နိ တုမ္ဟာကံ တံ ပဇဟထ ၁၀၆
ယုံမှားခြင်း ၁၆-ချက် ကင်း၏ ၄၄

(ရ)

ရထရေဏုမြူ ၉၆
ရဿံ ဘောတ္ဝာ ၇၅

http://www.dhammadownload.com

ရဟန်းတို့ သာသနာတော်မှတစ်ပါးသော
အယူရှိကြသည့် ၁၆၂(၁၄)
။ ။ အနာဂတ်ဘေး ၁၆၁(၁)
။ သည် လူထွက်၏ ၉၀
ရာဂကို ပယ်ရန် အသုဘကို ပွားရမည် ၅၅
ရူပါ ရူပတော (တံ ပဿတော) ၈၆
ရူပ် (ကတမဠ္ဆ ဘိက္ခဝေ) ၉၅
။ ခေါ် ရာဓ ဒုက္ခ ၁၆
။ ဒိသွာ သတိ မုဋ္ဌာ ၇၅
။ နှ သတ္ထော နှ ဇီဝေါ ၄၀-၆၁
။ ဘိက္ခဝေ အနတ္တာ ၃၂
။ ဘိက္ခဝေ အနိစ္စ၊ ယဒနိစ္စ ၉၄
။ ။ ။ ယောပိ ဟေတု ၉၄
။ အတ္တတော သမနုပဿတိ ၈၄
။ အတ္တိတာ နာဂတပစ္စုပ္ပန္နံ ၆၃
ရေတွက်ခြင်း ဂဏနာနည်း ၅၈
ရောဟိတ နတ်သား (အို-ဒါယကာ) ၁၂၉
ရင်းစားပြန်လည်ရရှိရန် မလွယ်ကူ ၁၄၂
ရှိတာလည်းမှန်၏၊ မရှိတာလည်းမှန်၏ ၁၆၄
ရှေအိုးကို ၁၅၁
ရုပ်တရားတို့သည် တစ်လုံးချင်းမဖြစ် ၇၇
ရုပ်နှင့်နာမ် သဘာဝမမှန်သော ၈၇
ရုပ်သည် သတ္တဝါမဟုတ် ၄၀

(လ)

လူတွေ မကုန်သေးဘူးလား ၁၆၅(၁)
လူ နတ်ပြဟ္မာ သတ္တဝါ မရှိ ၁၄
လူ မရှိဘဲလျက် လူရှိနေ၏ ၁၆၄-၁၇၁
လူ မိုက်သည် သင့်လျော်သော ၁၃၆
လူ ဟူသည် ပရမတ်ဓာတ်သားတို့၏ ၄၂
လေးနက် ထိရောက်စေရန်၊ စူးရှစေရန် ၈၈
လောကော လောကောတိ ဘန္တေ ၁၃၉
လျှူသော ငါဆိုသည်မှာလည်း ၁၁၄
လက်မောင်းကို ကိုင်၍ အပြင်သို့ ၁၆၃(၁၆)
လယ်လုပ်မခက် လည်တည်ခက် ၄၅
လှည်းခေါ်ရခြင်းမှာ ၄၃
လိုရာကို ရလိုလျှင် ၄

(ဝ)

ဝမရှိဘဲ ဝိမလုပ်သင့် ၄၇
ဝက္ကလိသုတ် ၉
ဝဏ္ဏသံသရာ ရှည်မင်းစွာ၌ ၂၄
ဝဏ္ဏနပိ-အဆင်းအားဖြင့်လည်း ၈၉
ဝဏ္ဏော ဂန္ဓော ရသော ဩဇာ ၉၅
ဝိဇ္ဇမာန ပညတ် ၁၃၈-၁၅၆
ဝိဇ္ဇာ စရဏ သမ္ပန္နော ၃
ဝိညာဏ် ဝဒေထ (ကိဠ-ဘိက္ခဝေ) ၁၀၄
ဝိတက္ကဗဟုလော နော ဓမ္မဝိဟာရီ ၉၀
ဝိညာဏ် အနိဒဿနံ ၁၅၄
ဝိပဋ္ဌိတညျုပုဂ္ဂိုလ် ၉၁
ဝိပဿနာ ခရီးမွမ်းခန်း ၁
။ ကို မပွားစေလင့်ဦး ၃၁
။ ပွားများနည်းအစ ၆၂
။ ပွားများရာ၌ လူမရှိ ၆၈
။ ။ လွယ်ကူစေရန် ၁၆၄
။ မစမီ ၂၈
။ သင်ပုန်းကြီး ၆၉
။ အဖို့ ဖတ်ရန်စာ ၃၆
။ ၏ အာရုံဘူမိ မှန်ပါမှ ၁၅၆
ဝိမောက္ခသုံးပါး ၁၅၂
ဝိရာဂါ နုပဿီ အဿသိဿာမီတိ
သိက္ခတိ ၁၁၁
ဝိလုမ္ဗတေဝ ပုရိသော ၁၃၆
ဝိထိစိတ်အစဉ်ဖြင့် ရှင်းပြပေးရန် ၁၀၄
ဝေဒနာတို့၏ဖြစ်ကြောင်းကိုလည်းကောင်း ၈၁
ဝေဒနာ ပရိညာယ-(သော) ၈၁
ဝေဒနာ ယ (သုခါယ ဘိက္ခဝေ) ၈၁
ဝေဒနံ ဝဒေထ (ကိဠ ဘိက္ခဝေ) ၁၀၄
ဝေပုလ္လသုတ် ၁၀၇
ဝေလာမသုတ် ၈

http://www.dhammadownload.com

(သ)

သက္ကာယဒိဋ္ဌိသည် ဖြစ်ပါသနည်း ၈၄
သခ်ၦာ၀ သခ်ၦရေ ၀ိပဿနာ ၃၀-၄၈
သခ်ၦရေ ၀ေဒထ (ကိ၆. .) ၁၀၄
သဂါထာ၀ဂ္ဂသံယုတ်ပါဠိတော် ၃၇
သဂြိုဟ်ကျမ်းကို အထင်သေးကြ၏ ၁၆၅
သယ်ဘဋ္ဌ ပတ္တ စီ၀ရ ဓာရကော ၇၆
သစ္စာနုလောမိကဉာဏ် ၁၁၄
သစ္စာလေးပါးကို မသိခြင်းသည် ၁၁၇
" " " သိရှိရန် အသက်ကို ၁၁၆
သဏ္ဌာယ ဗဟုလော နော ဓမ္မ၀ိဟာရီ ၉၀
သဠာနာတိ-မှတ်ခြင်း ၁၄၇
သညာ၀ိပလ္လာသ ၉၄-၁၄၇
သညာ ဝေဒယိတ နိရောဓံ ၈၃
သည် ဝေဒထ (ကိ၆. .) ၁၀၄
သတိပဋ္ဌာန် ဘာ၀နာသည် မဖြစ် ၇၇
သတ္တိယာ ဝိယ သြမဋ္ဌော ၃၂-၈၄
သဒ္ဒ သုတ္တာ ၇၅
သန္ဓိကေ နိ ဝိဇ္ဇာနန္တိ ၁၂၈
သဗ္ဗကာယ ပဋိသံ၀ေဒီ ၅၂-၅၉-၁၁၀
သဗ္ဗ ဒါနံ ဓမ္မဒါနံ ဇိနာတိ ၈၅
သဗ္ဗ ရသံ ဓမ္မရသော ဇိနာတိ ၄၅-၁၁၇
သဗ္ဗညုတဉာဏ်(အနာ၀ရဏ) ၈၃
သဗ္ဗေ ဓမ္မာ အနတ္တာတိ ၁၄၅
" သခ်ၦာ ဒုက္ခာတိ ၁၄၅
" " အနိစ္စာတိ ၁၄၅
သမဏသုတ် ၁၂
သမထ လေးဆယ် ၂၈
" နှင့်ဝိပဿနာ ကွာပုံ ၅၈
" " " မတူ ၂၈
" ဝိပဿနာ၏အစွမ်း ၅၆
" ယာနိကနည်း ၂၈
သမာဓိ ပရိဘာ၀ိတာ ၉၁
သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် ၇၀
သမ္မာဒဿနဉာဏ် ၈၄
သမ္မာ ဒိဋ္ဌိ သမ္မာဒိဋ္ဌိတိ ဘန္တေ ၈၀
" " အယူရှိသော ပုဂ္ဂိုလ် ၁၆၁(၄)
သမ္ပတိသစ္စာ (သမုတ်ရှိ) ၁၅၅
သမ္ပတိသစ္စာနှင့် ပရမတ္ထသစ္စာ ၁၆၅(၃)၁၅၆
" " နှင့် ပရမတ္ထသစ္စာကွဲရ၏ ၁၆၄
သရာဂ ၀ါ စိတ္တं သရာဂ စိတ္တန္တိ ၁၅၉
သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၃၄
သဉ္ဇပါဒိသေသနိဗ္ဗာန် ၁၃၀
သာရိပုတ္တရာ ဒေ၀ဒတ်နောက်သို့ ၁၆၂(၁၂)
" မောဂ္ဂလာန်တို့ ၁၆၂(၁၃)
သာသနာကို တည်တံ့စေသည် မည်၏ ၁၆၂(၁၀)
" ကို ပျောက်ကွယ်စေသည် မည်၏ ၁၆၂(၉)
" တော်မြတ်ကြီး သန့်ရှင်းစွာ တည်ရှိရေး ၁၆၁
" ပြု စေလွှတ်ကြရာတွင် ၁
သိတာကနာမ် မသိတာကရုပ် ၈၄
သိက္ခတိတိခေါ ဘိက္ခု တသ္မာ ၇၁
သီလပရိဘာ၀ိတော သမာဓိ ၉၁
သီလဗ္ဗတုပါဒါန် ၃၁
သီလ၀ိသုဒ္ဓိ, စိတ္တ၀ိသုဒ္ဓိ ၆၉
သီလေ ပတိဋ္ဌာယ နရော ၃၈
သုခ၀ေဒနာ ဖြစ်သော် ၇၃
သုခါ ဘိက္ခ၀ေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ ၈၁
သုခါ ယ ဘိက္ခ၀ေ ဝေဒနာယ ၈၁
သုညတ ဝိမောက္ခ ၁၅၂
သုညတ သမာဓိ ၁၅၃
သုညော လောကော ၁၃၉
သုတမယဉာဏ်အားဖြင့် ၁၂၅
သုတं သုတတော သဠာနာတိ ၇၅
သုတ္တ သုတ္တာနုလောမ ၁၅၁
သုဒ္ဓ သခ်ၦရ ပုဗ္ဗောယ် ၄၃-၈၀
သူတော်ကောင်းအကျင့် ၁၁
သူတော်ကောင်းဥစ္စာ ၇-ပါး ၁၃၅

http://www.dhammadownload.com

သေပြီးသည်မှ နောက်၌မဖြစ် ၁၆၈
(သေရန် လူမရှိခြင်းကြောင့်) ၁၆၇
သေသည်မှနောက်၌ ဖြစ်မဖြစ်ကို
ကြံလျှင် အကုသိုလ် ၁၆၇(၇)
သေသည်မှ နောက်၌ ဖြစ်မဖြစ်ကို
မဟောကြား ၁၆၇(၆)
သောက ပရိဒေဝါနံ သမတိက္ကမာယ ၈၈
သောတာပန်မြတ်ခြင်း ၃
သောဝစဿတာဂုဏ် ၁၄၉
သောဝတ ဘိက္ခဝေ ဘိက္ခု ကိဠိ
ဓမ္မံ အတ္တတော ၃၃-၄၅-၁၂၀
သော ဝေဒနာ ပရိညာယ ၈၁
သံ-ကောင်းစွာ ၁၄၈
သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ ၁၄၀
သံ-ပ-ဇာန-ကာရီ-ဟောတိ ၁၄၈
သံယောဇဉ် ၁၀-ပါး ၁၀၁-၁၀၂
သံသရာ၏အစကို မသိနိုင် ၁၆၈
။ ၏အစ မဟုတ်ခြင်း ၁၇၀
သွားတယ် သွားတယ် ၇၇
သင်တို့၏ ဥစ္စာမဟုတ် ၁၁၂

(ဟ)

ဟန္တာ လဘတိ ဟန္တာရံ ၁၃၆
ဟိုက်ဒရိုဂျင် ၉၇

(အ)

အကုသလာ ဓမ္မာ ၄၂
အကုသလော ဓမ္မော ကုသလဿ
ဓမ္မဿ ၇၉(၈) ၁၅၉
အကုသလော ဓမ္မော
အကုသလဿ ဓမ္မဿ ၇၉(၇)
အကုသိုလ်စိတ်မှ ကုသိုလ်စိတ်သို့ ၁၅၈
အကျင့်မခက် အသိခက်၏ ၄၅
အကောင်းဆုံး အတိုဆုံး ၆၇
အဂတိတရားလေးပါး မလိုက်စား ၁၆၂(၇)
အဂ်ါဇာတ်ကို ဖြတ်၏ ၁၅၀
အစွမ်းမ်ဘာသာ ၁၃၇
အစ္ဆရာ သယ်ာတမတ္တမ္ပိ ၈
အဆပေါင်း ၁၈၀၀-ကျော် ၉၇
အက်တွမ် ၉၆
အက်တွမ်ဖြူကလေးများ ၉၇
အမ္ပတ္တလေးမျိုး ၁၂၉
အတ္တဒတ္ထမထေရ် ၅
အတ္တနော သဘာဝ ဓာရေတီတိ ၆၂-၁၀၃
အတ္တ နှင့် အနတ္တကွဲ ၃၉-၁၂၀
အတ္တ ။ ။ မကွဲလျှင် ၃၁
အတ္တ ။ ။ အရေးကြီးခြင်း ၈၃
အတ္တ ဝါဒုပါဒါန် ၃၁-၁၂၀-၁၆၁(၂)
အတ္တာနမေဝ ပထမံ ၁၃၆
အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ ၁၂၅
အတီတေ ဟေတဝေါ ပဋ္ဌ ၄၉-၁၁၃
အတ္တေန ဝါ အတ္တနိယေန ဝါ ၁၄၀
အထင်သေးကြ၏ ၁၆၅
အဒဿနတော အာယန္တိ ၉၈-၁၀၅
အဒ္ဒသံ ကာမ တေ မူလံ ၁၀၀
အဒုက္ခ မသုခ ဝေဒနာဖြစ်သော် ၃၃
အဓမ္မကို ဓမ္မဟုပြ၏ ၁၆၂(၉)
အဓိပ္ပါယ် မထိရောက် မစူးရှ ၈၃
အနနုဝိစ္ဆ အပရိယောဂါ ၉၂
အနမတဂ္ဂေါယံ ဘိက္ခဝေ ၂၁-၁၆၈
အနာဂတ်ဘေး (ရဟန်းတို့) ၁၆၁(၁)
အနာထပိဏ်သူဌေးဖိနိုပ်ခြင်း ၁၆၂(၁၄)
အနာဝရဏဉာဏ်, သဗ္ဗညုတ ၈၃
အနတ္တကို အတ္တဟု ၉၄
အနတ္တတော အနုပဿန္တော ၁၀၅
အနိစ္စကို နိစ္စဟု အမှတ်မှား ၉၄
အနိစ္စတော အနုပဿန္တော ၁၀၅
အနိစ္စလက္ခဏ် ဒုက္ခလက္ခဏ် ၆၂
အနိစ္စာနုပဿသီ အဿသိဿာ
မီတိ ဘိက္ခတိ ၁၁၀

http://www.dhammadownload.com

အနိစ္စာဝတ သခ်ၤရာ၊ ဥပါဒဝယ
ဓမ္မိနော ၁၀၀-၁၀၇-၁၄၆
အနိစ္စာသင္ခ သခ်ၤရာ ၁၂၁
အနိစ္စံ ခယၡေန ဒုက္ခံ ဘယၡေန ၆၃
အနိန္ဒြိယဗဒ္ဓ ရူပဗ္ဗ နိဗ္ဗာနဗ္ဗ ၁၂၇
အနိမိတ္တ ဝိမောက္ခ ၁၅၂
။ သမာဓိ ၁၅၃
အနုပါဒိသေသနိဗ္ဗာန် ၁၃၀
အနု ပုဗ္ဗေန မေဓာဝီ ၁၃၅
အနုမာန သိဒ္ဓိအားဖြင့် ၁၂၅
အနု မြ-ပရမာနုမြ ၉၆
အနု သယ ၇-ပါး ၁၂၂
အနု သာသနီနည်း ၈၅
အန္ဓော ဇဋာ ဗဟိ ဇဋာ ၃၈
အပ္ပဏိဟိတ ဝိမောက္ခ ၁၅၂
။ ။ သမာဓိ ၁၅၃
အဖော်မပါ နိဗ္ဗာန်ရွာ ၁၂၈
အဗ္ဘာစိက္ခန္ဓိ ၇၇
အဗျာကတာ ဓမ္မာ ၄၂
အဗျာကတော ဓမ္မော ကုသလသ
ဓမ္မသ ၇၉(၁၀)၁၄၉
အဗျာကတော ဓမ္မော အကုသလသ
ဓမ္မသ ၇၉(၉)
အဘာဝ အတ္ထ ပညတ်မျှသာ ၁၃၁
အမတန္ဒေါ.စ သော ဟောတိ ၈၅
အမှားကို (မိမိတို့) ၁၄၉
အမှတ်တမဲ့နေလျှင် မောဟ ၇၃
အမြတ်ဆုံး ပူဇော်ခြင်း ၁၀
အယံ သတိ ဥပဋ္ဌိတာ ဟောတိ ၅၂
အရဟတ္တမဂ္ဂသ ပဋိပဒါ ဝိသုဒ္ဓိ
အာဒိ ၂၇-၁၄၉
အရိယာပုဂ္ဂိုလ်တို့သည်ကား ၁၂၈
အရိပ် နိမိတ် မယူရန် ပါဠိ (စကားနှာ) ၄၄
အရိုးတွေ တောင်လိုပုံ၏ ၁၆၆(၅)
အလံ ဝက္ကလိ ၉
အလ္ဘ (ပုဗ္ဗ-မုဗ္ဗ-ပရ) ၁၄၁-၁၄၂
အဝသဝတ္တၡေန အနတ္တာ ၁၆၀
အဝိဇ္ဇမာဟံ ဘိက္ခဝေ ၁၇၀
အဝိဇ္ဇမာန ပညတ် ၁၃၈-၁၅၆
အဝိဇ္ဇာ နိဝရဏာ ၅၉
အဝိဇ္ဇာ နုသယော အနုသေတိ ၁၄၆
အဝိဇ္ဇာ နှင့် တဏှာသတ်ရန် ၂၂
အဝိဇ္ဇာ ပစ္စယာ သခ်ၤရာ သခ်ၤရ ပစ္စယာ
ဝိညာဏံ ၂၂-၁၁၄-၁၆၀-၁၆၉
အဝိဇ္ဇာ ပစ္စယာ သခ်ၤရာ. . (ယဒိဒံ) ၁၁၂
အဝိဇ္ဇာ ပစ္စယာ သခ်ၤရာ သခ်ၤရ
ပစ္စယာပိ အဝိဇ္ဇာ ၁၇၁
အဝိဇ္ဇာ ဘိက္ခဝေ ပုဗ္ဗဂ််မာ ၁၆၉
အဝိဇ္ဇာ ။ အနိစ္စာ သခ်ၤတာ ၁၇၀
အဝိဇ္ဇာယ တွေဝ အသေသ ၁၁၂-၁၁၅-၁၆၉
အဝိဇ္ဇာသမုဒယာ အာသဝ သမုဒယော ၁၇၁
အသခ်ၤတ လက္ခဏာ ၁၂၅
အသာမိကၡေန အနတ္တာ ၁၆၀
အသာရကၡေန အနတ္တာ ၁၆၀
အသုဘကို သုဘဟု ၉၄
အသုဘာ ဘာဝေတဗ္ဗာ ၅၅
အရှင်ဆန္ဒက ဤသို့ဆိုး ၁၆၃(၁၇)
။ မဟာကပ္ပိန ၅၃
အရှင်မဟာကဿပ ၁၆၁
။ မောဂ္ဂလာန် ၁၆၃(၁၆)
။ ယမက ၃၁-၁၆၆(၄)
အဟံ ဝိပဿာမိ မမ ဝိပဿနာတိ ၄၇-၁၀၅
(အဟုတ်ရှိ)ပရမတ္ထသစ္စာ ၁၅၆

(အာ)

အာဒေသနာပါဋိဟာရိယနည်း ၈၅
အာနာပါန ပွားများနည်း ၅၀
။ ဘာဝနာသတ္တိ ၅၅
။ မှ ဝိပဿနာသို့ ၆၀
။ အားထုတ်ရာ၌ ၅၂-၁၀၉
အာနန္ဒာ ကာမဂုဏ် ခံစားရသောကာမ ၈၃

http://www.dhammadownload.com

အာယုနာပိ ဝနိုသ်ယထ၊ ဝဏ္ဏေနပိ ၈၉
အာသဝ သမုဒယာ အဝိဇ္ဇာ
သမုဒယော ၁၇၁
အိမ်ခွေး မြေခွေး စသော တိရစ္ဆာန် ၇၆

(ဣ)

ဣတိ ရူပ် ဣတိ ရူပသ သမုဒယော ၉၃
ဣတိ ဣမသ္မိ သတိ ဣဒံ ဟောတိ ၁၁၂
ဣဒ္ဓိပါဒိဟာရိယနည်း ၈၅
ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ သမုဒယ် ၂၁
" " " ဘိက္ခဝေ ဒုက္ခ် အရိယသစ္စံ ၁၇
" ဒုက္ခသမုဒယ် အရိယသစ္စန်တို ၂၁
" ဒုက္ခန်တို ယောဂေါ ကရဏီယော ၂၆
" ဒုက္ခ် အရိယသစ္စန်တို မေ ဘိက္ခဝေ ၁၈
ဣမိနာ ပန ဉာဏေန သမန္နာဂတော ၇၂
ဣမေသ် ပဋ္ဌန် ဥပါဒါနက္ခန္ဓာနံ ၈၂

(ဤ)

ဤသည်ကား မမှန်သော
တရားတည်း ၁၆၂(၁၀)

(ဥ)

ဥဿာဒိ တညူ ပုဂ္ဂိုလ် ၉၁
ဥစ္စာရ ပဿာဝ ကမ္မေ ကျင်ကြီး ၁၄၉
ဥပဂ္ဂိလေသ ၁၁၁
ဥပသမာ နုဿတိ ၁၂၆
ဥပါဒါနက္ခန္ဓာနံ (ဣမေသ် ပဋ္ဌန်) ၈၂
ဥပ္ပါဒေါ ဘယ် ၁၀၆
" ဒုက္ခ် ၁၀၆
" သခ်ါရာ ၁၀၆

(ဧ)

ဧကာသနံ ဧကသေယ္ယံ ၈၆
ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တ
သမုဋ္ဌာနာနဉ္စ ရူပ်၊ တယော ခန္ဓေ
ပဋိစ္စ ၁၆၀
ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ၇၇(၁)
ဧကံ မဟာဘူတံ ပဋိစ္စ ၇၇(၂)
ဧဝ မေဝ ဧက စိတ္တက္ခဏိကံ ၁၀၅
ဧဝံ ပဿ် ဘိက္ခဝေ သုတဝါ အရိယ
သာဝကော ၃၅-၁၅
(ဧဝံ အာစိနတော ဒုက္ခ်..) ၇၅-၁၄၃

• • •

Appearance ၁၅၆-၁၆၈
Atom ၉၆
(Cause and effect) ၁၇၁
Even so every good tree ၁၃၇
Known to unknown ၉၉
Look beneath the surface3 ၁၅၆
Philosophy ၂၉
St. Matthew ၁၃၇
The Path of Purification ၄၁
There is no doer of a deed ၄၁
" " " kamma in result ၄၁

http://www.dhammadownload.com

ဓမ္မဝိဟာရီပုဂ္ဂိုလ်ဖြစ်ရန် ကြိုးစားစတော်မူအပ်၏။

(စာမျက်နှာ ၉၀)

ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော တရားတော်အရပ်ရပ်တို့သည် လိုရင်းပဓာန အချက်ကြီးကို ဆွဲထုတ်လိုက်သည်ရှိသော် အပါယ်လေးပါးတံခါးကို ပိတ်စေ၍ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းရေးအတွက် "ဝိပဿနာ ဘာဝနာ"ကို ပွားများ အားထုတ်ရခြင်း ဖြစ်ပါသည်။ ပရိယတ်တွင် ရပ်နားနေတော်မူရန် မဟုတ်ပါ။ ပရိယတ္တိသည် ပဋိပတ္တိ နှင့် ပဋိဝေဓအတွက် အစမျှသာ ဖြစ်ပါသည်။ ။ ထို့ကြောင့် စာအားရှိတော်မူကြသော ဆရာတော်ကြီးများအား တစ်နေ့လျှင် တစ်ကြိမ်၊ တစ်ကြိမ်လျှင် ၂-နာရီခန့် ၅-ကြိမ်မှ ၉-ကြိမ်အတွင်း ပါဠိတော်အရပ်ရပ်တို့နှင့် ကိုက်ညီစွာ ပွားများအားထုတ်တော်မူနိုင်ရန် ဓမ္မဒါန ပြုလုပ်လိုသည်ဖြစ်ပါ၍ အလျှုံခံတော်မူကြရန် ရှိသေလေးမြတ်စွာ ရှိခိုးလျှောက်ထားဝံ့ပါသည် အရှင်သူမြတ်တို့ဘုရား။ ။ အထူးကား မြန်မာပြည်အရပ်ရပ်တို့မှ ဆရာတော်ကြီးများ ကြွရောက် အလျှုံခံတော်မူကြပါသည်။ ထိုတွင် ဓမ္မာစရိယ ပါဠိပါရဂူမျှသာမက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်လည်း ပါရှိပါသည်။ ထိုဆရာတော်ကြီးများထံမှလည်း ရှေးအဖို့၌ မည်သို့ ဆက်လက် ဆောင်ရွက်ရမည်ဟု ညွှန်ကြားတော်မူသည်တို့ကိုလည်း နာခံ မှတ်သားရပါသည် အရှင်သူမြတ်တို့ဘုရား။ ။ ဤမှန်သော သစ္စာစကားကို ဆိုခြင်းဖြင့် သာသနာတော်မြတ်ကြီး သန့်ရှင်းစင်ကြယ်လျက် အခွန်ရှည်စွာ တည်ပါစေသတည်း။ ။ (လိပ်စာ - ၉၁၊ လူအိုရုံလမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။)

သေခါနီးလျက်ရှိသော
ပဏ္ဍိုင်
၁၂၅၉-ခုနှစ်ဖွား။

http://www.dhammadownload.com

ဂုဏ်တော်တို့၏ သတ္တိထူးများ

အသက်ရှည်စေ၏၊ အဆင်းလှစေ၏၊
အခြံအရံများစေ၏၊ ချမ်းသာစေ၏၊
ကျန်းမာစေ၏၊ ဉာဏ်ထက်မြက်စေ၏၊
(အဂုံတ္တိရ် ပါဠိတော် ပထမအုပ်၊ စာမျက်နှာ (၃၄၃)၊ မြန်မာပြန် (၃၅၉)

(၁) **ယေဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ။ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။**

မြန်မာပြန် ရဟန်းတို့၊ မြတ်စွာဘုရား၌ ကြည်ညိုသောသူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုသောသူတို့အား မြတ်သောအကျိုးသည် ဖြစ်၏။

(၂) **ယေ ဘိက္ခဝေ အရိယေ အဋ္ဌင်္ဂိကေ မဂ္ဂေပသန္နာ၊ အဂ္ဂေ တေ ပသန္နာ: အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။**

မြန်မာပြန် ရဟန်းတို့၊ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်၌ ကြည်ညိုကုန်သော သူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုကုန်သောသူတို့အား မြတ်သောအကျိုးသည် ဖြစ်၏။

(၃) **ယေ ဘိက္ခဝေ ဝိရာဂေ ဓမ္မေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။**

မြန်မာပြန် ရဟန်းတို့၊ နိဗ္ဗာန်တရား၌ ကြည်ညိုကုန်သော သူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုကုန်သောသူတို့အား မြတ်သောအကျိုးသည် ဖြစ်၏။

(၄) **ယေ ဘိက္ခဝေ သံယေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။**

မြန်မာပြန် ရဟန်းတို့၊ မြတ်စွာဘုရား၏ တပည့်သံဃာ၌ ကြည်ညိုကုန်သော သူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုကုန်သောသူတို့အား မြတ်သောအကျိုးသည် ဖြစ်၏။

အမှာစကား ကျမ်းရင်းကို ဖတ်ရှုတော်မူကြပါကုန်၊ ကျမ်းရင်း၌ တေသံ အဂ္ဂမက္ခာယတိ အမြတ်ဆုံးဟု ၄-ပါးစလုံး၌ ပါရှိ၏။

http://www.dhammadownload.com

ဓမ္မနှင့် အဓမ္မ

ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ "ဓမ္မော" တိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇန အဟိတာယ ပဋိပန္နာ ဗဟုဇန အသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝ မနုဿာနံ။ (ကျမ်းရင်းကို ဖတ်ရှုပါရန်။)

မြန်မာပြန်

ရဟန်းတို့၊ အကြင်ရဟန်းတို့သည် အဓမ္မကို "ဓမ္မ"ဟု ပြကုန်၏။ ရဟန်းတို့၊ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွားမဲ့ခြင်းငှာ၊လူအများ၏ ချမ်းသာမဲ့ခြင်းငှာ၊ လူအများ၏ အကျိုးမဲ့ခြင်းငှာ၊ နတ်လူတို့၏ အစီးအပွားမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာ ကျင့်သည် မည်ကုန်၏။ (ကျမ်းရင်းကို ဆက်ဖတ်ရှုပါရန်။)

(အင်္ဂုတ္တိရ်ပါဠိတော် ပထမအုပ်၊ စာမျက်နှာ-၁၈၊ အပိုဒ်-၁၃၀၊ မြန်မာပြန်စာမျက်နှာ-၂၅၊ အပိုဒ်-၁၃၁ ကိုပါ ဆက်ဖတ်ရှုတော်မူကြပါရန်။)

အပိုဒ် ၁၃၀-နှင့် ၁၃၁-ကို ဆက်ဖတ်ရှုပါက အမှားတရားကို အမှန်ဟူ၍လည်းကောင်း၊ အမှန်တရားကို အမှားဟူ၍လည်းကောင်း သင်ပြဟောပြောမိပါက သာသနာတော်မြတ်ကြီးကို ကွယ်ပျောက်စေသည် ဖြစ်ခြင်းကြောင့် ကြီးမားသော အကုသိုလ်ကံကြီးကို ပြုလုပ်သည်မည်ခြင်းကြောင့် တရားပြတော်မူကြရာ၌ အမှန်ကို အမှား၊ အမှားကို အမှန် မဖြစ်စေရန် အထူးသတိပြုတော်မူကြပါကုန်။

http://www.dhammadownload.com

အဘိဓမ္မာရဋ္ဌဂုရု
ကျေးဇူးရှင် စံကင်းဆရာတော်ဘုရားကြီးက
ဦးပဂ္ဂိုဠိအခကြောင်း
ဒဿမ သာသနာပိုင် မြောင်းမြဆရာတော်အား
အမိန့်ရိုပ်

ဘဝ လွန်တော်မမူမီ လေးငါးနှစ်လောက်တွင် ကျေးဇူးရှင် စံကင်းဆရာတော်ဘုရားကြီးက ဦးပဂ္ဂိုဠိ - ခေါ် - ဦးစိန်၏ ဝိပဿနာ တရားစာအုပ်များကို ဦးဇင်းကိုရင်များက နေ့စဉ်လာရောက် ဖတ်ပြ၍ နာယူရကြောင်း၊ တရားတွေ စာတွေ သိပ်ကောင်းကြောင်း၊ တိုက်တာသံယာများကို သြဝါဒပေးတဲ့အခါ ရုပ်နာမ်အကြောင်း၊ ဝိပဿနာအကြောင်းများ ဟောပြောပေးလျှင် သိပ်ကောင်းမည်ဖြစ်ကြောင်း မြောင်းမြဆရာတော်ကိုတိုက်တွန်းတော်မူပါသည်။

ထို့ကြောင့် အဖိတ်နှေ့ သြဝါဒများတွင် ရုပ်နာမ်အကြောင်း ဝိပဿနာအကြောင်းများကို ထည့်သွင်းသြဝါဒ ပေးတော်မူပါသည်။ ကိုယ်တော်တိုင် ခန္ဓာကိုယ်၏အပြစ်ကို မြင်တော်မူသည့် အားလျော်စွာ ခန္ဓာနှင့်ပတ်သက်၍ သံဝေဂယူစရာများကို ဟောကြားတော်မူပါသည်။

မြောင်းမြဆရာတော်၏ အဖိတ်နှေ့သြဝါဒများ
ရာပြည့်ပူဇော်ပွဲ၊ ၁၃၅၀
ဦးသြဒါတသိရိဘိဝံသ၏ အတုလဂုဏ်ရည်

http://www.dhammadownload.com

သာသနာတော်မြတ်ကြီး သန့်ရှင်းစွာ တည်ရှိရေး

(စာမျက်နှာ ၁၆၁)

ကဿပ အတုအယောင်များ ပေါ်ပေါက်လာသော် သာသနာတော်မြတ်ကြီး ကွယ်လတ္တံ့ဟု ဗုဒ္ဓမြတ်စွာ ဖြေဆိုတော်မူ၏။ ထို့ကြောင့် သာသနာတော်မြတ်ကြီး အခွန့်ရှည်စွာ တည်ရှိရေးအတွက် မဂ်တု, ဖိုလ်တု, ကမ္မဋ္ဌာန်းတုများကို ဖယ်ရှင်း သုတ်သင်ပေးရပေမည်။ ပါဠိတော်များတွင် သူတစ်ပါး အပြစ်ကို မပြောရ။ သူတစ်ပါးအား မကဲ့ရဲ့ရဟု များစွာ လာရှိ၏။ ထို့အတူ ဘုရား, တရား, သံဃာ သာသနာ ရေးတွင် အကျင့်ဆိုး ရှိသူများကို ကဲ့ရဲ့ ဖိနှိပ် သုတ်သင် ဖယ်ရှားပေးရန် ဗုဒ္ဓမြတ်စွာ သည် ခါပေါင်းများစွာ ဟောတော်မူခဲ့လေသည်။ ဤကျမ်းငယ် စာမျက်နှာ ၁၆၂ အမှတ် ၈-၌ ပညာရှိ သူတော်ကောင်းသည် ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့၏။ ချီးမွမ်း ထိုက်သူကို ချီးမွမ်း၏။ အပြစ်မရှိသူ ဖြစ်၏ဟု ဟောတော်မူ၏။ အမှတ် ၁၀-၌ ဤတရားကား မှား၏။ ဤတရားကား မှန်၏ဟု ပြကုန်၏။ ထိုသူသည် ချမ်းသာခြင်း ကို ပြုသည် မည်၏။ သာသနာတော်မြတ်ကြီးကို တည်စေသည် မည်၏။ အမှတ် ၁၅-၌ မှားသောတရားများ ဖြစ်ပါက ဆရာကိုလည်း ကဲ့ရဲ့အပ်၏၊ တရားကိုလည်း ကဲ့ရဲ့အပ်၏၊ တပည့်ကိုလည်း ကဲ့ရဲ့အပ်၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူခဲ့၏။ အတိုချုပ် ကား မှားသောအယူရှိသူများအား "ပြဟ္မဒဏ်' ပေးအပ်၏၊ "ပကာသနိယကံ" ပြုလုပ် ရမည်ဟု ဟောတော်မူခဲ့၏။ ထို့ကြောင့် သာသနာတော်မြတ်ကြီး အခွန့်ရှည်စွာ တည်ရှိရေးအတွက် မဂ်တု, ဖိုလ်တု, ကမ္မဋ္ဌာန်းတုများကို ရဲရင့်စွာ ကဲ့ရဲ့ဖိနှိပ် ရှင်းလင်းပေးတော်မူကြကုန်ရာ၏။

ပဂ္ဂိုဠိ

၁၃၃၂-ခု၊ ဝါဆိုလပြည့်

http://www.dhammadownload.com

နောက်ဆက်တွဲ

မုသာဝါဒသုတ်

အင်္ဂုတ္တိရ် ပါဠိတော် စတုက္ကနိပါတ် စာမျက်နှာ(၃၅၉)၊ အပိုဒ် (၈၂)၊ မုသာဝါဒသုတ်၊ မြန်မာပြန် စာ (၄၁၀)၌-

ရဟန်းတို့၊ (မုသာဝါဒ) မဟုတ် မမှန် ပြောဆိုခြင်း၊ (ပိသုဏာဝါစာ) ကုန်းစကားကို ပြောဆိုခြင်း၊ (ဖရုသဝါစာ) ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ (သမ္ဖပ္ပလာပဝါစာ) ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းတို့သည် ငရဲသို့ ကျရောက်ရ၏။

အပြန်အားဖြင့် ထိုစကား လေးပါးတို့ကို ရှောင်ကြဉ်သူသည် နတ်ပြည်သို့ ရောက်ရ၏ဟု ရှင်တော်ဘုရား ဟောတော်မူ၏။

အဝဏ္ဏာရဟသုတ်

အထက်ပါ ပါဠိတော်၌ အဝဏ္ဏာရဟသုတ်ကို ဆက်လျက် ဟောတော်မူသော အတိုချုပ် သဘောမှာ-

ဉာဏ်ဖြင့် မစီစစ်ဘဲ အမှားကို အမှန် ဂုဏ်မထိုက်သူကို ဂုဏ်ပြု၏။ ဂုဏ်ရှိသူ ဂုဏ်မဲ့ ပြောဆို၏။ မကြည်ညိုသင့်သော အရာ၌ ကြည်ညိုစေ၏။ ကြည်ညိုသင့်သော အရာ၌ မကြည်ညိုခြင်းကို ဖြစ်စေ၏။ ဤလေးပါးသော တရားတို့နှင့် ပြည့်စုံသူသည် ငရဲသို့ ကျရောက်ရ၏။ အပြန်အားဖြင့် ထိုလေးပါးသော တရားတို့ကို ရှောင်ကြဉ်သူသည် နတ်ပြည်သို့ ရောက်ရှိရ၏ဟု ဟောတော်မူ၏။

ကောဓဂရုသုတ်

အထက်ပါ အင်္ဂုတ္တိရ် ပါဠိတော် အပိုဒ် ၈၄၊ ကောဓဂရုသုတ်၌ လာရှိသော သဘော အတိုချုပ်မှာ-

အမျက်ထွက်ခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုခြင်း၊ လာဘ်ရခြင်းကို အလေးပြု၍ သူတော်ကောင်းတရား၌ အလေးမပြုခြင်း၊ အရိုအသေပြုမှု သက္ကာရကို အလေးပြု၍ သူတော်ကောင်းတရား၌ အလေးမပြုခြင်းတို့သည် ငရဲသို့ ကျရောက်ခြင်းတို့ပေတည်း။ ။ အပြန်အားဖြင့် ထိုလေးပါးသော တရားတို့၏ အမှန်တရားများကို အလေးပြုသူတို့သည် နတ်ပြည်သို့ ရောက်ရ၏ဟု ဟောတော်မူ၏။

http://www.dhammadownload.com

ယုတ်မာသည်

သာ၍ယုတ်မာသည်

အဂ်ုတ္တိုရ် ပါဠိတော် ပထမစာအုပ်၊ စာမျက်နှာ(၅၄၂)၊ ဒသကမ္မသုတ်၊ အပိုဒ်(၂၀၄)၊ မြန်မာပြန် စာမျက်နှာ(၅၅၈)၌ ဟောတော်မူသော သဘောမှာ-

တရားအမှားတို့ကို ကျင့်သုံးသောသူသည် ယုတ်မာသည် ဖြစ်၏။ ။ ထိုမှတစ်ဖန် တစ်ဆင့်တက်ကာ ထိုတရားအမှားများကို ဟောပြော သင်ပြပေး၏။ ။ ထိုသူသည် ယုတ်မာသည်ထက် သာ၍ ယုတ်မာသည် ဖြစ်၏ဟု ရှင်တော်ဘုရား ဟောတော်မူခဲ့၏။

ဆန့်ကျင်ဘက် တစ်မျိုးကား၊ တရားစစ် တရားမှန်ကို ကျင့်သုံးသောသူသည် သူတော်ကောင်း ဖြစ်၏။ ။ ထိုမှတစ်ဖန် တစ်ဆင့်တက်ကာ ထိုအမှန်တရားများကို ဟောပြော သင်ပြပေး၏။ ထိုသူသည် သူတော်ကောင်းသည်ထက် သာ၍ သူတော်ကောင်းသည် ဖြစ်၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူခဲ့၏။ ။ (ကျမ်းရင်းကို ဖတ်ရှုတော်မူကြပါကုန်။)

အထူးကား- ဤပါဠိတော်မှတစ်ပါး၊ အထက်၌ ဖော်ပြထားသော ပါဠိတော်များအရ တရားအမှားကို ကျင့်သုံး ဟောပြောနေပါက ငရဲသို့ ကျရောက်ရမည်မှာ ကြောက်စရာကြီးပင် ဖြစ်၏။ ။ ထို့ကြောင့် မိမိတို့ မနိုင်သောဇာတ်ကို ခင်းပြ ဟောပြောခြင်း ပြုတော်မမူကြရန် မွန်မြတ်သော စေတနာဖြင့် သတိပေးခဲ့ရခြင်း ဖြစ်လေသည်။

http://www.dhammadownload.com

ဝိပဿနာ ဘာဝနာ နှစ်စောင်တွဲ ရိုက်နှိပ်ရန် အလှူရှင်စာရင်း

ဦးကျော်ရန်နိုင် (Moon Bakery) မှ အုပ်ရေ (၁၀၀၀) မ,တည် လှူဒါန်းပါသည်။

၁။	ဦးလှမြင့် + Dr.အေးနု	အမှတ် ၄၇၊ ၂၂-လမ်း၊ လသာမြို့နယ်။ (No.1 အချိုရည်လုပ်ငန်း)	၁၄၀,၀၀၀
၂။	Capt. ဦးလှဝင်း + Dr. အေးသောင်းသောင်းဆိုင်	၁၈၊ မာလာမြိုင်လမ်း၊ ပြည်သာယာ၊ ရန်ကင်း။	၁၀၀,၀၀၀
၃။	ဥက္ကဋ္ဌ ဦးအောင်ဖေ + အေးတင်လှိုင်	၃၄၀၊ မဟာဗန္ဓုလလမ်း၊ ၂-ရပ်ကွက်၊ သဝိုင်း။	၁၀,၀၀၀
၄။	ဒု-ဥက္ကဋ္ဌ ဦးဗိုလ်နီ + အေးမြလေးနွယ်	၁၀၁/၃၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရွှေပြည်သာ။	၁၀,၀၀၀
၅။	ဒု-ဥက္ကဋ္ဌ Dr.ဦးကံညွန့် + အေးနွယ်နွယ်အောင်ကျော်	၇၀၃ (A)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း ဗဟန်း။	၁၀,၀၀၀
၆။	အကျိုးဆောင်ချုပ် Dr. ဦးတင်မောင်မောင်	၇၉၆၊ ဇဋ္ဌိလ(၄)လမ်း၊ ၁၆/၁-ရပ်ကွက်၊ သဃ်နန်းကျွန်း။	၁၀,၀၀၀
၇။	အကျိုးဆောင်(သင်တန်းမှူး) ဦးအောင်ခင်	၃၄/၂၅၈၊ ပျဉ်းကတိုးလမ်း၊ မ/ဒဂုံ။	၁၀,၀၀၀
၈။	တွဲဖက်စာရင်းစစ် ဦးမောင်ကြီး+ အေးခင်ဝင်း	ဗဟန်းရဲဝခန်းဝင်း	၅,၀၀၀
၉။	တွဲဖက်အကျိုးဆောင်(၁) ဦးရဲညွန့် + အေးတင်တင်	၈၄၊ သံလွင်လမ်း၊ ဗဟန်း။	၅,၀၀၀
၁၀။	တွဲဖက်အကျိုးဆောင်(၃) ဦးစောအောင် + အေးစိန်ရီ	၄၀၅၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(B)ရပ်ကွက် မ/ဒဂုံ။	၅,၀၀၀
၁၁။	ဆော်သြရေးမှူး အေးသန်းနု	၆၁၊ ၁၉-လမ်း၊ လသာမြို့နယ်။	၅,၀၀၀
၁၂။	(အမှုဆောင်) ဦးတင်ဝင်း+အေးမြမြူဝင်း	၄၉၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်။	၂၀,၀၀၀
၁၃။	ဗိုလ်ကြီးကျော်ဒွန်း + အေးပိုးပိုး	ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။	၂၀,၀၀၀
၁၄။	ဦးမြင့်လွင် + အေးမြင့်မြင့်ကြည်	၆၈၊ အနောက်မျှင်းပြိုင်ကွင်းလမ်း၊ တာမွေ။	၂၀,၀၀၀
၁၅။	(အမှုဆောင်) ဦးဝိုးမြင့်	အမှတ် ၇၂ (မြေညီ)၊ ၂၂-လမ်း၊ လသာမြို့နယ်။	၁၀,၀၀၀
၁၆။	အမှုဆောင် ဗိုလ်မှူးလှထွန်း အေးစန်းမြင့်	၁၁၊ ကွန်ဒိုလာ၊ ဗဟန်း	၇,၀၀၀

http://www.dhammadownload.com

၁၇။ (အမှုဆောင်) ဦးအောင်ကြည် + အေးအေးသန်း	၃၁၄၊ မဟာဗန္ဓုလလမ်း၊ ၂-ရပ်ကွက်၊ သမိုင်း	၅,၀၀၀
၁၈။ (အမှုဆောင်) ဦးအောင်လင်း + အေးမြမြအေး	၁၀၁၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။	၅,၀၀၀
၁၉။ (အမှုဆောင်) အေးစောရီ	၇၊ သရဖီလမ်း၊ အလုံ။	၅,၀၀၀
၂၀။ (အမှုဆောင်) အေးထွေးထွေးဆိုင်	၁၀၊ မြရတနာလမ်း၊ ဘောက်ထော်၊ ရန်ကုန်။	၅,၀၀၀
၂၁။ (အမှုဆောင်) ဦးစိုးသိမ်း+အေးယဉ်ယဉ်နှ	မြတ်မွန်ရတနာသက်နှံးတိုက်၊ ရွှေတိဂုံအရှေ့ဖက်မုခ်	၅,၀၀၀
၂၂။ ဦးစန္ဒာဘာသ	ဇေတဝန်ကျောင်း၊ ကြားတောရလမ်း၊ ဗဟန်း။	၅,၀၀၀
၂၃။ ဗိုလ်မှူးလှထွန်း + အေးခင်ဌေး	အမှတ် ၂၊ ရန်အောင်လမ်း၊ စမ်းချောင်း။	၅,၀၀၀
၂၄။ အေးနှင်းနှင်း (ခ) အေးဟုန်ကြူ	၆၂(A)၊ ယောမင်းကြီးလမ်း၊ အခန်း ၁၄၊ ဒဂုံမြို့နယ်။	၅,၀၀၀
၂၅။ အေးချိုချို	စပါယ်ဓာတ်ပုံတိုက်၊ ဆူးလေ။	၅,၀၀၀
၂၆။ ဦးလှကျင် + အေးခင်စောဝင်း	၇၀၊ နှံ့သာလမ်း၊ အလုံ။	၃,၀၀၀
၂၇။ ဦးမာယိန္ဒ	ကျောက်တောင်ကျောင်းတိုက်၊ ပြည်မြို့။	၂,၅၀၀
၂၈။ ဦးစိန်လှ + အေးရင်ခု	၂၀၂ တိုက် ၇၇၄ ဈေးလမ်း၊ ၅-ရပ်ကွက်၊ ကမာရွတ်။	၂,၀၀၀
၂၉။ ဦးပြင့်သန်း	၂၊ လမ်းသစ်လမ်း၊ နှံ့သာကုန်းရပ်ကွက်၊ အင်းစိန်။	၂,၀၀၀
၃၀။ ဗိုလ်မှူးအောင်မျိုးပြင့် + အေးရွှေဝါမွန်	၂၀၊ သိမ်ကြီးလမ်း၊ အိုးဘိုရပ်၊ ကြည့်မြင်တိုင်။	၂,၀၀၀
၃၁။ (အမှုဆောင်) မိုးမိုး (ခ) အေးအေးသန်း	သာကေတ	၂,၀၀၀
၃၂။ (အမှုဆောင်) အေးကြည်ကြည်သိန်း	တောင်လုံးပြန်ရပ်ကွက်၊ ပုဇွန်တောင်။	၁,၀၀၀
၃၃။ အေးဘေဘီ	၁၈၂၊ သန္တာ ၁၁-လမ်း၊ ၉-ရပ်ကွက်၊ မ/ဥက္ကလာ။	၁,၀၀၀
၃၄။ ဦးစိန်မြင့် + အေးခင်စန်းရီ(ခ)အေးကူး	၁၃၁၅၊ ရွှေပြည်သာ ၄-လမ်း၊ ၃၂-ရပ်ကွက်၊ မ/ဒဂုံ။	၁,၀၀၀
၃၅။ ဦးချန်သောင်း	၁၀/၉၁၊ လမ်းသွယ် ၃၊ အညင်းကုန်း၊ အင်းစိန်။	၁,၀၀၀
၃၆။ အေးနှင်းအိမ်ဖြူ	ဗဟန်း ရဲစခန်းဝင်း	၃၀၀၀
၃၇။ မရိုရိန္ဒယ် + မဝင်းဝင်းနွယ်	ဗဟန်း ရဲစခန်းဝင်း	၁၈၀၀
၃၈။ အေးခင်ပြည်း	ဖဆပလ	၃၀၀၀
၃၉။ ဦးအောင်ကြိုင် + အေးစန်းစန်းဝေ	၂၀၈၊ ၂၇-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။	၅၀၀၀
၄၀။ ဦးခင်ရှိန် + အေးခင်ဆွေသက်	ဗိုလ်ချုပ်လမ်း၊ ၂-ရပ်ကွက်၊ သမိုင်း။	၅၀၀၀
၄၁။ အေးတင်ဝေ ဗိသားစု	၁၆၊ လသာလမ်း၊ လသာမြို့နယ်။	၁၀,၀၀၀
၄၂။ ဦးထွန်းမင်းနှင့်မောင်နှမများ	၁၃၃၊ ၃-လွှာ၊ ၁၈-လမ်း၊ လသာမြို့နယ်။	၅၀၀၀
၄၃။ ကိုနိုင်လင်း + အေးခင်ခင်ထွေး	"ရွှေယုန်မင်း"ကင်မရာဆိုင်၊ အနော်ရထာလမ်း။	၁၀,၀၀၀

http://www.dhammadownload.com

၇၄။ ဦးဌေးကျော် + ဒေါ်တင်တင်ဝင်း။	တိုက်ဟောင်း (၃)၊ ခန်း(၂၂)၊ ဖ.ဆ.ပ.လ။	၃၀,၀၀၀
၇၅။ ဦးခင်မောင်သစ် (ပ- သုံးလုံး ဘဏ္ဍာရေးမှူး)- ညီမ ဒေါ်ခင်မေသစ်။	အမှတ် (၁၄၅)၊လမ်း- ၅၀၊ ပုဇွန်တောင်။	၁၀,၀၀၀
၇၆။ ဒေါ်ဌေးဌေးဝင်း (ဖူးသစ်)မိသားစု။	အောင်တော်မူလမ်း၊ပြေနီကုန်းစမ်းချောင်း။	၁၀,၀၀၀

http://www.dhammadownload.com